www.burmeseclassic.com

တက်တိုး

# အချစ်နှင့် စိတ်ပညာ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

စာအုပ်စာတမ်း စာနယ်ဇင်း
ခွင့်ပြုအမှတ် [ ၅၅၅/၂၀၀၀ (၇) ]
စာအုပ်စာတမ်း မျက်နှာဖုံး
ခွင့်ပြုအမှတ် [ ၆၅၈/၂၀၀၀ (၉) ]

●

**မျက်နှာဖုံး**
ဇော်မောင်

---

**ပုံနှိပ်ခြင်း**
ပထမအကြိမ် - ၁၉၆၃၊ နယဥ်စာပေ
ဒုတိယအကြိမ် - ၁၉၉၁၊ စာပေလောက
တတိယအကြိမ်
(၁၀၀၀)

---

**ထုတ်ဝေခြင်း**
အောက်တိုဘာ၊ ၂၀၀၀

---

**စာအုပ်ချုပ်**
ကိုမြင့်

●

ဒေါ်ရွှေအိမ်(၀၁၂၉၉)၊ တိုင်းလင်းစာပေတိုက်
အမှတ် ၃၊ အောင်သိဒ္ဓိလမ်း၊ စော်ဘွားကြီးကုန်း
အင်းစိန်၊ ရန်ကုန်မြို့မှ ထုတ်ဝေ၍
ဒေါ်ခင်လှ (၀၁၅၇၈)၊ စာပေလောက ပုံနှိပ်တိုက်
အမှတ် ၁၇၃၊ ၃၃ လမ်း၊ ရန်ကုန်မြို့တွင်
မျက်နှာဖုံးနှင့် အတွင်းစာသားများ ပုံနှိပ်သည်။

BURMESE CLASSIC .com

## မာတိကာ

| | | |
|---|---|---|
| ၁။ | မေတ္တာစကားဆိုမယ် | ၁ |
| ၂။ | ချစ်ပရိယာယ်ကို သိသလိုလိုနဲ့ | ၁၃ |
| ၃။ | ချစ်ပြဿနာအဖြာဖြာ | ၂၅ |
| ၄။ | ဖောက်ပြန်တယ်ဆိုတာဟာ | ၃၈ |
| ၅။ | ပွင့်လင်းဂေဟာ အိမ်သာယာ | ၄၉ |
| ၆။ | ကိုယ်ချစ် သူချစ် ပြဿနာ | ၆၁ |
| ၇။ | အချစ်၏ သဘောတရား | ၇၇ |
| ၈။ | ချစ်ခြင်းအစ | ၉၂ |
| ၉။ | ပျားရည်သော်တာ ဟိုတယ်မှာ ၁ | ၁၀၄ |
| ၁၀။ | ပျားရည်သော်တာ ဟိုတယ်မှာ ၂ | ၁၁၉ |
| ၁၁။ | ပျားရည်သော်တာ ဟိုတယ်မှာ ၃ | ၁၃၂ |
| ၁၂။ | ပျားရည်သော်တာ ဟိုတယ်မှာ ၄ | ၁၄၇ |
| ၁၃။ | ပျားရည်သော်တာ ဟိုတယ်မှာ ၅ | ၁၆၁ |
| ၁၄။ | စိတ်သန့်မှုနှင့် အိမ်ထောင်ရေး | ၁၈၂ |
| ၁၅။ | အချစ်အကြောင်း သိဖို့လိုပါတယ် | ၁၉၆ |

www.burmeseclassic.com

www.burmeseclassic.com


၁၆။ The Ceremony ၂၀၈
၁၇။ မင်္ဂလာ အခမ်းအနား ၂၀၉
၁၈။ ဒုတိယပိုင်း အမှာ ၂၁၁
၁၉။ ချစ်ကြသည် ဆိုရာဝယ် ၂၁၆
၂၀။ အချစ်သုံးမျိုး ၂၂၄
၂၁။ မေနှင့် ဒီဇင်ဘာ ၂၃၂
၂၂။ စောစောအိမ်ထောင်မပြုလိုက်တာ
ဝမ်းသာစရာ ၂၄၁
၂၃။ သူစိမ်းပြင်ပြင် လင် နှင့် မယား ၂၄၉
၂၄။ သေတစ်ပန် သက်တစ်ဆုံး ၂၅၉
၂၅။ အချစ်စစ်တမ်း ၁
လူပျိုကြီးတစ်ယောက်၏ ထွက်ဆိုချက် ၂၆၈
၂၆။ အချစ်စစ်တမ်း ၂
အပျိုကြီးတစ်ယောက်၏ ထွက်ဆိုချက် ၂၈၀
၂၇။ အချစ်စစ်တမ်း ၃
ကြီးရင်မို့ ငယ်ရင်ချို ၂၉၁
၂၈။ အချစ်စစ်တမ်း ၄
မပေးလိုက်ရသော ပေးစာတစ်စောင် ၃၀၇
၂၉။ အချစ်စစ်တမ်း ၅
သတ္တဘာဂ နှင့် မြားနတ်မောင် ၃၂၈
၃၀။ အိမ်ထောင်ရေးစနစ် ဝေဖန်ချက်များ ၃၄၀
-။ ကျမ်းစာရင်း ၃၄၄
-။ စာရေးသူ၏ စာပေနှင့် ဘဝဖြစ်စဉ် ၃၅၅


## မေတ္တာစကားဆိုမယ်

စာရေးဆရာ သန်းဆွေက တစ်နေ့ ညနေပိုင်းတွင် လာစဉ် Home Before Dark (မမှောင်ခင် အိမ်အရောက်) အင်္ဂလိပ် ရုပ်ရှင်ကား အကြောင်းနှင့်စပ်၍ 'ကျွန်တော်တော့ မျက်တောင်မခတ်ဘဲ ရင်မပြီး ကြည့်နေမိတာပဲ' ဟု ချီးကျူးလေသည်။

ထိုရုပ်ရှင်ကားမှာ အတော်ပင် ကောင်းလှပါ၏။ အလွန် လေးနက်သောအဓိပ္ပာယ်လည်း ရှိသဖြင့် ကျွန်တော်တို့၊ ကိုသန်းဆွေတို့ အလွန်အမင်း နှစ်သက်နေကြရလေသည်။

ဇာတ်လမ်းမှာ မထူးဆန်း၊ သို့ရာတွင် အသည်းတွင် စွဲကျန်ရစ်လောက်အောင်ပင် ဘဝ၏ အဓိပ္ပာယ်လေးလေးနက်နက် ပါရှိသည်။ စိတ်နောက်သွားသော မိန်းမ တစ်ယောက်ကို ရောဂါပျောက်လောက်ပြီဟု ဆရာဝန်များက ဆိုသဖြင့် သူ့ခင်ပွန်းသည်က စိတ္တဇဆေးရုံမှ အိမ်သို့ ပြန်

www.burmeseclassic.com

www.burmeseclassic.com



ခေါ်လာသည်။ အိမ်အပြန်တွင် ခင်ပွန်းသည်က မော်တော်ကား မောင်းရင်း သူ့ဘေးတွင်ရှိသော ဇနီးသည်ကို 'မမျှော်ခင် အိမ်ပြန်ရောက်မှာပါ' ဟု ဆိုသည်။

အိမ်သို့ရောက်သောအခါ ဇနီးသည်သည် သူ့မိထွေးပါ သမီးကို ရောဂါထစဉ်က ဆိုမိခဲ့သမျှအတွက် တောင်းပန်သည်။ ဂျူးက ခွင့်လွှတ်ပါသည်ဟု ဆို၏။ ဇနီးသည်သည် သူ့ခင်ပွန်း၏ အပြုအစု အယုအယကို ခံလိုသော်လည်း သူ့ခင်ပွန်း ကျောင်းဆရာက သူနှင့်အတူ လာမအိပ်ဘဲ စာကြည့်ခန်းထဲတွင် အိပ်သည်။ ကျောင်းအလုပ်များကို ညတိုင်း စာကြည့်ခန်းထဲ၌သာ လုပ်နေစဉ် ဂျူးက ကူညီလုပ်ပေးသည်။ ဇနီးသည်မှာ အိမ်သို့ပြန်လာခဲ့ရသော်လည်း သူ့ခင်ပွန်း၏ အယုအယ မခံရဘဲ နေရရှာသည်။ ဇနီးသည်မှာ အိမ်ထောင်မကျခင်က သူ့ကို ချစ်သူတစ်ယောက်ရှိသည်။ သူက ထိုသူကို ပစ်ပယ်ပြီးလျှင် ကျောင်းဆရာဘရောင်းနှင့် အိမ်ထောင်ပြုလိုက်သည်။ ပစ်ပယ်ခံရသူ ဟဲင်းမ်မှာ အရက်အတော်သောက်ပြီးလျှင် အိမ်ထောင်မှုမချမ်းသာဘဲ နောက်သုံးနှစ်လောက်အကြာတွင် သူ့ဇနီးနှင့် ကွဲလေသည်။

ဇနီးသည်သည် လင်သား၏ အပြုအစု ခံချင်ရှာလွန်း၍ သူ့လင်အိပ်ရာတွင် သူ့လင်နှင့် ဂျူးတို့ ထွက်နေခိုက်ဝင်၍ အိပ်နေသည်။ အချိန်မတော်တွင် ရောက်လာသော သူ့အိမ်တွင် ခေတ္တတည်းခိုနေသော သူ့လင်၏ မိတ်ဆွေနှင့် ဆုံတွေ့လေရာ ဧည့်သည်၏ အယုအယကို ခေတ္တခံလိုက်ရသည်။



သူသည် သူ့လင်က ဂျူးကိုသာ ဂရုစိုက်၍ သူ့ကို ဂရုမစိုက်သဖြင့် စိတ်ညစ်ညူးလာလေရာ သူ့လင်ကလည်း 'သတိထားပါ' ဟု ဆိုလိုက်သဖြင့် သူက သူ့ကို ရောဂါ ပြန်ထလာပြီ ဆိုပြီးလျှင် စိတ္တဇဆေးရုံသို့ပြန်ပို့ရန် ဟန်ပြင်သည်ဟုပင် ထင်မိသည်။ နောက်ဆုံး၌ သူသည် သူ့ခင်ပွန်းက ဂျူးကိုသာ ချစ်၍ သူ့ကိုမချစ်ကြောင်း သိလာသဖြင့် လင်ကိုပစ်ပြီးလျှင်သူ့ကိုချစ်သော ဟဲင်းမ်ထံသို့ ထွက်သွားလေသည်။

ဇာတ်လမ်းအကျဉ်းချုပ်မှာ ဆိုလောက်လှသည် မဟုတ်။ သို့သော် ဇနီးသည်၏ စိတ်အခြေအနေကို ဖော်ပြရာ၌ အလွန်သိမ်မွေ့လှပေသည်။ အချစ်၏ အဓိပ္ပာယ်ကို ဖော်ပြရာ၌ ထူးခြားသော ထိမိချက်ကို ပေါ်ထွက်လာစေသည်။

'ဒီဇာတ်လမ်းဟာ အလွန်ကောင်းတဲ့ အချစ်ဇာတ်လမ်းပဲ၊ အချစ်အကြောင်းကို လူသုံးဦးနဲ့ ဖော်ပြထားတယ်၊ အဲဒါကို မြင်ရဲ့လား' ဟု ကျွန်တော်က သန်းဆွေကို မေးလိုက်သည်။

'ဘယ်လိုလဲ'

'ဂျိန်းဆင်းမွန်းက သူ့ယောကျ်ားကို တကယ်ချစ်တာ၊ သူ့ယောကျ်ားကတော့ ဂျူးကိုချစ်တာ၊ ဟဲင်းမ်က ဂျိန်းကို တကယ်ချစ်တာ၊ အဲဒီလို တစ်ယောက်က တစ်ယောက်ကို ချစ် တစ်ယောက်က နောက်တစ်ယောက်ကိုချစ်၊ အဆင့်လိုက် ချစ်နေတယ်လေ'

'ဟုတ်သားပဲ'

www.burmeseclassic.com

www.burmeseclassic.com



'အချစ်ဆိုတာ တစ်ဖက်သတ်ပဲ ဖြစ်ရမယ်ကွ၊ နှစ်ဖက်ပြန်ချစ်တဲ့ အချစ်ဟာလဲ အချစ်စစ် ဖြစ်နိုင်ပါရဲ့၊ ဒါပေမယ့် အချစ်ချင်း ပြိုင်လို့ ရနိုင်ခဲ့တယ်၊

'အချစ်ဆိုတာ အလွန် သိမ်မွေ့တဲ့ အဓိပ္ပာယ်ရှိတာမို့ တော်တော်တန်တန် လူတွေနားလည်တာ မဟုတ်ဘူး မောင်ရင်ရဲ့၊ အခုလူတွေ အများသိနေကြတဲ့ အချစ်ဟာ စင်စစ်တော့အချစ် မဟုတ်ဘူး၊ အကြိုက်တွေပဲကွ၊ အချစ်နဲ့ အကြိုက် ခွဲခြားသိဖို့ လိုတယ်၊ လူလောက အချစ် အချစ်လို့သာ ဆိုနေကြတယ်၊ အများသိတဲ့အချစ်က ငါ ဆိုခဲ့သလိုပဲ အကြိုက်သာ ဖြစ်ကြတယ်၊

'အချစ်နဲ့အကြိုက်ဟာ အသွင်ပြင်ချင်း ဆင်တူပေမယ့် အလွန်ကွဲပြား ခြားနားတယ်၊ ယောကျ်ားတစ်ယောက်က မိန်းမတစ်ယောက်ကို ချစ်တယ်ဆိုရင် အဓိပ္ပာယ်က ဘယ်လိုလဲဟင်'

'ချစ်တယ်ဆိုတာ အဲဒီမိန်းမကို လိုချင်တာပေါ့'

'ဟုတ်တယ်၊ အခုဆိုနေကြတဲ့ အချစ်ဆိုတာ ယူဖို့ ရည်ရွယ်ချက်ပေါ်မှာ တည်နေတယ်၊ လိုချင်တယ်ဆိုတဲ့ ဆန္ဒအပေါ်မှာ တည်တဲ့ဟာကို အချစ်လို့ မခေါ်သင့်ဘူး၊ အကြိုက်လို့သာ ခေါ်ရပေလိမ့်မယ်၊

'အချစ်လို့ ခေါ်ချင်ရင်လဲ အဓိပ္ပာယ်ရှိတဲ့ အချစ်လို့ ခေါ်စေချင်တယ်'

'ဘာဖြစ်လို့လဲ'

'အဓိပ္ပာယ်ရှိတဲ့ အချစ်ဆိုတာက ဒီလိုပါ၊ ဥပမာ ယောကျ်ားတစ်ယောက်က မိန်းမတစ်ယောက်ကို ချစ်တယ်



ဆိုရင် ဘာကြောင့်ချစ်သလဲလို့ မေးလိုက်တဲ့မေးခွန်းကို ဖြေနိုင်တယ်၊ ဒီမိန်းမဟာ ရုပ်ချောလို့၊ ပစ္စည်းပေါလို့၊ ဂုဏ်ရှိလို့၊ လိမ္မာလို့၊ ပညာတတ်မျက်နှာကြီးမို့လို့ အဲဒီလို အကြောင်းပြချက်မျိုး ပေးနိုင်တယ်၊

'တစ်ခါ မိန်းမတစ်ယောက်က ယောကျ်ား တစ်ယောက်ကို ချစ်တယ်ဆိုရင်လဲ ဘာဖြစ်လို့ချစ်ရတာလဲလို့ မေးရင် အဲဒီ ယောကျ်ားဟာ ရုပ်ဖြောင့်တယ်၊ ဒါမှ မဟုတ်ရင် ပညာတော်တယ်၊ ပိုက်ဆံပေါတယ်၊ ဂုဏ်ရှိတယ် ဆိုတဲ့ အကြောင်းတွေကို ဖွင့်ပြောချင်ပြောမယ်၊ ဖွင့်မပြောဘဲ နေချင်နေမယ်၊ ဒါပေမယ့် အဲဒီလို အဓိပ္ပာယ်မျိုး ထွက်တယ်၊ အဲဒါကို အဓိပ္ပာယ်ရှိတဲ့ အချစ်လို့ခေါ်တယ်'

'အဲဒီလိုဆိုတော့လဲ အဓိပ္ပာယ်ရှိတဲ့ အချစ်နဲ့ချည်း အိမ်ထောင်ပြုကြတာ များမှာပေါ့၊ အိမ်ထောင်ပြုတယ်ဆိုကတည်းက စဉ်းစားပြီးမှ ယူကြတာများတယ်၊ မစဉ်းစားဘဲ ယူရင် အပြစ်ဆိုကြတယ်' ကိုသန်းဆွေက ဆိုသည်။

'အိမ်ထောင်ပြုတယ်ဆိုတာ စီးပွားရေးလုပ်ငန်းမှာ စပ်တူစာချုပ်သလိုပါပဲ၊ ချစ်တာ မချစ်တာဟာ တကယ်ဆိုတော့ မဆိုင်လှပါဘူး၊ အိမ်ထောင်ရေး အောင်မြင်တယ်ဆိုရုံနဲ့ လင်နဲ့မယားဟာ တကယ့် အချစ်နဲ့ချစ်ကြတယ်လို့ မဆိုသာဘူး၊ အိမ်ထောင်ရေး သာယာတယ်ဆိုတဲ့ အဓိပ္ပာယ်ဟာ ဘာလဲ၊ လင်နဲ့မယား စိတ်သဘောထား ညီညွတ်ပြီး စီးပွားရေး၊ လူမှုရေး၊ အိမ်ထောင်ရေးတွေမှာ ဝတ္တရားမပျက် လုပ်ကိုင်ဆောင်ရွက်နေကြရင် အိမ်ထောင် သာယာတယ်လို့ ဆိုကြတယ်၊ သူတို့ လင်မယား ဘယ်

www.burmeseclassic.com

www.burmeseclassic.com



လောက်ကောင်းသလဲ၊ အိမ်ထောင်ကျကတည်းက တစ်ခါမျှ ရန်မဖြစ်ကြဘူးလို့ ချီးမွမ်းခံရတာနဲ့ပဲ အိမ်ထောင်ရေး သာယာရောလား'

'ဟုတ်တယ် ဆရာ၊ ကျွန်တော် အဲဒါကို တွေးမိပါတယ်၊ ဝတ္ထုတစ်ပုဒ် ရေးမလို့တောင် မှန်းထားသေးတယ်၊ အသက်လေးဆယ်ကျော်လာရော ယောကျ်ားက တက်ကြွတဲ့ စိတ်တွေ ရှိသေးတယ်၊ ခေတ်မီနေတယ်၊ မိန်းမက နဂိုကတည်းက ဗဟုသုတနည်းတော့ ယောကျ်ားကို မမီတော့ဘဲ ကျန်ခဲ့တယ်၊ ဒါနဲ့ ယောကျ်ားက ကိုယ့်ထက် အနှစ်နှစ်ဆယ်လောက်ငယ်တဲ့ ခေတ်မီမိန်းကလေးတစ်ယောက်ကို ပြုစုချင်လာတယ်၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီ အရွယ်လောက် မိန်းကလေးမျိုးနဲ့မှ သူနဲ့ ခေတ်မီတာချင်း တူနေတယ်၊ မိန်းကလေးကလဲ အသက်ကြီးတဲ့ ယောကျ်ားရဲ့ အပြုအစု အယုအယကို သာယာလာတယ်၊ ပြီးတော့ အိမ်ထောင်ရေး အရှုပ်အထွေးတွေ ဝင်လာတာပေါ့၊ အဲဒီဝတ္ထုရေးချင်တာ မရေးရဲလို့'ဟု သန်းဆွေက ရယ်၍ပြောသည်။

'ဘာဖြစ်လို့လဲကွ၊ ဒီအတွေးမျိုး ဘယ်လိုပေါ်လာသလဲ'

'ကိုယ်တွေ့လို့ပေါ့ဆရာရယ်၊ ဒီဝတ္ထုရေးရင် မသန်းစိန်က အိမ်က ရိုက်ထုတ်မှာကြောက်လို့'ဟု ပြောကာ ရယ်ပြန်လေသည်။

'အင်း ရေးရင် သတိနဲ့ရေးနော်၊ အိမ်က ရိုက်ထုတ်ခံရမှာထက် အရေးရခက်တာလဲ ထည့်တွက်ဦး၊ အတော်ကြိုးစား ရေးရလိမ့်မယ်၊ နို့မို့ရင် စာဖတ်သူ နားလည်မှာမဟုတ်ဘူး၊ ယောကျ်ားက ဆတ်ဆော့သလို ဖြစ်သွားဦးမယ်'



'ဆိုပါဦး ဆရာ၊ မေတ္တာစကားလေး'ဟု သန်းဆွေက ကျွန်တော့်အား စကားဆက်ရန် တောင်းပန်သည်။

'အဓိပ္ပာယ်ရှိတဲ့ အချစ်အကြောင်း နည်းနည်းလောက်တော့ သိရောပေါ့နော်၊ အဓိပ္ပာယ်မရှိတဲ့ အချစ်အကြောင်း နည်းနည်း ပြောပြဦးမယ်၊ အဓိပ္ပာယ်မရှိတဲ့ အချစ်ကတော့ အလွယ်ကလေးပဲ၊ တစ်ယောက်က တစ်ယောက်ကို ချစ်တယ်၊ ဘာကြောင့်ချစ်သလဲ၊ ဘာကြောင့်ရယ်လို့ မဟုတ်ဘူး၊ ချစ်ကို ချစ်တယ်၊ ဘာမှ မမျှော်လင့်ဘူး၊ ဘာကိုကြိုက်လို့ရယ်တော့ မဟုတ်ဘူး၊ အချစ်စိတ်ဟာ သူ့ရင်ထဲမှာ ကိန်းအောင်းနေတယ်၊ ဘယ်အခါ ဘယ်ဒေသမှာ ဘာကို အကြောင်းပြုလို့ ကိန်းအောင်းပါသလဲလို့ မေးရင် ခေါင်းကလေး ယမ်းကာ ယမ်းကာနဲ့ မသိဘူးလို့ ဖြေရရုံပဲ ရှိမယ်၊ ဒီလိုဆိုတော့ ဘာလုပ်ချင်သေးတာလဲ၊ အချစ်စိတ်အစစ်ဟာ ပြုစုပျိုးထောင်ယူလို့ဖြစ်တာ မဟုတ်ဘူး၊ စားချင်တဲ့ ဆန္ဒ၊ အိပ်ချင်တဲ့ဆန္ဒတွေဟာ လုပ်ယူလို့ရတာလား၊ မစားချင်ဘဲနဲ့ စားတာ၊ မအိပ်ချင်ဘဲနဲ့ အိပ်တာနဲ့ တခြားစီနော်'

'အနောက်တိုင်း ယထာဘူတ ဆရာကြီးတစ်ယောက်ကတော့ အချစ်ဆိုတာဟာ အတွေ့အကြုံတွေထဲက ပေါက်ဖွားလာတယ်လို့ ဆိုတယ်၊ အဲဒါ ဟုတ်တယ် မဟုတ်လား ဆရာ'

'အချစ်ဆိုတာ ရုပ်ဝတ္ထုပေါ်မှာ တည်တာတော့ အမှန်ပေါ့၊ ဒါပေမယ့် အချစ်နဲ့ဆန္ဒ ကွာခြားတယ်၊ ရုပ်ဝတ္ထု တစ်ခုခုပေါ်မှာ အာရုံကျရောက်ပြီး အဲဒီ ရုပ်ဝတ္ထုကို မိမိက ပိုင်ချင်လိုချင်တယ်ဆိုတာကတော့ ဆန္ဒပဲ၊ ဆန္ဒက

www.burmeseclassic.com

www.burmeseclassic.com



တောင်းဆိုခြင်းပြုတယ်၊ အချစ်ကတော့ ပြောင်းပြန်ပဲ၊ မတောင်းဘူး ပေးတယ်၊ ဥပမာဆိုစို့ ယောက်ျားတစ်ယောက်က မိန်းမတစ်ယောက် ချစ်တယ်ဆိုရင် ချစ်တဲ့လူက အချစ်ခံရတဲ့လူရဲ့ လိုသမျှကို ဖြည့်ဆည်းပေးတယ်၊ သူ့အဖို့ ဘာကိုမျှ ပြန်မတောင်းဘူး၊ ဆန္ဒရှိရင်တော့ ကိုယ်က မပေးဘူး၊ သူ့ကိုသာ ကိုယ်က အရယူဖို့ ကြိုးစားတယ်၊ ဒါကြောင့် ငါပြောခဲ့တယ် မဟုတ်လား၊ အကြိုက်နဲ့အချစ် ကွဲပြားပါတယ်လို့၊ အိမ်ထောင်ပြုကြတာတွေဟာ အကြိုက်ပေါ် မူတည်ကြတာပဲ များတယ်၊ အကြိုက်ဟာ အဓိပ္ပာယ်ရှိတဲ့ အချစ်၊ အချစ်စစ်ကတော့ အဓိပ္ပာယ်မရှိတဲ့အချစ်လို့ ခေါ်ရလိမ့်မယ်'

'အချစ်စိတ် ပေါ်ပေါက်လာပုံ နည်းနည်း လောက် ပြောပြစမ်းပါဦး ဆရာ'

'အချစ်စိတ်ဟာ ရင်ထဲမှာ ကိန်းအောင်းနေတတ်တယ်၊ အဲဒါကို အစကတော့ သိချင်မှ သိမယ်၊ ဒါပေမယ့် တစ်ချိန်ချိန် တစ်ခါခါမှာ အကြောင်းတစ်ခုခု ကြုံနေလို့ အဲဒီ အချစ်စိတ်ဟာ ဘွားဘွားကြီးပေါ်လာတတ်တယ်၊ အဲဒီလို ပေါ်လာလို့ အချစ်ဆိုတာ မုန်တိုင်းကျသလို ဖြုန်းခနဲ ကျရောက်လာတာပဲလို့တော့ မထင်လိုက်လေနဲ့၊ ရင်ထဲမှာ ကိန်းအောင်းနေတာ အကြာကြီးပဲဆိုတာကိုလဲ သတိမူသင့် တယ်၊ ဒါနဲ့ မောင်ရင် ဂျိန်းဟာစ်လ်တန်ရေးတဲ့ We are not alone ဆိုတဲ့ ဝတ္ထုဖတ်ဖူးသလား၊ ရုပ်ရှင်ကော ကြည့်ဖူးသလား၊ စစ်မဖြစ်ခင်ကလေးတွင်ဘဲ ရန်ကုန်မှာ ပြသွားတယ်၊



'အဲဒီ ဝတ္ထုရဲ့ ဇာတ်လမ်းအချဉ်းချုပ် ပြောပြမယ်၊ အင်္ဂလန်ပြည် တောမြို့ကလေး တစ်မြို့မှာ ဆရာဝန် တစ်ယောက်ရှိတယ်၊ သူ့မှာ အမြဲတမ်းလိုလို မမာနေတဲ့ မယားနဲ့ လူမမည် သားကလေးတစ်ယောက်ရှိတယ်၊ ဆရာဝန်က အင်မတန်ရိုးတယ်၊ သူ့မယားကတော့ မမာကလဲမမာ၊ နဂိုကလဲ ဆူဆူပူပူ မိန်းမမျိုးပဲ၊ ဒါပေမယ့် ဆရာဝန်က ခပ်အေးအေးပဲ၊ သူတို့အိမ်မှာ ဂျာမန်မကလေး တစ်ယောက် အိမ်ဖော်အဖြစ်နဲ့ ရှိတယ်၊

'ပထမကမ္ဘာစစ်ကြီးဖြစ်လာတော့ အင်္ဂလန်ပြည်မှာ ရှိတဲ့ ဂျာမန်တွေကို လူတွေက ဝိုင်းပြီး ခဲနဲ့ပေါက်ကြတယ်၊ ဆရာဝန်အိမ်ကိုလဲ ဝိုင်းကြတာပေါ့၊ ဂျာမန်မကလေးကို ထုတ်ပေးရမယ်လို့ တောင်းကြတယ်၊ ဆရာဝန်က ကောင်မလေးကို ဝှက်ထားတယ်၊ လူထုစဲတော့မှ နောက်ဖေး ပေါက်က ခိုးထုတ်ပြီး သူကိုယ်တိုင် စက်ဘီးနင်းပြီး ကောင်မလေးကို နောက်က ထိုင်ခိုင်းပြီး ခပ်လှမ်းလှမ်းက ဘူတာရုံကလေးဆီကို သွားကြတယ်၊

'လူတွေ စုရုံးစုရုံး လုပ်နေတုန်းမှာ သားကလေးက သကြားလုံးဘူးကို မမီမကမ်း လှမ်းနှိုက်တာ ပုလင်းကွဲသွားတယ်၊ ဒီတော့ စင်ပေါ်မှာရှိတဲ့ ပုလင်းတစ်လုံးထဲက ဆေးလုံးတွေကို အနားကပုလင်းထဲသွန်ထည့်ပြီး သကြားလုံးတွေကို လွတ်သွားတဲ့ ပုလင်းထဲထည့်ပြီး ဟန်မပျက် ထားလိုက်တယ်၊

'မိန်းမကြီးက အချိန်တန်တော့ သူယူနေကျ ပုလင်းထဲက ဆေးလုံးကိုယူပြီး စားလိုက်တာ အဆိပ်ဆေးလုံးကို

www.burmeseclassic.com

www.burmeseclassic.com



စားမိပြီး သေသွားပါရော၊ ဂျာမန်မကလေးနဲ့ ဘူတာရုံကို ထွက်ပြေးခိုက်မှာဖြစ်လို့ အိမ်မှာ အမှိုက်လှည်းတဲ့ မိန်းမကြီးက ပုလိပ်ကို တိုင်တယ်၊ ဆရာဝန်က သူ့မယားကို အဆိပ်ကျွေးသတ်ပြီး ဂျာမန်မကလေးနဲ့ ထွက်ပြေးတယ်လို့ ထွက်ဆိုတယ်၊

'အမှုစစ်တဲ့အခါ အစိုးရရှေ့နေက ဆရာဝန်ကို 'ခင်ဗျား ဒီသူငယ်မကို ချစ်နေတယ်မဟုတ်လား'လို့ ခပ်ဆတ်ဆတ်မေးလိုက်တော့ ဆရာဝန်က အတော်ကြာ တွေတွေကြီး လုပ်နေပြီး 'ဟုတ်ပါတယ်'လို့ ရိုးရိုးအေးအေးပဲ ဖြေလိုက်တယ်၊

'အဲဒီလို ရိုးရိုးသားသားဖြေတာကို ကြည့်ပေတော့၊ သူ့ရင်ထဲမှာ ဒီဂျာမန်မလေးကို ချစ်နေတဲ့အချစ်စိတ် ကိန်းအောင်းနေတာ သူ မသိခဲ့ဘူး၊ ရှေ့နေက မေးလိုက်တော့မှ သတိရလာပြီး ရိုးရိုးသားသား ဝန်ခံလိုက်တယ်၊ ဒါကြောင့်မို့ အချစ်စိတ်ဟာ ရုတ်တရက် မုန်တိုင်းကျသလို ပေါ်လာတာ မဟုတ်ပေမယ့် ယမ်းပုံကြီးလိုပဲညှိပြီး မီးခြစ်ဆံကလေး ချလိုက်တာနဲ့ ဟုန်းခနဲ ထတောက်တာပေါ့'

'ကဲ ဆရာ၊ အချစ်၏ သဘောတရားကို ဝတ္ထု၏ သဘောတရား ပြောပြသလို ပြောပြစမ်းပါဦး'ဟု ပြုံးလျက် သူ့မျက်နှာကြီးကို မော့လိုက်ရာ သူ့မျက်မှန်မှာ အခန်းပြင်ပမှ ဝင်လာသော ကျနေ၏ အရောင်တွင် ဝင်းခနဲဖြစ်ကာ မေးလိုက်သည်။

'အချစ်၏ သဘောတရားကိုသာ ဟောပြောရမယ်ဆိုရင် မောင်ရင် အိမ်ပြန်နောက်ကျလိမ့်မယ်၊ အစက



ပြောခဲ့တဲ့အတိုင်းပေါ့၊ အချစ်ဆိုတာက ပေးတာ၊ အကြိုက် (ဆန္ဒလို့ ခေါ်ချင်ခေါ်) ဆိုတာက ယူတာ၊ အချစ်စိတ်ဟာ ဆန္ဒစိတ်နဲ့ အစမှာ အတော်ပဲတူတယ်၊ နှစ်စိတ်လုံးပဲ ရုပ်ဝတ္ထု တစ်ခုပေါ်မှာ တည်တာပဲ၊ မိန်းမတစ်ယောက်ကို ချစ်တယ်ဆိုတာရယ်၊ ကြိုက်တယ်ဆိုတာရယ် အခုဝေါဟာရ အသုံးအနှုန်းအတိုင်းဆိုရင် အတူတူပဲ၊ ဒါပေမယ့် ကြိုက်တာကို ချစ်တယ်လို့ လွယ်လွယ်နဲ့ခေါ်လိုက်ကြတယ်၊ အဲဒီ အကြိုက်ကတော့ ကိုယ့်ဖို့တွက်တာပဲ၊ အစက ဆိုခဲ့တဲ့ အတိုင်းပေါ့၊ အမိပွားယ်ရှိတဲ့ အချစ်ဆိုတာပေါ့၊ ဒီအကြိုက်မှာ မာန တွဲပါလာတယ်၊ သူ့ကို ငါ လိုချင်တယ်၊ သူက ငါ့ကို မယူချင်ဘူးဆိုရင် ဘာဖြစ်သေးသလဲ၊ ချင်းစိမ်းနဲ့ မိဿလင်ပေါ့ဆိုတဲ့ဟာ မာနပဲ၊ မာနနဲ့ တွဲနေတာ အချစ်စစ် ဘယ်နည်းနဲ့မျှ မဟုတ်နိုင်ဘူး၊ အချစ်နဲ့မာနဟာ ကန္တက ဓာတ်တွေပဲ၊ အချစ် စစ် မစစ် စမ်းသပ်ချင်ရင် မာနတွဲနေသလားလို့ စစ်ဆေးကြည့်ပေတော့၊ ချစ်တယ်ဆိုရင် သူက ငါ့ကို ပြန်ချစ်ပါ့မလားလို့လဲ မတွေးဘူး၊ သူ့ကို ငါ ရမှ ရပါ့မလားလို့လဲ မမျှော်လင့်ဘူး၊ ချစ်သူဟာ အချစ်ခံရသူကို အမြဲတမ်း အမှုထမ်းချင်နေတဲ့စိတ်ပဲရှိတယ်၊ ချစ်သူဟာ အချစ်ခံရသူဆီမှာ နာရီမပြတ် စိတ်ရောက်နေတယ်၊ လူချင်းဝေးနေပေမယ့် ချစ်သူစိတ်ဟာ အချစ်ခံရသူ ထံပါးမှာ အမြဲတမ်း ခစားနေတယ်၊ အချစ်ခံရသူအဖို့ အကျိုးဆောင်ပေးရရင် အချစ်ခံရသူက သူ့ကို ကျေးဇူးတင်ဖို့ မလိုဘူး၊ သူကသာ အခုလို အကျိုးဆောင်ပေးခွင့် ရတဲ့အတွက် ကျေးဇူးတင်နေတော့တာပဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဟာ ဒီလိုဆိုရင် တစ်ဖက်သတ် ဖြစ်နေမှာပေါ့'

'အချစ်ဆိုတာ စင်စစ်တော့ တစ်ဖက်သတ်ပေါ့၊ ကိုယ် သူ့ကို ချစ်ရတာမို့ သူက ကိုယ့်ကို ချစ်ဖို့က သူ့သဘော သူ့တာဝန်ပဲ၊ ကိုယ့်စိတ်နဲ့ ကိုယ့်ကိုယ်ပဲဗျာ၊ သူ့ကို ကိုယ်ချစ်သလို ချစ်ပါလို့ အမိန့်ပေးလို့ ဖြစ်ချင်မှ ဖြစ်မှာ၊ တကယ်လို့များ ကိုယ်ကချစ်သလို သူကလဲ ချစ်တယ်ဆိုရင်တော့ သိပ်ကောင်းတာပေါ့၊ ချစ်တာဟာ ကောင်းတယ်၊ အချစ်တုံ့ပြန်ခံရတာဟာ သာ၍ ကောင်းတယ်'လို့ အင်္ဂလိပ်လို ဆိုရိုးတစ်ခု ရှိသားပဲလေ'

'အချစ်၏ သဘောတရားကို ကျကျနန ပြောပြစမ်းပါဦး'

'အချစ်၏ သဘောတရားဟာ ကျယ်ဝန်းလှပါတယ်၊ ပညာရှိတွေမှာလဲ ဝိဝါဒ ကွဲနေကြပါတယ်၊ အချစ်ဆိုတာ လူ့သန္တာန်မှာ အလွန်ကြီးမားတဲ့ စိတ်ပဲ၊ ငါလဲ အတော်ကလေး ဖတ်ကြည့်တယ်၊ စဉ်းစားကြည့်တယ်၊ လေ့လာဆင်ခြင်ကြည့်တယ်၊ ပြီးတော့ လုံးဝ လက်ခံသင့်တာ လက်ခံတယ်၊ ပြင်ဆင်ချက်နဲ့ လက်ခံသင့်တာလဲ လက်ခံတယ်၊ ပယ်သင့်တာလဲ ပယ်တယ်၊ ကဲ မောင်ရင် နောက်တစ်ခါ လာခဲ့ဦး၊ အချစ်ဋီကာ ဖွင့်မယ်လေ၊ အခုတော့ ပြန်ပေဦးတော့၊ နောက်ကျလို့ မသန်းစိန် ရိုက်နေဦးမယ်။

## ချစ်ပရိယာယ်ကို သိသလိုလိုနဲ့

'ဒီနေ့ပဲ ဆရာ၊ ကျွန်တော့် ညီလေးလိုနေတဲ့ မိတ်ဆွေတစ်ယောက်က ဆရာ့ 'မေတ္တာစကား ဆိုမယ်'ဆောင်းပါးကို ဖတ်ပြီး ကျွန်တော့်ကို ဘယ့်နှယ် အစ်ကိုတို့ စိတ်တွေ အတော်ဖောက်ပြန်နေပါကလားလို့ဆိုတယ်'

ကိုသန်းဆွေကကျွန်တော့်အိမ်သို့ ရောက်လာပြီးလျှင် ချက်ချင်းပင် အစီရင်ခံလေသည်။

ကျွန်တော်က ပြုံး၍ သက်ပြင်းတစ်ချက် ခပ်ပြင်းပြင်း ချကာ 'အဲဒါတွေ ခက်တာပေါ့ကွာ၊ တစ်နေ့တုန်းကလဲ တစ်ယောက်က ပြောတယ်၊ အသက်လေးဆယ်ကျော်ခါမှ အချစ်ဋီကာတွေ ဖွင့်နေတာ သိပ် အချိန်မရှိတော့ဘူးတဲ့၊ သူတို့ခမျာများ မသိရှာဘူး၊ အနုပညာသမားများမှာ အသက်ကြီးတာ ငယ်တာနဲ့ မဆိုင်ဘူး၊ အနုပညာဆိုတာ အမြဲပဲ နုနေတယ်၊ သစ်နေတယ်ဆိုတာ သိကြဖို့လိုတယ်၊ ပြီးတော့လည်း အချစ်ဆိုတာ အသက်အပိုင်းအခြား မရှိဘူး၊

www.burmeseclassic.com

www.burmeseclassic.com



'ခက်တယ်ကွာ၊ ပုထုဇဉ်တို့ရဲ့ စိတ်ဆိုတာ ဖောက်ပြန်တာချည်းပဲ၊ ပုထုဇဉ်ဟာ ပုထုဇဉ်ပေါ့၊ ပုထုဇဉ်ဖြစ်တာ ရှက်စရာမဟုတ်ပါဘူး၊ စိတ်ဖောက်ပြန်တတ်တာဟာ အမှန်တရားတစ်ရပ်ပေါ့၊ အဲဒီ အမှန်တရားကို ငါတို့စာရေးဆရာတွေက မကြောက်မရွံ့တင်ပြရပေလိမ့်မယ်၊ ဖောက်ပြန်လျက်နဲ့ မဖောက်ပြန်လေဟန် ဣန္ဒြေကြီးနဲ့ နေတဲ့လူတွေကို ကြည်ညိုချင် ကြည်ညိုနေကြပေါ့၊ စာရေးဆရာအဖို့မှာ လူ့သဘာဝရဲ့ အမှန်တရားကို ရဲရဲဝံ့ဝံ့ တင်ပြဖို့ တာဝန်သာရှိတယ်၊ ဟန်ဆောင်တဲ့ သူတော်စင်ကြီးတွေကို ကြည်ညိုပြီး ပွင့်ပွင့်လင်းလင်း တင်ပြတဲ့ စာရေးဆရာတွေကို ဖောက်ပြန်တယ်၊ အကျင့်ပျက်တယ်လို့ ဆိုကြတယ်'

ကျွန်တော်က ပြောရင်း ပြုံး၍ ပခုံးတစ်ချက်တွန့် လက်ဝါးနှစ်ဖက်ကို ဟန်နှင့် လှန်ပြလိုက်သည်တွင် သန်းဆွေသည် အတော် သဘောကျပုံ ရသွားလေသည်။

'အချစ်ဋီကာဖွင့်မယ်ဆို၊ ကျွန်တော်တောင် အိမ်က ဟောဒီစာအုပ်ကလေး ဆွဲလာခဲ့သေးတယ်၊ ဆရာဖတ်ဖူးသလား မေးမလို့'

ကိုသန်းဆွေပြသော စာအုပ်ဟောင်းကလေးမှာ အချစ်နှင့် ပတ်သက်သော အင်္ဂလိပ်ကဗျာ စကားပြေ ကောက်နုတ်ချက် ပေါင်းချုပ်စာအုပ်ဖြစ်သည်။ ထိုစာအုပ်မျိုး မြောက်မြားစွာရှိ၍ အချို့ကို တွေ့ဖူးသော်လည်း ထိုစာအုပ်ကလေးကိုမူ မတွေ့ဖူးသေးချေ။ ပါရှိသော ကောက်နုတ်ချက်များကို များသောအားဖြင့် ဖတ်ဖူးသော်လည်း ကျွန်တော်လိုသော ကောက်နုတ်ချက်များကို မတွေ့ရချေ။



'ငါဖတ်ဖူးတဲ့ ကမ္ဘာ့ပညာရှိကြီးများရဲ့ အချစ်ဋီကာတွေထဲမှာ စပိန်ပညာရှိကြီး အော်ဂါး အီးဂတ်ဆက်ရဲ့ အချစ်အကြောင်းပြ ကျမ်းမှာပါတဲ့ အချက်အလက်တွေလောက် သဘောတူလက်ခံနိုင်တာ မတွေ့ရသေးဘူး၊ အဲဒီကျမ်းမှာ တခြားပညာရှိပုဂ္ဂိုလ်များရဲ့ အာဘော်တွေကို ညွှန်းပြီး ဝေဖန်ထားတာကိုလဲတွေ့ရတယ်၊ True romantic love ဆိုတဲ့ 'စိတ်အချစ်စစ်' သဘောတရား တွေကို ပြည့်ပြည့်စုံစုံ ပိုင်ပိုင်နိုင်နိုင် ဖော်ပြထားတယ်'

သန်းဆွေသည် ထိုကျမ်းစာအုပ်ကို စားပွဲပေါ်မှ ကောက်၍ စာမျက်နှာများကို ခပ်သွက်သွက်လှန်ရင်း ကျွန်တော် မျဉ်းသားထားချက်တို့ကို ခပ်မြန်မြန်ဖတ်ကြည့်နေသည်။

'ပြင်သစ် စာရေးဆရာ ပညာရှိကြီး စတင်းဒယ်လ်ရဲ့ 'အချစ်ကျမ်း' ကိုလဲ ဖတ်ကြည့်တယ်၊ ဂျာမန်စာရေးဆရာကြီး အီမစ်လ် လူ့ဒဝိရဲ့ 'ဘဝနှင့် အချစ်' ဆိုတဲ့ ကျမ်းကိုလဲ အသေးစိတ် ဖတ်ကြည့်တယ်၊ အင်္ဂလိပ်စိတ်ပညာ ဆရာဝန်ကြီး အီရမ် ဆတ်တီးရဲ့ 'အချစ်နှင့်အမုန်း မူလအစများ' ဆိုတဲ့ ကျမ်းကိုလဲ တော်တော်ကလေး ဖတ်လိုက်တယ်၊ အိုးဗစ်ဒ်ရဲ့ အချစ်ကျမ်းကတော့ ကာမသျှတ္တရကျမ်းပါ၊ အချစ်အဘိဓမ္မာလို့ ခေါ်နိုင်တဲ့ ဖစ်လောဆောဖီကျမ်းမျိုး မဟုတ်ပါဘူး၊ ပြင်သစ်စာရေးဆရာကြီး ဘားလ်ဇက်ရဲ့ အချစ်ကျမ်းဟာလဲ ဒီလိုဟာမျိုးပဲ'

သန်းဆွေသည် စာဖတ်ရင်း ခပ်ဆတ်ဆတ် ခေါင်းညိတ်ပြီးနောက် 'ကဲ ဆရာ လေ့လာသုံးသပ်ပြီးတဲ့ အချစ်

www.burmeseclassic.com

www.burmeseclassic.com



အလက်တွေနဲ့ ကိုယ်တိုင်ဆင်ခြင်သုံးသပ်ပြီးတဲ့ အချက်တွေ စုပေါင်းပြီး ဆရာက အချစ်ဇိုကာကလေး ဖွင့်ထုတ်လိုက်ဦး ဆရာ'ဟု ခပ်ပြုံးပြုံး ဆိုသည်။

'အချစ်ဇိုကာလား၊ အချစ်ပကာသနီလား၊ ဘယ်လို ခေါ်စေချင်သလဲ ဟင်'

'အချစ်မေတ္တာ အဋ္ဌကထာနိကာယ်လို့ ခေါ်ရင်ကော ဆရာ'

'ဟာ တော်စမ်းပါ၊ အချောင် ဓမ္မဋ္ဌ ရာယ်ဖြစ်နေပါ ဦးမယ်၊ အချစ်၏ သဘောတရားလို့ပဲ မင်းအစကခေါ်သလို ခေါ်ကြစို့ကွာ'

'ဆရာဟာ ကွန်မြူနစ်သာမဟုတ်တယ်၊ တယ်ပြီး သဘောတရားဆိုတဲ့ စကားကို ကြိုက်သကိုး'

'သဘောတရားဆိုတာ သဘာဝတရားပဲ မဟုတ်လား၊ နဂို အခြေအနေကို ဆိုလိုတာပေါ့၊ ဘယ်အကြောင်းကိုပဲ ဖြစ်ဖြစ် နဂိုအခြေအနေကို စိစစ်ကြည့်မှ သင့်တော်မယ်၊ အသွင်အပြင်တွေ ထွေထွေပြားပြားကို တွေ့နေရတော့ နဂိုရုပ် ပျောက်နေတော့တာပေါ့၊ လူတွေဟာ ချစ်ပရိယာယ် ကို သိသလိုလိုနဲ့'

'ဟာ ဆရာကလဲ သိချင်းဆက်ဆိုတော့မလို့လား'

'ဆိုရတော့မလိုလိုပေါ့ကွာ၊ အချစ်ရဲ့သဘောတရား မသိဘဲနဲ့ အချစ်ရဲ့ ထွေထွေပြားပြား အသွင်အပြင်တွေ ချစ်ပရိယာယ်တွေကို ဘယ်သိမှာလဲကွာ၊

'ကဲ ဆရာ ဆရာပြောတဲ့ စပိန်ယထာဘူတ ပညာရှိ ဂက်ဆက်ရဲ့ အာဘော်ကို ပြောပြပါဦးဆရာ၊ ကျွန်တော်



တော့ ဆရာမျိုးသားထားတာတွေကို လျှောက်ဖတ်ကြည့် တော့ သိပ်ပြီး ရေရေလည်လည် မရှိသေးဘူး'

'ပြောခဲ့သားပဲ မဟုတ်လား၊ ငါလေ့လာတဲ့ ကျမ်းတွေ ဂက်ဆက်ရဲ့ ကျမ်းတွေကို လက်ခံတယ်၊ အချစ်အကြောင်း ကို ငါဟိုနေ့ကစပြီး ပြောခဲ့တယ် မဟုတ်လား၊ အချစ်နဲ့ အကြိုက်ဟာ အင်မတန် ကွာခြားတဲ့ အကြောင်းလေ'

'ဟုတ်ကဲ့ ဆရာ'

'ဂက်ဆက်က အချစ်ရဲ့ ပုံပန်းသဏ္ဌာန်ကို စပြီး ဖော်ပြတယ်၊ သူက အချစ်ဆိုတဲ့ သဘောတရားဟာ ချစ်ရေး ကြိုက်ရေးဆိုတဲ့ အချစ်ကိစ္စနဲ့ တခြားစီတဲ့၊ အချစ်အတွက် ချစ်ရေးကြိုက်ရေး ရှိရပေမယ့် ချစ်ရေးကြိုက်ရေးကြောင့် တော့ အချစ်မနပေါ်ပေါက်ဘူးတဲ့၊ ဘာဖြစ်လို့လဲဆိုတော့ ချစ်ရေးကြိုက်ရေးဆိုတဲ့ ကိစ္စဟာ အလျင်က ဆိုခဲ့သလို ဆန္ဒဆိုတဲ့ လိုချင်တဲ့ဟာ အကြိုက်ဆိုတဲ့ဟာမျိုး ပေါ်ပေါက် နိုင်တယ်၊ တကယ့် အချစ်စစ်တော့ ပေါ်ပေါက်နိုင်ချင်မှ ပေါ်ပေါက်နိုင်မယ်တဲ့၊

'နေစမ်းပါဦးဆရာ၊ ချစ်ရေးကြိုက်ရေးဆိုတဲ့ ကိစ္စဟာ အကြိုက်အတွက်လဲ ဖြစ်နိုင်တယ်၊ အချစ်အတွက်လဲ ဖြစ်နိုင်တယ်ဆိုပါတော့၊ ချစ်ရေးကြိုက်ရေး ကိစ္စကြောင့်တော့ အချစ် မပေါ်ပေါက်နိုင်ဘူး ဟုတ်လား၊

'အေးလေ ချစ်တယ် ကြိုက်တယ် ဆိုတာဟာ သဒ္ဒါ ရည်းစား ကိစ္စဆိုတော့ တကယ် အချစ်စစ်ကြောင့်ရယ်လို့ ဘယ်ဆိုနိုင်မလဲလေ'

'ဟုတ်ပြီ၊ ကဲ ဆိုပါဦး'

www.burmeseclassic.com

www.burmeseclassic.com



'ဆိုခဲ့သလိုပေါ့၊ အချစ်နှင့်အကြိုက်ဟာ အစမှာတော့ အသွင်ချင်းတူလို့ မှားနိုင်တယ်၊ ဒါပေမယ့် အကြိုက်ကတော့ ရဖို့ ယူဖို့ပဲ၊ အချစ်ကတော့ ပေးဖို့ပဲ၊ အကြိုက်ဆိုတာ ကြိုက်တဲ့ဟာ (ကြိုက်တဲ့လူ)ကို ကိုယ့်ဆီ ဆွဲယူတယ်၊ အချစ်ဆိုတာကတော့ ချစ်တဲ့ဟာ (ချစ်တဲ့လူ)ဆီကို ကိုယ်က လူကိုယ်တိုင်ပြစ်ဖြစ်၊ လူကိုယ်တိုင် မစွမ်းသာရင် စိတ်နဲ့တော့ ဖြစ်ဖြစ် သွားတယ်၊ ပြုစုတယ်'

'အေး၊ အကြိုက်ဆိုတာ ကိုယ်ကြိုက်တာရရင် ကျေနပ်သွားရော၊ ကိစ္စပြီးသွားရောပေါ့ကွာ၊ အချစ်ဆိုတာကတော့ ပေးလို့ကို အားမရနိုင်ဘူး၊ အဆုံးတိုင် မရောက်နိုင်တော့ဘူး၊ ဒါကြောင့်မို့ 'မေတ္တာကို ရေအလျဉ်နဲ့နှိုင်းတာ၊ အမြဲတမ်း စီးဆင်း ဖြည့်တင်းနေတာပဲ၊ အချစ်စစ်ဟာ ဘယ်သော အခါမှ မပျက်ပြယ်ဘူး၊ မဖောက်ပြန်ဘူး၊ ပျက်ပြယ်တယ်၊ ဖောက်ပြန် ပြောင်းလဲတယ်ဆိုရင်တော့ အရေခြုံ အချစ်ပဲလို့သာ မှတ်လိုက်ပေတော့'

'အချစ်စစ်ဟာထာဝစဉ်ပစ္စည်းလို့ဆိုတာပေါ့၊ ဘယ်လိုဖျက်ဖျက် မပျက်ဘဲ တစ်သက်လုံး တည်မြဲနေတယ်ပေါ့နော်'

'ဟုတ်တယ်ကွ၊ အချစ်စစ်ဆိုတာ နှလုံးသွေး မရပ်မချင်း ရှိနေတာပဲ၊ အချစ်စိတ်ဟာ နှလုံးသားမှာသာ ပေါ်ပေါက်ထွန်းကားလာတာ၊ ဒီတော့ နှလုံးသားရှိနေသမျှ အချစ်လဲ တည်နေမှာပဲ၊ နှလုံးသားမရှိရင်လဲ အသက်မရှိတော့ဘူးပေါ့၊ အဲဒီ အချစ်စိတ်ဟာ ချစ်တဲ့သူကို မြင်ကြား တွေ့နေတာနဲ့အမျှ စိမ်းလန်းစိုပြည်နေတယ်၊ တကယ်လို့များ ချစ်တဲ့သူနဲ့ ဝေးနေ ကွဲနေရင် အချစ်စိတ်ဟာ သွေ့ခြောက်ပြီး



နောက်ဆုံးမှာ သေမသွားဘူးလားလို့ မေးစရာရှိတယ်၊ သွေ့ခြောက်သွားနိုင်စရာ အကြောင်းရှိပေမယ့် ဘယ်တော့မှ မသေဘူး၊ လူမသေဘဲ သေသွားတဲ့အချစ်စိတ်ဟာ အချစ်စစ်မဟုတ်ဘူး၊ စွဲလမ်းတဲ့သံယောဇဉ်သာ ဖြစ်တယ်၊ တွေ့တုန်း ကြုံတုန်း နီးစပ်တုန်းမှာ ချစ်လှချည်ဆိုရုံနဲ့ အချစ်စစ်ရှိတဲ့ အကြောင်း မသိသာသေးဘူး၊ ဝေးနေ ကွဲနေတဲ့အခါမှာ အကြောင်းအားလျော်စွာ သွေ့ခြောက်သွားဦးတော့ ပျက်ပြယ် မသွားရဘူး၊ လူချင်းအနေဝေးပေမယ့် စိတ်ချင်း ကတော့ အမြဲတမ်း နီးကပ်နေရမယ်၊ တကယ်ချစ်ရင် ဘယ်လောက်ပဲ အနေဝေးဝေး အမြဲတမ်း သတိရနေတာပဲ၊ ဂက်ဆက်က ဥပမာတစ်ခုပေးတယ်၊ ခိုးမှုနဲ့ထောင်ကျနေတဲ့ လူတစ်ယောက်ကို ချစ်တဲ့ မိန်းမရဲ့စိတ်ဟာ ထောင်ခန်းထဲမှာသာ ရှိတယ်တဲ့'

'အချစ်ဆိုတဲ့တရားရဲ့ သဘာဝထဲမှာ သံယောဇဉ် အတော်များများ ပါတယ် ဆိုရမှာပေါ့နော် ဆရာ'

'သံယောဇဉ် အကြီးအကျယ်ပါတာပေါ့၊ ဒါပေမယ့် သံယောဇဉ်ချည်းတော့ မဟုတ်ဘူး၊ သံယောဇဉ်နဲ့ စေတနာ အတူပါတယ်လို့ ယူဆရပေမယ်၊

'အချစ်စစ်သာဆိုရင် အချစ်ခံရသူ သေသွားပေမယ့် မပျက်ပြယ်ဘူး၊ ချစ်တဲ့သူမသေမချင်း နှလုံးသားထဲမှာ တငွေ့ငွေ့ တဆွေးဆွေးနဲ့ ကျန်နေသေးတာပဲ၊ တစ်ခါက အင်္ဂလိပ်ဝတ္ထုတိုလေးတစ်ပုဒ် ဖတ်ဖူးတယ်၊ လူနာမည်တွေရော ဝတ္ထုနာမည်တောင် မေ့သွားပါပြီ၊ ဒါက အရေးမကြီးပါဘူး၊

www.burmeseclassic.com

www.burmeseclassic.com



'အဲဒီ ဝတ္ထုဇာတ်လမ်းကလေးကတော့ တောရွာက မိန်းကလေးတစ်ယောက်ဟာ ရွာသားကလေး တစ်ယောက်နဲ့ ချစ်ကြတယ်၊ တောင်ပူစာကလေး တစ်ခုပေါ်မှာ ညနေတိုင်း တွေ့ကြတယ်၊ မကြာခင်ပဲ ကောင်ကလေးက စစ်ထဲလိုက်သွားရတယ်၊ ပြန်မလာတော့ဘူး၊ တိုက်ပွဲမှာကျရှာတယ်၊ ကောင်မလေးဟာ ညနေတိုင်း သူတို့နှစ်ယောက်တွေ့နေကျတောင်ပူစာကလေးပေါ် သွားသွားပြီး နေဝင်တာကို ငေးကြည့်နေတယ်၊ နောက်နှစ် အတော်များများကြာတော့ ရွာက ထမင်းဆိုင်ရှင်နဲ့ လူကြီးများက ပေးစားလို့ ယူလိုက်ရတယ်၊ ဒါနဲ့ အသက်အတော်ကြီးသွားရော၊ ဒုတိယကမ္ဘာ့စစ်ကြီးဖြစ်ပြန်တယ်၊ အဲဒီရွာကလေးထဲကို စစ်သားသုံးလေးယောက် ခရီးသွားရင်း ဝင်ပြီး ခဏနားကြတယ်၊ စစ်သားတစ်ယောက်က စာဖတ်ဝါသနာပါတယ်၊ ဒါနဲ့ နေ့လယ်စာစားပြီး ထမင်းဆိုင် အခန်းကလေးတစ်ခန်းထဲဝင်ပြီး ထရံမှာစီထားတဲ့ စာအုပ်အဟောင်းသုံးလေးငါးအုပ်ကိုယူပြီး ဖတ်တယ်၊ အဲဒီစာအုပ်တွေဟာ အဲဒီ မိန်းမကြီးရဲ့ ငယ်ရည်းစားရဲ့စာအုပ်တွေပဲ၊ နာမည်ထိုးထားတယ်၊ စစ်သားက လျှောက်လှန်ဖတ်ပြီး ခရီးဆက်ရတော့မယ့်အချိန်ကျတော့ အဲဒီမိန်းမကို 'သွားပါဦးမယ် မစ္စစ်စမစ်သ်'လို့ နှုတ်ဆက်လိုက်တယ်၊ အဲဒီ မိန်းမက သူ့ကို မစ္စစ်စမစ်သ်လို့ ခေါ်သံကိုကြားလိုက်ရတော့ မျက်နှာပွင့်လန်း ကြည်လင်သွားတယ်၊ စမစ်သ်ဟာ သူ့ ငယ်ရည်းစားရဲ့ နာမည်ပဲ၊ သူဟာ ငယ်ရည်းစားနဲ့ မပေါင်းလိုက်ရဘူး၊ သူ့ကို မစ္စစ်စမစ်သ်လို့ ဘယ်သူကမျှလဲ မခေါ်ဘူး၊ ခေါ်ဖို့အကြောင်းလဲမပေါ်ဘူး၊ အခုလို အကြောင်း



မသိတဲ့ စစ်သားကလေးက အဲဒီ သွားလေသူ ငယ်ရည်းစားရဲ့ ဇနီးအဖြစ်ခေါ်လိုက်သံကို ကြားရတော့ ချက်ချင်းပဲ စိတ်ရွှင်လန်းသွားတယ်၊

'ကဲ အဲဒါသာ ကြည့်ပေတော့၊ နှစ်တွေ လတွေ ပြောင်းကုန်ပေမယ့် သူ့ရဲ့စိတ်ဟာ သွားလေသူ ရည်းစားသည်ရဲ့ ထံပါးမှာပဲ ရှိနေသေးတယ်၊ သူသေတဲ့အထိ ဒီလိုပဲသွားမှာပဲ၊ ဒါကြောင့်ပေါ့၊ တကယ့်အချစ်ဟာ ဝေးလို့တော့ အေးမသွားဘူး၊ ဝေးရင် ဆွေးသထက် ဆွေးရုံသာ ရှိမယ်'

'အချစ်စိတ်ဟာ သတ်လို့ မသေတဲ့ သဘောရှိတယ်ဆိုတာ သိပြီးပါပြီ၊ တစ်ယောက်သောသူက တစ်ယောက်သောသူကို ဘယ်သို့သောအကြောင်းကြောင့် ချစ်ပါသနည်းဆိုတဲ့ အမေးကလေးကို ဖြေစမ်းပါဦး ဆရာရယ်'

'အဲဒီ မေးခွန်းဟာ အလွန် စိတ်ဝင်စားဖို့ ကောင်းတယ်၊ ဥပမာဆိုစို့ မိန်းကလေးနှစ်ယောက်ရှိတယ်၊ တစ်ယောက်က လူတိုင်းက ဝန်ခံရတဲ့ လှသူဇာ၊ နောက်တစ်ယောက်ကတော့ အရုပ်ဆိုးမကလေးတဲ့၊ ကဲ ဒီနှစ်ယောက်ကို ရွေးချစ်ရမယ်ဆိုရင် လှသူဇာကိုသာ ချစ်ကြမှာပေါ့၊ ဒါပေမယ့် လှသူဇာကိုကျော်ပြီး အရုပ်ဆိုးမကလေးကိုမှ ချစ်ကို ချစ်တတ်တဲ့သူရှိတယ်၊ အဲဒီလူကို အရူးလို့ ဆိုမလား'

'သူကြိုက်တာကို ဘယ်တတ်နိုင်ပါ့မလဲ'

'ချစ်တယ်ဆိုတာ အချစ်ခံရသူမှာ အလှတရားတစ်ခုခုကို မြင်လို့ ချစ်တာပဲ၊ အလှတရားဆိုတာ ရုပ်ရည်ချောမောတာကို ဆိုလိုတာ မဟုတ်ဘူး၊ သူသူငါငါ လှတယ်ဆိုနေတဲ့

www.burmeseclassic.com

www.burmeseclassic.com



အလှမယ်တွေကို ချစ်တာဟာ အရူးရင်လဲ ဖြစ်ရမယ်၊ ဒါမှမဟုတ်ရင် ကုန်စုံဆိုင် စာရေးရင်လဲ ဖြစ်ရမယ်လို့ စပိန်ပညာရှိကြီး ဂက်ဆက်က ပယ်ပယ်နယ်နယ် ဆိုထားတယ်။

'အပေါ်ယံအလှမျိုးဟာ ဆွဲငင်တတ်တဲ့ သဘောနဲ့ သတ္တိရှိပေမယ်လို့ အချစ်စိတ် ပေါက်ဖွားစေတတ်တဲ့ အလှဓာတ်နဲ့ တခြားစီပဲလို့ အဲဒီ ပညာရှိကြီးက ဆိုတယ်၊ အခုနဆိုခဲ့တဲ့ အရုပ်ဆိုးမကလေးကို ချစ်တဲ့လူဟာ နွားလဲမဟုတ်၊ အရူးလဲမဟုတ်ဘူး၊ တကယ်တော့ အပေါ်ယံ အလှဂုဏ်မက်ပြီး ချစ်တယ်ဆိုတဲ့အကောင်သာ ရူးတာလို့ ဆရာကြီးက ဆိုလိုသဗျ'

'ဒီလူက လှတာကိုမချစ်ဘဲ အရုပ်ဆိုးတာကို ဘာလို့ ချစ်ရသလဲ'

'လှတယ်၊ အရုပ်ဆိုးတယ် ဆိုတာတွေဟာ မျက်စိက ဆုံးဖြတ်တာကိုးကွ၊ ချစ်ခြင်းအစ မျက်စိကလို့ဆိုရိုးရှိတယ် မဟုတ်လား၊ ဒီလိုဆိုပြန်တော့ အရုပ်ဆိုးတာကို ဘာကြောင့် မျက်စိကျရသလဲလို့ မေးမယ်၊ မျက်စိနဲ့ကြည့်တာတော့ မှန်တယ်၊ ဒါပေမယ့် အလှဓာတ်ကို မျက်စိက ဆုံးဖြတ်တာတော့ မဟုတ်ဘူး၊ မျက်စိက မြင်တာကို နှလုံးသားက ဆုံးဖြတ်တာကွ၊ အရုပ်ဆိုးတယ်လို့ဆိုနေကြတဲ့ ကောင်မလေးရဲ့ အလှဓာတ်ကို ချစ်တဲ့လူရဲ့နှလုံးသားက မြင်တယ်၊ အတော်အပြောရကျပ်တဲ့ စကားပါကွာ၊ လူတစ်ယောက်နဲ့ တစ်ယောက် ဘယ်တော့မှ မတူဘူး၊ အဲဒီလို ကွဲပြားနေတာ ဘာကြောင့်လဲ၊နှလုံးသားကြောင့်ပေါ့၊ နှလုံးသားမှာ စိတ် ပေါ်ပေါက်လာတယ်၊ အဲဒီ စိတ်ကြောင့် လူတွေဟာ တစ်



ယောက်နဲ့ တစ်ယောက် မတူကြတာပေါ့၊ စိတ်ချင်းလဲမတူတော့ ဆန္ဒချင်းလဲ မတူဘူး၊ နှစ်သက်မှုချင်းလဲ မတူဘူး၊ ကဲကွာ၊ ကရင်က ငါးပိကြိုက်တယ်၊ ရှမ်းဈာ ပဲပုတ်ကြိုက်တယ်၊ အင်္ဂလိပ်က ဒိန်ခဲကြိုက်တယ်၊ အကြိုက်ချင်းမတူတာ စိတ်ချင်းမတူလို့ပေါ့၊ လောကကြီးမှာ စိတ်တူ သဘောတူ ဆိုတာ တကယ်တော့ ရှိတာမဟုတ်ဘူး၊ စိတ်ချင်း တူသလို ရှိတာ နီးစပ်တာ တစ်ယောက်စိတ်ကို တစ်ယောက်ရဲ့ စိတ်က လိုက်လျောနိုင်တဲ့ အခြေအနေ ရှိတာပဲရှိတယ်၊

'ချစ်တဲ့စိတ်ဟာ လူရဲ့ အရင်းခံစိတ်က ပေါ်ထွက်လာတာပဲ၊ ဒါကြောင့်မို့ ပညာရှိကြီးတွေက ဆိုတယ်၊ လူတိုင်းဟာ ကိုယ်နဲ့တန်တဲ့ ချစ်သူကိုပဲ ရတယ်တဲ့၊ တစ်ယောက်ရဲ့စိတ်ကို သိချင်ရင် သူချစ်တဲ့လူကို ကြည့်လိုက်ပေတော့တဲ့၊ ဘာဖြစ်လို့လဲဆိုရင် လူတိုင်းဟာ ကိုယ့်ပင်ကို သဘာဝနဲ့ အနီးစပ်ဆုံး အတိုက်ဆိုင်ဆုံး ပုဂ္ဂိုလ်ကိုမှ ရွေးပြီး ချစ်သတဲ့၊ အချစ်စစ် အချစ်မှန်ဟာ အပေါ်ယံကြော ဖြစ်တဲ့ ရုပ်ရည်ချောမောမှုတို့၊ ဂုဏ်ဒြပ်ရှိမှုတို့၊ သွက်လက်ချက်ချာမှုတို့ ဘာတို့ကို ကြည့်တာ မဟုတ်ဘူး၊ နှလုံးသားချင်း ရောင်ပြန်ဟပ်တာပဲတဲ့၊ ဒါကြောင့်မို့ လူ့လောကမှာ True romantic love လို့ခေါ်တဲ့ 'စိတ်ဓာတ်အချစ်စစ်'ဟာ ရှားသတဲ့၊ သာမန်လူတို့မှာ မဖြစ်နိုင်ဘူးတဲ့၊ စိတ်ကူးဉာဏ်ရင့်သန်တဲ့ ပုဂ္ဂိုလ်များ၊ အနုပညာသမားများမှာသာ ပေါ်ပေါက်နိုင်သတဲ့။

'ရုပ်ပါရုံကိုမှီပြီး ပေါက်ဖွားတဲ့ 'ကိုယ်ကာယအချစ်' physical love သာ ပေါပြီး၊ စိတ်ဓာတ်ကိုမှီပြီး ပေါက်ဖွားတဲ့အချစ် spiritual love ဟာ ရှားသတဲ့၊ အဲဒီအချစ်

www.burmeseclassic.com

www.burmeseclassic.com



မျိုးဟာ ကိုယ်ကာယထိတွေ့မှု ဖောဋ္ဌဗ္ဗာရုံ မရှိတော့ဘူးတော့ မဟုတ်ဘူး၊ ရှိတော့ ရှိတယ်၊ ဒါပေမယ့် ပဓာန မဟုတ်ဘူးတဲ့၊ ဥပမာ ပြဇာတ်ဆရာကြီး ဘားနပ်ရှောဟာ ကချေသည်မ အဲလင်တယ်ရီကို ချစ်တယ်၊ ယူဖို့ချစ်တာ မဟုတ်ဘူး၊ အဲလင်တယ်ရီကို စိတ်နဲ့ချစ်ပြီး ချစ်သဝဏ်လွှာတွေ ရေးတယ်၊ အဲဒီစာတွေဟာဆိုရင် ကမ္ဘာ့စာပေမှာ အကျုံးဝင်နေတာပေါ့၊ မင်းလဲ အသိသားပဲ သန်းဆွေရာ'

'ဟုတ်ပါတယ်ဆရာ၊ ဂျာမန်စာရေးဆရာကြီး ဂိထားတို့၊ အီတာလျံစာရေးဆရာကြီး ဒန်တေးတို့မှာလဲ ဒီလို အချစ်မျိုးတွေ ဖြစ်တယ်၊ သူတို့တစ်တွေကို လူအများက အရူးလို့ဆိုကြမှာပေါ့'

'ဟုတ်တာပေါ့ကွ၊ လူအများကတော့ ချစ်သလား၊ ချစ်ရင် ရအောင်ယူမယ်ဆိုတဲ့ ကာယအချစ်လောက်သာ နားလည်တာကိုး၊ အချစ်ရဲ့ အနုပညာသဘောတရားကို နားမှ မလည်ကြဘဲ'

'အစစ်ပေါ့ဆရာ၊ အချစ်ဆိုတဲ့စကားကို အမျိုးမျိုး အဓိပ္ပာယ်နဲ့ သုံးနေကြတယ်၊ အယုတ်ဆုံး မုဒိမ်းသမားကလဲ ချစ်လို့ပါကွာလို့ ဆိုတယ်၊ အမြတ်ဆုံး အနုပညာရှင်ကလဲ အချစ်ကို မူတည်ပြီး အနုပညာရှင် ပစ္စည်းဖြစ်တဲ့ စာပေ၊ ပန်းချီ၊ ပန်းပု စတဲ့ဟာ တစ်ခုခုကို တီထွင်ပြုစုတယ်'

'ဒါကြောင့် ငါပြောတာပေါ့၊ မာမာအေးဆိုသလိုပေါ့၊ 'ချစ်ပရိယာယ်ကို သိသလိုလိုနဲ့' ပေါ့ကွာ'

## ချစ်ပြဿနာ အဖြာဖြာ

'အချစ်စစ်နဲ့ ချစ်တယ်ဆိုပြီးတော့ ချစ်သူက အချစ်ခံရသူကို ယူဖို့ မျှော်လင့်ကြိုးစားတယ်ဆိုရင် ဆရာပြောတဲ့ဆန္ဒ ဖြစ်မသွားဘူးလား'ဟု တပည့်တစ်ယောက်က မေးလာသည်။

အချစ်၊ အကြိုက်၊ ဆန္ဒ၊ စေတနာ စသည့် ဝေါဟာရများမှာ အဓိပ္ပာယ်ကျယ်ပြန့်သည်က ကျယ်ပြန့်၊ လေးနက်သည်က လေးနက်ကြသောကြောင့် အသုံးပြုရာမှာ လန့်စရာကောင်းလှသည်။ အထူးသဖြင့် မြန်မာဝေါဟာရများကို သုံးရာ၌ အခက်အခဲကြီးစွာ ကြုံတွေ့ရသည်။ မြန်မာဘာသာ၌ 'စိတ်'ဟု ဆိုလိုက်လျှင် အဓိပ္ပာယ်အမျိုးမျိုး ထွက်သည်။ အင်္ဂလိပ်ဘာသာ၌မူ စိတ်ဟူသော ဝေါဟာရကဏ္ဍ၌ အဓိပ္ပာယ် တစ်မျိုးတွင် ဝေါဟာရတစ်လုံးရှိသည်။ ထို့ကြောင့် အဓိပ္ပာယ်ချင်း ရောယှက်ခြင်းမရှိဘဲ သီးသန့် သုံးစွဲနိုင်သည်။ မြန်မာ၌ ဘာမဆို 'စိတ် စိတ်ချည်း' ဖြစ်နေချေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနည်းတူစွာပင် အချစ်၊ အကြိုက်၊ ဆန္ဒ၊ စေတနာ စသည့် စိတ်နှင့်သက်ဆိုင်သော ဝေါဟာရများမှာလည်း အဓိပ္ပာယ်များ သီးသန့်ထင်ရှားခြင်းမရှိပေ။ ဥပမာ အချစ်ကို အင်္ဂလိပ်လို Love ဟူသော ဝေါဟာရဖြင့် ရေးသုံးပါမှ အဓိပ္ပာယ် ထင်ရှားသည်။ အကြိုက်နှင့် ဆန္ဒကို Desirer စေတနာကို Volition စသည်ဖြင့် ခွဲခြား၍ သုံးစွဲနိုင်ပါသည်။

ထို့ကြောင့် စိတ်နှင့်သက်ဆိုင်သည့် နက်နဲ ကျယ်ပြန့်လျက် ထင်မြင်ချက် ကွဲလွဲများပြားနေသော အချစ်ပြဿနာ အထွေထွေတွင် နားလည်အောင် ရှင်းပြနိုင်ဖို့ လွန်စွာမှပင် ခက်ခဲလှချေသည်။

မေးလာသော တပည့်၏ ဇောဒကကို တတ်အားသမျှ ရှင်းအောင် ဖြေကြားပါမည်။

အချစ်စစ်နှင့် ချစ်သူက အချစ်ခံရသူကို လိုချင်သည်။

အကြိုက်တွေ့၍ မိမိလိုရာဆန္ဒ ရှိသဖြင့် ချစ်သည်ဟု ဆိုသောသူကလည်း အကြိုက်ခံရ (သူ့အထင်အားဖြင့် အချစ်ခံရသူ)သူကို လိုချင်သည်။ လိုချင်တာချင်းတူနေသဖြင့် 'ဆန္ဒ'ချည်း ဖြစ်မသွားပေဘူးလား။

ဆန္ဒချည်းဟု မဆိုသာပေ။ ဒုတိယပုဂ္ဂိုလ်အဖို့ ဆန္ဒဖြစ်သည် မှန်၏။ သူက အချစ်ခံရသူကို လိုချင်သည်မှာ သူ ကောင်းဖို့၊ သူ အမြတ်ရဖို့၊ သူ့ အကြိုက်ကျဖို့၊ သူ့ ဆန္ဒပြည့်ဖို့ ဖြစ်သည်။

ပထမ ပုဂ္ဂိုလ်က အချစ်ခံရသူကို လိုချင်ခြင်းမှာ ထိုသို့မဟုတ်ပေ။ အချစ်ခံသူအား သူက သူ၏ ချစ်ခင်ယုယ ပြုစုပိုက်ထွေးမှုကို ပေးနိုင်သည်ထက်ပေးနိုင်သော အခြေသို့ ရောက်ရှိအောင် လိုချင်ခြင်းဖြစ်သည်။



သူလိုချင်ခြင်းမှာ စေတနာကြောင့် ဖြစ်သည်။

သူတို့နှစ်ယောက်မှာ လိုချင်တာချင်း သာမန်အားဖြင့် တူသော်လည်း စိတ်ထားချင်း ကွာခြားပေသည်။

ဒုတိယပုဂ္ဂိုလ်က အသုံးပြုချင်၊ အမြတ်ထုတ်ချင်၊ အဆိစုတ်ချင်၍ ချစ်တဲ့လူကို လိုချင်သည်။

ပထမ ပုဂ္ဂိုလ်ကမူ ပြုစုချင်၊ မြတ်နိုးချင်၊ မိမိ၏ စွမ်းအားနှင့် ပစ္စည်းအရပ်ရပ်ကို ပေးချင်၍ ချစ်တဲ့သူကို လိုချင်သည်။

ဒုတိယ ပုဂ္ဂိုလ်က ပိုင်ဆိုင်ချင်၍ လိုချင်သည်။

ပထမ ပုဂ္ဂိုလ်က ချစ်တဲ့သူ၏ အပိုင်ခံချင်၍ လိုချင်သည်။

ယင်းသို့ ရှင်းလင်းပြလိုက်လျှင် သဘောပေါက်ပေလိမ့်မည်ဟု မျှော်လင့်မိကြောင်း တပည့်အား ပြန်ကြားလိုပါသည်။

'နေစမ်းပါဦး ကိုယ့်လူ၊ ခင်ဗျား ပြောပြောနေတဲ့ အချစ်ဆိုတဲ့စကားဟာ ဖိုမ ကာမဂုဏ်ကိစ္စနဲ့ ဘယ်လိုခြားလို့လဲဗျ၊ ကျုပ်တော့ အတူတူပဲ ထင်တယ်'

ကျွန်တော့် သူငယ်ချင်းတစ်ယောက်က အပျော်တမ်း ထမင်းစားပွဲတွင် မေးလိုက်လေသည်။

သူ့ အမေးမျိုးကို အခြားနေရာများတွင်လည်း မကြာခဏ ကြားခဲ့ရပါသည်။ အချစ်နှင့်အကြိုက် အတူတူပင်ဖြစ်သည်ဟု ထင်ကြသည်။ နှစ်မျိုးလုံးတွင် ဖိုမ ကာမဂုဏ်ကိစ္စကိုသာ အရင်းခံသည်ဟု ယူဆကြသည်။ နောက်ဆုံး၌ အချစ်နှင့် အကြိုက် ပေါင်းစပ်၍ ချစ်ကြိုက်ခြင်း၊ ချစ်ကြိုက်

www.burmeseclassic.com

www.burmeseclassic.com



ကြသည် စသည်ဖြင့် ဆိုနေကြသည်။ သာမန်ပုဂ္ဂိုလ်များ အဖို့ ခွဲခြား၍ မရနိုင်တော့ပေ။

သိပ္ပံပညာ ထွန်းကားလာသော ခေတ်ဖြစ်သည့် အလျောက် အရာဝတ္ထုတို့ကိုသာ သိပ္ပံပညာနည်းဖြင့် စိစစ်၍ ပိုင်းခြားဝေဖန်သည် မဟုတ်တော့ဘဲ စိတ်ကိုပင် သိပ္ပံပညာ နည်းဖြင့် စိစစ်ဝေဖန်လာကြပေပြီ။ စိတ်ပညာ ဘက်တွင် ကမ္ဘာကျော်သော ဂျာမန်ဆရာကြီး ဓိဂမန်း ဖရွိုက်က လူတို့၏ အပြုအမူမှန်သမျှသည် ဖိုမ ကာမဂုဏ် စိတ်မှ ပေါ်ထွက်လာသည်ဟုဆို၏။ အထူးသဖြင့် အချစ်စိတ်နှင့် ဖိုမ ကာမဂုဏ်စိတ်တို့သည် အတူတူဖြစ်သည်ဟု ဆိုလေ သည်။

ဖရွိုက်၏ ဝါဒကို အများအားဖြင့် လက်ခံခဲ့သော် လည်း အချစ်ဆိုသော စိတ်နှင့် ပတ်သက်သည့် ကိစ္စတွင် သဘောမတူနိုင်ဘဲ 'ဖရွိုက် အမှားကြီး မှားပြီ'ဟု ဆိုသော ဂျာမန်ဆရာကြီး သီယိုဒိုရိုက်ခ်က အချစ်နှင့် ဖိုမ ကာမဂုဏ် စိတ် Love and Sex တို့သည် မတူ၊ အရင်းခံ အခြေအမြစ် ခံသာ ကွဲပြားသည်မဟုတ် သဘောတရားအားဖြင့်လည်း ခြားနားသည်ဟု ဆိုလေသည်။

'ခင်ဗျား ကြားဖူး မှတ်ဖူးတဲ့အတိုင်း မဟုတ်ဘူးဗျ၊ အချစ်စိတ်နဲ့ ကာမဂုဏ်စိတ်ဟာ တခြားစီပါ၊ ဟုတ်ပါတယ်၊ အများအယူအတိုင်းဆိုလျှင် ခင်ဗျားပြောသလိုပဲ၊ ဒါပေမယ့် သိပ္ပံဆရာကြီးတွေက စိတ်ပညာနည်းနှင့် သုတေသနလုပ်ပြီး ပြောပြကြတာကတော့ အချစ်စိတ်နဲ့ ကာမဂုဏ်စိတ်ဟာ တွဲဖက်နေတာတော့ မှန်ပါရဲ့၊ ဒါပေမယ့် တခြားစီတဲ့၊



တွဲဖက်နေတိုင်း အတူဖြစ်ရမှာတဲ့လားတဲ့၊ ဟောဒီစာအုပ် ထဲက သီယိုဒိုရိုက်ခ်ရေးတဲ့ Love and Sex are Different ဆိုတဲ့ အခန်းကို ဖတ်ကြည့်ပါလား၊ ဩော် မဖတ်ချင်ဘူးဆိုရင်လဲ ကျွန်တော်ဖတ်ပြီး မျဉ်းသားထားတဲ့ အရေးကြီးတဲ့ အချက်အလက်တွေကို ဖတ်ပြမယ်၊ နားထောင်'

ကျွန်တော် သူ့အား ဖတ်ပြလိုက်သော ကောက်နုတ် ချက်များကို တတ်နိုင်သမျှ အတိအကျ မြန်မာပြန်၍ အောက်တွင်ပေးလိုက်ပါသည်။

'ဖရွိုက်က ကာမဂုဏ်စိတ်နှင့် အချစ်စိတ်တို့မှာ အတူတူဖြစ်သည်ဟု ဆိုခြင်းသည် စိတ်ကူးယဉ်ချက်မျှသာ ဖြစ်သည်၊ ကဗျာဆရာများက အချစ်ကို စိတ်ကူးယဉ်၍ အမျိုးမျိုး ဖော်ပြသကဲ့သို့ပင် ဖရွိုက်က စိတ်ကူးယဉ်ခြင်း မျှသာ ဖြစ်သော်လည်း ကဗျာဆရာများကဲ့သို့ ကဗျာ မဆန်ပေ၊ အချစ်စိတ်ကို ရည်ရွယ်ချက်ထားရှိသော ကာမဂုဏ်စိတ်ဟု ဆိုလိုက်ရုံနှင့် အချစ်စိတ်သည် ကာမဂုဏ် စိတ် ဖြစ်မသွားနိုင်ပေ။

'ကျွန်ုပ်သည် ကာမဂုဏ်စိတ်နှင့် အချစ်စိတ်တို့မှာ အရင်းအစ၌လည်း မတူ၊ သဘောသဘာဝအားဖြင့်လည်း ကွဲပြားခြားနားသည်ဟု ယုံကြည်သည်။

'ယခင်က စိတ်ပညာဆရာများနှင့် ယခုခေတ် စိတ် ပညာ ဆရာအချို့က အချစ်စိတ်ဆိုသည်မှာ ကာမဂုဏ် အသွင်အပြင် ပြောင်းထားခြင်းမျှသာ ဖြစ်သည်ဟု ဆိုနေကြ သည်။ ယောကျာ်းနှင့် မိန်းမ ချစ်ကြသည်ဟုဆိုလျှင်

www.burmeseclassic.com

www.burmeseclassic.com



ကာမဂုဏ်စိတ်ဖြင့် ပေါင်းသင်းကြသည် မဟုတ်ပါလားဟု ဆိုနေကြသည်။ ယင်းသို့ဆိုရုံနှင့် အချစ်စိတ်နှင့် ကာမဂုဏ်စိတ်သည် အတူတူဖြစ်သည်ဟု မဆိုနိုင်၊ ထိုစိတ်နှစ်ခု ယှဉ်တွဲဖက်စပ်နေရုံနှင့် အတူတူဖြစ်သည်ဟု မဆိုနိုင်၊ ယင်းစိတ်နှစ်ခု ပူးတွဲနေသည်ကား မှန်၏။ သို့သော် ယင်းတို့သည် အတူတူမဟုတ်။

'ဥပမာ၊ ဝီစကီနှင့် ဆိုဒါ တွဲ၍သောက်ကြသည်၊ သို့ရာတွင် ဝီစကီနှင့် ဆိုဒါ ရောလိုက်ရုံနှင့် ဝီစကီသည် ဆိုဒါ ဖြစ်မသွား၊ ဆိုဒါသည် ဝီစကီ ဖြစ်မသွားပေ၊ ဝီစကီဆိုလျှင် ဆိုဒါမပါ၍ မဖြစ်ဟုပင် အချို့က ဆိုချင် ဆိုနိုင်၏။ သို့သော် ဝီစကီသည် ဆိုဒါမဟုတ်၊ ဆိုဒါသည် ဝီစကီ မဟုတ်ကြောင်းကို သူတို့ သိကြသည်။ ဆိုဒါမပါဘဲ ဝီစကီ သောက်၍ရသည်။ ဆိုဒါကိုလည်း သူ့ချည်းသောက် နိုင်သည်။ အခြားအရည်များနှင့်လည်းရော၍ သောက်နိုင် သည်။ တွဲလေ့ရှိရုံနှင့် အတူတူ မဖြစ်နိုင်ပေ။

'ထိုနည်းအတူပင် အချစ်နှင့် ကာမဂုဏ်စိတ်တို့သည် ပူးတွဲ၍ နေသော်လည်း တခြားစီ ဖြစ်၏။ အချစ်နှင့် ကာမဂုဏ်စိတ် ရောစပ်ရာ၌ ဝီစကီနှင့် ဆိုဒါရောသလို ဘယ်နှစ်ဆရောရမလဲဟု မေးဖို့မလိုခြင်း၌သာ ခြားနား၏။ ဝီစကီနှင့် ဆိုဒါရော၍ သောက်ပါများ၍ အရက်မူးသည့် အခါ၌ ဝီစကီနှင့်ဆိုဒါ အတူတူပဲဟု မူးမူးနှင့် ထင်ကောင်း ထင်မည်။ ထို့အတူပင် အချစ်စိတ်နှင့် ကာမဂုဏ်စိတ်များ၏ မွှန်နေသည့်အခါ နမူးနထိုင်းနှင့် အချစ်နှင့် ကာမဂုဏ် အတူတူပဲဟု ဆိုကောင်းဆိုပေမည်။



'အချို့သော စိတ်ပညာဆရာများက အချစ်စိတ်မပါသော ကာမဂုဏ်စိတ် ရှိသည်မှန်သော် ကာမဂုဏ်စိတ်မပါသော် အချစ်စိတ်မရှိနိုင်ဟု ဆုံးဖြတ်ကြသည်၊ ယင်းသို့ ဆုံးဖြတ်ခြင်းမှာ တရားခံကိုမစစ်ဆေးခင်က အပြစ်ရှိသည်ဟု စီရင်ချက်ချမှတ်ခြင်းနှင့် တူလှသည်။

'အချစ်စိတ်နှင့် ကာမဂုဏ်စိတ်တို့၌ တစ်ခုနှင့်တစ်ခု အဆက်အသွယ်ရှိသည်ကား မှန်၏။ သို့ရာတွင် ယင်းတို့သည် ပေါင်းကူးတံတားဆက်ထားသော သီးသန့်နယ်မြေနှစ်ကွက်ဖြစ်သည်ဟု ကျွန်ုပ် ယုံကြည်ပါသည်။

'ကျွန်ုပ်က ဥဒါဟရဏ် သဘောဖြင့် အများသုံးနေကြသော 'ဆား'ကို တင်ပြလိုသည်။

'ဆားသည် လူ့ဘဝ၌ အရေးပါ အရာရောက်သော ပစ္စည်းဖြစ်သည်။ လူ့သမိုင်းတစ်လျှောက်တွင် ဆားကို အမြတ်တနိုး ထားခဲ့ကြသည်။ ရှေးခေတ်က ဆား လက်ဆောင်ပေးခြင်းဖြင့် မိတ်ဖွဲ့လေ့ရှိသည်။ ဆားသည် မိတ်သဟာယ လက္ခဏာတစ်ရပ် ဖြစ်ခဲ့ပေသည်။ သိပ္ပံနည်းအားဖြင့် ဆားသည် ဆိုဒီယမ်ဆိုသော ဓာတ်နှင့် ကလိုရိုဒ် ဆိုသောဓာတ်၊ ထိုဓာတ်နှစ်ခု ပေါင်းစပ်ထားသော ပစ္စည်းဖြစ်သည်။ ဟိုက်စကူးကျောင်းသားတိုင်း ထိုအချက်ကို သိနားလည်သည်၊ ထိုဓာတ်နှစ်ခုပေါင်းလျှင် ဆားဖြစ်သော်လည်း ထိုဓာတ်နှစ်ခုကိုခွဲ၍ အခြားကိစ္စများတွင် အသုံးပြုနိုင်သည်။ ထိုဓာတ်နှစ်ခုမှာ သီးခြားဖြစ်သည်။ ဆိုဒီယမ်သည် ကလိုရိုဒ်မဟုတ်၊ ကလိုရိုဒ်သည် ဆိုဒီယမ် မဟုတ်။

'ထိုနည်းအတူ အချစ်စိတ်နှင့် ကာမဂုဏ်စိတ်တို့ကို ခွဲ၍ စိစစ်ကြည့်ကြရပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



'ကာမဂုဏ်စိတ်သည် ကိုယ်ကာယသွေးသား၏ တောင့်တ လိုလားချက်ပင် ဖြစ်သည်၊ ကိုယ်ကာယမှ ထွက်ပေါ်လာသဖြင့် ကိုယ်ကာယနှင့်အမြဲ တွဲ၍နေသော စိတ်ဆန္ဒဖြစ်၏၊ အစာရေစာ ငတ်မွတ်ခြင်းကဲ့သို့ ချစ်ချင်း တစ်ရပ်ပင် ဖြစ်သဖြင့် ကာမဆန္ဒဖြစ်လာလျှင် ကိုယ်ကာယ သွေးသား အပြောင်းအလဲများ ဖြစ်လာသည်။ ကာမဆန္ဒ (ကာမဂုဏ်စိတ်)ကို ဓာတုဗေဒနည်းဖြင့် တွက်ချက်ကြည့် လျှင် ဖြစ်နိုင်မည့် အခြေသို့ မကြာမီ ဆိုက်ရောက်နိုင်ဖွယ် ရှိသည်။ ကာမဆန္ဒကြောင့် သွေးကြောများ တင်း၍လာသည် ကို ဖြေဖျောက်လိုက်သည်နှင့် တစ်ပြိုင်နက် ကာမဆန္ဒ သည်လည်း ပျောက်ကွယ်သွားနိုင်သည်။ ကာမဆန္ဒ၌ ရည်စူးချက်မရှိပေ။ မည်သူမည်ဝါဟု မရည်စူးဘဲ ဇောင္ဇဗ္ဗ အာရုံ ရရှိလျှင် ကိစ္စပြီးနိုင်သည်။

'အချစ်စိတ်၌ကား ကာမဆန္ဒ၏ အရည်အချင်း၊ အခြေအနေများ တစ်ခုမျှ မပါရှိပေ။ ကျွန်ုပ်တို့ သိပ္ပံ ဆရာများက ချစ်စိတ်သည် နှလုံးသားတွင်ရှိသည်ဆိုသော လူအများ ထင်ကြေးကို လက်မခံဟု ဆိုသော်ငြားလည်း ချစ်စိတ် ဘယ်နေရာတွင် ရှိရမည်ဟုလည်း မဆိုနိုင်ကြပေ။ ချစ်စိတ်သည် ကိုယ်ကာယသွေးသား တောင့်တမှုကြောင့် ပေါ်ထွက်လာသည် မဟုတ်၍ ဖြေဖျောက်ရန် မဟုတ်ပေ။ သန်းပေါင်း များစွာသော လူသားတို့၌ ချစ်စိတ်မရှိပေ။ နှစ်ပေါင်း များစွာပင်လျှင် ယဉ်ကျေးမှု အဖြာဖြာတို့၌ ချစ်စိတ်ဟူသော စကားပင် မရှိခဲ့သည်ကို တွေ့ရသည်။ ကာမဆန္ဒကဲ့သို့ မည်သည့် ကိုယ်ခန္ဓာ အစိတ်အပိုင်း၌



မည်သို့သော အဆီအဖုမှ ထွက်လာသော အရည်ကြောင့် ပေါ်ထွက်လာသည်ဟု ချစ်စိတ်နှင့်ပတ်သက်၍ ဆို၍ မဖြစ်နိုင်ပေ။ ကာမဆန္ဒ၌ ရည်စူးချက်မရှိ၊ ချစ်စိတ်၌ ရည်စူးချက်အသေအချာ ရှိပေသည်။ ချစ်စိတ်သည် 'သူနှင့် ငါသာ'ဟူသော စိတ်မျိုးပင် ဖြစ်သည်။ သူတစ်ယောက် ကိုသာ ချစ်သည်။ အခြားသူတို့အပေါ် မစွန်းငြိဟူသော စိတ်ထား အရင်းခံသည်။

'ကာမဆန္ဒ၏ ရည်ရွယ်ချက်မှာ ကိုယ်ကာယ တင်းကျပ်မှု ပပျောက်ရန် ဖြစ်သည်၊ အချစ်၌ကား စိတ်၏ တင်းကျပ်မှု သက်သာခွင့် ရရန်သာ ရည်ရွယ်ချက်ရှိ၏၊ ရည်ရွယ်ချက်နှစ်ခု ကွာခြားလှသည်။ ကာမဆန္ဒမှာ ဖြေဖျောက်ရန်ကို ရည်ရွယ်သည်။ အချစ်သည် စိတ် ချမ်းသာမှုကို ရည်ရွယ်သည်။

'ကာမဆန္ဒသည် လူ၌သာမဟုတ်၊ တိရစ္ဆာန်၌လည်း ရှိ၏၊ အချစ်စိတ်မှာကား ယဉ်ကျေးမှုစိတ်ဓာတ် ရင့်သန်ရာမှ ပေါ်ထွက်လာသော စိတ်ဖြစ်သည်။ လူတိုင်း၌ပင် ချစ်စိတ် မရှိပေ၊ ကာမဆန္ဒသည် အချိန်ကိုလိုက်၍ အတက်အကျ ရှိ၏၊ အချစ်စိတ်၌ကား ဤသို့မဟုတ်၊ တစ်သမတ်တည်း ရှိနေသည်။ ကာမစိတ်ကို မည်သူနှင့်မဆို ဖြေဖျောက်ရန် ဝန်မလေး၊ ဂရုမထား။ ချစ်စိတ်၌ကား 'သူတစ်ယောက် တည်းသာ'ဟူသော သဘောထား အမြဲတမ်း ရှိသည်။

'ကာမဆန္ဒ ဖြေဖျောက်ပြီးသည့်နောက် ဖြေဖျောက် ရာတွင် အသုံးပြုခြင်း ခံရသော ပုဂ္ဂိုလ်ကို ကာမဆန္ဒရှင်က စိတ်မဝင်စားတော့၊ ငြီးငွေ့လာသည်။ မုန်း၍ပင် သွားချေ

www.burmeseclassic.com

www.burmeseclassic.com



သေး၏။ ချစ်စိတ်၌ကား ဤသို့မဟုတ်၊ ချစ်သူက အချစ်ခံရသူကို ဘယ်သောအခါမျှ မမုန်းမမေ့ မငြီးငွေ့ပေ။ စွဲမြဲလှစွာ၏။ ကာမဆန္ဒ ဖြေဖျောက်ရာတွင် အသုံးခံရသူ၌ စွဲမက်စရာ ကိုယ်ကာယအခြေအနေ ရှိမှသာလျှင် တစ်ဖက်သားတွင် ကာမဆန္ဒ ပေါ်ပေါက်လာသည်။ အချစ်ခံရသူ၌မူ ယင်းကိုယ်ကာယနှင့် ပတ်သက်သည့် မက်လုံးများ ရှိဖို့မလို။ ချစ်သူက အချစ်ခံရသူတွင် ကြည်ညိုလေးစားအပ်သော စိတ်ဓာတ် အရည်အချင်းကိုမြင်၍ ချစ်ခြင်းဖြစ်သည်။ ထိုစိတ်ဓာတ် အရည်အချင်းကို မြတ်နိုးရာမှ ချစ်စိတ်ပေါ်ထွန်းလာလေရာ ကာမဆန္ဒကဲ့သို့ ဖြေဖျောက်စရာ အကြောင်းလုံးဝမရှိ။ အကယ်၍ ချစ်စိတ်နှင့် ကာမဂုဏ်စိတ် ပူးတွဲ၍ တစ်ယောက်သောသူအပေါ်တွင် ထားရှိစေကာမူ ထိုသူ၌ ကာမဂုဏ်အတွက် မက်လုံးများနှင့် စိတ်ဓာတ် အရည်အချင်းတို့ကို ခွဲခြား၍ မြင်နိုင်သည်။ တစ်နည်းဆိုရသော် တစ်ယောက်သောသူကို ချစ်စိတ်နှင့်ချစ်၍ ကာမဂုဏ်စိတ်နှင့် လိုလားနေပါမူလည်း ထိုသူ၏ ကိုယ်ကာယ အခြေအနေကို စွဲမက်သည်နှင့်အမျှ စိတ်ဓာတ်ကို မြတ်နိုးစွဲမြဲပေလိမ့်မည်။ ကာမဂုဏ်စိတ်က ကာမဂုဏ်ပျော်မွေ့မှုကို ရှာသည်။ ချစ်စိတ်က စိတ်ချမ်းသာမှုကို ရှာသည်။

'ကာမဆန္ဒမှာ တစ်ကိုယ်ကောင်းစိတ် ဖြစ်သည်။ ဖြေဖျော်ရလျှင် ပြီးရောဟု သဘောထားကာ အရယူသည်။ ချစ်စိတ်မှာမူ ယူလိုသောစိတ် မဟုတ်၊ ပေးသောစိတ်ဖြစ်သည်။ ချစ်သူက မိမိအဖို့ ဘာမျှ မလိုချင်။ အချစ်ခံရ



သူအား မိမိ၌ ရှိသမျှကိုသာ ပေးချင်သည်။ အချစ်ခံရသူ စိတ်ချမ်းသာလျှင် မိမိကလိုက်၍ စိတ်ချမ်းသာသည်။ တစ်ကိုယ်ကောင်းစိတ်ရှိလျှင် ချစ်စိတ်အစစ် မရှိနိုင်။ အချစ်ခံရသူ၏ ကောင်းစားရေးကိုသာ အမြဲတစေ လိုလား၏။ အချစ်ခံရသူနှင့် ကွေကွင်းနေရလျှင် စိတ်ဆင်းရဲ၏။ အချစ်ခံရသူကို ပြုစုယုယနေရလျှင် ပင်ပန်းသည်ဟူ၍ မရှိ။ စိတ်ချမ်းသာ၍သာ နေလေသည်။ ကာမဆန္ဒ၌ကား ယင်းသို့မဟုတ်။ ဖြေဖျောက်ပြီးသည့်နောက် အဖျော်ဖြေခံ ပုဂ္ဂိုလ် မရှိတော့လျှင်လည်း ဝမ်းမနည်း။ အချို့သူတို့က ကာမကိစ္စပြီးသည်နှင့် တစ်ပြိုင်နက် တစ်ယောက်တည်း အေးအေးဆေးဆေး နေချင်သည်ဟု ဆိုကြသည်။ မိမိတို့၏ ကာမဖော်အနီးသို့ပင် မကပ်ချင်ကြတော့ချေ။ 'မိန်းမတွေဟာ ကြယ်တွေလို ညမှာပေါ်ပြီး မနက်ပျောက်သွားရင် ကောင်းမှာပဲ'ဟု ယောကျ်ားတစ်ယောက်က ဆိုဖူးသည်။ ချစ်စိတ်၌ ပစ်ချင်သောဆန္ဒ လုံးဝမရှိ။

ကာမဆန္ဒသည် ကိုယ်ကာယကို အပိုင်စီးလိုသည်။ အချစ်သည် အချစ်ခံရသူ၏ ဘဝကို ကောင်းမွန်သာယာလာအောင် ဖန်တီးရန် ကြိုးပမ်းလိုသည်။ ကာမဆန္ဒရှင်သည် မိမိ၏ ကာမအဖော်၌ ပေါ်ပေါက်လာသော ဝေဒနာကို ကိုယ်ချင်းစာတရားဖြင့် ကူညီခံစားသည်ဟူ၍ မရှိ။ အချစ်ရှင်သည်ကား ဤသို့မဟုတ်။ သူ့စိတ်ကို အချစ်ခံရသူအား လုံးဝပုံ၍ ပေးထားသဖြင့် အချစ်ခံရသူ၏ စိတ်ဆင်းရဲမှု စိတ်ချမ်းသာမှုတို့ကို ဝေမျှ ခံစားပေသည်။ တစ်ယောက်သောသူကို ကာမကိစ္စ၌ အတင်းတွန်း၍

www.burmeseclassic.com

www.burmeseclassic.com



ပြုစေနိုင်သော်ငြားလည်း အချစ်ကိစ္စတွင် အတင်းချစ်ခိုင်း၍ မရပေ။ အချစ်၌ အချိန်ကာလ အပိုင်းအခြားမရှိ။ အချိန် ရှည်ကြာ၍ ငြီးငွေ့သည်ဟူ၍ မရှိ။ ခွဲရကာနီးကျမှ အချိန်ကာလ၏ အဓိပ္ပာယ်ကို သိကြလေတော့သည်။

'ကာမဆန္ဒသည် ဆန္ဒ ဖြစ်သည်၊ ချစ်စိတ်သည် စေတနာ ဖြစ်သည်၊ ကာမဆန္ဒမပေါ်ခင် ချစ်စိတ် ပေါ်နိုင်သည်၊ ကာမဆန္ဒ ကုန်ခန်းသွားသော်လည်း ချစ်စိတ်မှာ လျော့ပါးခန်းခြောက်ခြင်း မရှိဘဲ တည်မြဲတိုင်း တည်မြဲနေပေသည်။ ကာမဆန္ဒ၏ အထွတ်အထိပ်သည် ကျေနပ်ခြင်း ဖြစ်သည်။ ချစ်စိတ်တွင် အထွတ်အထိပ်သည်ကား ကြည်နူးခြင်း ဖြစ်ပေ၏'

အထက်တွင်ပေးထားသော ကောက်နုတ်ချက်များကို ထပ်၍ ထပ်၍ ဖတ်ရှုလေ့လာပါမူ အချစ်နှင့် အကြိုက် (သို့မဟုတ် မေတ္တာစိတ်နှင့် ကာမဂုဏ်စိတ်)တို့၏ သဘောတရားများ မည်မျှကွာခြားကြောင်း တွေ့မြင်လာနိုင်ဖွယ် ရှိပါသည်။

အချစ်နှင့်အကြိုက်ကို ခွဲခြားမှု မလိုလားသူအချို့ကို တွေ့ရပါသည်။ ဘယ်လိုပင်ပြောပြော မထူးပါဘူးဟုချည်း ဆိုကြပါသည်။ အထက်ပါဘာသာပြန် ကောက်နုတ်ချက် တွင် ဖော်ပြသည့်အတိုင်းပင် အချစ်နှင့်အကြိုက် တွဲဖက် လျက် ရှိနိုင်ပါ၏။ သို့သော် တွဲဖက်ခြင်းနှင့် တူညီခြင်းတို့ကို ခွဲခြားသိဖို့ လိုပါသည်။ ယဉ်ကျေးမှုအဆင့်အတန်း တိုးတက် လာသည်နှင့်အမျှ အချစ်ဆိုသောတရား ထွန်းကားလာပေ မည်။



အချစ်သည် စင်စစ်အားဖြင့် အနုပညာစိတ်နှင့် ယှဉ်သည်။ လူတိုင်း၌ အနုပညာစိတ် အနည်းနှင့်အများ ဆိုသလို ရှိ၏။ သို့သော် အနုပညာစိတ်ကို ရင့်သန်လာ အောင် ပြုစုရသည်။ ချစ်စိတ်သည် အနုပညာစိတ် ရှိသူတို့၌သာလျှင် ပေါ်ထွန်းလေ့ရှိရာ အနုပညာသမား များ၏ အချစ်ဇာတ်လမ်းတို့သည် များသောအားဖြင့် ထူးကဲလှပေသည်။ အစဉ်းစား အဆင်ခြင် နည်းပါးလှသော လူသာမန်တို့က အနုပညာသမားများ၏ အချစ်ဇာတ်လမ်း များကို ကြည့်ကာ အနုပညာသမားများသည် စာရိတ္တပျက် သည်ဟု ဆိုချင်ကြသည်။ စင်စစ်သော်ကား အနုပညာသမား သည် သာမန်လူတို့အဖို့ အရေးကြီးလှသည်ဆိုသော ထုံးစံ ဓလေ့ အယူအဆတို့ကို အရေးမထားဘဲ သဘာဝကပေး သော လွတ်လပ်မှုကို မြတ်နိုးလေးစားသည့် အလျောက် လွတ်လပ်စွာ နေထိုင်၍ ရဲဝံ့စွာ ရိုးသားစွာ ပြုမူတတ် ကြသည်။ ထိုနေထိုင်ပြုမူမှုကိုပင် သာမန်လူသားများက စာရိတ္တပျက်သည်ဟု ခေါ်ဆိုနေကြသည်။

စိတ်ကူးဉာဏ်မှ ပေါက်ဖွားသော အချစ်စစ် (True Romantic Love) အကြောင်းကို ယခင်က ရေးခဲ့လေရာ တချို့က ဖောက်ပြန်သည်ဟုပင် စွပ်စွဲကြ၏။ စင်စစ် သော်ကား အရင်းခံတရားဖြစ်သော အချစ်စစ်အကြောင်းနှင့် စပ်လျဉ်းသည့် ကျွန်တော် ဆည်းပူးထားသော ပညာ ဗဟုသုတကို တတ်အားသမျှ ဖြန့်ဖြူးသွားပါမည်။ ယင်းသို့ ဖြန့်ဖြူးရာ၌ တတ်နိုင်သမျှ ရှင်းလင်းပြတ်သားစွာ ဖော်ပြ ပါမည်။ စွပ်စွဲကဲ့ရဲ့လိုသူတို့ထက် ပညာရှာလိုသူတို့ကို ထောက်ထားရမည်မှာ စာရေးဆရာတစ်ဦး၏ တာဝန်သာ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

## ဖောက်ပြန်တယ်ဆိုတာဟာ

'ဆရာ၊ အချစ်နဲ့အကြိုက်အကြောင်း ထပ်ရေးပါဦး ဆရာ၊ ကျွန်တော်တော့ ဒီအကြောင်းတွေကို ရဲရဲဝံ့ဝံ့ တင်ပြဆွေးနွေးဖို့ အများကြီးလိုတယ်လို့တင်တယ်'

ဤစကားမှာ ရှမဝဦးကျော်၏ နှုတ်ထွက်စကားတစ်ရပ် ဖြစ်သည်။ ဦးကျော်သည် ကျွန်တော်ရေးသော အချစ်အကြိုက်ပြဿနာ ဆောင်းပါးများကို ကျွန်တော်၏ 'အညတရ ဘဝရှုခင်း' အခန်းမှ ထည့်ပေးရုံသာမက နှစ်သက်၍ မကြာခဏ တိုက်တွန်းပေးသေးသည်။

ထိုဆောင်းပါးများကို ကျွန်တော် နိုင်ငံခြားဒေသသို့ အလည်အပတ် မထွက်ခင်က ရေးခဲ့သည်။ ပြန်ရောက်လာကတည်းက ကျွန်တော့်၌ အခြားကိစ္စများ တွေ့လျက်ရှိသောကြောင့် အချစ်အကြိုက် ဋီကာဖွင့်ရန် အချိန်မရခဲ့ပါ။ ကျွန်တော်သည် ထိုဋီကာဖွင့်သည်ဆိုသော်လည်း ကျွန်တော့်၌ ထိုပညာ မပြည့်စုံပါ။ ကမ္ဘာကျော်စိတ်ပညာ ဆရာကြီး



များ၏ စာအုပ်များကို ဖတ်ရှုလေ့လာ မှတ်သားပြီးနောက် မြန်မာ ပရိသတ်များအား ဖောက်သည်ချပေးရုံသာ တတ်နိုင်ပါသည်။ ဖောက်သည်ချပေးရာ၌ ပရိသတ်နားရှင်းအောင် ရေးပြနိုင်ပါမည်လားဟုပင် သံသယဖြစ်မိပါသေးသည်။ သို့သော် ကျွန်တော် တတ်အားသမျှ ကြိုးပမ်းပါမည်။

ယခင်က ကျွန်တော်ရေးခဲ့သော အချစ်အကြိုက် ပြဿနာ ဆောင်းပါးများ၌ အရင်းခံသဘောတရားများ ဖော်ပြတန်သလောက် ဖော်ပြပြီးပါပြီ။ ယခု ဆက်လက်၍ အနောက်တိုင်း စိတ်ပညာဆရာကြီး သီအိုဒိုရိုက်ခ်၏ အာဘော်ကို ဖော်ပြပါမည်။ သူ့အာဘော်ကို ဖော်ပြမည်ဆိုသော်လည်း ကျမ်းဂန်မှ တိုက်ရိုက်အလျားလိုက် ဘာသာပြန်ပေးမည်ဟု မဆိုလိုပါ။ ကျွန်တော်နှင့် ဆွေးနွေးသူအချို့တို့က ယူလာသော မေးခွန်းပြဿနာများကို ဖြေရှင်းရာတွင် သီအိုဒိုရိုက်ခ်၏ အာဘော်ကို အခြေပြုရမည်ဟု ဆိုလိုပါသည်။

သီအိုဒိုရိုက်ခ် အကြောင်းကို သိသူ နည်းကောင်းနည်းပေမည်။ အင်္ဂလိပ်စာတတ်များထဲ၌ပင် သိသူရှားပေမည်။ အများသိကြသည်မှာ ဇာဂမန်း ဖရွိုက်ဖြစ်သည်။ ဖရွိုက်သည် စိတ်ပညာဆရာများတွင် အလွန်ကျော်စောသော ပုဂ္ဂိုလ်ဖြစ်သည်။ သူ ဖော်ပြသော 'အတွင်းစိတ်ဓာတ်သဘာဝ' အကြောင်းကို ပညာတတ် ပရိသတ်က စွဲလမ်းနှစ်သက်ကြသည်။ သူ့တင်ပြချက်ကို အကြမ်းဖျင်း၍ ဖော်ပြရပါမူ လူတို့သည် ပြုမူပြောဆို လုပ်ကိုင်နေကြရာဝယ် အချို့သော အပြုအမူအပြောအဆိုတို့မှာ သာမန်အမြင်

www.burmeseclassic.com

www.burmeseclassic.com



အားဖြင့် အကြောင်းအကျိုး ဆက်စပ်၍ မရနိုင်လောက်အောင် ထူးဆန်းနေတတ်သည်။ ယင်းအပြုအမူများမှာ ပြုမူသူ ကာယကံရှင် ကိုယ်တိုင်ပင် မသိနိုင်စွမ်းသော ယင်း၏ အတွင်းသန္တာန်၌ နစ်မြုပ်နေသော စိတ်ဓာတ်ကလေး၏ ပယောဂ ပါရှိသည်ဟူသော အဆိုပင် ဖြစ်သည်။

ဖရွိုက်၏ ဝါဒကိုလက်ခံသူအများရှိသည်။ လက်မခံသူ ဟူ၍ မရှိသလောက်ပင် နည်းလှ၏။ သို့သော် ဖရွိုက်ဖော်ပြသော အချက်အလက်အချို့ကို လက်မခံဘဲ ကန့်ကွက်ကာ မိမိတို့၏ ယူဆချက်တို့ကို တင်ပြသောပုဂ္ဂိုလ်ရှိပေသေးသည်။ သီအိုဒိုရိုက်ခ်မှာ ဖရွိုက်၏ တပည့်ရင်းတစ်ဦး ဖြစ်သည်။ ရိုက်ခ်သည် ဖရွိုက်အား ထူးခြားသော ပညာရှင်တစ်ဦးအဖြစ် ကိုးကွယ်ပါ၏။ သို့သော် ဖရွိုက်၏ လိင်ကိစ္စ အယူအဆများကိုမူ ကန့်ကွက်လေသည်၊

ဖရွိုက်အလိုအားဖြင့် အချစ်စိတ်သည် ကာမဂုဏ်စိတ်ပင် ဖြစ်သည်။ အတားအဆီး အချုပ်အချယ်ပြုထားသော လိင်စိတ်မျှသာဖြစ်သည်ဟု ဖရွိုက်က ဆိုခဲ့သည်။ ထိုအဆိုကို ရိုက်ခ်က ကန့်ကွက်သည်။ ရိုက်ခ်က အချစ်စိတ်နှင့် လိင်စိတ်တို့မှာ ဆီနှင့် ရေ ကွာခြားသကဲ့သို့ ကွာခြားကြောင်း ရှင်းလင်းပြောပြသည်။ ရိုက်ခ်၏ ရှင်းလင်းဖော်ပြချက်များကို ကျမ်းဂန်စာအုပ်များ ထုတ်၍ထားလေသည်။ အင်္ဂလိပ်လို (Sex and Love) မြန်မာလို လိင်စိတ်နှင့် အချစ်စိတ် (သို့မဟုတ်ပါမူ) ကာမစိတ်နှင့် မေတ္တာစိတ်တို့ ကွာခြားပုံတို့ကို ရိုက်ခ်က ရှင်းရှင်းကြီးဖော်ပြလိုက်သည်။ ထိုဖော်ပြချက်၏ ကောက်နုတ်ချက်



ကို ကျွန်တော်၏ 'အချစ်ပြဿနာ အဖြာဖြာ' အညတရဆောင်းပါးတွင် ထည့်သွင်းပေးခဲ့ပြီးပါပြီ။

'ဆရာ ယောကျ်ားတွေဟာ အတွေ့ကျတော့ မရှောင်နိုင်ကြပါဘူး'

ဟု တစ်ယောက်သော တပည့်က သေချာသည့် သဘောမျိုးနှင့် ဆိုလိုက်သည်။

စာဒကတက်စရာမလိုသည့် မှန်ကန်လှသောအချက်တစ်ရပ် အနေဖြင့် ဆိုလိုက်ခြင်း ဖြစ်သည်။

'အဲဒါဟာ မှန်သင့်သလောက် မှန်ပါတယ်၊ ဒါပေမယ့် ယောကျ်ားတွေ အားလုံးဟာ အတွေ့မရှောင်နိုင်ဘူးလို့ မဆိုသာဘူး၊ ရှောင်နိုင်တယ်ဆိုတာ ရဟန္တာရှင် ဖြစ်ရမယ်၊ ဒါမှမဟုတ်ရင်လဲ နွားရင်ဖြစ်ရမယ်ဆိုတဲ့ စကားလဲ မမှန်လှသေးဘူးကွယ့်၊ ရဟန္တာမဟုတ်၊ နွားလဲမဟုတ်ဘဲ ပုထုဇဉ်ဖြစ်ပါလျက်နှင့် အတွေ့ရှောင်နိုင်တာတွေလဲ ရှိသေးတယ်၊ စင်စစ်တော့ စိတ်ပါပဲကွယ်၊ အထူးသဖြင့် ဆင်ခြင်တုံတရားရှိတဲ့လူ၊ အတွေးအခေါ် အမြော်အမြင်ကြီးတဲ့လူ၊ အင်္ဂလိပ်လိုတော့ Intellectual ပေါ့ကွာ၊ အဲဒီလူမျိုးဟာ အတွေ့ကို ရှောင်နိုင်တဲ့အခါ ရှောင်နိုင်တယ်၊ အချစ်ရဲ့ သဘောတရားကို ကောင်းကောင်းကြီး နားလည်တဲ့လူလို့ ဆိုပါတော့ကွာ၊ ကာမဂုဏ်ကိစ္စမှာ ချဉ်ချဉ်တူးတူး မူးရင်ပြီးရောဆိုတဲ့ လူမျိုးလိုတော့ လစ်တိုင်းဆွဲ၊ ကြုံတိုင်းဖြစ် ဆိုတာလို မဖြစ်နိုင်ဘူးကွယ့်။

'ဒါဖြင့် အဲဒီလိုလူမျိုးမှာ ကာမဂုဏ်စိတ် မရှိတော့ ဘူးလားလို့ မေးမှာလား၊ မေးစရာ မလိုပါဘူး၊ သူ့မှာလဲ

www.burmeseclassic.com

www.burmeseclassic.com



သူများနည်းတူရှိတာပေါ့၊ ဒါပေမယ့် သူက ရွေးတယ်၊ ချဉ်ချဉ်တူးတူး မူးပြီးရော သဘောမျိုးရှိတာ မဟုတ်ဘူး၊ သူ့ရင်ထဲမှာ စွဲနေတဲ့သူနဲ့ တွေ့ရင်တော့ သူလဲ ကာမဘောင် အတွင်းကလူမို့ အထူးပြောစရာ မလိုပါဘူးလေ၊ အဲမှတ်ဖို့ တော့ သူက ရွေးတယ်၊ ဥပမာ ဆာတဲ့နှစ်ယောက်လိုပေါ့၊ တစ်ယောက်ကတော့ အစာဆိုရင် ဘာပဲဖြစ်ဖြစ် တွေ့ရာ စားတတ်တယ်၊ တစ်ယောက်ကတော့ ဆာပေမယ့် ကိုယ် ကြိုက်တဲ့ အစာကိုမှ စားတယ်'

'ဒါဖြင့် ဆရာ၊ သူလဲ ဆာလွန်းနေရင်ကော ရရာ မစားတော့ဘူးလား'

'ဆာလွန်းလို့ ရရာစားဖြစ်ချင်လဲ စားဖြစ်မယ်၊ ဒါပေမယ့် မစားဖြစ်အောင် ကြည့်ပြီးနေတာက ပိုများမယ်၊ နောက်ဆုံး သူ မကြိုက်တာ စားမယ့်အစား ရေဖြစ်ဖြစ် သောက်ပြီး နေလိုက်မယ်၊ ရှင်းအောင်ပြောရမလား၊ သူ မကြိုက်တာကို မလုပ်ဘဲ တော်သလို ရော်သလို ကြည့်နေ လိုက်တယ်၊ ပြီးတော့လဲ အစားမစားရတာနဲ့တော့ လုံးဝ မတူလှဘူး၊ လူဟာ အစားမစားဘဲ နေလို့မဖြစ်ဘူး၊ ဒါပေမယ့် ကာမဂုဏ်မခံစားဘဲ နေလို့ဖြစ်တယ်၊ အစာ မစားရရင် သေနိုင်တယ်၊ ကာမဂုဏ် မခံစားဘဲနေလို့ တော့ မသေဘူး'

'အဲဒါတော့ ဟုတ်သားပဲ'

'ဘာ ဟုတ်သားပဲရမှာလဲ၊ ဟုတ်ပါတယ်၊ ဥပမာ စစ်သားတွေ စစ်တိုက်နေတုန်းမှာ ကာမဂုဏ်ဆာကြလို့ အကြီးအကျယ် မုဒိမ်းကျင့်ကြတယ်ဆိုပါတော့၊ အတွေး



အခေါ်ကောင်းတဲ့ စစ်သား (အကြမ်းဖျင်း ပြောရရင် အနုပညာစိတ်ရှိတဲ့ စစ်သားဆိုပါတော့) အဲဒီစစ်သားမျိုး ကတော့ အဲဒီလို မုဒိမ်းကျင့်မှုမျိုးကို ရှောင်တတ်ကြတယ်၊ တစ်နည်း ဥပမာပေးရရင် လူယဉ်နဲ့ လူရိုင်း အစား အသောက် စားကြသလိုပေါ့၊ လူရိုင်းကတော့ အစားကို အစိမ်းလိုက် ဖဲ့ရွဲ့ပြီး ပလုတ်ပလောင်းစားပစ်လိုက်တယ်၊ လူယဉ်ကတော့ ချက်ပြုတ်ပြီး အဆာဖြူးပြီးမှ လှလှပပ လုပ်ပြီး ဣန္ဒြေရရ စားတယ်၊ ဒါကြောင့်ပေါ့၊ ချစ်စိတ် ဆိုတာ လူတိုင်းမှာ မရှိနိုင်ဘူး၊ ကာမစိတ်တော့ လူတိုင်းမှာ ရှိတယ်၊ အချစ်ဆိုတာကို ရှေးကျတဲ့ လူ့သမိုင်းမှာ မတွေ့ ရဘူး၊ ယဉ်ကျေးမှုတိုးတက်လာမှ ပေါ်လာတယ်၊ ပေါ်လာ ပြန်တော့လဲ အလှဓာတ်ကို မြင်တတ် မြတ်နိုးတတ်တဲ့ လူမျိုးမှာမှ အချစ်စိတ် ဖွံ့ဖြိုးတယ်'

'အလှဓာတ်ဆိုတာ ဘာလဲ ဆရာ'

'အလှဓာတ်ဆိုတာ စိတ်ကူးယဉ်အနုအရင့်လိုက်ပြီး ဖွံ့ဖြိုးတဲ့ ကြည်နူးစိတ်မှာ ထင်မြင်လာတာကလေးပဲ၊ တစ်ခါ ကလဲ ပြောဖူးသေးသလား မမှတ်မိတော့ပါဘူး၊ လှတယ် ဆိုတာ ဘာလဲ၊ အပေါ်ယံမျက်နှာပန်း အဆင်ပြေ အချိုးကျနေတာကိုပဲ လှတယ်လို့ဆိုနေကြတယ်၊ ဥမ္မာဒန္တီ၊ ပပဝတီတို့လို အလှမျိုးရယ်၊ ခုခေတ်ဆိုရင် ရုပ်ရှင်မင်းသမီး တွေ မယ်မြန်မာတို့လို အမျိုးသမီးတွေရယ် ဆိုတာတွေကို လှတယ်လို့ ပြောနေကြတယ်၊ တကယ်ဆိုတော့ ဒါတွေဟာ ပြည်သူပိုင် အလှတွေပါပဲ၊ ကိုယ်ပိုင်အလှကတော့ လူတိုင်းမှာ ကိုယ်စီကိုယ်င ရှိကြပါတယ်၊ အဲဒီနေရာမှာ စိတ်ကူးဉာဏ်

www.burmeseclassic.com

www.burmeseclassic.com



အနုအရင့်လိုက်ပြီး စိတ်ကူး နုသူကတော့ အပေါ်ယံ အဆင်ပြေ အချိုးကျမှုကို ပဓာနပြုပြီး အလှကို ဆုံးဖြတ်တယ်၊ စိတ်ကူးရင့်သန်သူအဖို့ အဲဒီ အပေါ်ယံ အလှတွေကို မျက်နှာလွှဲပြီး သူ့အလှ သူရှာတတ်တယ်၊ ပမာဆိုပါတော့ လူအများက အရုပ်ဆိုးတယ်လို့ဆိုကြတဲ့ ဟာမကလေးတွေကိုပဲ (ကိုအံ့ကြီးရဲ့ 'ပန်းပုသူဓာ' ထဲကလို) ကိုယ်ထင်ရာ အမွှန်းတင် သူပဲ အလှဘုရင်လို့ ဆုံးဖြတ်တတ်ပေတယ်၊ လူအများက 'ဟင် နဖူးကလဲမောက်၊ နှာယောင်ကလဲ ကောက်' လို့ အပြစ်ဆို ကဲ့ရဲ့ကြပေမယ့် အနုပညာ စိတ်ကလေး ရှိတဲ့လူကတော့ နဖူးမောက်နဲ့နှာယောင်ကောက်ကလေးဟာ ချစ်စရာကလေးပဲလို့ စွဲမြဲမှတ်ထင်ပေလိမ့်မယ်။

'ပြောလက်စနဲ့ ဆက်ပြောလိုက်ရဦးမယ်၊ အင်္ဂလန်မှာ နာမည်ကြီးတဲ့ ဆာလောရင့် အော်လီဗီယားဆိုတဲ့ ဓာတ်မင်းသားကြီးဟာ အသက် ငါးဆယ့်သုံးနှစ်ရှိခါမှ သူနဲ့ တွဲကတဲ့ ဂျုံးပလောင်းမင်းဆိုတဲ့ ဓာတ်မင်းသမီးကလေးကို ချစ်တာနဲ့သူ့ဇနီး နာမည်ကျော် ရုပ်ရှင်မင်းသမီး ဗီဗီယံလေးကို ကွာရှင်းပြီး ယူလိုက်တယ်၊ ကောင်မလေးက သူ့ထက် အသက်အစိတ်ငယ်တယ်၊ ဆရာလဲ ဂျုံးရဲ့ ဓာတ်ပုံကို သေသေချာချာကြည့်မိပါတယ်၊ ကောင်မလေးက တခြားလူတွေအဖို့ ရုပ်မချောပါဘူး၊ နဖူးမောက်မောက်နဲ့ အင်္ဂလိပ်လို Sunb-nose လို့ ခေါ်တဲ့ နှာခေါင်း လန်တန်တန်ကလေးပဲ၊ ဆာလောရင့် အော်လီဗီယားဟာ သူ့ထက်အများကြီးလှတဲ့ ဓာတ်မင်းသမီးတွေနဲ့ ဓာတ်ခုံပေါ်မှာရော၊ ရုပ်ရှင်ထဲမှာရော တွဲခဲ့ရပေါင်း များခဲ့လှပြီပေါ့၊ ဒါပေမယ့် အဲဒီ ဂျုံးကလေးကိုမှ လှတယ်လို့ စွဲမှတ်တယ်။



'သူမြင်တဲ့အလှဟာလဲ တခြားလူတွေမြင်တဲ့ အလှမျိုးလို ရုပ်ရည်မှာတည်နေတာ မဟုတ်ဘူး၊ ဂျုံးရဲ့ သွက်လက်ပုံ၊ အကင်းပါးပုံ၊ အနုပညာကို လေးစားပုံတို့က ထွက်ပြူလာတဲ့စိတ်ဓာတ်ရဲ့ အလှဖြစ်တယ်လို့ သူကိုယ်တိုင်က ဖွင့်ပြောတယ်၊ အခုတော့ သူဟာ ဂျုံးပလောင်းမင်းနဲ့ အတူနေတယ်၊ ကလေးတောင်ရနေပြီ'

'ဆရာ၊ ဒီလိုဆိုရင် ဆရာပြောတဲ့ Intellectual ဖြစ်တဲ့ လူဟာ အလေလိုက်တာတွေမျိုး ကင်းသလား'

'ဩော် ဒါကို ဘယ်ပြောနိုင်မလဲ၊ ကင်းချင်ကင်းမယ်၊ မကင်းချင်လဲနေမယ်၊ ဒါပေမယ့် များသောအားဖြင့်တော့ ကင်းပေလိမ့်မယ်၊ သက်သက်မဲ့ ရွတ်တဲ့သဘောနဲ့ လုပ်တာတွေလဲ ရှိချင်ရှိမှာပေါ့၊ ဒီလိုလူမျိုးတွေဟာ တရှုံးထိုးလုပ်တော့ လုပ်တတ်တယ်၊ အနုပညာသမားတွေလဲ ရွတ်တိရွတ်ထိုး လုပ်တတ်တာပဲ၊ အဆင်ခြင်ကြီးတဲ့ လူကတော့ ထိန်းသိမ်းမှုမှာ သာပေမယ်ပေါ့။

'ထိန်းသိမ်းမှုဆိုတာဟာလဲ အခက်သားပဲ၊ စိတ်ဝင်စားခြင်းဆိုတဲ့ အကြောင်းတရားက အများကြီး သြဇာပေးတယ်၊ ဆင်ခြင်ခြင်းဆိုတဲ့အကြောင်းတရားကလဲ ဝင်ပြီး သြဇာပေးသေးတယ်၊ ဥပမာ လူတစ်ယောက်ဟာ မိန်းမတစ်ယောက်နဲ့ ဆိတ်ကွယ်ရာအရပ်မှာ တွေ့ကြပြီဆိုပါတော့၊ အဲဒီလူဟာ ဖောက်ပြန်ရမယ်လို့ တစ်ထစ်ချမပြောနိုင်ဘူး၊ သူ့ရဲ့ ဆင်ခြင်ခြင်းက တားဆီးလိုက်ရင် ဖောက်ပြန်မှုဖြစ်နိုင်ဖို့ အင်မတန် ခဲယဉ်းသွားမယ်၊ စိတ်ဝင်စားခြင်းက တိုက်တွန်းပေမယ့် ဆင်ခြင်ခြင်းက တားဆီးပေလိမ့်မယ်၊

www.burmeseclassic.com

www.burmeseclassic.com



အဲဒီမှာ အားပြိုင်ကြရမှာပေါ့၊ အားများတဲ့ဘက်က နိုင်မယ်၊ ဥပမာ သူချစ်ကြိုက်နှစ်သက်နေတဲ့ မိန်းမဆိုရင် သူ ဆင်ခြင်ခြင်း အင်အားနည်းပြီး ဖောက်ပြန်တာမျိုး ဖြစ်နိုင်တယ်၊ တစ်ခါ စိတ်ဝင်စားမှုမှာလဲ အနုအရင့် ရှိသေးတယ်၊ ချစ်ခင်ရုံတင်မကဘူး၊ မြတ်နိုးတယ်ဆိုရင် ဖောက်ပြန်ဖို့ ခဲယဉ်းပေမယ့် တစ်ထစ်ချ ပြောလို့မရတဲ့ ကိစ္စမို့ ယောကျ်ားတွေဟာ လစ်ရင်ဆွဲမှာပဲ၊ ကြုံရင်ဖြစ်မှာပဲလို့တော့ ပိုင်ပိုင်နိုင်နိုင်ကြီး မပြောသာဘူး။

'ဆိုကြပါစို့ဗျာ၊ အလှစိတ် ပိုကဲတဲ့ လူအဖို့မှာ ပြည့်တန်ဆာမကို ရွံရှာတယ်၊ ရွံတော့ ဖောက်ပြန်ချင်တဲ့စိတ် ပေါ်ဖို့ ခဲယဉ်းတယ်၊ ပမာဆိုကြပါစို့၊ လူတစ်ယောက်ဟာ သူကြိုက်တတ်တဲ့ အစာပဲဆိုပါတော့၊ ပန်းကန်မှာ သန့်သန့်ပြန့်ပြန့်သာဆိုရင် သူယူစားတော့မှာ အမှန်ပဲ၊ ဒါပေမယ့် ကြမ်းပေါ်ချထားမယ်၊ မြေကြီးပေါ်မှာ ကျနေတယ်ဆိုရင် မစားတော့ဘူး၊ နောက်တစ်ခါ ဆိုကြပါစို့၊ အစားအသောက်က ကောင်းကောင်းမွန်မွန်မို့ စားရမှာ မစားရက်ဘဲ မြတ်မြတ်နိုးနိုးနဲ့ ဘုရားတင်တာမျိုးလဲပဲ ရှိသေးတယ်၊ အဲဒီလိုပဲ အမြတ်နိုးလွန်ရင် မဖောက်ပြန်တတ်ဘူး၊ ဒါပေမယ့် ကိုယ်က ချစ်ခင်မြတ်နိုးတဲ့ မိန်းမကို ကိုယ်တစ်နေ့သောအခါမှာ ယူရမှာပဲလို့ ပိုင်းဖြတ်ပြီးသားဆိုရင် အခုတင်က ပြောတဲ့ဆင်ခြင်ခြင်းက အဆုံးအဖြတ် တစ်မျိုးပေးတော့လဲ ဖောက်ပြန်ချင် ဖောက်ပြန်မှာပေါ့၊ ဒါကို ဖောက်ပြန်တယ်လို့ ဆိုဖို့တောင် အတော်ခဲယဉ်းတယ်၊ ဘယ်လိုခေါ်ရမှန်းတော့ ဆရာဖြင့် မသိပါဘူး'



'ဟုတ်ကဲ့၊ နားလည်သင့်သလောက်တော့ နားလည်ပါပြီ ဆရာ'

'ဆက်ပြောရဦးမယ်၊ ဖောက်ပြန်တယ်ဆိုတာဟာ လွယ်လှတယ် မထင်နဲ့၊ အဆင်ခြင်နည်းတဲ့ လူတွေအဖို့မှာ ကြုံရင်ဖြစ်၊ လစ်ရင်ဆွဲတာမျိုးဖြစ်ဖို့ မခဲယဉ်းပေမယ့် အဆင်ခြင်ကြီးတဲ့ လူတွေမှာ ကိုယ်ကာယဖောက်ပြန်တော့မယ် တကဲကဲ ဖြစ်နေတာတောင်မှ အတွင်းစိတ်ကလေးက အချိန်မီလာပြီး တားဆီးလိုက်လို့ မဖြစ်လောက်တာမျိုး ရှိသေးတယ်၊ ဆရာတစ်ခါက ပြောခဲ့ဖူးတဲ့ ဩတ္တပ္ပတရားက အချိန်မီလာပြီး တားဆီးတတ်တယ်၊ မသင့်တော်ဘူးဆိုတဲ့ စိတ်ကလေးဟာ အတွင်းကျတဲ့စိတ်ကလေးအဖြစ်နဲ့ ရှိနေတတ်တော့ ဥပမာ ကာမသံဝါသကိစ္စ ပြုမယ်လို့ ကြိုးပမ်းဦးတော့ ကာယကံမြောက် မဖြစ်တော့ဘူး၊ အဲဒီ အစွဲစိတ်ကလေးက မသိမသာတားလိုက်တော့ သက်ဆိုင်ရာ ကိုယ်အင်္ဂါအစိတ်အပိုင်းမှာ တစ်ခါတည်း ချို့တဲ့သွားတဲ့ အဖြစ်ကို ရောက်ရတယ်၊ စိတ်ဆိုတာ သိပ်ထူးဆန်းတယ်၊ အပြင်ကစိတ် ဘယ်လိုပဲ တိုက်တွန်းပေမယ့် အတွင်းစိတ်ကလေးက မသိမသာလာပြီး တားလိုက်တာနဲ့ ကိုယ် အလိုရှိသလို ကိစ္စမပြီးမြောက်တော့ဘူး။

'ဒါကြောင့်မို့ပြောတာပေါ့၊ ဥပမာ ဆိုကြပါစို့ကွယ်၊ ဝစ်လစ်စလစ် မိန်းမတစ်ယောက်ကို မြင်တွေ့ရတဲ့ ယောကျ်ားနှစ်ယောက်၊ သူတို့နှစ်ယောက်လုံးရဲ့ စိတ်ဂယက်ရိုက်မှုဟာ တူတယ်ထင်သလား၊ မတူဘူးကွယ့်၊ တစ်ယောက်သောသူမှာ ကာမစိတ်တွေ ထကြွချင်

www.burmeseclassic.com

www.burmeseclassic.com



လာမယ်၊ တခြားတစ်ယောက်မှာတော့ အနုပညာစိတ် ပေါ်ထွန်းလာနိုင်တယ်၊ တစ်ယောက်က အဲဒီမိန်းမကိုမြင်ပြီး ကာမဂုဏ်စိတ်တွေ လှိုင်းတံပိုးထပေမယ့် ကျန်တစ်ယောက်ကတော့ အဲဒီမိန်းမရဲ့ ကိုယ်ကာယအလှတာတ်မှာ ကြည်နူးနေချင် နေနိုင်တယ်။

ဒါကြောင့်မို့ ပန်းချီဆရာဟာ ဝတ်လစ်စလစ်မိန်းမကို ကြည့်ရင်း မိန်းမရဲ့အလှကို အနုပညာနည်းနဲ့ ဘယ်လို သရုပ်ဖော်ရမယ်ဆိုတာ ကြံစည်စဉ်းစားပြီး စုတ်တံကို ခပ်သွက်သွက်ဆွဲပေလိမ့်မယ်၊ ဒီနည်းမျိုးပေါ့၊ မင်းလဲကြားဖူးပေမယ်၊ ဟိုးရှေးအခါက ရဟန်းတစ်ပါးဟာ တရားကျင့်နေတာ အတော်ကြာပေမယ့် ရဟန္တာ မဖြစ်သေးဘူး၊ ဒါနဲ့ တစ်နေ့ကျတော့ တောအုပ်တစ်ခုကို ဖြတ်သွားရာမှာ ထင်းခွေမိန်းမက သူ့ကို မြူဆွယ်လိုတဲ့သဘောနဲ့ ပြုံးပြတယ်၊ အဲဒါကို ရဟန်းက မိန်းမရဲ့ သွားတွေကိုမြင်ရတော့ အရိုးတွေပါကလားဆိုတဲ့ အမြင်ကိုမြင်ပြီး ချက်ချင်းပဲ အရဟတ္တမဂ်၊ အရဟတ္တဖိုလ် ရတယ်တဲ့၊ စိတ်ဂယက်ရိုက်မှုဟာ ပုဂ္ဂိုလ်လိုက်ပြီး ကွဲပြားခြားနားတတ်တယ်ဆိုတဲ့ အကြောင်းပါပဲကွယ်၊ အဲဒါကြောင့်မို့ ယောကျ်ားတွေဟာ ဆိတ်ကွယ်ရာအရပ်မှာ ဖောက်ပြန်ရမှာပေါ့၊ ရဟန္တာမှမဟုတ်ဘဲလို့ တစ်ထစ်ချပြောတာမျိုးဟာ မှန်တယ်လို့မဆိုနိုင်ဘူးကွယ့်၊ ဖောက်ပြန်ချင် ဖောက်ပြန်နိုင်တယ်၊ ဒါပေမယ့် ဘုရားရဟန္တာလဲမဟုတ်၊ နွားလဲမဟုတ်ဘဲ အလယ်လူတစ်ယောက်အနေနဲ့ မဖောက်ပြန်ဘဲ နေတာကိုလဲ ထည့်တွက်ရပေလိမ့်ဦးမယ်'။

## ပွင့်လင်းဂေဟာ အိမ်သာယာ

'လူတွေဟာ ကိုယ့်ကိုယ်ကို ညာနေကြတာပဲ'ဟု ကျွန်တော့်မိတ်ရင်းတစ်ယောက်က ဆိုလိုက်သည်။

ဆိုပြီးသည့်နောက် သူကပင် ဆက်လက်၍ ပြောပြလေသည်။ 'ကျွန်တော် ခပ်စောစောက ပုတီးစိပ်တယ်၊ တရားထိုင်တယ်၊ ဥပုသ်စောင့်တယ်၊ သိက္ခာသမာဓိကြီးနဲ့နေတယ်၊ တကယ်ဆိုတော့ ကျွန်တော့်ရင်ထဲမှာ အမျိုးမျိုးသောင်းကျန်းနေတာပဲ၊ ပြီးတော့ လူတွေ ကိုယ့်ကိုယ်ကို ညာတာတွေထဲမှာ အိမ်ထောင်ရေးနဲ့ပတ်သက်တာ ပိုပြီး ဆိုးတယ်၊ ပိုပြီးလဲများတယ်၊ ကျွန်တော်တော့ ထင်တာပဲ၊ အိမ်ထောင်တစ်ရာမှာ ကိုးဆယ့်ကိုးလောက်အထိ မအောင်မြင်ကြဘူး၊ ဒါပေမယ့် လူမသိကြဘူး'

'ဟုတ်တာပေါ့ဗျ၊ အိမ်ထောင်တစ်ခုဟာ မအောင်မြင်ပါဘူးလို့ လူအများရှေ့မှာ ဝန်ခံရမှာလောက် ဝန်လေးတာမရှိဘူး၊ အထူးသဖြင့် ကျွန်တော်တို့ မြန်မာတွေပေါ့၊ လင်

www.burmeseclassic.com

www.burmeseclassic.com



မယား ကွာရှင်းတယ်ဆိုတဲ့အကြောင်းဟာ အိမ်ထောင်မှုမှာ မအောင်မြင်တော့ပါဘူးလို့ လူသိနတ်ကြား ဝန်ခံလိုက်တာပဲ၊ မြန်မာပြည်မှာ ကွာရှင်းမှုတွေနည်းလို့ အိမ်ထောင်ရေး သာယာမှု များတယ်လို့ထင်ရင် မှားလိမ့်မယ်'

'ဟုတ်တာပေါ့ ဆရာရဲ့၊ ကျွန်တော် ဒီကိစ္စကို တော်တော် လေ့လာကြည့်ပါတယ်၊ လေ့လာရတာတော့ မလွယ်လှဘူးပေါ့၊ ဒီကိစ္စကို ဖွင့်ပြောမယ့်သူအင်မတန်ရှားတယ်၊ အရင်းအချာ မိတ်သင်္ဂဟတွေတောင် ဖွင့်မပြောချင်ကြဘူး၊ ဒါပေမယ့် ကျွန်တော်တော့ တတ်နိုင်သလောက် ရအောင်ယူပြီး စုံစမ်းကြည့်တာပဲ၊ ကျွန်တော် တွေ့ရကြုံရသမျှမှာတော့ အခုတင်က ပြောသလိုဘဲ တစ်ရာမှာ ကိုးဆယ့်ကိုး အိမ်ထောင်တွေဟာ အပေါ်ယံ ရွှေမှုန့်ကြဲချည်းပဲ၊ အဲဒါ ဘာကြောင့်လဲ ဆရာ၊ ဆရာ ရှာထားတဲ့ ဗဟုသုတနဲ့ ပြောစမ်းပါ'

ကျွန်တော့် မိတ်ရင်းက ကျွန်တော့်ကို ဆရာဟုပင် ခေါ်သည်။ တပည့်များက ဆရာခေါ်၍ မေးကြမြန်းကြသည်ကို ဖြေရခြင်းသည် သက်သာသောအလုပ် ဖြစ်၏။ မိတ်ရင်းတစ်ယောက်က ကျွန်တော့်ကို ဆရာတင်သည့်အခါ ကျွန်တော့်မှာ အတော်ပင် နေရထိုင်ရ ခက်လှချေသည်။

'ကျွန်တော်လဲ ဒီအကြောင်းကို ဂရုစိုက် လေ့လာမိပါတယ်၊ ပညာရှိ ခပ်များများတို့ရဲ့ ကျမ်းတွေကိုလဲ ဖတ်ကြည့်ပါတယ်၊ အိမ်ထောင်ရေး မအောင်မြင်မှုမှာ အကြောင်းတွေ အများကြီးရှိတယ်၊ အကြောင်းတွေက များရုံတင် မကသေးဘူး၊ ရှုပ်ထွေးရောယှက်နေတတ်တယ်၊ စိတ်ကို အရင်းခံတဲ့ ကိစ္စဖြစ်တော့ အသိခက်လှတဲ့ ပြဿနာပဲဗျ'



'စိတ်ကို အရင်းခံတယ်ဆိုတဲ့ စကားက စပြီး ရှင်းစမ်းပါ'

'ဩော် လူနှစ်ယောက် အတူနေ အတူစား အတူသွား အတူအိပ်နေကြတော့ ကိုယ်ကာယချင်း ပေါင်းသင်းမှုဆိုတာဟာ ထင်ရှားနေတဲ့အကြောင်းပဲ၊ ဒါပေမယ့် အိမ်ထောင်ရေးဟာကိုယ်ကာယချင်း ပေါင်းသင်းတာက ပဓာနမဟုတ်ဘူး၊ စိတ်သာ ပဓာနဖြစ်တယ်၊ ကိုယ်ကာယချင်း တွေ့ထိမွှန်ထူနေရင် ဘယ်လောက်ကြာမှာလဲ၊ မကြာခင်ဘဲ ထိပါများတော့ ထုံပြီးသွားတော့မှာပေါ့၊ ရိုးသွားမယ်၊ ရိုးရာကနေပြီး နောက်ဆုံးတော့ အီသွားမယ်၊ ငြီးသွားမယ်၊ အရင်ဆုံးသိထားဖို့က အိမ်ထောင်ရေးဟာ ကာမဂုဏ်မပါလို့ မဖြစ်ဘူးဆိုပေမယ့် ကာမဂုဏ် ကိစ္စပေါ်မှာသာ တည်နေတာ မဟုတ်ဘူး၊ ပြီးတော့လဲ ကာမဂုဏ်ကိစ္စဆိုတာ ကိုယ်ကာယနဲ့ သက်ဆိုင်တယ်လို့ အပြင်ပန်းမြင်နိုင်ပေမယ့် စိတ်က ဆွဲဆောင်စေစားလို့ ဖြစ်တာဆိုတာကိုလဲ အထူးသတိပြုရပေမယ်၊ စိတ်က အရေးကြီးတယ်၊ စိတ်မရှိရင် ကာမဂုဏ်ကိစ္စမရှိဘူး၊ ရှိဦးတော့ ကျေနပ်စရာ မဖြစ်ဘူး၊ ပိုပြီး ငြီးငွေ့စရာသာ ဖြစ်မယ်'

မိတ်ဆွေက စီးကရက်ဖွာရင်း ခေါင်းညိတ်လေသည်။

'ကာမဂုဏ်ဆန္ဒဟာ အစားအသောက်စားသလို ရေငတ်သလိုပါပဲ၊ လိုရာရပြီးရင် ပြေပျောက်သွားတာပဲ၊ ခဏကလေးသာကြာတယ်၊ အိမ်ထောင်ရေးမှာ ဒါကလေးနဲ့သာ အရင်းတည်ရရင် ဘယ်မှာ ကြာရှည်ခံမှာပဲဗျာ၊ ဒါပေမယ့် အိမ်ထောင်ဆိုတာ ပျက်ခဲသားပဲ၊ ပျက်ခဲတာက

www.burmeseclassic.com

www.burmeseclassic.com



ခိုင်လို့တော့ မမှတ်လေနဲ့၊ ပျက်ပြိုတာကို အခွင့်မပြုလို့ပေါ့၊ ဘယ်လိုလဲဆိုတော့ အိမ်တောင်ရေး ပျက်ပြိုတယ်ဆိုတာကို လူအများက လက်မခံချင်တာနဲ့ အိမ်ထောင်ဟာ မပျက်ဘဲ ဟန်ဆောင်မှု ကျားကန်ထားတာတွေ အများကြီးပဲ၊ ခင်ဗျား ပြောသလို ညာနေကြတယ်၊ လင်က မယားကို ညာနေတယ်၊ မယားက လင်ကို ညာနေတယ်၊ သူတို့ကိုယ် သူတို့လဲ ပြန်ညာနေတယ်၊ ပြီးတော့ နှစ်ယောက် စလုံးက လူအများကို ပူးပေါင်းပြီး ညာကြတယ်'

'ဟုတ်တယ် ဆရာ၊ ရိုးသားစွာ လင်မယား ကွာရှင်း လိုက်ကြရင်၊ ပြီးတော့ နောက်အိမ်တောင်ပြုလိုက်ကြရင် အားလုံးက အထင်သေးကြတယ်၊ ကဲ့ရဲ့ကြတယ်၊ အဲဒီလို လူတွေ ကဲ့ရဲ့ကြ၊ အပြစ်တင်ကြမှာစိုးတာနဲ့ ဟန်ဆောင်ပြီး တစ်သက်လုံး မကွဲမပျော်ဘဝမှာ နေသွားကြတဲ့လူတွေ ဘယ်လောက်များမလဲဆိုတာ ကျွန်တော်ဖြင့် မတွေးဝံ့ပါဘူး'

'အဲဒီ သနားစရာ ဟန်ဆောင်အာဇာနည်တွေ ဦးရေ ဟာ မရေတွက်နိုင်ဘူးပေါ့၊ ရေတွက်နိုင်ခွင့်လဲ မရနိုင်ဘူးလေ၊ ဘယ်သူကမျှ ဖွင့်ဟဝန်ခံနိုင်မှာမှ မဟုတ်ဘဲ'

'ဖွင့်ပြောဖို့ အခက်သားပဲ၊ အပေါ်ယံအပြင်ပန်း မှာတော့ လင်နဲ့မယား သင့်သင့်တင့်တင့်ပဲ၊ အတွင်းထဲမှာ စိတ်ချင်း မညီညွတ်ကြတာနဲ့ သူ့ဘာသာ သူနေ၊ ကိုယ့် ဘာသာ ကိုယ်နေကြတဲ့ လင်မယားတွေ အတော်များတယ်၊ ဒါကို အပြင်လူသိဖို့ခက်လှတယ်'

'ဟုတ်တယ် ဆရာ၊ ကျွန်တော်နဲ့ အင်မတန်ရင်းနှီးတဲ့ မိတ်ဆွေတစ်ယောက်က ရင်းနှီးလွန်းလို့ ဖွင့်ပြောဖူးတယ်၊



သူ့ရဲ့ဇနီးဟာ ဘာမျှ ရန်လဲမဖြစ်ဘူး၊ စကားလဲမများ၊ အပြင်ပန်းက အတော်အေးချမ်းတယ်ထင်ရပေမယ့် အိမ်ထဲ မှာ အတူနေရင်း ကွဲနေကြတာ ရှစ်နှစ်ရှိပြီတဲ့'

'ဒီအကြောင်းတွေဟာ တဖြည်းဖြည်း စုံစမ်းလိုက်ရင် အတော်များများ တွေ့ရလိမ့်မယ်၊ လင်မယားချင်း စကား မပြောကြဘဲ တစ်အိမ်တည်းမှာနေကြတာ အသက်ထက် ဆုံးပဲ၊ အဲဒီလိုဟာတွေ ရှိနေတယ်၊ ကျွန်တော်တို့ မြန်မာ တွေမှာ အတော်များတယ်လို့ ထင်မိတာပဲ၊ကျွန်တော်တို့ရဲ့ ယဉ်ကျေးမှုဥပဒေမှာ ပွင့်ပွင့်လင်းလင်း ဝန်ခံရမှာ ရှက်တယ် ဆိုတဲ့ အစွဲရှိနေတာကိုးဗျ၊ အနောက်တိုင်းမှာတော့ လင် မယားချင်း စိတ်မညီညွတ်ရင် နှစ်ယောက်သား တိုင်ပင်ပြီး ကွာရှင်းလိုက်တာပဲ၊ ဒီလို ကွာရှင်းလိုက်ကြလို့ ဘယ်သူကမျှ သူတို့ကို အပြစ်မတင်ကြဘူး၊ သူတို့မှာလဲ စိတ်အကြီး အကျယ် ထိခိုက်တယ်လို့မဆိုသာဘူး၊ အခြေ အနေပြောင်း တဲ့အတိုင်းပဲ၊ အနေအထိုင်ပြုပြင်ပြီး နေကြတာပဲ၊ အသစ် ယူချင်လဲ ယူလိုက်ကြတယ်၊ မယူချင်သေးတဲ့ လူကလဲ မယူသေးဘဲ နေလိုက်တယ်၊ ကျွန်တော် အစကတော့ ကျွန်တော်တို့ဆီမှာ ဒီအမှုတွေနည်းလို့ အိမ်ထောင်မှု အောင်မြင်တယ်လို့ ကြားရမှာ ခပ်ခက်ခက်ပဲ'

'ပြောင်ပြောင်ပဲ ကွာလိုက်ရတာက ကောင်းတာပေါ့ ဗျာ၊ မကွာရှင်းဘဲ အိမ်ထဲမှာတင် ကွဲနေကြတာက အတော် ခက်တယ်'

'မကွာရှင်းတာကတော့ ယဉ်ကျေးမှု ဥပဒေထုံးတမ်း က ဒီလို ကွာရှင်းတာကို မနှစ်သက်ကြရုံတင်မကဘူး၊

www.burmeseclassic.com

www.burmeseclassic.com



သားတွေ သမီးတွေ ငဲ့ညှာတာလဲ အများကြီးပါပါတယ်၊ မြန်မာဆန်တဲ့ မြန်မာပညာရှိ တချို့က ဆိုကြတယ်၊ အိမ်ထောင်ရေး မသာယာရင် အခြေသစ်အနေသစ် ပြောင်းလိုက်တာက ညံ့ဖျင်းရာကျတယ်၊ တစ်သက်လုံး အောင့်အည်းနေလိုက်ဖို့ပဲ ကောင်းတယ်တဲ့၊ သူတို့ကတော့ လောကကြီးမှာ လူကဲ့ရဲ့မှာ အပြစ်တင်မှာ အင်မတန်စိုးတယ်၊ အဲဒီ ဘေးဒဏ်ကိုကြောက်ပြီး တစ်သက်လုံး မကွဲမပျော် နေလိုက်ကြတာပဲ'

'ဒီပညာရှိတွေကတော့ ရှေးကျတဲ့ အယူအဆတွေကိုပဲ ရင်မှာပိုက်ထားသေးတာကိုး'

'ဪ သူတို့က ခေတ်ပညာတတ်ပေမယ့် မြန်မာဆန်ကြတာကိုး'

မြန်မာဆန်တယ်သာပြောတယ်၊ မြန်မာ့ယဉ်ကျေးမှုက ယောကျ်ားကောင်း မောင်းမတစ်ထောင်လို့ဆိုထားသေးတာပဲ၊ မယားငယ်ယူတဲ့အလေ့ကို ခေတ်အဆက်ဆက် ကဲ့ရဲ့လာခဲ့ကြတာပဲ'

'တခြားပြည်တွေမှာလဲ ဒီအလေ့ မထွန်းကားဘူးလို့ မဆိုနိုင်ပါဘူးဗျာ၊ ဒါပေမယ့် မယားငယ်ယူတာနဲ့ အိမ်ထောင် အပြောင်းအလွှဲလုပ်တာ ကွာသေးတယ်၊ မယားငယ်ယူတာက ကာမဂုဏ်နယ်ချဲ့တာ သက်သက်ပဲ'

'ဒါဖြင့် မယားကိုကွာရှင်းပြီး နောက်အိမ်ထောင်သစ် ထူတာက ဘယ်လိုသဘောလဲ၊ ကာမဂုဏ်ကြောင့် မဟုတ်ဘူးလား'



'ဟာ အိမ်ထောင်ရေးမှာ ကာမဂုဏ်ကြောင့် မဟုတ်ဘူးလို့ ဘယ်ဆိုသာမှာလဲဗျာ၊ ဒါပေမယ့် ဒါချည်း မဟုတ်ဘူးလို့တော့ ဆိုနိုင်ဖို့အကြောင်းတွေ ရှိသေးတယ်၊ ကျွန်တော်လဲ ပြောပြဖူးသားပဲ၊ အချစ်နဲ့အကြိုက် ခွဲခြားသိဖို့ လိုတယ်လို့'

'အချစ်နဲ့အကြိုက် ဆိုတာကလဲ တော်ရုံ တန်ရုံနဲ့ ခွဲခြားလို့ ရတာမျိုးမှ မဟုတ်ဘဲ၊ အခက်သားပဲလေ'

'ဟုတ်တယ်၊ အတော်ပဲခက်တယ်၊ အင်္ဂလိပ် စာရေးဆရာကြီး Oscar Wilde ပဲ ထင်ပါရဲ့ ပြောတယ်၊ အချစ်ဆိုတာဟာ တစ္ဆေနဲ့တူတယ်၊ တစ္ဆေအကြောင်းပြောတဲ့ လူတွေ အများကြီးပဲ၊ တစ္ဆေတွေ့ဖူးတဲ့ လူကတော့ အတော်နည်းတယ်တဲ့၊ ကျွန်တော်ကတော့ ကံအကြောင်းတရားကို အကြီးအကျယ်ယုံပါတယ်၊ အိမ်ထောင်ရေးမှာ ကံဟာ အခရာပဲ၊ လင်မယားရယ်လို့ ယူကြစဉ်က ဒါ အချစ်ပဲ၊ ဒါအကြိုက်ပဲ ခွဲခြားနိုင်ဖို့ဘယ်မှာလဲဗျာ၊ တကယ့် အချစ်နဲ့ အကြိုက်ဆိုတာ ခွဲလို့ ရခဲဘိခြင်းပဲ၊ ပြီးတော့လဲ အိမ်ထောင်ပြုတယ်ဆိုတာ အလျဉ်းသင့်သလို ဖြစ်ကြရတဲ့ ကိစ္စမို့ ဘယ်လိုမျှ ကြိုတင်ပြောလို့ မဖြစ်နိုင်ပါဘူး၊ မြန်မာ စကားရှိတယ်လေ၊ ရေစက်ဆုံလို့ပေါင်းကြရတာ၊ ရေစက်ကုန်တယ်ဆိုတာဟာ ကံစီမံမှုပေပဲဗျာ၊ ကံစီမံရာကို ခံကြရမှာချည်းမို့ အပြစ်မဆိုသာပါဘူး'

'အိမ်ထောင်ရေး တည်မြဲခိုင်ခန့်အောင် ဘယ်လို လုပ်သင့်တယ်ဆိုတာ ဆရာ့အမြင်အရ ပြောပြစမ်းပါ'

'ဆေးမြီးတိုမရှိဘူးဗျ၊ မပြောဝံ့ဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ ပြောပြတာတွေဟာ အသုံးကျချင်မှ ကျမယ်၊ လူမှုရေးဟာ ရှုပ်ထွေးလှပါတယ်၊ ကျွန်တော်ဖြင့် လူ့

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကို ဂရုစိုက်ပြီးကြည့်လေလေ လူအကြောင်း မသိလေလေပါပဲ၊ ကျွန်တော်တော့ ကျွန်တော့်အကြောင်းကို တောင်မှ မသိပါဘူးဗျာ၊ အိမ်ထောင်မသာယာမှုတွေကတော့ နေရာတကာ ကမ္ဘာနဲ့အဝန်းဆိုသလိုမို့ အိမ်ထောင်ရေး သုတေသီတွေ တပင်တပန်း ကြိုးစားကြပေမယ့် အိမ်ထောင်ရေး သာယာမှုကို ဖြစ်စေတဲ့နည်းလမ်းကို ဘယ်သိပ္ပံပါရဂူကမှ ရှာလို့မတွေ့သေးဘူး၊ နောင်လဲ တွေ့မှာ မဟုတ်ဘူး'

'အင်း ဟုတ်ပေသပေါ့၊ စိတ်ဟာ ဘယ်သိပ္ပံပါရဂူရဲ့ အစမ်းအသပ် အစစ်အဆေး ခံတာမှ မဟုတ်ဘဲ၊ စိတ်နှစ်စိတ် ပေါင်းစပ်ဖို့လိုတဲ့ အိမ်ထောင်ရေးဆိုတဲ့ ကိစ္စမှာ အောင်မြင်ရန် နည်းလမ်းရယ်လို့ ရှိနိုင်ဖို့ ခဲယဉ်းသားကလား'

'စိတ်နှစ်စိတ် ပေါင်းစပ်ဖို့ဆိုတာ အင်မတန်ဖြစ်နိုင်ခဲတယ်၊ အိမ်ထောင်ရေးမှာ သာယာသယောင်ရှိနေတဲ့ လူတွေကို သေသေချာချာကြည့်စမ်း၊ ကိုယ်ကချစ်နေရင် ကိုယ်က သူ့အလိုကိုလိုက်ပြီး သူ့စိတ်နောက် ကိုယ့်စိတ် အလိုက်ခိုင်းရမယ်ဆိုတဲ့ သဘောထားပိုက်ထားတဲ့ လူတွေ ချည်းပဲ'

'အဲဒီလူတွေဟာ စိတ်ချမ်းသာမှု ရကြသလား'

'စိတ်ချမ်းသာမှုဆိုတာလဲ အတော်ခက်တဲ့စကားပဲ၊ ခံနိုင်တုန်း ကျေနပ်တုန်းမှာတော့ စိတ်ချမ်းသာတယ်ပဲ ဆိုပါတော့၊ မခံနိုင်ဘူး၊ မကျေနပ်ဘူးဆိုတာနဲ့ တစ်ပြိုင်နက် အရင်က ခံခဲ့ရတဲ့ ဒဏ်တွေနဲ့ပိုပြီး တန်ပြန်ရိုက်နိုင်တယ်၊ ခံနိုင်တယ်ဆိုတာလဲ စဉ်းစားကြည့်လေ၊ သစ်ငုတ်တောင်မှ ခလုတ်တိုက်ပါများရင် နဲ့သေးတယ် မဟုတ်လား၊ အိမ်ထောင်ရေးမှာ ကျွန်တော့်အထင်ပြောတာနော်၊ စိတ်ထား



သဘောထားချင်း ကွဲခြားနေတယ်ဆိုရင်တော့ တစ်နေ့ မဟုတ် တစ်နေ့ဆိုသလို ကွဲကြမှာပဲ၊ ကွဲတယ်ဆိုတာ စိတ်ချင်းကွဲမှာကို ဆိုတာလေ၊ လူချင်း ကွဲချင်မှ ကွဲမယ်၊ ဟန်ဆောင် အာဇာနည်စာရင်းထဲ ရောက်သွားကြမှာပေါ့၊ ဥပမာ အိမ်ထောင်သည် နှစ်ယောက်ဟာ အနှစ် နှစ်ဆယ် ကျော် အစိတ် ပေါင်းပြီးကာမှ စိတ်ချင်းကွဲလာကြတယ် ဆိုပါတော့ ပြန်ပြီး စိစစ်ကြည့်ရင် ဟိုအရင်တုန်းကတည်းက စိတ်ချင်းမဟပ်တာကလေးတွေ အများကြီးကို တွေ့ရ လိမ့်မယ်၊ အဲဒီ မဟပ်မိတာကလေးတွေဟာ အရေးပါအရာ ရောက်တယ်လို့ အောက်မေ့စရာ မဟုတ်ဘူးလို့ ဆိုနိုင် ပါတယ်၊ အဲဒါကလေးတွေကို မှတ်ထားတယ်လို့မဆို နိုင်ပေမယ့် ရင်ထဲမှာ အညိုကလေးတွေလို ကပ်နေတယ်၊ အဲဒီ အညိုကလေးတွေ တဖြည်းဖြည်း ကပ်ပါများတော့ ဒန်အိုးဆိုရင် ပေါက်ရောပေါ့ မဟုတ်လား'

ကျွန်တော့် မိတ်ရင်းက ခေါင်းညိတ်ရင်း စီးကရက် မီးညှိ၍ ဖွာပြန်လေသည်။

'ဒီလိုချပြောရင် ရယ်စရာတောင်ဖြစ်နိုင်တယ်၊ သူ့ ချည်းဆိုရင် မဖြစ်လောက်တဲ့ အသေးအဖွဲ မညီညွတ်မှု ကလေးတွေကို မမြင်ကြတဲ့အလျောက် လူတစ်ယောက်က သူ့ ဇနီးသည်ကို မချစ်ခင် မကြင်နာသလိုလုပ်ရင် ဇနီးသည် က နားမလည်နိုင်လောက်အောင် ဖြစ်ပြီး သူထင်ရာမြင်ရာကို စွပ်ပြီး ရေရွတ်ပြောဆိုလေတော့သတည်းလို့ပဲ ဆိုရမှာပေါ့ဗျာ'

'ဒါကတော့ နှစ်ယောက်စလုံး အပြစ်မကင်းကြဘူး ပေါ့၊ ဒါပေမယ့် ယောကျ်ားပြစ်မှုက ပိုပြီး ထင်ရှားတော့

www.burmeseclassic.com

www.burmeseclassic.com



စိရင်ချက်ချရင် ယောကျ်ားသာ ခံစေပေါ့၊ ဟုတ်ပါတယ်၊ မယားငယ်လျှောက်ယူနေတဲ့ ယောကျ်ားတွေလဲ ရှိပါတယ်၊ ရှုပ်ရှုပ်ယှက်ယှက်တွေ ပြည့်လို့ပေါ့၊ ဒါတွေကို ထည့်မပြောပါဘူး၊ တစ်သက်လုံး ကိုယ့်သိက္ခာကို ကိုယ်ရိုသေလာကြရာက ဖြစ်သွားရတဲ့လူတွေလဲ ရှိသေးတယ်၊ ကျွန်တော်ငယ်ငယ်တုန်းက ကျွန်တော်တို့မြို့မှာ တော်တော်ရိုးတဲ့ ခရစ်ယာန် ကင်းထောက် ဆရာတစ်ယောက်ရှိတယ်၊ အတော်ပဲ သိက္ခာ သမာဓိရှိပါတယ်၊ ဒါနဲ့ အသက် လေးဆယ်ကျော် ငါးဆယ်လောက်မှာပေါ့ဗျာ၊ တစ်နေ့တော့ မိန်းမတစ်ယောက်နဲ့ လိုက်ပြေးတယ်၊ သူ့မိန်းမနဲ့ ကလေးတွေကို ထားပစ်ခဲ့တယ်၊ အဲဒီလိုလူမျိုးတွေပေါ့ဗျာ၊ ရိုးပုံရိုးလက်နဲ့ အငြိမ်မနေတာလို့ အပြစ်တင်ခံရတာ၊ ဒါပေမယ့် ကျွန်တော်တော့ ဒီလိုမထင်ဘူး၊ ဒီလူဟာ အဲဒီလို မိန်းမတစ်ယောက်နဲ့ လိုက်ပြေးတဲ့အပြစ်ကလွဲလို့ တစ်သက်လုံး ဘာအပြစ်မှ ရှိတယ်လို့ မကြားရဖူးဘူး၊ အဲဒီလို လုပ်သွားတာ ကာမဂုဏ်စိတ်ကြောင့်လို့ ထင်သလား'

'အချစ်ကြောင့်လို့ ဆိုရမှာပေါ့၊ ဒါပေမယ့် ကျွန်တော်ကတော့ သိပ်သဘောမပေါက်လှဘူး'

'ကာမဂုဏ်စိတ် ဆိုတာကတော့ဗျာ လူတိုင်းမှာ သတ္တဝါတိုင်းမှာ ရှိတာပေါ့၊ အထူးပြောနေဖို့ ဘယ်လိုမလဲ၊ ဒီလို မိန်းမနဲ့ ပြေးပြေး မပြေးပြေး ကာမဂုဏ်စိတ်တော့ သူများနည်းတူရှိမှာပေါ့၊ ဒါပေမယ့် ဒီကိစ္စမှာ ကာမဂုဏ်စိတ်ဓာတ်ကို အရင်းခံတာလား၊ ကာမဂုဏ်စိတ်က တိုက်တွန်းတာလား၊ မဟုတ်ပါဘူးဗျ၊ အချစ်စိတ်က တိုက်တွန်းတယ်လို့ ပြောလိုက်ရုံနဲ့ ခင်ဗျား နားလည်ချင်မှ နားလည်မယ်၊ အချစ်စိတ်ဆိုတာ ဘာလဲ၊ ကိုယ့်မှာလိုနေတဲ့ အရည်အချင်းကလေး သူ့မှာရှိတယ်လို့ မြင်တာနဲ့ (တကယ် မမြင်နိုင်ဦးတော့ ရှိမယ်လို့မျှော်လင့်တာနဲ့) သူ့ကို ကိုယ့်စိတ် ပေးလိုက်တယ်၊ အဲဒီလိုပေးတာကိုပဲ ချစ်တယ်လို့ ဆိုရမှာပေါ့၊ အဲဒီ ခရစ်ယာန်ဆရာရဲ့ အကြောင်းကို ကျွန်တော် စုံစမ်းကြည့်တယ်၊ သူဟာ ရိုးရိုးအအ အေးအေးပဲ၊ သူ့ပထမမယားလဲ သူ့လိုပဲ ရိုးအအေးပဲ၊ လူတွေကတော့ ဒါမျိုးကို လိုက်ဖက်တယ် ပြောမှာပေါ့၊ ဒါ မှားတဲ့ အယူအဆပဲဗျ၊ အဲဒီ ခရစ်ယာန်ဆရာဟာ သူကိုယ်တိုင်က ရိုးအ အေးတော့ သူ့ရင်ထဲမှာ သူ့မှာမရှိတဲ့ အရည်အချင်းတွေကို လိုလားတယ်၊ နှစ်သက်တယ်၊ သူ့နောက်မိန်းမကတော့ သွက်သွက်လက်လက်ရှိတယ်၊ အဲဒါပဲကြည့်တော့၊ သူ့ကိုယ်သူ ရိုးမှန်းအ မှန်းသိလို့ ငါဟာ သွက်သွက်လက်လက် ဖြစ်ချင်လိုက်တာဆိုတဲ့ ဆန္ဒ သူ့ရင်ထဲမှာ ရှိနေခဲ့တယ်၊ အဲဒီ ဆန္ဒရဲ့ ရုပ်ပုံကို သူ့ ဒုတိယမိန်းမမှာ ပေါ်ပေါ်လွင်လွင် မြင်တွေ့ရတော့လဲ ဒီမိန်းမလို သူဖြစ်ချင်တဲ့ စိတ်ရှိတယ်၊ ဒါပေမဲ့ သူ့တစ်သက်မှာ မဖြစ်နိုင်ဘူးဆိုတာလဲသိတယ်၊ ဒါကြောင့်မို့ ကိုယ်မဖြစ်မယ့်အတူ ဖြစ်နေတဲ့လူကို ပိုင်ချင် လာတာပေါ့၊ အဲဒီ ပိုင်ချင်စိတ်ဟာ အချစ်စိတ်ပဲ။

'ပြောလက်စနဲ့ ဆက်ပြောရဦးမယ်၊ ဥပမာဆိုစို့၊ မိန်းကလေးနှစ်ယောက်ရှိတယ် ဆိုပါတော့၊ လူတစ်ယောက်ဟာ နှစ်ယောက်လုံးနဲ့ သိကျွမ်းရာက တစ်ယောက်ကို ချစ်တယ်၊ တစ်ယောက်ကိုတော့ ခင်ရုံပဲ ခင်တယ်၊ အဲဒါ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုသဘောလဲ၊ တစ်ယောက်ကို ချစ်တာကတော့ သူ့မှာရှိတဲ့အရည်အချင်းကို (ဘာအရည်အချင်းပဲ ဖြစ်ဖြစ်) ချစ်သူက လိုချင်တယ်၊ သူ့မှာမရှိဘဲ အဲဒီမိန်းကလေးမှာ ရှိတဲ့အတွက် မနာလိုဘူး၊ အဲဒီ မနာလိုတဲ့စိတ်ကြောင့် ချစ်စိတ်ပေါ်လာတာပဲ၊ မနာလိုစိတ်ဟာ စင်စစ်တော့ ချစ်စိတ်နဲ့ ညီအစ်ကိုတော်တယ်၊ ခင်တဲ့လူကိုတော့ မနာလို စိတ်မရှိဘူး၊ သဘောကျရုံပဲကျတယ်၊ မနာလိုစိတ် ငုပ်သွား တဲ့အခါ အချစ်စိတ်ပေါ်လာတာပဲ၊ အချစ်စိတ် အင်အား နည်းလာရင် မနာလိုစိတ်က ခေါင်းထောင်လာတော့တာပဲ'

'ကဲ စကားအစသိမ်းတဲ့သဘောနဲ့ အိမ်ထောင်ရေး အကြောင်း နည်းနည်းဖြည့်ပြောစမ်းပါဦး'

'အိမ်ထောင်ရေးနဲ့ ပတ်သက်လို့ ပြောစရာတွေ အများကြီးပေါ့ဗျာ၊ ကျွန်တော်တော့ မြန်မာပြည်မှာ ဝံ့ဝံ့ရဲ မပြောချင်ပါဘူး၊ ပြုပြင်ရေးတွေ အမျိုးမျိုး လုပ်နေကြပေမယ့် အိမ်ထောင်ရေး ပြုပြင်မှုကိုတော့ ဘယ်သူမျှ မစဲ မတို့ရဲကြဘူး၊ စဖို့ တို့ဖို့လဲ ဘယ်လွယ်မလဲဗျာ၊ တခြားနိုင်ငံ တွေမှာတောင် လူတွေဟာ အတွေးအခေါ် တိုးတက်တယ် လွတ်လပ်တယ်ဆိုပေမယ့် ဒီအိမ်ထောင်ပြုပြင်မှုကို မစရဲကြဘူးဗျ၊ ဘာထရန်ရပ်ဖ်ယ်လ်တို့လို လူကြီးတွေက အိမ်ထောင်ရေးအကြောင်း တော်တော်ရဲရဲကလေးဆိုကြပါရဲ့ ဒါပေမယ့် သူတို့အသံဟာ တောကြီးမျက်မည်းထဲ အော်တဲ့ အသံလိုပါပဲဗျာ၊ ဘယ်သူကမှ မကြားကြဘူး၊ ကြားပြန်ဦး တော့ သူတို့ရဲ့ အကြံပေးချက်ကို ဘယ်သူက လက်ခံ ဆောင်ရွက်ဝံ့မှာလဲ၊ ခက်တယ်ဗျာ'။

## ကိုယ်ချစ် သူချစ် ပြဿနာ

'ကိုယ်ချစ်ကိုမရှာနဲ့၊ သူချစ်ကိုရှာ' ဆိုသော စကားကို လူတိုင်းလိုလို မကြာခဏ ကြားကြရသည်။ ဤအကြောင်း နှင့် ပတ်သက်၍ တစ်နေ့က ချစ်စွာသော တပည့်တစ်ဦးနှင့် ဆွေးနွေးခဲ့ရသေးသည်။

'ဆရာ၊ တစ်ယောက်သောသူဟာ ကိုယ့်ကိုချစ်တဲ့ သူကို ပစ်ပြီး ကိုယ်က ချစ်တဲ့သူနောက်ကို တပင်တပန်း လိုက်နေတာ မှားတယ်လို့ထင်တယ်၊ ကိုယ့်ကိုချစ်တဲ့လူကို ယူလိုက်ရင် ဘယ်လောက်ကောင်းမလဲ၊ အစစအရာရာ ပြေပြေပြစ်ပြစ် ရှိမှာပဲ၊ ကိုယ့်ကို သူက ချစ်နေတာမို့ သူက ကိုယ့်ကို ပြုစုယုယမှာပေါ့၊ အဲဒီလိုဆိုရင် ကောင်းတာပဲ မဟုတ်လား၊ အဲဒါကိုပဲ မကျေနပ်ဖြစ်ပြီး ကိုယ်ချစ်တဲ့လူ နောက်ကို ပင်ပန်းဆင်းရဲခံပြီး လိုက်နေတာဟာ ကိုယ့်ဒုက္ခ ကိုယ်ရှာသလို ဖြစ်မနေဘူးလား'ဟု တပည့်က မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ ပြောသောစကားမှာ စဉ်းစားစရာ ဖြစ်သည်။ 'ကိုယ်ချစ်ကို မရှာနဲ့၊ သူချစ်ကိုရှာ' ဆိုသော အများသိသော ဆိုရိုးစကားနှင့် ကိုက်ညီပေသည်။ ကျွန်တော်လည်း တပည့်ကို ရုတ်တရက် ပြန်မဖြေတတ် ဖြစ်သွားသည်။ နောက်တဖြည်းဖြည်း စဉ်းစားပြီးကာမှ ကျွန်တော့်အမြင်နှင့် ရသော အဖြေတစ်ခုကို ပေးလိုက်ရပေတော့သည်။

'ကိုယ်ချစ်ကိုမရှာနဲ့၊ သူချစ်ကိုရှာ'ဆိုတဲ့ ဩဝါဒကို ရှေးက လူကြီးသူမတွေက မိန်းမတို့ကို ပေးတာပဲ ဖြစ်ရမယ်၊ သေသေချာချာစဉ်းစားကြည့်လိုက်ရင် ယောကျ်ားတွေက ကိုယ်ချစ်ကို ရှာသင့်တယ်၊ မိန်းမတွေက သူချစ်ကို ရှာသင့်တယ်၊ ဘာကြောင့်လဲဆိုတော့ ယောကျ်ားနဲ့ မိန်းမဟာ သဘာဝချင်းမတူဘူး၊ စိတ်ဓာတ် အခြေအနေချင်းလဲ မတူဘူး၊ ဒါကြောင့်မို့ အချစ်ရဲ့ သဘောတရားချင်းလဲ မတူဘူးကွယ့်'

'ယောကျ်ားနဲ့မိန်းမ အချစ်ချင်း မတူဘူးဆိုတာက ဘယ်လိုလဲ ဆရာ'

'စိတ်ဓာတ်ချင်းမှ မတူဘဲ စိတ်ဓာတ်က ဖြစ်ပေါ်လာတဲ့ အချစ်ဆိုတဲ့အာရုံလဲ ဘယ်တူနိုင်ပါ့မလဲကွယ်၊ ယောကျ်ားက ချစ်တယ်ဆိုတာဟာ ကိုယ်ချစ်တဲ့ မိန်းမကို ပိုင်ချင်တယ်၊ ကိုယ့်ဘဝထဲမှာ ကိုယ့်မိန်းမကို တစ်စိတ်တစ်ဒေသအဖြစ် သွတ်သွင်းထည့်ထားချင်တယ်၊ ယောကျ်ားက ဘယ်လိုပဲ မြတ်နိုး မြတ်နိုး၊ ဘယ်လိုပဲ ယုယ ယုယ မိန်းမမှာတော့ ယောကျ်ားရဲ့ ဘဝစက်ဝန်းကြီးထဲကို သူ့ဘဝတစ်ခုလုံး ထည့်သွင်းလိုက်ရတယ်၊ မိန်းမဟာ လူမှုရေးတိုးတက်လာလို့



ဘယ်လောက်ပဲ လွတ်လွတ်လပ်လပ်နဲ့ ကိုယ့်ဘဝကို ဖန်တီးနိုင်တယ်ပဲ ပြောပြော ဇနီးသည်ဖြစ်တာနဲ့တစ်ပြိုင်နက် ခင်ပွန်းယောကျ်ားရဲ့ ဘဝထဲမှာ ကိုယ့်ဘဝထည့်လိုက်ပြီး ခင်ပွန်းယောကျ်ားရဲ့ ဘဝထဲမှာ သမအောင် မွှေနှောက် စရနယ် ပစ်လိုက်ရတယ်ကွယ့်'

'မိန်းမဟာ ချစ်မိပြီ ဆိုမှဖြင့် သူ့ဘဝ သီးသန့်တည်မြဲရေး ပျက်ပြီး ချစ်သူယောကျ်ားရဲ့ဘဝနဲ့ ပေါင်းစပ်လိုက်ရရော ဆိုပါတော့ ဆရာ'

'ပေါင်းစပ်တယ်ဆိုတာက အဓိပ္ပာယ်ပေါ့သေးတယ်၊ အရာဝတ္ထုတစ်ခုနဲ့ တစ်ခု ပေါင်းစပ်တယ်ဆိုရင် အဲဒီ အရာဝတ္ထုနှစ်ခုဟာ ရောနှောနေပေမယ့် တစ်ခုရဲ့ရုပ်သဘာဝနဲ့ တခြားတစ်ခုရဲ့ ရုပ်သဘာဝတွေဟာ ပျက်သင့်တာသာ ပျက်ပေမယ့် ကျန်သင့်တာ ကျန်သေးတယ်၊ ဥပမာ ငရုတ်သီးမှုန့်နဲ့ ဆားပွင့်ရောစပ်ပေမယ့် ငရုတ်သီးမှုန့်နဲ့ ဆားပွင့် ရောစပ်ပေမဲ့ ငရုတ်မှုန့်နဲ့ ဆားပွင့်ကို သေသေချာချာ ကြည့်ရင် ခွဲမြင်နိုင်သေးတယ်။

'ဒါပေမယ့် ရေထဲဆားထည့်လိုက်ရင် ဆားရဲ့ ရုပ်သဘာဝ လုံးလုံးပျောက်သွားတယ် မဟုတ်လား၊ အဲဒီလိုပဲ ဆိုပါတော့၊ မိန်းမဟာ ယောကျ်ားနဲ့ ပေါင်းလိုက်တယ်ဆိုရင် သူ့ဘဝ တစ်ခုလုံးကို ယောကျ်ားရဲ့ဘဝထဲ အပြီးအပိုင် ထည့်လိုက်ရတာ'

'အဲဒီလို ဘဝ သဘောတရားချင်းမတူတော့ ချစ်စိတ် ချင်းလဲ မတူတော့ဘူး ဆိုပါတော့ ဆရာ'

www.burmeseclassic.com

www.burmeseclassic.com



'ချစ်စိတ်ချင်း တူတာ မတူတာကို မပြောပါဘူး၊ ချစ်ပုံချင်း မတူပါဘူး၊ အချစ်ရဲ့ သဘောတရားချင်း မတူဘူး လို့ ဆိုချင်ပါတယ်'

'ဘယ်နည်းဘယ်ပုံ ကွဲပြားခြားနားပါသလဲ ဆရာ'

'ဆရာ ဆိုခဲ့တဲ့အတိုင်းပေါ့၊ ယောကျ်ားက ချစ်တယ် ဆိုရင် ချစ်သူမိန်းမကို ပိုင်ချင်တယ်၊ မိန်းမက ချစ်တယ်ဆိုရင် ယောကျ်ားရဲ့ အပိုင်ခံချင်တယ်၊ ဒီအခြေအနေဟာ ဘယ်လိုပဲ လူနေမှုအခြေအနေ ပြောင်းပြောင်း ဘယ်တော့မှ မပြောင်း ဘူး၊ အဲဒါ သဘာဝ အခြေအနေပေါ့'

'ဒါတော့ အမှန်ပေါ့၊ လူနေမှုအခြေအနေ ဘယ်လိုပဲ ပြောင်းပြောင်း သဘာဝ အခြေအနေဆိုတာ ပြောင်းပစ်လို့ ရနိုင်တာမှ မဟုတ်ဘဲ၊ လူနေမှုအခြေအနေမှာလဲ တကယ် တမ်း ပြောင်းတာ မဟုတ်ပါဘူး၊ ကမ္ဘာကျော် မိန်းမ တစ်ယောက်ဟာ အညတရတစ်ယောက်နဲ့ရရင် မိန်းမက ဘယ်လိုပဲ မကြိုက်ပေမယ့် သူဟာ အညတရရဲ့ ဇနီးပဲ'

'ဟဲ ဟဲ ဟဲ၊ ဒါနဲ့ စကားဖြတ်ပြောလိုက်ရဦးမယ်၊ ဝိတိုရိယ ဘုရင်မကြီးဟာ တစ်နေ့တော့ အဲလ်ဘတ်မင်းသား ကြီးနဲ့ စကားများသတဲ့၊ ဒီတော့ အဲလ်ဘတ်က အိပ်ခန်းထဲ ဝင်ပြီး တံခါးပိတ်နေလိုက်သတဲ့၊ အတော်ညဥ့်နက်တော့ ဝိတိုရိယက အိပ်ခန်းတံခါးခေါက်တော့ အဲလ်ဘတ်က ဘယ်သူလဲလို့ မေးတယ်၊ ဒီတော့ မာနရှင်ဝိတိုရိယက 'အင်္ဂလန်ပြည့်ရှင် ဘုရင်မကြီးပဲ'လို့ ပြန်ပြောဆိုပဲ၊ ဒီတော့ အဲလ်ဘတ်က 'ဘုရင်မဟာ ငါ့အိပ်ခန်းထဲလာဖို့ အကြောင်း မရှိဘူး၊ တံခါးဖွင့်မပေးဘူး'လို့ ပြောပြီး နေလိုက်တာ



အတော်ကြီး ကြာတော့ ဝိတိုရိယက လေသံပျော့ပျော့ ကလေးနဲ့ 'အဲလ်ဘတ်ရယ် တံခါးဖွင့်ပေးပါ၊ ရှင့်ဇနီး ဝိတိုရိယပါ'လို့ ပြောရှာတယ်ဆိုပဲ၊ အဲဒီအဖြစ်အပျက် ကလေးကို ကြားဖူး မှတ်ဖူးခဲ့တယ်၊ အဲဒါဟာ တကယ့်အဖြစ် အပျက်ပဲ ဖြစ်ဖြစ်၊ လုပ်ကြံထားတာပဲ ဖြစ်ဖြစ် ယောကျ်ားနဲ့ မိန်းမ မာနချင်းပြိုင်ရာမှာ ယောကျ်ားရဲ့မာနဟာ သဘာဝ အားဖြင့် ကြီးမြင့်တဲ့အဆင့်အတန်းမှာ ရှိတယ်ဆိုတဲ့ သာဓကကလေး တစ်ရပ်ပဲ'

'ပိုင်ဆိုင်သူနဲ့ အပိုင်ခံချင်သူတို့ရဲ့ အချစ်သဘာဝကို ရှင်းပြပါဦး ဆရာ'

'တကယ်ဆိုတော့ အချစ်ဆိုတာ မိန်းမက စထွင်တာ ပဲလို့ ပြောလိုက်ရင် အံ့အား သင့်သွားကြလိမ့်မယ်၊ ဒါပေ မယ့် အချစ်ရာဇဝင်မှာ အချစ်ဆိုတဲ့ ကိစ္စဟာ မိန်းမက စထွင်တာပဲလို့ စိတ်ပညာဆရာကြီးတွေက ပြောတယ်၊ မိန်းမက စထွင်တယ်ဆိုတဲ့စကားဟာ မရှင်းလှဘူး၊ မိန်းမက ယောကျ်ားကိုစပြီး ချစ်ခင်မြတ်နိုးလာအောင် မိန်းမက စပြီး ကြိုးပမ်းတာကို ပြောတာ'

'အချစ်မပေါ်ခင် ခေတ်တုန်းက လူတွေဟာ တခြား သတ္တဝါတွေလိုပဲ အိပ်၊ စား၊ ကာမဆိုတဲ့ ကိစ္စသုံးခုနဲ့ပဲ နေလာခဲ့တယ်၊ ကာမကိစ္စမှာ ယောကျ်ားဟာ မိန်းမကို အသုံးပြုတယ်၊ ဒီကိစ္စပြီးမြောက်ဖို့အရေးမှာ မိန်းမဆိုရင် ပြီးတာပဲ၊ ဘယ်မိန်းမရယ်လို့ မရွေးဘူး၊ ကိစ္စပြီးတော့ မိန်းမကို ဂရုမစိုက်တော့ဘူး၊ အသုံးခံပစ္စည်း သဘောမျိုးမို့ မိန်းမကို အထင်သေးတဲ့စိတ်ပဲ ရှိတယ်'

www.burmeseclassic.com

www.burmeseclassic.com



'အဲဒီလို မိန်းမဟာ အသုံးခံပစ္စည်းဘဝမှာ နေရပေမယ့် မိန်းမလဲ လူပဲ၊ လူဆိုတော့ မာန်မာန ရှိတာပေါ့၊ အသုံးခံဘဝနဲ့ ယောကျ်ားက သုံးပြီး ဂရုမစိုက်ဘူး၊ အထင်သေးခံရတော့ မိန်းမမှာ သူ့မာန အများကြီး ထိခိုက်ခံရတယ်၊ ဒီတော့ မိန်းမက သူ့တန်ဖိုးမြင့်တက်လာအောင် ကြိုးပမ်းတယ်၊ ဘယ်လိုကြိုးပမ်းသလဲဆိုတော့ ယောကျ်ားတွေက သူ့ကို အသုံးခံပစ္စည်းတစ်ရပ်အနေနဲ့ထားတာကို သူတို့က ယောကျ်ားတွေကို ယုယပြုစုပေးတယ်၊ ယုယပြုစုမှုကိုခံရတဲ့ ယောကျ်ားတွေလဲ လူပဲကိုး၊ ဒီတော့ သူတို့ရဲ့နှလုံးသားဟာ နူးညံ့ ပျော့ပျောင်းလာတယ်၊ မိန်းမက သူ့ တစ်ဘဝလုံးကို နှစ်ပြီး ယောကျ်ားကို လုပ်ကျွေးပြုစု ယုယကြင်နာလေတော့ ယောကျ်ားကလဲ ကျေးဇူးတုံ့ပြန်တဲ့သဘောနဲ့ ကြင်နာယုယလာတော့တာပေါ့၊ အဲဒီအခါမှာ အချစ်ဆိုတဲ့ တရား ပေါ်လာတယ်၊ မိန်းမဆိုတာ အသုံးပြုပြီး ပစ်လိုက်ရတဲ့ပစ္စည်းမျိုးမဟုတ်၊ အသုံးပြုပြီးတော့လဲ မိန်းမက အပစ်မခံဘဲ ပြုစုယုယတော့ ကာမဂုဏ်ကိစ္စထက် ယုယပြုစုမှုဟာ ပိုပြီး လေးနက်သိမ်မွေ့ပြီး စိတ်ချမ်းမြေ့ဖွယ် ဖြစ်လာတယ်ဆိုတာကို ယောကျ်ားက သဘောပေါက်လာတယ်၊ အဲဒီတော့မှ ယောကျ်ားက မိန်းမကို အသုံးခံပစ္စည်းရယ်လို့ သဘောမထားတော့ဘဲ ဘဝအဖော်ရယ်လို့ သဘောထားပြီး ကြင်နာယုယလာတယ်၊ မိန်းမရဲ့သိမ်မွေ့နူးညံ့တဲ့ အပြုအမူ အယုအယကလေးတွေဟာ ယောကျ်ားရဲ့ နှလုံးသားမှာ တံဆိပ်ခတ်လိုက်သလို အကြီးအကျယ် အရာထင်သွားတော့တယ်၊ အဲဒီတော့ ယောကျ်ားက မိန်းမကို ချစ်လာတယ်၊



ဒါကြောင့် အချစ်ရာဇဝင်မှာ မိန်းမက ယောကျ်ားကို အချစ်ပညာ သင်ပေးတယ်လို့ ဆရာ ဆိုလိုက်တာပေါ့'

'ဩ အင်း၊ မိန်းမက ယောကျ်ားကို အချစ်ပညာပေးတာ မှန်ပါပြီ၊ သူက ယောကျ်ားကို ပြန်ချစ်တာကကော ဆရာ'

'ဟင်း ဟင်း၊ အဲဒီအကြောင်းကို စိတ်ပညာဆရာကြီး သီအိုဒိုရိုက်ခ်က ဥပမာပေးတယ်၊ လူတစ်ယောက်ဟာ မခံချင်တာနဲ့ အိမ်နီးချင်းရဲ့ အိမ်ကို မီးရှို့တာ အိမ်နီးချင်းအိမ် မီးလောင်ပြီး မီးအရှိန်ဟပ်လို့ သူ့အိမ်လဲ မီးကူးပြီးလောင်ရောတဲ့၊ အဲဒီလိုပဲ မိန်းမက သူ့ကို အထင်သေးမခံရအောင် အချစ်ပညာပေးလိုက်တော့ ယောကျ်ားက အချစ်ကြီးချစ်ပါလေရော၊ အဲဒီ အချစ်မီးရှိန်ဟပ်ပြီး အစက မီးပျိုးပေးတဲ့ မိန်းမမှာလဲ အချစ်မီး လျှံလျှံညီးညီး တောက်လောင်တော့တာပေါ့၊ အဲဒါကြောင့် ပြောတာပေါ့၊ မိန်းမတွေဟာ သူချစ်ကို ရှာတယ်၊ ယောကျ်ားတွေကတော့ ကိုယ်ချစ်ကို ရှာသင့်တယ်လို့'

'ယောကျ်ားအချစ်နဲ့ မိန်းမအချစ် မူချင်းကွဲပုံ ဆက်ပြောစမ်းပါဦး ဆရာ'

'ယောကျ်ားအချစ်ကို ပြောရရင် ယောကျ်ားရဲ့ဘဝသဘာဝကို ပြောပြရဦးမယ်၊ ယောကျ်ားဟာ ဘဝ အခြေအနေအားဖြင့် လွတ်လပ်တယ်၊ ဦးစီးဦးဆောင်ပြုတယ်၊ သူ့အဖို့ အချစ်ဟာ သူ့ဘဝ လုပ်ငန်းဆောင်တာတွေထဲမှာ တစ်ခုအဖြစ်ပဲ ပါဝင်တယ်၊ သူ့မှာ အချစ်အပြင် တခြား

www.burmeseclassic.com

www.burmeseclassic.com



အလုပ်တွေ အများကြီးရှိသေးတယ်၊ အိမ်အပြင်ထွက်နေရတဲ့ လူမို့ အာရုံတွေများတယ်၊ အကြုံအတွေ့တွေများတယ်၊ ပြီးတော့ ယောကျ်ားရဲ့သဘာဝတစ်ခုကလဲ လောကြီးတယ်၊ စိတ်ဓာတ်ပြင်းထန်တယ်၊ အဲဒီတော့ သူ့အချစ်စိတ်ဟာလဲ မိန်းမ အချစ်စိတ်ထက် ပိုပြီး ပြင်းထန်တယ်၊ ပြီးတော့ ဆိုခဲ့တဲ့အတိုင်းပဲ ချစ်မိရင် ချစ်သူကို ပိုင်ချင်တယ်၊ ဒီတော့ ယောကျ်ားဟာ အချစ်ကိစ္စမှာလဲ ဦးဆောင်ရမှ ဖြစ်တယ်၊ မိန်းမဟာ ဘဝအခြေအနေအားဖြင့် မလွတ်လပ်ဘူး၊ အခု ခေတ်မှာ မိန်းမတွေ ဘယ်လိုပဲ လွတ်လပ်တယ် ပြောပြော သူတို့ရဲ့ ပင်ကို သဘာဝ အခြေအနေကတော့ ယောကျ်ားကို မမှီဘဲနဲ့ ဖြစ်ကို မဖြစ်ဘူး၊ ချစ်မိပြီဆိုမှဖြင့် သူ့ဘဝက သူ့ချစ်သူယောကျ်ားရဲ့ဘဝဖြစ်သွားရော၊ ပြီးတော့ သူ့အချစ် ဟာ ယောကျ်ားရဲ့ အချစ်လို ကမူးရှူးထိုး မဟုတ်ဘူး၊ လောမကြီးဘူး၊ သတိတရားအမြဲတမ်းရှိတယ်၊ ဘာဖြစ်လို့ ဒီလို ရက်ရက်ရောရော မလုပ်လိုက်ပါသလဲလို့ မေးတောင် မေးနေစရာမလိုပါဘူး၊ သူက ချစ်မိရင် ကိုယ်ရော စိတ်ရော သူ့ဘဝတစ်ခုလုံးရော ပုံအပ်လိုက်ရတာမို့ စဉ်းစားရလိမ့် မယ်၊ တကယ်ယုံရမှသာ ပုံပြီး အပ်နိုင်လိမ့်မယ်၊ ယောကျ်ား လို မဟုတ်ဘူး၊ ယောကျ်ားက အချစ်မှားသွားလဲ ဘာအရေး လဲ၊ သူ့အဖို့ နစ်နာသွားတယ်လို့ မရှိဘူး၊ သူ့ဘဝကို နှစ်ရတာမှ မဟုတ်ဘဲ'

'ဒါဖြင့် မိန်းမက ယောကျ်ားရဲ့အချစ်ကို သေသေ ချာချာ စမ်းသပ်ပြီး ယုံရမှ သူ့အချစ်ကို ပေးရမယ် ဆိုပါ တော့'



'ဒါပေါ့၊ သူ့အဖို့မှာ အချစ်ကို တကယ်တမ်း ပေးလိုက်ပြီ ဆိုကတည်းက သူ့ဘဝကိုပါ သူ့ချစ်သူ ယောကျ်ားကို အပ်နှံလိုက်ရတာ၊ အချစ်ကို မဆိုထားနဲ့ ရွှေငွေရတနာဆိုတဲ့ နောက်ထပ်ရှာယူရင် ရနိုင်သေးတဲ့ အဖိုးတန်ပစ္စည်းကိုတောင်မှ ယုံရတဲ့လူကိုသာ အပ်တယ် မဟုတ်လား၊ အချစ်ဆိုတာ တစ်ခါဆုံးသွားရင် ပြန်ရနိုင် တော့တာ မဟုတ်ဘူး'

'ဒီလိုဆိုရင် ယောကျ်ားက စ ချစ်မှ မိန်းမက ပြန်ချစ်ရမယ်လို့ ဆိုလိုရာမရောက်ပေဘူးလား'

'ဘယ်သူက ဘယ်တော့ချစ်ရမယ်လို့ ဘယ်သို့သော ပုဂ္ဂိုလ်က အမိန့်ပေးနိုင်မှာလဲကွယ်၊ ချစ်စိတ်ဆိုတာ နှလုံးသားထဲမှာ ပန်းပွင့်သလို ပွင့်ချိန်တန်တော့ ပွင့်လာ တာပဲ၊ ယောကျ်ားရဲ့အချစ်ကို မိန်းမက ခံယူပြီးတဲ့နောက် မှာ ကိုယ့်အချစ်ကို ကိုယ့်ချစ်သူယောကျ်ားကို ပေးတာဟာ သဘာဝ ပိုကျတယ်လို့ ထင်မိပါတယ်၊ တစ်နည်းပြန်ဆိုရရင် မိန်းမတွေဟာ သူချစ်ကို ရှာသင့်တယ်၊ သူချစ်ကို ရှာမှ ကိုယ့်ကို သူက ချစ်ခင် ယုယမှာပေါ့၊ ကိုယ်ကတော့ ကိုယ့်ကို ချစ်ခင်ယုယသူကို ပြန်ပြီး ချစ်နိုင်တယ်၊ မိန်းမ ဆိုတာ ယောကျ်ားကို အားကိုးချင်တဲ့စိတ် ရှိတဲ့ လူမျိုးပဲ ကွယ့်၊ ယောကျ်ားရဲ့ ယုယပိုက်ထွေးမှုကို သားသမီးငယ်က မိဘရဲ့ ယုယပိုက်ထွေးမှုကို လိုချင်သလိုပဲ လိုချင်တယ်၊ ယောကျ်ားရဲ့ရင်ခွင်ထဲမှာ နေရရင် ကျေနပ်ရွှင်လန်းနေတာပဲ၊ သူ့ကိုယ်သူ လူမမည်ကလေးလိုပဲ အောက်မေ့တယ်၊ ယောကျ်ားက ယုယုယယနဲ့ 'အချစ်ကလေး' လို့ ခေါ်လိုက်

www.burmeseclassic.com

www.burmeseclassic.com



ရင် အင်မတန်နှစ်သက်တာပေါ့၊ အဲဒီ အင်္ဂလိပ်လို Darling (ဒါလင်)လို့ ခေါ်တဲ့ စကားဟာ အဓိပ္ပာယ်က Dear Little Thing 'အချစ်ကလေး'လို့ အနက်မြန်မာပြန်နိုင်တယ်'

'ဟုတ်တယ် ဟုတ်တယ်၊ ယောကျ်ားက မိန်းမကို ချစ်စနိုးခေါ်တဲ့ နာမည်တွေမှာ 'လေး'လို့ထည့်ခေါ်တာလေ၊ ဥပမာ မခင်သန်းကြည်ဆိုတဲ့ မိန်းမကို သူ့ချစ်သူ ယောကျ်ားက ချစ်စနိုးခေါ်တဲ့နာမည်က 'ကြည်လေး'ပေါ့'

'ဟဲ ဟဲ ဒီလိုဆိုရင်ကွယ် မသာစုဆိုတဲ့ မိန်းမကို ချစ်မိတဲ့ ယောကျ်ားမှာ ချစ်စနိုးနာမည်ပြဿနာ အတော်ကြီး ပေလိမ့်မယ်၊ ဟင် သူဘယ်လိုခေါ်မှာလဲ၊ 'သာလေး'လို့ ခေါ်ရမလား၊ 'စုလေး'လို့ပဲ ခေါ်ရမလား ဟားဟားဟား'

'ဟာ ဆရာကလဲ၊ ဒီလိုဆိုတော့ နာမည်တစ်မျိုးနဲ့ လှည့်ခေါ်လိမ့်မပေါ့'

'ဟုတ်ပါတယ်လေ၊ သူ့ချစ်သူကို ဘယ်လိုပဲခေါ်ခေါ် အခေါ်ခံရတဲ့သူ ကျေနပ်ရင် ပြီးစတမ်းပေါ့၊ ကဲ ဒါနဲ့ ဆက်ပြောရဦးမယ်၊ မိန်းမတွေဟာ သူတို့ကို တကယ်ချစ်တဲ့ သူကိုမှ ယုံပြီး ပုံအပ်ကြတာပဲ၊ သူတို့ချစ်သူက သူတို့ကို တကယ်ချစ်မှန်းသိလေလေ သူတို့ရင်ထဲမှာ ရှိနေပြီးတဲ့ သူတို့အချစ်တွေဟာ ပိုလာလေလေပေါ့၊ မိန်းမဟာ ကိုယ် အထင်သေးတဲ့ ယောကျ်ားရယ်၊ အချစ်ကို ယုံယုံကြည်ကြည် မအပ်နှင်းထိုက်တဲ့ ယောကျ်ားရယ်၊ အဲဒီ ယောကျ်ားနှစ်မျိုးကို ဘယ်တော့မှ ပြန်မချစ်ဘူး၊ မိန်းမရဲ့အချစ် မြစ်ဖျားခံရာ



အရပ်ဟာ ယောကျ်ားအပေါ်မှာ အထင်ကြီးခြင်းပဲ ဖြစ်ရမယ်လို့ ဆိုချင်ပါတယ်'

'မိန်းမတွေဟာ ကိုယ့်အချစ်ကို မယုံကြည်အပ်တဲ့ လူကို မပေးဘူးဆိုပေမယ့် အခု ချစ်ဒုက္ခရောက်နေတဲ့ မိန်းမတွေဟာ သူတို့ကို လိမ်သွားတဲ့ လူတွေကိုချည်း ချစ်နေမိလို့ပဲ မဟုတ်လား'

'အဲဒါက အဆင်ခြင်နည်းလို့ရင်လဲ ဖြစ်မယ်၊ ဒါမှ မဟုတ်ရင် ဆင်ခြင်တော့ ဆင်ခြင်ပါရဲ့ ဒါပေမယ့် အတွက်မှားလို့ရင်လဲ ဖြစ်နိုင်တယ်၊ အစကတော့ ယုံကြည်ထိုက်တယ် ထင်မိလို့ ကိုယ့်အချစ်ရော ကိုယ့်ဘဝရော နှင်းအပ်လိုက်ပါရော၊ နောက်တော့မှ ကိုယ်ကိုးကွယ်တဲ့ ဘုရားဟာ ဖွတ်ထွက်တော့မှ တောင်ပို့မှန်း သိကြရတယ်၊ ဒါမျိုးတွေလဲ အများကြီးရှိတယ်၊ ကုသိုလ်ပေါ့'

'ဆရာ အစကပြောခဲ့တဲ့ မိန်းမတွေဟာ သူချစ်ကို ရှာသင့်တယ်၊ ယောကျ်ားတွေကတော့ ကိုယ်ချစ်ကို ရှာသင့်တယ် ဆိုတဲ့ စကားကို ပြန်ဆက်ပါဦး'

'အခု ပြောပြီးပြီ မဟုတ်လား၊ မိန်းမရဲ့အချစ် သဘာဝနဲ့ ယောကျ်ားရဲ့အချစ် သဘာဝဟာ ကွာခြားတယ်လို့၊ ယောကျ်ားကကိုယ်ချစ်ကိုရှာမှ ကိုယ်တစ်သက်လုံး ချစ်မြတ်နိုးပြီး ပြုစုယုယနိုင်မှာပေါ့၊ အဲဒီတော့ မိန်းမက သူ့ကို ပြုစုယုယတဲ့ ယောကျ်ားမို့ ပြန်ပြီးချစ်နိုင်ပေမယ်၊ ကမ္ဘာပေါ်မှာရှိတဲ့ မိန်းမတိုင်းဟာ ကိုယ့်အပေါ်မှာ တကယ် မေတ္တာစစ်နဲ့ ချစ်ပြီး ကြင်နာယုယတဲ့ ယောကျ်ားမျိုးကို လိုချင်ကြတာပဲ'

www.burmeseclassic.com

www.burmeseclassic.com



'အင်း ဒါတော့ အမှန်ပဲဆရာ'

'ယောက်ျားရဲ့အချစ်ဟာ ကောက်ရိုးမီးနဲ့ (တစ်နည်းအားဖြင့်) တူတယ်၊ မီးစွဲလွယ်တယ်၊ ညီးညီးပြောင်ပြောင် တောက်လောင်ဖို့လဲ လွယ်တယ်၊ မိန်းမရဲ့အချစ်ကတော့ ရှားမီးနဲ့တူတယ်၊ မီးစွဲဖို့ အတော်လုပ်ယူရတယ်၊ ဒါပေမယ့် စွဲပြီဆိုမှဖြင့် တရှိန်ရှိန်တက်ပြီး အကြာကြီး လောင်တယ်၊ ယောက်ျားတွေက ချစ်တယ်ဆိုရင် အလောတကြီးပဲ၊ ပြင်းပြင်းထန်ထန်ပဲ၊ မိန်းမတွေကတော့ ချင့်ချင့်ချိန်ချိန် ရှိတယ်၊ တဖြည်းဖြည်းမှ အချစ်ရှိန်တက်တက်လာတယ်၊ ယောက်ျားအဖို့ အချစ်ဟာ သူ့ဘဝရဲ့တစ်စိတ်တစ်ဒေသပဲ၊ မိန်းမအဖို့တော့ အချစ်ဟာ သူ့ဘဝတစ်ခုလုံးပဲလို့ ပညာရှိများက ဆိုတယ်'

'မိန်းမက ကိုယ်ချစ်ကိုရှာရင် ဘယ်လိုဖြစ်မလဲ ဆရာ'

မိန်းမဆိုတာ ချစ်ရတဲ့လူမျိုးတော့ မဟုတ်ဘူး၊ အချစ်ခံရတဲ့လူမျိုးပဲ၊ ဒါကိုမှ ကိုယ်ကချစ်နေတယ်ဆိုရင် ကိုယ်ပဲ ဒုက္ခရောက်မယ်၊ ကိုယ်ချစ်တဲ့ ယောက်ျားက ကိုယ့်ကို မချစ်ဘဲ သူများကို ချစ်နေတော့ ကိုယ့်အပေါ်မှာ ကြင်နာယုယမှု တကယ်တမ်း မရှိနိုင်ဘူး၊ ကိုယ်က ကြင်နာယုယတာကိုလဲ ယောက်ျားက မလိုလားလှဘူး၊ သူ့ချစ်သူရဲ့ ကြင်နာယုယမှုကိုသာ သူက ရအောင်ကြိုးစားနေမှာပဲကိုး၊ အဲဒီတော့ သဘာဝအားဖြင့် အားကိုးနေရတဲ့ မိန်းမသားခမျာမှာ အားကိုးရမယ့် ယောက်ျားကို အားမကိုးရရှာဘဲ ဒုက္ခလှလှကြီး တွေ့တော့တာပေါ့၊



'ဒါနဲ့စကားစပ်မိလို့ပြောရဦးမယ်၊ တစ်ခါက ရုပ်ရှင်အဖြစ် ပြသွားတဲ့ Home Before Dark ဆိုတဲ့ ဝတ္ထုထဲမှာ ဂျိန်းဆင်းမန်းက သူချစ်တဲ့သူကို ယူတယ်၊ အဲဒီလူက သူချစ်တဲ့မိန်းမ (ဂျိန်းရဲ့အစ်မ)ကို ရအောင်ကြိုးစားနေတယ်၊ ဂျိန်းကိုချစ်တဲ့ နောက်လူတစ်ယောက်ကတော့ ဂျိန်းကို မရတာနဲ့ မိန်းမတစ်ယောက်ယူပေမယ့် မကြာခင်ဘဲ ကွဲသွားပြီး ဂျိန်းနဲ့လွဲရလို့ သူ့ဘဝကို ရေစုန်မျှောနေတဲ့ အနေနဲ့ အရက်ချည်းသောက်နေတယ်၊ ဂျိန်းက ကိုယ်ချစ်ကိုရှာလို့ ဒုက္ခရောက်ရတယ်၊ စိတ္တဇဆေးရုံကိုတောင် ရောက်ရတယ်၊ နောက်ဆုံးကျတော့မှ သူချစ်ဖြစ်တဲ့ အရက်နဲ့ ပျော်သူနောက်ကို လိုက်သွားပြီးမှပဲ သူ့ဘဝ အခြေလှသွား တော့တယ်'

'ဟင် ဒါက ဝတ္ထုပဲဟာ'

'ဝတ္ထုကောင်းတို့ မည်သည်မှာ ဘဝအမှန်တရားရဲ့ သရုပ်ပြစာပေပဲပေါ့၊ လူ့ဘဝမှာ ဂျိန်းလို ကိုယ်ချစ်ကိုရှာလို့ ဒုက္ခရောက်ကြရတဲ့ မိန်းမတွေအများကြီးပဲပေါ့၊ ဂျိန်းလဲ နောက်ဆုံးကျတော့မှ ကိုယ်ချစ်ကိုမရှာနဲ့ သူချစ်ကိုရှာဆိုတဲ့ စကားအတိုင်း သူချစ်နောက်ကို လိုက်သွားတော့တာပေါ့ ကွယ်'

'အင်း ဒီလိုဆိုတော့ မိန်းမခမျာ သနားစရာပေါ့'

'သနားစရာပေါ့၊ အဲဒီလို သနားစရာ မိန်းမတွေ အတော်များများရှိတယ်၊ ယောက်ျားက အပြင်ထွက်ပြီး သောက်လိုက်၊ စားလိုက်၊ အလေလိုက်နဲ့ မိန်းမခမျာ အိမ်ကပဲ ထိုင်စောင့်နေရရှာတယ်၊ ယောက်ျားပြန်လာတော့

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကောင်း မရရှာဘူး၊ အနှိပ်စက် ခံရရှာသေးတယ်၊ ဒါကြောင့်မို့ မိန်းမများဟာ ကိုယ်ချစ်ကိုမရှာဘဲ သူချစ်ကို ရှာသင့်တယ်၊ သူချစ်ဆိုတာလဲ ရှိသေးတယ်၊ ချစ်လှချည်ရဲ့လို့ ချွဲချွဲပစ်ပစ် ဆိုလာတဲ့လူကိုလဲ သတိနဲ့ရှောင်ရမယ်၊ သူက ချစ်တယ်ဆိုတိုင်းလဲ မဟုတ်သေးဘူးလေ၊ သူတကယ်ချစ် မချစ်ကို အမျိုးမျိုး စုံစမ်းရမယ်၊ စမ်းသပ်ရမယ်၊ ပြီးတော့ ကိုယ်ကလဲ သဘောကျတဲ့လူဖြစ်ရဦးမှာပေါ့၊ ကိုယ်ကချစ်နိုင်တဲ့လူလဲဖြစ်မှ နောက်တော့ သူက ချစ်တဲ့အရှိန်နဲ့ ကိုယ့်ရင်ထဲမှာ ကိန်းအောင်းနေတဲ့ အချစ်ကိုလဲအရှိန်ဟပ်ပြီး ကိုယ်က ပြန်ချစ်နိုင်မှာပေါ့'

'ဒီလိုဆိုရင် မိန်းမရဲ့အချစ်ဟာ ယောကျာ်းရဲ့ အချစ်ကိုလက်ခံပြီးတဲ့နောက်မှ တကယ် စတယ်ဆိုပါတော့'

'ဟုတ်တယ်၊ မိန်းမများစွာတို့သည် မိမိတို့ကို ပြန်၍ချစ်ကြောင်း မသိရသေးမီ မိမိတို့၏အချစ်ကို လွှတ်မပေး၊ တစ်ခါတစ်ရံ ယောကျာ်းက ဖော်ပြသော အချစ်သည်လေးနက် ပြင်းထန်ပေသောကြောင့် မိမိ၏ အချစ်သည်လည်း ထူးခြားစွာ ပွင့်လန်းလာသည်လို့ ပြင်သစ် စာရေးဆရာမကြီး ဆီးမွန် ဒီ ဗော်ဗွားက ဆိုတယ်'

'ယောကျာ်းတွေဟာ သူချစ်ကို မယူသင့်တဲ့အကြောင်း ပြောစမ်းပါဦး'

'သူချစ်ကိုယူရင် မိန်းမက ဘယ်လိုပဲ ပြုစုယုယပေမယ့် မကျေနပ်ဘူးဗျ၊ အိမ်တောင်ပြုတယ်ဆိုတာ ဆရာတို့ရဲ့ ဆရာကြီး ဦးဖြိုး အမိန့်ရှိသလို လောကီအာရုံကာမဂုဏ်ကိစ္စတစ်ခုသာ ဖြစ်တယ်လို့ ထင်မှားမနေနဲ့ကွယ့်၊



ကာမဂုဏ်ကိစ္စမှာ ဘယ်လိုပဲ ကျေနပ်မှုရရ မိန်းမက အိမ်မှုရေးရာမှာ ဘယ်လိုပဲတော်တော် ယောကျာ်းမှာ စိတ်ကျေနပ်မှု မရဘဲနေတတ်တယ်၊ စိတ်ကျေနပ်မှုလို့ ပြောလိုက်တော့ သိပ်အဓိပ္ပာယ် မပေါက်လှဘူး၊ အင်္ဂလိပ်လိုတော့ emotional satisfaction တဲ့၊ မြန်မာလို emotion ကို ဒေါက်တာဘဟန် အဘိဓာန်က 'စိတ်လှုပ်ရှားခြင်း'လို့ အနက်ပေးတယ်၊ ဦးထွန်းငြိမ်း အဘိဓာန်က သူပေးသလိုပေးတယ်၊ ဦးထွန်းငြိမ်းက ဥဒ္ဒစ္စဖြစ်ခြင်းလို့ အပိုထည့်လိုက်သေးတယ်၊ တက်တိုး အဘိဓာန်ကတော့ 'အာရုံတွေ့ထိခံစားမိသော စိတ်'လို့ ပေးတယ်၊ အဲဒီအနက် ဝေါဟာရတွေကို တစ်ခုမျှမကြိုက်ဘူး၊ အင်္ဂလိပ်ဝေါဟာရရဲ့ အဓိပ္ပာယ်ကို မငုံမိဘူး၊ ကဲ ဆိုပါတော့ကွာ၊ စိတ်ထဲမှာ ဟာတာတာကြီး ဖြစ်ပေါ်နေတယ်ပေါ့၊ အဲဒါဘာကြောင့်လဲ၊ ယောကျာ်းက မိန်းမကို မချစ်ဘဲယူလို့ပေါ့၊ သူက ယောကျာ်းဆိုတော့ သဘာဝအားဖြင့် ချစ်ရမည့်လူမျိုး၊ အချစ်ခံရမည့်လူမျိုးမဟုတ်ဘူး၊ အဲဒီတော့ မိန်းမက သူ့ကို ချစ်ရှာလွန်းလို့ဘယ်လိုပဲ ပြုစုယုယပေမယ့် မကျေနပ်ဘူး၊ မိန်းမအပေါ်မှာ သံယောဇဉ်ရှိမယ်၊ ကြင်နာမှုရှိမယ်၊ အချစ်စစ်ဆိုတဲ့ ကြွေထည် ပစ္စည်းတော့ မရှိဘူး၊ ပလတ်စတစ်ပစ္စည်းလို ကြင်နာမှု၊ ထောက်ထားမှု၊ သံယောဇဉ်ဆိုတာတွေပဲ ရှိမယ်၊ ဒီတော့ သုံးလို့တော့ ရတာပေါ့၊ ဒါပေမယ့် သိပ်မဟန်ဘူးလေ၊ လင်မယား ကွဲချင်မှ ကွဲမယ်၊ ဒါက ကံအတိုင်းပဲကိုး၊ ဒါပေမယ့် စိတ်ချင်းတော့ မပေါင်းနိုင်ဘူး၊ အဲဒီတော့ လင်မယားဟာ မကွဲပေမယ့် မပျော်ကြဘူးပေါ့၊ မယားခမျာ

www.burmeseclassic.com

www.burmeseclassic.com



လဲ သူက ချစ်ရှာတဲ့အလျောက် ယုယပြုစုရှာတယ်၊ လင်က သူ့အယုအယ အပြုအစုကို ခံရပေမယ့် ကျေနပ်မှု မရဘူး၊ လင်ကလဲ မယားအပေါ်မှာ အကြင်နာတရားနဲ့ သံယောဇဉ်ကတော့ ရှိနေတာမို့ ခေါက်ခေါက်ရက်ရက် မလုပ်ချင်ဘူး၊ ပြီးတော့လဲ မယားမှာ အပြစ်ဆိုလို့ ဘာမှမရှိဘူး၊ အဲဒါခက်တာပေါ့'

'ဟုတ်ပါပြီ၊ နားလည်ပါပြီ ဆရာ၊ ဒီလိုဆိုတော့ ကိုယ်ချစ်ကိုရှာယူတဲ့ ယောကျ်ားအဖို့ ကိုယ့်မယားက ကိုယ့်အပေါ်မှာ ပြန်ပြီး အချစ်ပန်းပွင့်နိုင်တယ်၊ မိန်းမသဘာဝအတိုင်းဆိုရင် ကိုယ့်ကို မေတ္တာစစ်နဲ့ ချစ်ခင်ယုယတာ ခံချင်လို့မို့ ကိုယ့်လင်ကို ပြန်ချစ်နိုင်မယ်၊ ဒီတော့ ဆရာပေးတဲ့ဩဝါဒဟာ သူချစ်ကိုယ်ချစ် ပေါင်းစပ်မိနိုင်မယ့် ဩဝါဒပဲလို့ ဆိုရပေမယ်'

'ဒါကတော့အပြောပါ၊ ဖြစ်နိုင်ရင်လဲ ကောင်းတာပေါ့၊ ဒါပေမယ့် နောက်ဆုံးမှာတော့ ကံအတိုင်းပါပဲ၊ ကိုယ်ချစ်ကို ရှာတဲ့ ယောကျ်ားဟာ ကံမပါရင် ကိုယ်ချစ်ကို တွေ့မှာမဟုတ်ဘူး၊ ဒါပေမယ့်လဲ ကိုယ်က သတိဝီရိယနဲ့ ကြိုးပမ်းရင်တွေ့မယ်ဆို တွေ့နိုင်ပါလိမ့်မယ်၊ ဒါထက်အရေးကြီးတာက ရှာတာထက် တွေ့ကြုံလာတာကို စစ်ဆေးဖို့ပဲ၊ ငါ သူ့ကိုတကယ်ချစ်တာလားလို့ ယောကျ်ားက ကိုယ့်ကိုယ်ကို စစ်ဆေးသင့်တယ်၊ သူငါ့ကို တကယ်ပဲချစ်တာလားလို့ မိန်းမက အမျိုးမျိုး စမ်းသပ်စစ်ဆေး ဆင်ခြင်သင့်တယ်၊ အဲဒီလိုဆိုရင် ကိုယ်လိုချင်တဲ့ ကိုယ်ချစ်ကိုရနိုင်ဖို့ အကြောင်းလမ်းရှိတယ်၊ မိန်းမမှာလဲ ကိုယ်လိုချင်တဲ့ သူချစ်ကိုလဲ ရနိုင်ပါလိမ့်မယ်၊ ကဲ တပည့်ချစ်ရေ လိမ္မာပေတော့'။ ။

## အချစ်၏ သဘောတရား

လူငယ် စာရေးဆရာ တစ်ယောက်က 'သူချစ်ကိုယ်ချစ် ပြဿနာ' ဆောင်းပါးကို ဖတ်ပြီးလျှင် ပြီးချင်းပင် ကျွန်တော့်အား တယ်လီဖုန်းဆက်၍ ပြောသည်။ 'ဆရာ့ ဆောင်းပါးတွေကို ကျွန်တော်တို့ လူငယ်တစ်စု အတော်ပဲ စိတ်ဝင်စားပြီး ဖတ်ကြပါတယ်၊ ဆွေးနွေးကြပါတယ်၊ ကျွန်တော်တို့မှာ အရေးကြီးတဲ့ ပြဿနာတွေ အတော်ပဲ ရှင်းသွားပါတယ်၊ ကျွန်တော်တိုကတော့ ဆရာ့ဆောင်းပါးတွေဟာ သမားရိုးကျကို တော်လှန်တယ်လို့ ယူဆကြပါတယ်၊ ကျွန်တော်ကတော့ ဆရာ့ကို sentiment, fascination, lust တို့ရဲ့အကြောင်းတွေကို ဆက်ရေးစေချင်တယ်၊ ဆရာ့ကို ဆရာလုပ်သလို ကျနေတယ်ဆိုရင် ကျွန်တော် တောင်းပန်ပါတယ်'

ကျွန်တော်က 'ကျွန်တော့်မှာ လူကြီးရယ်၊ လူငယ်ရယ်လို့ ခွဲခြားမှု မရှိပါဘူး၊ လူငယ်က ဆရာလုပ်နိုင်တဲ့

www.burmeseclassic.com

www.burmeseclassic.com



နေရာမှာ ဆရာလုပ်တာ ကြိုက်တယ်၊ ဆရာမလုပ်နိုင်ဘဲ ဆရာလုပ်ရင်တော့ လူကြီးရယ်၊ လူငယ်ရယ် မခွဲခြားပါဘူး၊ ရှုတ်ချမှာပဲ၊ ခင်ဗျားပြောတဲ့ sentiment တို့၊ ဘာတို့ကို ကျွန်တော် မြန်မာလို ဘယ်လိုတိတိကျကျ ခေါ်ရမှန်းတောင် မသိသေးဘူး၊ ဒါပေမယ့် တတ်နိုင်သလောက် ရှာဖွေဖုံစမ်းပြီး ကြိုးစားပြီး ရှင်းပြမယ်၊ ကျွန်တော်တော့ လူငယ်တွေကို အားကိုးတယ်၊ သူတို့အသိဉာဏ် ဗဟုသုတတိုးမယ်ဆိုရင် ကျွန်တော် ပင်ပန်းရကျိုးနပ်တယ်၊ ခင်ဗျားပြောတာ မှန်ပါတယ်၊ အဘိုးကြီးလောကမှာ ကျွန်တော်တော့ တော်လှန်နေတာပဲ၊ အဘိုးကြီးဆိုတာလဲ ခင်ဗျား ကျွန်တော့်အာဘော်ကို သိပြီးမို့ အထူးပြောနေစရာ မလိုပါဘူး၊ ကိုယ်ပိုင်ဉာဏ် မသုံးဘဲ အမေမှာ မှာတဲ့အတိုင်း လိုက်လုပ်နေတဲ့ သမားရိုးကျ သမားတွေဟာ အသက်ငယ်ငယ်ကြီးကြီး အဘိုးကြီးတွေပဲဗျ’ဟု ပြန်ပြောလိုက်လေသည်။

ကျွန်တော်လည်း လူငယ်စာရေးဆရာနှင့် ပြောပြီးသည့်နောက် လူ့ဘဝ အဖြစ်သနစ်ကို ဉာဏ်စွမ်းရှိသလောက် လှမ်းမျှော်၍ ကြည့်မိပါသည်။ လူတွင်ရှိသမျှ ဆန္ဒအထွေထွေအနက် အကြီးဆုံးသော ဆန္ဒကြီးနှစ်ခုရှိကြောင်း သတိမူမိပါသည်။ မသေချင်သောဆန္ဒနှင့် ချစ်ချင် အချစ်ခံချင်သော ဆန္ဒတို့ပင် ဖြစ်သည်။ မိမိကိုယ်ကို အဆုံးစီရင်သွားသူတို့၏ စိတ်အခြေအနေကို လေ့လာသုံးသပ်သော စိတ်ပညာရှင်တို့က ထိုသို့သော သူတို့၌ပင်လျှင် မသေချင်သောဆန္ဒသည် ရှိခဲ့၏။ သို့သော် အဆုံးစီရင်ကာနီးတွင် နဂိုစိတ်ပျောက်၍ ရူးသွပ်သွားသောကြောင့်သာ မိမိကိုယ်ကို မိမိ



မည်သို့ ပြုမိမှန်း မသိရှာသည့်အလျောက် အဆုံးစီရင်လိုက်ခြင်း ဖြစ်သည်ဟု ဆိုကြသည်။

ချစ်ချင်သော ဆန္ဒနှင့် အချစ်ခံချင်သော ဆန္ဒတို့မှာ ပူးတွဲလျက်ရှိသည်။ ထို့ကြောင့် ဆန္ဒနှစ်ခု အဖြစ်မယူဆဘဲ အမြွှာပူးဆန္ဒတစ်ခုအဖြစ်သာ ယူဆရပေမည်။

အချစ်ဆိုသော ဝေါဟာရမှာ ဘာသာစကားတိုင်း၌ပင် အဓိပ္ပာယ်အမျိုးမျိုးဖြင့် နေရာတကာတွင် သုံးသဖြင့် လိုရင်းသို့ရောက်ဖို့ ခဲယဉ်းလှချေသည်။

‘ဟယ်၊ ကြောင်ကလေးက လှလိုက်တာ၊ ခင်တော့ သိပ်ချစ်တာပဲ’ဟု ပြောသော အမျိုးသမီးသည် သူ့ရည်းစားကိုလည်း ချစ်သည်ဟုပင် ပြော၏။ သူ့မိဘကိုလည်း ချစ်၏။ သူ့အစ်မ ညီမ မောင်ဖွားတို့ကိုလည်း ချစ်၏။ သူ့သူငယ်ချင်းများကိုလည်း ချစ်၏။ အချစ်အဓိပ္ပာယ် ဝေဝေဖြာလျက် ရှိပေတော့သည်။ ယောကျ်ားနှင့် မိန်းမ ချစ်ကြသည့်အချစ်ကို အချစ်ဟုခေါ်ပြီးလျှင် အခြားအချစ်တို့ကို မေတ္တာဟု ခေါ်လိုက်ပါက ရှင်းလင်းဖော်ပြရန် လွယ်ကူလာလိမ့်မလားဟု ကျွန်တော် ထင်မိပါသည်။ သတ္တဝါ ဝေနေယျတို့ကို ခွဲခြားခြင်းမရှိသော မွန်မြတ်လှစွာသော မေတ္တာတရားမှသည် သံယောဇဉ် ပူးတွဲလျက်ရှိသော မေတ္တာအထိ မေတ္တာဟုပင် ခေါ်ကာ ထိုမေတ္တာတရားအကြောင်းကို ချန်လှပ်၍ ယောကျ်ား မိန်းမ ချစ်ကြသည့် အချစ်အကြောင်းကို ရှင်းလင်းဖော်ပြပါရစေ။

အချစ်ဆိုသော တရား၌ သာမန် ခင်မင်မှုဖြစ်သော မေတ္တာတရားပါရှိပေသည်။ မိတ်ဆွေချစ်၊ ဆွေမျိုးချစ်

www.burmeseclassic.com

www.burmeseclassic.com



စသည့် ချစ်မေတ္တာတို့နှင့် ယောကျ်ား မိန်းမချစ်တို့ ကွာခြားပုံမှာ ယောကျ်ား မိန်းမချစ်တွင် မေတ္တာတရားသာ မက ကာမဂုဏ်စိတ်ဆန္ဒလည်း ပါသည်။ ကာမဆန္ဒ မကင်းသော်ငြား ကာမဂုဏ်တရား သက်သက်ချည်းကဲ့သို့ ပူပြင်းခက်ထန်ခြင်း မရှိပေ။ ကြင်နာယုယမှုတည်းဟူသော ကရုဏာ၊ သူ့ကိုမှ သူ့ကိုဟူသော ကြီးမားသော သံယောဇဉ်၊ သူ့အတွက် မိမိမည်မျှပင် နစ်နာပါစေ၊ သူ့အကျိုးသာ ထွန်းပါက ဆောင်ရွက်ရန် အသင့်ရှိသည်ဆိုသော အနစ်နာခံ စိတ်တည်းဟူသော စေတနာ ယင်းသို့သော စိတ်စေတနာ အဖြာဖြာသည် အချစ်စိတ်၌ လွန်ကဲစွာ ပါရှိသဖြင့် ကာမဆန္ဒသည် ထိပ်တန်းက မနေရချေ။ နောက်ဆွယ်က ပါရှိလေသည်။ ကာမဆန္ဒပင်လျှင် အဆိုပါစေတနာတို့၏ အဟုန်ကြောင့် ကြင်နာယုယမှုများ၌ အကျုံးဝင်သွားလေ တော့သည်။

ယောကျ်ား မိန်းမချစ်ဟု ကျွန်တော် အထူးသတိပြု၍ ခေါ်ထားပါသည်။ လင်ချစ် မယားချစ်ဟု လွယ်လွယ် မခေါ်လိုက်ပါ။ အကြောင်းကတော့ ထင်ရှားလှပါသည်။ လင်မယားဘဝသို့ ရောက်စေကာမူလည်း အချစ်ရှိချင်မှ ရှိမည်။ ချစ်သော်လည်း လင်မယားဘဝသို့မရောက်ကြဘဲ သင့်သလို တော်သလို နေသွားကြရသူများစွာလည်း ရှိချေ သည်။

မှတ်သားစေလိုသည်မှာ ကာမဂုဏ်ကို အကြောင်းပြု၍ အချစ်မပေါ်ထွန်းနိုင်။ အချစ်ကို အကြောင်းပြု၍ ကာမဂုဏ် ပေါ်ထွန်းနိုင်ကြောင်းပင် ဖြစ်ပါသည်။ ရှေးခေတ် အယူအဆ



မှာ မိန်းမနှင့် ယောကျ်ား လူကြီးများက ပေးစားလိုက်ရင် နောက်တော့ ချစ်သွားကြတာပဲ ဟူ၏။

ထိုအယူအဆသည် မှား၏။ ရှေးခေတ်က လူများသာ မက ယခုခေတ် လူများစွာပင်လျှင် အချစ်နှင့် ကာမဂုဏ် အတူတူပဲဟု ထင်နေကြချေသည်။

ကာမဂုဏ်ကို အကြောင်းပြု၍ သံယောဇဉ် ဖြစ်ပေါ် နိုင်ပါ၏။ သို့သော် အချစ်မဖြစ်ပေါ်နိုင်ပေ။ ကာမဂုဏ်ကို အရင်းတည်၍ မလေ့ထုံးစံတို့က ကြပ်မတ်ကာရံထားသော အိမ်ထောင်ရေးသည် အချစ်မပါဘဲနှင့် တစ်သက်လုံးတည်မြဲ နိုင်သည်။ ရှေးခေတ်ကဆိုလျှင် အကြောင်းအလှည့်သင့်၍ အိမ်ထောင် ပြုလိုက်သော်လည်း မိန်းမမှာ မလွတ်လပ်သည့် ဘဝ၌ ရှိသည့်အလျောက် အိမ်ထောင်ထိန်းသိမ်းရင်း သားသမီး မွေးရသဖြင့် အချိန်ကုန်သွားရရှာသည်။

ယောကျ်ားကမူ 'ယောကျ်ားကောင်း မောင်းမ တစ်ထောင်'ဟူသော စကားအတိုင်းပင် အငယ်အနှောင်းများ ထားလေ့ရှိကြသည်။ ဥရောပတိုက် ရှေးခေတ်၌ အယူအဆ တစ်ခု ရှိသည်။ 'အချစ်စစ်ကို အိမ်ထောင်ရေးတွင် ရှာ၍ မရနိုင်၊ အိမ်ထောင်အပ၌သာ တွေ့နိုင်သည်'ဟူ၏။

ယောကျ်ားနှင့် မိန်းမ ချစ်ကြရာဝယ် ကာမဂုဏ် စိတ်ကို အရင်းခံသည်ဟူသော အတွေးသည် အလွန် ရှေးကျ၍ မမှန်သောအတွေးဖြစ်သည်ဟု စိတ်ပညာဆရာ ကြီးများက ဆိုလာကြသည်။ ယခင်က ဖရွိုက်အစရှိသော စိတ်ပညာဆရာကြီးတို့သည် အချစ်၏ အကြောင်းရင်းနှင့်

www.burmeseclassic.com

www.burmeseclassic.com



အဓိပ္ပာယ်ကို ရှာခဲ့ကြလေရာ သူတို့ မြင်တွေ့သည်မှာ 'အချစ်ဟူသည် ထိန်းချုပ်ထားသော ကာမစိတ်' ဖြစ်ကြောင်း ပင်တည်း။

ထိုမြင်တွေ့ချက်သည် မှား၏။ အချစ်၏အကြောင်း ရင်းနှင့် အဓိပ္ပာယ်ကို စိတ်ပညာဆရာအချို့က ထပ်၍ ရှာဖွေကြသည်။ စိတ်ပညာဆရာကြီး သီအိုဒိုရိုက်ခ်က အောက်ပါအတိုင်း ဆိုသည်။

အချစ်စိတ်နှင့် ကာမစိတ်တို့သည် တွဲဖက်၍ နေတတ် သည်ကား မှန်၏။ ယင်းသို့ တွဲဖက်နေတတ်ရုံနှင့် ယင်းတို့ အတူတူချည်းဟု မဆိုနိုင်။ သင်သည် လူတစ်ယောက်နှင့် ချစ်ကျွမ်းဝင်သော်လည်း ထိုသူနှင့် ရုပ်ရည်ချင်းမတူနိုင်၊ ထိုသူ၏ ဆွေမျိုးသားချင်းမဟုတ်၊ အိမ်သား မဟုတ်နိုင်။ အချစ်စိတ်နှင့် ကာမစိတ်တို့မှာ ထူးထူးခြားခြားမတူပေ။ အရင်းခံ အကြောင်းတရားချင်း ကွာခြားလှသဖြင့် ယင်းတို့ သည် သဘောတရားချင်းမတူကြောင်း ထင်ရှားပေသည်။

ကွာခြားချက်များသည် ထိုနှစ်ခုကို သီးသန့် စိစဉ် ကြည့်လိုက်သော အခါတွင် အလွန် ထင်ရှားလာပေတော့ သည်။

ဥပမာ ကာမစိတ်သည် သွေးသားမှ ဖြစ်ပေါ်လာ၏။ အချစ်စိတ်သည် သက်ဆိုင်ရာ ပုဂ္ဂိုလ်၏ အတ္တမှ ထွက်ပေါ် လာသော စိတ်ကူးစိတ်သန်းမှ ပေါက်ဖွားလာလေသည်။ ကာမစိတ်တွင် သွေးသားတင်းကျပ်လာမှုကို ပြေပျောက် အောင် လုပ်လိုသော ဆန္ဒရှိ၏။



အချစ်စိတ်တွင်ကား မိမိ၏စိတ်၌ လိုနေ ဟာနေသော အကွက်ကို ဖြည့်တင်းလိုသော ဆန္ဒရှိသည်။ ကာမစိတ်၌ ကိုယ်ကာယ အာသာဆန္ဒ ပြေပျောက်ကျေနပ်မှုကို ရှာကြံ ဆောင်ရွက်ချင်သော ဆန္ဒရှိ၏။ အချစ်စိတ်၌ စိတ်ချမ်းသာ မှုကို ရှာလိုသော ဆန္ဒသာရှိသည်။ ကာမစိတ်သည် အာသာပြေပျောက်မှုအတွက် ကိုယ်ကာယတစ်ခုကို လိုချင် သည်။

အချစ်စိတ်သည်ကား (လူရောစိတ်ပါ ပူးပေါင်းထား သည့်) ဥပဓိရုပ် personality ကို လိုချင်သည်။ ကာမစိတ် သည် ပုဂ္ဂလဓိဋ္ဌာန်မထား။ အချစ်စိတ်သည် ပုဂ္ဂိုလ်စွဲ ဖြစ်သည်။ ကာမစိတ်သည် သတ္တဝါတို့၏ သဘာဝစိတ် ဖြစ်သည်။ အချစ်စိတ်သည် ယဉ်ကျေးမှုအနုပညာ ပေါက် ဖွားလာသည်။ကာမစိတ်သည် လူ၌လည်းရှိ၏။ တိရစ္ဆာန် ၌လည်း ရှိ၏။ အချစ်စိတ်ကိုမူ နှစ်ပေါင်း ထောင်ပေါင်း များစွာပင် လူသားတို့မသိကြကုန်။

ယခု (ယဉ်ကျေးသည့် ခေတ်)၌ပင်လျှင် အချစ်စိတ် ကို မသိနားမလည်သော လူအပေါင်းသည် သန်းပေါင်း များစွာ ဖြစ်ချေသည်။ ကာမစိတ်သည် ရွေးချယ်ခြင်းမရှိ။ (ချဉ်ချဉ်တူးတူး မူးရင်ပြီးရော သဘောထားမျိုးရှိသည်။) အချစ်စိတ်ကမူ တစ်ယောက်သောသူအပေါ်၌သာ ရှိသည်။ (သူ့ကိုမှ သူ့ကိုဟူသော သဘောထားမျိုးရှိသည်။) ကာမ စိတ်သည် အကြောအခြင်များကို ပြေစေသည်။ အချစ်စိတ် သည် စေတနာ အမျိုးမျိုးကို ဖွံ့ဖြိုးစေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကာမချမ်းသာနှင့် ပြည့်စုံသောသူသည် အချစ်စိတ်ကင်း၍ နေတတ်၏။ ကာမစိတ်သည် ကာမဂုဏ်ကိစ္စပြီးလျှင် ပျောက်ကွယ်သွားသည်။ ကာမဂုဏ်၏ အရသာကို စွဲစွဲမြဲမြဲ မမှတ်မိ။ ခံစားခိုက်၌ ကျေနပ်မွေ့လျော်၏။ ပြီးလျှင် မေ့သွားတတ်သည်။ ဟင်းကောင်းစားရသည့်အခါ စားနေခိုက်၌ ကျေနပ်၏။ နောက် မကြာခင် မေ့ပျောက်သွားသည်။ နောက်ထပ်၍ စဉ်းစားလိုက်လျှင် ကာမအရသာကို ဟင်းအရသာကဲ့သို့ပင် စေ့စေ့စုံစုံ မမှတ်မိတော့ပေ။ အချစ်စိတ်၌ကား အချစ်ခံရသူကို ပစ်ပယ်မှု လျစ်လျူရှုမှုဟူ၍ မရှိ။ အချစ်ခံရသူပြောသော စကားလုံးများကို တစ်လုံးမကျန် မှတ်မိသည်။ သူ့အပြုအမူများကို တစ်ခုမကျန် မြင်ယောင်နေသည်။

ကာမစိတ်သည် ဝရန်းသုန်းကားနိုင်လှ၏။ အချစ်စိတ်သည် နှစ်လိုဖွယ်သော ကဗျာနှင့် တူလှပေသည်။ ကာမဂုဏ်အတွက် အသုံးပြုခြင်းခံရသူကို ကာမဂုဏ်ကိစ္စမပြီးခင်သာ အရေးယူဂရုစိုက်သည်။ ပြီးသည်နှင့် တစ်ပြိုင်နက် ဂရုမစိုက်တော့။ ကန်ပစ်လိုက်ချေသည်။ အချစ်ခံရသူကိုမူ ချစ်သူက အမြဲမပြတ် အထူးဂရုစိုက်၍ ကြင်နာယုယ မြတ်နိုးလျက်ရှိပေသည်။

ရိုက်ခ်၏ ရှင်းတမ်းမှာ ရှင်းလှပေသည်။ ယခုခေတ်တွင် ကာမဂုဏ်စိတ်ကိုပင် အချစ်စိတ်ဟု ထင်မှတ်ကာ ရောစွက်တွေး ရော၍ခေါ် ခေါ်နေကြသည်။ အချစ်ဆိုသော စကားကို အမျိုးမျိုးအဖုံဖုံ သုံးနေသော အချစ်ဝတ္ထုရေးဆရာတို့သည် အချစ်၏ သဘောတရားကို လေးနက်စွာနားလည်ထားသင့်သည်ဟု ထင်မိပါသည်။



အချစ်မဟုတ် ကာမဂုဏ်ကိုပင် အချစ်ဟု စွဲမှားကာ မိမိတို့ ဝတ္ထုများတွင် သာ၍ကေတင်၍ ရေးသားဖော်ပြလိုက်ကြပါမူ အချစ်ဝတ္ထု ပရိသတ်တွင် အများဆုံးဖြစ်သော ငယ်ရွယ်သူတို့အဖို့ လမ်းမှားကြချေမည်။ စာပေ၏ ဩဇာသည် ကြီးမားလှ၏။ ထို့ကြောင့် လွဲမှားသော ဩဇာကိုပေးမိလျှင် ပေးသူ၌ တာဝန်ကြီးစွာရှိချေသည်။

ကျွန်တော်ကိုယ်တိုင် ငယ်စဉ်က အချစ်၏ လေးနက်သော အဓိပ္ပာယ်ကို ကောင်းစွာနားမလည်ခဲ့ပါ။ ကျွန်တော် သာမက ကျွန်တော်ကဲ့သို့ပင် များလှစွာသော ပုဂ္ဂိုလ်တို့သည်လည်း နားမလည်ကြချေ။

ရိုက်ခ် ဆိုသည့်အတိုင်းပင် အချစ်၏ အဓိပ္ပာယ်နှင့် သဘောတရားကို မသိနားမလည်ဘဲ သေသည်အထိ နေသွားသော ယဉ်ကျေးမှုနယ်အတွင်းရှိ သန်းပေါင်းများစွာသော လူတို့အထဲတွင် အပါအဝင်ဖြစ်ခါနီးအခြေသို့ ဆိုက်ခဲ့ပါသည်။ နောက်မှ လက်တွေ့ စိတ်ပညာကျမ်းစာအုပ်များ အတော်များများ ဖတ်ကြည့်ကာမှ အချစ်၏ သဘောတရားကို ရိပ်မိသယောင်ယောင် ရှိလာပါတော့သည်။

ဤနေရာတွင် စာဖတ်သူတို့တွင် စာမဖတ်တတ်သူ အတော်များများ ပါကောင်းပါချေမည် ဖြစ်သဖြင့် စာဖတ်တတ်အောင် အနည်းငယ်သတိပေး ညွှန်ကြားပါရစေ။ စာဖတ်လျှင် စာရေးသူနှင့် မိမိတို့ ဆွေးနွေးမည်ဟူသော သဘောထားမျိုးနှင့် ဖတ်စေချင်ပါသည်။

ဆွေးနွေးမည်ဟူသော စကားသည် ကြီးကျယ်လှသည်ဟု အချို့က ဆိုပေလိမ့်မည်။ မှန်ပါသည်။ ဆွေး

www.burmeseclassic.com

www.burmeseclassic.com



နွေးသည်ဟုပင် တစ်ဦးနှင့်တစ်ဦး အတွေးအခေါ် အပေးအယူ အညှိအနှိုင်းရှိရပေမည်။ စာဖတ်သူသည် စာရေးသူနှင့် ဆွေးနွေးသည်ဟု ဆိုရလောက်အောင် စာဖတ်သူ၌ စာရေးသူနှင့် တူညီသော အတွေးအခေါ်ပညာ ဗဟုသုတ ရှိချင်မှ ရှိမည်။

ယင်းသို့ မရှိပါဘဲလျက် အတွေးအခေါ် အပေးအယူ အညှိအနှိုင်း ဘယ်သို့လျှင် ပြုနိုင်ပါမည်နည်း။

ကျွန်တော် ဆိုလိုသော ဆွေးနွေးသည်ဆိုသော စကားမှာ သာမန်မျှသာ ဖြစ်ပါသည်။ စာရေးသူက တင်ပြသော အချက်အလက်များကို အကျိုးအကြောင်း ညီညွတ်ပြေပြစ်သလောဟူသော စိစစ်ခြင်းဖြင့် လက်ခံသင့် မသင့် စဉ်းစားချင့်ချိန်ရန်မျှသာ ဖြစ်ပါသည်။ အချို့သော အချက်အလက်များကို မိမိကိုယ်တွေ့ မိမိနှင့် နီးစပ်သူတို့၏ ကိုယ်တွေ့စသည့် ကိုယ်တွေ့အကြောင်းအရာများဖြင့် ဆက်စပ်ကြည့်နိုင်ပါ၏။ ကြည့်လည်းကြည့်သင့်ပါ၏။ သို့သော် ဤနေရာတွင် တစ်ဖက်သတ်အယူအဆ ဝင်တတ်ချေသည်။ သဘောတရားတိုင်း၌ ခြွင်းချက်ရှိသည်ဟူ၍လည်း မှတ်စေချင်သည်။

အချစ်နှင့် ကာမစိတ်မှာ ထင်ထင်ရှားရှား ကွဲပြားခြားနားပါလျက် ကာမစိတ်ကိုပင် အချစ်စိတ်ဟု အောက်မေ့နေကြသူ များလှချေသည်။ ကာမဂုဏ်ကို အရင်းခံ၍ အချစ်စိတ် ပေါ်လာသည်ဟု ထင်နေသူများစွာရှိသည်။ ကျွန်တော်တို့ ဆရာ ဆရာကြီး ဦးဖြိုးကဲ့သို့သော ရှေးဟောင်းပုဂ္ဂိုလ်ကြီး များစွာတို့သည် အိမ်ထောင်ရေးကို ကာမဂုဏ်ဖြင့် ဆောက်တည်ရသည်ဟု ထင်မှတ်နေကြကုန်၏။



ကာမဂုဏ်ကို မက်လုံးပေးပြီးလျှင် ထုံးတမ်းစဉ်လာများစွာတို့က ကာရံခြင်းဖြင့် အိမ်ထောင်ရေးစနစ်ကို တည်ဆောက်ထားကြလေသည်။ အချစ်စိတ်သည် ကာမဂုဏ်စိတ်မှ ပေါက်ဖွားလာသည်ဟု အချို့က ထင်မှတ်နေကြသေးသည်။ ကမ္ဘာကျော်စိတ်ပညာရှင်ကြီး ဖရွိုက်ကပင် အချစ်စိတ်သည် ကာမစိတ်ကို ထိန်းချုပ်ပြုပြင်ထားသောစိတ်ဖြစ်သည်ဟု ဆိုခဲ့သည်။

သို့ရာတွင် ဖရွိုက်၏ ထင်မြင်ချက်ကို ယခုခေတ်စိတ်ပညာဆရာများက လက်မခံကြတော့ပေ။ အချစ်စိတ်သည် ကာမဂုဏ်စိတ်မှ ပေါက်ပွားခြင်း မဟုတ်၊ ကာမစိတ်နှင့် မပတ်သက်ဘဲ ပေါ်ပေါက်လာနိုင်သည်။ သို့ရာတွင် အချစ်စိတ်မှ ကာမစိတ် ပေါက်ပွားနိုင်ကြောင်းကိုလည်း သတိမလစ်သင့်ပေ။ ယင်းသို့ ပေါက်ပွားလာနိုင်သော ကာမစိတ်မှာ အရိုင်းသက်သက် ကာမစိတ်မျိုး မဟုတ်ဘဲ နူးညံ့သိမ်မွေ့၍ ကြင်နာယုယမှု တစ်မျိုးမျှသာ ဖြစ်သည်။

ထို့ကြောင့် အချစ်စိတ်နှင့် တွဲဖက်ရောစပ်လျက် အချစ်စိတ်က ထိန်းအုပ်ကွပ်ကဲထားသော ကာမစိတ်သည် ချစ်သူတို့၏ ကြင်နာယုယမှုပင် ဖြစ်သဖြင့် ကာမစိတ်အရိုင်းသက်သက်နှင့် အလွန်ကွာခြားကြောင်း ထင်ရှားသည်။ အဝတ်အထည်ချင်း တူစေကာမူ ပိုးသားနှင့် ဖျင်ကြမ်းကဲ့သို့ ကွာခြားပေတော့သည်။

အချစ်၏ သဘာဝတွင် တစ်ယောက်နှင့်တစ်ယောက် အဖော်အဖြစ်နေခြင်း၊ တစ်ယောက်ကောင်းစားမှုကို တစ်ယောက် အားသွန်ကြိုးပမ်းကြင်နာခြင်း၊ ကြင်နာယုယ အပေးအယူရှိခြင်း၊ တစ်ယောက်အပြစ်ကို တစ်ယောက်က

www.burmeseclassic.com

www.burmeseclassic.com



ခွင့်လွှတ်ခြင်း၊ တစ်ယောက်ကိုတစ်ယောက် မြတ်နိုးကိုးကွယ်ခြင်း စသည့် အင်္ဂါလက္ခဏာများ ပါရှိသည်။ ယင်းသို့သော အင်္ဂါလက္ခဏာများ စုံညီသော အချစ်ရှိပါမှ လူ့ဘဝတွင် နေရကျိုး နပ်ပေတော့သည်။

အိမ်ထောင်ရေးတွင် ရှေးရှေးကာလကမူ အချစ်ကို ထည့်၍ မတွက်ကြချေ။ အိမ်ထောင်ရေးသည် လူမှုရေးကိစ္စ တစ်ခုမျှသာဖြစ်၍ ငွေကြေး ဂုဏ်ဒြပ်စသည့်အချက်များကို ဦးစားပေးကာ လူကြီးမိဘတို့က သားသမီးအတွက် စီစဉ်ပေးခဲ့သည်။ ထို့ကြောင့်လည်း အိမ်ထောင်ရေး အရှုပ်အထွေး အခက်အခဲတို့သည် ဝင်၍ လာကြကုန်၏။

အချစ်မရှိသော အိမ်ထောင်ရေးသည် ထွန်းကားခဲ့လေသည်။ ယခုခေတ်၌မူလူငယ်တို့သည် မိဘတို့၏ အစီအမံကို မခံယူဘဲ မိမိတို့နှစ်သက်ရာ တွဲဖက်၍ အိမ်ထောင်ပြုကြပေသည်။ ယင်းသို့ လူကြီးအစီအမံမခံဘဲ မိမိတို့သဘောအတိုင်း အိမ်ထောင်ပြုလိုက်ကြသော်လည်း အိမ်ထောင်တိုင်း မအောင်မြင်ချေ။

လူငယ်များ၌ မိမိတို့ အိမ်ထောင်ရေးကိစ္စကို လွတ်လပ်စွာ ဖန်တီးစီမံခွင့် ရခဲ့ကြသော်လည်း အချစ်နှင့်အကြိုက် မခွဲခြားတတ်သဖြင့် အိမ်ထောင်ဘက် အရွေးမှားတတ်ကြသည်။

အချစ်မပါသော အိမ်ထောင်ရေးသည် အပေါ်ယံသဘောအားဖြင့် မည်မျှပင်တင့်တယ် မည်မျှပင် ကြီးပွား မည်မျှပင် အောင်မြင်သည်ဆိုစေကာမူလည်း တကယ်တမ်း စိတ်ကျေနပ်မှု ရနိုင်မည် မဟုတ်သဖြင့် တကယ်တမ်း မအောင်မြင်နိုင်ပေ။



သို့သော် ခြွင်းချက်အကြီးစားတစ်ခု ထားခဲ့ပါရစေ။ အချစ်ကို နားမလည်သော များစွာသောင်းသောင်း လူအပေါင်းတို့အဖို့ အချစ်မပါသောအိမ်ထောင်ရေးမှာ မထောင်းသာပေ။ သူတို့သည် သဘာဝငှက်ကျေး တိရစ္ဆာန်များ ပျော်ကြသလို ပျော်ရွှင်နိုင်ပေလိမ့်မည်။ ယဉ်ကျေးမှု အနုပညာစိတ် ရွေးမျှ မရှိဘဲ အိပ်စားကာမ ဤသုံးဝဋ်သာ မွေ့လျော်လျက်ရှိသော ပုဂ္ဂိုလ်တို့အဖို့ အချစ်မလိုပေ။ လူ့သဘာဝ (သတ္တဝါသဘာဝ)၌ ကာမဂုဏ်သည်သာ လိုအပ်သောအရာဖြစ်သည်။ အချစ်မရှိဘဲနှင့် နေနိုင်သည်။

ရှေးခေတ်၌ အချစ်ဟူ၍ နားမလည်သော လူမျိုးများစွာ ရှိသည်။ ယခုခေတ်၌လည်း ယဉ်ကျေးမှု စက်ဝိုင်းအတွင်း၌နေသော အနုပညာစိတ် ခေါင်းပါးသူတို့အဖို့ အချစ်ကို နားလည်နေစရာ မလို။ တစ်ခါက (ယခုအတွင်းဝန်ဖြစ်နေသော ခေတ်ပညာတတ်ပုဂ္ဂိုလ်) ကျွန်တော့် မိတ်ဆွေတစ်ယောက်က 'တော်စမ်းပါကွ၊ အချစ်ဆိုတာ ဘာလဲ၊ လက်သည်းနဲ့ခြစ်တာလား၊ သက်သက်မဲ့ မင်းတို့လို စိတ်ကူးနဲ့ ရူးနေတဲ့လူတွေရဲ့ အရည်မရ အဖတ်မရ ကိစ္စပါကွာ'ဟု ကျွန်တော့်ကို ဆုံးမသည့်အနေဖြင့် ဆိုခဲ့ဖူးလေသည်။

ထိုပုဂ္ဂိုလ်သည် အလှည့်သင့်သလို အိမ်ထောင်ပြုပြီးနောက် ရောက်လေရာတွင် မယားငယ်များထား၍ ပျော်နေရှာသည်။ သူ့နည်းနှင့်သူ ကျေနပ်ပျော်ရွှင်နေပေတော့သည်။

'အချို့က အချစ်ဆိုတာဟာ တိရစ္ဆာန်မှာတောင် ရှိတယ်၊ ငှက်ကလေးတွေတောင်မှပဲ အဖိုနဲ့အမ မခွဲကြဘဲ ချစ်ကြသေးတာပဲ'ဟု ဆိုသည်။ မခွဲကြဘဲနှင့် တတွဲတွဲ

www.burmeseclassic.com

www.burmeseclassic.com



နေရုံနှင့် ချစ်ကြသည်ဟု မဆိုသာ၊ သံယောဇဉ်သည် စွဲမက်သော အာရုံကာမဂုဏ်မှလည်း ပေါက်ပွားနိုင်သည်။ အမြဲ မြင်တွေ့နေရုံနှင့်လည်း သံယောဇဉ်ဖြစ်နိုင်သည်။ အချစ်မှ ပေါက်ပွားသော သံယောဇဉ်တွင်ကား အမြဲတွဲချင်နေသော ဆန္ဒသည် ရှိ၏။ သို့သော် ထိုဆန္ဒထက်ကြီးမားသော ဆန္ဒတစ်ခု ရှိသေးသည်။

ချစ်သူက အချစ်ခံရသူ၏ အကျိုးကို အစွမ်းကုန်ဆောင်ရွက်လိုသော ဆန္ဒပင် ဖြစ်သည်။ အချစ်ခံရသူအဖို့ အကျိုးဖြစ်ထွန်းမည်ဆိုလျှင် တွဲမနေဘဲ ခွဲနေရမည်ဆိုလျှင်လည်း ခွဲနေပေမည်။ အနစ်နာခံလိုသော ဆန္ဒသည် ကြီးမားလှပေ၏။

အချစ်နှင့် ကာမဂုဏ်တို့သည် အသွင်အပြင် အတော်ပင် တူလှသည်ဖြစ်သဖြင့် သာမန်အားဖြင့် ခွဲခြားနိုင်တတ်ခဲလှတော့သည်။ လိုချင်တပ်မက်မှုသည် အချစ်မဟုတ်။ သို့သော် အချစ်ကြောင့် လိုချင်တပ်မက်မှု ပေါ်ထွက်လာနိုင်သည်။

လိုချင်တပ်မက်မှုနှင့် အချစ် ရောမှားတတ်သည်။ တပ်မက်မှုသည် အလိုပြည့်သည့်အခါ ငြီးငွေ့သွားတတ်သည်။ အချစ်ကား ငြီးငွေ့မှု လုံးဝမရှိ။ အကြိုက်ကိုမှုတည်၍ အိမ်ထောင်ပြုသူတို့သည် အကြိုက်တွေ့ခိုက်တွင် မွှန်ထူ၍ ကျေနပ်နေကြသည်။ အကြိုက်အီလာသောအခါ ငြီးငွေ့ လာတတ်သည်။ အချစ်၌ အီလာသည်ဟူ၍ မရှိ။

ချစ်ချင်းနှင့် အချစ်ခံခြင်းကို စဉ်းစားကြစို့။ ချစ်ခြင်းသည် မိမိက လုပ်ရသော အလုပ်ဖြစ်သည်။ အချစ်စစ်သည် တစ်ဖက်သတ်မျှသာ ဖြစ်သည်ဟု ဆို၏။ ထိုအဆိုသည်



မှန်၏။ တစ်ယောက်သောသူက တစ်ယောက်သော သူကို ချစ်လျှင် တစ်ယောက်သောသူက ပြန်၍ ချစ်ချင်မှချစ်မည်။ ချစ်ရမည်ဟုလည်း မဆိုသာ။ အတင်းချစ်ခိုင်း၍လည်း မရ။ သို့သော် ကိုယ်က သူ့ကို ချစ်ရာဝယ် သူက ကိုယ့်ကို ပြန်ချစ်လိမ့်မည်ဟူသော မျှော်လင့်ချက်သည် အမြဲတမ်း အရိပ်သဖွယ် ပါလာလေမည်။ သူက ကိုယ့်ကို ပြန်ချစ်မှာပဲဟူသော မျှော်လင့်ချက်အားကိုးအားထား သဖွယ် ဖြစ်တော့သည်။ သူက ကိုယ့်ကို ပြန်ချစ်မှ ကိုယ်က သူ့ကို ပြန်ချစ်မည်ဟု မဆိုလိုသော်လည်း အချစ်ခံချင်လှပေသေးသည်။ တစ်နေ့တော့ ကိုယ့်ကို ပြန်ချစ်မှာပဲဟူသော မျှော်လင့်ချက် ရောင်ခြည်မျှင်ကလေးကြောင့် ကိုယ်က သူ့ကို ချစ်အားရှိ၍ နေပေတော့သည်။

ကြင်နာယုယမှုအပေးအယူတွင် ကိုယ်က သူ့ကို ကြင်နာယုယလျှင် သူက ကိုယ့်ကို ပြန်၍ ကြင်နာယုယစေချင်သည်။ အဖျင်းဆုံးအားဖြင့် ကိုယ့်ကို မရက်စက်စေချင်။ ကိုယ့်ကြင်နာယုယမှုကို နှစ်သက်လိုလားစေသည်။ သို့ရာတွင် အချစ်သည် တုံ့ပြန်မှုကို လိုလားသော်လည်း တုံ့ပြန်မှု မရရှိရုံနှင့် ကိုယ့်အချစ်သည် ပြိုပျက်ခြင်း မရှိ။ ညှိုးနွမ်းရုံသာ ညှိုးနွမ်းချေမည်။

အချစ်၏ အစသည် အများထင်သလို အာရုံတစ်ခုခုက မဟုတ်။ 'ချစ်ခြင်းအစ မျက်စိက'ဆိုသည့် စကားတို့သည် လမ်းလွဲကို ညွှန်းလျက်ရှိချေသည်။ ချစ်ခြင်းအစသည် အချစ်ခံရသူကို ချစ်သူက အထင်ကြီးမှုပင် ဖြစ်သည်။ အချစ်၏ အရင်းအမြစ် သဘာဝကို ဆက်လက်ဆိုပါဦးမည်။

www.burmeseclassic.com

www.burmeseclassic.com

## ချစ်ခြင်းအစ

ချစ်ခြင်းအစ မျက်စိက’ဆိုသော ဆိုရိုးမျိုးသည် ပြဿနာကို ရှုပ်ထွေးစေသည်။ ‘စက္ခုရူပေန သံဝါသံ၊ ရာဂပုတ္တာ ဝိဇာယတိ’ဆိုသော ပါဠိစကားကို မြန်မာပြန်ထားခြင်းပင် ဖြစ်တန်ရာ၏။ ရာဂနှင့်အချစ် အဓိပ္ပာယ်တူဟန်ပြုထားသည်ကို တွေ့ရသည်။ စင်စစ်မှာကား ရာဂသည် အချစ်မဖြစ်နိုင်။ အချစ်တွင်ရာဂပါကြောင်း မငြင်းလိုသော်လည်း အချစ်၏ အဓိကအင်အားစုမှာ ရာဂ မဟုတ်ကြောင်းလည်း သိစေလိုပါသည်။

အချစ်နှင့် ရာဂ တူသည်ဟု ထင်သည်မှာ မဆန်းလှပေ။ ဦးဖြိုးကဲ့သို့သော ဆရာ ဆရာကြီးများသာမက နိုင်ငံခြား အရပ်ရပ်ရှိ ရှေးပညာရှိ ပုဂ္ဂိုလ်များစွာနှင့် လမ်းပေါ်က သာမန်လူစားအထိ ယင်းသို့နှင့်နှင် ထင်ကြရာလေကုန်၏။



စိတ်ပညာဆရာကြီး သီအိုဒိုရိုက်ခ်က သူ့စာအုပ်တစ်အုပ်၏ နိဒါန်း၌ သူကိုယ်တိုင် အော့စတရီးယားပြည် ဗီနာမြို့ ပန်းခြံကြီးတွင် အဘိုးကြီးနှစ်ယောက်ကို တွေ့ခဲ့ကြောင်း ဖော်ပြထားသည်။ အဘိုးကြီးနှစ်ယောက်သည် ခုံရှည်တစ်ခုပေါ်တွင် ထိုင်နေကြသည်။ နှစ်ယောက်စလုံး၌ ခန့်ညားသော ဥပဓိရုပ် ရှိကြသည်။ သူတို့ရုပ်ရည်ကို ကြည့်ရခြင်းဖြင့် သူတို့သည် အထက်တန်းပညာရှိများ ဖြစ်ကြောင်းကို သိသာနိုင်သည်။ တစ်ယောက်သောအဘိုးကြီးက သူ့အဖော်အား သူ့မြေးတစ်ယောက် မိန်းကလေးတစ်ယောက်နှင့် ဖြစ်နေရာ သူ့မြေး၏ မိဘများက သဘောမတူသဖြင့် အတော် စိတ်ဒုက္ခရောက်နေကြောင်း ပြောပြလေသည်။ ထိုအခါ အခြားအဘိုးကြီးက ‘ဒါဟာ သုက်ပိုးထတာပဲ’ဟု ဆိုလိုက်သည်။ ပထမအဘိုးကြီးသည် အတန်ကြာငြိမ်၍နေသည်။ ထိုနောက် လေးကန်သော လေသံဖြင့် ‘ဒါချည်းတော့ မဟုတ်သေးဘူး၊ အချစ်ဆိုလား ဘာဆိုလားကြောင့် ဖြစ်ပေလိမ့်မယ်’ဟု ဆိုလေသည်။

ထိုအဖြစ်အပျက်ကလေးဖြင့် နိဒါန်းသွင်း၍ ဆရာကြီးရိုက်ခ်က ‘အချစ်ဆိုတာ ဘာလဲ၊ သင် တကယ်သိရဲ့လား’ဟု မေးလိုက်လေသည်။

အချစ်စိတ်နှင့် လိင်စိတ် (သို့မဟုတ် ရာဂစိတ်) ကွဲပြားခြားနားချက်ကို ဆိုခဲ့ပြီးပါပြီ။ အချစ်စိတ် ဖြစ်ပေါ်လာပုံကို ဆိုရပေဦးမည်။

အင်္ဂလိပ်လို Love at first sight ‘မြင်မြင်ခြင်း အချစ်’ဆိုသော အဖြစ်မျိုးသည် တကယ်တမ်းမရှိကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ရိုက်ခ်က ဆိုသည်။ အချစ်စိတ် မပေါ်ခင်ကလေးတွင် သူ၏ စိတ်သန္တာန်၌ အချစ်စိတ်ပေါ်လာစေမည့် အကြောင်း လမ်းစ အခြေအနေ ရှိပြီးဖြစ်သည်။ မြင်မြင်ချင်း ချစ်သည် ဟု ဆိုခြင်းမှာ အပေါ်ယံ အမြင်ဖြင့်ပြောသော စကားရပ် မျှသာ ဖြစ်သည်။

ထိုအချစ်မျိုး ဖြစ်ပေါ်လာသူသည် သူ့၌ ချစ်ဖို့ အသင့်ရှိပြီးဖြစ်သည်။ သူ့ စိတ်သန္တာန်တွင် အချစ်စိတ်သည် ပန်းလို ပွင့်လာသည်။ ပန်းလိုပွင့်လာသည်ဟူသော ဥပမာကို ရှင်းပြပါမည်။ ပန်းပွင့်လာသည်ဆိုရာ၌ မပွင့်ခင် ပွင့်ဖို့ အခြေအနေ ရှိနှင့်ပြီး ဖြစ်သည်။ ထိုအခြေအနေအရ အခိုက်ကြုံလာသောအခါ ပွင့်လာလေတော့သည် ဆိုကြပါစို့။ ပွင့်တော့မည် ဖြစ်နေသော ပန်းချပ်ကလေးကို လေပြည် ကလေး တိုက်ခတ်လိုက်သဖြင့် ပန်းချပ်ကလေးများ ပွင့်လာ ကြသည်။ မိုးပြေးကလေး တစ်သုတ် ဖြန်းလိုက်သဖြင့်လည်း ပွင့်လာနိုင်သည်ဟူသော ဥပမာ၌ အလိုလိုဖြစ်လာသည် ဟူသော အဓိပ္ပာယ် သက်ဝင်သယောင်ယောင် ရှိသော်လည်း အမှန်မှာ အလိုလို မဟုတ်ပေ။ တိုက်တွန်းချက် အကျိုး ပြုချက်ကလေး ရှိနေသောကြောင့်ဟူ၍လည်း သတိပြုအပ်လှ ပေသည်။ အကြောင်းမရှိဘဲ အကျိုးသက်ရောက်မှု မရှိ နိုင်ပေ။ ဓမ္မတာပင်တည်း။

'အချစ်ဆိုတာ ဘယ်သူက ဘယ်လို တိုက်တွန်း တိုက်တွန်း ပေါ်ချင်မှ ပေါ်တာ၊ သူ့ဘာသာ သူ့စိတ်ထဲက ပန်းလိုပွင့်လာတာ'ဟု ဆိုသည်ကား မှန်လှပါ၏။



မည်သူကမျှ တိုက်တွန်း၍ မရဟူသော စကား၌ ချစ်ပါ ချစ်ပါ တစာစာ တောင်းဆိုနေ၍ မရသည်မှန်သော် ငြားလည်း ရှေ့ကပြဆိုခဲ့သော ဥပမာကဲ့သို့ပင် လေပြည် ကလေး မိုးပြေးကလေးမျိုး ရှိသေးသည်။ ယင်းတို့သည်ကား အချစ်ကိစ္စတွင် အဘယ်သို့နည်း။ အလျဉ်းသင့်သည့်အခါ ဖော်ပြပါမည်။

အချစ်စိတ်၏ မြစ်ဖျားခံရာကို ရှာဖွေကြပါစို့။ အချစ် စိတ် ပေါ်ပေါက်လာပုံကို သီအိုဒိုရိုက်ခ်က သိပ္ပံနည်းကျကျ ဖော်ပြထားသည်။ သူ့အလိုအားဖြင့် ချစ်စိတ်ပေါ်လာဖို့ ချစ်သူဖြစ်လာမည့် ပုဂ္ဂိုလ်၏ စိတ်သန္တာန်တွင် မကျေနပ်မှု ကလေး ရှိရမည်။ မိမိကိုယ်ကို မိမိ မကျေနပ်မှု ဖြစ်နေသည်။ မိမိ၏ စွမ်းရည်နှင့် အခြေအနေတို့ကို မကျေမနပ်ဖြစ်ကာ ဟာတိဟာတာ ဖြစ်နေရမည်။ ယင်းသို့ဖြစ်နေခြင်းကို ကာယကံရှင်ကိုယ်တိုင် သတိမူချင်မှ မူမိပေမည်။

မိမိဘာသာ ကျေနပ်နေသူတွင် ချစ်စိတ်ပေါ်၍ မလာနိုင်။ မိမိဘာသာ မကျေနပ်ဘဲ မိမိ၏ အခြေအနေ မိမိ၏ စွမ်းရည်တို့ထက် ပို၍လိုချင်သော စိတ်ကလေးသည် တနုံ့နုံ့ ရှိနေလေရာ မိမိကိုယ်တိုင် တိုးတက်အောင် မဆောင်ရွက်နိုင်သည့်အလျောက် မိမိထက်သာသူကို လှမ်းကြည့်ကာ ထိုသူ၏ အခြေအနေ အရည်အချင်း စသည်တို့ကို ယူ၍ မိမိအခြေအနေ အရည်အချင်းတို့နှင့် ပူးပေါင်းရောစပ်ကာ ယခင်က တနုံ့နုံ့ဖြစ်နေသော ဟာကွက် ကလေးများကို ဖြည့်ဆည်းလိုလှ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ဖြည့်ဆည်းလိုသော ဆန္ဒကြောင့် ထိုအခြေအနေ အရည်အချင်းတို့ကို ပိုင်သော ပုဂ္ဂိုလ်ကို ယူချင်လာသည်။ ထိုသို့ ယူချင်သော စိတ်သည်ပင်လျှင် အချစ်စိတ် ဖြစ်ပေသည်။

ဟာကွက်ကလေးများက ဖြည့်ဆည်းချင်စိတ် ပေါ်ပေါက်လာခြင်း အကြောင်းရင်းမှ စိတ်ကူးဉာဏ် ရင့်သန်သော လူတိုင်း၌ မိမိ၏ ပင်ကို အခြေအနေ အရည်အချင်း စသည့် ပစ္စည်းများ ပေါင်းစု၍ ခေါ်ဆိုအပ်သော 'အတ္တ'ထက် ပို၍ ကောင်းမွန်သော အဆင့်အတန်းမြင့်သော အဖြစ်ဟု ခေါ်ဆိုအပ်သော 'အတ္တမွန်'ဟူ၍ ရှိသည်။ ရှင်းရှင်းဆိုရလျှင် စိတ်ကူးရင့်သန်သူတိုင်း၌ မိမိအဖြစ်ထက်ပို၍ ဖြစ်ချင်သော ကြီးပွားတိုးတက်ချင်သော ဆန္ဒရှိ၏။

အကြမ်းဖျင်း ဥပမာပြရမည်ဆိုလျှင် ပညာပါရမီနည်းသူသည် ပညာတတ်ကြီးဖြစ်ချင်သည်။ ထိုသူအဖို့ မိမိ၏ နဂိုအဖြစ် (အတ္တ)ထက် ပို၍ မြင့်သော ပညာတတ်အဖြစ် (အတ္တမွန်) ရှိသည်။ ထိုအတ္တမွန်ကို သာမန်နည်းလမ်းအားဖြင့် မရနိုင်သည့်အလျောက် ထိုအခြေသို့ ဆိုက်လျက်ရှိသော ပုဂ္ဂိုလ်ကို လိုချင်လာသည်။

ဆိုကြပါစို့၊ ပညာပါရမီ မဖွံ့ဖြိုးသော်လည်း ပညာတတ် အဖြစ်သို့ ရောက်ချင်လှသော မိန်းကလေးသည် သူကိုယ်တိုင် သူ့တစ်သက်တွင် ပညာရှိကြီးမဖြစ်နိုင်သည့် အလျောက် ပညာရှိ ယောကျ်ားကို ချစ်ခြင်းဖြင့် သူ့ဘဝကို ထိုယောကျ်ား၏ ပိုမိုကြီးမားသော ဘဝတွင်းသို့ သွတ်သွင်းလိုက်နိုင်သည်။ ပညာရှိကြီးက သူ့ကိုယ်ကိုသာမက သူ့စိတ်



နှင့် သူ့ဘဝတို့ကိုပါ သိမ်းယူ၍ နှစ်ဘဝကို တစ်ဘဝတည်း ဖြစ်အောင် ပြုလုပ်ပေးခြင်းကို သူလိုလား၏။ ထိုလိုလားချက်မှ အချစ်စိတ် ပေါက်ဖွားလာပေသည်။

မိမိ၌ ချို့တဲ့ချက် (ဟာကွက်)မှ အထက်တန်းကိုချည်း လှမ်းမျှော်၍ ပေါ်ပေါက်လာသည်ဟူ၍ တစ်ထစ်ချ မှတ်ယူရန် မသင့်ပေ။ အထက်ပါ ဥဒါဟရဏ်ကိုပင် ဆက်၍ ဆိုပါရစေ။ ပညာရှိ ယောကျ်ားက သာမန်မိန်းကလေးကို ချစ်လျှင် ဘယ်သို့ စိတ်ထားရှိပါမည်နည်း။ သူကလည်း သာမန်မိန်းကလေး၏ အဖြစ်ကို အမွန်တမြတ်ထားသည်။ သာမန် ရိုးရိုးကလေးနေ ရိုးရိုးတွေး ရိုးရိုးလုပ်တာကလေးတွေကိုပင်လျှင် ပညာရှိ ယောင်္ကျားအဖို့ နှစ်သက်လိုလားသော အဖြစ်ပင် ဖြစ်ပေသည်။

သူသည် ပညာရှိအဖြစ်ကို မကျေနပ်ဘဲ သာမန်ဘဝကို လိုလားလေရာ ထိုသာမန်ဘဝ၌ရှိသော မိန်းကလေးကို ချစ်လာပေတော့သည်။

တစ်ခုတော့ မှတ်စေချင်သည်။ အချစ်စိတ်နှင့် အထင်သေးမှုတို့သည် ကမ္ဘာ့ရန် ဖြစ်ကြကြောင်းပင်ဖြစ်ပါသည်။

ယင်းသို့ဆိုလိုက်သဖြင့် ပြောင်းပြန်ယူ၍ ဆိုလျှင် ဖြစ်နိုင်မည်ဟူ၍လည်း တစ်ထစ်ချ မမှတ်ယူစေလိုပါ။ အထင်သေးစိတ်ရှိလျှင် ချစ်စိတ်မရှိနိုင်ဟု ဆိုသော် အထင်ကြီးလျှင် ချစ်လေရော့လားဟု မေးနိုင်ဖွယ်ရှိ၏။ အထင်ကြီးတိုင်း မချစ်ပေ။ အထင်ကြီးသည်ဟု ဆိုလိုက်လျှင် အထင်ကြီးခံရသူသည် အထင်ကြီးသူထက် ပို၍ မြင့်တက်သွားလေသည်။ အထင်ကြီးသူနှင့် အထင်ကြီးခံရသူ

www.burmeseclassic.com

www.burmeseclassic.com



တို့သည် အောက်လူနှင့် အထက်လူဖြစ်သွားတော့သည်။ သူတို့ ဘဝနှစ်ခု ပေါင်းစပ်၍ မရနိုင်ပေ။

ဘဝနှစ်ခု ပေါင်းစပ်နိုင်သည့် အခြေအနေရှိမှ ချစ်စိတ်သည် ပေါ်လာတတ်သည်။ ယခင် ဥဒါဟရဏ်မှာကဲ့သို့ ပညာတတ် ယောကျ်ားကို သာမန်မိန်းကလေးက အထင်ကြီးသည်နှင့်အမျှ ပညာရှိ ယောကျ်ားကလည်း သာမန် မိန်းကလေးကို (သူ့နည်းနှင့်သူ) အထင်ကြီးပေမည်။

ထို့ကြောင့် ချစ်စိတ်၌ မကျေနပ်စိတ်၊ အားကျစိတ်၊ တိုးတက်ကြီးပွားချင်စိတ်တို့ ပါသည်ဟု ဆိုရပေမည်။ ကိုယ့်အဖြစ်နှင့် မတင်းတိမ်ဘဲ ကိုယ့်အဖြစ်ထက် ပို၍ ဖြစ်ချင်သော မကျေနပ်စိတ်၊ တစ်ယောက်သောသူ၏ အဖြစ်ကိုကြည့်၍ သူလိုဖြစ်ချင်သော အားကျစိတ်၊ မိမိ၏ အဖြစ်ထက် တိုးတက်ကြီးပွားချင်သောစိတ်။

ယင်းသို့ ချစ်သူဖြစ်မည့် ပုဂ္ဂိုလ်၌ ချစ်စိတ်ပေါ်ဖို့ (ချစ်ပန်းပွင့်ဖို့) စိတ်အခြေအနေရှိပြီးသားမို့ မြင်မြင်ချင်းချစ်စသော အချစ်မျိုးဟူ၍ တကယ်တမ်း မရှိပေ။ အချစ်ခံရသူကို မမြင်ရသေးခင်ကတည်းက ချစ်သူ၏ စိတ်ထဲတွင် သူ့ရုပ်ပုံ ပေါ်ပြီးသားဖြစ်သည်။ ရုပ်ပုံဟု ဆိုရာ၌ ဓာတ်ပုံကို မဆိုလို။ သူ့စိတ်ကူး၌ပေါ်နေသော ရုပ်ပုံကို ဆိုလိုသည်။ ရည်စူးမျှော်မှန်းချက်ပင်တည်း။

ချစ်စိတ်သည် တစ်ကိုယ်ကောင်းသမားတို့၏ သန္တာန်တွင် မပေါ်ပေါက်နိုင်။ ဘဝချင်းပေါင်းစပ်၍ မိမိနှစ်သက်လိုလားသော သူ့အဖြစ်ကို မိမိ၏ ဘဝဖြင့် ပေါင်းစပ်ခြင်းဖြင့် ရယူလိုသော စိတ်ထားရှိသူ၌သာ ပေါ်ပေါက်နိုင်သည်။



မိမိ၏ ဘဝကိုပေး၍ သူ့ဘဝ၌ အထောက်အပံ့ဖြစ်စေလိုသော စိတ်မျိုးရှိသူသာလျှင် ချစ်စိတ်ရှိနိုင်သူဖြစ်ပေသည်။ ထို့ကြောင့် ထိုချစ်စိတ်မှ ပေါက်ပွားလာသော သူ့အတွက် အနစ်နာခံလိုစိတ်၊ သူ့ဘဝ ကောင်းစားရေးကို လိုလားသော စိတ်၊ သူ့ကို လေးစားကြည်ညိုသောစိတ်၊ သူ့ကို မြတ်နိုးသော စိတ် စသည့်စေတနာများပေါ်ပေါက်လာလေသည်။

ချစ်စိတ်သည် ရာဂထက်စော၍ ပေါ်ပေါက်တတ်သည်။ တစ်ခါတလေ တွဲဖက်၍ ပေါ်လာသည်။ သို့သော် ရာဂစိတ်နောက်ကလိုက်၍ မပေါ်နိုင်ပေ။ ရာဂစိတ်နောက်က သံယောဇဉ် ပေါ်ပေါက်လာနိုင်သည်။ ထိုသံယောဇဉ်ကြောင့် အိမ်ထောင်များစွာ မပြိုပျက်ဘဲ တည်နေကြောင်းကို အလျဉ်းသင့်သည့်အလျောက် ဆိုရပါမည်။

သီအိုဒိုရိုက်ခ်၏ အယူအဆသည် သိပ္ပံနည်းကျပေသည်။ စိတ်ပညာတွင် Emotion ဟု ခေါ်သော စိတ်သည် အရေးကြီးသော အစိတ်အပိုင်းဖြစ်သည်။ ချစ်ခြင်းအစကို ရှာဖွေရာ၌ ရှေ့က ဖော်ပြခဲ့သော စိတ်အခြေအနေမျိုးကို တွေ့ရသည်။ 'အိုးချင်းထား အိုးချင်းထိ၊ ကြိုးချင်းထား ကြိုးချင်းငြိ' ဆိုသော စကားသည် ရာဂစိတ် ဖြစ်ပေါ်လာတတ်သည့် အကြောင်းကိုပြသော ဆိုရိုးတစ်ရပ်မျှသာ ဖြစ်သည်။ နီးစပ်၍ ခင်မင်ရုံနှင့် ဆိုခဲ့ပြီးသော မကျေနပ်စိတ်၊ အားကျစိတ်၊ ကြီးပွားချင်စိတ်စသည့် Emotion များ မရှိလျှင် အချစ်စိတ် မပေါ်ပေါက်နိုင်ပေ။ ယောကျ်ားနှင့် မိန်းမ မိတ်ဆွေချစ်၊ မောင်နှမချစ်မျိုးဖြင့် ဘဝအတွေ့အကြုံများကို အတူတူခံစားနိုင်သော်လည်း ချစ်စိတ်မရှိသမျှ ဘဝနှစ်ခု၏ ပေါင်းစပ်နည်းမျိုး မဖြစ်ထွန်းနိုင်ပေ။

www.burmeseclassic.com

www.burmeseclassic.com



ချစ်စိတ်သည် ပေးသောစိတ်ပင်ဖြစ်၏။ ချစ်မိလျှင် ချစ်သူက အချစ်ခံရသူကို ပြုစုစောင့်ရှောက်လိုသည်။ သို့ရာတွင် သူ၏ သန္တာန်တွင် ချစ်စိတ်နှင့် အချစ်ခံချင်စိတ်တို့သည် ယှဉ်တွဲ၍ရှိသဖြင့် ချစ်သူက အချစ်ခံရသူ၏ အချစ်ကိုလည်း ခံယူလိုပေသေးသည်။

ချစ်ခြင်းအစနှင့် ပတ်သက်၍ စပိန်ပညာရှိကြီး ဂက်ဆက်ကမူ ချစ်သောသူကို နှလုံးသားက ရွေးချယ်သည်ဟု ဆိုလိုသည်။ သူက လူတို့သည် မိမိကိုယ်တိုင်ပင် မသိသော်လည်း မိမိတို့၏ ဇာတ်သရုပ်ကို ဖော်ပြသောအပြုအမူများစွာတို့ကို ပြုမူတတ်ကြသည်။ ချစ်သောသူရွေးချယ်ရာ၌လည်း ထိုသို့ပင်ဖြစ်သည်။ တစ်ယောက်သောသူ၏ နှလုံးသား မည်သို့ရှိသည်ဟူသော အချစ်ကို စိစစ်လိုလျှင် ထိုသူသည် မည်သို့သော သူမျိုးကို မိမိ၏ ချစ်သောသူအဖြစ် ရွေးချယ်သနည်းဟု မေးမြန်း စိစစ်ကြည့်နိုင်သည်ဟု ဆို၏။

သူ့အမြင်မှာ သီအိုဒိုရိုက်ခ်၏ သိပ္ပံနည်းအရ မဟုတ်ဘဲ နာမ်ဝိညာဉ် Spiritual နှင့် သက်ဆိုင်သည်ဟု ဆိုရပေမည်။ သိပ္ပံနည်းကို ကျော်လွန်၍ နက်နဲ သိမ်မွေ့စွာ တွေးခေါ်ခြင်းဖြစ်သည်ဟု ဆိုရပေမည်။

မြန်မာစကား ရိုးရိုးနှင့် ဆိုရလျှင် ချစ်ရေး ခင်ရေးသည် 'ရေစက်'ပေါ်တွင် တည်သည်။ ရေစက်ပါမှ ချစ်နိုင်သည်။ တစ်ယောက်သောသူ၏ နှလုံးသား၌ သာမန်နည်းများဖြင့် ရှင်းပြ၍ မဖြစ်နိုင်သော အသိကလေးများ ရှိသည်။ မိမိနှင့် ရေစက်ဆုံသူကို တွေ့လိုက်လျှင် သံလိုက်နှင့်တွေ့သော သံချောင်းကဲ့သို့ ဆွဲရာသို့ပါရသည်။ 'နှလုံးသား၌



ရှိသော အကြောင်းပြချက်များကို ဦးနှောက်က နားမလည်' ဟူသော စကားရပ်ကို သတိရမိပါတော့သည်။

နှလုံးသားနှင့် ဦးနှောက်တို့ အားချင်းပြိုင်ရာဝယ် ဦးနှောက်မှာ အကျိုးသင့် အကြောင်းသင့် တွေးခေါ်ချက်များ၊ ချိန်ဆချက်များ၊ ဆင်ခြင်သုံးသပ်ချက်များ၊ လက်နက်အပြည့်အစုံရှိသည် မှန်သော်ငြားလည်း နှလုံးသား၌ရှိသော လက်နက်ပုန်းများလောက် သတ္တိအင်အား မရှိချေ။ နှလုံးသားက တကယ်တမ်း စေစားလာသောအခါ ဦးနှောက်က မည်သို့ပင် တားဆီး ခုခံစေကာမူလည်း အညံ့ခံရလေတော့သည်။ အချည်းနှီးတည်း။ နှလုံးသားသည်သာလျှင် ဥပမိရုပ် (Personality) ၏ အချက်အချာဖြစ်သည်။ လူတို့သည် နှလုံးသား၏ စေစားမှုအတိုင်း လိုက်နာဆောင်ရွက်နေကြသည်သာတည်း။ 'လူတို့သည်ဟု ဆိုရာ၌ နှလုံးသားမာကျောသော သူတို့လည်း ရှိချေသေးသည်။ သို့ရာတွင် အသေအချာ စိစစ်ကြည့်လိုက်ပါမူ အလွန်ဆိုးသွမ်း ရက်စက်နေသောသူပင်လျှင် သူ့တစ်သက်၌ တစ်ကြိမ်တစ်ခါမျှပင် ဖြစ်စေ နှလုံးသား၏ စီမံမှုကို ခံလိုက်ရပေသေးသည်။ လူများစွာကို ရက်စက်စွာ သတ်ဖြတ်ကာ မေတ္တာတရားဟူ၍ စိုးစဉ်းမျှ မရှိဟု ဆိုရသောသူပင်လျှင် လှည်းလမ်းကြောင်းမှ ကောက်ရသော လူမမည်ကလေးကို ယုယကြင်နာစွာ မွေးမြူပေသေးသည်။

ချစ်ရေးခင်ရေး၌ နှစ်နှင့်နှစ်ပေါင်းလျှင် လေးဖြစ်သည် မဟုတ်ပါလားဟူသော သာမန်အတွက်အချက်မျိုးနှင့် မဆုံးဖြတ်နိုင်ပေ။ ဦးနှောက်ခမျာ ထိုမျှသာ တွက်နိုင်ပါတော့သည်။ နှလုံးသား၌ကား ဦးနှောက်က နားမလည်နိုင်သော

www.burmeseclassic.com

www.burmeseclassic.com



အတွက်အချက် အကြောင်းအရာများ ရှိပေသည်။ ကာယကံရှင် ကိုယ်တိုင်လည်း ဖော်ပြစွမ်းသည် မဟုတ်၊ ရင်ထဲ၌သာ သိနေပေသည်။ ဥပမာ ဉာဏ်ပညာဘက်တွင် နေလသဖွယ်ကိုးကွယ်ကြရသည့် ပညာရှိစာဆိုကြီး ဒန်တေးသည် သာမန်အတန်းအစား ပညာမဲ့ ဘီးယား ထရစ်စ်ဆိုသော မိန်းကလေးကို အသည်းနစ်အောင် စွဲချစ်လေသည်။ ဒန်တေးသည် နှစ်နှင့်နှစ် ပေါင်းလျှင် လေးဖြစ်သည်ဆိုသော ဦးနှောက်ကပေးသော ပညာနှင့် ဗဟုသုတ များစွာရှိပါလျက်နှင့် အဖိုးမတန်သော မိန်းကလေးကို အချစ်ကြီးချစ်သည်မှာ သာမန် ပုဂ္ဂိုလ်များအဖို့ အံ့သြစရာဖြစ်သည်။ ဒန်တေးကိုပင် အဆင်အခြင်နည်းသည်ဟု ဆိုချေမည်။ သို့သော် သူတို့၌ နှစ်နှင့်နှစ်ပေါင်းလျှင် လေးဖြစ်သည်ဟူသော ဦးနှောက်ပညာ ဗဟုသုတမျိုးသာရှိ၍ အဆုံးအဆမရှိ အပြောကျယ်လှစွာသော နှလုံးသား၏ ပညာဗဟုသုတ မရှိကြောင်း ထင်ရှားလှတော့သည်။

နှစ်ခုလတ် မစ္စစ် ဆင်မဆင်ကို ထီးနန်းနှင့် လဲယူလိုက်သော အေဒွက်ဘုရင်ဟောင်း ဝင်ဆာမြို့စားကြီးသည် ဘုရင်ဘဝမှာကဲ့သို့ မနေရရှာ၍ မိမိဘဝကို စိတ်နာမည်ထင်လျှင် မှားလိမ့်မည်။ သူသည် သူ့ဘဝကြင်ဖော် နှစ်ခုလတ် ဆင်မဆင်နှင့် ကျေနပ်ပျော်ရွှင်လျက် ရှိနေပေသည်။

အချစ်၏ အဓိပ္ပာယ်ကို နားမလည်ရှာဘဲ အချစ်ဆိုသည် ရာဂ၏ နာမည်တစ်မျိုးမျှသာ ဖြစ်သည်ဟူသော အထင်မှားမှုဖြင့် နေထိုင်လျက်ရှိသော သတ္တဝါအပေါင်းတို့အဖို့ အိပ်စားကာမဖြင့် ကျေနပ်ဖွယ် ရွှင်လန်းဖွယ် အခြေအနေ ရှိပေသည်။ အချစ်အဓိပ္ပာယ်ကို နားမလည်စေကာမူ ချစ်တတ်သော စွမ်းရည်သတ္တိရှိသည့် နှလုံးသားရှိသော ပုဂ္ဂိုလ်တို့သည် လောက၌ ပင်ပန်းဆင်းရဲကြကုန်၏။ သို့ရာတွင် ထိုပုဂ္ဂိုလ်တို့အား အချစ်နှင့် ဒုက္ခတို့ကို ဖိုးသာဝ နွားသိုးကြီးဘဝမျိုးနှင့် လဲမည်လားဟု မေးလာပါမူ ဒုက္ခအမျိုးမျိုးကို ခံစားပါရစေ၊ အချစ်ကိုတော့ လက်မလွှတ်လိုပါဟု ဆိုကြပေမည် မှချတည်း။



www.burmeseclassic.com

www.burmeseclassic.com

# ပျားရည်သော်တာ ဟိုတယ်မှာ ၁

အချစ်၏ အစအကြောင်းကို ဖော်ပြခဲ့ပြီးလေပြီ။ မကြာသေးမီ အမေရိကန်ပြည်ထုတ် True Love (အချစ်စစ်) မဂ္ဂဇင်းတွင် ဖတ်လိုက်ရသော စာတစ်ပုဒ်တွင် အချစ်စစ် စတင်ဖြစ်ပေါ်လာသည့် အကြောင်းနှင့် ဖြစ်လာသောအကြောင်းကို အရင်းခံ၍ အိမ်ထောင်ပြုရာတွင် ထိုအိမ်ထောင်ပြုမှုသည် အောင်မြင်ဖွယ်အကြောင်းလမ်း ရှိမရှိကို စိစစ်ထားပေသည်။ စိတ်ဝင်စားဖွယ် ကောင်းလှသည်။ အချစ်စစ်၏ သဘာဝကို ညွှန်းထားသဖြင့် အလင်းရောင်ပေးပေသည်။ ထို့ကြောင့် ထိုစာပုဒ်ကို အောက်တွင် မြန်မာပြန်၍ ဖော်ပြလိုက်ပါသည်။

ထိုဆောင်းပါး၏ နိဒါန်းတွင် ဆောင်းပါးရှင် စာရေးဆရာမ 'ဂရက်တာ ဘေကာ'က အမေရိကန်နိုင်ငံ၌ စိမ်းလန်းစိုပြည်သော ဖလော်ရီဒါပြည်နယ်တွင် နွေဦးရာသီသည် အလွန်သာယာပေသည်ဟု ဆိုပြီးနောက် ဖလော်ရီဒါတွင်ရှိသော နာမည်ကျော် 'ဟန်းနီးမွန်းဟိုတယ်'၌



လက်ထပ်ပြီးစ လင်မယားငါးဦး တည်းခိုနေကြကြောင်း၊ ရကာစ လင်မယားတို့သည် သူတို့၏ ဘဝကို နှစ်သက်ကြည်နူးလျက်ရှိကြောင်း စသည်ဖြင့် ဖော်ပြထားသည်။

ဟိုတယ် ဝရန်တာပေါ်တွင် ဓာတ်သီချင်းစက်မှ သီချင်းသံသည် လေထဲတွင် ပျံ့လွင့်လျက်ရှိသည်။ ဝရန်တာအောက်၌ရှိသော အသည်းပုံ ရေကူးကန်ထဲတွင် ရွှေရောင်ဆံပင်နှင့် မိန်းကလေးတစ်ယောက်သည် ဆံပင်ညိုညိုယောကျ်ားတစ်ယောက်အနီးတွင်တိုးဝှေ့လျက် မိန်းကလေးက ယောကျ်ားကို 'ဒီသီချင်းထဲကအတိုင်းပဲ ကျွန်မ စိတ်ထဲမှာ ဖြစ်နေတာ၊ မောင့်ကို ဘာဖြစ်လို့ ဒီလောက်ချစ်မှန်းတော့ မသိဘူး၊ ချစ်နေတာကိုပဲ သိတယ်' ဟု တိုးတိုးကလေးပြောလိုက်သည်။ ထိုနောက် သူသည် ဓာတ်ပြားသီချင်းကို လေသံကလေးဖြင့် လိုက်၍ ဆိုနေသည်။ ယောကျ်ားက သူ့ကို လှည့်၍ နမ်းလိုက်ပြီးလျှင် 'ဘာကြောင့်ပဲ ချစ်ချစ်ပေါ့ကွယ်၊ ချစ်ရင်တော်ပါပြီ'ဟု ဆိုလိုက်လေသည်။

ယင်းသို့ နိဒါန်းပျိုးပြီးနောက် လက်ထပ်ပြီးစ အကြင်မိန်းကလေး ငါးဦး၏အကြောင်း အကျဉ်းချုပ်တို့ကို တစ်ဦးစီခွဲ၍ ဖော်ပြသည်။ တစ်ဖန် တစ်ဦးစီနှင့်ပတ်သက်၍ သူတို့၏ အချစ်နှင့် အိမ်ထောင်ရေး ရှေ့အလားအလာတို့ကို ခန့်မှန်း ဝေဖန်ပြသည်။

အမျိုးသမီး ငါးဦးအကြောင်းကို အောက်တွင်ဘာသာပြန်ပေးလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်းနံပါတ် ၅၁၁၊ ရှသ်

ရှသ်သည် နှစ်ယောက်အိပ် ခုတင်ပေါ်၌ နူးညံ့ပျော့ပျောင်းသော ပန်းရောင်ခြုံလွှာအောက်တွင် ကွေးနေရင်း ပြတင်းပေါက်မှ ပင်လယ်ပြင်ကျယ်ကြီးကို ငေး၍ကြည့်နေလေသည်။ မိုးတိမ် ကင်းစင်သော ကောင်းကင်လမင်းသည် ကြည်လင်ဖြူဖွေးသော အရောင်ကို ချောမွေ့ ပြန့်ပြူးနေသော ရေမျက်နှာပြင်ပေါ်သို့ ပျံ့နှံ့စေလေသည်။ ဝရန်တာဘက်သို့ ထွက်သော တံခါးမှာပွင့်နေလေရာ ထိုတံခါးမှ ကမ်းခြေကို တဖျပ်ဖျပ်ရိုက်နေသော လှိုင်းသံတို့သည် ဝင်လာကြသည်။ ရှသ်သည် သူ့ဖခင် နှစ်ပေါင်း များစွာက ပေးသွားသော သိုးရုပ်ကလေးကို ကောက်ကိုင်ပြီးလျှင် ခေါင်းကို ချစ်စနိုးဟန်ဖြင့် ပွတ်သပ်ပေးလေသည်။

သိုးရုပ်ကလေး၏ နာမည်ကိုခေါ်ကာ သိုးရုပ် ကလေးကိုပင် တိုးတိုးပြောပြလေသည်။ 'အင်တရိုရေ၊ မင်း အခုမြင်နေတာဟာ ကမ္ဘာပေါ်မှာ ကံအကောင်းဆုံး မိန်းကလေးပေါ့၊ အပျော်ဆုံးလဲ ဟုတ်တယ်၊ ဘာဖြစ်လို့ ဒီလောက်တောင် ကံကောင်းပြီး ဒီလောက်တောင်ပျော်နေရတာလဲ သိလားဟင်၊ ဒီညဟာလဲ အဲဒီသူငယ်မလေးရဲ့ မင်္ဂလာဆောင် ညကွယ့်၊ သူနဲ့မင်္ဂလာဆောင်တဲ့လူက ဟောဒီ လောကကြီးမှာ ချစ်ဖို့အကောင်းဆုံး လူတစ်ယောက်ပဲကွယ့် သိရဲ့လား'

သူက သိုးရုပ်ကလေးကို ယင်းသို့ပြောနေခိုက်တွင် တစ်ဖက်၌ရှိသော ရေချိုးခန်းထဲမှ သီချင်းဆိုနေသော



ယောက်ျားသံကို ကြားရသည်။ ရှသ်သည် သူနှစ်သက်သော တေးသံကို ကြားရသဖြင့် ကျေနပ်ပြုံး ပြုံးလျက်ရှိသည်။ ထိုသီချင်းမှာ ယခုအခါ ခေတ်ဟောင်းသီချင်းဖြစ်နေပြီ။ သူ့ခင်ပွန်း ရှယ်ဒန် သူ့အသက်အရွယ်လောက်တုန်းက ခေတ်စားသော သီချင်းဖြစ်သည်။ သို့ရာတွင် ထိုသီချင်း မှာ သူ့မင်္ဂလာည အချိန်အခါနှင့် အတော်ပင် ပနံသင့် ပေသည်။ သီချင်း၏ အမည်မှာ I married an Angle 'ကျွန်တော် နတ်သူဇာတစ်ယောက်နဲ့ အိမ်ထောင်ပြုတယ်' ဖြစ်သည်။

ရှသ်သည် လသာလျက်ရှိသော ကောင်းကင်ကို မော့ကြည့်ပြီးနောက် ငြိမ်သက်လျက်ရှိသော ပင်လယ်ပြင်ကို ငုံ့ကြည့်လိုက်သည်။ 'ဒီလောက်သာယာတဲ့ရှုခင်းကို မင်း မြင်ဖူးရဲ့လားဟင်၊ ရှိတ်စပီးယားပြဇာတ်ထဲက ရိုမီယိုနဲ့ ဂျူလီယက်တို့ဟာ ဒီဝရန်တာလောက် အဆင်ပြေလှတဲ့ ဝရန်တာပေါ်မှာ ချစ်တင်းနှီးနှောကြရတာ မဟုတ်ဘူး' သူ့ အရုပ်ကလေးကို ဆက်လက် ပြောပြနေပြန်သည်။

အင်္ဂလိပ်ပြဇာတ်ဆရာကြီး ရှိတ်စပီးယား၏ ရိုမီယို ဂျူလီယက် ပြဇာတ်ကို ရှသ် အကြိုက်ဆုံး ဖြစ်သည်။ ထို ပြဇာတ်ကြောင့်လည်း သူနှင့် ရှယ်ဒန်တို့ နီးစပ်လာခဲ့ကြ ရသည်။ သူသည် လွန်ခဲ့သည့် နှစ်နှစ်ခန့်က သူတို့ နှစ်ယောက် စ၍ တွေ့ကြသည့် အချိန်အခါကို ပြန်၍ တွေးကြည့်လိုက်သည်။ စက်တင်ဘာလ ကျောင်းဖွင့်ချိန်တွင် ကျောင်းသို့ ဆရာသစ်အချို့ ရောက်လာကြသည်။ ယင်း တို့တွင် တစ်ယောက်သော ဆရာအကြောင်းကို ကျောင်းသူ

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားများ စိတ်ပါဝင်စားစွာ ပြောဆိုဆွေးနွေးကြသည်။

ထိုဆရာမှာ အင်္ဂလိပ်စာဆရာ ရှယ်ဒန်ပတ်စခ် ဖြစ်သည်။ သူသည် ရုပ်ရည်ချောမောရုံသာမက ပြဇာတ် ကပြရာတွင်လည်း တစ်ပြည်နယ်လုံး၌ နာမည်ရခဲ့သည်။

ရုသ်သည် ရှယ်ဒန်၏ အခန်းသို့ ရောက်သွားသဖြင့် အထူး ဝမ်းမြောက်ခဲ့လေသည်။ အထက်တန်း ကျောင်းသူ ကျောင်းသားများအဖို့ ပြဇာတ်တစ်ခု ရုံတင်မည်ဟု ကြားရသောအခါ ရုသ်သည် အစမ်းခံဖို့ စိတ်အားထက်သန်စွာ စောင့်လျက်ရှိသည်။ အစမ်းခံမည့်နေ့တွင် မိန်းကလေးများစွာသည် မည်သူ့အား ဇာတ်လိုက်အဖြစ် အရွေးခံရမည်ကို သိလိုဇောဖြင့် ဘဝင် တလှပ်လှပ်ဖြစ်နေကြသည်။

ဇာတ်လိုက် ဂျူလီယက်အခန်းတွင် ပါဝင်ကပြရမည့် ကျောင်းသူကို ရွေးချယ်ရာ၌ ရုသ်သည် စိတ်စောလွန်း ဘဝင်တုန်လွန်းလှသဖြင့် ဇာတ်စကားဆိုနေခိုက်တွင် အထစ်ထစ် အငေါ့ငေါ့ ဖြစ်သွားကာ ရှက်မွန်ထူပြီးလျှင် မျက်ရည်စမ်းစမ်းနှင့် ဇာတ်ခုံပေါ်မှ ဆင်းပြေးလေတော့သည်။

ဆရာရှယ်ဒန်က အားလုံးကို 'ဒီနေ့ ပင်ပန်းကြပြီ တော်ကြဦးစို့၊ နက်ဖြန်မှ ဆက်ကြသေးတာပေါ့'ဟု ဆိုပြီးလျှင် ပြန်လွှတ်လိုက်သည်။ အားလုံးထွက်သွားကြ ပြီးနောက် ရှယ်ဒန်သည် ရုသ်ထိုင်နေသော ခုံတန်းသို့လာပြီးလျှင် 'မစ္စစ်အက်ဒမ်၊ နက်ဖြန်တစ်ခါ ထပ်စမ်းသေးတာပေါ့'ဟု ညင်သာသောလေသံဖြင့် ရုသ်ကို ပြောလိုက်လေသည်။



'နက်ဖြန် ထပ်စမ်းခွင့်ပေးဦးမှာလား ဆရာ၊ ကျွန်မတော့ ဖြစ်နိုင်မယ် ထင်တာပဲ'

'ဖြစ်နိုင်မှာပေါ့၊ ဒီနေ့ မင်း နည်းနည်းပင်ပန်းသွားလို့ပါ၊ ဆရာ သိပါတယ်၊ ဪ ဒါနဲ့ မနက်ခင်းက ရက်ဖန်းလမ်းက ဘတ်စ်ကားဆိပ်မှာ ဆရာတွေ့လိုက်တယ်'

'ဟုတ်ကဲ့ ကျွန်မ ရက်ဖန်းလမ်းမှာ နေပါတယ်'

'ဒီလိုဆိုရင် တို့နှစ်ယောက်နေကြတာ အတော်နီးသားပဲ၊ အဲဒီလမ်းနားမှာပဲ ဆရာလဲ မိတ်ဆွေတွေနဲ့ နေတယ်၊ ဒါဖြင့် ဆရာ့ကားနဲ့ လိုက်ခဲ့လေ'

'ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် ဆရာ'

ရုသ်နှင့် ဆရာရှယ်ဒန်တို့သည် ကျောင်းအပြင်သို့ ထွက်လာကြသည်။

'ကျွန်မ အိမ်ကို စောစောရောက်အောင် သွားရမယ်၊ မေမေက စတိုးတိုက်မှာ အလုပ်လုပ်တာ၊ ဒီနေ့ နောက်ကျမှာမို့ ကျွန်မက ထမင်းဟင်းချက်ထားရလိမ့်မယ်၊ မေမေက အမ်စထရွန်း စတိုးတိုက်မှာ အရောင်းစာရေးမ လုပ်ပါတယ်၊ မေမေနဲ့ ကျွန်မ နှစ်ယောက်ပဲ ရှိတယ်၊ ဖေဖေကတော့ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က ကားတိုက်လို့ သေရှာတယ်'

'ဪ ဖြစ်မှ ဖြစ်ရလေကွယ်၊ မင်းအဖေကို မင်း အတော်သတိရမှာပဲနော်'

'ဟုတ်ကဲ့ ကျွန်မ ခုနစ်နှစ်သမီးက ဆုံးတာ၊ ဖေဖေ ပြောသမျှတွေ အားလုံးမှတ်မိနေပါတယ်၊ စိတ်ထဲက ဘယ်လိုမှ ဖျောက်လို့ရမှာ မဟုတ်ပါဘူး ဆရာရယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဆရာ့မှာလဲ ခုနစ်နှစ်အရွယ် သမီးကလေးရှိတယ်၊ သူ့မေမေ လွန်ခဲ့တဲ့တစ်နှစ်က ဆုံးတယ်'

'ဪ ဒါကို ကျွန်မ မသိပါဘူး၊ အခု ဆရာ့ သမီးကလေးနဲ့ အတူတူနေသလားဟင်'

'အခု ဒီမှာမနေဘူး၊ ဆရာ့နှမတစ်ယောက်နဲ့နေတယ်၊ ဆရာ ဒီမှာနေသားကျတော့မှ သူ့ကို ခေါ်ယူမယ်၊ ဒါ မင်းနေတဲ့လမ်း မဟုတ်လား၊ မင်းအိမ် ဘယ်မှာလဲ'

ရှသ်သည် သူ့အိမ်ကို လက်ညှိုးထိုးပြသည်။ ရှယ်ဒန်သည် ကားကို ဆက်၍မမောင်းမီ 'ပြဇာတ်စကားတွေ ဒီည ကျက်ထားနော်၊ နက်ဖြန် ကံကောင်းရင် မင်းပဲ အရွေးခံရမှာ'ဟု ပြောသွားလေသည်။

နောက်နေ့တွင် ရှသ်မှာ ဂျူလီယက် အခန်းတွင် ပါဝင်ကပြရမည့် ဇာတ်လိုက်မင်းသမီးအဖြစ် အရွေးခံရရုံသာမက အခြားနည်းအားဖြင့် ကံကောင်းပေသေးသည်။ သူသည် ထိုနေ့ကို သတိပြန်၍ ရနေလေသည်။

ဂျူလီယက်အဖြစ် အရွေးခံရသဖြင့် ဇာတ်ဆရာလုပ်သူ ရှယ်ဒန်က ဇာတ်တိုက်ပြီးနောက် အိမ်အပြန်တွင် နေ့တိုင်းပင် သူ့ကားနှင့် လိုက်ပို့လေသည်။

တစ်နေ့တွင် ဆရာက သူ့ကို နမ်းလိုက်သည်။ ထိုနေ့ကို သူ မမေ့နိုင်တော့ပေ။ ရှသ်သည် ပြဇာတ် ဒုတိယအခန်း အဆုံးနားတွင် အနည်းငယ် ကသိသွားလေသည်။ ဇာတ်တိုက်၍ အပြီးတွင် အားလုံးပြန်ကုန်ကြပြီးနောက် ရှယ်ဒန်က ရိုမီယိုအနေဖြင့် ဇာတ်စကားများကို စိတ်ပါလက်ပါ ဆိုပြလေသည်။ ရှသ်ကို စိတ်ပါလာအောင် ဆိုပြခြင်းဖြစ်သည်။



ရှသ်သည် ဆရာကိုကြည့်ပြီးလျှင် အထင်ကြီးသော စိတ် ထွန်းကားလျက် 'ဆရာ ရိုမီယိုအခန်းကနေပြီး ကဖူးသလား'ဟု မေးလိုက်လေသည်။

'ငယ်ငယ်တုန်းက ကဖူးပါတယ်၊ ဘာဖြစ်လို့လဲဟင်'

'ဪ ဆရာဆိုပြတာ စိတ်ပါလက်ပါ ဖြစ်ရုံမကဘူး၊ အသည်းနှလုံးထဲက လှိုက်လှိုက်လှဲလှဲထွက်လာတဲ့ အသံနဲ့မို့ပါ'

'ဟင်း ဟင်း၊ ဒါကတော့ ရှသ် စိတ်ပါလာအောင် ဆိုပြရတာပဲလေ၊ အဲဒီတော့မှ ရှသ်အစွမ်းအစ ထွက်လာမှာပေါ့'

ရှသ်လည်း လှိုက်လှိုက်လှဲလှဲဖြစ်လာပြီးလျှင် ရှယ်ဒန်အား တကယ့် ရိုမီယိုကဲ့သို့ သဘောထားမိကာ သူဆိုရမည့် ဇာတ်စကားကို ကျကျနန ဆိုပြလေသည်။

ထိုနောက် ရှယ်ဒန်က ရှသ်ကို အိမ်အပြန် ကားနှင့် ခေါ်သွားရာတွင် အိမ်သို့တိုက်ရိုက်မမောင်းဘဲ ကန်စောင်းသို့ မောင်းသွားလေသည်။ သူတို့ နှစ်ယောက်စလုံးမှာ ရင်တခုန်ခုန်နှင့်။ နောက်ဆုံး၌ ကန်စောင်းတွင်ထိုင်နေရင်း ရှယ်ဒန်က စ၍ ပြောသည်။

'ရှသ် မင်း ဇွန်လမှာ ဟိုက်စကူးစာမေးပွဲ အောင်တော့မယ်၊ အောင်ရင် ဘာလုပ်မယ် စိတ်ကူးထားသလဲ'

'ဘာလုပ်ရမယ် မသေချာသေးပါဘူး ဆရာ၊ အမေကတော့ သူနာပြုသင်တန်းဖြစ်ဖြစ်၊ ကော်မာရှယ်သင်တန်းဖြစ်ဖြစ် တက်ဖို့ပြောနေတယ်'

'မင်းကကော ဘာလုပ်ချင်သလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မကတော့ ဘာလုပ်ရမယ် မပြောတတ်ပါဘူး၊ မိန်းကလေးတွေဟာ တကယ်တော့ အိမ်ထောင်ရက်သားနဲ့ နေချင်ကြတာချည်းပဲလေ'

'မင်း ဘယ်လိုလူမျိုးကိုယူမယ် စိတ်ကူးသလဲ'

'ပြောရခက်သားပဲ ဆရာ၊ ကျွန်မဟာ ဖေဖေ့အပြင် ဘယ်ယောကျ်ားကိုမှ ကောင်းကောင်း သိဖူး ကျွမ်းဖူးတာ မဟုတ်ဘူး၊ ဖေဖေဟာ အင်မတန်ကောင်းမြတ်တဲ့ ယောကျ်ားတစ်ယောက်ပဲလို့ ကျွန်မတော့ ထင်မိတာပဲ'

'မင်းပြောတဲ့အတိုင်းဆိုရင် မင်း ဖေဖေဟာ အတော် ကောင်းတဲ့လူကြီး ဖြစ်မယ်လို့ ငါ ထင်တယ်၊ မင်းလိုသမီးမျိုး ရတာလဲ သူ့အဖို့ ကုသိုလ်ကောင်းတာပဲ'

ရှယ်ဒန်သည် ရှယ်၏ လက်ကို လှမ်းကိုင်လိုက်ရာ ရှယ်သည် ရင်တုန်သွားလေသည်။ 'မင်းဟာ ချစ်စရာ ကောင်းတဲ့ ကောင်မလေးပဲ'ဟု ဆိုကာ ရှယ်ဒန်က သူ့နဖူးကို နမ်းလိုက်သည်။ 'တစ်နေ့တော့ မင်းဟာ မင်း အဖေလိုကောင်းတဲ့ လူမျိုးနဲ့တွေ့ပါစေလို့ ငါ ဆုတောင်းပါတယ်ကွယ်'ဟု ဆက်၍ ဆိုလေသည်။

ရှယ်သည် ဘဝင်တလှပ်လှပ်နှင့် အိမ်ပြန်ရောက်သွားသည်။ သူ့မိခင်ကို ရှယ်ဒန် နမ်းကြောင်း ပြောမပြပေ။ နောက်တစ်နေ့တွင် သူက သူ့မိခင်အား 'မေမေ၊ မေမေ၊ တနင်္ဂနွေ တစ်နေ့နေ့မှာ ဆရာရှယ်ဒန်ကို ညစာ ထမင်းစား ဖိတ်ရရင် ကောင်းမှာပဲ၊ သူ့ကို မေမေ တွေ့စေချင်တယ်'ဟု ဆိုလေသည်။



ထို့ကြောင့် နောက်တနင်္ဂနွေနေ့ ညစာစားရန် ရှယ်ဒန်ကို ရှယ်က ဖိတ်လိုက်သည်။ သူသည် ရှယ်ဒန် ညစာလာစားမည့် အရေးကို တွေး၍ ဝမ်းသာနေသည်။ အနည်းငယ်လည်း ကြောက်သလိုလို ဖြစ်နေချေသေး၏။

ထိုည ရှယ်ဒန်သည် စားသောက်ပြီး မိခင်ကြီးနှင့် စကားစမြည် ပြောဆိုပြီးနောက် ပြန်သွားလေရာ ရှယ်သည် သူ့မိခင်၏ ထင်မြင်ချက်ကို ကြားလိုဇောဖြင့် စောင့်လျက် ရှိသည်။

'ရှယ် ညည်းဆရာဟာ အတော် ခင်မင်စရာကောင်းတဲ့ လူပဲ'ဟု မိခင်ကြီးက ဆိုလိုက်သည်။

'ဟုတ်တယ် မေမေ၊ ပြီးတော့လဲ သူ အင်မတန် တော်တယ်၊ ပြဇာတ်စကားတွေများ အားလုံး အလွတ်ရ တယ်၊ ပြဇာတ်အက အတော်တော်တာ မေမေရဲ့'

'အေး၊ သူပြောပါတယ်၊ သူလွန်ခဲ့တဲ့ ဆယ့်ငါးနှစ်က ကောလိပ်မှာတုန်းက ပြဇာတ်ထဲပါခဲ့တဲ့အကြောင်း ငါ့ ပြောပါတယ်'

ရှယ်သည် သူ့မိခင်စကားတွင် 'လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်' ဆိုသော စကားကို အထူးသတိပြုပြောကြောင်း သတိမမူမိ လေသည်။ ထို့ကြောင့် သူက သူ့မိခင်ကို 'မေမေ သူ့ကို သဘောမကျဘူးထင်တယ်'ဟု မေးမြန်းကြည့်လေသည်။

'သူဟာ အင်မတန်တော်ပါတယ်၊ ဒါပေမယ့် ရှယ် ညည်းနဲ့တော့ မတော်ဘူး'

'ဟင် ဘာဖြစ်လို့လဲ မေမေ'ဟု ရှယ်က မေးပြီးလျှင် မျက်နှာလွှဲလိုက်သည်။ သူ့မိခင်က သူ့ကို စိုက်ကြည့်

www.burmeseclassic.com

www.burmeseclassic.com



နေမှန်းကို သူ သိ၏။ အစကတည်းကပင် သူ့မိခင်က နှစ်သက် သဘောတူမည် မထင်ခဲ့ချေ။

'သမီးရယ်၊ ရှယ်ဒန်ဟာ ညည်းအသက်နှစ်ပြန် လောက် ရှိနေတယ်၊ အဲဒါကြောင့် ငါပြောတာပါအေ'

နောက်နေ့ ဓာတ်တိုက်ပြီး အိမ်အပြန် ရှယ်ဒန်က ကားနှင့် လိုက်ပို့ရာတွင် ရှသ်သည် မအောင့်အည်းနိုင်တော့ချေ။ ရှယ်ဒန်က ကန်စောင်းသို့ သွားကြဦးစို့ဆိုသည်ကို ခေါင်းညိတ်လိုက်သည်။ လမ်းတွင် ကျောင်းအကြောင်း၊ ပြဇာတ်အကြောင်း ရောက်တတ်ရာရာ စကားစမြည် ပြောသွားကြသည်။

'ရှသ်၊ မင်းပြောတာမှန်တယ်၊ ဂျူလီယက်အခန်းမှာ ကတဲ့နာမည်ကျော် ပြဇာတ်မင်းသမီးတွေဟာ ဂျူလီယက်နဲ့ မတော်ကြဘူး၊ အသက်ကြီးကြီးနေကြတာချည်းပဲ'ဟု ရှယ်ဒန်က ပြောလေသည်။

'အသက်ကြီးတာ ငယ်တာ အရေးကြီးသလား ဆရာ၊ တကယ်ဆိုတော့ စိတ်ပါ လက်ပါနဲ့ ရင်ထဲက လှိုက်လှိုက် လှဲလှဲ အချစ်သဘောတရားကို သိပြီးလုပ်ပြရင် တကယ်လို ဖြစ်မလာဘူးလားဟင်'

'ဟာ ဟုတ်တာပေါ့၊ ဒါကြောင့်လဲ မင်းရဲ့ အမူအရာတွေဟာ အကွက်သိပ်မိတာပဲ'ဟု ရှယ်ဒန်က တည်ကြည်သောလေသံဖြင့် ဆိုလိုက်လေသည်။

ရှသ်သည် မည်သို့မျှ ပြန်မပြောချေ။ ရှယ်ဒန်သည် တောကျကျနေရာတွင် ကားကို ရပ်ပြီးလျှင် ရှသ်ကို လှမ်းဆွဲကာ သူ့ရင်ခွင်ထဲသို့ သွတ်သွင်းလိုက်လေသည်။ ရှသ်လည်း စိတ်ချမ်းမြေ့စွာ ရောက်သွားလေသည်။



ရှယ်ဒန်လည်း ဤအကြိမ်တွင် ရှသ်၏ နဖူးကို မနမ်းတော့ဘဲ နှုတ်ခမ်းကို သိမ်မွေ့စွာ နမ်းလိုက်သည်။ အတန်ငယ်ကြာသော် သူက 'ရှသ် ပြောစမ်း၊ ရိုမီယိုအဖို့လဲ ဒီလိုပဲလားဟင်၊ တကယ် ရင်ထဲက လှိုက်လှိုက်လှဲလှဲဖြစ်ရင် ဂျူလီယက်ထက် အသက်နှစ်ဆကြီးပေမယ့် ဖြစ်နိုင်တယ်ဆိုတာ မင်း ယုံရဲ့လား'ဟု မေးလိုက်ရင်း ရှသ်ကို ငေးစိုက်ကြည့်နေလေသည်။

'ယုံပါတယ် ဆရာ၊ တကယ်မချစ်တတ်တဲ့ ကောင်ကလေးထက်ပိုပြီး လေးလေးနက်နက် ချစ်နိုင်မယ်ဆိုတာ ကျွန်မ ယုံပါတယ်'

ထိုနှစ် နွေချိန်ခါတွင် ရှသ်နှင့် ရှယ်ဒန်တို့သည် စေ့စပ်ကြောင်းလမ်းလိုက်ကြသည်။ ရှသ်၏ မိခင်ကြီးမှာ အသက်ချင်းကွာလွန်း၍ ဖြစ်မှ ဖြစ်ပါ့မလားဟု စိတ်ထဲက သံသယရှိသော်လည်း သူတို့နှစ်ယောက် မေတ္တာတရားကြီးမားပုံကို ထောက်ရှု၍ သဘောတူလိုက်လေသည်။ သို့ရာတွင် ကြောင်းလမ်းပြီးနောက် တစ်နှစ်ခန့် နေကြပါဦး၊ နောင်နှစ် နွေဦးရောက်မှ လက်ထပ်ကြပါဟု ဆိုသည်။ 'ငါ့သမီး ဒီအတောအတွင်းမှာ ညည်းရဲ့ဆရာကို တကယ်ပဲ ချစ်သလားဆိုတာကို ချင့်ချိန်ကြည့်ပေါ့အေ၊ အသက်ချင်း မမျှတာကြောင့်မို့ ဖြစ်မလား၊ မဖြစ်ဘူးလားဆိုတာ တစ်နှစ် နေကြည့်ဦးပေါ့အေ'ဟု ဆိုကာ ဆိုင်းငံ့စေသည်။

ရှသ်သည် 'ပျားရည်သော်တာ' ဟိုတယ်ခန်းတွင် နှစ်ယောက်အိပ် ခုတင်ကြီးပေါ်တွင် လှဲနေစဉ် သူ့မိခင်၏ စကားကို သတိရမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'မေမေကလဲ စိုးရိမ်ရှာတယ်၊ ဒါပေမယ့် ရှယ်ဒန်လို လူမျိုးကိုယူရင် စိတ်ပျက်ဖို့ ဘယ်ရှိမလဲဆိုတာ သူမသိရှာဘူးနော်'ဟု သူ့စိတ်ထဲတွင် ဆိုလိုက်လေသည်။ ထိုနောက် သူသည် အနီးရှိ စားပွဲကလေးပေါ်မှ ရေမွှေးပုလင်းကို ယူပြီးလျှင် နားနောက်ဖက်ကို ရေမွှေးအနည်းငယ် ပက်ဖျန်းလိုက်သည်။ ရှယ်ဒန်က နမ်းတိုင်းပင် သူ့နားရွက်များကို ပွတ်ပေးလေ့ရှိသဖြင့် သူသည် နားရွက်နောက်ပိုင်းကို ရေမွှေးအဆွတ် ကျင့်ထားရသည်။

ထိုနောက် မကြာခင်ပင် ရေချိုးခန်းတံခါးပွင့်လာပြီးလျှင် ခပ်မှောင်မှောင်ဖြစ်နေသော အိပ်ခန်းထဲသို့ ရှယ်ဒန် ရောက်လာလေသည်။ သူက ရှသ် လွှမ်းခြုံထားသော စောင်လွှာကို ဆွဲလိုက်ရာ သိုးရုပ်ကလေးသည် ကြမ်းပေါ်သို့ ကျသွားလေသည်။

'အံမယ်၊ ဒီသူငယ်က ဘယ်သူလဲဟင်'ဟု ဆိုကာ သိုးရုပ်ကလေးကို ကောက်ယူပြီးလျှင် ရှသ်အား လှမ်း၍ ပေးလိုက်သည်။

'သူလား သူ အင်ဘရို့လေ၊ ဖေဖေ ပေးခဲ့တာ၊ ရှသ်ရဲ့တစ်သက်လုံး အဖော်ပေါ့'

'ဩော် ကဲ အင်ဘရို့ရေ၊ မင်းကို သတင်းထူးတစ်ခု ပေးစရာရှိတယ်၊ မင်းအခုကစပြီး ရှသ်ရဲ့အဖော်အဖြစ်က ဖယ်ပေးရလိမ့်မယ်၊ မင်းနေရာကို ငါပဲ ယူရလိမ့်မယ် ကွယ်နော်၊ စိတ်လဲ မဆိုးနဲ့နော်'

အင်ဘရို့သည် ချစ်သူနှစ်ဦး ပွေ့ဖက်နေကြသည်ကို ငေးကြောင်လျက်ကြည့်နေလေသည်။



## စာရေးဆရာမ ဂရက်တာ ဘေကာ၏ ဝေဖန်ချက်

ရှသ်သည် ရှယ်ဒန်ကို ယူရာတွင် သူ့ဖခင်ကြီးကို မမေ့နိုင်ရှာသဖြင့် သူ့ဖခင်ကဲ့သို့သော သူ့ကို ယုယကြင်နာမှု ပေးနိုင်သူတစ်ယောက်ကို ရှာယူခြင်းပင် ဖြစ်သည်။ အသက် နှစ်ပြန်ကြီး၍ နေခြင်းသည်ပင်လျှင် သူ့အဖို့ ကျေနပ်နှစ်သက်ဖွယ် ဖြစ်နေပေ၏။

မိန်းကလေးတိုင်းပင် တစ်ချိန်တစ်ခါက မိမိ၏ ဖခင်ကို အလွန်ချစ်တတ်သည်။ ဖခင်၏ သိမ်မွေ့ပုံ၊ ကြင်နာယုယမှုရှိပုံ စသည်တို့ကို မြင်တွေ့ခံစားရသဖြင့် ယင်းသို့ပင် ကြင်နာယုယမှု ပေးနိုင်သည့် ယောကျ်ားကို လိုချင်တတ်ကြသည်။'

ယင်းသို့အသက်ချင်း မမျှသူတို့၏ အိမ်ထောင်ရေး အလားအလာ ကောင်းမကောင်း စိစစ်ရာတွင် နာမည်ကျော် စိတ်ပညာဆရာဝန်ကြီး ဒေါက်တာ ဖီလစ်ပိုလာတင်က 'ထိုအိမ်ထောင်ရေးတွင် အောင်မြင်ဖို့ အကြောင်းလမ်းများသည်'ဟု ဆိုသည်။ 'အရေးကြီးသည့်အချက်မှာ အိမ်ထောင်ရှင် နှစ်ဦးလုံးက အခြေအနေမှန်ကို သတိမလစ်ဖို့ပင် ဖြစ်သည်။ မိန်းကလေးက စိတ်နုသဖြင့် လင်ဖြစ်သူက ရင့်သန်သူအဖြစ်ဖြင့် အစစတွင် အမှီခို ခံနိုင်စေရမည်၊ ကိစ္စများစွာတွင် ဆုံးဖြတ်ပေးရမည်၊ တာဝန်လုံးဝ ယူနိုင်ရမည်၊ မိန်ကလေးသည် လိင်ကိစ္စ၌ပင်လျှင် မတတ်ကျွမ်းဖြစ်နေတတ်သည်၊ ခင်ပွန်းယောကျ်ားက ခင်ပွန်းသည့်အဖြစ်ရော ဖခင်အဖြစ်ပါ ခံယူ၍ အစစအရာရာတွင် သင်ကြားပြသ ဖျောင်းဖျပေးလျှင် ထိုအိမ်ထောင်သည် လွန်စွာပင် သာယာနိုင်ပေသည်'ဟု ဆိုလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာပိုလာတင်၏ စကားသည် ရှသ်နှင့် ရှယ်ဒန်တို့နှင့် သက်ဆိုင်သည်။ ရှယ်ဒန်သည် သူ့အဖြစ်ကို ကောင်းစွာသိဟန်ရှိ၏။ ဆရာ တပည့်လည်း ဖြစ်သဖြင့် ရှသ်က ရှယ်ဒန်၏ စကားကို လေးလေးစားစားလိုက်နာ မှတ်ယူပေမည်ပင်။ ရှယ်ဒန်က ရှသ်အကြောင်းကို ကောင်းစွာသိကြောင်း ထင်ရှားသည့်အချက်မှာ သိုးရုပ်ကလေးကို ဆွဲယူလွှင့်ပစ်ပြီးလျှင် ရှသ်ကို ကလေးဆန်ရကောင်းလားဟုဆိုကာ ရယ်သွမ်းသွေးခြင်းမပြုဘဲ ခပ်ရွှန်းရွှန်း ပြောကာ အသာအယာ ဖယ်လိုက်ပြီးမှ ဘဝဖော်အဖြစ် သိုးရုပ်ကလေးအစား သူဝင်မည်ဟု ဆိုလိုက်သည်။ ရှသ်က သူ့ဖခင်ပေးခဲ့၍ အမြတ်တနိုးယုယလာခဲ့သော သိုးရုပ်ကလေးကို ပစ်ပစ်ခါခါ မလုပ်ခြင်းသည်ပင်လျှင် ရှယ်ဒန်၌ နားလည်မှုကောင်းစွာရှိကြောင်း ထင်ရှားသည်။

ရှယ်ဒန်ကဲ့သို့ သိတတ်သော ခင်ပွန်းသည်မျိုးနှင့် အိမ်ထောင်ပြုရသော ရှသ်ကဲ့သို့သော မိန်းကလေးမျိုးအဖို့ အသက်နှစ်ပြန်ကြီးသော ယောကျ်ားကို ရစေကာမူ အိမ်ထောင်ရေး သာယာပေမည် မလွဲဟု ဆိုနိုင်ပါသည်။

'ပျားရည်သော်တာ ဟိုတယ်'တွင် အိမ်ထောင်ကျစ မိန်းကလေး လေးယောက် ရှိသေးသည်။ အဲနက်၊ ဂျိန်း၊ စန္ဒရာ၊ ဆာရား သူတို့လေးယောက်၏ အချစ်ဇာတ်လမ်းမှာလည်း မဆန်းစေကာမူစိတ်ဝင်စားဖွယ် ကောင်းလှပေသည်။

သူတို့၏ အချစ်ဇာတ်လမ်းများကို ဆက်လက် ဖော်ပြပါဦးမည်။

## ပျားရည်သော်တာ ဟိုတယ်မှာ ၂

### အခန်း ၄၀၆၊ အဲနက်

အဲနက်သည် မျက်လုံးဖွင့်လိုက်ရင်း သမ်းလိုက်လေသည်။ အိပ်ရာနှင့် မျက်နှာချင်းဆိုင် ပြတင်းတံခါးမှ မိုးသောက်စ နေရောင်သည် သူ့ မျက်နှာတည့်တည့်ကို လက်ညှိုးနှင့် ထိုးလိုက်သလို ထိုးလျက်ရှိသည်။ ဟင် ဖြစ်နိုင်ပါ့မလားဟု အဲနက်က သူ့ကိုယ်သူမေးလိုက်သည်။ သူ့အိပ်ရာနှင့် မျက်နှာချင်းဆိုင်တွင် ပြတင်းတံခါး မရှိခဲ့ချေ။ သူသည် မျက်စိကို လက်ဖြင့်ပွတ်၍ သေသေချာချာ ကြည့်လိုက်ကာမှ လှပထူးဆန်းသော ပတ်ဝန်းကျင်ကို မြင်ရလေတော့သည်။ သူသည် အိပ်မက်များ မက်နေသလားဟု အောက်မေ့မိသည်။ ထိုနောက်မှ ရုတ်တရက် သတိရလာလေသည်။

သူသည် လက်ထပ်ပွဲပြီးသည့် နောက်နေ့နံနက်တွင် ဖလော်ရီဒါပြည်နယ်ရှိ ဟိုတယ်ကြီးတွင် မင်္ဂလာဦး ခရီး

www.burmeseclassic.com

www.burmeseclassic.com



ထွက်လာခိုက်ဖြစ်ကြောင်း သတိရမိလေသည်။ သူ့ဘေးသို့ လှမ်းကြည့်လိုက်ရာ နှစ်ယောက်အိပ်ခုတင်ကြီး တစ်ဖက်စွန်းတွင် ခပ်ကွေးကွေး အိပ်ပျော်နေသော ဝေါလ်တားကို မြင်ကာမှ အိပ်မက်မဟုတ် တကယ့်အဖြစ်အပျက် ဖြစ်ကြောင်း သေချာစွာ သိရလေသည်။ ဝေါလ်တားကို ငေးစိုက်၍ကြည့်လေရာ ဝေါလ်တားသည် နှစ်ဆယ့်သုံးနှစ်အရွယ် အိမ်ထောင်ဦး ခင်ပွန်းသည်နှင့်မတူဘဲ ဆယ့်ငါးနှစ်အရွယ် ကျောင်းသားကလေးကဲ့သို့ပင် ဖြစ်နေပေသည်။

ဝေါလ်တား နိုးသွားမှာစိုး၍ အဲနက်သည် သူ့ခြေထောက်ကို ခုတင်တစ်ဖက်သို့လွှဲလိုက်ပြီးလျှင် ဖြည်းဖြည်း ထလေသည်။ သူသည် ဟိုတယ်အိပ်ခန်းသုံး ရေ့ထိုးဖိနပ်ကလေးကို စီး၍ မလှမ်းမကမ်းရှိ မှန်တင်ခုံသို့ ခြေဖျားထောက်၍ သွားလေသည်။ သူသည် သူ၏ ပျိုနုသော မျက်နှာကလေးကို မှန်ကြီးတွင် ကြည့်လိုက်သည်။ သူ့မျက်နှာမှာ အနည်းငယ် ဖြူရော်ရော် ရှိနေသော်လည်း နံနက်နေရောင်ကြောင့် ဝင်းဝင်းပပ ဖြစ်နေသည်။ သူ့ရွှေရောင် ဆံပင်ခွေကလေးများသည်လည်း နေရောင်တွင် တောက်ပလျက်ရှိသည်။

'မင်္ဂလာနံနက်ပါ မစ္စစ်ဝေါ်တားမေဆင်း'ဟု သူသည် မှန်တွင်ထင်သော သူ့အရိပ်အသွင်ကို တိုးတိုးကလေး နှုတ်ဆက်လိုက်ပြီးလျှင် အကျင့်ပါနေသည့်အလျောက် နှုတ်ခမ်းဆိုးဆေးကို လှမ်းယူလိုက်မိတော့သည်။ ထို့နောက်မှ ဝေါလ်တားက ပြောထားသော စကားကို သတိရ၍ ကျေနပ်ပြုံး ပြုံးနေသည်။



'အချစ်ရေ၊ နှုတ်ခမ်းဆိုးဆေး မဆိုးနဲ့တော့နော်၊ ဆိုးရင်လဲ ကိုယ်နမ်းပစ်တာနဲ့ ချက်ချင်းကုန်သွားမှာပဲ'ဟု ဝေါလ်တားက ပြောခဲ့သည်။

ဝေါလ်တားပြောသော စကားကို သတိရမိသည်မှ အစပြု၍ ညက အဖြစ်အပျက်ကလေးကို သတိရမိလေသောကြောင့် ဘဝင်တလှပ်လှပ် ဖြစ်မိတော့သည်။ သူနှင့် ဝေါလ်တားတို့သည် သန်းခေါင်လောက်တွင် ချီကာဂိုမှ လေယာဉ်ပျံဖြင့် ရောက်လာကြသည်။ ပျားရည်သော်တာ ဟိုတယ်တွင် အခန်းယူပြီးနောက် သူတို့ အခန်းထဲသို့ ရောက်သောအခါ ဝေါလ်တားက 'ဟော၊ ဒီည အထုပ်အပိုးတွေ ဖြေမနေနဲ့တော့၊ တို့ခရီးပန်းလာကြပါတယ်ကွယ်' ဟု သူ့ကို ပြောလေသည်။

အဲနက်သည် ကျယ်ပြန့်ခန့်ညားသော အခန်းကြီးကို ကြည့်၍ စိတ်ထဲတွင် အထူးအဆန်း ဖြစ်လေသည်။ ထိုအခန်းကြီးထဲတွင် သူသည် ဝေါလ်တားနှင့် နှစ်ယောက်တည်း ရောက်နေသည်။ ထိုအဖြစ်သည် သူ့အဖို့ အလွန်ထူးဆန်းလျက်ရှိတော့သည်။

သူသည် ဝေါလ်တားပြောသောစကားကို လွန်ဆန်၍ အထုပ်များကို တဖြည်းဖြည်း အေးအေးဆေးဆေး ဖြေပြီးလျှင် အဝတ်အချို့ကို အဝတ်တန်းပေါ်တွင် လွှမ်းတင်နေလေသည်။ ဝေါလ်တားသည် ရေတဖြုန်းဖြုန်း ချိုးနေသည်။ ရေချိုးပြီးထွက်လာသော ဝေါလ်တားကို လှမ်းကြည့်လိုက်ရာ သန့်သန့်ပြန့်ပြန့် လန်းလန်းဆန်းဆန်းနှင့် ခေါမနတ်သားသဖွယ် ခန့်ညားတင့်တယ်သော ရုပ်သွင်ကို မြင်ရသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



အနက်သည် ဝမ်းမြောက်ကျေနပ် ဘဝင်တလှပ်လှပ် ဖြစ်နေလေသည်။

ရင်တလှပ်လှပ် ဖြစ်သော်လည်း သူသည် ဣန္ဒြေမပျက် အဝတ်များကို တစ်ထည်ပြီးတစ်ထည် လျှော်နေလေသည်။ ယင်းသို့ တစ်ခုခုလုပ်နေခြင်း၏ ရည်ရွယ်ချက်ကား အခြားမဟုတ်၊ အချိန်ဆွဲနေခြင်းပင် ဖြစ်သည်။

ဝေါလ်တားမှာ အကင်းပါးလှပေ၏။ 'ဒါလင် ဘာဖြစ်နေတာလဲ ဟင်'ဟု မေးပြီးလျှင် အနက်ကို ပွေ့ဖက်၍ နမ်းလိုက်လေသည်။ အနက်၏ ကိုယ်ကာယမှာ တင်းတောင့်တောင့်နှင့် မလိုက်လျောလိုကြောင်း ထင်ရှားလှတော့သည်။

'အို ဘယ်လိုပြောရမှန်း မသိပါဘူး၊ သိပ်ထူးဆန်းတာပဲ၊ အစ်ကိုနဲ့နှစ်ယောက်တည်း နေရတာ အဆန်းကြီးဖြစ်နေတယ်'ဟု အနက်က ပြောကာ နှစ်ယောက်အိပ်ခုတင်ကြီးကို လှမ်းကြည့်လိုက်သည်။ အိပ်ရာဖုံးကြီးမှာ အပေါ်ပိုင်းက လှန်ထားသဖြင့် ဖိတ်ခေါ်နေဟန် ရှိလေသည်။ 'တစ်ခါမျှ ဘယ်သူနဲ့မျှ မအိပ်ဘူးတတ်တော့ ဆန်းနေတာပေါ့' ဆိုလိုက်သည်။

'အဲ အဲဒီလိုပဲ ဖြစ်ခဲ့ပါစေတော့လို့ မျှော်လင့်ပါတယ်' ဝေါလ်တားက ပြော၍ အားရပါးရ ရယ်လေသည်။

အနက်သည် ရှက်သွေးမွှန်သွားလေသည်။ 'ဘာဘာလဲ၊ ဟင်၊ ဒီကပြောတာ တစ်သက်လုံး တစ်ယောက်တည်း အိပ်လာခဲ့တဲ့ အကြောင်းပါ၊ သူက ဘာတွေ လျှောက်တွေးနေတာလဲ ဟင်'



'အို အထင်တော်မလွဲလိုက်ပါနဲ့ မဖုရားလေးရယ်၊ ကျုပ်ကလဲ ရိုးရိုးပဲပြောတာပါ'

'ဒါဖြင့် ဘာလို့ ရယ်တာလဲ'

'ဟောဗျာ ရယ်တာကို လိုင်စင်လျှောက်ရဦးမှာလားဟင်၊ အလကားပြောတာပါ ဒါလင်ရာ ပြောင်တာပါ၊ ကိုလဲ သိပါတယ်ကွယ်၊ ဒါလင်ဟာ မိဘတွေ ကွဲသွားကြကတည်းက တစ်ယောက်တည်း နေခဲ့ရတယ်ဆိုတာ သိပါတယ်၊ အဖော်ရယ်လို့ မရှိခဲ့ဘူးပေါ့၊ အခု ကို ရှိပြီလေ၊ ဒါလင်ရဲ့ဘဝ တစ်ဖြစ်လဲပြီပေါ့ကွယ်၊ ကဲအိပ်ကြရအောင်ပါ၊ မနက်ကျမှ အထုပ်တွေဖြေပါ၊ လာပါ လာလေ'

အနက်သည် ဝေါလ်တား လက်ထဲမှ ထွက်သွားပြီးနောက် ရေမြန်မြန် ချိုးလိုက်လေသည်။ သူအိပ်ရာထဲရောက်သောအခါ ဝေါလ်တားသည် အိပ်ငိုက်၍ နေလေပြီ။ နိုးသွားမည်စိုးသဖြင့် ခပ်သာသာကလေးတက်၍ လှဲအိပ်လိုက်သည်။ ဝေါလ်တားလည်း သူ့ကို လှမ်းဆွဲလိုက်သည်။ သူ့ကိုယ်ကာယမှာ တင်းတောင့်တောင့်ပင်။

'အေးပါကွာ အချစ်ရာ၊ နှုတ်ဆက်နမ်း နမ်းပြီးရင် တော်ပါပြီကွာ'ဟု ဝေါလ်တားက အလိုက်သိစွာဆိုကာ သူ့ကို ယုယစွာ နမ်းလိုက်သည်။

သူလည်း အလိုက်သိရှာသောဝေါလ်တားကို ကျေးဇူးတင်စွာ ပြန်၍ အနမ်းပေးလိုက်သည်။ မကြာခင် သူတို့နှစ်ယောက်လုံး အအိပ်ရေယဉ်ကြောတွင် မျောသွားကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အဲနက်သည် အပြာရောင် ညဝတ်ရုံကို ဝတ်ပြီးနောက် ဝရန်တာတံခါးကို ဖွင့်၍ ဝရန်တာဘက်သို့ထွက်ပြီးလျှင် နေရောင်ထဲတွင် ရပ်လိုက်သည်။ ပူနွေးသန့်ရှင်းသော လေကလေး တစ်ရှိုက်ရှုလိုက်ရလျှင်ပင် လူလည်း ရွှင်လန်းသွားလေသည်။ ခပ်လှမ်းလှမ်းက သဲသောင်ယံစပ်တွင် တဖွေးဖွေးထနေသော လှိုင်းခတ်သံ သဲ့သဲ့မှတစ်ပါး အတ္တလန်တိတ် သမုဒ္ဒရာကြီးသည် ငြိမ်သက် ပြန့်ပြူးလျက်ရှိသည်။ ရေပြင်ကြီးနှင့် မိုးကုပ်စက်ဝိုင်းတွေ့ဆုံသည့်နေရာတွင် လှေကြီးများ တစ်ဒါဇင်ခန့် ရှိနေသည်။ အဲနက်သည် ငေးကြည့်ရင်း ပုစွန်ထောင်သော လှေကြီးများဖြစ်လိမ့်မည်ဟု တွေးဆနေလေသည်။ သူသည် ပင်လယ်ကိုကြည့်ရင်း သူ့ဖခင်ထံ သတိရမိလေသည်။ သူ့ဖခင်သည် ပင်လယ်ကို ခင်၏။ ကုန်းပေါ်တွင်ကြာရှည်မနေလိုပေ။ အိမ်ထောင်ကျ၍ အဲနက်ကို ဖွားမြင်သည့်တိုင်အောင် ပင်လယ်သို့ချည်းသွား၍ သွား၍ နေလေသည်။ တစ်နေ့တွင် အဲနက်၏ မိခင်နှင့် အပြင်းအထန် ရန်ဖြစ်ပြီးနောက် သူ့ဖခင်သည် အထုပ်အပိုးဆွဲ၍ ထွက်သွားလေသည်။ သွားကာနီး သမီးကလေး အဲနက်ကို ကြင်နာစွာ နမ်းပြီးလျှင် 'ကောင်းကောင်းနေနော် သမီး၊ ဖေဖေ ပြန်လာခဲ့မှာပေါ့'ဟု ဆိုလေသည်။

သူ့ဖခင် ပြန်အလာကို စောင့်မျှော်သည်မှာ ရက်မှလ၊ လမှ နှစ်သို့ တိုင်လေပြီ။ အဲနက်သည် ညဥ့်ဦးတွင် သူ့ဖခင် ပြန်ရောက်လာလေမလားဟု မျှော်လင့်စောင့်စားနေရသဖြင့် စောစောပင် မအိပ်နိုင်ရှာချေ။ အိမ်နီးချင်းကလေးများနှင့် ကစားခိုက်တွင် ကလေးများက အဲနက်ကို



'တို့မေမေက ပြောတယ်၊ နင်တို့အဖေ ထွက်ပြေးသွားတာတဲ့၊ ဘယ်တော့မှ ပြန်လာတော့မှာ မဟုတ်ဘူးတဲ့'ဟု ပြောကြသည်။

'ဖေဖေ ပြန်လာမှာပါ၊ ဖေဖေက ငါ့ကို ချစ်တယ်ဟ'ဟု အဲနက် ဒေါနှင့်မောနှင့် ပြန်ပြောလေသည်။

နောက်လည်း အိမ်နီးချင်းကလေးများနှင့် မကစားတော့ဘဲ တစ်ယောက်တည်း ကစားတော့သည်။ အဖော်မရှိသဖြင့် သူ့စိတ်ကူးဖြင့် အဖော်နှစ်ယောက်ကို ဖန်ဆင်းထားလေသည်။ သူတို့နှစ်ယောက်ကို ဘင်နီနှင့် ဘန်နီဟုအမည်ပေးထားသည်။ သူတို့နှစ်ယောက် အိမ်သို့လာ၍ သူနှင့်အတူကစားကြသော်လည်း သူ့မိခင်၌ အနှောင့်အယှက် မဖြစ်ပေ။

အဲနက်သည် အိမ်နီးချင်းကလေးများ၏ စကားကို မမေ့နိုင်ချေ။ သူ့အဖေသည်လည်း သူတို့ပြောသည့်အတိုင်းပင် ပြန်မလာတော့သဖြင့် သူသည် တစ်နေ့တခြား အစိုးရိမ်ပို၍ လာလေသည်။ သူ့မိခင်ကို မေးကြည့်လိုက်ချင်လှ၏။ သို့သော် သူ့မိခင်၏ အဖြေကို ကြိုတင်၍ သိနှင့်သဖြင့် မေးချင်စိတ် ပျောက်ခြင်းမလှ ပျောက်ရလေသည်။

တစ်နေ့တွင် သူ့မိခင်က သူ့ကိုပွေ့ချီပြီးလျှင် ပြောပြလေသည်။

'ကလေးရေ ကလေးနဲ့မေမေတို့ ဒီလိုပဲ နေသွားကြမယ်နော်၊ ကလေး ဖေဖေ မရှိလဲ နေလို့ဖြစ်ပါတယ်ကွယ်'

'ဟင် ဖေဖေ ပြန်မလာတော့ဘူးလား'

'မလာတော့ဘူးကွယ်၊ မေမေကပဲ ကျွာစာပေးလိုက်ပြီ'

www.burmeseclassic.com

www.burmeseclassic.com



'ကွာစာဆိုတာ ဘာလဲ မေမေ'

'သြော် ကွာစာဆိုတာ သမီး ဖေဖေနဲ့ မေမေ အတူ မနေကြတော့ဘူးဆိုတဲ့ စာပေါ့'

အဲနက်သည်နှစ်ပေါင်းများစွာက သူ့မိခင်က ထိုစကားကို ပြောစဉ် သူ့မိခင်၏ မျက်နှာထားမှာ စိတ်နာသောအသွင်ဆောင်လျက်ရှိခဲ့ကြောင်းကို သတိရမိလေသည်။

'အဲဒီတော့ သမီးက ဘွားဘွားဆီမှာနေနော်၊ မေမေ အလုပ်ပြန်လုပ်ရလိမ့်မယ်၊ နောက်တော့ သမီးကို ပြန်ခေါ်မှာပေါ့ကွယ်' အဲနက်သည် သူ့အဘွားနှင့် မနေလို။ အဘွားကြီးသည် အလွန်ဇီဇာကြောင်သည်။ နေရာတကာတွင် ဝင်၍ ချုပ်ချယ်သည်။ တဗျစ်တောက်တောက် ပြောတတ်သည်။ ဖခင်ရှိစဉ်ကပင် အဘွားထံတွင် အလည်အပတ်သွားသည့် အခါ ကြာရှည်စွာ မနေလိုခဲ့ချေ။ အဲနက်သည် သူ့မိခင်က မြို့ကြီး တစ်မြို့သို့သွား၍ အလုပ် လုပ်နေရသောကြောင့် တောမြို့ကလေးတွင် အဘွားကြီးနှင့် အိမ်အိုအိုကြီး၌ ပျင်းခြောက်ခြောက် နေခဲ့ရလေသည်။

နောက်တစ်နှစ်အကြာတွင် အဲနက်သည် သူ့မိခင်ထံမှ စာတစ်စောင်ကို ရသည်။ ထိုစာထဲ၌ မိခင်လာမည်ဟုပါသဖြင့် ဝမ်းအသာကြီးသာနေလေသည်။ မေမေလာရင် ငါ့ကို ပြန်ခေါ်မှာပဲဟု စိတ်တွင်စော၍ ပျော်မိသည်။ သို့ရာတွင် ထိုပျော်စိတ်ကလေးသည် သက်ဆိုးမရှည်ချေ။ သူ့မိခင်က 'သမီးလေးရေ မေမေ ပြောစရာတစ်ခုရှိတယ်၊ မေမေလဲ ညည်းဖေဖေ မရှိကတည်းက တစ်ယောက်တည်း အဖော်ကင်းနေလို့ အခု နောက်ထပ်အိမ်ထောင်ပြုတော့မယ်' ဟု ပြောလေသည်။



'ဒီလိုဆိုရင် သမီး မေမေတို့နဲ့ လာနေမယ်လေ'

'အို ဒီလိုလဲ မဖြစ်သေးဘူးကွယ့်၊ သမီးရဲ့ဖေဖေ အသစ်မှာ ကလေးနှစ်ယောက်ပါလာတယ်၊ ဒီတော့ သမီး ဒီမှာပဲနေဦး၊ နောက်တော့ ကြည့်ခေါ်မှာပေါ့ကွယ်'

အဲနက်သည် သူ့မိခင် နောက်အိမ်ထောင်ပြုပြီးနောက် တစ်နှစ်ကြာသည်အထိ လာ၍ ခေါ်နိုးနိုးနှင့် စောင့်ဆိုင်းလာခဲ့သည်။ နောက်ဆုံးတစ်နေ့တွင် သူ့မိခင်ထံမှ စာတစ်စောင် ရောက်လာသည်။ စာထဲ၌ သူ့မိခင်၌ သမီးလေး တစ်ယောက် ထပ်၍ရသဖြင့် ကလေးငယ်ကို စောင့်ရှောက်နေရသောကြောင့် အဲနက်လာ၍နေရန် မဖြစ်နိုင်သေးဟု ပါရှိသည်။ 'သမီးလဲ ဘွားဘွားနဲ့ပဲ နေဦးပေါ့ကွယ်၊ နောက် နေသားတကျရှိတော့ သမီးကိုခေါ်မှာပေါ့'ဟု စာတွင် ဆိုသည်။

ခေါ်မည်ဆိုသော်လည်း ဆိုကာမတ္တပင်။ နှစ်ပေါင်းရှည်ကြာလေရာဝယ် အဲနက်သည်လည်း အဘွားကြီးနှင့် အတူ တစ်ကိုယ်တည်းကြီးပြင်းလာခဲ့ရလေသည်။ သူ့အဖော်များမှာ စာအုပ်နှင့် ကျောင်းစာတို့သာ ဖြစ်သည်။ သူသည် စာကြည့်တိုက်တွင် အချိန်ကုန်လေ့ ရှိသည်။ စာကြည့်တိုက်၌ပင် ဝေါလ်တားနှင့် စ၍ တွေ့သည်။ ဝေါလ်တားသည် မော်တော်ကားပြင်သမားကလေး ဖြစ်၏။ ညဘက်တွင် ဉပစာတက္ကသိုလ်ကျောင်း၌ စီးပွားရေးလုပ်ငန်း ပညာကို သင်ကြားလျက်ရှိသည်။

ဝေါလ်တားနှင့် မိတ်ဖြစ်ရာမှ ချစ်ခင်လာလေသည်၊ သူနှင့် ဝေါလ်တားတို့ တွဲ၍ တွဲ၍ချည်း နေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ဘွားအေထံသို့ ဝေါလ်တားကို ခေါ်မသွားရဲသော်လည်း ဝေါလ်တားကမူသူ့ကို သူ့မိဘထံသို့ ခေါ်သွားလေသည်။ ဝေါလ်တား၏ မိဘ မွေးချင်းတို့မှာ တစ်ယောက်နှင့်တစ်ယောက် အလွန်ခင်မင်ကြသည်။ သူတို့အိမ်ထောင်စုသည် အလွန်သာယာ အဆင်ပြေလှသည်။ ဝေါလ်တား၏ မိဘများနှင့် ညီအစ်ကို ငါးယောက်သည် အဲနက်ကို ချက်ချင်းပင် ခင်မင်ကြသည်။ နောက်ခြောက်လမျှ ကြာသောအခါ ဝေါလ်တားက အဲနက်အား ဟိုက်စကူးကျောင်း လွတ်သဘင်ပွဲအပြီးတွင် ကြောင်းလမ်းခြင်းလက်စွပ် ဝယ်ပေးလိုက်သည်။ ဝေါလ်တား၏မိခင် မစ္စစ်မေဆင်းက အဲနက်ကို 'ငါတို့မှာ သားတွေချည်း၊ သမီးလိုချင်တာ အတော်ပဲ'ဟု ပြောလေသည်။

သူတို့နှစ်ယောက်သည် နွေအထိစောင့်ရင်း ငွေစုနိုင်သလောက် စုကြသည်။ 'အစ်ကိုရေ၊ ကျွန်မတော့ အစ်ကို တခြားကို ထွက်မသွားချင်လောက်အောင် သာယာတဲ့ အိမ်ထောင်မျိုးကိုသာ တည်ဆောက်ချင်တာပဲ'ဟု အဲနက်က အိမ်မှထွက်သွားသော သူ့ဖခင်ကို သတိရသည့်အလျောက် ပြောလိုက်လေသည်။

'အိုကွယ်၊ အဲဒီအိမ်မှာ မင်းသာရှိရင် အစ်ကို ဘယ်တော့မှ ခွာမသွားဘူး၊ စိတ်သာချပါ'ဟု ဝေါလ်တားက ဆိုလေသည်။ အဲနက်သည် ထိုအကြောင်းအရာများကို ပြန်လည်သတိရရင်း ဝရန်တာမှ အခန်းထဲသို့ ပြန်ဝင်လာ၏။ ဝရန်တာတံခါးကို ပိတ်ပြီးလျှင် ညဝတ်လွှာကို ခွာချပြီးနောက် ဖိနပ်ချွတ်ပြီးလျှင် ခုတင်ပေါ်သို့ပြန်တက်၍ ဝေါလ်တား ဘေးနားတွင် လှဲအိပ်လိုက်လေသည်။



## စာရေးဆရာမ မာဂရက်တာ ဘေကား၏ မှတ်ချက်

အဲနက်သည် ဝေါလ်တားကို လက်ထပ်လိုက်ခြင်းမှာ အဖော်ကင်းသောဘဝမှ လွတ်မြောက်ရန် အတွက်ပင် ဖြစ်သည်။ သူသည် သူ့ဖခင်ထွက်သွားပြီးနောက် သူ့မိခင် နောက်အိမ်ထောင် ပြုလိုက်သဖြင့် တစ်ယောက်တည်း ကြီးပြင်းလာခဲ့ရသည်။ သူ့ဘွားအေ၏ ကျပ်တည်းသော စနစ်နှင့် အလိုက်မသိတတ်မှုတို့သည် သူ့အဖော်ကင်းမဲ့သည့် အဖြစ်ကို ပို၍ ဆိုးရွားစေသည်။ သူသည် ဝေါလ်တားကို တွေ့သောအခါမှပင် အဖော်ကို တွေ့ရလေသည်။

လူသည် အဖော်လိုသည်။ တစ်ယောက်နှင့် တစ်ယောက် ဆက်သွယ်မှုသည် ပထမတွင် စကားပြောဆိုမှုဖြင့် ဖြစ်စေ၊ အဓိပ္ပာယ်နားလည်သောအကြည့်မျိုးဖြင့်ဖြစ်စေ စသည်။ ထို့နောက် အပြုံးဖလှယ်မှု၊ လက်ချင်းယှက်မှု၊ ထို့နောက် ကြင်နာယုယစွာ ပွေ့ဖက်မှု၊ ထိုမှသည် ရင်းနှီးခင်မင်မှု ရင့်သန်လာသည့်အလျောက် နှစ်ကိုယ်တွဲဖက်မှု ထိရောက်ပေတော့သည်။ ယင်းသို့အဆင့်ဆင့် ရင်းနှီးမှု ရင့်သန်လာခြင်းသည် ကြုံတုန်းတွေ့တုန်း တွဲဖက်လိုက်ခြင်းနှင့် မတူပေ။ ကြုံတုန်း တွေ့တုန်းကိစ္စမှာ ခဏပန်းမျှသာ ဖြစ်သည်။ လေးနက်သောအချစ်၏ အဓိပ္ပာယ်ကို မဆောင်ချေ။

အဖော်သဟဲအဖြစ် အိမ်ထောင်ရေး၌ အလွန်ပင် အရေးပါ အရာရောက်ပေသည်။ မိရှိဂင်း တက္ကသိုလ်က အိမ်ထောင်သည်မိန်းမ ကိုးရာကို စုံစမ်းရာတွင် အိမ်ထောင်

www.burmeseclassic.com

www.burmeseclassic.com



ရေး၌ အရေးအကြီးဆုံး အချက်အလက်များကို အောက်ပါအတိုင်း အစဉ်လိုက် တွေ့ရှိရသည်။

၁။ အဖော်သဟဲအဖြစ်၊ ၂။ သားသမီးပွားစည်းမှု၊ ၃။ နားလည်မှု၊ ၄။ စိတ်ချင်းသဘောချင်း တူညီမှု၊ ၅။ အချစ်နှင့် သံယောဇဉ်၊ ၆။ ငွေရေးကြေးရေးတို့ပင် ဖြစ်သည်။

အချစ်တွင် ကာမဂုဏ်စိတ်ပါထည့်သွင်းထားသည်။ အဖော်သဟဲအဖြစ် ဆိုသည်မှာလည်း အမှတ် ၄ တွင်ရှိသော စိတ်ချင်းသဘောချင်း တူညီမှုပါရှိကြောင်း ဆိုလိုသည်။

စိတ်ပညာဆရာကြီး ဒေါက်တာ အဲရစ် ဖရောမ်က 'အချစ်အနုပညာစာအုပ်' တွင် လူ၌ အလိုအပ်ဆုံးအရာမှာ တစ်ကိုယ်တည်း ငြီးငွေ့မှုထောင်ထဲမှ လွတ်မြောက်ရေးပင် ဖြစ်သည်။ ထိုလွတ်မြောက်ရေးသည်လည်း စိတ်တူ သဘောတူ အခြေခံသည့် အချစ်က စွမ်းဆောင်မှသာ ဖြစ်နိုင်သည်' ဟု ဆိုထားလေသည်။

ဒေါက်တာ ဖရောမ်က အဖော်ကင်းမဲ့မှုကို အချစ်မပါသော ကာမဂုဏ်ကိစ္စဖြင့် ဖြေရှင်း၍မရနိုင်ကြောင်း ဆိုထားပေသေးသည်။ 'အဖော်ကင်းမဲ့သောအဖြစ် ပြေပျောက်အောင် ကာမဂုဏ်ကိစ္စကိုသာ ချစ်စိတ်မပါဘဲ ဆောင်ရွက်ပါမူ စိတ်ညစ်၍ အရက်သောက်ခြင်း၊ ဘိန်းစားခြင်းတို့နှင့် တူနေပြီမည်။ ဘယ်သောအခါမျှ ကျေနပ်ရှင်လန်းမှုရမည် မဟုတ်ချေ။ ကာမဂုဏ်ကိစ္စသည် လူနှစ်ဦးကို အခိုက်အတန့် ထက် ပို၍ တွဲဖက်ပေးခြင်းငှာ မစွမ်းသာပေ' ဟု ဆိုသည်။



အဲနက်၏ကိစ္စ၌ အဲနက်သည် ကာမဂုဏ်ဖြင့် အဖော်ကင်းမဲ့ခြင်း ပြဿနာကို မဖြေရှင်းပေ။ ကာမဂုဏ်ကိစ္စကိုပင် ကြောက်ရွံ့ရွံ့ဖြစ်နေသေး၏။ သို့ရာတွင် ဝေါလ်တာထံမှ ပူနွေးယုယမှုကိုလည်း တောင့်တလေသည်။

သူ့အဖို့ကံကောင်းသည်မှာ ဝေါလ်တာသည် အလိုက်သိတတ်၏။ သူ့အဖြစ်ကို နားလည်၏။ စိတ်ရှည်သည်။ ကာမဂုဏ်ကိစ္စကို စောင့်ဆိုင်း၍ အဲနက်၏ အလိုအတိုင်း ဖြစ်စေသည်။ သူတို့၏ အိမ်ထောင်ရေးသည် အောင်မြင်ဖွယ် ရှိသည်။

ဝေါလ်တာက စိတ်ရှည်၍ အလိုက်သိတတ်သည်နှင့်အမျှ အဲနက်ကလည်း မယားကောင်းပီသစွာ လိုက်လျောတတ်ပါမူ သူတို့၏ အိမ်ထောင်ရေး အောင်မြင်မှုမှာ သေချာလှပေသည်။

www.burmeseclassic.com

www.burmeseclassic.com

## ပျားရည်သော်တာ ဟိုတယ်မှာ ၃

### ဂျိန်း၊ အခန်း ၃၁၉

ဂျိန်းသည် ညလယ်ကြီးတွင် နိုးနေသည်။ အောက်ဆင်ဝင်ဘက်က ရယ်သံနှင့် ကားတံခါးပိတ်သံတို့ကို ကြားရသည်။ ညဦးတစ်လျှောက်လုံး ပျော်ပျော်ပါးပါး နေလာခဲ့ပြီးမှ ပျားရည်သော်တာဟိုတယ်ရောက်လာသော လက်ထပ်ပြီးစ ဇနီးမောင်နှံတို့၏ အသံဖြစ်ကြောင်းကို ဂျိန်း အမှတ်ပြုလိုက်သည်။

ရယ်သံ ကားပိတ်သံတို့ပျောက်သွားပြီးနောက် ဂျိန်းသည် အခြားအသံ တစ်ခုခုကို ရုတ်ခြည်း သတိပြုမိလေသည်။ ယင်းသည်ကား မှန်မှန်ရှူရှိုက် မှုတ်ထုတ်နေသော အိပ်ပျော်နေသံဖြစ်သည်။ ဂျိန်းသည် အိပ်နေသူ မနိုးအောင် ဂရုစိုက်၍ အသာအယာလှည့်ပြီးလျှင် အိပ်နေသူ၏ မျက်နှာကို စူးစိုက်ကြည့်နေလေသည်။ ရိုးသား၍ သန်မာသူတစ်ဦး



၏ မျက်နှာဖြစ်သည်။ လှပချောမောသည်ဟူ၍ကား မဆိုသာပေ။ နှာခေါင်း အတန်ငယ် ပိုကြီးသည်။ မေးရိုးလည်း ကြီးလွန်းလှသည်။ နီကြောင်ကြောင်ဆံပင်မှာပါး၍ ကျိုးကျဲကျဲ ဖြစ်နေသည်။

သို့ရာတွင် နှစ်ယောက်အိပ် ခုတင်ကြီးပေါ်တွင် သူနှင့် ယှဉ်တွဲ အိပ်နေရခြင်းကြောင့် ဂျိန်း၏ တစ်ကိုယ်လုံးမှာ တရှိန်းရှိန်း တဖိန်းဖိန်း ဖြစ်နေလေသည်။

ဂျိန်းသည် လွန်ခဲ့သည့် ဆယ့်နှစ်နာရီနီးပါးမျှ ကာလက သူ့လက်ချောင်းကို စတီဗင်က စွပ်ပေးလိုက်ခဲ့သော မင်္ဂလာလက်စွပ်ကလေးကို ငုံ့ကြည့်မိသည်။ အတ္တလန်တိတ် သမုဒ္ဒရာမှ တိုက်လာသောလေမှာ အတော်ပင် အေးသော်လည်း ဂျိန်း၏ အဝတ်အစားကင်းသော ကိုယ်ကလေးသည် ပန်းရောင် လွှာခြုံအောက်တွင် နွေးနွေးကလေး ရှိလေသည်။ သူသည် ပြည့်ဝဖောင်းအိလျက်ရှိသော သူ့ရင်သားများကို သူ့လက်ဖြင့် အသာအယာကိုင်ရင်း ပြုံးကာ ညက အဖြစ်အပျက်ကလေးကို ပြန်၍ သိရမိလေသည်။

'ဒါက ဘာလုပ်ဖို့လဲ'ဟု စတီဗင်က ဂျိန်း အိပ်ရာပေါ်သို့ လွှားတင်လိုက်သော ပါးလွှာသော ညဝတ်အင်္ကျီအဖြူကလေးကို ကောက်ယူ၍ မေးလိုက်သည်။ 'ဝတ်ဖို့လေ' ဟု ဂျိန်းက ဆိုလေသည်။

'ဘာ မင်္ဂလာဦးညမှာ ဘာဝတ်ဖို့လိုသေးသလဲ'ဟု ဆိုကာ စတီဗင်က သူ့ကို ဖက်ထားလိုက်ပြီးလျှင် ဂျိန်း၏ ဆံပင်များကို သူ့လက်ကြီးဖြင့် သပ်ပေးနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ထားလိုက်စမ်းပါ၊ ဒီညဝတ်အင်္ကျီကို မင်းရဲ့ မြေးတွေဝတ်ဖို့ အမွေပေးထားခဲ့'ဟု စတီဗင်က ပြော၍ ရယ်လေသည်။

'မြေးတွေမလာခင် သားသမီးတွေက အရင်လာရဦးမှာ ဆရာကြီး'ဟု ဂျိန်းက တခစ်ခစ် ရယ်၍ ပြောလေသည်။

'ဟုတ်တယ်ကွ၊ ကိုယ်လဲ ညီအစ်ကိုမောင်နှမ အများကြီးထဲက လာတာပါပဲ၊ ဒါပေမယ့် အခုလက်ငင်း အရေးကြီးဆုံးက မင်းနဲ့ငါ နှစ်ယောက်သား အားရပါးရ ချစ်ကြဖို့ပဲ'ဟု စတီဗင်က ဆိုလေသည်။

ဂျိန်းသည် စတီဗင်၏ အနမ်းများကို ခံယူပြီးနောက် နောက်ဆုံး၌ တစ်ယောက်ကို တစ်ယောက်ဖက်ရင်း အိပ်ပျော်သွားကြလေတော့သည်။

ယခုခွဲမှုဂျိန်းသည် ညလယ်ကြီး၌ နိုးလာသည်။ ဘေးပတ်ဝန်းကျင်၌ မှောင်လျက်ရှိသည်။ ဂျိန်းသည် သူ၏ ဆယ့်ရှစ်နှစ်ကာလပတ်လုံး နေလာခဲ့ရသော သူ့မိဘ၏ အိမ်နှင့် သူ့မိဘတို့ကို သတိရမိလေသည်။ အင်းမဝုတ်မြို့ ကလေး၌ရှိသော သူ့မိဘ၏ အိမ်ဖြူဖြူကလေးကို မြင်လျက်ရှိသည်။ ဤညတွင် သူ့အခန်းကလေးမှာ လပ်နေပေတော့မည်။ ခန်းမကြီးထဲ၌ အိပ်နေသူ မောင်အငယ် နှစ်ယောက်မှာ အိပ်မောကျနေလေမည်။ ထောင့်တစ်ဖက်က အိပ်ခန်းကြီးတွင် သူ့ဖခင်နှင့် မိခင်တို့သည် တစ်ခုတင်စီ အိပ်နေကြလေမည်။ တစ်ခုတင်စီ အိပ်ကြရသည်မှာလည်း သူ့မိခင်ကြောင့်ပင် ဖြစ်သည်။ သူ့မိခင်သည် မဖိုကိစ္စ၌ အတော်ပင် ကြောင်တောင်လုချေသည်။



ဂျိန်းသည် လွန်ခဲ့သည့်နှစ်ပေါင်းအတော်ကြာက သူ့မိခင်ပြောသော စကားကို သတိရနေသေး၏။ သူ့မောင်အငယ် ရော်နီ မွေးကာနီးအချိန် ဖြစ်သည်။ မိခင်သည် ကိုယ်ဝန် လေးလေးလံလံနှင့် ခေါင်းကိုက်လို့ မူးလိုက်ဝေလိုက်နှင့် ဒုက္ခများနေခိုက်ဖြစ်သဖြင့် ဂျိန်းကို ဂရုမစိုက်နိုင်ခဲ့ချေ။

'မေမေ၊ ကလေးမွေးရင် နာသလားဟင်'ဟု ဂျိန်းက မေးမိသည်။

'နာတာပေါ့အေ၊ ညည်းတုန်းက သားဦးမို့သိပ်နာတာ၊ ဂျိုအီတုန်းကလဲ နာတာပဲ၊ မသက်သာဘူး၊ အခု ငါခြောက်နှစ်ပိုကြီးလာပြီမို့ ဘယ်လောက် ဒုက္ခရောက်ဦးမယ် မသိဘူး၊ ကဲ အဲဒါကိုသာ ကြည့်ပေတော့၊ ယောကျ်ားတစ်ယောက်ကို အလိုလိုက်မိတဲ့ ဒုက္ခပဲ၊ ယောကျ်ားကတော့ သူစည်းစိမ်ရှိဖို့လောက်သာ သိတာ၊ မိန်းမကတော့ ခံလိုက်ရတဲ့ ဒုက္ခတွေ'

သူ့မိခင် မီးဖွားရန် ဆေးရုံတက်နေခိုက်တွင် ဂျိန်းသည် အဖော်ကင်းမဲ့သည့်အလျောက် သူ့ဖခင်ရင်ခွင်ထဲသို့ ဝင်နေလေသည်။ သူသည် သူ့ဖခင်၏ ရင်ခွင်ထဲတွင် စိတ်လုံခြုံချမ်းသာလေသည်။ သူ့ဖခင်၏ သန်မာသော လက်ကြီးများကြားတွင် နေရသည့်အတွက် တစ်မျိုးပင် အားရှိမိလေသည်။ သူ့ဖခင်၏ ကြမ်းတမ်းသော ပါးနှင့် သူ့ပါးကလေး ကပ်ထားရသည်ပင်လျှင် သူ့ စိတ်တွင် အေးချမ်းရွှင်လန်းနေသည်။

သူ့မိခင် ဆေးရုံမှ ပြန်လာပြီးသည့်နောက်လည်း ဂျိန်းသည် သူ့ဖခင်၌သာ ကပ်နေတော့သည်။ သူ့မိခင်

www.burmeseclassic.com

www.burmeseclassic.com



ကလည်း သူ့ကိုဂရုမစိုက်အားပေ။ သားကလေးကို ဂရုစိုက်နေရသဖြင့် သူ့ကို ဂရုမစိုက်အားသော်ငြားလည်း သူ့မိခင်က သူ့အား သူ့ဖခင်ထံတွင် ကပ်သည့်အတွက် ငြိုငြင်လေသည်။

'ဟဲ့ ကောင်မလေး၊ နင့်အဖေ သတင်းစာဖတ်နေတာ ဖတ်ပါစေ၊ သွားမရှုပ်စမ်းပါနဲ့'

'အိုကွယ် သူ မရှုပ်ပါဘူး၊ သူနေချင်သလို နေပါစေ၊ မင်းကလဲ ခင်ခင်မင်မင် နေတာများကို ဘာလို့ နှောင့်ယှက်ကန့်ကွက်ချင်ရတာလဲ'ဟု သူ့ဖခင်က သူ့မိခင်ကို ချေပလိုက်လေသည်။

အသက် ဆယ့်သုံးနှစ် အရွယ်တွင် ဂျိန်းသည် ယောကျ်ားကလေးများနှင့် အပြင်သို့ စထွက်လေသည်။ ပထမဦး အချိန်းအချက်မရှိဘဲ ပါတီများ၊ ဘောပွဲများသို့သွားလေသည်။ ယင်းသို့ အပြင်ထွက်သည်ကို မိခင်က အပြင်းအထန် ကန့်ကွက်သည်။ ဖခင်က ခွင့်ပြုသည်။ ထို့ကြောင့် မိဘနှစ်ယောက်သည် မကြာခဏ စကားများကြသည်။

'ဒီအရွယ်ဆိုရင် ယောကျ်ားကလေးတွေနဲ့ တွဲတွဲသွားဖို့ မသင့်ဘူး၊ ကျုပ်တို့ကတော့ ဒီအရွယ်တုန်းက ဒီလို မဟုတ်ပေါင်'

'အဲဒါကြောင့် မင်းမှာ ခက်နေတာပေါ့၊ မင်းတို့ငယ်ငယ်တုန်းက ယောကျ်ားကလေးတွေဟာ ရွံ့စရာဆိုးညစ်တဲ့ သတ္တဝါကလေးတွေပဲ၊ မိန်းကလေးတွေက မယုံအပ်ဘူးလို့ ပြောပြထားလို့ အဲဒီအစွဲကို မင်း အခုထက်ထိ မဖြတ်နိုင်သေးဘူး၊ ငါတော့ ငါ့သမီးဟာ အမှားနဲ့အမှန် ခွဲခြားနိုင်တဲ့အရွယ် ရောက်ပြီလို့ထင်တယ်၊ ငါသာ စိမ်ရမယ်



ဆိုရင် ငါ့သမီးဟာ သူ့ကိုယ်ကာယ သူ့ မသဘာဝတို့ကို ကောင်းကောင်းကြီး သိနားလည်ပြီး ကြီးပြင်းလာစေမှာပဲ၊ ယောကျ်ားကလေးက ချစ်တယ် ခင်တယ်ဆိုရင် အရမ်းအဓိပ္ပာယ်မရှိ ကြောင်တောင်တောင် ကြောက်ရွံ့ရွံ့ ဖြစ်နေတာမျိုးကို ငါ မကြိုက်ဘူး'ဟု သူ့ဖခင်က သူ့မိခင်ကို ပြောပြလေသည်။

ဂျိန်း အရွယ်ရောက်လာသောအခါဝယ် ရည်းစားထားကြည့်ရာတွင် သူ့မိခင်ပြောသော စကားရော သူ့ဖခင်ပြောသော စကားပါ နှစ်မျိုးလုံး သူ့အလိုက်သူ မှန်ကန်ကြောင်းကို ကိုယ်တွေ့ သိရလေသည်။

သူသည် သူ့ထက် နှစ်အနည်းငယ် အသက်ကြီးသော ဒယ်နီကော့နှင့် ရည်းစားထားသည်။ ဒယ်နီ၏ဖခင်သည် မြို့တွင်အကြီးဆုံး သံထည်ဆိုင်ကို ပိုင်သည်။ သူကိုယ်တိုင်က ပညာ ဟုတ်တိ ပတ်တိမတတ်သော်လည်း သူ့သားကို အထက်တန်းပညာတတ် ဖြစ်စေချင်သည်။ ဝတ်လုံတော်ရရှေ့နေ ဖြစ်စေချင်သည်။ ဂျိန်းသည် ဒယ်နီနှင့်စ၍ အပြင်သို့ ထွက်ထွက်နေကတည်းကပင် ဒယ်နီကို အတော်ပင်ကြိုက်မိသည်။ ကလေးများမဟုတ်တော့သဖြင့် သူတို့၏ အချစ်သည် ကလေးချစ်မဟုတ်တော့ဘဲ ဂျိန်းသည် ရင်တလှပ်လှပ် ဖြစ်မိလေတော့သည်။

တစ်ညတွင် သူသည် အိမ်သို့ရောက်သောအခါ ရှေ့တံခါး သော့ပိတ်ထားသည်ကို တွေ့ရသဖြင့် ဒုက္ခတော့တွေ့ပြီဟု ထင်မိလေသည်။ ထင်သည့်အတိုင်းပင် ဧည့်ခန်းဆိုဖာပေါ်တွင် ထိုင်၍စောင့်နေသော သူ့မိခင်ကိုပင် တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဆယ့်ငါးနှစ်အရွယ် သူငယ်မ၊ အိမ်ပြန်ချိန် တယ်လုပါကလား'ဟု သူ့မိခင်က နာရီကို လက်ညှိုးထိုးကာ ဆိုသည်။

'ပြောစမ်း၊ ညည်းနဲ့ ဒယ်နီတို့ ဘာလုပ်ခဲ့ကြသလဲ'ဟု သူ့မိခင်က ဆက်၍မေးလေသည်။

'ဟင် ကျွန်မတို့ ဘာမှ မဟုတ်တာ မလုပ်ပါဘူး'

'ကြည့်စမ်း၊ ညည်းဆံပင်တွေပွလာတာဟာ ရွှေလမင်းကြီးကို နှစ်ယောက်သားကြည့်ရုံနဲ့ ဖြစ်လာသလား ဟင်'

'ဒယ်နီက ကျွန်မကို နမ်းတယ် မေမေ၊ သူက ဒီထက်ပိုပြီး လုပ်ချင်ပုံရတယ်၊ ကျွန်မက မလုပ်ဘူးလို့ပြောလိုက်တော့ သူ ဘာမှ မလုပ်ပါဘူး'

'ဘာများဖြစ်နေကြတာလဲကွ၊ ညကြီးမင်းကြီး ဆူညံဆူညံနဲ့'ဟု သူ့ဖခင်က အိမ်အပေါ်ထပ်မှ ဆင်းလာရင်း မေးလိုက်သည်။

'တော့်သမီးကိုပဲ မေးကြည့်၊ ကျုပ်တော့ အိပ်ရာဝင်တော့မယ်၊ မနက်ကျတော့ သူ့ကို ကျုပ် ပြောစရာတွေရှိသေးတယ်'ဟု ဆိုကာ သူ့မိခင်သည် အပေါ်ထပ်သို့တက်သွားလေသည်။ ဂျိန်းလည်း သူ့ဖခင်ကို အားကိုးသောမျက်နှာထားနှင့် ကြည့်လိုက်သည်။

သူ့ဖခင်က ခေါင်းကို ယုယစွာ ပုတ်ပေးပြီးလျှင် 'ကိစ္စမရှိပါဘူးကွယ်၊ ဒါပေမယ့် ဖေဖေ့ကို ပြောစမ်းပါ၊ ဒယ်နီက ဘာများလုပ်သေးသလဲ'ဟု လေသံအေးအေးကလေးဖြင့် မေးသည်။

'ဘာမှ မလုပ်ပါဘူး ဖေဖေ၊ ကျွန်မ ကျိန်ပြောရဲပါတယ်၊ ဒါပေမယ့် ကျွန်မတို့နှစ်ယောက်စလုံးပဲ နမ်းတာထက်



ပိုပြီးတော့ လုပ်ချင်ကြတာ အမှန်ပါပဲ'ဟု ဂျိန်းက သူ့မျက်နှာကို သူ့ဖခင်၏ ပခုံးပေါ်တွင် တင်၍ ရိုးသားပွင့်လင်းစွာ ပြောလေသည်။

'ငါ့သမီး အဖက်ခံ၊ အကိုင်ခံ၊ အနမ်းခံချင်တယ် မဟုတ်လား'

ဂျိန်းက ခေါင်းညိတ်လိုက်ပြီးလျှင် 'ဒီလိုလုပ်တာ မကောင်းဘူးဆိုတာ သမီး သိပါတယ်'ဟု ဆိုလေသည်။

'မကောင်းဘူးရယ်လို့တော့ မဟုတ်ဘူးကွယ့်၊ ဒါပေမယ့် မင်းတို့က ငယ်သေးတယ်၊ အိမ်ထောင်ပြုရမယ့်အရွယ် မရောက်သေးဘူး၊ ဒါကြောင့် မသင့်တော်ဘူးလို့ဆိုရမယ်၊ ဒါမျိုးတွေလုပ်ရင် ဒါနဲ့မပြီးဘူး၊ ဆက်လုပ်ကြမှာစိုးရတယ်၊ ဆက်လုပ်ရင် အချိန်မတန်သေးဘဲ ကလေးရနိုင်တယ်၊ ကလေးရတာဟာကတော့ ဓမ္မတာကိစ္စပါပဲ၊ ဒါပေမယ့် အိမ်ထောင်မပြုရသေးခင် ကလေးရရင်တော့ မကောင်းဘူး၊ ရလာတဲ့ကလေးအပေါ်မှာ မတရားရာကျတယ်၊ အခု သမီးနဲ့ဒယ်နီတို့ဟာ ထိန်းနိုင်ကြသားပဲ၊ ဖက်ရုံ နမ်းရုံနဲ့တော့ ကိစ္စမရှိပါဘူး၊ ဒါပေမယ့် မထိန်းနိုင်ကြတဲ့ တစ်နေ့မှာ ဒုက္ခရောက်ကြမယ်၊ အဲဒါကို သမီးမေမေက စိုးရိမ်လို့ပြောတာပါကွယ်'

ဖခင်က ကိစ္စမရှိဘူးဟု ပြောသော်လည်း ကိစ္စရှိလုခမန်း ဖြစ်သွားလေတော့သည်။ တစ်နေ့တွင် ဒယ်နီက ဂျိန်းကို ပြောင်ပြောင်ပြောပြသည်။ 'အချစ်ကိုတော့ မင်းရဲ့အနမ်းထက် အများကြီး ပိုလိုချင်တယ်၊ မင်းလဲ ကိုယ့်လိုပဲလိုချင်တာပဲ မဟုတ်လား၊ ဒါပေမယ့် ကိုယ်တို့နှစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ဒီစခန်းထက် လွန်လို့ဖြစ်မယ် မဟုတ်ဘူး၊ ကို မင်းကို အခုချက်ချင်း လက်ထပ်မယူနိုင်သေးဘူး၊ ဖေဖေ့ကို အားကိုးနေရသေးတယ်၊ အခုနေ အလုပ်ထွက်လုပ်ပြီး ယူလိုက်ကြဖို့တော့ မဖြစ်နိုင်ဘူးကွယ်'

ယင်းသည့်နောက် ဂျိန်းနှင့် ဒယ်နီတို့သည် မခွဲချင်ဘဲ ခွဲကြရလေသည်။ ဒယ်နီလဲ ကောလိပ်သို့သွားလေသည်။ ဂျိန်းလည်း အခြားသူငယ်ချင်းများနှင့် သင့်သလို ပျော်သလို ကြည့်နေရတော့သည်။ ဂျိန်း၏ သွေးသားတက်ကြွလျက်ရှိသော ကိုယ်ကာယသည် သိမ့်သိမ့်လှုပ်လျက်ရှိ၏။ သူ့စိတ်မှာလည်း မချမ်းသာချေ။

တစ်နေ့တွင်သူသည် ဘောပွဲတစ်ခု၌ စတီဗင်ဟာင်နီးဘားနှင့် တွေ့သည်။ စတီဗင်သည် ဂျိန်းထက် ခြောက်နှစ်ခုနစ်နှစ်ကြီးသည်။ တစ်ခါက လက်ဖွေ့သမား လုပ်ခဲ့ဖူး၏။ သူသည် အမ်ဝုဒ်မြို့သို့လာ၍ အားကစားပစ္စည်းဆိုင်တစ်ဆိုင်တွင် မန်နေဂျာလုပ်နေလေသည်။ လက်ဖွေ့လည်း သင်ပေးသည်။ သူတို့ စ၍ တွေ့သည့်နေ့၌ပင် သူက ဂျိန်းကို ညစာထွက်စားဖို့ ဖိတ်ခေါ်သွားသည်။ သူတို့နှစ်ယောက်သည် စတွေ့ကတည်းကပင် ကြိုက်ကြ၏။

သူတို့နှစ်ယောက်သား မကြာခဏ ထွက်သွားပြီးနောက် အတန်ကြာသော် စတီဗင်က ဂျိန်းကို ပင်လယ်ကမ်းသို့ မော်တော်ကားဖြင့် ခေါ်သွားပြီးလျှင် သူ့အစ်မနှင့်ယောက်ဖတို့အိမ်တွင် စနေ တနင်္ဂနွေ အလည်အပတ်သွားကြရန် ပြောသောအခါ ဂျိန်းက သဘောတူလိုက်သည်။



ပင်လယ်ကမ်းခြေရောက်ကာမှ စတီဗင်သည် ဂျိန်းကို ရေကူးဝတ်နှင့် မြင်ဖူးတော့သည်။ မြင်ရလျှင် သူ့ရင်တဒိုင်းဒိုင်းဖြစ်သွားသည်ဟု စတီဗင်က ဂျိန်းကို နောက်မှ ပြောပြသည်။ သူတို့နှစ်ယောက်သည် သောင်ပြင်ပေါ်တွင် လဲ့၍ နေစာလှုံရင်း ပျော်မြူးရွှင်လန်းနေကြသည်။ နေကျချိန်တွင်သူတို့သည် တဲသို့ပြန်ကြသည်။ တဲထဲတွင် နေ့လယ်စာ အစားအသောက်တောင်းနှင့် လမ်းတွင် ဝတ်စရာ အဝတ်များ ရှိသည်။

စတီဗင်က ဂျိန်းကို ရုတ်တရက်ပြောလိုက်သည်။ 'ဟော့၊ ငါ တစ်ခုပြောချင်တယ်၊ ဒီည ဒီတဲထဲမှာ မင်းနဲ့ငါ အိပ်ချင်တယ်ဆိုတဲ့ 'အကြောင်းပါပဲ' သူသည် ပြောပြောဆိုဆိုနှင့် ဂျိန်းကို ဖက်၍ ယခင် ယခင်ကထက် ပိုမိုပြင်းထန်လေးနက်စွာ နမ်းလေသည်။ ဂျိန်းကလည်း အထူးကြည်ဖြူလေးနက်စွာ ပြန်၍ပေးလေသည်။ ထိုနောက် ဂျိန်းလည်း တဲထဲသို့ဝင်ပြေးပြီးလျှင် ဆွယ်တာနှင့် ဂါဝန်ကို ခပ်မြန်မြန်ဝတ်လိုက်သည်။

'စတီဗင်၊ ကျွန်မတို့ အိမ်ပြန်ကြရအောင်၊ ရှင့်အစ်မကို တယ်လီဖုန်းနဲ့ပြောလိုက်ပါ၊ ကျွန်မတို့ ဒီမှာ ညမအိပ်တော့ဘူးလို့'ဟု ဂျိန်းက စတီဗင်ကို လေသံခပ်အေးအေးနှင့်ပင် ပြောလိုက်လေသည်။

စတီဗင်လည်း အံ့အားသင့်သွား၏။ သို့သော် ဘာမျှ အထူးအထွေ ပြန်မပြောဘဲ ဂျိန်း၏ အလိုအတိုင်း အမ်ဝုဒ်မြို့ဘက်သို့ ကားမောင်းလေသည်။ လမ်းတွင် ဂျိန်းသည် ခါတိုင်းနှင့်မတူဘဲ ငြိမ်၍နေသည်။ စတီဗင်လည်း သူလိုက်

www.burmeseclassic.com

www.burmeseclassic.com



သိစွာ ဘာမျှ မမေးမြန်းဘဲ လာခဲ့သည်။ ဂျိန်းအိမ်ရှေ့သို့ ကားကိုဆိုက်လိုက်ပြီးကာမှ စတီဗင်က ဂျိန်းကို အသာ အယာ သူ့ဘက်သို့ဆွဲယူလိုက်ပြီးလျှင် 'ဂျိန်းကို တောင်းပန် ပါတယ်ကွယ်၊ ဟိုသောင်ပြင်မှာတုန်းက မင်းရဲ့ ရေကူး အင်္ကျီကလေးကို ချွတ်ပြီး မင်းရဲ့ ကိုယ်လုံးလှလှ ကလေးကို တစ်နေရာမှ မကျန်အောင် နမ်းပစ်ချင်မိတယ်၊ အဲဒီလို စိတ်မထိန်းနိုင်ဖြစ်သွားတာကို ရိုးရိုးရှင်းရှင်း ဖွင့်ပြောတာ ပဲလေ၊ ဒီလို ကိုယ်က စိတ်မထိန်းနိုင်တဲ့ဟန်ကို မင်း မြင်သွားလို့ မင်းအိမ်ကို ပြန်ချင်တယ်လို့ ပြောတာပဲ မဟုတ်လား၊ ကိုယ် တောင်းပန်ပါတယ်ကွာ၊ ကိုယ့်အပြစ်ပါ' ဟု တည်ကြည်သော အသံဖြင့် ပြောလေသည်။

ထိုစကားကို ကြားရသော ဂျိန်းသည် မချုပ်တည်း နိုင်တော့ဘဲ စတီဗင်၏ လည်ကိုဖက်လျက် 'စတီဗင်ရေ၊ ကျွန်မ ရှင့်ကို စိတ်မဆိုးပါဘူး၊ ကျွန်မလဲ အနမ်းထက် ပိုလိုချင်တာပဲ၊ ဒါပေမယ့် လက်မထပ်ရသေးခင် ဒါတွေ လုပ်လို့ မတော်ဘူးလို့ ထင်လို့ပါ'ဟု ဖွင့်ပြောလေသည်။

'အို ဒီလိုလား၊ ဒါဆိုရင် ဘာခက်လို့လဲ အချစ်ရယ်၊ ကဲ အခုပဲ ကိုက မင်းကို လက်ထပ်ဖို့ တောင်းပန်ပါပြီတဲ့ဗျာ'

ဂျိန်းသည် ရုတ်တရက် ချေလိုက်သဖြင့် စတီဗင် နီးသွားလေသည်။

'နီးသွားပြီလားဟင်၊ ကျွန်မလဲ အောင့်ထားလို့ မရတာနဲ့ ချေမိတာနော်၊ စိတ်မဆိုးပါနဲ့ အချစ်ရယ်၊ နေဦး ညဝတ်လွှာဝတ်ဦးမယ်'



'ဟယ် ဘာလို့ ဝတ်ရမှာလဲ ဟောဒီလက်နှစ်ဖက် ရှိနေသမျှ မင်း နွေးစေရမယ်၊ ကဲ ကလေးမလေး ဖေဖေ့ ဆီလာ'ဟု စတီဗင်က ပြောလိုက်လေသည်။

## စာရေးဆရာ ဂရေတားဘောကာ၏ မှတ်ချက်

ဂျိန်းသည် စတီဗင်အား ဖို မ ကိစ္စ ကျေနပ်မှုရအောင် အိမ်ထောင်ပြုခြင်း ဖြစ်သည်။ သူသည် အခြားရွယ်တူ မိန်းကလေးများထက် ကိုယ်ရော စိတ်ပါ ကာမဂုဏ်စိတ် ပို၍ ရင့်လာခဲ့သည်။ သူသည် ယောကျာ်းများနှင့် တွေ့လျှင် ဖက်ချင် နမ်းချင်စိတ်ထက် ပို၍ ထက်သန်သည်။

သို့ရာတွင် အိမ်ထောင်မပြုခင်က ကာမဂုဏ်ကိစ္စ မပြုအပ်ဟူသော အသင်အပြဖြင့် ကြီးပြင်းလာခဲ့သည်။ သူသည် စတီဗင်ကို ကိုယ်ကာယအစွဲဖြင့် ကြိုက်၍ အိမ်ထောင်ပြုခဲ့သည်။ မိမိ၏ ကိုယ်ကာယတောင်းဆိုချက်ကို ကောင်းစွာသိပြီးလျှင် လက်လွန် ခြေလွန်မဖြစ်အောင်ထိန်း တတ်သော မိန်းကလေးသည် လိမ္မာ၏။ မိမိနှင့် တွဲဖက်၍နေ သော ယောကျာ်း၏ စိတ်သည် မည်သည့်စခန်းအထိသာ ထိန်းသိမ်း၍ရသည်။ မည်သည့်စခန်းထက် မကျော်လွန် စေသင့်ဟူ၍ သိတတ်သော မိန်းကလေးသည် ပို၍ပင် လိမ္မာပေသည်။

ယင်းသို့မှ မသိတတ်သော မိန်းကလေးများအဖို့ ဒုက္ခကြုံတွေ့ရန် ရှိသည်။ ယောကျာ်းများသည် မိန်းမများ ထက် ပို၍ ဆန္ဒပြင်းသည်။ စိတ်တက်ကြွမှုလည်း ပို၍ မြန်သည်ဟု ဒေါက်တာ ကင်စီ၏ အစီရင်ခံစာတွင်

www.burmeseclassic.com

www.burmeseclassic.com



ဆိုသည်။ အသက်နှစ်ဆယ်မကျော်သေးသော ယောကျ်ားများသည် ထိန်းသိမ်းမှုအင်အား အနည်းဆုံးဖြစ်သည်။ ထိုအရွယ်မှာလည်း အိမ်ထောင်ရေးတာဝန်ကို ခံယူနိုင်သော အရွယ် မဟုတ်သေးချေဟုလည်း ဆိုသည်။

ထို့ကြောင့်လည်း မိဘများက ငယ်ရွယ်သူတို့ သမီးရည်းစားထားခြင်း၌ ပူပန်ကြသည်။ ကျန်းမာသန်စွမ်းသော ငယ်ရွယ်သူနှစ်ဦး အတူတွဲနေလျှင် ကာမဂုဏ်စိတ်သည် ထိန်းသိမ်းမရနိုင်လောက်အောင် ပြင်းထန်တက်ကြွဖွယ်ရှိသည်။ အချို့အဖို့ အသက်ငယ်ငယ်နှင့် အိမ်ထောင်ပြုစေပြီးလျှင် မိဘများက သူတို့ လူလားမမြောက်မီ ထောက်ပံ့ကြည့်ရှုခြင်းသည် လျော်ကန်လှပေတော့သည်။

ကာမဂုဏ်ပေါ်တွင် အခြေပြုသော အိမ်ထောင်မှုသည် အောင်မြင်နိုင်ပါမည်လော။ လင်နှင့် မယားအဖို့ ကာမဂုဏ်ကိစ္စအပြင် အခြားအကြောင်းရပ်များကြောင့် အတူနေချင်စိတ် ပေါ်လာနိုင်ပါမူ အောင်မြင်နိုင်ပေမည်။ သို့မဟုတ်ပါမူ ကာမဂုဏ်ကိစ္စသည် မကြာမီ ငြီးငွေ့လာဖွယ် ဖြစ်ချေမည်။ ထိုအခါ လင်ရော မယားပါ အသစ်ရှာချင်စိတ် ပေါ်လာတတ်သည်။

အကယ်၍ အိမ်ထောင်မှုသည် စိတ်သဘောတူဖြစ်ပြီးလျှင် ကာမဂုဏ်ကိစ္စတွင်လည်း တစ်ယောက်အလိုတစ်ယောက်လိုက်၍ မျှမျှတတရှိပါမူ အိမ်ထောင်သည်တို့သည် အသစ်ရှာချင်စိတ် ရှိကြမည်မဟုတ်ပေ။



ဂျိန်းက အိမ်ထောင်မပြုခင် ကာမဂုဏ်ကိစ္စ ဆောင်ရွက်မှု ခွင့်မပေးသည်ကို အချို့က အပြစ်ဆိုကောင်းဆိုမည်။ ရှေးဆန်သည် ဆိုချင်ဆိုကြမည်။ ကာမဂုဏ်ကိစ္စ၌ ယောကျ်ားနှင့် မိန်းမတို့အဖို့ ခဏပန်းကိစ္စဖြစ်သော်လည်း မိန်းမအဖို့ကား မလိုလားအပ်သော ကိုယ်ဝန်ရခြင်းအထိ အကျိုးသက်ရောက်မှု ရှိနိုင်သည်။ ဂျိန်းသည် အချစ်စစ်ကို မယုံကြည်။ ထို့ကြောင့် ဒယ်နီကို ချစ်လျက်နှင့် ပစ်ခွာခဲ့သည်။ သူ့အဖို့ သင့်တော်သော ယောကျ်ားတစ်ယောက်နှင့် ယူရ၍ ဝန်မလေးလှပေ။ ယခု သူယူလိုက်သော စတီဗင်ကို သူချစ်၍ ယူသည်မဟုတ် ကြိုက်၍ ယူခြင်းမျှသာ ဖြစ်လေသည်။ ဒယ်နီကို ချစ်သည်ဆိုသော်လည်း ဒယ်နီ တက္ကသိုလ် ဘွဲ့ရပြီးနောက် အလုပ်ရသည်အထိ သူ မစောင့် နိုင်။ ဒယ်နီကို ပစ်ခွာရမှာ သူ့အဖို့ ဝန်မလေး။ သူ့အိမ်ထောင်ရေးတွင် သူနှင့် စတီဗင်တို့ စိတ်တူသဘောတူ ဖြစ်နိုင် မဖြစ်နိုင်ကို စောင့်ကြည့်ရပေမည်။ သို့သော် အိမ်ထောင်ရေး ပညာရှိကြီးများကမူ စိတ်တူသဘောတူ ဖြစ် မဖြစ်ကို အိမ်ထောင်မပြုမီက ကြိုတင်စုံစမ်းသင့်သည်ဟု ယူဆကြသည်။

*

၁။ ကြည်ညိုလေးစား၍ အရွယ်ရင့် ပညာရင့်သည့် သမ္မာရိပ်ကို ခိုလှုံရင်း မိမိအား ချစ်ခင်ယုယမှုကို ခံယူသည့် အလျောက် အသက်အားဖြင့် တစ်ဆကြီးသော မိမိ၏ ဆရာအရင်းကို ယူသော ရှသ်။

www.burmeseclassic.com

www.burmeseclassic.com



၂။ တစ်သက်လုံး အဖော်ကင်းလာခဲ့သဖြင့် အဖော်ကို တောင့်တလာခဲ့ရာမှ ရွှင်လန်းပွင့်လင်းစွာ မိမိအပေါ်တွင် ချစ်ခင် ကြင်နာသောသူကို ရာသက်ပန် အဖော်ပြုရန် ယူသော အဲနက်။

၃။ ကာမဂုဏ်ကို အခြေပြု၍ ကိုယ်ကာယတောင့်တင်းသောသူကို ယူသည့် အချစ်ကို မယုံသော ဂျိန်း။

ယင်းတို့ သုံးယောက်အကြောင်းက ဖော်ပြပြီးပေပြီ။ ကျန်နှစ်ယောက်ဖြစ်သော စန္ဒရာနှင့် ဆာရာတို့အကြောင်းကို ဆက်လက်ဖော်ပြရပေဦးမည်။

## ပျားရည်သော်တာ ဟိုတယ်မှာ ၄

### စန္ဒရာ၊ အခန်း ၇၂၀

စန္ဒရာသည် ခုံမြင့်ဖိနပ်ကို ကန်ခါ ချွတ်လိုက်ပြီးနောက် သူ့ကိုယ်နှင့် ချပ်ချပ်ရပ်ရပ်ဖြစ်နေသော အဝတ်ကို ကိုယ်တွန့်လိန်၍ ချွတ်လိုက်ပြီးလျှင် နှစ်ယောက်အိပ် ခုတင်ကြီးပေါ်သို့ ပစ်တင်လိုက်သည်။ ထိုနောက် ပန်းရောင်ကြမ်းခင်း ကော်ဇောကြီးပေါ်တွင် ထိုင်၍ သူ့ခရီးသွား အဝတ် သေတ္တာကို ဖွင့်လေသည်။ သူသည် ခရီးရှည်သွားရမည့်အတွက် အဝတ်အစားများကို ကပျာကယာ သေတ္တာထဲသို့သွင်းလာခဲ့သည်။ ယခု ဘော်စတန်မှ ဖလော်ရီဒါးသို့ ရောက်လာ၍ သေတ္တာကိုဖွင့်လိုက်ရာ အထဲမှ အဝတ်များသည် အန်ထွက်လာကြလေသည်။ သူသည် ကတ္တီပါပြာ ဝတ်လုံအင်္ကျီကြီးနှင့် အခြားအဖိုးတန် အဝတ် အစားများကို ကုလားထိုင်ပေါ်သို့ လွှားတင်လိုက်လေရာ

www.burmeseclassic.com

www.burmeseclassic.com



အဝတ်များကြားမှ သတင်းစာစာရွက်ပြတ်ကလေး ထွက်ကျလာသည်။ စန္ဒရာသည် စာရွက်ကလေးကို ကောက်၍ကြည့်လိုက်သည်။ စာရွက်ကလေးမှ သူ၏ ပြုံးမျက်နှာဓာတ်ပုံကလေးက သူ့ကို ပြုံးကြည့်နေဟန်ရှိ၏။ သူသည် ဓာတ်ပုံအောက်တွင်ပါသော သတင်းကို စိတ်ဝင်စားမှုကြီးစွာဖြင့် ဖတ်နေသည်။

'အလှမယ်တစ်ဦး ကားပြိုင်ပွဲ ချန်ပီယံနှင့် လက်ထပ်သည်'ဟူသော ခေါင်းစဉ်ကို တွေ့ရသည်။ ထိုခေါင်းစဉ်ကို သူ အထပ်ထပ်အခါခါ ဖတ်ပြီး၍ အလွတ်ရနေလေပြီ။ သတင်းကိုလည်း ထိုနည်းအတူပင် အခေါက်ခေါက်အခါခါ ဖတ်ပြီးပြီ။ သို့ရာတွင် ဖတ်၍မငြီးဖြစ်နေလေတော့သည်။

'စပိဝေး မယ်ဘွဲ့ရ တာလ်ဟန်ဟိုက်စကူး ကျောင်းထွက် မစ္စစန္ဒရာမိလ်တန်သည် စနေနေ့ နေ့လယ်နှစ်နာရီခွဲတွင် ဆန်တာဗီလ်မြို့က မစ္စတာ ဂျယ်ရယ် စတုတ်နှင့် ဇနီးတို့၏ သား ဟဲရိုလ်ဒ် ဖလပ်ရှ်စတုတ်နှင့် လက်ထပ်လိမ့်မည် ဖြစ်ကြောင်း၊ ဖလပ်ရှ်သည် ကားပြိုင်ပွဲများတွင် နာမည်ရချန်ပီယံဖြစ်ကြောင်း' စသည်ဖြင့် ဖော်ပြထားသည်။ စန္ဒရာနှင့် ဖလပ်ရှ်တို့အကြောင်း အတော်ပင် စုံလင်ပေသည်။ စန္ဒရာ ပါဝင်ဆင်နွှဲ၍ အောင်ပွဲရသော မယ်ရွေးပွဲနှင့် ဖလပ်ရှ်ပ် ချန်ပီယံရသော ကားပြိုင်ပွဲများအကြောင်း ပါရှိသည်။ စန္ဒရာသည် စာရွက်ကလေးကိုခေါက်၍ သူ့လက်ပွေ့အိတ်ထဲတွင် ထည့်ထားလိုက်သည်။ ထို့နောက် သူသည် လက်ကိုင် အလှပြင်အိတ်ကလေးကို ထုတ်၍ဖွင့်ပြီးလျှင် အထဲ၌ရှိသော မှန်ကလေးထဲတွင်ပေါ်နေသော



သူ့မျက်နှာရိပ်ကို ကြည့်လေသည်။ ဟုတ်တယ်လေ သူ အတော်ချောတာပဲ။ ဆံပင်ရွှေရောင်နဲ့ မျက်လုံးတွေက စိမ်းဝင်းဝင်း။

လွန်ခဲ့သည့် ရှစ်နာရီအတွင်း၌ အဖြစ်အပျက်များသည် အလွန် များလှပေသည်။ ယုံတောင် မယုံချင်စရာ ဖြစ်တော့သည်။ ပထမ ဘုရားရှိခိုးကျောင်း၌ လက်ထပ်၊ နောက် အားကစားကလပ်တွင် ဧည့်ခံပွဲကျင်းပ၊ နောက်ဆုံး၌ ဂျက်လေယာဉ်ပျံကြီးဖြင့် ဖလော်ရီဒါးပြည်နယ်သို့ ပျံလာကြသည်။ ယခု စန္ဒရာသည် ပျားရည်သော်တာဟိုတယ်တွင် ဟဲရိုလ်ဒ်စတုတ်၏ ဇနီးအဖြစ်နှင့် ရောက်နေလေပြီ။ ယခုမှပင် အသက်ရှူချိန် ရတော့သည်။

ဖလပ်ရှ်သည် အောက်ထပ် ဟိုတယ်ခန်းသို့သွား၍ သူ့မိတ်ဆွေများထံသို့ သံကြိုးစာများရေးပို့နေသောကြောင့် စန္ဒရာမှာ တစ်ယောက်တည်း ဖြစ်နေ၍ အသက်ရှူချိန်ကလေး ရတော့သည်။

သူသည် ငယ်စဉ်က အခက်အခဲတွေကို ပြန်လည်၍ တွေးမိသည်။ မိဘမဲ့ကျောင်းတွင် အခြားကျောင်းသူ သုံးလေးဆယ်နှင့်အတူ အစားအစာအတွက် တန်းစီရစဉ်က သူ့ရုပ်ရည်မှာ ရယ်စရာတစ်မျိုးဟု သူယခု တွေးမိသဖြင့် ပြုံးလေသည်။ ရှက်တတ် ကြောက်တတ်သော နှာခေါင်းလန်လန် ကောင်မလေး ဖြစ်သည်။ ထိုအခါကပင် သူသည် ပယ်မီလာဒစ်ဆင်နှင့် တွေ့ခဲ့ရသည်။ ပယ်မီလာမှာ သူ့ အသက်လောက်ပင်ရှိသေးသည်။ သူ့ အရပ်အမောင်းနှင့်လည်း တူသည်။ သို့ရာတွင် သူတို့နှစ်ယောက်၏ ဘဝ

www.burmeseclassic.com

www.burmeseclassic.com



အခြေအနေမှာ ကွာခြားလွန်းလှချေသည်။ ပယ်မီလာသည် မိဘမဲ့ကျောင်းကို စီမံအုပ်ချုပ်ရသော စေတနာရှင်တစ်ဦး၏ သမီး ဆွေကြီးမျိုးကြီးထဲက ဖြစ်သည်။ စန္ဒရာမှာကား မိဘမဲ့ မျက်နှာငယ်တစ်ဦးဖြစ်၏။ ပယ်မီလာ၏ မိဘများက တစ်နှစ်တစ်ခါ ခရစ္စမတ်အခါ၌ မိဘမဲ့ ကျောင်းသူ ကျောင်းသားတို့ကို ကျွေးမွေးဖျော်ဖြေလေ့ရှိရာ ထိုခရစ်စမတ် ပွဲတွင် ပယ်မီလာနှင့် စန္ဒရာတို့ တွေ့ကြသည်။

စန္ဒရာသည် မစ္စတာဒစ်ဆင်၏ အိမ်ကြီးတွင် ကျင်းပသော ခရစ္စမတ်ပွဲကို မမေ့နိုင်ပေ။ ကလေးတို့သည် ကြီးမားလှသော ခရစ္စမတ်သစ်ပင်ကြီးကို ပတ်၍ ကကြ ခုန်ကြ၊ ရယ်မောကြနှင့် ပျော်နေကြသည်။ ခရစ္စမတ် လက်ဆောင်များကို ကိုယ်စီကိုယ်ငှ ရကြသဖြင့် ကျေနပ်နေကြသည်။ သူလည်း လက်ဆောင်ထုပ်ကလေး ဖွင့်နေစဉ် ပယ်မီလာက သူ့ထံသို့လာ၍ 'ကျွန်မ ရှင့်ဆီကို လာလည်ချင်တယ်၊ လည်ရမလား'ဟု မေးလေသည်။ စန္ဒရာမှာ အံ့အားသင့်သွားသည်။ ဝမ်းသာလုံးဆို့သွားသည်။ 'လာလည်ပါ၊ ဝမ်းသာပါတယ်'ဟုသာ ပြောလိုက်နိုင်၏။ သူ့ မျက်စိများတွင် ပယ်မီလာကို အထင်ကြီးခြင်းအရောင် တောက်ပြောင်နေလေသည်။

နောက်မကြာမီပင်လျှင် ပယ်မီလာသည် စန္ဒရာနေသော ကျောင်းဆောင်သို့ အလည်ရောက်လာသည်။ သူတို့ နှစ်ယောက် ပိုမို ရင်းနှီးလာသည့်အလျောက် တစ်ပတ်တစ်ခါ တစ်လှည့်စီ လည်ပတ်နေကြသည်။ တစ်နေ့တွင် ပယ်မီလာသည် မစ္စတာဒစ်ဆင်၏ အိမ်သို့ အလည်ရောက်ခိုက်၌



ဆီဆေးပန်းချီကားကြီး တစ်ချပ်ကို ကြည့်ကာ 'ဒီပုံဟာ ဘယ်သူ့ပုံလဲ၊ စစ်ဝတ်စစ်စားနဲ့ပါလား'ဟု ပယ်မီလာကို မေးလိုက်သည်။

'သြော် ဒီလူကြီးဟာ ကိုယ်တို့ရဲ့ ဘိုးဘေး အဆက်ထဲကပေါ့'ဟု ပယ်မီလာက ရိုးရိုးပြောလိုက်သည်။

စန္ဒရာသည် ဘိုးဘေးအဆက်ဆိုသော စကားကို မကြားဖူးသဖြင့် အဓိပ္ပာယ်မေးကြည့်သည်။

'ဘိုးဘေးအဆက်ဆိုတာ ကိုယ်တို့အမျိုးအနွယ်ထဲမှာ ရှေးအတော်ကျကျခေတ်က လူကြီးပေါ့'

'သူ ဘယ်တုန်းက နေခဲ့တာလဲ'

'လွန်ခဲ့တဲ့ အနှစ်နှစ်ရာလောက်က ဖြစ်မှာပေါ့'

'သြော် ဒီလူကြီးအသက်ဟာ နှစ်ရာရှိပြီလား'ဟု စန္ဒရာက အတတ မေးလိုက်သည်။

'ဟာ ဘယ်ဟုတ်မလဲ၊ ဒီလူကြီး အခုမရှိတော့ဘူးလေ၊ ရှိရင် အသက်နှစ်ရာလောက် ရှိမှာပေါ့၊ သူ့ဆွေဆက်မျိုးဆက်တွေဟာ ကိုယ်တို့တစ်တွေပေါ့'

စန္ဒရာသည် အကြားအမြင် အလွန်နည်းရှာသည်။ သူသည် ထိုလူကြီးအကြောင်းကို ကျောင်းသို့ ပြန်ရောက်ပြီးသည့်တိုင်အောင် တွေးနေလေသည်။ နောက်တစ်နေ့ နံနက်တွင် သူသည် ကျောင်းအုပ်ဆရာမကြီးထံသို့ သွား၍ 'မစ္စစ် လစ်ဗင်းစတုံး၊ ကျွန်မမှာ ဘိုးဘေးအဆက်တွေ ရှိသလား'ဟု မေးလေသည်။

မစ္စစ် လစ်ဗင်းစတုံးက ပြုံး၍ စဉ်းစားပြီးမှ 'စန္ဒရာ ရယ် တို့တစ်တွေ အားလုံးမှာ ဘိုးဘေးအဆက်တွေ ရှိကြတာပေါ့'ဟု ဖြေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



စန္ဒရာက 'ပယ်မီလာ ဒစ်ဆင် တို့အိမ်မှာ သူတို့ ဘိုးဘေးအဆက် လူကြီးတစ်ယောက်ရဲ့ပုံ ရှိတယ်၊ အဲဒီ လူကြီးဟာ သိပ်အိုလှပြီတဲ့၊ ကျွန်မမှာကော အဲဒီလို အိုတဲ့ ဆွေမျိုးရှိသလား'ဟု မေးလေသည်။

မစ္စစ်လစ်ဗင်းစတုံးက စန္ဒရာ၏ လက်ကို ဆွဲ၍ ပွေ့ဖက်လိုက်ပြီးလျှင် 'စန္ဒရာ၊ ငါတို့မှာ ပယ်မီလာတို့လို ဘိုးဘေးအဆက် လူကြီးတွေ အိုအိုကြီးတွေ ရှိချင်ရှိမှာပေါ့၊ ဒါပေမယ့် သမီး သေသေချာချာ မှတ်ထားဖို့ကတော့ ငါတို့ အားလုံးဟာ ဘုရားသခင်ရဲ့ သားသမီးတွေပဲ၊ ချမ်းသာ ချမ်းသာ၊ ဆင်းရဲ ဆင်းရဲ၊ အသားမည်းမည်း ဖြူဖြူ အားလုံးဟာ ဘုရားရဲ့ သားသမီးတွေပဲ၊ အဲဒါ မမေ့နဲ့' သာယာချိုအေးသော လေသံဖြင့် ပြောလေသည်။

စန္ဒရာသည် ထိုသို့ပြောလိုက်စဉ်က မစ္စစ် လစ်ဗင်းစတုံးသည် မျက်မှန်ကိုဖြုတ်၍ မျက်လုံးများကို လက်ကိုင်ပဝါနှင့်တို့သည်မှာ ဘာကြောင့်ဟူ၍ မသိခဲ့ရချေ။ နှစ်ပေါင်းအတော်ကြာ၍ လူမှန်းသိကာမှ သူ့၌ ဘိုးဘေး အဆက် မရှိသည်သာမက သူ့ဖခင် မည်သူမည်ဝါ ဖြစ်ကြောင်းကိုပင် မည်သူမျှ ကောင်းစွာမသိချေ။ ထိုအဖြစ်ဆိုးကို ပြောမပြရက်သည့်အလျောက် မစ္စစ်လစ်ဗင်းစတုံးက လူမမည်အရွယ်၌သာရှိသေးသော စန္ဒရာကလေးအား ဘုရားသခင်၏ သားသမီးများဖြစ်ကြောင်း ပြောပြလိုက်ခြင်း ဖြစ်လေသည်။

သူ့၌ အဖေမထင်ရှားသောအဖြစ်သည် သူဘာလ်တန် အထက်တန်း ကျောင်းသို့ ပြောင်း၍ နေသောအခါ၌ ပြဿနာကြီး တစ်ရပ်အဖြစ် ပေါ်လာခဲ့လေသည်။ သူ့



မိတ်ရင်း ပယ်မီလာလည်း ထိုကျောင်း၌ပင် နေသည်။ ပယ်မီလာက သူနှင့်အတူ ဘော်ဒါတစ်ဆောင်တည်းနေစေချင်၏။ သို့သော် ပယ်မီလာပင်လျှင် အခြား ကျောင်းသူများ၏ ပြင်းထန်သော သဘောထားကို မလွန်ဆန်နိုင်ချေ။ တစ်နေ့၌ စန္ဒရာသည် ကျောင်းဆောင် ဧည့်ခန်းထဲသို့ ရောက်သွားရာ ခပ်လှမ်းလှမ်းက သူ့မိတ်ရင်း ပယ်မီလာ၏ အသံကို ကြားလိုက်ရသဖြင့် ပယ်မီလာထံသို့သွားမည် အပြုတွင် ကြားလိုက်ရသောစကားကြောင့် ခြေတန့်သွားလေတော့သည်။

'ဒါကတော့ ညည်းတို့ စန္ဒရာကို မတရားပြောတာပဲ၊ စန္ဒရာဟာ ငါတွေ့ရတဲ့အထဲမှာ အတော်ဆုံးပဲ၊ ငါတို့ ကျောင်းဆောင်မှာ သူနေရင် သူဟာ ကျောင်းဆောင်အတွက် အများကြီး အကျိုးဆောင်မှာ အမှန်ပဲ၊ စန္ဒရာဟာ လှတယ်၊ ပညာတော်တယ်၊ ပျော်ပျော်ပါးပါး နေတတ်တယ်'ဟု ပယ်မီလာက ပြောလိုက်သည်။

ထိုအခါ အသံတစ်သံက 'ဒါတွေတော့ ဟုတ်ပါပြီ၊ ဒါပေမယ့် စန္ဒရာဟာ ဘယ်သူလဲ၊ ပြောစမ်းပါဦး၊ ဘယ်လိုဟာမျိုးလဲ'ဟု မေးလိုက်သည်။

နောက်တစ်သံက 'ဟုတ်တယ်၊ ဘယ်လို အစားမျိုးဆိုတာ ဘယ်သူသိမလဲ၊ မိဘမဲ့ကျောင်းကလာတာ၊ သူ့မိဘမျိုးရိုးကို ဘယ်သူမှ မသိဘူး'ဟု ဆိုလေသည်။

စန္ဒရာသည် ပယ်မီလာကို သူ့အား ဘာကြောင့် ကျောင်းဆောင်တွင် မနေစေသလဲဟု ဘယ်တော့မျှ မမေး။ ပယ်မီလာကလည်း မပြောပေ။ ပယ်မီလာသည် သူ့ကို

www.burmeseclassic.com

www.burmeseclassic.com



အိမ်တွင်ကျင်းပသော ပွဲများသို့အမြဲတမ်း ဖိတ်၏။ ထိုပွဲမျိုး တစ်ပွဲတွင် သူသည် အာသာစတင်းဟုတ်နှင့် တွေ့သည်။ အာသာသည် အနီးအနားရှိ မြို့ကလေးတစ်မြို့က နာမည်ကြီး ပုဂ္ဂိုလ်တစ်ဦး၏ သားဖြစ်သည်။ စစ်တက္ကသိုလ်တွင် နောက်ဆုံးနှစ် သင်တန်းသို့ ရောက်နေလေပြီ။ အာသာက စန္ဒရာကို အိမ်ပြန်ပို့ခွင့်တောင်းသောအခါ စန္ဒရာမှာ အကျပ်ကြုံရတော့သည်။ သူ့၌ အိမ်မရှိ။ မိဘမဲ့ကျောင်းတွင် နေရသဖြင့် အာသာကို ဘယ်သို့ပြောရမည်ကို မသိရှာချေ။ အာသာကို သူ့အဖြစ်မှန်ကို ပြောမပြချင်။ ဘယ်သို့ပြောရမှန်းလည်း မသိသဖြင့် အာသာကို မြစ်ကမ်းဘက်သို့ ကားမောင်းသွားရန် ပြောလိုက်လေသည်။ မြစ်ကမ်းနား ခပ်မှောင်မှောင်နေရာတွင် အာသာက ကားကို ရပ်လိုက်သောအခါ စန္ဒရာသည် လန့်သွားလေသည်။

'မင်းကို အရင်တုန်းက ဘာဖြစ်လို့ မတွေ့ဖူးပါလိမ့်၊ မင်းမိဘများ ဒီမြို့မှာနေတာ ကြာပြီလား'ဟု အာသာက သိလိုဇောနှင့်မေးသည်။

'အို ကျွန်မတို့ ဒီနားတစ်ဝိုက်မှာ တစ်သက်လုံးပဲ နေလာတာပဲ'ဟု စန္ဒရာက ဝေ့လည်ကြောင်ပတ် ဖြေလိုက်သည်။

'မင်းလိုချောတဲ့ သူငယ်မမျိုးဟာ အိမ်တွင်းပုန်းလုပ်မနေသင့်ဘူး'ဟု ဆိုကာ အာသာက သူ့ကို လှမ်းဆွဲပြီးစ၍ နမ်းလေသည်။ စန္ဒရာသည် အတော်ပင် လန့်သွား၏။ ကတုန်ကယင်ဖြစ်နေသည်။ အာသာလည်း စန္ဒရာ၏ကိုယ် တောင့်တောင့်တင်းတင်း ဖြစ်နေမှန်းသိသဖြင့် လက်လွှတ်



လိုက်ပြီးလျှင် 'မင်း ဘာဖြစ်တာလဲ၊ မင်းပဲ ကမ်းနားဘက် လှည့်မောင်းပါပြောတယ်၊ စကားစမြည်ပြောဖို့လို့ဆိုတာပဲ၊ အခုတော့ မင်းက ငါ့ကို တွန်းဖယ်နေတယ်၊ ငါ့မှာ ကူးစက်တတ်တဲ့ရောဂါ ရှိသလိုပဲ'ဟု ဆိုလေသည်။

စန္ဒရာက သူနေသည့်နေရာကို အာသာ သိချင်သိပါစေတော့၊ ဂရုမစိုက်တော့ဘူးဟု အောက်မေ့ကာ ဖွင့်ပြောလိုက်ပြီးလျှင် သူ့ကို မိဘမဲ့ကျောင်း ကိုသာ ပို့ပေးပါတော့ဟု ဆိုလေသည်။ အာသာလည်း သူ့ကို သူလိုရာသို့ ပို့ပေးလိုက်သည်။ ကျောင်းဝင်းဝတွင် အာသာသည် မိဘမဲ့ကျောင်းဆိုင်းဘုတ်ကြီးကို မော့၍ ဖတ်နေလေသည်။ စန္ဒရာလည်း အာသာကို ဘယ်သောအခါမျှ တွေ့ရတော့မည် မဟုတ်တော့ဟု သိလိုက်ရလေတော့သည်။ သူလည်း သူ့အခန်းသို့ ပြန်ရောက်ရလျှင် ကျေနပ်ပြီ။ အာသာကဲ့သို့သော ဂုဏ်ကြီးရှင်မျိုးနှင့် အဆက်အသွယ်လုပ်ဖို့ စိတ်ကူး မထည့်တော့ပေ။

စန္ဒရာသည် ဖလပ်ရှ်ကိုမူ အခြားနည်းတစ်မျိုးနှင့် တွေ့ရသည်။ ဖလပ်ရှ်သည် ဟိုက်စကူးစာမေးပွဲ အောင်ပြီးကတည်းက ကားမောင်းပြိုင်ပွဲများတွင် ဝင်၍ နွှဲလာခဲ့သည်။

ပထမဦးစွာ မြို့ပေါ်တွင်ရှိသော အားကစားအသင်းက ကြီးမှူးသော ကားပြိုင်ပွဲတွင် ဝင်၍ပြိုင်ရာ တစ်မြို့လုံး ထွက်ကြည့်ကြသည်။ သူက ယခင်စံချိန်များကို အပြတ်အသတ် ချိုးလိုက်သောအခါ ချန်ပီယံဖြစ်သွားလေသည်။ သူ့ကို ဂုဏ်ပြုဖို့ ပွဲကြီးတစ်ပွဲကျင်းပဖို့ စီစဉ်သည်။ သူ စံချိန်ချိုးခဲ့သောပြိုင်ပွဲမှာ မြို့ကြီးတစ်မြို့တွင် ကျင်းပလေရာ

www.burmeseclassic.com

www.burmeseclassic.com



သူ့မြို့သို့ ပြန်လာရာတွင် သူ့ကို ဆီးကြိုရန် စီစဉ်ကြခြင်း ဖြစ်သည်။

ကြိုဆိုရန် အစီအစဉ်တွင် သူနှင့် တွဲဖက်ရမည့် အလှမယ် တစ်ယောက်ကို ရွေးကြရသည်။ ရွေးချယ်ရာတွင် ဖလပ်ရှ်ကိုယ်တိုင် လိုက်၍ကြည့်သည်။ တာလ်တန် အထက်တန်းကျောင်းသို့ ရောက်သောအခါ ဖလပ်ရှ်သည် စန္ဒရာကိုတွေ့၍ သဘောကျလေသည်။ ဖလပ်ရှ်က စန္ဒရာကို သူနှင့်အတူ ထွက်၍ ညစာစားဖို့ ဖိတ်ခေါ်လေသည်။ အထက်တန်းစားကလပ်ကြီး တစ်ခုတွင် သူတို့နှစ်ယောက် ညစာစားဖို့ ထိုင်ကြရာဝယ် ဖလပ်ရှ်က စန္ဒရာကို သေသေချာချာကြည့်ကာ 'အာပါး၊ မင်း သိပ်ချောပါကလား၊ ကိုယ်လုံးကိုယ်ပေါက်ကလဲ သိပ်ဟန်တာပဲ၊ နေစမ်းပါဦး၊ မင်းရဲ့အတိုင်းအတာဟာ ၃၅၊ ၂၃၊ ၃၅ ဖြစ်မယ်လို့ ငါ မှန်းတာပဲ၊ ငါ့မှန်းချက် မှန်ရဲ့လား'ဟု မေးလိုက်သည်။

စန္ဒရာက ထစ်ထစ်ငေါ့ငေါ့နှင့် 'ကျွန်မ တစ်ခါမျှ တိုင်းဖူးတာ မဟုတ်ဘူး၊ အလှမယ်ပြိုင်ပွဲလဲ ဘယ်တုန်းကမှ မဝင်ဖူးဘူး'ဟု ပြန်ပြောလေသည်။

'အို၊ မဝင်ဖူးဘူး၊ ဟုတ်လား၊ မင်းလိုလှတဲ့သူငယ်မ ဟာ အလှမယ်ပြိုင်ပွဲ မဝင်ဖူးဘူး ဟုတ်လား'

'ဟုတ်ပါတယ်၊ ကျွန်မ တစ်သက်လုံး မိဘမဲ့ကျောင်းမှာ နေလာခဲ့တာ၊ ဘယ်မှလဲ မရောက်ဘူးပါဘူး' စန္ဒရာက သူ့အကြောင်းကို စာစာကပင် ပြောလိုက်လေသည်။

'ဒီလိုဆိုရင် အချိန်မလွန်သေးပါဘူး၊ မင်းနှင့် ငါ နှစ်ယောက်တည်းမို့ပြောမယ်၊ သူတို့တစ်တွေ လုပ်မယ့်



ဂုဏ်ပြုပွဲမှာ မင်း အလှမယ်အဖြစ်အရွေးခံရလိမ့်မယ်၊ ငါ ဗေဒင်ဟောလိုက်မယ်၊ အဲဒါပြီးတော့ နောင်နှစ်အလှမယ် ရွေးပွဲမှာ မင်းကို သူတို့ အမြန်ယာဉ်မယ် (မစ္စ စပီဝေး) အဖြစ် ရွေးဖို့အကြောင်းရှိတယ်'

ဖလ်ရှ်ကို ဂုဏ်ပြုပွဲပြီးသည့်နောက်လည်း စန္ဒရာသည် ဖလပ်ရှ်နှင့် ချိန်း၍ တွေ့လျက်ပင် ရှိ၏။ ပထမ၌ သူသည် ဖလပ်ရှ်ကို ကြိုက်သလိုလို မကြိုက်သလိုလိုနှင့် မသေမချာ ဖြစ်နေသည်။ ဖလပ်ရှ်၏ သွက်လက်ဖော်ရွေသော အမူအရာနှင့် ကိုယ့်ကိုယ်ကို ယုံကြည်မှုကြီးခြင်းတို့ ကိုမူ သူ ကြိုက်လေသည်။

သူသည် ဖလပ်ရှ်တွင် အကြိုက်ဆုံးတစ်ခုရှိသည်။ ယင်းသည်ကား အခြားမဟုတ်။ သူ့ကို လူရာသွင်းခြင်းပင် ဖြစ်သည်။သူသည် အမြန်ယာဉ်မယ်အဖြစ် အရွေးခံရ၏။ ထိုအခါ ဖလပ်ရှ်က ဆောင်ရွက်သဖြင့် တစ်တိုင်းပြည်လုံးရှိ သတင်းစာများက သူ့ဓာတ်ပုံနှင့် သတင်းကိုထည့်ကြသည်။ စန္ဒရာသည် ဖလပ်ရှ်ကို အကြီးအကျယ် ကျေးဇူးတင်လေသည်။ ဖလပ်ရှ်ကမူ ကျေးဇူးတင်တာကိုမလိုချင်။ ထိုထက် ပို၍ လိုချင်သည်။

တစ်နေ့တွင် ဖလပ်ရှ်က ရှင်းရှင်းပင် ပြောပြ၏။ 'ကဲ ကလေးမ၊ မင်း ကျုပ်အကြောင်းကို အခုလောက်ရှိရင် တော့ ကောင်းကောင်းကြီး သိလောက်ရောပေါ့၊ ကျုပ်ဟာ အဖော်ကင်းတဲ့ တစ်ကိုယ်တည်းသမားပဲ၊ ကျုပ်ဟာ ပြိုင်ပွဲ မော်တော်ကားအပေါ်မှာရှိတဲ့ သံယောဇဉ်အပြင် ဒီပြင် သံယောဇဉ်ကြိုး အချည်မခံချင်ဘူး၊ တစ်နေ့ ကံဆိုးကြုံလို့

www.burmeseclassic.com

www.burmeseclassic.com



ကားမှောက်ပြီး သေချင်သေမယ်၊ ဒီတော့ ကျုပ်မှာ အဖော် လိုတယ်၊ ဘဝအဖော်အဖြစ် သူငယ်မကို ရွေးချယ်ပါ တယ်၊ ကဲ သူငယ်မ၊ အဲဒီ ရွေးချယ်ချက်ကို လက်ခံမှာလား၊ မခံဘူးလား'

စန္ဒရာသည် ဖလပ်ရှ်၏ လူပျိုလှည့်ပုံ ခပ်ဆန်းဆန်းကို တွေးနေခိုက်မှာပင် တံခါးသော့လှည့်သံ ကြားရပြီးနောက် ဖလပ်ရှ် အခန်းထဲသို့ ဝင်လာသည်ကို မြင်ရလေသည်။

သူသည် အဝတ်အစားများပတ်လည်ဝိုင်းလျက်ရှိသော စန္ဒရာရှိရာသို့လာပြီးလျှင် 'ဒီမှာ အမြန်ယာဉ်မယ်ကလေးရဲ့၊ ခင်ဗျားအလုပ်ကို နှောင့်ယှက်တယ်လို့ မအောက်မေ့ပါနဲ့၊ ကျုပ် အခု ခင်ဗျားကို ပျားရည်သော်တာပို့တယ်ရဲ့ အလှဘုရင်မအဖြစ် တင်မြှောက်ချင်လို့ပါ'ဟု ဆို၍ လက် လှမ်းလိုက်ရာ စန္ဒရာက သူ့ရင်ခွင်ထဲသို့ ဝမ်းပန်းတသာ တိုးဝင်သွားလေသည်။

**စာရေးဆရာမကြီး ဂရက်တား ဘောကာ၏ မှတ်ချက်**

စန္ဒရာသည် ဆွေမဲ့မျိုးမဲ့ ဖြစ်နေသဖြင့် ဖလပ်ရှ်ကို ယူ လိုက်ခြင်းဖြင့် ဆွေမျိုးဆက်တည်ထောင်နိုင်မည်ဟု မျှော်လင့် ထင်စား၏။ မိဘမဲ့ကျောင်းတွင် ကြီးပြင်းလာရသဖြင့် ဆွေမျိုးတစ်ကောင်တစ်မြီးမျှ မရှိသဖြင့် စိတ်အား ငယ်ခဲ့ ရသည်။ သူ့၌ မိဘထင်ရှားမရှိသဖြင့် ဂုဏ်ကြီးရှင်ပိုင်းက ပစ်ပယ်၍ အဖက်မတန် လုပ်ကြသောကြောင့် စိတ်ပျက်မိ သည်။



ထိုသို့ အနှိမ်ခံနေရသည့်အထဲတွင် ဖလပ်ရှ်က သူ့ကို နှစ်သက်လေးစားကြောင်း ပြသဖြင့် ဖလပ်ရှ်ကို ကျေးဇူး တင်လေသည်။ ကျေးဇူးတင်ရာမှ ချစ်စိတ်ဝင်လာသည်။

စန္ဒရာသာမက လူအများပင်လျှင် သူတစ်ပါးက လက်ခံအရေးယူမှုကို လိုလားကြသည်။ သူတစ်ပါး၏ ထင်မြင်ချက်ကို အာရုံပြုကြသည်။ အထူးသဖြင့် လူငယ် လူရွယ်တို့သည် သူတစ်ပါး အထင်ကြီးခံချင်ကြသည်။ သောက်စား ရမ်းကားမှ တော်သည်ဟု ဆိုသံကြားရုံနှင့် အချို့ငယ်ရွယ်သူတို့သည် မသောက်မစားချင်ဘဲနှင့် တမင် သက်သက် သောက်စားရမ်းကားပြကြသည်။ သူများလုပ် လျှင် လိုက်လုပ်မှ ကောင်းသည်ဟုထင်ကြသည့်အလျောက် အချို့ လူငယ်တို့သည် ကျောင်းနေခိုက်မှာပင် အိမ်ထောင်ပြု ကြသည်။ အိမ်ထောင်ပြုနိုင်သော ငွေကြေးအင်အား ပညာ အရည်အချင်း မပြည့်စုံသေးသည်ကိုပင် မထောက်ထားဘဲ သူတစ်ပါး လုပ်ကိုင်တိုင်း လုပ်လိုက်တတ်ကြသည်။

စန္ဒရာသည် လောက၌ တင့်တင့်တယ်တယ် နေချင်လှ၏။ သူ့၌ ထိုဆန္ဒသည် ကြီးမားပြင်းထန်၏။ မိတ်ဆွေများအပြင် သူနှင့် ပထမ ကြုံတွေ့ရသည့် အာသာ တို့က သူ့ကို ဂုဏ်မဲ့သူဟူ၍ အဖက်မလုပ်ကြသည်ကို မခံချင်၍ ဖလပ်ရှ်ကို ယူလိုက်ခြင်းဖြစ်သည်။ ဂုဏ်အဆင့် အတန်းဆိုသည်မှာ မိမိကိုယ်တိုင်ဆည်းပူးယူမှ အစစ်အမှန် ကို ရနိုင်ကြောင်း စန္ဒရာ မသိရှာပေ။ စန္ဒရာသည် ပညာ ကို ပေါက်ရောက်အောင်သင်ပြီးလျှင် ကိုယ့်ဒူးကိုယ်ချွန် လုပ်နိုင်ပါလျက် မလုပ်ဘဲ ဂုဏ်အဆင့်အတန်းရအောင် ဖလပ်ရှ်ကို ယူလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် သူ့ရုပ်ရည်ကို အားကိုးသည်။ ဖလပ်ရှိမှာလည်း သူ့ကိုယ်သူအထင်ကြီးသူတစ်ယောက် ဖြစ်သည်။ သူသည် မော်တော်ကားပြိုင်ပွဲ ချန်ပီယံမျှသာ ဖြစ်၏။ လူမှုရေးတွင် တွင်ကျယ်နိုင်မည့်သူဟု မဆိုသာ။ စန္ဒရာအဖို့ အိမ်ထောင်ရေး အောင်မြင်နိုင်စေရန် အတော်ကြိုးစားရပေမည်။

မျက်နှာလေးလှလှ ကိုယ်လုံးကိုယ်ပေါက် ကောင်းကောင်း ရှိရုံနှင့် အိမ်ထောင်ရေး အောင်မြင်နိုင်သည်ဟု မဆိုနိုင်ချေ။ ဖလပ်ရှိလို လူမျိုးကို တစ်သက်လုံး ပိုင်ပိုင်နိုင်နိုင် ဆွဲဆောင်ထားဖို့လည်း လွယ်မည်မဟုတ်။ ချစ်တတ်သော အသည်းနှလုံးသားနှင့် ပြုစုတတ်သော လက်များသည် လှတစ်မျက်နှာ ယဉ်တစ်ကိုယ်လုံးထက်ပို၍ အရေးကြီးကြောင်း အထူးသတိပြုသင့်ပေ၏။

## များရည်သော်တာ ဟိုတယ်မှာ ၅

### ဆာရာ၊ အခန်း ၆၀၁

ဆာရာ့အဖို့ သူသည် ဂျိုးကို တစ်သက်လုံး အမြဲတမ်း ချစ်လာခဲ့ဟန်ရှိ၏။ သူ့အနားတွင် ကပ်၍အိပ်နေသော ဂျိုးကိုကြည့်ရင်း သူ့ရင်ထဲတွင် ချစ်ကြင်နာစိတ်တွေ ပြည့်လျှံလာလေသည်။ ဂျိုးကို ပွေ့ဖက်ပြီးလျှင် ဂျိုး၏ တစ်သက်တာ နှစ်ဆယ့်နှစ်နှစ်တွင်း၌ ကြုံတွေ့ခဲ့ရသော ဒုက္ခအမျိုးမျိုးဒဏ်မှ ပြေပျောက်အောင် နှစ်သိမ့်ပေးလိုလှ၏။ သို့ရာတွင် ယင်းသို့ ပွေ့ဖက် နှစ်သိမ့်ပေးမည့်အစား ဂျိုးမနိုးအောင် ငြိမ်၍နေရင်း ပြီးဆုံးခဲ့သည့်နေ့ အတောအတွင်း၌ ဖြစ်ပျက်သမျှ လှုပ်ရှားဖွယ် အဖြစ်အပျက်များကို တွေး၍ နေလေသည်။

နေ့တိုင်းလိုလို ဆာရာ့အမေက အထူးတလည်စီမံသော နံနက်စာကို စားရသည်။ ပန်းသီးကိုဖုတ်၍ မုန့်

www.burmeseclassic.com

www.burmeseclassic.com



ကလေးများနှင့်အတူ ဝက်ပေါင်ခြောက်၊ ကြက်ဥ၊ ဖရဲသီး တို့ကို အမေက ကျွေးသည်။ ခါတိုင်းဆိုလျှင် ဆာရာသည် သူ့အမေကို မီးဖိုဆောင်တွင် ကူညီပေးခဲ့သည်။ ထိုနေ့၌မူ သူ့အမေက ဆာရာကို ဘာမျှ ဝင်၍ မလုပ်စေခဲ့ပေ။

'ငါ့သမီး ဒီနေ့ ဘာအလုပ်မှ မလုပ်ရပါဘူး၊ ညည်း မင်္ဂလာနေ့ မဟုတ်လားအေ'ဟု သူ့အမေက ဆိုသည်။ နံနက်စာ ပြင်ဆင်ပြီးနောက် သူ့မိဘများနှင့် သူ့မောင်လေး တို့သည် သူနှင့်အတူ စားပွဲကြီးတွင်ထိုင်၍ စားသောက် ကြသည်။ မစားခင် ဖခင်ကြီးက ဆာရာနှင့် ဂျိုးတို့အတွက် ဘုရားသခင်ထံတွင် အထူးဆုတောင်းပေးလေသည်။

မင်္ဂလာအခမ်းအနား အချိန်ရောက်သောအခါ သူ့ ဦးလေးက သူ့ကို ဘုရားရှိခိုးကျောင်းကလေးသို့ ခေါ်သွား လေသည်။ သူ့ဖခင်သည် ဘုရားရှိခိုးကျောင်း၌ ဘုန်းကြီး အဖြစ် နှစ်ဆယ့်ငါးနှစ်နီးပါး ဆောင်ရွက်လာခဲ့သည်။ ပရိသတ်သည် မတ်တတ်ရပ်၍ သူ့ကို ကြိုဆိုနှုတ်ဆက် ကြသည်။ နောက်ပိုင်း၌ တရားတေးသံငြိမ့်ငြိမ့် ညောင်း ညောင်းရှိလေသည်။ ထို့နောက် သူသည် ဘုရားစင်ရှေ့တွင် ဂျိုးနှင့်ယှဉ်၍ ရပ်နေရသည်။ ထိုအခိုက်၌ အခြား သတို့သမီး များကဲ့သို့ ရင်တုန်ခြင်း လုံးဝမရှိပေ။ သူသည် သူ့ဖခင်က သူတို့နှစ်ယောက်အား လက်ထပ်ပေးကာ တရားဂါထာများ ရွတ်ဖတ်နေစဉ် သူ့ဖခင်၏ ကြည်လင်အေးမြသော မျက်လုံး များကို မော့၍ ကြည့်နေသည်။ သူ့ခင်ပွန်းလောင်း ဂျိုးကလည်း သူ့အားကြင်နာယုယစွာ လက်စွပ်ဝတ်ပေး သည်။ ဂျိုးခများမှာ ဘယ်လက်သာရှိသဖြင့် လက်စွပ်ဝတ်ပေး



ရာ၌ အဆင်ပြေမှ ပြေပါ့မလားဟု တွေး၍ ပူပန်မိခဲ့ရှာသည်။

ထို့နောက် မိတ်ဆွေများ၊ ဆွေမျိုးများ ဧည့်ခံပွဲသို့ တက်ရောက်ပြီးလျှင် အချိန်ရောက်သဖြင့် သူ့ ပန်းကုံးကို အပျိုတော်တို့အား ပစ်ပေးခဲ့ပြီးနောက် လေယာဉ်ပျံခရီး အတွက် ကမန်းကတန်း ပြင်ရလေသည်။

ယခု သူသည် ခပ်မှောင်မှောင်ကလေးတွင် လှပ သော ပန်းရောင်ကော်ဇော ခင်းထားသည့်ပျားရည်သော်တာ ဟိုတယ်ရှိ နှစ်ယောက်အိပ် ခုတင်ကြီးပေါ်၌ ရောက်ရှိနေ လေပြီ။ လွန်ခဲ့သည့်နေ့က အဖြစ်အပျက်များသည် စိတ် လှုပ်ရှားဖွယ်ဖြစ်လေသောကြောင့် သူသည် အိပ်မပျော်ပေ။ ဂျိုး အိပ်ပျော်နေသည်ကိုကြည့်၍ ဝမ်းသာနေသည်။ သူ့ခများ ခရီးပန်းရှာပေသည်။ ဆာရာသည် ဂျိုးကို စိုက်ကြည့်ရင်း သူ့ဘဝထဲသို့ ဂျိုးဝင်လာပုံကို ပြန်၍ တွေးမိလေသည်။ ဂျိုးနှင့် သူ့မိဘ အိမ်သားစုတို့သည် ဆာရာတို့အိမ်နှင့် မျက်နှာချင်းဆိုင်အိမ်ကြီးသို့ ရောက်လာကြသည်။ ရောက် လာစဉ်က ဂျိုးသည် လေးငါးနှစ်ထက်ပို၍ မကြီးသေးပေ။ သူလည်း ဂျိုးနှင့် သက်တူရွယ်တူဖြစ်၏။ သူတို့နေသော မာလာဘာရီလမ်းတွင် ကစားဖော်ကလေး အင်မတန် နည်းသဖြင့် သူနှင့် ဂျိုးတို့သည် အမြဲတမ်းလိုလို အတူ ကစားခွင့် ရကြလေသည်။

တစ်နေ့တွင် ဂျိုး၏ မိခင်သည် ဆေးရုံတက်ရ၏။ ပထမ၌ ပေါ့ပေါ့တန်တန်ရောဂါဟု အောက်မေ့ခဲ့ကြ သော်လည်း ဆရာဝန်က သေချာစွာစစ်ဆေးပြီးနောက် ခွဲစိတ်ကုသမှ ဖြစ်မည်ဟုဆိုကာ ခွဲစိတ်ကုသလေရာ

www.burmeseclassic.com

www.burmeseclassic.com



ရက်သတ္တ တစ်ပတ်အတွင်း ဂျိုး၏ မိခင်လည်း ဆုံးရှာတော့၏။ ဆာရာ၏ ဖခင်က ဂျိုး၏ မိခင် ဆုံးကာနီးတွင် ဘုရားသခင်ကို ဆုတောင်းပေးပြီးနောက် အိပ်ချင်မူးတူး ဖြစ်နေသော ဂျိုးကိုပွေ့၍ ဆာရာတို့အိမ်သို့ ခေါ်လာခဲ့လေသည်။ ဂျိုးမှာ ထိုစဉ်က ငယ်လွန်းလှ၍ မိခင်ဆုံးသည့် အဖြစ်သနစ်ကို ကောင်းစွာ မသိရှာချေ။

ဆာရာ၏မိခင်က သူ့ခင်ပွန်းကို 'ကလေးအဖေ မရောက်လာခင် ကျွန်မတို့ပဲ ခေါ်ထားဦးမှ ဖြစ်မယ် ထင်တယ်'ဟု ပြောလေရာ ဆာရာ၏ ဖခင်က 'အေး ငါလဲ အဲဒီလိုပဲ ပြောမလို့၊ ဖရင့်ရောက်လာတော့ ဒီကလေးနဲ့ ပတ်သက်ပြီး ကြည့်စီမံရမှာပဲ၊ ဖရင့်က ကမ်းခြေအစောင့် ရဲသားမို့ ဒီကလေးကလေးကို ခေါ်ထားဖို့ ဖြစ်နိုင်မယ် မဟုတ်ဘူး၊ အိုဟိုင်ယိုးမှာတော့ ဖရင့်ရဲ့ဆွေမျိုး မိန်းမကြီး တစ်ယောက်တော့ ရှိတယ်၊ သူကပဲ ကလေးကို မွေးထားချင်မလား မသိဘူး'ဟု ဆိုလေသည်။

ဖရင့်၏ ဆွေမျိုးတော်သူ အဒေါ်ကြီးသည် ကားတိုက်ခံရသဖြင့် ဒုက္ခိတဖြစ်သွားသောကြောင့် ကလေးကိုခေါ်၍ မမွေးစားနိုင်တော့ချေ။ ထို့ကြောင့် ဂျိုးသည် ဆာရာတို့အိမ်၌ပင် ဆက်လက်၍ နေရလေသည်။ ဆာရာသည် မျက်နှာကလေးခပ်ငယ်ငယ်နှင့် နေရရှာသော ဂျိုးကို သတိရနေမိသေးသည်။ သူ့ခမျာမှာ ဘာဖြစ်သွားမှန်း မသိရှာချေ။ သူသည် ငယ်စဉ်ကပင် မိဘနှင့်ကွဲရသောကြောင့် ရယ်ရကောင်းမှန်းပင် မသိတော့ချေ။

ဆာရာ အသက်ငါးနှစ်ပြည့်သောအခါ သူ့မိဘများက သူ့အတွက် မွေးနေ့ပါတီ ကျင်းပပေးလေသည်။ ဆာရာ



ရသော မွေးနေ့လက်ဆောင်များတွင် လက်ဆောင်တစ်ခုသည် အထူးထင်ရှားလှ၏။ ယင်းသည် အကျႌအနီ ဘောင်းဘီအဖြူ ဝတ်ထားသော ဖြိုးဖြိုးဖြိုး မျက်နှာရှိသော လူပြက်ရုပ်ကလေးဖြစ်သည်။ သော့ပေးလိုက်လျှင် အရုပ်ကလေးသည် ကြမ်းပေါ်တွင် ကျွမ်းထိုးလေသည်။ ညစာစားပြီးသည့် နောက်တွင် အိမ်သားများကြည့်ကြရအောင် ထိုအရုပ်ကလေးကို ထုတ်၍ ပြလေသည်။ ဂျိုးသည် ထိုအရုပ်ကလေးကို အတန်ကြာ ငေးစိုက်ကြည့်နေပြီးလျှင် အားရပါးရရယ်လေရာ အိမ်သားအားလုံး ရယ်မောကြသည်။ အိပ်ချိန်တန်သောအခါ ဂျိုးသည် လူပြက်ရုပ်ကလေးကို ကောက်ယူပြီးလျှင် အားရပါးရ ဖက်လိုက်သည်မှာ အရုပ်ကလေး ကြေသွားမလားဟုပင် စိုးရိမ်ရလေသည်။ နောက်မကြာခင် ဂျိုး၏ ဖခင် မြို့သို့ရောက်လာသည်။ သူက ဂျိုးကိုခေါ်ထားမည့် မုဆိုးမကြီးတစ်ယောက်တွေ့ခဲ့ကြောင်း ပြောပြသည်။ သူ့အဖို့ကား ကမ်းရိုးတန်း အစောင့်တပ်၌ပင် နေရလေဦးမည် ဖြစ်သည်။ ဂျိုးသည် သူ့ဖခင်ကို ချစ်သော်လည်း အတူမနေခဲ့ရသဖြင့် ဆာရာတို့အိမ်၌သာ ပျော်သည်။ ထို့ကြောင့် ဆာရာတို့နှင့် ခွဲရမည်ကို မခွဲချင်ဘဲ မျက်ရည်စမ်းစမ်းနှင့် ခွဲခွာရလေသည်။

ဂျိုးထွက်သွားသည့်နေ့တွင် ဆာရာသည် အဖော်ကင်း၍ ငေးငိုင်နေလေသည်။ သူ့ဖခင်က သူ့ကို အားပေးစကား ပြောလေသည်။ 'ဘိုဇိုနဲ့ကစားပါတော့လား သမီးရယ်'ဟု ဆို၏။ ဘိုဇိုမှာ လူပြက်ကလေးကို ဆာရာက ပေးထားသော နာမည်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့မိခင်ကလည်း 'ဟုတ်သားပဲကွယ်၊ ဘိုဇိုကို ကျွမ်းထိုးခိုင်းပါ၊ တို့လဲ ပျော်ရတာပေါ့'ဟု ဝင်၍ ပြောသည်။

ဆာရာမှာ အပြောရ ခက်နေချေသည်။ နောက်ဆုံး၌ ဆာရာက ဂျိုးမသွားခင် သူ့ကို ဘိုဇိုကလေးကို ပေးလိုက်ပါ ဆို၍ ပေးလိုက်ကြောင်း ပြောပြရလေသည်။ ဆာရာသည် ဘိုဇိုကလေးနှင့် ညတိုင်း အတူအိပ်နေသဖြင့် မခွဲချင်သော်လည်း အဖော်ကင်းရှာသော ဂျိုးအတွက် ဘိုဇိုကို အဖော် အဖြစ် ထည့်ပေးလိုက်လေသည်။ ဘိုဇိုကိုကြည့်ပြီးလျှင် ရှေးက တစ်ခါမျှ မပြုံးမရယ်ဘူးသော ဂျိုးက အားရပါးရ ရယ်ခဲ့ဖူးသည်ကို ဆာရာ မမေ့နိုင်ပေ။

ဆာရာက ထိုသို့ပြောလိုက်သောအခါ သူ့မိဘများက သူ့ကို ဝမ်းသာကျေနပ်စွာ နမ်းကြသည်။ သူ့ဖခင်ကြီးက သူ့ကို ပွေ့ချီရင်း 'အခု သိပြီမဟုတ်လား၊ ယူရတာထက် ပေးရတာက ပိုပြီး မြတ်တဲ့အကြောင်း ဖေဖေ တရားဟောခဲ့တာလေ'ဟု ဆိုလေသည်။

ဆာရာ ဆယ့်ခုနစ်နှစ်အရွယ်ရောက်သော တစ်နေ့သောအခါ၌ ဂျိုးနှင့် သူ့ဖခင်တို့သည် မြို့သို့ပြန်လာကြသည်။ ဤအကြိမ်၌ကား သူ့ဖခင်သည် မြို့တွင် အခြေစိုက်နေရန် လာခြင်းဖြစ်သည်။ ဂျိုးသည် ပညာတော်သဖြင့် ဟိုက်စကူး စာမေးပွဲအောင်ပြီးဖြစ်၍ ယခု စက်မှု လက်မှု ပညာသင် ကောလိပ်ကျောင်းတွင် ရေဒီယိုအင်ဂျင်နီယာ အတတ်သင်ရန် ပြင်ဆင်နေလေပြီ။

ဆာရာသည် ဂျိုးကိုပြန်တွေ့ရသဖြင့် အလွန်ပင် အားရ ဝမ်းသာလျက်ရှိ၏။ သူတို့ နှစ်ယောက်သည်



ငယ်ချစ်များဖြစ်သည့်အားလျော်စွာ ယခု ပြန်တွေ့ရသော အခါ တစ်တွဲတည်း တွဲနေကြတော့သည်။ တစ်ညတွင် ကောလိပ်အားကစားခန်း၌ ကပွဲတွင် ကကြပြီးနောက် အိမ်ပြန်အပို့တွင် ဂျိုးက ဆာရာကို ဖက်၍ နမ်းလိုက်လေသည်။ ထိုနေ့တွင် ဂျိုး၏ အပြုအမူသည် ထူးခြားလှ၏။ ယခင်တုန်းကလို တစ်ခါနမ်းပြီးလျှင် မလွှတ်လိုက်ဘဲ ဆက်၍ဖက်ကာ ထူးခြားတက်ကြွစွာ နမ်းစဉ်ဆက်လိုက်လေသည်။ ဆာရာကလည်း ထိုသို့ပြုသည်ကို နှစ်သက်မွေ့လျော်၏။ ယင်းသို့မွေ့သည့် ထိုအဖြစ်ကိုသိလာသောဆာရာသည် သူ့ကိုယ်သူ အံ့အားသင့်မိလေသည်။

အတန်ကြာသော် ဂျိုးက ရှက်လေသံဖြင့် 'ဆာရာ၊ တို့နှစ်ယောက် ကလေးအဖြစ်နဲ့ ကြီးပြင်းလာခဲ့တယ်၊ အခုတော့ တို့နှစ်ယောက်လုံး အရွယ်ရောက်လာကြပြီ၊ ဒီတော့ အခုလို မင်းကို ယောကျ်ားတစ်ယောက်က မိန်းမ တစ်ယောက်ကို လိုချင်တာမျိုးနဲ့ လိုချင်ပြီကွယ်၊ တို့မှာတော့ အချစ်ကလွဲလို့ ဘာမျှ တင်တောင်းစရာလဲ မရှိဘူး၊ ကိုယ့်မှာ ရှိသမျှတော့ မင်းအဖို့ချည်းပဲ'ဟု ဆိုလေသည်။

'ကျွန်မလဲ ရှင့်လိုပါပဲ၊ ဒါပေမယ့် ကျွန်မတို့ နှစ်ယောက် ရှင် ဒီဂရီရအောင် စောင့်လိုက်ကြဦးစို့နော်၊ ကျွန်မလဲ သူနာပြုသင်တန်း တက်လိုက်ချင်သေးတယ်၊ ဒီတော့ အခု ဒီလိုအတိုင်းပဲ နေသွားကြရအောင်၊ ရှင်လဲ စေ့စပ်ပြီးထားချင်ထားလေ၊ နောင်နှစ်ကျတော့ အခြေချနေ ကြည့်ကြသေးတာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်သည် ရိုးရိုးတန်းတန်း ခင်မင်ရာမှ ချစ်သူဘဝသို့ ရောက်သွားကြသဖြင့် ကျေနပ်ဝမ်းမြောက် ကြည်လင်ရွှင်လန်းနေကြလေသည်။ အတန်ကြာသောအခါ ၌မူ ဂျိုးသည် စာမေးပွဲအတွက် စာကျက်ရန်ရှိသေးသည် ဆိုကာ ဆရာနှင့် မတွေ့ဘဲ နေခဲ့လေသည်။ တစ်နေ့တွင် ဆရာသည် အမှတ်မထင် ဂျိုးနှင့် လမ်းတွင်ဆုံမိသည်။ ဂျိုးမှာ တစ်ယောက်တည်းမဟုတ်၊ ဆံပင်နီနီ မိန်းမချော ကလေး တစ်ယောက်နှင့် တွဲလျက်ရှိသည်။

ထိုနေ့ညနေတွင် ဂျိုးသည် ဆရာတို့အိမ်သို့ အလည် ရောက်လာသည်။ ဆရာက ထိုမိန်းမအကြောင်းကို စပ်စုပင် မပြောသော်လည်း ဂျိုးကပင် စ၍ ပြောသည်။ ‘ဆရာ၊ မင်းတွေ့လိုက်တဲ့ မိန်းကလေးကို ငါစတွေ့တော့ ဘယ်လိုဖြစ်သွားမှန်းမသိဘူး၊ ဘာဖြစ်လို့ ဒီလောက်အစွဲကြီး စွဲမှန်း မသိပါဘူးကွယ်၊ သူ့ကို နမ်းလိုက်ရင်ပဲ မခွာချင် တော့ဘူး၊ ငါဖြင့်ကွာ မင်းကို ဒီလိုပြောရတာ ရှက်လဲ ရှက်ပါရဲ့၊ ငါဟာ အသုံးမကျတဲ့အကောင်တစ်ယောက် ဖြစ်နေတာပဲ၊ ဒါပေမယ့် မပြောလို့လဲ မပြီးဘူး မဟုတ်လား’

‘အို ရှင် ဒီလိုဖွင့်ပြောတာ ကျွန်မတော့ ဝမ်းသာ ပါတယ် ရှင်၊ ရှင် စိတ်ချမ်းသာမယ်ဆိုရင် ဘာမဆိုလုပ်ပါ၊ ကျွန်မအတွက် အနှောင့်အယှက် မဖြစ်ပါစေနဲ့’ဟု ဆရာက ပြန်ပြောလိုက်ပြီးနောက် သူတို့နှစ်ယောက်သည် သာမန် မိတ်ဆွေ သဘောမျိုးနှင့် ခဏတာမျှ နမ်းကြပြီးလျှင် ခွဲခွာကြလေသည်။ ဆရာ၏ နှလုံးသားတို့ကား နာကျင် နေလေပြီ။ သို့ရာတွင် ဆေးရုံတွင်လုပ်ရသော သူနာပြု



အလုပ်မှာ တစ်ချက်ကလေးမျှ မအားရ မနားရသဖြင့် နှလုံးသားနာကျင်မှုကို ဂရုမထားနိုင်လောက်အောင် ဖြစ်နေ သဖြင့် တစ်နည်းအားဖြင့် တော်ပေသေး၏။

သူတို့နှစ်ယောက် အဖြစ်အပျက်ကိုသိသော သူ့မိခင် က သူ့အား သတိပေးစကားပြောကြားသည်။ ‘ငါ့သမီး အသိသားပဲ၊ ပေးရတာဟာ ယူရတာထက် ပိုပြီးမြတ်တယ်၊ ပေးရတဲ့အထဲမှာ ကိုယ့်ချစ်သူကို ပေးလိုက်ရတာ အမြတ် ဆုံးပေါ့၊ ညည်းအခုလို ကြည်ကြည်ဖြူဖြူနှင့် ကိုယ့်ချစ်သူကို သူ စိတ်ချမ်းသာဖို့အရေးကိုသာ တွေးပြီး ပေးအပ်လိုက်နိုင် တယ်ဆိုတာ ငါနဲ့ ညည်းအဖေတို့က ဂုဏ်ယူပါတယ်အေ’

ဆရာအား ငယ်စဉ်အခါက ဂျိုးကို လူပြက်ရုပ် ကလေး ပေးလိုက်သည်ကို အကြောင်းပြု၍ သူ့ဖခင်က ပေးခြင်းသည် ယူခြင်းထက် မြတ်သည်ဟု သင်ကြားပေး ခဲ့၏။ ယခု၌ ဂျိုးကိုပင် သူတစ်ပါးအားပေးလိုက်ရလေပြီ။ ဆရာအဖို့ အတော်ပင် ခက်ခဲသော အလုပ်တစ်ခုပေတည်း။

နောက်တစ်နှစ်ခန့်ကြာသော် ဆရာသည် ရုတ် တရက်ဖြစ်သော ရောဂါသည်များကို ခွဲစိတ်ကုသရသော အခန်းတွင် ကူညီနေရခိုက်၌ လူတစ်ယောက် ဆရာကို ခေါ်နေသည်ဟုပြောလိုက်သဖြင့် ခွဲစိတ်ကုသခန်းသို့ ဝင်သွား လေသည်။ အခန်းထဲသို့ ရောက်သောအခါ ဆရာသည် အံ့အားသင့် သွားသည်။ သူ့ကို ခေါ်သူမှာ အခြားမဟုတ်၊ ဂျိုးဖြစ်သည်။

‘သူ့ကို အခုပဲ ခွဲကုရမှာ၊ ကားတိုက်မှုပေါ့၊ သူက သူ့ကို မခွဲခင် မင်းကို တွေ့ပါရစေလို့တောင်းပန်တာနဲ့

www.burmeseclassic.com

www.burmeseclassic.com



မင်းကို ခေါ်လိုက်တာပဲ'ဟု ဆရာဝန်က ခပ်တိုးတိုး ရှင်းပြသည်။

ဂျိုးက ဆရာကို တောင်းပန်သောမျက်နှာမျိုးဖြင့် မော့၍ကြည့်ရာ ဆရာက ငုံ့၍ ဂျိုး၏ နဖူးကို နမ်းလိုက်သည်။

'ဆရာ၊ ကို မင်းကို တွေ့ချင်တာကတော့ တကယ် လို့များ ကို သေသွားရင် မပြောလိုက်ရမှာစိုးလို့ပါကွယ်၊ ပြောချင်တာကတော့ မင်းဟာ တကယ့် တကယ်တော့ ကို့ အချစ်ဆုံးပါပဲဆိုတာပါ'ဟု ပြောရင်း ဂျိုး၏အသံသည် တုန်လာလေသည်။ ဆရာဝန်က ဆရာအား အပြင်သို့ ထွက်သွားရန် အချက်ပေးလိုက်သည်။

ဆရာသည် ထိုနေ့ တစ်ညနေလုံး စိတ်တထင့် ထင့်နှင့် ဂျိုး၏ အခြေအနေနှင့် ပတ်သက်သည့်စကားကို စောင့်နေလေသည်။

နောက်ဆုံး၌ ဆရာဝန်က သူ့ကို ရုံးခန်းထဲသို့ခေါ်၍ 'ဂျိုး မသေတော့ပါဘူး၊ ဒါပေမယ့် သူ့ညာလက်ကိုတော့ ဖြတ်ပစ်လိုက်ရတယ်'ဟု ပြောပြလေသည်။

ကိုယ်လက်ကြံ့ခိုင်လှသော ဂျိုးမှာ လက်တစ်ဖက် မရှိသောသူအဖြစ်သို့ ရောက်ရလေခြင်းဟု တွေးရင်းပင် ဆရာသည် မျက်ရည်ဝဲလာလေ၏။ ဆရာဝန်အား ဂျိုး တွေ့ရန် တောင်းပန်ပြီးလျှင် ဂျိုး၏အခန်းထဲသို့ ဝင်သွားလေသည်။

ဆရာကိုမြင်လိုက်လျှင်ပင် မျက်နှာလန်းကြည်လာသော ဂျိုးက အတော်ကြိုးစား၍ ပြုံးရင်း 'ဆရာ၊ ကို့ကို



ခွင့်လွှတ်နိုင်ပါ့မလား ဟင်'ဟု မေးလိုက်သည်။ ဆရာသည် ဂျိုးကို ထူပေးပြီးလျှင် ဦးခေါင်းကို သူ့ပခုံးတွင် မှီထားစေသည်။ 'ကိုဟာ အင်မတန်မိုက်တဲ့အကောင်ပါကွယ်'ဟု ဂျိုးက ဆိုလေသည်။

ဆရာသည် ယခု ပျားရည်သော်တာ ဟိုတယ်ခန်း ကြီးတွင် နှစ်ယောက်အိပ် ခုတင်ပေါ်၌ လဲလျောင်းနေခိုက် ထိုစဉ်က သူပြန်ပြောလိုက်သော စကားမှာ သူတို့နှစ်ယောက် စလုံး ကြားချင်နေသော စကားပင်ဖြစ်ကြောင်း သတိရ၍ ပြုံးမိလေတော့သည်။

## စာရေးဆရာမ ဂရက်တား ဘောကာ၏ မှတ်ချက်

ဆရာသည် ဂျိုးကို တကယ်ချစ်၍ ယူသည်။ သူသည် ငယ်စဉ်ကပင် မိဘများ၏ အဆုံးအမကို ခံယူ၍ ချစ်ခင် ကြင်နာမှုနှင့် စေတနာသဒ္ဓါတရား အကြောင်းကို ကောင်းမွန်စွာ သိလာခဲ့သည်။ သူ့ဖခင်မှာ ခရစ်ယာန်ဘုန်းကြီးဖြစ်သည့် အလျောက် သူသည် မေတ္တာတရားကို သဘောပေါက်လာ ခဲ့သည်။ သူသည် အလွန် နှစ်သက်ခင်မင်သော လူပြက်ရုပ် ကလေးကို သနားစရာ အဖော်ကင်းရှာသော ဂျိုးအား ရက်ရောစွာပေးခဲ့သည်။ ယင်းသည်ကား သူ့အဖို့ မေတ္တာ တရား၌ ပထမအဆင့် အောင်မြင်ခြင်းဖြစ်၏။ ဒုတိယ အဆင့်တွင် ဆရာသည် သူချစ်ခင်နေသော ဂျိုးကို အခြားမိန်းကလေးအား ပေးလိုက်သည်။ ယင်းသို့ပေးလိုက် ခြင်းမှာ ဂျိုး စိတ်ချမ်းသာမှု ရမည်ဆိုလျှင် သူ့ဘက်က အနစ်နာခံရမှာ ဝန်မလေးကြောင်း ပြခြင်းဖြစ်၏။ ထိုအဆင့်

www.burmeseclassic.com

www.burmeseclassic.com



ကို ထူးကဲစွာအောင်မြင်ခဲ့သည်။ တစ်ဖန် ဂျိုးက သူ့အချစ်ကို ဂျိုး၏ စိတ်ချမ်းသာမှုကို ရည်စူး၍ ပေးခဲ့ပြန်လေသည်။

'အချစ်၏ အတတ်ပညာ' အမည်တပ်ကျမ်းတွင် စိတ်ပညာဆရာကြီး ဒေါက်တာ အီရစ်ဖရန်းက 'များစွာသော လူတို့သည် အချစ်ခံရဖို့ကို ချစ်ဖို့ထက်ပို၍ ဂရုစိုက်ကြသည်။ သူတို့သည် ရုပ်ချောသည်ထက် ချောအောင် အမူအရာ ကောင်းသည်ထက် ကောင်းအောင် အပြောပါသည်ထက်ပါအောင် အမျိုးမျိုးကြိုးစားကြ၏။ ယင်းသို့ ကြိုးစားခြင်းမှာ အချစ်ခံချင်သောကြောင့်ပင် ဖြစ်သည်။ ယင်းသို့ မိမိကိုယ်အဖို့သာ အာရုံပြုနေကြလေသဖြင့် သူတို့သည် အချစ်စစ်၏ သဘောတရားကို လက်လွှတ်ကြသည်။ အချစ်စစ်၏ သဘောတရားသည်ကား ပေးခြင်းပင်ဖြစ်၏။ မိမိချစ်သူ၏ စိတ်ချမ်းသာပါစေ၊ တိုးတက်ကြီးပွားပါစေဟူသော စေတနာဖြင့် မိမိ၏အချိန်၊ မိမိ၏သည်းခံမှု၊ မိမိ၏ အကျိုးခံစားခွင့်တို့ကို ပေးခြင်းသည်ပင်လျှင် အချစ်ကို ပေးခြင်း မည်၏။ တစ်ဦးတစ်ယောက်ကို မိမိကျေနပ်မှု ကောင်းစားမှုအတွက် အသုံးပြုရ၍ ချစ်သည်ဟုဆိုလျှင် ထိုအချစ်သည် အချစ်စစ် မဟုတ်တော့ချေ'ဟု ဆိုလေသည်။

ဒေါက်တာ ဟယ်ရီ ဆယ်ဗန်ကလည်း သူ၏ 'ခေတ်သစ် စိတ်ပညာသဘောတရား'စာအုပ်တွင် ထိုနည်းနှင်နှင်ဆို၏။ 'တစ်ယောက်သောသူ၏ ကျေနပ်မှု၊ ချမ်းသာမှုသည် မိမိ၏ ကျေနပ်မှု ချမ်းသာမှုကဲ့သို့ပင် မိမိအဖို့ အရေးကြီးသည့် အဖြစ်သို့ ရောက်လာပါမှ ချစ်ခြင်းတရားသည် ပေါ်ပေါက်လာ၏။ ထိုသို့သောအခြေမျိုး မဆိုက်



ရောက်ပါမှ ချစ်သည်ဟူသော အဖြစ်သည် ဘယ်နည်းနှင့်မျှ မရောက်နိုင်ချေ'

ထိုအဆိုကို အကြောင်းပြု၍ 'မြင်မြင်ချင်း ချစ်သည်' ဆိုသော စကားမှာ အများအယူအဆမျှသာဖြစ်၍ စိတ်ပညာအရ မှန်ကန်သော စကားမဟုတ်ကြောင်း ထင်ရှားပေသည်။

'မြင်မြင်ချင်း စွဲမက်ခြင်း' ဖြစ်ချင်ဖြစ်မည်။ အချစ်တော့ မဖြစ်နိုင်။ ဆာရာ၏ အိမ်ထောင်ရေးမှာ အောင်မြင်ဖွယ် အကြောင်းလမ်း ကောင်းစွာရှိသည်။ အဘယ်ကြောင့်ဆိုသော် ဂျိုး၏ စိတ်ချမ်းသာမှုသည် ဆာရာ့အဖို့ သူ့စိတ်ချမ်းသာမှုကဲ့သို့ပင် အရေးကြီးလှပေသည်။ ဂျိုးကလည်း ဆာရာ ချစ်သလို ချစ်နိုင်လျှင် သူတို့ နှစ်ယောက်သည် လူ့ဘဝတွင် အမြင့်မြတ်ဆုံး ကျေနပ်ချမ်းသာမှု ရနိုင်ဖွယ်ရှိသည်။

## အတွေ့တွေ့လေ့လာချက်များ

များရည်သော်တာ ဟိုတယ်၌ ရောက်လာကြသော အသစ်စက်စက် သတို့သမီးကလေး ငါးဦးအကြောင်းနှင့် စိတ်ပညာဆရာမကြီး မစ္စဂရက်တားဘေကာ၏ မှတ်ချက်များသည် ဤတွင်ပြီးဆုံး၏။

ထိုငါးဦးတို့အကြောင်း သေချာစွာ လေ့လာသူအဖို့ အချစ်နှင့် အိမ်ထောင်ရေး သင်ခန်းစာများ အတော်အတန် ရနိုင်ပေလိမ့်မည်။ သူတို့ငါးဦး၏ အတွေ့အကြုံ အဖြစ်အပျက်တို့မှာ ထူးဆန်းလှသည် မဟုတ်။ သို့ရာတွင်

www.burmeseclassic.com

www.burmeseclassic.com



သူတို့၏ အချစ်ပုံသဏ္ဌာန်တို့မှာ စိတ်ပညာ သုတေသီအဖို့ စိတ်ဝင်စားဖွယ် ဖြစ်သည်။ ပို၍ စိတ်ဝင်စားဖွယ် ဖြစ်ရသည့် အကြောင်းမှာ သူတို့ငါးဦး၏ အချစ်သမိုင်းကလေးများသည် လူမျိုးမရွေး ဘာသာမရွေး လူငယ်လူရွယ်တို့၏ အချစ်ဖြစ်စဉ်များနှင့် သဘောတရားအားဖြင့် ကွဲပြားခြားနားခြင်း မရှိသည့် အကြောင်းပင် ဖြစ်သည်။

သူတို့ငါးဦးတွင် ပထမ ရှသ်သည် သူ့ဆရာကို ချစ်၏။ သူ့အချစ်တွင် မိမိက အသက်အရွယ်နှင့် စိတ်ဓာတ် နုနယ်သည်နှင့်အမျှ မိမိ၏ ဆရာဟောင်း ခင်ပွန်းသည်က အသက်အရွယ်နှင့် စိတ်ဓာတ် ခိုင်ကျည်သောကြောင့် အားထားချင်စိတ်၊ ခိုလှုံချင်စိတ်တို့ ပါဝင်ပေသည်။ သူ့၌ ဖခင်ကိုအထင်ကြီးသော စိတ်သည် ကြီးမား၏။ ထို့ကြောင့် သူ့အဖို့ အသက်ကြီးသော လင်သည် ရွယ်တူ ယောကျာ်းထက်ပို၍ ချစ်ခင်ဖွယ်ဖြစ်၏။ သူသည် သူ့ခင်ပွန်းကို ဆရာအဖြစ်နှင့် အထင်ကြီးသည်။ ကြည်ညိုသည်။ မိမိက ကြည်ညိုလေးစားနေသူ၏ ချစ်ခင် ယုယမှုကို ခံယူရခြင်းသည် မိမိအဖို့ ကျေနပ်နှစ်သက်ဖွယ် ဖြစ်ပေသည်။

ရှသ်၏ အိမ်ထောင်ရေးသည် အောင်မြင်ဖွယ် အကြောင်းရှိ၏။ ထိုအောင်မြင်မှုမှာ သူ့ခင်ပွန်း ရှယ်ဒန် ထက် သူကိုယ်တိုင်၏ ကြိုးပမ်းမှုအပေါ်တွင် တည်နေသည်။

ရှယ်ဒန်သည် ရှသ်ထက် ဆယ့်ရှစ်နှစ်လောက် အသက်ကြီးသည်။ ဆရာလည်းဖြစ်သဖြင့် သာမန် ပုဂ္ဂိုလ်ထက်ပို၍ စိတ်ဓာတ်ရင့်သန်သည်ဟု ယူဆနိုင်သည်။ သူ့ဇနီးကလေးကို ဇနီးအဖြစ် ချစ်ခင်ယုယစဉ်၌ပင် တပည့်မ



ကလေးအဖြစ် လူ့သဘာဝအကြောင်း လူမှုရေးကိစ္စတို့ကိုလည်း သင်ကြားပေးပေလိမ့်မည်။ ရှသ်ကသာ သူ့အရွယ်နှင့် မလိုက်အောင် ရင့်ကျက်လာနိုင်ပါက အသက်ချင်းကွာခြားမှုမှာ အနှောင့်အယှက် မဖြစ်ရုံသာမက တစ်နည်းအားဖြင့် အထောက်အပံ့ ဖြစ်ပေလိမ့်မည်။ အဘယ်သို့နည်းဟူမူ ရှသ်သည် မိန်းမသားဖြစ်သည့်အလျောက် မိမိခင်ပွန်း၏ သမ္မာအရိပ်၌ ခိုလှုံမွေ့လျော်လိုပေသည်။ သူ့ခင်ပွန်းမှာ သမ္မာရင့်ပြီး ပုဂ္ဂိုလ်ဖြစ်သည့် အားလျော်စွာ ရှသ်အဖို့ စိတ်ပျက်စရာအကြောင်း ပေါ်လာမည် မဟုတ်ပေ။

အသက်ချင်းကွာသဖြင့် ရှယ်ဒန်က အသက်ကြီးလာပြီးလျှင် ကျသည့်အချိန်တွင် ရှသ်က တက်တုန်းအရွယ်၌ ရှိချေမည်။ ယင်းသို့ဖြစ်လျှင် ကာမဂုဏ်ကိစ္စ၌ အဆင်မပြေဖြစ်ကောင်းဖြစ်ပေမည်။ သို့ရာတွင် ရှသ်၌ ရှယ်ဒန်၏ နေစဉ်နှင့်အမျှ အချစ်နည်းဖြင့် သင်ကြားပြသမှုကြောင့် အရွယ်နှင့် မလိုက်အောင် စိတ်ဓာတ်ရင့်ကျက်လာနိုင်ဖွယ် ရှိလေရာ ယင်းသို့ ရင့်ကျက်ပါမူ ထိုအဆင်မပြေမှုသည် ပြေလည်နိုင်ပေလိမ့်မည်။ မိန်းမတို့သည် များသောအားဖြင့် ကာမဂုဏ်ကိစ္စထက် ယုယကြင်နာမှုကို ပို၍ လိုလားသည်။ ယုယကြင်နာမှုသည် ကာမဂုဏ်စိတ်ကို လွှမ်းမိုးပြေပြစ်စေနိုင်သည်။ ကာမဂုဏ်စိတ်သည်လည်း စိတ်မျှသာ ဖြစ်သည်။ စိတ်ဓာတ်ရင့်ကျက်ပါမူ အဆင်ပြေနိုင်ပေမည်။ ကာမဂုဏ်စိတ် ဖြေဖျော်ရာ၌လည်း ကြမ်းတမ်းသောအမှုသည်သာလျှင် ကျေနပ်ဖွယ်ဖြစ်သည်ဟု ထင်မှားမိသူတို့ မှတ်စေလိုသည်မှာ ကြမ်းတမ်းမှုသည် ကျေနပ်ဖွယ် မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



သည်သာမက ငြီးငွေ့ရွံ့ရှာဖွယ်အဖြစ်သို့ ရောက်ချေသည်။ ယုယမှု အသွယ်သွယ်တို့သည် နူးညံ့သိမ်မွေ့ကြသည့်အလျောက် တကယ့်ချစ်စိတ်ကို ကျေနပ်စေနိုင်သော သတ္တိရှိကြပေသည်။ စိတ်ကျေနပ်မှုသည် နက်နဲ၏။ တည်မြဲ၏။ ကိုယ်ကာယ၏ ကျေနပ်မှုသည်ကား မတည်မြဲ မနက်နဲချေ။

ကိုယ်ကာယ၏ ကျေနပ်မှုကို အခြေတည်၍ ပြုသော အိမ်ထောင်မှုသည် သစ်ရိုင်းနှင့် ဆောက်ထားသော အိမ်ကဲ့သို့ ဖြစ်ချေသည်။ သစ်ရိုင်းကို ခြစားသဖြင့် အတွင်းလိုက်၍ ပျက်စီးသည့်အလျောက် အိမ်ပြိုဖွယ်ရှိ၏။ ကိုယ်ကာယ ကျေနပ်မှုသည် သွေးသားအပေါ်၌ တည်၍ နမူးနထိုင်း မွှန်မွှန်ထူထူ ဖြစ်ခိုက်၌သာ ဖြစ်ပြီးလျှင် သွေးအေးချိန်၌ တန်ပြန်ရိုက်သည့် သဘောတရားရှိသည်။ ငြီးငွေ့ ရွံ့ရှာမှုသည် သစ်ရိုင်းကို လိုက်၍စားသော ခြထက်ပင် ဆိုးသေး၏။

ကိုယ်ကာယ၏ ကျေနပ်မှုကိုသာ နားလည်၍ အချစ်ကို နားမလည်သော ဂျိန်း၏အကြောင်းကို လေ့လာပါ။ သူသည် ကာယဗလနှင့်ပြည့်စုံသော စတီဗင်ကို စွဲမက်သည်။ အဆင်ခြင်နည်းသော မိန်းကလေးတို့သည် ကိုယ်ကာယ တောင့်တင်းခြင်းကို ယောကျ်ားပီသသည်ဟု ထင်ကြသည်။ သူသည် ပညာအဆင့်အတန်းမြင့်၍ လောက၌တိုးတက်မည့် ဒယ်နီကို ပယ်ခဲ့သည်။ အိမ်ထောင်ရေးသည် တစ်သက်တာ အရေးဖြစ်၏။ ကိုယ်ကာယတောင့်တင်းမှုသည် တစ်သက်တာ တည်မြဲနိုင်သည့် အရာမဟုတ်ချေ။ ကာမဂုဏ်ကိစ္စ၌ ပြင်းပြင်းထန်ထန် မွှန်မွှန်ထူထူဖြစ်လျှင် အကျအဆင်း



မြန်တတ်သည်။ အီ၍ သွားချေမည်။ ငြီးငွေ့လာချေမည်။ နောက်ဆုံး၌ ရွံ့ရှာစိတ်၊ မုန်းတီးစိတ် ဝင်လာချေမည်။ အခြေမှန်သော ကာမဂုဏ်ကိစ္စသည်သာလျှင် စမ်းရေယာဉ်ကဲ့သို့ ရေစီးမသန်သော်ငြားလည်း ရေစီးမတန့်သည့် အဖြစ်မျိုး၌ ရှိနိုင်သည်။

အပေါယံဖြစ်သော ကိုယ်ကာယကိုသာ အဓိကပြုသည့် ဂျိန်းကဲ့သို့သော မိန်းကလေးမျိုးသည် စိတ်ဓာတ်ရင့်ကျက်လာဖို့ခဲယဉ်း၏။ ကိုယ်ကာယကိုသာ ပဓာနပြုသော သဘောသည်ပင်လျှင် စိတ်ဓာတ် မရင့်ကျက်ကြောင်း ထင်ရှားလှသည်။ စိတ်ဓာတ် မရင့်ကျက်သူသည် ဘဝနှင့် အစပ်တည့်အောင် မနေတတ်။ မပြုသင့်ရာပြု၍ မဖြစ်သင့်တာ ဖြစ်တတ်ချေသည်။

အချစ်စိတ်၌ အဖော်စိတ် အင်အားစုသည် အတော်ပင် ကြီးမားလှပေသည်။ စိတ်တူသဘောတူ အခြေမျိုးသာလျှင် ချစ်စိတ်ကို ဖြစ်ပေါ်စေသည်။ စိတ်ချင်းတူသည် ဆိုရာ၌ တစ်ယောက်က အချိုကြိုက်လျှင် တစ်ယောက်ကလည်း လိုက်၍ ကြိုက်ရမည်မဆိုလို။ ဝါသနာချင်း အကြိုက်ချင်း တူခြင်းသည် စိတ်ချင်းတူခြင်းနှင့် တခြားစီဖြစ်၏။ ဝါသနာချင်း အကြိုက်ချင်းတူမှုသည် ရှိလျှင် ကောင်းပါ၏။ မရှိလျှင် မထောင်းသာ။ စိတ်ချင်းတူသည် ဆိုရာ၌ စိတ်နေစိတ်ထားနှင့် စိတ်ဓာတ်တို့ နှိုင်းညှိလောက်ဖွယ် အခြေအနေတွင် ရှိခြင်းကို ဆိုလိုသည်။ ရှင်းပါမည်။ ဥပမာ တစ်ယောက်သောသူက ငွေကြေးမက်သည်။ ဂုဏ်ပကာသ၌ မွေ့လျော်သည်။ ထိုသူ၏ စိတ်ဓာတ်သည်

www.burmeseclassic.com

www.burmeseclassic.com



ညဲ့၏။ လူ့ဘဝ၌ ငွေကြေးနှင့် ဂုဏ်ပကာသနတို့မှာ ကင်းကွာ၍ ရနိုင်ခဲ၏ဟု ဆိုရစေကာမူ အဓိကမဟုတ်။ ထိုကိစ္စများကို အဓိကမပြု ပဓာနမထားဘဲ ရိုးသားစွာ ရှာဖွေ၍ရသော ငွေကြေးပစ္စည်းဖြင့် မိမိ၏ နဂိုနေရာ၌ တည်ကြည်စွာနေလိုသောဆန္ဒသည် မွန်မြတ်သောစိတ်ဓာတ်ကို ပြသည်။ ထို့ကြောင့် ငွေမက်၊ ဂုဏ်မက်သော မိန်းမနှင့် ရိုးသားတည်ကြည်မှုကိုသာ လိုလားသော ယောကျ်ားတို့သည် အတည်အမြဲ တွဲဖက်နိုင်ဖို့ခက်လှသည်။ ကံက ပေါင်းစပ်ထားသဖြင့် အတူနေရသော်လည်း မကွဲမပျော်ဖြစ်ကာ ယင်းတို့၏အိမ်ထောင်မှုသည် အောင်မြင်သည်ဟု မဆိုသာချေ။

ကွဲသွားသော အိမ်ထောင်မှ ထွက်ခွာလာခဲ့သော အဲနက်သည် သိုက်သိုက်မြိုက်မြိုက်ရှိလှသော ဝေါလ်တား၏ မိဘ အိမ်ထောင်စုနှင့် တွေ့ရသောအခါ အလွန်ကျေနပ်ဝမ်းမြောက်သည်။ သူသည် ဝေါလ်တားကို အဖော်ပြုချင်စိတ်ဖြင့်ချစ်သည်၊ သူ့အချစ်၌ အားကိုးစိတ်သည် ကြီးမား၏။ သူသည် ကလေးအရွယ်မှစ၍ လူလားမြောက်ချိန်တိုင်အောင် အဖော်ကင်းမဲ့၏။ အိမ်နှင့်တူသော အိမ်မျိုးတွင် မနေခဲ့ရ။ ထို့ကြောင့် ဝေါလ်တားက သူ့ကို နားလည်မှုနှင့် ချစ်ခင်ကြောင်း သိသဖြင့် အဖော်ဆာနေသော အဲနက်သည် ဝေါလ်တားအား သူ၏ အချစ်ကို ပုံ၍ အပ်လိုက်သည်။

အဲနက်၏ အိမ်ထောင်ရေး၌ အောင်မြင်နိုင်ဖွယ်အကြောင်း အတော်ပင်များ၏။ မိန်းမသဘာဝတွင် အားကိုးစိတ်သည် ကြီးမားပေသည်။ မိန်းမသည် ကိုယ်ချစ်ကိုမရှာဘဲ



သူချစ်ကို ရှာသင့်သည်ဟု ကျွန်တော်ဆိုခဲ့ပါသည်။ ထိုစကားသည် မိန်းမသဘာဝနှင့် အကိုက်ညီဆုံးဖြစ်၏။ မိန်းမသည် အားကိုးစိတ်ကို အရင်းတည်၍ ချစ်စိတ်ကို ဖွံ့ဖြိုးစေသည်။

ကိုယ်ချစ်ကိုသာရှာလျှင် မိမိက အားကိုးနိုင်ဖွယ်အကြောင်းလမ်း နည်းချေမည်။ သူက ချစ်မှ ကိုယ်က အားကိုးနိုင်မည်။ ဝေါလ်တားသည် အဲနက်ကို ချစ်၏။ ဝေါလ်တားကို အဲနက်က ပြန်၍ချစ်ခြင်းမှာမူ မှန်ပေသည်။ သူ့အချစ်ကို ယုံကြည်သည့်အလျောက်၊ အားကိုးသည့်အလျောက် မိမိအချစ်ကို သူ့အား ပေးအပ်လိုက်သည်။ အချစ်နှင့်တကွ မိမိ၏ ဘဝ တစ်ဘဝလုံးကို ဝေါလ်တား၏ ဘဝစက်ဝန်းထဲသို့ သွတ်သွင်းအပ်နှံလိုက်လေသည်။

အဲနက်နှင့် ရှယ်တို့၏ အချစ် ဇာတ်လမ်းသည် မှန်၏။ ရှယ်သည်လည်း သူချစ်ကိုရှာသော သူငယ်မဖြစ်သည်။ သူ့ဆရာဟောင်း ရှယ်ဒန်က သူ့ကို ချစ်ခင်လေရာ သူက ရှယ်ဒန်၏ အချစ်ကို ကြည်ဖြူစွာ လက်ခံကာ သူ၏ အချစ်ကို တုံ့ပြန်လိုက်လေသည်။

ဂျိန်းအဖို့ကား အချစ်ဆိုသည့်စကား မရှိ။ သူသည် အချစ်ကို မယုံကြည်။ အချစ်ကို မယုံကြည်သူတို့သည် အပေါ်ယံကြော အနေအားဖြင့် ပို၍ လိမ္မာရာကျသည်။ 'အိမ်ထောင်ရေးဆိုတာ အလျဉ်းသင့်သလို တွေ့ကြ၊ ကြိုက်ကြ၊ ပေါင်းသင်းကြတာပဲ'ဟု ဆိုနိုင်ပါသည်။ စင်စစ်တော့ ကံစီမံရာပင် ဖြစ်ကြရသည်။ သို့သော် အချစ် အခြေမခံသော အိမ်ထောင်ရေးသည် အောင်မြင်နိုင်ဖွယ်မရှိ။ ရွှင်လန်းချမ်းသာမှု မရနိုင်။

www.burmeseclassic.com

www.burmeseclassic.com



မိဘ မည်သူမည်ဝါဟု မသိရှာသော စန္ဒရာသည် မျိုးရိုး အဆက်အနွယ်နှင့် တင့်တင့်တယ်တယ်နေခြင်းကို အားကျသည့်အလျောက် မော်တော်ကား အမြန်ပြိုင်ပွဲ ချန်ပီယံ ပလပ်ရှ်ကို ယူလိုက်သည်။ စန္ဒရာသည် လောက၌ ကျကျနန ဂုဏ်ရှိရှိ နေချင်စိတ်ကို ကိုးကွယ်သည်။ သူ့အခြေအနေ မလှခဲ့သဖြင့် သူ့၌ တင့်တယ်စွာနေချင်စိတ် ထွန်းကားခဲ့ခြင်း ဖြစ်သည်။ သူသည် ဖလပ်ရှ်ကို အားကိုး၍ ယူခြင်းမဟုတ်၊ ဖလပ်ရှ်၏ အဆင့်အတန်းကို လိုချင်သဖြင့် ယူခြင်းဖြစ်သည်။ ဖလပ်ရှ်ကလည်း သူချောသဖြင့် ကြိုက်၍ ယူခြင်း ဖြစ်သည်။ သူသည် ဖလပ်ရှ်နှင့် တွဲဖက်ခြင်းအားဖြင့် အလှမယ်ဘွဲ့ကို ရယူနိုင်ခဲ့၏။ အလှမယ်အဖြစ် ကျော်စောခြင်းနှင့် ဂုဏ်ပကာသနတို့ကို ရလေသည်။

ထိုကျော်စောခြင်းနှင့် ဂုဏ်ပကာသနတို့သည် တည်မြဲခြင်းမရှိ။ ဖလပ်ရှ်၏ အကြိုက်မှာလည်း အခြေခိုင်သည် မဟုတ်။ ထိုအချက်များကို စန္ဒရာသည် လေးနက်စွာ မစဉ်းစား။ သူ့အိမ်ထောင်ရေးသည် ကံကောင်းမှ သာယာပေမည်။ သူသည် ဂျိန်းနှင့်တူ၏။ ဂျိန်းက ကာမဂုဏ်ကို မက်သည်။ သူက ပကာသနကိုမက်သည်။ သူတို့နှစ်ယောက်၏ နောင်ရေးမှာ သံသယဖြစ်ဖွယ်မျှသာ ဖြစ်သည်။

ဆာရာသည် ကိုယ်ချစ်ကိုရှာသော မိန်းမဖြစ်သည်။ သူသည် ငယ်သူငယ်ချင်း ဂျိုးကို ဘဝတစ်လျှောက်လုံးတွင် အနစ်နာခံ၍ ချစ်ခဲ့သည်။ တကယ့်အချစ်၏ နမူနာပင်တည်း။ နောက်ပိုင်း၌ ဂျိုးက သူ့အချစ်ကို အကြီးအကျယ် ယုံကြည်လာပြီးလျှင် ပြန်၍ ချစ်လာသဖြင့် ဆာရာ၏ အိမ်ထောင်ရေးသည် အောင်မြင်ဖွယ် အကြောင်းလမ်း



ပို၍သာ လာပေသည်။ 'တစ်ဦးမေတ္တာ တစ်ဦးမှာ'ဆိုသော စကား၏ မှန်ကန်ခြင်းသည် စိတ်ပညာအရ ထင်ရှားပေသည်။ ဆာရာ၏ တကယ့်မေတ္တာ၏ အရှိန်ကြောင့် ဂျိုး၏ သန္တာန်မှ မေတ္တာစစ်သည် ထွက်ပေါ်လာရသည်။

သူတို့နှစ်ယောက်၏ အချစ်မှာ ရည်တူလာပြီဟု ဆိုရမည်ဖြစ်သောကြောင့် သူတို့သည် လောကတွင် ချစ်ကြင်နာ မေတ္တာပိုကဲသော ဇနီးမောင်နှံအဖြစ် လမ်းတစ်လျှောက်တွင် လက်ချင်းယှက်၍ လျှောက်နေကြပေမည်ဟု ဆိုနိုင်ပေသည်။

အချစ်နှင့် အိမ်ထောင်ရေးအကြောင်း ရေးတိုင်း ကျွန်တော်သည် 'ကံစီမံရာ'ဟူသော စကားကို သုံးလေ့ရှိပါသည်။ ကျွန်တော်၏ လေးနက်စွာယုံကြည်မှုသည် 'ကံက တွဲပေးလို့ တွဲဖက်ကြတာပဲ'ဟူသော စကားရပ်ပင်ဖြစ်သည်။ ချစ်တိုင်းမညား ညားတိုင်းမချစ်ဆိုသော စကားမှာ ကံစီမံရာဆိုသော စကား၏ အပွားမျှသာ ဖြစ်သည်။

ယင်းသို့ဖြစ်လျှင် အချစ်အကြောင်း ပြောနေစရာ ဘာလိုသလဲဟု ဆိုကောင်း ဆိုကြပေမည်။ အိမ်ထောင်ရေးကို အချစ်နှင့် ဆက်စပ်ပြုပြီးလျှင် အချစ်အခြေခံသော အိမ်ထောင်ရေးမျိုး တည်ဆောက်နိုင်ခွင့်သာ သူတို့အား သတိပေး လမ်းညွှန်ဖြစ်စေရန် ရည်သန်၍ ပြောရခြင်းဖြစ်ပါသည်။ ကံမစပ်၍ ဟန်မကျနိုင်ရှာသော သူတို့အဖို့လည်း အချစ်၏ အဓိပ္ပာယ်ကို ပို၍ နားလည်သည့်အလျောက် မညားရသော်လည်း ရင်ထဲ၌ အချစ်စိတ်ကို ဥပနာလျှ... ကိုးကွယ်ခြင်းဖြင့် ဖြေနိုင်သလောက်ဖြေကြပါစေ ...သော စေတနာကြောင့်လည်း ပြောရခြင်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## စိတ်သန့်မှုနှင့် အိမ်ထောင်ရေး

အချစ်နှင့် အိမ်ထောင်ရေးအကြောင်း ဆွေးနွေးကြရာဝယ် အိမ်ထောင်ရေးတွင် အချစ်မပါဘဲ သာမန် ကာမဂုဏ်ကိုစွဲမျှသာပါလျှင် မသန့်ရှင်း မစင်ကြယ်ဟုဆိုသော စကားရပ်ကို ရှင်းလင်းခိုင်းကြပါသည်။

'ဥပမာ ဆိုကြပါစို့ဗျာ၊ မိန်းကလေးတစ်ယောက်ဟာ အိမ်ထောင်မကျခင် ယောကျ်ားတစ်ယောက်နဲ့ဖြစ်ပျက်ရင် အဲဒီမိန်းကလေးကို အပျိုမစစ်ဘူးလို့ ဆိုကြတယ် မဟုတ်လား'

'ဟုတ်တယ်လေ'

'အိမ်ထောင် အပြင်အပမှာ ကာမဂုဏ်ကိုစွပြုရင် စာရိတ္တပျက်တယ်လို့ ခေါ်ကြတယ် မဟုတ်လား'

'ဟုတ်တာပေါ့'

'စာရိတ္တပျက်တယ်လို့ မြန်မာလိုပြောရတာ ကျွန်တော်တော့ သိပ်အားမရပါဘူးဗျာ၊ immoral ခေါ်တဲ့ အင်္ဂလိပ်စကားကို မြန်မာလို ဘယ်လိုပြန်မလဲ ဟင်'

BURMESE CLASSIC .com



ကျွန်တော့် မိတ်ဆွေက ရယ်သည်။ 'ခင်ဗျားက ဘာသာပြန်ဆရာကြီး လုပ်နေတာပဲ၊ ခင်ဗျား ပြန်တတ်ရမှာပေါ့'

'အဲဒါ ခက်တာပေါ့ဗျာ၊ ဆရာလုပ်နေတဲ့သူတွေဟာ တကယ်တမ်း စစ်ကြည့်တော့ ယောင်ဝါးဝါးတွေပဲ၊ ကျွန်တော်တို့ဆီမှာ အဲဒီလို လူမျိုးတွေများတာပေါ့၊ ဆရာလုပ်တယ်လို့ ကျွန်တော့်ကို ထင်နေကြတာ၊ တကယ်တော့ ကျွန်တော် ဆရာမလုပ်ချင်ပါဘူးဗျာ၊ ကျွန်တော့်ကို ဆရာပဲခေါ်ခေါ် မခေါ်ခေါ် ကျွန်တော်တော့ တတ်တယ်လို့ကို မတင်ဝံ့ဘူးဗျာ၊ ကဲပါ immoral ကို ဘယ်လိုပြန်မလဲ'

'အဲဒါ ခက်တယ်၊ ကျွန်တော် ဘယ်သိပါ့မလဲ' အဘိဓာန် လှန်ကြည့်ပေါ့ဗျာ'

'အင်း ဟုတ်သားပဲ'

ကျွန်တော်သည် ဒေါက်တာဘဟန်၏ 'တက္ကသိုလ် အင်္ဂလိပ် မြန်မာ အဘိဓာန်'ကြီးကို လှန်ကြည့်ပါသည်။ immoral ကို အကျင့်ယုတ်သော၊ တန်သော၊ မသမာသော ဟူ၍ အနက်ပေးထားကြောင်း တွေ့ရပါသည်။

'ကဲ ဆရာ၊ ဒေါက်တာဘဟန်ပေးထားတဲ့ အနက်ကတော့ ဒီအတိုင်းပဲ၊ ကျွန်တော်တော့ သိပ်အားမရလှဘူး၊ immorality ဆိုတာကို အကျင့်လို့ပြန်ပြီး immoral ကို ဒေါက်တာဘဟန်ပေးတဲ့အတိုင်း အကျင့်ယုတ်သော အကျင့်တန်သော ပြန်ရုံနဲ့ ကျွန်တော်တော့အားမရလှဘူး၊ အဲဒီ immorality ဆိုတဲ့စကားကိုက အတော်ခက်တယ်၊ လူတစ်မျိုးက immoral ဖြစ်တယ်ဆိုတာကို တစ်မျိုးက

www.burmeseclassic.com

www.burmeseclassic.com



ဆိုချင်မှ ဆိုမယ်၊ ကဲ ထားပါတော့ဗျာ၊ ဒေါက်တာဘဟန် ပေးတဲ့ အနက်ကိုပဲ ယူကြပါစို့၊ ဒီတော့ ဟိုရှေးက စကားကို ပြန်ကောက်ကြရအောင်၊ အိမ်ထောင်အပမှာ ကာမဂုဏ်ကိစ္စပြုပြီးတဲ့ မိန်းကလေးကို မစင်ကြယ်ဘူးလို့ဆိုတယ်၊ တကယ်တော့ မိန်းမချည်း မဟုတ်ပါဘူး၊ ယောကျ်ားလဲ ဒီလိုပါပဲ၊ မစင်ကြယ်ဘူးလို့ဆိုနိုင်တာပေါ့၊ ဆိုလိုရင်းကတော့ အိမ်ထောင်ပြင်ပမှာ ကာမကိစ္စမပြုရဘူး၊ ပြုရင် ပြစ်မှုတစ်ခု ကျူးလွန်တာပဲ ဆိုတာပေါ့'

'ဟုတ်တယ်လေ၊ အိမ်ထောင်ပြုပြီးတော့မှ လုပ်ရမယ့် ကိစ္စကိုဗျ'

BURMESE CLASSIC .com

'အိမ်ထောင်ပြုတယ်ဆိုတာ ဘာလဲ'

'ယောကျ်ားနဲ့ မိန်းမ လူအများကို အသိပေးပြီး အတူနေပြီး ကာမဂုဏ်ကိစ္စကစပြီး အားလုံး လူမှုကိစ္စတွေ လုပ်တာကို ဆိုတာပေါ့'

'ခင်ဗျားပြောတာ အတော်ဟန်တယ်၊ တခြား လူမှုရေးကိစ္စတွေကို အတူပြုကြတာလဲ ပါတယ်၊ ကာမကိစ္စလဲ ပါတယ်၊ ဆိုကြပါစို့ဗျာ၊ ယောကျ်ားနဲ့ မိန်းမဟာ လူမှုရေးကိစ္စတွေမှာ အတူပြုကြတယ်ဆိုကြပါတော့၊ ဒါပေမယ့် ကာမကိစ္စကိုတော့ မလုပ်ကြဘူး ဆိုပါတော့၊ အဲဒါ ယောကျ်ားနဲ့ မိန်းမကို လူတွေက ကဲ့ရဲ့ကြမလား၊ သူတို့နှစ်ယောက်ကို အကျင့်ယုတ်တယ်၊ စာရိတ္တပျက်တယ်လို့ ဆိုကြမလား'

'ဟာ ခင်ဗျားက မဖြစ်နိုင်တာတွေ လျှောက်ပြောနေတာကို၊ တခြားကိစ္စတွေကို ကာမကိစ္စပြီးမှ အတူလုပ်ကြတာဗျ'



'ဒီလိုဆိုတော့ တခြားကိစ္စတွေကို အသာထားလိုက်ပါဦး၊ အိမ်ထောင်ရေးမှာ ကာမကိစ္စဟာ အရေးအကြီးဆုံးလို့ မှတ်ယူကြတယ် မဟုတ်လား'

'အရင်းစစ်တော့ ဒီလိုကျတာပေါ့၊ ယောကျ်ားနဲ့ မိန်းမ အိမ်ထောင်ပြုတယ်ဆိုရင် တခြား လူမှုရေးကိစ္စတွေကို အတူပြုခွင့် ပေးထာထက် ကာမကိစ္စ ပြုခွင့်ပေးတာက ပဓာန ဖြစ်တာပေါ့'

'ကဲ ကောင်းပြီ၊ အိမ်ထောင်ပြုပြီး ယောကျ်ားနဲ့ မိန်းမ ကာမကိစ္စပြုတာကို အကျင့်တန်တယ်၊ စာရိတ္တပျက်တယ်လို့ ဘယ်သူမှ မဆိုဘူး၊ အိမ်ထောင်မပြုဘဲ ကာမကိစ္စ ပြုရင် အကျင့်တန်တယ်၊ စာရိတ္တပျက်တယ်လို့ အားလုံးက ဝိုင်းဆိုကြတယ်'

'အင်း'

'အဲဒီတော့ စာရိတ္တဆိုတာဟာ အများအသိအမှတ်ပြုတယ်ဆိုတဲ့ အပြင်အပ အကြောင်းရင်းပေါ်မှာသာ တည်နေရာ မကျပေဘူးလား၊ ဒီလိုဆိုတော့ အကျင့်စာရိတ္တဟာ အပေါ်ယံကြော ကိစ္စပေါ့၊ လူသိပေးလုပ်တာဟာ စာရိတ္တမပျက်ဘူး၊ လူသိမပေးရင် စာရိတ္တပျက်တယ် ဆိုသလိုပါပဲလား'

'ဟုတ်တာပေါ့ဗျ၊ မိသိ ဖသိ လူသိနတ်ကြား ဆိုသလိုဖြစ်မှ တင့်တယ်တာကလား'

'သြော် ယောကျ်ားတစ်ယောက်ဟာ ကာမဆန္ဒ ပြေပျောက်ဖို့ ဇိမ်မယ်ဆီကို သွားတယ်ဆိုပါတော့၊ အဲဒါကို လူအများက မကောင်းဘူးလို့ဆိုကြတယ်၊ စာရိတ္တပျက်ပြေးတယ် ဆိုလိုတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ကိုတက်တိုး၊ ခင်ဗျားလဲ တစ်နေ့တခြား ခွစာကျသထက် ကျလာပြီ'

'ထားပါလေ၊ ခင်ဗျားလို ဆင်ခြင်တုံတရားရှိတဲ့ ပညာတတ်ပုဂ္ဂိုလ်တစ်ယောက်မို့ ကျွန်တော် ပွင့်ပွင့် လင်းလင်း ပယ်ပယ်နယ်နယ် ဆွေးနွေးတာပေါ့ဗျ၊ ကျွန်တော် ဆိုလိုတာက moral value လို့ခေါ်တဲ့ စာရိတ္တတန်ဖိုးဟာ အပေါ်ယံ အကြောင်းတရားပေါ်မှာသာ တည်နေတယ် ဆိုတာပါပဲ၊ တကယ်တော့ ဒါဟာ ကျွန်တော်တို့ လူမျိုးကိုချည်းဆိုနေတဲ့ စကားမဟုတ်ပါဘူး၊ ယဉ်ကျေးတယ်ဆိုတဲ့ လူအုပ်စုတွေကိုဆိုတဲ့စကားပါ၊ စာရိတ္တဆိုတာဟာ အကြောင်းအကျိုးပြုပြီး ရင်ထဲကရှိတဲ့ စိတ်အာရုံ ချိုးနှိမ်တာပါပဲ၊ ဝတ္တရားလို့ လူတွေသတ်မှတ်ထားတဲ့အတိုင်း လိုက်လုပ်တာကိုဆိုလိုတာပဲ၊ ရင်ထဲမှာရှိတာကို မျိုသိပ် ချိုးနှိမ်ရမယ်၊ အပြင်ပန်း အပေါ်ယံမှာတော့ ပုံကျရမယ်၊ ခင်ဗျား အခုတင်က ပြောလိုက်သလို တင့်တယ်ရမယ်လို့ ဆိုလိုက်တာပါပဲလေ'

'ဒါပေါ့ဗျ၊ ဆင်ခြင်တုံတရားနဲ့ ဆောင်ရွက်ရမှာပေါ့'

'ဆင်ခြင်တုံတရားဆိုတာလဲ စင်စစ်တော့အပေါ်ယံ ဆင်ခြင်တုံ တရားပါ၊ မတရားမှုကို တရားတယ်လို့ပြတဲ့ ဆင်ခြင်တုံတရားပါပဲ၊ အိမ်ထောင်ရေးမှာ အချစ်ကို အခြေခံရမယ်လို့ ပြောပြောနေကြတာတော့ မှန်ပါရဲ့၊ အဲဒီလို ပြောတဲ့လူတွေက အချစ်ဆိုတဲ့သဘောတရားကို သိကြတာ မဟုတ်ဘူး၊ အချစ်ဆိုတာ ကာမဂုဏ်စိတ်ပဲလို့ အောက်မေ့နေကြတယ်၊ ကာမဂုဏ်စိတ်ကြောင့် စွဲမက်နေတာကိုပဲ



ချစ်တယ်လို့ မှတ်ထင်နေကြတာပေါ့၊ ကဲ ကျွန်တော် တစ်ခုပြောမယ်၊ မဟုတ်တာကို အဟုတ်လုပ်ပြောတဲ့လူ၊ ဟုတ်တာကို မဟုတ်ဖြစ်အောင် ပြောတဲ့လူ၊ အဲဒီလူနှစ်ယောက်လုံးကို လူတွေအားလုံးက လူလိမ် လူညာတွေပဲလို့ ဆိုပြီး ကဲ့ရဲ့ကြတယ်မဟုတ်လား၊ မုသာဝါဒကို မုန်းကြတယ်၊ ဒီလိုဆိုရင်ဗျာ မချစ်ဘဲနဲ့ ချစ်ဟန် ဆောင်တဲ့လူ၊ ချစ်လျက်နဲ့ မချစ်ဟန်ဆောင်နေတဲ့လူ အဲဒီလူတွေကိုတော့ ဘာလို့မမုန်းကြသလဲ'

BURMESE CLASSIC .com

'အို မုန်းကြသားပဲ'

'ဘယ် မုန်းရမှာလဲဗျ၊ ဂုဏ်မက်ပြီးယူတဲ့ မိန်းမကို လူတွေက ကဲ့ရဲ့သလား၊ အို နောက်ကွယ် အတင်းပြောတဲ့ ကဲ့ရဲ့တာမျိုးကို ဆိုလိုတာ မဟုတ်ဘူး၊ အတင်းပြောကြတာတွေကလည်း ဒီလိုလုပ်တာအကျင့်စာရိတ္တမကောင်းဘူးလို့ဆိုတာ မဟုတ်ပါဘူး၊ မနာလိုကြလို့သာ ကဲ့ရဲ့ကြတာပါ၊ လူတွေက တကယ်တမ်း ဝိုင်းပြီး ရှုတ်ချသလား၊ အဲဒီမိန်းမဟာ မချစ်ဘဲနဲ့ ချစ်ဟန်ဆောင်တာ မဟုတ်လား၊ သူ့ကို ပြည့်တန်ဆာနဲ့ တန်းတူထားပြီး ရှုတ်ချသလားဟင်'

'ဒါကတော့ တစ်မျိုးကိုဗျ'

'တစ်မျိုးဆိုတာ ပကာသနကိုလိုက်လို့ ထင်တဲ့အထင်ပါ၊ တကယ့်အထင်မဟုတ်ပါဘူး'

မိတ်ဆွေသည် ပြုံးလျက် ကြည့်နေလေ၏။

'အဲဒီ မချစ်ဘဲနဲ့ ဂုဏ်မက်ပြီးယူတဲ့ မိန်းမရဲ့ စိတ်ဓာတ်ဟာ ပြေးစားဖိမ်မယ်ရဲ့ စိတ်ဓာတ်နဲ့ သဘောတရားအားဖြင့် ဘာမျှ မကွာခြားဘူးဆိုတာကိုတော့ ခင်ဗျား

www.burmeseclassic.com

www.burmeseclassic.com



လို ပညာရှိတစ်ယောက်က ရိုးသားစွာ ဝန်ခံရပေလိမ့်မယ်၊ မိန်းမကိုချည်း ဥပမာပြနေလို့ မိန်းမတွေကို နှိမ်နေတယ်လို့ မထင်လိုက်ပါနဲ့ ကိုရင်၊ ယောကျ်ားတွေလဲ အကျုံးဝင်တယ်လို့ မှတ်ပါ၊ ဂုဏ်မက်တဲ့ယောကျ်ားလဲ ပြည့်တန်ဆာစိတ် ရှိတာပေါ့ဗျာ၊ ဒီလိုလူမျိုးဟာ အဲဒီလို သူများကို ညာတာချည်းပဲ မဟုတ်သေးဘူး၊ ကိုယ့်စိတ်ထားကိုက မူမမှန်တော့ ကိုယ့်ကိုယ်ကိုလဲ ပြန်လှည့်စားနေတာပဲ၊ မုသားစကားလဲ ဒီလိုပါပဲ၊ တချို့ တမင်သက်သက် မမှန်တာကို အမှန်ရယ်လို့ လုပ်ကြံပြောတာလဲ ရှိသပေါ့၊ ဒါပေမယ့် ဒီထက်ဆိုးတာက မဟုတ်တာကို ဟုတ်တယ်လို့ ကိုယ့်ဘာသာကိုယ်ထင်ပြီး သူများကို အဟုတ်လိုပဲ ယုံယုံကြည်ကြည်နဲ့ ပြောတာလဲ ရှိတယ်၊ အဲဒီနည်းအတိုင်းပဲ မချစ်တာကို ချစ်သလိုလို ကိုယ့်ကိုယ်ကို လှည့်စားနေကြတာလဲ ရှိတယ်၊ စွဲမက်တဲ့အာရုံဟာ ဘီလူးပေမယ့် နတ်ခေါင်းစွပ်ပြီး နတ်လုပ်ပြီး ထွက်လာတတ်တယ်၊ စိတ်ဆိုတာ အတော်အသိရ ခဲခက်တာကလားဗျာ၊ ချစ်တယ်လို့ ထင်နေတာဟာ နှစ်ရှည်လများဖြစ်ပေမယ့် ဖွင့်ဖန်းခနဲ နတ်ခေါင်းစွပ် ပြုတ်ထွက်သွားတဲ့အခါကျတော့မှပဲ တကယ်ချစ်တာမဟုတ်ဘူးဆိုတာကို တွေ့ကြရတတ်တယ်၊ အဲဒီတော့ အချိန်တွေလွန်ကုန်ပြီ၊ ပြင်ဖို့အင်မတန် ခက်သွားပြီ၊ ဒါနဲ့ပဲ ငုံ့ခံလိုက်ကြတာ တစ်သက်လုံးပဲ၊ အဲဒီလို လင်မယား မကွဲဘဲ တစ်သက်လုံး နေသွားကြတာကို လူတွေက ကောင်းချီး သြဘာပေးကြတယ်၊ အထဲကနောက်ချေးခံကို မမြင်ဘဲ အပေါ်ယံ ရွှေမှုန့်ကြဲထားတာကို ကြည့်ပြီး သြဘာပေးကြတာပေါ့ဗျာ'



'ဒါဖြင့် ဒီလို လှည့်စားမှုကို ဘယ်လိုကုစားမလဲဟင်'

'အဲဒီရောဂါဟာ ကုရသိပ်ခက်တဲ့ ရောဂါပဲဗျ၊ ရိုးသားမှန်ကန်တဲ့ စိတ်နေစိတ်ထားကို ဆည်းပူးဖို့ အင်မတန်ခက်တယ်၊ ဖြောင့်လိမ်တာကို မလိမ်ဖို့ ပြောရတာလွယ်ပါတယ်၊ လိမ်တဲ့လူကပဲ မလိမ်တော့ပါဘူးဆိုပြီး ဆင်ခြင်လိုက်ရင် ပြီးတာပဲ၊ ကိုယ့်ကိုယ်ကို လှည့်စားပြီး ဟုတ်လှပြီထင်နေတဲ့ဟာ ပြုပြင်လို့ အင်မတန်ခဲခက်တဲ့ ဟာမျိုးပဲ၊ လူတွေဟာ ယဉ်ကျေးမှု အစကတည်းက ရင်ထဲမှာရှိတာကို ပြောမပြ၊ ရင်ထဲမှာရှိတဲ့အတိုင်း လုပ်မပြရဲဘဲ မျိုသိပ်ထားခဲ့တာတွေကြောင့် ခက်တာပေါ့၊ မကောင်းမှုကို မကောင်းမှုလို့ ယုံကြည်ပြီး မပြောတာ မလုပ်တာမျိုး မဟုတ်ဘူးနော်၊ ရောမသွားပါစေနဲ့ဦး၊ မှန်တာကို မှန်မှန်းသိလျက်နဲ့ မပြောရဲ မလုပ်ရဲတာတွေကိုသာ ပြောတာ၊ ရှေ့ကဆိုခဲ့ဖူးတဲ့ အတိုင်းပေါ့၊ မချစ်ပေမယ့် ဝတ္တရားအဖြစ် ပေါင်းသင်းနေကြတဲ့ လင်မယားကို လူညာစုံတွဲပဲလို့ ဘယ်သူကမှ မရှုတ်ချဘူး၊ ဝတ္တရား မပျက်တာကိုပဲ ချီးကျူးကြတယ်၊ စိတ်မပါဘဲ ဝတ္တရားမို့သာ လုပ်ရတယ်ဆိုတာ မလုပ်ဘဲနေတာထက် ဆိုးတယ်၊ ဒါပေမယ့် ယဉ်ကျေးမှုက စိတ်မပါဘဲလုပ်ခိုင်းတာတွေ အများကြီးပဲ၊ ယဉ်ကျေးမှုရဲ့ ရယ်စရာဖြစ်တွေကို သေသေချာချာ စဉ်းစားမိရဲ့လား'

'ယဉ်ကျေးမှုမရှိတာ ကောင်းတယ်လို့ ဆိုချင်သလား' ဟု ကျွန်တော့်ကို မျက်နှာထားကြီးနှင့် မေးလိုက်သည်။

'ယဉ်ကျေးမှုရှိတာ ကောင်းတယ်၊ ဒါပေမယ့် ဟန်ဆောင် ယဉ်ကျေးမှု ထွန်းကားနေတာကိုတော့ အပြင်းအထန် ကန့်ကွက်ရလိမ့်မယ်၊ ဟန်ဆောင်ယဉ်ကျေးမှု

www.burmeseclassic.com

www.burmeseclassic.com



တိုက်ဖျက်ရေးနဲ့ တကယ့်ယဉ်ကျေးမှု ထွန်းကားရေးတို့ကို အမှန်တရားကိုးကွယ်အားထားတဲ့ လူတိုင်းမှာ အင်တိုက် အားတိုက် ဆောင်ရွက်ရမယ့် တာဝန်ရှိတယ်ဗျ'

'တကယ့်ယဉ်ကျေးမှုဆိုတာ ဘာလဲ'

'အခုတလောကြီးစိုးနေတဲ့ ဂုဏ်တို့၊ ပကာသနတို့၊ အဆင့်အတန်းအမျိုးအစား ခွဲခြားမှုတို့ကို ယဉ်ကျေးမှု ထင်နေကြတယ်၊ ပင်ကိုသဘာဝကို ပစ်ပယ်ပြီး ဟန်ဆောင်မှုကို အရင်းတည်တဲ့ ယဉ်ကျေးမှုဟာ ယဉ်ကျေးမှုအတုပဲ၊ ပင်ကိုသဘာဝကို လေးစားပြီး ရိုးသားမှန်ကန်မှုကို အရင်းတည်တဲ့ ယဉ်ကျေးမှုဟာ တကယ့် ယဉ်ကျေးမှုပဲ၊ ရိုးသားမှန်ကန်မှုဆိုတာကို သရုပ်သဏ္ဌာန်ပေါ်အောင် အတော်ရှင်းပြမှ ဖြစ်မှာ ပြစရာ ဥဒါဟရဏ်တွေလဲ အများကြီးပဲ၊ ရှင်းပြရမယ့် သဘောတရားတွေလဲ တစ်ပုံကြီးပဲ၊ နောက်တော့ တဖြည်းဖြည်း ပြောကြသေးတာပေါ့၊ အခုတော့ အိမ်ထောင်ရေးကိုပဲ ဥဒါဟရဏ် တည်ကြဦးမယ်လေ'

'ကိုတက်တိုး၊ အိမ်ထောင်ပြုတယ်ဆိုတာ လူမှုရေးကိစ္စတစ်ခုပဲ၊ ခင်ဗျားပြောသလို အပေါ်ယံအမြင် လူမြင်ကောင်းအောင်လုပ်တာလဲ ပါတာပေါ့၊ အိမ်ထောင်ပြုတယ်ဆိုတာမှာ လူမှုရေးရာမှာ အခြေတကျ ပါဝင်ဆောင်ရွက်ဖို့ ရည်ရွယ်ချက်ပါတယ် မဟုတ်လား'

ပါပါတယ်၊ အဲဒီ ရည်ရွယ်ချက်ကို ကျွန်တော် မပစ်ပယ် မငြင်းဆိုပါဘူးဗျာ၊ ဒါပေမယ့် ဒီ ရည်ရွယ်ချက်ကို ဟန်ဆောင်မှု အရင်းမတည်ဘဲ ဆောင်ရွက်လို့ မရတော့ဘူးလားဟင်'

'ရ ရ မှာပေါ့'



'ရ ရမယ်လို့ ကျွန်တော်က ဆိုချင်ပါတယ်၊ ယောကျ်ားနဲ့ မိန်းမဟာ အိမ်ထောင်ပြုပြီး လူတောသူတောမှာ လူ့ကိစ္စတွေကို ဆောင်ရွက်ကြရတယ်၊ အခြေတကျ ဖြစ်လို့ ဆောင်ရွက်ရာမှာလဲ ပိုပြီး အရာရောက်နိုင်ပါတယ်၊ သားသမီး ပွားစီးပြီး လူမှုရေးဖြစ်တဲ့ လူသစ်တည်ရေးမှာလဲ ဆောင်ရွက် နိုင်ပါတယ်၊ ဒါတွေကို မချစ်ဘဲနဲ့ ချစ်ဟန်ဆောင်ပြီး ပေါင်းနေတဲ့ လင်မယားထက် ချစ်ချစ်ခင်ခင် ပေါင်းနေတဲ့ လင်မယားက ပိုပြီး ဆောင်ရွက်နိုင်မယ် မဟုတ်လား'

'အင်း ဟုတ်တယ်၊ သဘောတူကြည်ဖြူနေကြတာမို့ ပိုပြီး စိတ်ကြည်ကြည်လင်လင်နဲ့ ဆောင်ရွက်နိုင်ပေလိမ့်မယ်'

'အဲဒါ ပြောတာပါ၊ ဝတ္တရားမို့ ဆောင်ရွက်တာနဲ့ ဝတ္တရားကို စေတနာနဲ့ ကြည်ကြည်ဖြူဖြူ ဆောင်ရွက်တာကို ယှဉ်ကြည့်လေ၊ စေတနာနဲ့ စိတ်ရွှင်ရွှင်လန်းလန်း ဆောင်ရွက်တော့ ပိုပြီး အရာရောက်တယ်၊ ဆောင်ရွက်ရသူမှာလဲ ဝန်မလေးဘူး၊ ဒီတော့ နှစ်မျိုးနှစ်ဖက် အကျိုးသက်ရောက်တယ်၊ မဟုတ်လားဗျာ'

'ကဲဗျာ၊ ဒီလိုဆိုတော့ ဘယ်လိုစီမံမလဲ'

'ဘုရားရေ၊ ဘယ်လိုစီမံမလဲဆိုတော့ ကျွန်တော်က ဘာကောင်မို့ လူမှုရေးကြီးတစ်ခုကို ဘာစီမံရမှာလဲဗျ၊ ကျွန်တော်လို အညတရမပြောနဲ့ တကယ် နေတစ်ဆူ လတစ်ဆူ ပညာရှိကြီးတွေတောင်မှ ဘာမှ မစီမံနိုင်ခဲ့တာပဲဗျာ၊ အခုခေတ်မှာ လေးစားမှုရတဲ့ ပညာရှိကြီးတစ်ဦးဖြစ်တဲ့ 'အောလ်ဒတ်စ် ဟတ်စ်လေ'က ပြောတယ်၊ လောကကြီးကို မပြုပြင်ချင်ပါနဲ့ဦး၊ လောကကြီးထဲက ချောင်ကလေး

www.burmeseclassic.com

www.burmeseclassic.com



တစ်ချောင်မှာ ခိုကပ်နေတဲ့ သင့်ကိုယ်ကိုပဲ အရင်စပြီးပြုပြင်ကြည့်စမ်းပါတဲ့'

'အင် ဒီလိုဖြင့် ခင်ဗျားကိုယ် ခင်ဗျားကော ပြုပြင်ကြည့်ပြီလား'

'အဲဒါ ခက်တာပေါ့၊ ကျွန်တော့်ကိုယ် ကျွန်တော်တောင် မပြုပြင်ဝံ့ပါဘူး၊ သူများတကာအပေါ်မှာ စီမံဖို့တော့ ဝေးပါလေသေးတယ်ဗျာ၊ ဒါပေမယ့် ကျွန်တော်တို့တာဝန်ကတော့ တင်ပြရမှာပဲဗျ၊ တင်ပြရုံ တင်ပြနိုင်ပါတယ်၊ ခင်ဗျားပြောသလို စီမံဖို့တော့ မဝံ့ရဲပါဘူး၊'

'ကဲ တင်ပြရုံပဲ တင်ပြပါဦး'

'ရင်ထဲက စိတ်အာရုံကို ရိုးသားစွာ အသိအမှတ်ပြုပြီး စိတ်အာရုံ အလိုအတိုင်း ဆောင်ရွက်တာဟာ သန့်စင်ခြင်းပဲ၊ အဲဒီ သန့်စင်မွန်မြတ်တဲ့ စိတ်နဲ့အကျင့်စာရိတ္တအတွက် ချမှတ်ထားတဲ့ ဥပဒေတွေနဲ့ မကြာခဏအတိုက်အခံ ဖြစ်တတ်တယ်၊ ဖြစ်တဲ့အခါ ဥပဒေတွေကချည်း အနိုင်ရတယ်၊ အဲဒီလို ရင်ထဲက စိတ်အာရုံ ရှုံးရသမျှ တကယ့် ယဉ်ကျေးမှု အရေးတော်ပုံ ကျဆုံးရတာချည်းပဲလို့ ကျွန်တော် ဆိုချင်ပါတယ်၊ စာရေးဆရာဆိုတာ ဟန်ဆောင်မှုကိုပယ်ပြီး အစစ်အမှန် သဘာဝကို သရုပ်ဖော်ရမယ့် လူပဲ'

'မချစ်ဘဲနဲ့ ပေါင်းရပြီး ချစ်တဲ့သူနောက်ကို လိုက်သွားလို့ ပတ်ဝန်းကျင်ရဲ့ မဲ့ရွဲ့မှုကသတ်ပစ်လိုက်တဲ့ မိန်းမတစ်ယောက်အကြောင်းကို ရုရှားစာရေးဆရာကြီး တော်လ်စတွိုင်းက အင်နာကရယ်နီနား ဆိုတဲ့ ဝတ္ထုနဲ့ တင်ပြလိုက်တယ်၊ ခင်ဗျားလဲ ဒီဝတ္ထုကို ဖတ်ဖူးမှာပေါ့၊ ဒီဝတ္ထုကတော့



ကမ္ဘာကျော်လို့ကိုး၊ ကမ္ဘာမကျော်ပေမယ့် ဒီလို အချစ်နဲ့ ဟန်ဆောင်ယဉ်ကျေးမှု တိုက်ခိုက်ကြတဲ့အကြောင်း ရေးထားတဲ့ ဝတ္ထုတွေအများကြီးပဲ၊

'တော်စတွိုင်းရဲ့ ဝတ္ထုထဲမှာ ဒီအကြောင်း ထင်ရှားပါတယ်၊ မချစ်သူနဲ့ပေါင်းနေရတဲ့ အင်နာဟာ ချစ်သူနောက်ကို လိုက်သွားမိတာနဲ့ လူကဲ့ရဲ့ခံရလို့ နောက်ဆုံး မီးရထားအကြိတ် ခံလိုက်ရှာတယ်၊

'ကဲ ကိုရင် ဒီအင်နာဟာ မျောက်မထားတဲ့ မိန်းမယုတ်လို့ လူတွေက ကဲ့ရဲ့တာကို တရားတယ်ဆိုနိုင်ပါ့မလား၊ သူ့ကို အကျင့်ပျက်တဲ့မိန်းမလို့ ဆိုရမှာ ဝန်မလေးကြဘူး၊ သေသေချာချာ စဉ်းစားစမ်းပါ၊ မချစ်ဘဲနဲ့ကြိတ်မှိတ်ပြီး အပေါင်းခိုင်းတဲ့ လူမှုရေးဥပဒေနဲ့ အင်နာ၊ ဘယ်သူဘယ်ဟာက ပိုပြီး ယုတ်သလဲဟင်'

မိတ်ဆွေက ပြုံးကြည့်နေသည်။

'ခင်ဗျားကတော့ အဖြေပေးရဲချင်မှ ပေးရဲမှာပေါ့၊ ရှိပါစေတော့လေ၊ ခင်ဗျားမပေးရဲတဲ့ အဖြေကို ကျွန်တော် သိပြီးပါပြီ၊ ကဲ ဒီတော့ အိမ်ထောင်ရေးနဲ့ ပတ်သက်ပြီး ထပ်ပြောချင်တာ ပြောရပါဦးမယ်၊ အိမ်ထောင်ပြုတယ်ဆိုတာဟာ ကာမကိစ္စနဲ့ကင်းတယ်လို့ မဆိုသာတာအမှန်ပါ၊ ဒါပေမယ့် တစ်ယောက်နဲ့တစ်ယောက် ကာမဂုဏ်စိတ်နဲ့ ဆွဲဆောင်မှုကို အကြောင်းပြုပြီး အိမ်ထောင်ပြုတာ မှုမမှန်ဘူး၊ ဒီအကြောင်းကို ကျွန်တော် အရင့်အရင်ကလဲ တဖွဖွပြောခဲ့ပြီးပါပြီ၊ ဆန္ဒချင်းတူညီတာကို တစ်ယောက်က တစ်ယောက်ကို ဆန္ဒပြေပျောက်မှုအတွက် အသုံးပြုဖို့ ကြိုးစားတာပဲမို့

www.burmeseclassic.com

www.burmeseclassic.com



မဖြစ်နိုင်ဘူး၊ ဆန္ဒ ဆိုတာ ကာမဆန္ဒကိုချည်း ဆိုလိုတာ မဟုတ်ဘူး၊ ဘယ်ဆန္ဒမဆို ကိုယ်က ရယူချင်တဲ့စိတ်မို့ ကိုယ်ကပေးတာ မရှိနိုင်ဘူး၊ တကယ့်အချစ်ကတော့ကိုယ်က ကိုယ်ချစ်တဲ့သူကိုပေးတာပဲ၊ ဆန္ဒက ပိုင်ချင်တာ၊ အချစ်ကတော့ အပိုင်ခံချင်တာ၊ အဲဒီအကြောင်းလဲ ကျွန်တော် အရင့် အရင်က ပြောပြပြီးပါပြီ၊ အချစ်ချင်း တူညီမှသာ အိမ်ထောင်ရေး အောင်မြင်နိုင်ပေမယ်ဗျ၊ အချစ်ဆိုတာကတော့ ကိုယ်က သူ့ကိုပေးတာမို့ အပေးချင်းတူ၊ အယူချင်း မျှလို့ အိမ်ထောင်မှုသာယာပြီး လူ့ဘဝတိုတိုလေးမှာ ရွှင်လန်းချမ်းသာပေလိမ့်မယ်'

'တကယ့်အချစ်ရဲ့ သဘောတရားကို နည်းနည်း ပြောပြစမ်းပါ'

'ဆိုခဲ့ပါပြီကောဗျာ၊ တကယ့် မေတ္တာအချစ်ဟာ အနစ်နာခံပြီး ကိုယ့်ချစ်သူရဲ့ ကောင်းစားရေး၊ စိတ်ချမ်းသာ ကိုယ်ချမ်းသာရေးအတွက် လုပ်ဆောင်ပေးတာကိုပဲ ဆိုလိုတာပေါ့၊ တစ်ယောက်နဲ့တစ်ယောက် ချစ်ကြပြီဆိုရင် ကာမဂုဏ်ကိစ္စဟာ နဂိုက ဆန္ဒတစ်ရပ်ဖြစ်ခဲ့ပေမယ့် သူ့ဆန္ဒကို ကိုယ်ကဖြည့်၊ ကိုယ့်ဆန္ဒကို သူကဖြည့်ဆိုတဲ့ အပေးအယူကိစ္စ ဖြစ်သွားတယ်၊ ပူးပေါင်းဆောင်ရွက်မှု တစ်ရပ်လို့လဲ ဆိုနိုင်ပါတယ်၊ ချစ်ခင် ယုယမှု တစ်ခုပေါ့ဗျ'

'ကဲ ဒီလိုဆိုတော့ တကယ်မချစ်ဘဲ ကြိုက်လို့ မှန်လို့ ယူခဲ့ကြပြီး အချိန်တွေ အများကြီးကြာတော့မှ သိရတော့တယ်ဆိုရင် ဘယ်လိုလုပ်မလဲ၊ ကွာပစ်လိုက်ရမှာလား'



'မြန်မာတွေ လူနေမှု အခြေအနေနဲ့ဆိုတော့ ကွာပစ်ရင် သိပ်အဖြစ်ဆိုးကုန်ကြတော့မှာပေါ့၊ တစ်သက်လုံး လင်ကို မှီခိုနေရာက လင်က မချစ်တော့ဘူးဆိုပြီး ပစ်လိုက်ရင် အဲဒီ မိန်းမမှာ အသက်ကြီးကာမှ ဒုက္ခလှလှ တွေ့တော့မှာပေါ့၊ ဘယ်ဖြစ်ပါ့မလဲဗျာ၊ ဒီတော့ ကံအကြောင်းတရားပဲ သဘောထားပြီး နေသွားပေါ့၊ ပြင်လို့မဖြစ်နိုင်လောက်အောင် ခက်နေပြီ မဟုတ်လား၊ သူတို့ဆီမှာတော့ ယောကျ်ားနဲ့ မိန်းမဟာ တစ်ယောက်စီသတ်သတ် ဘဏ်မှာ ငွေထည့်ထားကြတယ်၊ မိန်းမမှာလဲ အလုပ်အကိုင်ရှိတယ်၊ ယောကျ်ားကို သိပ်ပြီး မှီခိုနေတာမဟုတ်တော့ အသက်ကြီးကာမှ ကွာကြရှင်းကြလဲ သိပ်မထိခိုက်လှဘူး၊ ဒီမှာ ဒီလိုအခြေအနေမျိုး မရှိတော့ ဘာမျှ လုပ်လို့မရဘူး၊ အိမ်ထောင်မသာယာရင် မယားငယ် ယူရဲတဲ့လူက ယူတယ်၊ မယူရဲတဲ့လူကတော့ စိတ်ပုတီးကလေး တကိုင်ကိုင်နဲ့ တရားကျသလိုလို ဘာလိုလို နေကြတာမျိုးလဲ ရှိသပေါ့၊ မယားကို စိတ်တိုင်းမကျတဲ့ လူတစ်ယောက်က ဘာပြောတယ်မှတ်သလဲ၊ ဒီလိုပဲ နေသွားပေါ့တဲ့၊ နောက် တဖြည်းဖြည်းနဲ့ အိုပြီး သေသွားမှာပဲတဲ့'။

www.burmeseclassic.com

www.burmeseclassic.com

## အချစ်အကြောင်း သိဖို့လိုပါတယ်

'ဆရာရေးနေတာတွေ ကောင်းပါရဲ့၊ ဒါပေမယ့် ဆရာပြောတဲ့ အချစ်ဆိုတာ true romatic love ဖြစ်လို့ တကယ်လက်တွေ့ ရှိနိုင်မှာလား' ဟု မိတ်ဆွေတစ်ယောက်က တစ်နေ့က မေးသည်။

ထိုမိတ်ဆွေသည် စိတ်ပညာနှင့် သဘာဝတ္တဗေဒတွင် ကျွမ်းကျင်သော ပုဂ္ဂိုလ်ဖြစ်သည်။

'ဟုတ်ပါတယ်၊ ကျွန်တော် ဆိုလိုတာလဲ true romantive love ပါပဲ၊ ဒါပေမယ့် ဆရာလဲ သိတဲ့အတိုင်းပဲ၊ romantic ဆိုတာဟာ စိတ်ကူးယဉ် ဆိုတာမျိုး မဟုတ်ပါဘူး'

ကျွန်တော်ကလဲ သူ့ကို ဆရာဟုပင် ခေါ်ပါသည်။ သူက ကျွန်တော့်စကားကို ချက်ချင်းနားလည်ပေသည်။ နားလည်ပေမည်ပင်။ သူကိုယ်တိုင်က စိတ်ပညာဆရာကြီး တစ်ယောက် ဖြစ်ပေသောကြောင့်တည်း။ သူက ကျွန်တော့်ကို စာအုပ်များ ညွှန်ပြခဲ့ပေသေးသည်။



Romantic ဆိုသောစကားကို မြန်မာပြန်ဖို့ ခက်လှသည်။ စိတ်ကူးယဉ်ဟု ပြန်လာကြသဖြင့် ထိုစကားကို ကြားလိုက်လျှင် အရူးထတာပဲဆိုသော အတွေးမျိုး ချက်ချင်းဝင်လာတတ်ချေသည်။ ထို့ကြောင့် romatic love ဆိုလျှင်ပင် ဝတ္ထုထဲ၌ပါသော အသည်းကွဲအချစ်မျိုးပဲဟု လူအများက ပြက်ရယ်ပြုချင်သည်။ ပေါ့ပေါ့တန်တန် သဘောထားချင်ကြသည်။

အံ့ဩစရာ မဟုတ်ပါ။ အခြားလူမျိုးများတွင်လည်း အချစ်စစ်ဆိုလျှင် အယုံအကြည်မရှိသူ များစွာရှိသည်။ အချစ်စစ်ကို မယုံကြည်မှ လက်တွေ့သဘော ဝင်ဆံ့သည် ထင်ကြသည်။ အချစ်စစ်ကို ယုံကြည်သူကို အရူးဟု ထင်ကြသည်။

'အချစ်စစ်ဆိုတာဟာ တစ္ဆေလိုပဲ၊ တစ္ဆေအကြောင်း ပြောကြသူတွေများသလောက် တစ္ဆေကို တွေ့ဖူးသူမရှိပါ' ဟု အင်္ဂလိပ်စာရေးဆရာကြီး အော်စကာ ဝိုင်းလ်ဒ်က ဆိုဖူးလေသည်။

အချစ်စစ်မရှိသလောက် ရှားသည်မှာ မှန်၏။ အချစ်စစ်ရှားခြင်း အကြောင်းအရင်းကား အချစ်စစ်နှင့် မချစ်တတ်ကြသောကြောင့်ပင် ဖြစ်သည်။ အချစ်စစ်၏ အဓိပ္ပာယ်ကို မသိကြဘဲ အချစ်စစ်ကို ပုတ်ခတ် ပြစ်ဆိုနေကြချေသည်။ အချစ်စစ်သည် အလွန်ပင်ခက်ခဲသော အရာဖြစ်သဖြင့် တွေ့ရခဲသည်ပင်ဖြစ်၏။ အချစ်စစ်နှင့် အချစ်တုခွဲခြားဖို့လည်း အလွန့်အလွန် ခဲယဉ်းလှချေသည်။ အချစ်ဆိုသော စကားကို လူတိုင်းသုံးသည်နှင့်အမျှ အချစ်၏

www.burmeseclassic.com

www.burmeseclassic.com



အဓိပ္ပာယ်ကို နားမလည်သောကြောင့် အချစ်ကို မယုံကြည်မှုသည် တိုးပွားလာလေတော့သည်။

အချစ်စစ် မထွန်းကားသည်မှာ အံ့သြစရာ မဟုတ်ပါ။ ငါ့ဖို့ ငါ့ဖို့ ငါယူမယ်ဆိုသော တစ်ကိုယ်ကောင်း လောဘစိတ် များသည်ထက် များလာသောခေတ်ကြီးတွင် သူ့ဖို့ သူ့ကိုပေးမယ် ငါအနစ်နာခံမယ်ဆိုသော စိတ်မျိုး တဖြည်းဖြည်း တိမ်ကောပပျောက်ပေမည်။ တစ်ကိုယ်ကောင်းစိတ်မျိုး ကြီးစိုးလွန်းသဖြင့် သူတစ်ပါးအတွက်အနစ်နာခံပြီး ချစ်သည်ဆိုသောသူကို အရူးပဲ၊ စိတ်ကူးယဉ်သမားပဲဟု ဝိုင်း၍ ကဲ့ရဲ့ကြသည်။ မဖြစ်နိုင်ပါဘူး ဆိုကြသည်။ ကိုယ်နှင့် နှိုင်းပြီးလျှင် မဖြစ်နိုင်ဟုဆိုခြင်းမျှသာ ဖြစ်သည်။

သံယောဇဉ်ကင်းသော ထူးမြတ်သော မေတ္တာတရားမျိုးသည် ရတောင့်ရခဲပင်တည်း။ ဘုရား ရဟန္တာ အရိယာတို့နှင့်သာ သက်ဆိုင်ပေသည်။ ပုထုဇဉ်သဘာဝ သံယောဇဉ်ကြီးချင်း လိမ်နေသောသူတို့အဖို့ ထိုမေတ္တာတရားကို ရနိုင်ဖို့ မစွမ်းသာသော်လည်း သံယောဇဉ်ကြီးကို တရားဓမ္မနှင့် အောင်မြင်စွာ ဖြတ်တောက်နိုင်ပါမူ ကောင်းပါလေစွ၊ ကောင်းလေစွ။ သံယောဇဉ်ကြီးကို တရားဓမ္မနှင့် မဖြတ်ဘဲ တစ်ကိုယ်ကောင်းစိတ်နှင့် ဖြတ်သူမျိုးလည်း ရှိ၏။ များလှချေသည်။ ထိုသူမျိုးသည် 'ဘယ်သူသေသေ ငတေမာရင်ပြီးရော' ဝါဒီများဖြစ်သည်။ ဆိုးယုတ်လှချေ၏။ လူနှင့်တူလိုပါမူ (ပုထုဇဉ်သား ပီသလိုပါမူ) သံယောဇဉ် အနှောင်အဖွဲ့၌ ရှိသည့်အဖြစ်ကို ကြည်ဖြူစွာ လက်ခံရပေမည်။



တရားဓမ္မအမြင်ဖြင့် ကြည့်လျှင် သံယောဇဉ်သည် လူကို ဒုက္ခကြီးစွာပေး၏။ ဒုက္ခနယ်သား ပုထုဇဉ်လူအများသည် ဒုက္ခ၌ပင် မွေ့လျော်ကြ၏။ ဒုက္ခသည်သာလျှင် သူတို့၏ မိဘ သူတို့၏ အားထားရာဖြစ်သည်။ မိမိချစ်သူအတွက် အပင်ပန်း အဆင်းရဲခံရခြင်းပင်လျှင် ကျေနပ်ဖွယ် ပျော်မွေ့ဖွယ် ဖြစ်ပေတော့သည်။ လူ့ဘဝ၌ ဒုက္ခကို ကြောက်နေ၍ မဖြစ်၊ ရှောင်၍လည်း မနေနိုင်၊ ဒုက္ခကိုသာ မိတ်ဖွဲ့ရမည်။ ဒုက္ခရင်ခွင်၌ ပျော်မွေ့ကြရမည်သာ။ လူ့ဘဝ၌ သုခဟူ၍ အဘယ်မှာရှိပါမည်နည်း။ စားဝတ်နေရေး ပြည့်စုံကာ လိုသမျှရရုံနှင့် သုခဟု ထင်မှတ်မှားသူတို့သည် ဒုက္ခ၏ အရသာ တွေ့လာသောအခါ ခါးလှပူလှသည်ဟုထင်ကာ ကြီးလှစွာသော ဆင်းရဲခြင်း၌ ဖြစ်တတ်ကြချေသည်။ ဒုက္ခကို လက်ခံ၍ ဒုက္ခနှင့်ရင်းနှီးကာ ဒုက္ခနှင့် မွေ့လျော်သူအဖို့ ကြက်ဟင်းခါး ကြောင်လျှာတို့ကို ကြိုက်ပြီး သူတို့ကဲ့သို့အခါး၌ပင် အရသာတွေ့၍ ကျေနပ်နိုင်ကြပေလိမ့်မည်။

သတ္တဝါတို့သည် မိမိတို့ကိုယ်ကို ချစ်ကြ၏။ မိမိတို့ကိုယ်ထက် ပိုချစ်သည်ဟူ၍ မရှိဟု ဆိုကြသည်။ သာမန်အားဖြင့် မှန်၏။ သို့သော် တိုင်းပြည်အတွက် အသက်ပေးဝံ့သူတို့ ရှိကြသည်။ ထိုနည်းအတူချစ်သူအတွက် အသက်ကိုပင် ပဓာနမပြုဘဲ ချစ်သူ၏ ကိုယ်စိတ် ချမ်းသာမှုကိုသာ ကြိုးပမ်းဆောင်ရွက်သူတို့လည်း ရှိပေသေးသည်။

တစ်ကိုယ်ကောင်းစိတ်ရှိသူ အသင်္ချေကြားတွင် တစ်ကိုယ်ကောင်းစိတ် မရှိသူသည် အရူးအပေါ ဖြစ်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မဆန်းလှပါ၊ ဓမ္မတာတည်း။ အချစ်စစ်သည် နဂိုက တစ်ကိုယ်ကောင်းစိတ် မရှိသူ၌သာ ပွင့်လန်းပေမည်။ သူတကာ အကျိုးကို ဆောင်ရွက်တတ်သူသည် တစ်ဦးတစ်ယောက်ကို အထူးရွေးချယ်၍ မိမိချစ်သူအဖြစ်ထားကာ ထိုချစ်သူ၏ အကျိုးကို အစွမ်းကုန် ဆောင်ရွက်ပေးတတ်ပေသည်။ 'အချစ်ဆိုတာ ဘာလဲကွ၊ ငါတော့ လက်သည်းနဲ့ခြစ်တာပဲ သိတယ်' ဆိုသောသူ၊ 'အချစ်ဆိုတာ သောက်ရူးတွေ အလုပ်ပါ၊ ပိုနေတာပဲ'ဟု ဆိုသောသူ ယင်းသို့သော အချစ်ပြက်ရယ်ပြုသမားတို့ကို သေသေချာချာ စိစစ်ကြည့်ပါ။ ထိုသူတို့အားလုံး ခြွင်းချက်မရှိ တစ်ကိုယ်ကောင်းသမားများ ဖြစ်ကြသည်ကို တွေ့ရပါလိမ့်မည်။

ငါ့ဟာ ငါ့သား ငါ့မယား ငါ့စည်းစိမ်ဟူသော ငါစွဲပစ္စည်းအရပ်ရပ်တို့၌သာ ခင်တွယ်နေသောသူသည် သူ့ဟာသူ့ဖို့ဟူ၍ မတွက်နိုင်ရှာ။ ထိုသူမျိုးသည် အချစ်စစ်နှင့်မတန်ချေ။

အချစ်စစ်သည် ရင်၌ ဖြစ်လာ၏။ ရင်၌ဖြစ်သော အာရုံကို ဦးနှောက်က နားမလည်နိုင်။ ဦးနှောက်သည် အပေါ်ယံသာမန်အာရုံမျိုးကိုသာနားလည်သည်။ အကြောင်းနှင့် အကျိုးဟူသော တရားကို ဦးနှောက်က ကိုးကွယ်သည်။ အကျိုးတစ်ခုအတွက် အကြောင်းကို ရှာလေ့ရှိ၏။

သို့သော် ဦးနှောက်နားမလည်သော အကြောင်းများကို နှလုံးသားက နားလည်သည်။ 'အချစ်သည် ရေခဲတောင်ကြီးနှင့် တူ၏၊ ရေပေါ်တွင် ပေါ်နေသည့်အစွန်းကလေးလောက်ကိုသာ မြင်ကြရသည်၊ ထိုအစွန်းကလေးအကြောင်း



ပင် အသိနည်းချေသေးသည်'ဟု သဘာဝတ္ထုဗေဒဆရာကြီး ဆိုရိုးကင်းက ဆိုသည်။

အချစ်အကြောင်းကို ကောင်းကောင်း နားမလည်ကြသည်မှာ အံ့စရာ မဟုတ်။ အချစ်ဆိုသော တရားသည် ခက်ခဲနက်နဲ ရှုပ်ထွေးလွန်းလှသည်။ စိတ်စေတသိက် စေတနာအထွေထွေ ပါဝင်လျက်ရှိသည်။ ကိုယ်ချင်းစာမှု၊ တနာမှု၊ ကြင်နာမှု၊ မြတ်နိုးမှု၊ ကြည်ညိုမှု၊ ရက်ရောမှု၊ ကိုးကွယ်မှု၊ လေးစားမှု၊ လိုက်လျောမှု၊ ခင်မင်မှု စသည်တို့သည် အချစ်ဆိုသော တရား၌ ပါဝင်ကြသည်။ ထိုစေတနာ စေတသိက်တို့သည် အချစ်၏ အရိပ်အယောင်များဖြစ်သည်။ (ပန်းချီ၌ပါရှိသော အရောင် နှ ရင့် အဆင့်ဆင့်မျိုးနှင့် တူသည်။)

ထိုစေတနာ စေတသိက်တို့၏ ဆန့်ကျင်ဖက်တို့သည်ကား မုန်းတီးခြင်း၊ ရန်လိုခြင်း၊ မနှစ်သက်ခြင်း၊ မနာလိုခြင်း၊ အားကျခြင်း၊ မလိုလားခြင်းနှင့် အခြားသော အမုန်းကိုရိယာ စိတ်များပင် ဖြစ်သည်။ ထိုစေတသိက် စေတနာအဖြာဖြာကို သာမန်ပုဂ္ဂိုလ်တစ်ဦးက နားလည်နိုင်သည်ဟု မမျှော်လင့်သာပေ။ တကယ့် တကယ် ပညာရှင်ကြီးများပင်လျှင် ကြိုးပမ်းရှာဖွေ လေ့လာလျက်နှင့်ပင် ကောင်းစွာ သိနိုင်ကြသေးချေ။

လူသည် လူ့အကြောင်းကို မသိဆုံးဖြစ်သည်။ သိပ္ပံနည်းအားဖြင့် အပြင်လောက သဘာဝ အထွေထွေကို နားလည်ကြ၏။ ထိန်းသိမ်းအုပ်ချုပ်နိုင်ကြ၏။ သို့ရာတွင် ရင်တွင်း၌ရှိသော စိတ်ကိုမူ နားလည်နိုင်ဖို့ ဝေးလျက်

www.burmeseclassic.com



ဝေးလျက်ပင်။ ထိန်းသိမ်းချုပ်တည်းမှုကို ကြိုးစားလျက်မျှသာ ရှိချေသေး၏။

စိတ်တွင်လည်း ချစ်စိတ် မုန်းစိတ်တို့သည် ပဓာနဖြစ်၏။ အခြားသော စိတ်စေတသိက်တို့သည် ထိုစိတ်တို့မှ ဖြာထွက်ကြကုန်၏။

ချစ်စိတ်ဆိုရာ၌ ယောကျ်ားနှင့် မိန်းမတို့၏ ချစ်စိတ်သည် တစ်ကဏ္ဍမျှသာ ဖြစ်သည်။ လူတစ်ဦးက တစ်ဦးအပေါ်တွင်ထားသော ချစ်မေတ္တာသည်ကား ကျယ်ဝန်းလှ၏။ အချစ်ဟူသည် သဘောတရားချင်း တူညီပေသည်။ မိဘအချစ်၊ လင်မယား သမီးရည်းစားအချစ်၊ မိတ်ဆွေချစ်၊ မျိုးချစ်၊ ဘာသာတရားချစ် စသည်တို့သည် ချစ်ခြင်းတည်ရာ၌သာ ကွဲပြား၍ သဘောသဘာဝအားဖြင့် တူညီကြလေသည်။

အချစ်ဆိုသော စကား၏ အဓိပ္ပာယ်ကို ကောင်းစွာ နားမလည်ဘဲ အမှတ်မှား အယူအဆမှားပြီးလျှင် ထိုစကားကို အရမ်းသုံးစွဲနေကြသည်။ အချစ်ဆိုသောစကားကို အလွဲသုံးစားသည်မှာ ကျွန်တော်တို့တစ်တွေသာမက တစ်ကမ္ဘာလုံး၌ပင် ဖြစ်ချေသည်။ အချစ်ဆိုလျှင် ကာမဂုဏ် လိင်ကိစ္စဟု ဖြုန်းခနဲ တွေးတောထင်မှတ်ယူတတ်ကြသဖြင့် အချစ်အကြောင်းကို ပြောပြီးလျှင်ပင် သိက္ခာပျက်သည်ဟု ထင်မှတ်မှားနေကြရာသည်။

အချစ်အကြောင်းကို အသက်ကြီးသူတစ်ဦးက ပြော လျှင် ရေးလျှင် အချို့က ကဲ့ရဲ့ချင်ကြသည်။ အချစ်ဆိုသည် မှာ လူငယ် လူရွယ်တို့ နမူးနထိုင်း ပြောကြ၊ ရေးကြ



လုပ်ကြသော အလုပ်မျှသာဟု ထင်ကြကုန်၏။ သာမန်လူတို့ ထင်သည်ကို အပြစ်မဆိုပါ။ သို့ရာတွင် အတွေးအခေါ်ပညာဗဟုသုတနှင့် ပြည့်စုံသည်ဟု ယူဆရမည့် စာရေးဆရာအချို့ကပင် ယင်းသို့ ထင်နေခြင်းမှာ သနားစရာ ကောင်းလှချေသည်။

ကမ္ဘာ့စာပေနှင့် သိပ္ပံပညာ ကျမ်းဂန်လောကတွင် အသက်ခြောက်ဆယ်ကျော် ခုနစ်ဆယ်ကျော်စာရေးဆရာကြီးများ သိပ္ပံပညာရှင်ကြီးများသာလျှင် အချစ်နှင့်သက်ဆိုင်သော စိတ်ပညာစာများကို ရေးသားပြုစုနေကြသည်။ ကျွန်တော်တို့ဆီတွင် အသက်ကြီးသွားသော စာရေးဆရာကြီးများသည် အချစ်ဝတ္ထုရေးရမှာ ကြောက်နေကြသည်။ ဘာကြောင့် ကြောက်သနည်း၊ အချစ်အကြောင်းကို သူတို့ခမျာများ နားမလည်ရှာသောကြောင့်ပင်။ သူတို့ထင်နေသည်မှာ 'အချစ်ဆိုတာ ဖေတော့ မောင်တော့ ကိစ္စပဲ၊ ငယ်ငယ်ရွယ်ရွယ်က ရေးလို့တော်တယ်၊ ကြီးတော့ မရေးသင့်ဘူး' ဟူ၏။ သူတို့ခမျာများသည် အချစ်၏ အကြောင်းကို နားမလည်ကြချေ။ အရပ်ထဲကလူလောက်သာ နားလည်သည်။ အရပ်ထဲကလူက အချစ်ဆိုတာ လင်မယားကိစ္စပဲဟုသာ နားလည်သည်။ ထိုထို စာရေးဆရာကြီးများကလည်း ထိုထက်ပို၍ မသိရှာချေ။ သူတို့ခမျာများမှာ ကောင်လေးနဲ့ ကောင်မလေး ချစ်လှချည်ရဲ့ ကြိုက်လှချည်ရဲ့ ဝတ္ထုမျိုးကိုသာ တစ်သက်လုံး ရေးလာခဲ့လေသည်။

အခြား တိုင်းနိုင်ငံများတွင်ကား အသက်ခုနစ်ဆယ်ကျော် စာရေးဆရာကြီးများ၊ ဆရာမကြီးများက အချစ်ဝတ္ထု

www.burmeseclassic.com

www.burmeseclassic.com



များ ဆက်လက်ရေးလျက်ရှိသည်။ သူတို့၏ ဝတ္ထုတိုများ၌ အချစ်၏ သဘောတရားကို သရုပ်ဖော်ထားသဖြင့် လေးနက်သော အဓိပ္ပာယ်ပေါ်ထွန်းလျက် ရှိလေသည်။ ကမ္ဘာ့နိဘယ်စာပေဆုရ အမေရိကန်စာရေးဆရာမကြီး ပါးလ်ဘတ်ခ်သည် ယခု အသက်ခုနစ်ဆယ်ကျော် ရှစ်ဆယ်နီးသည်အထိ အချစ်ဝတ္ထုများ ရေးလျက်ရှိသည်။ သူ့ဝတ္ထုများကို ဖတ်ကြည့်ပါ။ ဖတ်တတ်လျှင် အချစ်၏ သဘာဝကို သဘောပေါက်ပေလိမ့်မည်။

အခြားနိုင်ငံက စာရေးဆရာကြီးများစွာလည်း အသက်အရွယ် ကြီးရင့်သည့်တိုင်အောင် အချစ်ဝတ္ထုများ ရေးနေကြသည်။ သေသည်အထိရေးသွားကြ၏။ အချစ် အဓိပ္ပာယ်ကို အတွေ့အကြုံများ၍ ဘဝသုံးသပ်မှု ဝေဖန်မှုပညာ အင်အားတိုးတက်လာသော အသက်ကြီးသော ပညာရှင်များက ပို၍သိကြသည်။ အချစ်အဘိဓမ္မာ အချစ်၏အနုပညာ စသည့် ကျမ်းများကိုပြုစုသော ဂက်ဆက်၊ သီအိုဒို ရိုက်၊ အဲရစ် ဖရွမ်၊ ကားလ်မဲ နင်းဂါး၊ ဓိဂမန်း ဖရွိုက် မယ်လင်နောစကီး အစရှိသော စိတ်ပညာ ပါရဂူကြီးများသည် ငယ်ရွယ်သူများမဟုတ်။ အချစ်အကြောင်းကို အသက်ခြောက်ဆယ်ကျော်မှ ရေးကြသည်ကို တွေ့ရပါသည်။

အချစ်အကြောင်း ကောင်းကောင်းသိဖို့ လိုပါသလား၊ တခြားအရေးကြီးတဲ့ အကြောင်းတွေကို အများသိနားလည်အောင်ရေးပေးဖို့ ပိုမကောင်းဘူးလား' ဟု မိတ်ဆွေတစ်ယောက်က စေတနာဖြင့် ဆိုလာသည်။



'တခြားအကြောင်းတွေ အများကြီးပေါ့၊ ရေးလို့ဘယ်ကုန်မလဲ၊ ဒါတွေကို ကျွန်တော်တွင်မကဘူး၊ တခြားစာရေးဆရာတွေ ရေးကြတယ်၊ နောက်လဲ ရေးကြရမှာပဲ၊ ကျွန်တော်လဲ တခြားအကြောင်းတွေ အများကြီးရေးသားပဲ၊ ဒါပေမယ့် အချစ်အကြောင်းကို ဂရုတစိုက် ရေးတာတော့ မရှိသေးဘူးထင်တယ်၊ ရေးဖို့လိုပါတယ်၊ အများကြီးလိုပါတယ်၊ ကျွန်တော့်ဆောင်းပါးတွေ ဖတ်တယ်မဟုတ်လား၊ အချစ်ရဲ့ အဓိပ္ပာယ်ကိုသိဖို့ တတ်အားသမျှ ကြိုးစားသင့်တယ်ဆိုတာ သဘောပေါက်လောက်ရောပေါ့' ဟု ကျွန်တော်က ဖြေလိုက်ပါသည်။

နောင်တစ်ခေတ် တည်ထောင်ကြရမည့် လူငယ်တို့သည် တိုင်းပြည်၌ ကြီးပွားတိုးတက်မှု အသွယ်သွယ်ထွန်းကားနေကြသော်လည်း လူအသိမပေးဘဲ အတွင်းကျိတ်ဖြစ်နေသော အိမ်ထောင်ရေးကိစ္စ၌လည်း သမားရိုးကျ အတွေးအခေါ် အလေ့အထများကို ပြန်လည်သုံးသပ်၍ ပြုပြင်ကြရပေလိမ့်မည်။ ထိုလူငယ်တို့အား ကျွန်တော်၏ဆောင်းပါးများဖြင့် တွေးခေါ်ဆွေးနွေးဖို့ အခြေကလေးပေးလိုက်ပါသည်။ ကျွန်တော် ဘာမျှ မတတ်ပါ။ စာကလေးပေကလေး နည်းနည်းပါးပါးဖတ်၍ ရေးပြခြင်းမျှသာဖြစ်ပါသည်။ နောက်နောင် ရင့်ကျက်သည်ထက် ရင့်ကျက်၊ ရင့်သန်သည်ထက် ရင့်သန်သော အတွေးအခေါ်များရ၍ ကျယ်ဝန်းသည်ထက် ကျယ်ဝန်းသော အမြင်ရှိလာသောအခါ လူငယ်များအဖို့ အဖိုးတန်သော အချစ်ကျမ်းတစ်ကျမ်း ပြုစုပေးနိုင်ခဲ့မည်ဟု မျှော်လင့်မိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



(လူငယ်ဆိုရာ၌ တိုးတက်သော အင်အားစု၌ ပါဝင်သော ပုဂ္ဂိုလ်များကို ဆိုလိုသည်။ အသက်ငယ်တိုင်း လူငယ်မဟုတ်၊ အမေမှာသည့်အတိုင်း လှေနံဓားထစ် မှတ်တတ်ရှာသော ကိုယ်ပိုင်အတွေးအခေါ်ဟူ၍ လုံးဝမရှိဘဲ ယောင်ဝါးဝါး ရောယောင်နောက်လိုက် ကလေးများကို လူငယ်စာရင်းထဲ သွတ်သွင်းဖို့ ခဲယဉ်းလှသည်။)

ထိုအချစ်ကျမ်းကို မရေးရသေးခင် ဤဆောင်းပါးနှင့် လူငယ်တို့အား အတွေးအခေါ် အသက်ဝင်စေရန် ဆောင်ရွက်နေရပါသည်။

အချစ်အကြောင်း ကောင်းစွာ မသိဘဲ အချစ်ဝတ္ထုရေးလျှင် ဖေတော့ မောင်တော့ ဝတ္ထုမျိုးထက်ပို၍ ထွက်လာမည် မဟုတ်နိုင်ပါ။ ဝတ္ထုရေးဆရာတို့သည် အချစ်နှင့်ပတ်သက်သော အကြောင်းများကို နှံ့စပ်အောင် ဖတ်ရှုလေ့လာသင့်သည် ထင်မိပါသည်။ မည်သည့်ခေတ်၌မဆို အချစ်ဝတ္ထုများ ပေါ်ပေါက်လာမည် အမှန်ပင်။ အပေါ်ယံကြော ချစ်လိုက်ကြိုက်လိုက် လွမ်းလိုက် ဆွေးလိုက် ဝတ္ထုမျိုးပေါ်များမည် မုချပင်။ ပေါ်လည်းပေါ်များပေမည်။ ဓမ္မတာတည်း။ သို့ရာတွင် ရင့်ကျက်သော အတွေးအခေါ်ပါသည့် အချစ်ဝတ္ထုများကို စာရေးဆရာကြီးများက ရေးရပေလိမ့်မည်။ စာရေးဆရာကြီးများက အချစ်ဝတ္ထုရေးရမှာ ရှက်သလိုလို ဖြစ်နေပါမူ အချစ်အကြောင်း ကောင်းစွာ နားမလည်၍သာ ဖြစ်သည်ဟု ဆိုရပါတော့မည်။

လူသည်အချစ်နှင့် ကင်းကွာသည်ဟူ၍ မရှိပေ။ ကင်းကွာဟန် ဆောင်ရုံမျှသာ ရှိချေမည်။ 'တို့တော့



အသက်ကြီးပြီ၊ ချစ်တယ် ကြိုက်တယ်ဆိုတာ လူငယ်တွေအလုပ်'ဟု အချစ်အဓိပ္ပာယ်ကို နားမလည်သူက ဆိုချင်ဆိုနိုင်ပါသည်။ သို့ရာတွင် စာရေးဆရာက မဆိုသင့်။ အနုပညာသည် အိုသည်မရှိ။ အတွေးအခေါ်သည် တိုးတက်၍သာ နေရပေမည်။ ကျဆင်းနေသော အတွေးအခေါ်သည် တဖြည်းဖြည်း လူနှင့်ဝေး၍ ပျောက်ကွယ်သွားဖို့သာ ရှိသည်။

ကျွန်တော်တို့ ငယ်ရွယ်စဉ်က သွေးပူပူနှင့် စွဲလမ်းခြင်းကိုပင် အချစ်ဟု ထင်မှတ်ခဲ့သည်။ မည်သူကမျှ သွေးပူပူ စွဲလမ်းမှုကို အချစ်နှင့် ခွဲခြား မပြခဲ့ချေ။ စာအုပ်ကျမ်းဂန်များလည်း မဖတ်ဖူးခဲ့ပါ။ ဆင်ကန်းတောတိုးနှင့်သာ ကြီးပြင်းလာကြသည်။ ယခု ကျွန်တော် ကြီးပြင်းလာ၍ လူတို့၌ အရေးကြီးသော်လည်း အမှတ်တမဲ့ပစ်ထားခဲ့သော အချစ်ကိစ္စကို ကျမ်းဂန်များဖတ်ရှု၍ ဘဝသုံးသပ်မှုတို့ဖြင့် ဝေဖန်တတ်သလိုလို ဖြစ်လာသဖြင့် လူငယ်များအား ညွှန်ပြပေးကာ ကျွန်တော်တို့ထက် ပို၍ အဆင့်အတန်း တိုးတက်အောင် ဆောင်ရွက်စေချင်ပါသည်။ ကျွန်တော်တို့ ကြုံတွေ့ဆည်းပူးရသော အသိဉာဏ်ပညာကလေးကို ရပြီးလျှင် အသက်အရွယ် ငယ်ခိုက်၌ ဆက်လက်တွေးခေါ်ဝေဖန် ဆည်းပူးပါမူ နောင်လူကြီးဖြစ်မည့် လူငယ်ကလေးများအဖို့ တပန်းသာပေလိမ့်မည်။

လူမှုရေးရာတွင် အရေးကြီးသော အချစ်ပြဿနာကို ဖြေရှင်းရာ၌ ဝေဖန်နိုင်စွမ်းရှိရလေအောင် ကိုယ်တွေ့မကြုံခင် စာတွေ့ပညာ ဆည်းပူးကြပါဟု တွေးခေါ်တတ်သော လူငယ်တို့ကို တိုက်တွန်းလိုက်ပါရစေ။

www.burmeseclassic.com

www.burmeseclassic.com



## The Ceremony

It bride and groom repeat the same vows sa their parents redeated, and if the same tears are shed now that they were shed five generations before at the same rite, then the ceremony has its continuity and resonances. The Formality may be boring but it is not meaningless.

A wedding is public business. That is the point of it. The couple are not merely marrying one another. They are joining the enterprise of the human race. They are, at least in part, submitting themselves to the larger logics of life. They enter into a contract with processes deeper they can know. At the moment of their binding, they should subsume their egos into that larger business within whish their small lyricisms become tinny and exhibitionistic. The ceremony dignifies the couple precisely to the degree that they lose themselves therein. The mystery of what they do is more interesting than they can ever be.

**Lance Morrow**

From a TIME essay entitled:
'The Hazards of Homemade Vows'
[Time Magazine, June 27, 1983]

## မင်္ဂလာ အခမ်းအနား

သတို့သမီး သတို့သားတို့က မင်္ဂလာအခမ်းအနား၌ သူတို့မိဘများဆိုခဲ့သည့် ကတိသစ္စာစကားအတိုင်း ဆိုကြလျှင်ဖြစ်စေ၊ လွန်ခဲ့သည့် မျိုးဆက် ငါးဆက်က ထိုအခမ်းအနားမျိုးများ၌ ကျခဲ့ကြသည့် မျက်ရည်မျိုးအတိုင်း ကျသည်ဖြစ်စေ၊ ယင်းအခမ်းအနား၌ အစဉ်အလာ အဆက်မပြတ်မှုနှင့် ဩဇာဆက်လက်ပျံ့နှံ့မှုများ ရှိနေပေတော့သည်။ ယင်းသို့ ထုံးတမ်းစဉ်လာအရ ဆောင်ရွက်မှုသည် ပျင်းရိငြီးငွေ့ဖွယ်ကောင်း ဖြစ်ပေလိမ့်မည်။ သို့သော် အဓိပ္ပာယ်မရှိမဟုတ်ပေ။

ထိမ်းမြား မင်္ဂလာပွဲသည် အများနှင့်သက်ဆိုင်သောကိစ္စ ဖြစ်သည်။ ယင်းအချက်သည် အရေးပါသောအချက်ဖြစ်ပေသည်။ သတို့သား သတို့သမီးတို့သည် သူတို့နှစ်ဦးပေါင်းဖော်ရန်မျှသာ လက်ထပ်ကြသည် မဟုတ်ပေ။ သူတို့သည် လူသားတို့၏ စီးပွားရေးလုပ်ငန်းကြီးထဲသို့ ပါဝင်၍

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရွက်ကြရတော့မည် ဖြစ်၏။ သူတို့သည် အနည်းဆုံး အားဖြင့် တစ်စိတ်တစ်ပိုင်းအဖြစ် သူတို့သည် လူ့ဘဝ၏ ကျယ်ပြန့်သော အကြောင်းအကျိုး တရားခွင်ထဲသို့ သူတို့ဘဝကို သွတ်သွင်းလိုက်ကြပေသည်။ လူ့အဖွဲ့အစည်း မတိမ်ကောမပပျောက်ရေးအတွက် (တစ်နည်းဆိုသော်) လူ့ဘဝတစ်ခုလုံးအတွက် သူတို့ပါဝင်ဆောင်ရွက်ကြသည်။ သူတို့သည် သူတို့ကိုယ်တိုင် ဘယ်သောအခါမျှ သိနားလည်နိုင်မည် မဟုတ်သော လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်ကြပါမည်ဟူ၍ ကတိကဝတ်ပြုကြသည်။

သူတို့နှစ်ယောက် ပေါင်းဖက်ချိန်မှာပင် သူတို့၏ အတ္တများကို သူတို့ လုပ်ရပ်ထက်ပို၍ ကြီးမားသောလုပ်ငန်းထဲသို့ အကျုံးဝင်စေရန် မြှုပ်နှံလိုက်ကြသည်။ ထိုလုပ်ငန်းကြီး အတွင်း၌ သူတို့၏ ခေတ္တမျှသာတည်ရှိသော ကဗျာဆန်ဆန် ကြည်နူးသာယာမှုတို့သည် သေးသိမ်အားနွဲ့လျက် ဟန်ပြမှုများမျှသာ ဖြစ်ရချေသည်။

သူတို့၏ မင်္ဂလာအခမ်းအနား၌ရှိသော ဂုဏ်ကျက်သရေသည် သူတို့ကိုယ်တိုင် ဘဝလုပ်ငန်းကြီးထဲသို့ မြှုပ်နှံ၍ အခြားသူများနှင့် တစ်သားတည်း ဖြစ်နိုင်စေသည်နှင့်အမျှ သူတို့အဖို့ တင့်တယ်ပေသည်။ သူတို့၏ လုပ်ရပ်သည် သူတို့၏ အကောင်းဆုံး ဖြစ်ရပ်ထက် ပို၍ စိတ်ဝင်စားဖွယ် ဖြစ်ပေတော့သည်။

('တိုင်း မဂ္ဂဇင်း၌ပါရှိသော **လန့် မောရိုး**၏ အက်ဆေးတစ်ပုဒ်မှ ကောက်နုတ် ပြန်ဆိုသည်။)

## ဒုတိယပိုင်း အမှာ

အချစ်နှင့် စိတ်ပညာ' ဆောင်းပါးများကို ရေးခဲ့သည်မှာ ကျွန်တော် အသက်လေးဆယ်ပတ်ဝန်းကျင် အချိန်ကာလဖြစ်သည်။ အိမ်ထောင်သက် ဆယ်နှစ်နီးပါးမျှသာ ရှိသေးသည်။ အချစ်နှင့် အိမ်ထောင်ရေးကိစ္စတို့တွင် စာတွေ့နှင့် ကိုယ်တွေ့တို့ကို ပေါင်းစပ်သုံးသပ်၍ ဆောင်းပါးများရေးခဲ့ခြင်း ဖြစ်ပါသည်။ ယင်းသို့ ပေါင်းစပ်ရာ၌ ကိုယ်တွေ့မှာ နုနယ်သေးသည် ဆိုရပေမည်။ စာတွေ့အင်အားသာလျှင် ပိုခဲ့သည်။

ကျွန်တော့် ဝါသနာတစ်ခုမှာ စာတွေ့ အစုံဖတ်ပြီးလျှင် ကိုယ်တွေ့ အတွေ့အကြုံများနှင့် ဆက်စပ်ညှိနှိုင်းကြည့်ခြင်း ဖြစ်ပါသည်။ ကိုယ်တွေ့ဆိုရာ၌ မိမိအတွေ့အကြုံတို့သာမကဘဲ သူတစ်ပါးတို့၏ ဖြစ်ရပ်တို့ကို တတ်နိုင်သမျှ ကြည့်ရှုလေ့လာ၍ ရရှိသောအသိကိုပါ ထည့်သွင်း ရောနှောထားသော၊ စုပေါင်း စရနှယ်ထားသော အတွေ့အကြုံများဟု ဆိုလိုခြင်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

အိမ်ထောင်သည်ဘဝသို့မရောက်မီ အချစ်ငမ်းဖမ်း နေခိုက်မှာ ချစ်သူနှစ်ဦးသည် အိမ်မက်လှကလေးများကို နေ့ရော ညပါ မက်နေကြသည်။ အချစ်သည် ယောကျ်ား တိုင်း မိန်းမတိုင်း သွေးသားတက်ကြွနေခိုက်ဖြစ်သော ငယ်စဉ်ကာလမှာ အဓိကဖြစ်နေလေသည်။ 'ချစ်တာပဓာန' ဝါဒကို ရင်ဝယ်ပိုက်လျက်ရှိကြသည်။ နောင်တွင် လူပျိုကြီး အပျိုကြီးဖြစ်မည့်သူများနှင့် ရဟန်းဖြစ်လိုသူများ သီလရှင် ဖြစ်လိုသူများလည်း ငယ်စဉ်က အချစ်ငမ်းမဖမ်းခဲ့ဟု အာမခံချက်မပေးနိုင်ကြချေ။ တကယ်တမ်း စဉ်းစားကြည့် လိုက်သောအခါ အချစ်သည် ပုထုဇဉ်လူသားတို့၏ ဘဝ ရိုးရာ ရောဂါဖြစ်သည်။ အချစ်နှင့် ကင်းနေခြင်းသည် ငယ်စဉ်ကာလ၌ မဖြစ်သင့်ပေ။

ရှေ့မှာဆိုခဲ့သည့်အတိုင်းပင် အိမ်ထောင်သည်ဘဝ အစပိုင်းအတွင်း၌ အချစ်နှင့်စပ်လျဉ်းသည့် စာပေ အရေးအသားများစွာကို ကြုံတွေ့သမျှ မလွတ်တမ်း ဖတ်ရှု လေ့လာပြီးလျှင် ကြုံတွေ့သမျှ အတွေ့အကြုံကလေးများနှင့် ဆက်စပ်ပြီးလျှင် ဤ 'အချစ်နှင့်စိတ်ပညာ' ဆောင်းပါး များကို ရေးခဲ့ပါသည်။

အတော်အတန်များလာသောအခါ ဆောင်းပါးများကို စုပေါင်း၍ စာအုပ်အဖြစ် ထုတ်ဝေခဲ့ပါသည်။ ထို့နောက် ထိုစာအုပ်မှာ ဆက်၍ မထုတ်ဖြစ်ခဲ့သောကြောင့် နှစ်ပေါင်း များစွာ အဆက်ပြတ်သွားလေသည်။

အဆက်ပြတ်သွားသဖြင့် နှောင်းလူတို့ မဖတ်ဘူး၊ အချို့မှာ မကြားဘူးသည်အထိ တိမ်မြုပ်နေသော်လည်း



ယခင်က ဖတ်ဖူးသူအချို့က မမေ့နိုင်ဘဲ ထိုစာအုပ်ကို ပြန်လည် ထုတ်ဝေရန် အကြံပေးတိုက်တွန်းသည်မှာ မကြာ ခဏပင် ဖြစ်သည်။ ယခုခေတ် လူငယ်တို့အား ထိုစာအုပ်ကို ဖတ်စေလိုသော စေတနာသည် ကျွန်တော့်မိတ်ဆွေ အချို့နှင့် တပည့်လူငယ်တို့၌ ရှိနေသည့်အလျောက် ယခု ထုတ်ဝေ လိုက်ရခြင်း ဖြစ်သည်။

ထုတ်ဝေရန် အစီအစဉ်လုပ်ခိုက်မှာပင် ကျွန်တော်က စာအုပ်ကို ပြန်ဖတ်လိုက်ရာ ကျွန်တော့် လက်ရာသည် ငယ်မူငယ်သွေး ဩဇာလွှမ်းမိုးခြင်း ဖြစ်နေသည့်အဖြစ်ကို တွေ့မြင်မိပါသည်။

ကျွန်တော့်မှာ ယခု အသက်အရွယ် ခုနစ်ဆယ်ကျော် ကာ အိမ်ထောင်သက် ငါးဆယ်ကျော်စ ဖြစ်နေပါပြီ။ ယခင်က အချစ်အကြောင်းကို စာတွေ့နှင့် ကိုယ်တွေ့တွင် နည်းနေခဲ့သော်လည်း ယခုအခါ အိမ်ထောင်ရေးပညာကို ပို၍ သိနားလည်လာပြီဟု ဆိုနိုင်ပါတော့သည်။

မည်သည့်အရာ မည်သည့်ပညာမဆို ပြီးပြည့်စုံပြီဟု မည်သည့်အခါမျှ မဆိုနိုင် မဆိုသင့်သော်လည်း အချစ်၏ ဒုတိယပိုင်းဖြစ်သော အိမ်ထောင်ရေး အကြောင်းကို ယခင် ကထက်ပို၍ သိကာ နားလည်တန်သလောက်ရှိပါသည်။ မိမိကိုယ်တိုင် တွေ့ကြုံရသည့် 'ကိုယ်တွေ့' ကို အဓိပ္ပာယ် နယ်ချဲ့ကာ မိတ်ရင်း ဆွေရင်းတို့၏ ဖြစ်ရပ်ဖြစ်စဉ် သူစိမ်းတစ်ရံဆံတို့၏ ဖြစ်ထွေကို တစ်ဆင့်ကြားသိရသမျှ တို့ကို စုပေါင်း စရနယ်၍ ထည့်သွင်းထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



စာတွေ့ကိုလည်း ဆက်လက်ဆည်းပူး၍ ကိုယ်တွေ့နှင့်စုပေါင်းအားဖြည့်ကာ ဤဒုတိယပိုင်းအတွက် ဆောင်းပါးကို ရေးပါသည်။ ရေးရာ၌ စာတွေ့အစိတ်အပိုင်းသည် ဘာသာပြန်များမဟုတ်ပါ။ ဆီလျော်အောင် စီမံ ဖန်တီးလိုက်သော ကိုယ်ပိုင်ပစ္စည်းများ ဖြစ်ပါသည်။ ကိုယ်တွေ့အစိတ်အပိုင်းက ပိုပါသည်။ ကိုယ်တွေ့မှာလည်း မိတ်ရင်းအချို့တို့၏ တကယ့်ဖြစ်ရပ်များကို ကြားသိရသည့် အလျောက် လေ့လာပြီးကာမှ ဝတ္ထုရေးနည်းမျိုးဖြင့် ပြုပြင်စီရင်လိုက်သော စာများဖြစ်ပေသည်။

အထူးသဖြင့် ဒုတိယပိုင်း၏ နောက်ဆုံးဆောင်းပါး ငါးပုဒ် 'အချစ်စစ်တမ်း' တို့သည် တကယ့်ဖြစ်ရပ်များကို ကာယကံရှင်များကို သက်ရှိထင်ရှား ပုဂ္ဂိုလ်များအနေဖြင့် မည်သူကမျှ လက်ညှိုးထိုးမပြနိုင်လောက်အောင် အမည်နေရပ်တို့ကို လွှဲပြောင်းထားရုံမျှမက အပြစ်အပျက်တို့ကို အမျိုးမျိုး ပြောင်းလဲလိုက်ပြီး ဦးတည်ချက် အရင်းခံကို မပျက်စေဘဲ စီမံလိုက်သော အရေးအသားများ ဖြစ်ပေသည်။ ဤဆောင်းပါး ငါးပုဒ်ကို လုံးချင်းဝတ္ထု ငါးအုပ်အဖြစ်သို့ ရောက်အောင် ချဲ့ထွင် ရေးသားနိုင်ပါသည်။

တစ်ခါက တိုင်းခြား စာရေးဆရာတစ်ယောက်က ဆိုဖူးပါသည်။ 'အချစ်သည် တစ္ဆေနှင့်တူ၏၊ တစ္ဆေအကြောင်းမျိုးစုံကို ပြော၍မကုန်ကြသော်လည်း တစ္ဆေနှင့်တွေ့ဖူးသူကား ရှားလှချေသည်'ဟူ၏။ အချစ်နှင့် မကင်းနိုင်ကြသော ပုထုဇဉ် လူသားတို့သည် အချစ်၏ အဓိပ္ပာယ်ကို ပြည့်စုံစွာ သိသူမရှိပေ။



'မျက်ကန်းပုဏ္ဏား ခြောက်ယောက်နှင့် ဆင်ကြီး' ပုံပြင်ကဲ့သို့ 'ဆင်ဆိုသည်မှာ'ဟူသော အဆိုဖြင့်သာ အမျိုးမျိုး အချစ်အဓိပ္ပာယ်ကို ဖွင့်ဆိုကြသည်။ မရေမတွက်နိုင်သော အချစ်ဝတ္ထုများ ရေးကြသည်။ အချစ်စိတ်ပညာကျမ်းများ၊ အချစ်ဒဿနိကကျမ်းများပြုစုကြသည်။ ဘေးဂီတအဖြစ် စပ်ဆိုကြသည်။ ရုပ်ရှင်အမျိုးမျိုး ထုတ်လုပ်ကြသည်။ မည်သို့ပင် ကြိုးစားကြသည်ဖြစ်စေ ချစ်ပရိယာယ်ကို နားလည်သူမရှိချေ။ နားလည်ပါသည်ဟု မိမိကိုယ်မိမိ ကြေညာသူရှိလျှင် ထိုသူအား စိတ်ပညာဆရာဝန်ထံ ပို့လိုက်ရမည်သာ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

## ချစ်ကြသည်ဆိုရာဝယ်

ထိုမိန်းမကဲ့သို့ပင် ပျိုရွယ်နုနယ်၍ လှတင့်တယ်သော အမျိုးသမီးတို့ကြားတွင် သူ့ကိုမှပို၍ အာရုံစိုက်သည်မှာ အဘယ်ကြောင့်နည်း။ 'မြင်မြင်ချင်းပင် ချစ်ကြိုက်မိတယ်'ဟု မမေးဘဲနှင့် ဖြောင့်ချက်ပေးသည့် စကား၏ အဓိပ္ပာယ်သည် အဘယ်သို့နည်း။ ရှေးရေစက်ကြောင့်ဟု ဆိုရပေမည်။ ထိုသံသရာစကားကို အသာထားပြီးလျှင် စိတ်ပညာဆရာတို့၏ အကြောင်းပြချက်များကို ဦးစွာကြားနာကြည့်ကြပါစို့။

ချစ်ကြသည်ဆိုရာဝယ်

ယောကျ်ားတစ်ယောက်က မိန်းမတစ်ယောက်ကို ချစ်သည်။ မိန်းမတစ်ယောက်က ယောကျ်ားတစ်ယောက်ကို ချစ်သည်။ သူတို့နှစ်ယောက် ချစ်မိကြသည်ဆိုသည့် စကားက ညွှန်းသော ဖြစ်ရပ်ကို စိတ်ပညာ သိပ္ပံဆရာတို့က စိစစ်ဝေဖန် သုံးသပ်ကြသည်။ သူတို့ အထင်အမြင်မှာ ယောကျ်ားက အချိန်တန် အရွယ်ရောက်လာသောအခါ



မိမိက ချစ်ခင်မြတ်နိုး ယုယလိုသူ၊ ထိုသူက မိမိအား ပြန်၍ ချစ်ခင်မြတ်နိုး ယုယစေလိုသော ဆန္ဒ၊ ယင်းသို့သော အကြောင်းများကြောင့် ချစ်သူကို ရှာသည်။ မိန်းမကလည်း မိမိကို ချစ်ခင်မြတ်နိုး ယုယသူကို မျှော်မှန်းသည်။ မိမိကလည်း ထိုယောကျ်ားကို အားကိုးလိုသည်။ မိန်းမသား စိတ်ဖြင့် အားနွဲ့သူတစ်ယောက်ဟု ယူဆကာ မိမိကို တစ်သက်လုံး ဘေးအန္တရာယ်များ၊ အခက်အခဲ ဆင်းရဲများမှ ကာကွယ်နိုင်သူကို လိုလားသည်။ ထိုသို့ ယောကျ်ားတိုင်း မိန်းမတိုင်းမှာ မိမိအဖို့ အကောင်းဆုံး အမြင့်ဆုံး ဘဝ ကြင်ဖော်ကို အရွယ်ရောက်လာသည့်အခါ ရင်မှာစွဲထားသည်။

ချစ်သူကို ကိုယ်တိုင်ကိုယ်ကျ မတွေ့ရသေးခင်မှာပင် ကြိုတင်မှန်းဆထားပြီး ဖြစ်သဖြင့် နှလုံးသားတွင် သိုမှီးထားသော ချစ်သူ့ရုပ်သွင်ရှာကြသည်။ ရုပ်သွင်ဟု ဆိုရာ၌အပေါ်ယံ ရုပ်ရည်ကိုချည်း ဆိုလိုသည်မဟုတ်ပေ။ အရည်အချင်း အရည်အသွေးများ စုပေါင်းထားသော ရုပ်ရည်ကို ဆိုလိုသည်။ အချိန်တန် အရွယ်ရောက်လာသည့် အလျောက် သွေးသားဆူဖြိုးခိုက်ဖြစ်သောကြောင့် ကာမဆန္ဒများသည်လည်း ရင်ထဲတွင် ပေါ်ထွက်လာကြသည်။ သို့သော် ယင်းဆန္ဒတို့က မလွှမ်းမိုးကြပေ။ နောက်ပိုင်းမှ အထောက်အပံ့ပြုကြသည်။ သွေးသားလှုံ့ဆော် မှုကြောင့် ကာမဆန္ဒများ အမြဲမပြတ် ပေါ်လာလေရာ ထိုဆန္ဒတို့ပြင်းပြလာသောအခါ ရွေးချယ်မှုမပြုဘဲ နီးစပ်ရာ အလျဉ်းသင့်ရာ ဖြစ်သွားတတ်ချေသည်။ ထို့ကြောင့် 'အိုးချင်းထား အိုးချင်းထိ ကြိုးချင်းထားကြိုးချင်းငြိ' ဆိုသလို မဖြစ်သင့်ရာ ဖြစ်သွားတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အချစ်ဟူသော ရာဂဦးဆောင်သော ဆန္ဒနှင့် မေတ္တာဟူသော စေတနာအရင်းခံသော စိတ်တို့ပေါင်းစပ်သည့် 'ချစ်မေတ္တာ'ဖြင့် ဘဝကြင်ဖော်ရှာပုံတော်ဖွင့်မှသာလျှင် ရာသက်ပန်အဖြစ်သို့ ရောက်နိုင်ပေလိမ့်မည်။ ဘဝ ကြင်ဖော် အစစ်အမှန်နှင့် ကြုံတွေ့မှသာ အိမ်ထောင်ရေး အောင်မြင်မှု ရပေမည်။ သို့မဟုတ်လျှင် အိမ်ထောင်ရေး ပျက်ပြားနိုင်သည်။

အကြောင်းကြောင်းကြောင့် မကွဲကြသော်လည်း အိမ်ထောင်ရေး မပြေလည်မှုကြောင့် တစ်သက်လုံး တနုံ့နုံ့ ဆင်းရဲနေကြမည်သာ ဖြစ်သည်။

ရင်ထဲမှာ ချစ်သူ့ရုပ်သွင် စွဲထင်နေပြီ ဖြစ်သဖြင့် လူတွေကြားထဲမှာ တွေ့ရသော အမျိုးသမီးကို ဘသားချော က ချက်ချင်းရွေးပြီး ချစ်တတ်ပေသည်။ 'ပထမ'တစ်ခါ မြင်ကာမျှနှင့် ချစ်သော အချစ်ဟု ခေါ်ဆိုကြသည်။ 'မြင်မြင်ချင်းပဲ ချစ်မိ ကြိုက်မိတယ်'ဟုဆိုသော သီချင်းကဲ့သို့ပင် ထိုအချစ်မျိုးကို လုံးလုံးလျားလျား ပုံ၍ ယုံရမှာလားဟု မေးလာလျှင် အာမခံချက် မပေးနိုင်ပေ။ အကြောင်းမှာ ရင်တွင်း၌ စွဲနေသော ချစ်သူရုပ်ပုံလွှာနှင့် တူသည် ထင်ရသောသူ ဖြစ်ချင်ဖြစ်နိုင်ခြင်းပင် ဖြစ်သည်။ ပုံမှား ရိုက်တတ်သဖြင့် အချို့သော ချစ်ရေး ချစ်မှုတို့ ပျက်ပြားကာ အမုန်း ဒွံ နှင့် နိဂုံးချုပ်သွားကြသည်ကို မြင်တွေ့ကြရသည်။ ထို့ကြောင့်လည်း အချစ်သည် မျက်စိကန်း၏ဟု အနောက်တိုင်း စကားပုံ ပေါ်ပေါက်ခြင်းဖြစ်သည်။



## ချစ်မိပြီ ဆိုမှဖြင့်

ချစ်မိပြီဆိုမှဖြင့် အချစ်နာ စွဲသွားသည်။ ထိုရောဂါသည်လည်း အတော်ဆိုးသည်။ ချစ်သူကို မမြင်တွေ့ရသည့်အခါ လင်းတမှိုင် မှိုင်နေတတ်သည်။

အိပ်မပျော် စားမဝင်ဖြစ်တတ်သည်။ ငိုချင်သလို ရယ်ချင်သလို ဖြစ်တတ်သည်။ အမျိုးသမီးများမှာ စုန်းပယောဂ ကပ်သလို ဖြစ်တတ်သည်။ ချစ်သူနှင့် တွေ့လိုက်ရသည်နှင့် တစ်ပြိုင်နက် ချမ်းမြေ့ ကြည်လင်သွက်လက်သွားသည်။ 'ကုရာနတ္ထိ ဆေးမရှိ'ဟု ဆိုလေ့ရှိသည်။ ရာဂနှင့် သံယောဇဉ် မဟာမိတ်ဖွဲ့၍ တိုက်ခိုက်ခြင်း ခံရခြင်းပင် ဖြစ်ချေသည်။ ချစ်သူနှင့် မပေါင်းရဘဲ မချစ်သူနှင့် ပေါင်းသင်းရလျှင် 'ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ အပိယေဟိ သမ္ပယောဂေါ ဒုက္ခော'ဟူသော ပါဠိတော်လာ ရှိသည်နှင့် အညီ ဒုက္ခကြီးစွာ ရောက်ကြရသည်။ အချို့မှာ ရောဂါပြင်းထန်လွန်းသဖြင့် ဘဝဆုံးကြရသည်။

အချစ်ကို အကြောင်းပြု၍ မိမိ၏ အသက်ကို အဆုံးစီရင်သော သာဓကတွေ မနည်းလှချေ။ အင်္ဂလိပ်ဂန္ထဝင်စာပေ၌ ရှိတ်စပီးယား၏ 'ရိုမီယိုနှင့် ဂျူလီယက်' ပြဇာတ်တွင် ချစ်သူနှစ်ဦး မသေသင့်ဘဲ သေကြရသည်။

ထုပ္ပမွှန်ထိုင်းကြသောကြောင့် ဖြစ်ရသည်။ ထိုပြဇာတ် အကြောင်းကို အများသိကြသည်။ ကျွန်တော်တို့ ကျောင်းသား ဘဝတုန်းက မောင်စည်သူနှင့် မခင်ရီအကြောင်းကို ထိုခေတ် သတင်းစာပရိသတ်က အတော် စိတ်ဝင်စားကြသည်။ ချစ်သူနှစ်ယောက် လက်ချင်းကပ်ပြီး လက်ကိုင်ပဝါ

www.burmeseclassic.com

www.burmeseclassic.com



စည်းပြီး ကြည့်မြင်တိုင် ဗားကရာ ဆိပ်ကမ်းရှိ ဆိပ်ခံသမ္ဗန်ကြီးပေါ်မှ လှိုင်းမြစ်ထဲသို့ ခုန်ချပြီး ဘဝတုံးလိုက်ကြသည်။ သူတို့နှစ်ယောက်ကို လွဲမှားစွာအားကျပြီး ထိုပုံစံအတိုင်းလိုက်၍ သေကြသော မလိမ်မိုး မလိမ္မာ လူငယ်ချစ်သူတို့အကြောင်းလည်း ထိုစဉ်က ကြားရပေသေးသည်။

## အချစ်နှင့် အိမ်ထောင်ရေး

အချို့ သိပ္ပံပညာရှင်တို့က ကြုံကြိုက်တုန်း ချစ်ကြကြိုက်ကြသည့် သွားရင်းဟန်လွဲ အချစ်မျိုးကို အပထားပြီး အချစ်စစ်ဖြင့် ချစ်ကြရာဝယ် နှစ်ယောက်တွဲ ချည်နှောင်ထားသည့် စိတ်ဆန္ဒမျိုးမှ ပေါက်ဖွားလာသော အချစ်အကြောင်းကို အဆိုပြုကြသည်။ ကျွန်တော်တို့ အနေဖြင့် ရှေးရေစက်ဆုံသည်ဟူသော အဆိုနှင့် တူပေသည်။ ရှေးရှေးဘဝများက ချခဲ့ဖူးသော ရေစက်၊ ပန္နက်ခဲ့ဖူးသော သစ္စာဆိုသံလို လူမှန်းသိသည့်အရွယ် ချစ်စိတ်တွေ ဝင်လာသောအခါ မိမိ၏ ဘဝကြင်ဖော်ရုပ်သွင်ကို မြင်ထင်နေတတ်ကြသည်ဟူသော အဆိုနှင့် မကွာခြားသော အဆိုကို အနောက်တိုင်းသား စိတ်ပညာဆရာအချို့က ဆိုကြသည်။ မျက်ကန်းအချစ်မှာလည်း အချစ်စစ် အချင်မှန်ကဲ့သို့ပင် အစပထမက သဲသဲမဲမဲ ချစ်တတ်ကြသော်လည်း အမှန်ပျောက်၍ မျက်စိကြည်လင်လာသောအခါ အသွင်မတူသည့် အဖြစ်ကို မြင်တွေ့၍ ကွဲကြရလေသည်။

ယခုခေတ် အချစ်ဇာတ်လမ်းသည် မြင်တွေ့ချစ်ကွဲသာများချေသည်။ ရှေးခေတ်ကမူ သုံးနှစ် သုံးမိုးစောင့်ပြီးမှ



တစ်သက်တာအတွက် ဘဝကြင်ဖော်အဖြစ်သို့ ရောက်ကြရသည်။ ထိုအချစ်မျိုးသည် များသောအားဖြင့် အိမ်ထောင်ရေး အောင်မြင်မှုကို ပေးတတ်လေသည်။ ယခုခေတ်မှာ ထိုအကျင့်မျိုး မရှိတော့ချေ။ ထို့ကြောင့်လည်း လင်မယားကွဲကြသည့် အဖြစ်တို့မှာ တစ်ပုံတစ်ပင် ဖြစ်နေချေသည်။

'ချစ်တိုင်းမညား၊ ညားတိုင်းမချစ်'ဆိုသော စကား၏ အဓိပ္ပာယ်သည် လေးနက်ပေသည်။ ချစ်သူနှစ်ဦး လောကဓံရိုက်ခတ်မှုကြောင့် အမျိုးမျိုးသော အနှောင့်အယှက် အတားအဆီး၊ အချုပ်အချယ်တွေကို မကျော်လွှန်နိုင်သောကြောင့် အိမ်ထောင်ဘက်ဘဝသို့ မရောက်ရဘဲ မညားခင်က ကွဲကြရလေသည်။ ဤပြဿနာကို စိစစ်ဝေဖန်ကြည့်လိုက်သောအခါ အချစ်သည် စိတ်မှ ဖြစ်သောအရာဖြစ်သည်။ အိမ်ထောင်ရေးသည် လူမှုရေးဖြစ်သည်။ ညှိ၍ရနိုင်မှ ရနိုင်မည်။ ထို့ကြောင့် အချို့ချစ်သူတို့မှာ ချစ်လျက်နှင့် မပေါင်းရဘဲ ဘဝတစ်သက်တာ ကွဲကွာကြရချေသည်။

လူမှုရေးကပေးသော အခြေအနေကိုသာ လက်ခံ၍ နေကြရသဖြင့် မိမိနှင့် တွဲဖက်ရသော ဘဝတွဲဖက်ကို အသင့်အတင့်နှလုံးသွင်း၍ နေလိုက်ကြရာ သားသမီးပွားစီးလာသောအခါ သံယောဇဉ် နှောင်ကြိုးတွေ အထပ်ထပ် ချည်နှောင်ခံရသောကြောင့် နေသာသလို နေလိုက်ကြရသည်။ သို့သော် 'ငယ်ကချစ် အနှစ်တစ်ရာ မမေ့'ဆိုသည့်အတိုင်း မိမိချစ်သူကို မမေ့နိုင်ပေ။

www.burmeseclassic.com

www.burmeseclassic.com



## ချစ်ခင်ကြင်နာသူ

လူအဖွဲ့အစည်း၌ရှိသော ယဉ်ကျေးမှု ထုံးဓလေ့တို့နှင့် လူမှုစည်းကမ်းချက်များသည် လူတို့၏ အဓိက တာဝန်တစ်ရပ်ဖြစ်သော မျိုးဆက်ပွားစည်းရေးကို အကြောင်းပြု၍ အိမ်ထောင်ရေးကိစ္စ ဆောင်ရွက်ကြရန် အတွက်သာ ဖြစ်သည်။ ထို့ကြောင့် အိမ်ထောင်သည် များစွာသည် စိတ်ဒုက္ခရောက်ကြရသည်။ အဆင်မပြေမှု ကြောင့် အိမ်ထောင်ရေး မသာမယာဖြစ်ကာ မလွှဲမရှောင်သာဘဲ နေတတ်သလို နေကြရသည်။ သို့သော် ဆိုးရွား ယုတ်မာမှုများမှအပ အိမ်ထောင်သည်နှစ်ဦးသည် ရေစက် ဆုံ၍ ဆုံစည်းကြရသည်ကို အသင့်အတင့်သဘောထား၍ အတူနေလာကြသောအခါ ကြင်နာထောက်ထားမှုများ ပေါ်ထွန်းလာလေသည်။ ထိုကြင်နာမှုသည် အရေးပါလှ၏။ အိမ်ထောင်မှု၌ မြဲစေသည့် သံယောဇဉ် နှောင်ကြိုးပင် ဖြစ်သည်။ မချစ်သော်လည်း ကြင်နာသည်ဆိုလျှင် အိမ်ထောင်ရေး သာယာနိုင်ပေသည်။ အချစ်စစ်ကို အစားထိုး နိုင်သော စိတ်ဓာတ်အင်အားပင် ဖြစ်သည်။

အကြင်လင်မယားအဖြစ် ပေါင်းသင်းကြသည့်အခါ မှာ အစ၌ မွှန်ထူနေသဖြင့် မခွဲနိုင် မခွာရက် ဖြစ်နေဦး မည်သာ ဖြစ်၏။ အချိန်ကြာလာသောအခါ ထိုမွှန်စိတ်သည် လျော့နည်းလာပြီးလျှင် အိမ်ထောင်သည်တို့၏ တာဝန် ဝတ္တရားများသည် တဖြည်းဖြည်း ဖိစီးလာသည့်အားလျော်စွာ အိမ်ထောင်သက်ရလာလေလေ၊ သားသမီးထွန်းကားလာ



ကြသည့်အလျောက် တာဝန်တွေပိုလာသောကြောင့် 'စိတ် ကူးယဉ် ချစ်နိဗ္ဗာန်' ခေါ်ရမည်လား မသိသည့် မွှန်ထူမှု ပျောက်ကွယ်၍ အချစ်အနည်ထိုင်သွားချေသည်။ ထိုအခါ တွင် 'ကြင်နာမှု'က ဝင်လာပြီးလျှင် အိမ်ထောင်ရေး အဆင်ပြေအောင် လုပ်ဆောင်ပေးလေသည်။

ကြင်နာမှုသည် ရာဂ ဆန္ဒတို့ကို နောက်ပိုင်းသို့ပို့ပြီး မေတ္တာကို ရှေ့တန်းတင်ကာ သံယောဇဉ်ကြိုးကို ပိုမိုခိုင်မာ စေသည်။ ထို့ကြောင့် အိမ်ထောင်သည်အများစုသည် 'သေတစ်ပန် သက်တစ်ဆုံး' ပေါင်းသင်းကြလေသည်။ အိမ်ထောင်သက်ရင့်လေလေ ကြင်နာမှုအင်အား ပိုလာ လေလေဖြစ်လာသည်။ ဖြစ်လျှင်လည်း ဖြစ်သင့်သည်။ ယင်းသို့ ဖြစ်မှသာလျှင် အသက်ကြီးသူတို့၏ ရင့်ကျက်ခြင်း ကို သရုပ်ဆောင်နိုင်ပေလိမ့်မည်။ အချစ်နှင့်မေတ္တာ ရောစပ်ပြီးလျှင် အိမ်ထောင်ရေးလုပ်ငန်းကို အိမ်ထောင်ဖက် နှစ်ဦးက မဆောင်ရွက်နိုင်လျှင် ချစ်ရာမှ မုန်း၊ မုန်းရာမှ ကွဲကြလေမည်သာ ဖြစ်ချေသည်။

www.burmeseclassic.com

www.burmeseclassic.com

# အချစ်သုံးမျိုး

'အချစ်ဆိုတာ တစ္ဆေလိုပဲ၊ တစ္ဆေအကြောင်း လူအများပြောကြတယ်၊ ဒါပေမယ့် တစ္ဆေကိုတွေ့ဖူးတဲ့သူ မရှိသလောက်ပဲ' ဟု အနောက်တိုင်း စာရေးဆရာက မှတ်ချက်ချသည်ကို မှတ်မိနေပါသည်။

စိတ်ပညာဆရာကြီးတစ်ဦးသည် သူ၏ ဟိုတယ်ခန်းပြတင်းမှာရပ်ပြီး မျက်နှာချင်းဆိုင် ပန်းခြံတွင်းမှာ ထိုင်နေကြသော လူငယ်အမျိုးသား အမျိုးသမီး နှစ်ယောက်ကို ကြည့်ပြီး 'သူတို့နှစ်ယောက်ဟာ အမြဲပဲ လာထိုင်ပြီး ပြောကြတယ်၊ သူတို့ဟာ အချစ်ဆိုလား ဘာဆိုလား ဖြစ်နေကြတယ်'

ကျွန်တော်ကိုယ်တိုင် ရုရှနိုင်ငံ လီနင်ဂရက်မြို့သို့ ခေတ္တသွားရောက်ခိုက် ကျွန်တော်၏ တည်းခိုခန်း ရှေ့ရှိ ပန်းခြံကလေးထဲတွင် နံနက်စောစော လူသူအသွားအလာ အတော် နည်းသေးချိန်မှာ အသက် ခြောက်ဆယ်ကျော်



အမျိုးသမီးကြီးတစ်ယောက် တန်းလျားခုံတစ်ခုပေါ်မှာ ထိုင်နေသည်။ မကြာခင် အသက် ခြောက်ဆယ်ကျော် အမျိုးသားကြီးတစ်ယောက် ရောက်လာပြီး အမျိုးသမီးကြီးအနားမှာ ထိုင်ပြီး စကားပြောနေကြသည်။ ပတ်ဝန်းကျင်ရှုခင်းသည် နှင်းမှုန်မှုန် ဝေမှိုင်းနေသည်။ တဖြည်းဖြည်း နှင်းတွေ အမှျင်လိုက် ကျလာသည်။ ကျွန်တော်လည်း စိတ်ဝင်စားသည့်အလျောက် ကြည့်နေလိုက်သည်။ နာရီဝက်ကြာပြီဖြစ်ရာ ဟိုတယ်အောက်ထပ်တွင် နံနက်စာစားသောက်ရန် လာခေါ်သဖြင့် လိုက်ဆင်းသွားသည်။ နာရီဝက်မျှအကြာ စားသောက်ပြီးသည့်နောက် ကျွန်တော့် အခန်းတွင်းသို့ ရောက်လျှင်ရောက်ချင်း အဘိုးကြီး အဘွားကြီးတို့ကို လှမ်းကြည့်လိုက်သည်။ သူတို့နှစ်ယောက် စကားပြောနေကြသည်မှာ တစ်နာရီကျော်လေပြီ။ ကျွန်တော်လည်း သူတို့နှစ်ယောက်ကို စူးစိုက်ကြည့်နေသည်။ အတန်ကြာမှ အဘိုးကြီးက အဘွားကြီးကို နှုတ်ဆက်ပြီး ထွက်သွားသည်။

ကျွန်တော်တို့မှာ အချိန်ဇယားအတိုင်း သွားစရာတွေရှိနေသဖြင့် ကျွန်တော်တို့နှင့်အတူ ပို့သော သတင်းဌာနမှ ဝန်ထမ်းတစ်ယောက်ကို အဘိုးကြီး အဘွားကြီးအကြောင်း မေးပေးရန် ပြောသည်။ ညနေပိုင်းတွင် ဟိုတယ်မန်နေဂျာကို မေးပြီးပြီဖြစ်ကြောင်း၊ ထိုအမည်မသိ အဘိုးကြီး အဘွားကြီးတို့သည် ပန်းခြံတွင်း နေ့စဉ်နေ့တိုင်း ဝတ်မပျက်လာ၍ စကားပြောကြကြောင်း ပြန်ပြောသည်။

သတင်းဌာနမှ ဝန်ထမ်းသည် မြန်မာနိုင်ငံသို့ တာ့စ် သတင်းဌာန သတင်းထောက် ဖြစ်သည်။ အင်္ဂလိပ်လို

www.burmeseclassic.com

www.burmeseclassic.com



ကောင်းစွာပြောတတ်သည်။ ကျွန်တော်နှင့် အလုပ်ချင်းဆက်နေသဖြင့် အတော်ရင်းနှီးပါသည်။ ထိုသတင်းကို ကြားသိသော ကျွန်တော်သည် ထိုအဘိုးကြီး အဘွားကြီးတို့အကြောင်း တစ်စွန်းတစ်စ သိခဲ့ရပါသည်။ သူတို့အကြောင်းမှာ စိတ်ဝင်စားဖွယ်ဖြစ်သည်။ အကြောင်းစုံသိလိုသော်လည်း မည်သူမျှ မသိကြချေ။ သူတို့နှစ်ယောက်ကို ဟိုတယ်ဝန်ထမ်းတို့ မြင်နေကျ ဖြစ်သည်။

အချစ်ဆိုတာ ဘာလဲ။ အချစ်အဓိပ္ပာယ်ကို အမျိုးမျိုးဖွင့်ကြသည်။ အချစ်ဆိုသော မြန်မာဝေါဟာရသည် မေတ္တာဟူသော ပါဠိဝေါဟာရနှင့် နီးနွယ်သော်လည်း အမှန်မှာ ဆီနှင့်ရေ ကွာသည် ဆိုရချေမည်။ ဆီသည် စေးကပ်သောသဘောကိုဆောင်၏။ ရေသည် သွက်လက်လွတ်လပ်သော သရုပ်ကို ဆောင်၏။ စင်ကြယ်သော သတ္တိရှိ၏။ အချစ်သည် ကာမ၊ ရာဂ၊ သမုဒယဟူသော အစေးအညှော်များကို ဖြစ်စေသည်။ ဆီသည် ပူ၏။ လောင်ကျွမ်းတတ်၏။ ရေသည် အေး၏။ မီးကို ငြိမ်းသတ်စေနိုင်သော သတ္တိရှိပေသည်။

ထို့ကြောင့် လူငယ်များကို အချစ်အကြောင်း ပြောပြပါဟု ဆိုလာလျှင် ကျွန်တော်တို့အနေဖြင့် အချစ်ကို တည်ပုဒ်ထားပြီးလျှင် အဓိပ္ပာယ်ဖွင့်ရပါမူ အချစ်သုံးမျိုးရှိသည်ဟု ဆိုပေမည်။ 'မီးနှင့်တူသော အချစ်'၊ 'နေနှင့်တူသောအချစ်'၊ 'လနှင့်တူသော အချစ်'ဟူ၍ပင်။

ကာမရာဂစိတ်တို့သည် ပူပြင်းလှ၏။ မီးတောက်မီးလျှံနှင့် နှိုင်းဖွယ်ဖြစ်သည်။ သမားရိုးကျစကားကို ရည်၍



ပြောခြင်းထက် အတွေ့အကြုံအဖုံဖုံတို့ကို လေ့လာသုံးသပ်၍ ပြောခြင်းဖြစ်သည်ဟု ဆိုပါသည်။ သတ္တဝါမှန်သမျှ သဘာဝအားဖြင့် လောဘ ဒေါသ မောဟဟူသော အရင်းခံတရားသုံးပါးမှ မကောင်းမှုများ ထွက်ပေါ်လာသည်။ လောဘဟူသော လိုချင်တပ်မက်ခြင်းမှ သတ္တဝါတို့၏ အချိန်ကာလအလိုက်၊ ကိုယ်ခန္ဓာအပြောင်းအလဲကြောင့် ရာဂစိတ်များ ပွားများလာသည်။ လူပျိုဖော်ဝင်စ အရွယ်မှသည် အရွယ်ကောင်းချိန် ကာလတစ်လျှောက်တွင် ရာဂစိတ်များ ထကြွကြသည်။ အပျိုဖော်ဝင်စအရွယ်မှာလည်း ထိုနည်းနှင်နှင်။

တဏှာရာဂစိတ်တို့သည် နောက်မှပေါ်ပေါက်လာသည့် စိတ်များမဟုတ်ပေ။ မွေးရာပါ ပစ္စည်းများဖြစ်သည်။ အချိန်တန် အရွယ်ရောက်လာသည့်အခါ သွေးသား ဆူဖြိုးတက်ကြွသောကြောင့် ထိုစိတ်တို့သည် တစ်စခန်း ထကြွလေ၏။ ဖိုမ ပေါင်းသင်းလိုသောဆန္ဒကြောင့် လုလင်ပျိုလုံမပျိုများ၏ စိတ်သန္တာန်၌ သမုဒယဟူသော တွယ်တာမှုသည် ပြင်းထန်ချေသည်။ ထိုအခါမျိုးတွင် ချစ်ပြီးရင်လဲ ချစ်မယ် သဘောထားမျိုးသည် ဆန္ဒအပေါ်လွှာမှာ ပြည့်ဝနေသည်။ မချစ်ရရင် သေမယ်၊ ဆန္ဒမျိုးလည်း နောက်မှ ဆက်၍ပါလာသည်။ သမီးရည်းစား ဘဝ၌ မီးတောက်မီးလျှံကြီးကို ရင်ဆိုင်နေရသည်။ 'သူ့ကိုမှ သူ့ကို'ဟူသော သဘောထားမျိုးရှိသူတို့မှာ ရှိပြီးလျှင် 'ချစ်တမ်းကစားမယ်'ဟူသော သဘောထားမျိုး ရှိသူတို့လည်း ရှိကြသည်။ အချစ်ကို ကစားစရာ သဘောထားသူ တို့မှာ အများအားဖြင့် အမျိုးသားများဖြစ်သည်။ ကိုယ်ခန္ဓာအနေဖြင့် အတွန်းထင်း

www.burmeseclassic.com

www.burmeseclassic.com



ခံစရာမရှိသောကြောင့် တစ်ပန်းသာသည့်အလျောက် အထူးအခွင့်အရေးကို အလွဲသုံးစားသူများပင် ဖြစ်သည်။

အမျိုးသမီးဘက်မှာမူ မိန်းမတို့သဘာဝအလျောက် အချစ်ကို ကစားစရာလုပ်နိုင်သော အခြေအနေ မရှိပေ။ ဖောက်ပြန်ပြီး မိမိကိုယ်ခန္ဓာကို အပေါစား သဘောထားသူ အနည်းငယ်မျှသာ ရှိသည်။

မည်သို့ပင်ဖြစ်စေ ရာဂအချစ်သည် ပူလောင်သောသဘောရှိ၏။ ချစ်တမ်းကစားသူတို့ပင်လျှင် အပူနှင့်မကင်းနိုင်ချေ။ ဖောက်ပြန်မှုကြောင့် လူမှုရေးဒဏ်အမျိုးမျိုးခံကြရသည်။ အချို့ဖြစ်ရပ်တို့တွင် ရာဇဝတ်မှုများပင်ပါလာတတ်ချေသည်။

နေနှင့်တူသော အချစ်သည် ကာမရာဂကို အခြေခံသော်လည်း ကိုယ်ကာယကိစ္စသည် ပဓာန မဟုတ်တော့ဘဲ ခင်မင်ရင်းနှီးမှု၊ စာနာထောက်ထားမှု၊ တစ်ဦးကိုတစ်ဦးလေးစားမှုစသည့် အပြုသဘောများသည် အရေးပါပေသည်။ သမီးရည်းစားအချစ်၊ လင်မယားအချစ်တို့ပင်တည်း။ ရှေ့မှညွှန်းသော အချစ်မှာ သမီးရည်းစားအချစ်ဟု ခေါ်ဆိုနိုင်သည့် အစိတ်အပိုင်းပါရှိသော်လည်း ရာဂစိတ်သာ ပဓာနထားမှုကြောင့် သာမန်အနေဖြင့် ချစ်ခင်ရင်းနှီးမှုမှ ရာဂစိတ်သမုဒယသံယောဇဉ်တို့ နှောင်လာသော သမီးရည်းစားအချစ်မျိုး ဖြစ်သည်။

လင်နှင့်မယား ပေါင်းသင်းဆက်ဆံရာတွင် ရာဂစိတ်ဖြင့်ချည်း မဟုတ်ဘဲ ခင်မင်ယုယ၊ ထောက်ထားစာနာကြင်နာသော မေတ္တာ အခြေခံသော စိတ်မျိုးဖြင့် ဆက်ဆံ



ပေါင်းသင်းရန် အထူးလိုအပ်သည်။ တစ်ဦး၏ အလိုကို တစ်ဦးက လိုက်၊ တစ်ဦး၏ အမှားကို မမှားခင်သတိပေး၍တား၊ မှားပြီးလျှင်လည်း ပြုပြင်၊ မမှားမိအောင် အထူးဂရုစိုက် ထိန်းကျောင်း၊ ထိန်းသိမ်းမှုသည် လင်ရော မယား နှစ်ဘက်လုံးမှာ အမြဲလိုအပ်သည်။ သို့မှသာလျှင် ဆောင်းဦး နံနက်ခင်း၏ နေရောင်ပမာ နွေးထွေးသော ကောင်းကျိုးကို ပေးနိုင်ပေလိမ့်မည်။

တစ်ခဏ ယာယီသဘော လုံးဝပျောက်ကင်း၍ သေတစ်ပန်သက်တစ်ဆုံး ဆိုးတူကောင်းဖက် အေးအတူပူအမျှ ပေါင်းသင်းသွားမည်ဟူသော ဆန္ဒအဓိဋ္ဌာန်မရှိဘဲနှင့်တော့ အိမ်ထောင်ပြုရန် မသင့်ပေ။ ကြုံကြိုက်တုန်းတွေ့ကြ ချစ်ကြ ယူကြသော အချစ်မျိုးသည် တာရှည်မခံရုံမျှမက ချစ်ရာမှ မုန်းသည့်အဖြစ်သို့ ရောက်တတ်သည်။ ချစ်လှချည့်ရဲ့ဟူ၍ သဲသဲမဲမဲ ရာဂစိတ်ကို ချစ်မေတ္တာစိတ်မှတ်ထင်ကာ ပေါင်းသင်းလျှင် နှစ်ဦးနှစ်ဖက် ကြီးစွာဒုက္ခရောက်တတ်သည်။

ဘဝ ပျက်စီးတတ်သည်။

ငယ်ရွယ်သူတို့ သွေးသားတက်ကြွနေခိုက် ရာဂစိတ်မွှန်နေသည့်အခါမျိုးတွင် မိမိကိုယ်တိုင် အရာရာ၌ ဝေဖန်ဆင်ခြင်နိုင်သော သတိ အထူးလိုအပ်ပေသည်။ အချစ်ကို ကိုးကွယ်ရာဟူ၍ မမှတ်သင့်။ အချစ်သည် မိမိဘဝ၏ အခြေအနေ ပိုမိုပြည့်စုံရန် တစ်သက်တာအတွက် အဖော်ပြုသော စိတ်မျှသာ ဖြစ်သည်ဟု သဘောထားလျှင် မိမိ၏ ဘဝအခြေအနေရော သူ့ဘဝအခြေအနေပါ မပျက်ပြားဘဲ

www.burmeseclassic.com

www.burmeseclassic.com



ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ ဖောက်ပြန်ခြင်းမရှိ တည်ငြိမ်ချမ်းမြေ့သော အိမ်ထောင်သည် ဘဝကို ရနိုင်ပေလိမ့်မည်။

တတိယအချစ်မျိုးမှာမူ လမင်းကြီးလို အလင်းရောင်ပေး၍ အေးမြသာယာသော အချစ်မျိုးဖြစ်သည့် မေတ္တာတရားကို ဖော်ညွှန်းလိုပါသည်။ ထိုအချစ်သည် လင်မယားအချင်းချင်းမှာ အထူးလိုအပ်၏။ (သတ္တဝါဝေနေယျအတွက်ကိုမူ အထူး မဆိုလိုပါ။) ရာဂစိတ်ဖြင့် တပ်မက်ခြင်းသည် လူသားတို့အဖို့ သဘာဝဖြစ်သည်။ အချိန်တန်အရွယ်ရောက်လျှင် ချစ်ပွဲဝင်ကြသည်ချည်း ဖြစ်၏။ ငယ်ရွယ်သူတို့သည် စိတ်ကစားနေခိုက် ဖြစ်သောကြောင့် အချစ်ဘဝ မတည်မငြိမ် ဖြစ်သည်။ အချစ်မှာ မျက်စိမရှိဟူသော စကားကို ဦးစားပေးခြင်းသည် မျက်ကန်းတစ်ယောက် ချောက်ကမ်းပါးထိပ်သို့ အဖော်မပါဘဲ လွှတ်လိုက်သောအဓိပ္ပာယ်ပါရှိသည်ဟု ဆိုချင်သည်။

အချစ်၌ မျက်စိရှိရမည်။ ဘဝကြင်ဖော်ရွေးရန် သမီးရည်းစားထားရ၏။ အမျိုးသားက အမျိုးသမီးတွေကို တွေ့မြင်ဆက်ဆံ ကြည့်ရှုကာ သူ့ဖို့ ရွေးသလို အမျိုးသမီးကလည်း ထိုနည်းအတူ ချစ်ရမည့်သူကို ရွေးရသည်။ ထိုအရွယ်တွင် စိတ်ကစားသည့် အလျောက် အချစ်ကစားကြသည်။ စိတ်ရောကိုယ်ပါ ကစားလျှင် အမှောက်မှောက်အမှားမှား ဖြစ်တတ်သည်။ အထိနာသည်မှာ အမျိုးသမီးဘက်မှာ ဖြစ်သည်။ အချို့သော လူပျို လူရွယ်တို့သည် အိုင်တွေ့တိုင်း ခြေဆေးချင်ကြသည်။ ယင်းအကျင့်သည် နှမချင်း မစာနာတတ်သည့် အကျင့်ဆိုးဖြစ်သည်။ အချစ်ရွေးကောက်ပွဲတွင် စိတ်ကစားသဖြင့် အချစ်အစမ်းစာမေးပွဲဝင်ကြသည်ကို မဟာန့်တားသာပေ။ သို့သော် စည်းကမ်းကို မကျော်ကြဖို့ လိုပါသည်။ ယဉ်ကျေးရည်မွန်သူ မိကောင်းဖခင်သားသမီးတို့သည် စည်းမဲ့ကမ်းမဲ့ အချစ်သောင်းကျန်းသူမျိုး မဖြစ်သင့်ပေ။



ရာဂအခြေခံ၍ တွယ်တာမှု ဖြစ်ရသည်မှာ သေချာသော်လည်း ရာဂ၏တိုက်တွန်းမှုကို ထိန်းသိမ်း၍ သူနဲ့ငါ ဘဝကြင်ဖော်အဖြစ် တစ်သက်လုံးနေကြရရင် သူ့ စိတ်ရင်းသဘောရင်း ဘယ်လိုလဲ၊ သူ့ အရည်အသွေး ဘယ်လိုလဲ၊ လူ့အဖွဲ့အစည်းမှာ သူ လူရာဝင်နိုင်မလား စသည်ဖြင့် အမျိုးသမီးက စဉ်းစားသလို၊ အမျိုးသားကလည်း 'သူ့စိတ်ရင်း ဘယ်လိုလဲ၊ လျှပ်ပေါ်လော်လီစိတ်ကြီးသလား၊ အရည်အသွေး ဘယ်လိုလဲ၊ အိမ်ထောင် ထိန်းသိမ်းတတ်ပါ့မလား၊ သားသမီးတို့ကို ကောင်းကောင်း မွေးမြူပြုစုနိုင်တဲ့ သတ္တိရှိသလား' စသည်ဖြင့် စဉ်းစားပြီးလျှင် စိစစ်နိုင်သလောက် စိစစ်ပြီးမှ ရွေးချယ်လျှင် မိမိတို့၏ ဘဝအခြေအနေ မည်သို့ပင်ဖြစ်စေ၊ ဆိုလိုသည်မှာ ကံပေးသည့်အတိုင်း ဆင်းရဲသည် ဖြစ်စေ၊ ချမ်းသာသည် ဖြစ်စေ မိမိတို့၏ အိမ်ထောင်ရေးအခြေအနေ ကောင်းမွန်မှာ သေချာပေသည်။

www.burmeseclassic.com

www.burmeseclassic.com

## မေ နှင့် ဒီဇင်ဘာ

'မေ နှင့် ဒီဇင်ဘာ'သည် မြန်မာစကား အသုံးအနှုန်း မဟုတ်ပေ။ အင်္ဂလိပ်အသုံးအနှုန်း တစ်ခုကို မြန်မာလို တိုက်ရိုက် ပြန်ဆိုခြင်းမျှသာဖြစ်သည်။ အလားတူ မြန်မာ အသုံးအနှုန်းမှာ 'ကညာပျိုနှင့် ဇရာအို'။

'မေနှင့် ဒီဇင်ဘာ' ဆိုစကား၏ အဓိပ္ပာယ်မှာ သူတို့ နိုင်ငံများတွင် မေလသည် နွေဦးရာသီဖြစ်သဖြင့် အလွန် နေ၍ကောင်းသောအချိန်အခါ ဖြစ်သည်။ ပတ်ဝန်းကျင်သည် စိမ်းလန်းစိုပြည်နေသည်။ ရာသီဥတုမှာ အပူအအေး မျှတသဖြင့် လူတို့အဖို့ ဖျတ်လတ်ရွှင်လန်းသော အခြေအနေ၌ ရှိသည်။ သစ်ပင်ပန်းမန်တို့သည် နုပျိုဝေဆာလျက် ရှိကြသည်။ ယင်းသို့သော ဂုဏ်တို့ဖြင့် ပြည့်စုံသော မေလကို ကညာပျိုလေးနှင့် နှိုင်းသည်။

ဒီဇင်ဘာသည် သူတို့ဆီမှာ ရာသီဥတုအဆိုးဝါးဆုံး အချိန်ကာလဖြစ်သည်။ သစ်ပင်များသည် နှင်းခဲများဖြင့်



ဖုံးအုပ်နေသောကြောင့် အကိုင်းပြိုင်းပြိုင်း ဖြစ်နေသည်။ ပတ်ဝန်းကျင် အခြေအနေသည် မှုန်မှိုင်း၍ အရာရာသည် ထုံထိုင်းနေ့ကွေးနေ၏။ ထိုအချိန်အခါကို သက်ကြီးရွယ်အိုတို့နှင့် ခိုင်းနှိုင်းသည်။

'ပျိုရွယ်သော အမျိုးသမီးနှင့် သက်ရင့်ရွယ်တူ ယောကျ်ားတို့ ဇနီးမောင်နှံအဖြစ် ပေါင်းသင်းနေခြင်းကို ညွှန်းသည်' မိန်းမတို့ကို 'အသက်ကြီးသောလင်သားနှင့် ပေါင်းသင်းရလျှင် အိမ်ထောင်ရေးသာယာခြင်းကို ရနိုင်ပါမည်လား'ဟု မေးလျှင် တကယ်ပေါင်းသင်းနေသော အမျိုးသမီးများက ကိုယ်တွေ့အနေဖြင့် အတိအကျ ပြောကြား၍ အခြားအမျိုးသမီးများက ကိုယ်တိုင် ထင်မြင် ယူဆချက်အဖြစ် ဖြေကြားသော တူညီသောအဖြေမှာ 'အိမ်ထောင်ရေး သာယာချမ်းမြေ့ခြင်း ရနိုင်ပါတယ်'ဟူ၍။

ကျွန်တော်တို့ဆီမှာသာမက အခြားနိုင်ငံများ (အထူးသဖြင့် အရှေ့နိုင်ငံများ)၌ အများလက်ခံသော အယူအဆတစ်ခုမှာ အိမ်ထောင်ပြုကြရာဝယ် ဇနီးသည်က ခင်ပွန်းသည်ထက် အသက်ငယ်ရသည်။ အသက်ချင်းကွာလျှင် ခင်ပွန်းသည်က နှစ်ဆယ် နှစ်ဆယ့်ငါးနှစ်အထိ ကွာလျှင်ပင် ဆိုစရာမရှိဟု ယူဆကြသည်။ အချို့မှာ ထို့ထက်ပင် ကွာခြားပေသေးသည်။

'ကညာပျိုနှင့် ဇရာအို'ဟူသော စကားနှင့် အင်္ဂလိပ် 'မေနှင့် ဒီဇင်ဘာ' ဟူသော စကားတို့၏ အဓိပ္ပာယ်တို့၌ ပါရှိသော ရသသည် ကွာခြား၏။ မြန်မာက အဘိုးအိုနှင့် အပျိုကလေးကို ငဲ့သည်၊ ယူသည်ဆိုလျှင် ကဲ့ရဲ့ပြစ်တင်၏။

www.burmeseclassic.com



အင်္ဂလိပ်ကမူ ယင်းသို့ သဘောမထားဘဲ ကြည်ဖြူစွာ လက်ခံကြသည်။ မြန်မာတို့မှာ လင်နှင့်မယား အသက် နှစ်ဆယ် ခြားသည်အထိ လက်ခံနိုင်ဖွယ်ရှိသည်။ ထိုထက် ပိုလျှင် လက်မခံဟု မဆိုနိုင်သော်လည်း အတင်းပြောကြ သည်။ အတင်းပြောသူတို့မှာ အခြားသူများမဟုတ်၊ မိန်းမ တွေသာ ဖြစ်လေသည်။

တစ်ဖက်သို့ လှည့်ကြည့်လိုက်လျှင် အရွယ်အိုသော မိန်းမက အရွယ်ငယ်သော ယောကျ်ားကို ယူသည်ကို တွေ့သောအခါ မဲ့ရွဲ့ ကဲ့ရဲ့မှုတို့သည် ပိုကဲလာသည်။ ကဲ့ရဲ့မှု အတင်းပြောမှုတို့ကို အလုပ်ကြီးတစ်ခု လုပ်ကြသူ များမှာ မိန်းမများ ဖြစ်သည်။ မိန်းမချင်း ကိုယ်ချင်းမစာမှု သည် ပြင်းထန်ပုံ့နှံ့သည်သာ ဖြစ်၏။ မိန်းမကြီးက ယောကျ်ားကလေးကို ယူခြင်းသည် မြန်မာတို့အဖို့သာမက အရှေ့တိုင်းသူ တိုင်းရင်းသားတို့အဖို့လည်း လက်ခံနိုင်ဖွယ် မဟုတ်ကြောင်း သိရပါသည်။ တစ်ခါက ဂျပန်ရုပ်ရှင်ကား တစ်ကားကို ကြည့်ရသည်။ ဇာတ်လမ်းမှာ အသက် အနည်းငယ်မျှသာကြီးသော မိန်းကလေးက ကျောင်းသား အရွယ် အသက်ငယ်သောယောကျ်ားကလေးကို ချစ်ကြိုက်မိ လေသည်။ မိဘများက သဘောမတူကြ၊ ပတ်ဝန်းကျင်က လက်မခံ၊ မိန်းမတွေ၏ မေးထိုး မဲ့ရွဲ့မှုများသည် မွှန်းမွှန်လျက် ရှိသည်။ ထို့ကြောင့် မိန်းကလေးက သူ့ ကိုယ်သူ အဆိပ်သောက်၍ ဘဝစခန်းသိမ်းလိုက်သည်။

မိန်းမကြီးက ယောကျ်ားငယ်ကို မယူသင့် မယူချင် သည့် အကြောင်းများကို အနောက်တိုင်းမဂ္ဂဇင်း ဆောင်းပါး ရှင် တစ်ဦးက စာရင်းချပြထားသည်မှာ



၁။ လူအများ မနှစ်သက် မလိုလားခြင်း၊

၂။ ယောကျ်ားတို့သည် မိန်းမတို့ထက် နောက်ကျပြီး စိတ်ကျတတ်သည်။ထို့ကြောင့် လင်က မယားထက် အသက်ကြီးခြင်းမှာ အဆင်ပြေသည်။

၃။ ယောကျ်ားငယ်က အိုသည်ထက်အို ကျသည်ထက်ကျ နေသော မိန်းမကြီးကို အနေးနှင့် အမြန် ဆိုသလို ပစ်သွားတတ်ခြင်း၊

၄။ မိန်းမကြီးကြီးကိုယူသော ယောကျ်ားသည် ဇနီးမယား ကို ရှာယူခြင်းမဟုတ်၊ မိခင်အဖြစ် အစားထိုးလိုခြင်း ကြောင့် ဖြစ်သည်။

မိန်းမကြီးက ယောကျ်ားငယ်ကိုယူလျှင် လူတောထဲ တွင် မတင့်တယ်။ မိန်းမကြီးအဖို့ သိက္ခာကျသည်။ ယောကျ်ားငယ်ကိုလည်း အထင်သေးကြသည်။ အဘွားကြီး ၏ ပစ္စည်းဥစ္စာများကို ရယူလိုသော 'သိုက်သမား'ကလေး ဟု ယူဆကြသည်။ ယောကျ်ားငယ်သည် အဘွားကြီးကို ချစ်၍ယူခြင်းမဟုတ်၊ နွဲ့ဆိုးဆိုးချင်၍ ယူခြင်းဖြစ်သည်။ အဘွားကြီးသည် သူ့ထက်စော၍ သေမည်ဖြစ်သဖြင့် အဘွားကြီး၏ ပစ္စည်းဥစ္စာတို့ကို အပိုင်စီး၍ နောင်တွင် သက်တူရွယ်တူချစ်တဲ့သူနှင့် ကြည်ဖြူရန် ရည်ရွယ်တတ် သည်။ ယောကျ်ားငယ်က မိန်းမကြီးကို ချစ်၍ ယူသည် ဟူသော အဆိုကို လက်ခံနိုင်သည့်အကြောင်း မရှိချေ။ အမေ့ကိုယ်စား ချစ်ရပါသည်ဆိုသော စိတ်သည် မှန်မှန်သော စိတ် မဟုတ်ချေ။ စိတ်ပညာအရဆိုလျှင် 'အစ်ဒီးပတ်စ် ကော်မ်ပလက်ခ်စ်'ဟူသော စိတ်ရောဂါတစ်မျိုး ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချစ်ဇာတ်လမ်းမျိုးသည် ကြေကွဲဖွယ် အဖြစ်နှင့် အဆုံးသတ်လေ့ရှိသည်။

မိန်းမငယ်က ယောကျ်ားကြီးကိုယူခြင်း၏ အကြောင်းရင်းများ ရှိသည်။ မိန်းမတို့သဘာဝ ချစ်ခင်ပေါင်းသင်းကြရာဝယ် ယောကျ်ားကို ချစ်ခြင်းထက် 'အားကိုးခြင်း'က ပိုကဲသည်။ အားကိုးခြင်းကြောင့် ချစ်ခင်မြတ်နိုးမှုတို့သည် ပေါ်ပေါက်လာလေသည်။ မိန်းမငယ်သည် သက်တူရွယ်တူ ယောကျ်ားကို ယူလိုက်လျှင် အိမ်ထောင်သည် ဘဝဦး၌ အိမ်ထောင်ရေးအခြေအနေ တည်တံ့ရေးဖြစ်သော စီးပွားရေးအတွက် ရုန်းကန်ကြိုးပမ်းရမည်။ သားသမီးများ ပွားစီးလာလျှင် ဒုက္ခတွေ ပင်လယ်ဝေတော့သည်။ သားသမီးများမှာလည်း အချို့မှာ ခပ်စိတ်စိတ်ရောက်လာကြသောကြောင့် သားသမီးပြုစုရေးတာဝန်သည် ကြီးမားလှလေသည်။ လင်မယားနှစ်ယောက် အသက် လေးဆယ်ကျော် ငါးဆယ်တွင်းသို့ ရောက်မှသာ အိမ်တစ်ဆောင် မီးတစ်ပြောင်နေနိုင်သည့် အခြေအနေသို့ ရောက်ကြရသည်။

ယင်းသည် ယေဘုယျဖြစ်စဉ်ပင် ဖြစ်၏။ မိဘများ ချမ်းသာ၍ အိမ်ထောင်ဦး၌ ရေကန်အသင့် ကြာအသင့် ဖြစ်သည်ဆိုဦးတော့ သားသမီးဒုက္ခ၊ လူမှုဆက်ဆံရေးတာဝန် စသည်တို့ကို ရှောင်လွှဲနိုင်မည် မဟုတ်ပေ။ ခြွင်းချက် အနည်းငယ်ကို အားထားပြီး များလှစွာသော သက်တူရွယ်တူ အိမ်ထောင်သည်တို့မှာ သုခနှင့် ဒုက္ခလွန်ဆွဲလျက်ရှိရာ ဒုက္ခက နိုင်ရသည်သာ များချေသည်။ အသက်အရွယ်အတန်ရပြီး ယောကျ်ားကိုယူလျှင် စီးပွားရေး



အခြေအနေ ကောင်းမွန်ပြီး ဖြစ်သဖြင့် အိမ်ရာထောင်ရေးအတွက် အားထုတ်ရခြင်း ကင်းနိုင်သည်။ အခြေခံကောင်းနေပြီဖြစ်သဖြင့် အားထုတ်ရလေဦးတော့ သက်သာဖွယ်ဖြစ်သည်။ ပြီးတော့ မိမိကို ချစ်မြတ်နိုးသော လင်ယောကျ်ားသည် ရင့်ကျက်မှု ရှိသင့်သလောက် ရှိပြီး ဖြစ်၍ မိမိက အားကိုးနိုင်သည်။ အဖေကိုယ်စား ရသည် ဆိုနိုင်သည်။

အချို့ အမျိုးသမီးတို့သည် မိမိထက် အသက်အတော်ကြီးသော ယောကျ်ားကို ချစ်ခင်တတ်ကြသည်။ အဖေကို ချစ်ခင်အားကိုးသကဲ့သို့ ဖြစ်သည်။ ယောကျ်ားငယ် အချို့က မိန်းမကြီး အချို့ကို အမေလို ချစ်ခင်မြတ်နိုးစိတ်ရှိသလို အချို့သော အမျိုးသမီးငယ်တို့က အသက်ကြီးသော ယောကျ်ားကို အဖေအစားထိုး အချစ်မျိုး၌ အခြေခံသော အချစ်မျိုးဖြင့် ချစ်ကြသည်။ ထိုအချစ်စိတ်ရှိသော စိတ်ဝေဒနာကို စိတ်ပညာ၌ 'အီလက်ထရာ ကော်မ်ပလက်ခ်စ်' ဟုခေါ်သည်။ ထိုစိတ်ဝေဒနာသည် ပြင်းထန်လွန်းလျှင်သာ ဆိုးကျိုးပေးတတ်သည်။ သာမန်အားဖြင့် မိန်းမတိုင်းမှာ ရှိတတ်သည်။ 'အားကိုးသည်'ဆိုသော စကား၌ အကျုံးဝင်သည်ဟု ဆိုနိုင်ပေသည်။

အသက်ကြီးကြီး ယောကျာ်းများစွာသည် သူတို့ထက် အသက်အတော်ငယ်သော မိန်းမတို့ကို ယူကြသည်။ တင့်တောင့်တင့်တယ်ဖြစ်သဖြင့် ကဲ့ရဲ့မှု နည်းပါးသည်။ ကျွန်တော်တို့ဆီမှာ ယင်း သာဓကများ အတော်များများ ရှိသည်။ များသောအားဖြင့် မုဆိုးဖိုများနှင့် အပျိုကြီးတို့ လက်ဆက်ကြခြင်း ဖြစ်သည်။ အချို့မှာ လူပျိုကြီးနှင့်

www.burmeseclassic.com

www.burmeseclassic.com



အပျိုငယ်တို့ ဖြစ်သည်။ 'နွားအိုမြက်နုကြိုက်တယ်'ဆိုသော ကဲ့ရယ် စကားကို ကြားရသည်လည်း ရှိ၏။

သို့သော် များသောအားဖြင့် အသက်ချင်းကွာသူ ဇနီးမောင်နှံတို့သည် အိမ်ထောင်ရေး အဆင်ပြေပြေနှင့် ရာသက်ပန် ပေါင်းဖက်သွားကြသည်သာ များသည်။

အချို့ သာဓကများမှာ အဘိုးကြီးကို ငွေမက်၍ ယူသော မိန်းမများဖြစ်သည်။ စေတနာမမှန်သော လုပ်ရပ်မျိုး ဖြစ်သောကြောင့် အများအားဖြင့် ဒုက္ခရောက်ကြသည်။ အခြားနိုင်ငံများစွာ၌ အသက်ချင်း ကွာခြားမှုအတွက် ပြဿနာမဖြစ်ပေ။ များစွာသော အမျိုးသမီးငယ်တို့သည် သူတို့၏ ဖခင် ဦးလေးအရွယ် လူကြီးများကို ယူကြသည်။ ကမ္ဘာကျော် ပုဂ္ဂိုလ်ကြီးအချို့တို့သည် ဇနီးငယ်ကလေးများနှင့် ဘဝနိဂုံးအထိ နေသွားကြသည်။ ပမာဆိုရသော် ကမ္ဘာကျော် ဟာသ ရုပ်ရှင်မင်းသားကြီး 'ချာလီချက်ပလင်' သည် သူ့ဇနီးထက် ၃၆ နှစ် အသက်ကြီးသည်။ 'နိုဘယ်' ကမ္ဘာ့စာပေဆုရ ဒဿနပညာရှင် စာရေးဆရာကြီး 'ဘာထရန် ရပ်ဆဲလ်' သူ့ဇနီးထက် ၂၈ နှစ် ကြီးသည်။ နိုဘယ်စာပေဆုရ ကဗျာဆရာကြီး တီ အက်စ် အဲလီယတ်' ၏ ဇနီးသည် သူ့ထက် ၃၉ နှစ် ငယ်သည်။ ကမ္ဘာကျော် ဂီတဆရာကြီး 'ဆာ တောမတ်စ် ဗီးချမ်း'သည် သူ့ဇနီး ထက် ၅၃ နှစ် ကြီးသည်။ ကမ္ဘာကျော် ပန်းချီဆရာကြီး 'ပက်ဗလို ပီကာဆို'သည် သူ့ထက် အနှစ်ခြောက်ဆယ် ငယ်သော အမျိုးသမီးကလေးကို ယူထားသည်။



ထိုအဘိုးကြီးတို့သည် လွန်ခဲ့သော အနှစ် နှစ်ဆယ်က အသက်ခုနစ်ဆယ်ကျော် ရှစ်ဆယ်ကျော်များဖြစ်ကြသည်။ ယခု၌မူ သူတို့အားလုံး ကွယ်လွန်ကြပြီဟု ယူဆရသည်။ သူတို့နိုင်ငံမှာ အသက်အလွန်ကြီးရင့်သော အဘိုးကြီး အချို့က ပျိုမျစ်နုနယ်သော မိန်းကလေးများကို ယူသည့် အတွက် မည်သူကမျှ အပြစ်မပြောဟု ဆိုနိုင်သော်လည်း ငယ်ရွယ်သူမိန်းကလေးတို့မှာ မဖောက်ပြန်ဟု မည်သူကမျှ ဝင်၍ အာမခံနိုင်မည် မဟုတ်ချေ။ သူတို့၏ ယဉ်ကျေးမှု ဓလေ့ထုံးစံ၌ ဖိုမ ဆက်ဆံရေးတွင် အတင်းအကျပ် သဘော မထားကြပေ။ လွတ်လပ်စွာဆက်ဆံခြင်းကို အခွင့်မပြုဟု မဆိုသာဘဲ လျစ်လျူရှုနေတတ်ကြသည်။ အချို့သော လူမှုရေး သုတေသီများကမူ လင်နှင့် မယား အသက်ချင်း ကွာလွန်းသည်ကို မလိုလားကြပေ။ မည်သည့်အကြောင်းမျိုး ပြစေကာမူ ဖိုမဆက်ဆံ ပေါင်းသင်းရေးသည် အဓိက အကြောင်းတစ်ရပ်ဖြစ်သည်မှာ မငြင်းသာပေ။

မည်သို့ပင်ဖြစ်စေ အများနှစ်သက်သည်မှာ သက်တူ ရွယ်တူတို့ အချင်းချင်း အိမ်ထောင်ပြုခြင်းပင် ဖြစ်သည်။ အများကလည်း ယင်းသို့ပင် ကျင့်သုံးကြသည်။ အသက် နှစ်ဆယ်နှင့် သုံးဆယ်ကြားတွင် အိမ်ထောင်ပြုကြသည်။ အချို့မှာမူ လူပျိုကြီး အပျိုကြီးအရွယ်ရောက်မှ အခြေအနေ ကောင်းမွန်သဖြင့် အိမ်ထောင်ပြုကြသည်။

မည်သည့်အသက်အရွယ်ပင်ဖြစ်စေ အိမ်ထောင်ပြုရေး သည် လူ့ဘဝ၌ အရေးပါဆုံး ဖြစ်သည်။ 'ချစ်တော့ ချစ်ရပါတယ်၊ ဒါပေမယ့်လဲ ချစ်တာတစ်ခုတည်းနဲ့မပြီး

www.burmeseclassic.com

www.burmeseclassic.com



သေးပါဘူး’ ဆိုသော အဆိုတော် သန်းသန်းဆင့်၏ တေးစကားကို အချိန်မီ သတိရဖို့ လိုမည်ထင်ပါသည်။ ငယ်လွန်းချိန်မှာ အိမ်ထောင်ပြုကြသူတို့သည် များသောအားဖြင့် အိမ်ထောင်ရေးကိစ္စ မအောင်မမြင် ဖြစ်တတ်သည်။ ‘ငယ်ငယ်နဲ့ အိမ်ထောင်မပြုမိတာ ဝမ်းသာနေပါတယ်’ဟု အမျိုးသမီး မိတ်ဆွေတစ်ယောက်က ငယ်လွန်းချိန်မှာ အိမ်ထောင်မပြုသင့်သည့် အကြောင်းကို ပြောသွားပါသည်။

## စောစော အိမ်ထောင်မပြုလိုက်တာ ဝမ်းသာစရာ

‘ဆရာလဲ အသိသားပဲ၊ ကျွန်မ အိမ်ထောင်ကျတာ နည်းနည်းနောက်ကျတယ်၊ အဲဒီလို စောစော အိမ်ထောင်မကျလိုက်တာကိုပဲ ကျွန်မတော့ ဝမ်းသာနေမိတယ် ဆရာ’

တက္ကသိုလ်မှာတုန်းက ကျွန်တော်၏ အင်္ဂလိပ်အက်ဆေးသင်တန်းမှာ မသန်းတင်က ဥပစာ ဒုတိယနှစ်၊ ကျွန်တော်က ‘ကျူတာ’ပေါက်စ။ နောက်တော့ ကျွန်တော်ရော သူရော ကိုယ့်ဘဝလမ်း ကိုယ်လျှောက်ကြရသဖြင့် အနှစ် နှစ်ဆယ်ကျော်လောက် လူချင်းမတွေ့ရပါ။ တွေ့ပြန်တော့ သူက အသက်လေးဆယ်ကျော်၊ သူ့ခင်ပွန်းကလည်း အသက် လေးဆယ်ကျော်ပင်။ သူ့ခင်ပွန်းသည် တက္ကသိုလ်ကထိက တစ်ဦးဖြစ်သည်။ သူကတော့ ရန်ကုန်မြို့နယ်တစ်ခုတွင် အထက ကျောင်းအုပ်ဆရာမကြီး ဖြစ်နေပြီ။ သူတို့ဇနီး မောင်နှံနှင့် သားသုံးယောက်တို့သည် ကျွန်တော်တို့

www.burmeseclassic.com

www.burmeseclassic.com



အိမ်သို့ မကြာခဏ ရောက်လာကြသည်။ အိမ်ချင်းလည်း မဝေးလှသောကြောင့် အရောက်အပေါက်များသည်။

မသန်းတင်သည် ပွင့်ပွင့်လင်းလင်း ပြောတတ်သည်။ ကျောင်းဆရာမပီပီ အာဝဇ္ဇန်းလည်း ရွှင်သည်။

'မင်း အိမ်ထောင်ကျတော့ အသက် ဘယ်လောက်လဲ'

'အသက်သုံးဆယ်ပြည့်ကာနီး၊ ကိုသိန်းတင်ကလဲ ဒီလောက်ပဲ၊ သူက တစ်နှစ်လောက်ကြီးတယ်'

'မင်းပြောတာကို ငါ ထောက်ခံတယ်၊ အသက် ငယ်လွန်းချိန်မှာ အိမ်ထောင်ပြုဖို့ မသင့်ဘူး၊ အဆင်ပြေရင် တော်ပါရဲ့၊ ပြေတာတွေလဲ ရှိပါတယ်၊ အသက်နှစ်ဆယ် ပတ်ဝန်းကျင်မှာယူကြတော့ ငယ်လွန်းတာပေါ့၊ အဆင်မပြေ ဖြစ်တတ်တယ်'

'ငယ်လွန်းတော့ ဘဝအကြောင်း ဘာမှ မသိသေးဘူး၊ သွေးဆူတဲ့အရွယ်ဆိုတော့ အတွေးမသန် မမှန်တတ်ဘူး၊ ချစ်မိပြီဆိုရင် တန်းတန်းစွဲပဲ၊ မတွေ့ရမနေနိုင် မမြင်ရ မနေနိုင်ဖြစ်နေပြီး ခိုးခိုးတွေ့ကြရာက ခိုးပြေးတဲ့အဖြစ်ကို ရောက်သွားတတ်ကြတယ်'

'နှစ်ဆယ်ပတ်ဝန်းကျင်အရွယ်ဟာ အင်မတန် သတိထားဖို့ ကောင်းတဲ့အရွယ်ကွယ့်၊ အထူးသဖြင့် မိန်းကလေးတွေ ကိုယ့်ကိုယ်ကို ထိန်းကြဖို့လိုတယ်၊ အကျိုးနည်းဖို့ ဖြစ်လာရင် မိန်းကလေးတွေ အထိနာဆုံး ဖြစ်တယ်၊ မိန်းကလေးတွေ သတိအားကြီးထားဖို့လိုတယ်၊ ဖြစ်မိပြီဆိုရင် ပြန်ပြင်ဖို့ မဖြစ်နိုင်တော့ဘူး၊ ဘဝပျက်သွားနိုင်တယ်၊ ဘဝမရှုံးဘူးဆိုဦးတော့ ဘဝပျက်ပြီးတစ်သက်လုံး အခြေပျက် အနေပျက်ပြီး သနားစရာ ကောင်းတယ်'



'အပျိုပေါက်၊ လူပျိုပေါက်အရွယ်မှာ ရည်းစားထားချင်စိတ် ရှိကြတာ ဓမ္မတာပဲ၊ အဲဒီအခါမှာ စိတ်ကစားတာ လွန်ပါလေရော၊ စိတ်ကူးယဉ်အရူးထတဲ့အရွယ်မို့ ကောင်လေးတွေ ကောင်မလေးတွေ ရောရောထွေးထွေးနေတာ တကယ်တော့ မကောင်းဘူး၊ တချို့ကဆိုကြတယ်၊ ရောရော နှောနှောနေကြတော့ ရိုးသွားပြီး ဘာမှ မထိခိုက်နိုင်ဘူး၊ အိမ်တွင်းပုန်းထားတာက ကြောက်စရာကောင်းတယ်တဲ့၊ အိမ်တွင်းပုန်းထားလို့လဲ မဖြစ်ပါဘူး၊ အိမ်တွင်းပုန်းခေတ် မရှိတော့ပါဘူး၊ ဟိုနိုင်ငံတွေမှာတောင် ရှေးခေတ်တုန်းက မိန်းကလေးတွေ အပြင်မထွက်ရဘူး၊ ထွက်တဲ့အခါမှာလဲ အထိန်းနဲ့ ထွက်ရတယ်၊ မျက်နှာဖုံးတပ်ထားရတယ်၊ ခေါင်းမြီး ခြုံရတယ်၊ အဲဒီလို ကျပ်လွန်းတော့ ဖြစ်စရာရှိရင် အလွန်အကျွံ ဖြစ်တတ်တယ်၊ အဲဒါက ရှေးခေတ်ပဲ၊ အခုခေတ်မှာတော့ မိန်းကလေးတွေ ယောကျ်ားကလေးတွေ အတူ ကျောင်းတက်ကြတာများတယ်၊ မိန်းကလေးကျောင်းတွေမှာလဲ ပြင်ပဆက်ဆံမှုတွေ ရှိနေတာပဲ၊ ကျွန်မဆိုလိုတာက ရောသင့်သလောက် ရောပေါ့၊ လူကြီးမိဘတွေ၊ အစ်ကို အစ်မတွေက အသက်လေး ဆယ့်ငါးနှစ်က နှစ်ဆယ်ကျော်အထိ ဂရုစိုက်ပြီး ထိန်းကျောင်းပေးရမယ်၊ အိမ်ထောင်ရေးနဲ့ ပတ်သက်တဲ့ သင်ခန်းစာတွေကို ဖတ်ရှုလေ့လာစေရမယ်၊ အစ်မတွေ အဒေါ်တွေက အခါသင့်တိုင်း သတိပေး ဆုံးမပေးရမယ်'

'အေး မင်း ပြောတဲ့အတိုင်း မိန်းကလေးတွေ ယောကျ်ားကလေးတွေ၊ အထူးသဖြင့် မိန်းကလေးတွေကို

www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ရေး ပညာပေးဖို့လိုတယ်၊ စိတ်ကစားတဲ့အရွယ်မှာ ဘယ်သူမဆို စိတ်ကစားတာပါပဲ၊ ပိတ်ပင်လို့လဲရမှာ မဟုတ်ပါဘူး၊ စိတ်ကူးနဲ့ရူးတာမျိုးဟာ လူတိုင်းမှာ ပါပဲ၊ ယောကျ်ားကလေးတွေလဲ ဒီအရွယ်မှာ စိတ်လေလွင့် တတ်တာပဲ၊ တစ်ခုတော့ကွာခြားတယ်၊ ယောကျ်ားကလေးတွေက သမီးရည်းစားကိစ္စထက် တခြား လေလွင့်ပျက်စီးနိုင်တဲ့ ဘိန်းဖြူတို့လိုဟာမျိုးက ပိုအရေးကြီးတယ်၊ မိန်းကလေးတွေကတော့ စိတ်ဝင်စားမှုဆိုတာ ယောကျ်ားကလေးတွေလို အမျိုးအစားမများတော့ အချစ်ကိစ္စမှာပဲ အာရုံပိုစူးစိုက်တတ်တယ်ကွယ့်'

'အဲဒီ အပျိုပေါက်အရွယ်မှာ အချစ်ကိစ္စမှာချည်း စိတ်မရောက်အောင် တခြား စိတ်ဝင်စားမှုဖြစ်မယ့် ကိစ္စတွေ၊ ဥပမာ အားကစား၊ စာပေ၊ ဂီတ၊ အနုပညာစတဲ့ကိစ္စတွေမှာ ဝါသနာအလျောက်အာရုံစိုက်နိုင်အောင် အခြေအနေ လုပ်ပေးသင့်တယ်၊ ဆယ်ကျော်သက်အရွယ်ဟာ မိန်းကလေးတွေအဖို့ အရေးကြီးဆုံးအရွယ်ပဲ၊ အဲဒီ အချိန်အခါမှာ ရည်းစားထားရာက နယ်လွန်သွားပြီး အိမ်ထောင်ပြုကြရတယ်ဆိုရင် အဆင်ပြေတာတွေလဲ ရှိပါတယ်၊ အဲဒါတောင်မှ မိဘဆွေမျိုးတွေက ဝိုင်းဝန်းကူညီပြီး အခြေတည်အောင်လုပ်ပေးကြရတယ်၊ သူတို့ချည်းပဲနဲ့တော့ အိမ်ထောင်သည် ဘဝမှာ မစွမ်းဆောင် မရုန်းကန်နိုင်ကြဘူး'

'ငယ်ငယ်ရွယ်ရွယ်နဲ့ အိမ်ထောင်ကျတာ ကောင်းတယ် ဆိုတဲ့ လူတွေက ပြောကြတာကတော့ သားသမီးစောစောစီးစီးရပြီး အသက်ကြီးလာတဲ့အခါ သားသမီး



အကူအညီ အထောက်အပံ့ စောစောရတယ်၊ မိဘတွေ အရွယ်ကောင်းတုန်းမှာ သားသမီးတွေ ပညာရေးက အစစအရာရာမှာ ပိုပြီး စောင့်ရှောက်ထောက်ပံ့နိုင်တယ်တဲ့၊ အဲဒါ ဆရာတော့ မထောက်ခံချင်ဘူး'

'ကျွန်မကတော့ ကန့်ကွက်တယ်၊ သားသမီးတွေနဲ့ မိဘ အသက်ချင်းကွာကိုကွာမှ ကျက်သရေရှိတယ်၊ တချို့က အမေကို မြှောက်ပြောချင်လို့ သမီးနဲ့ဆိုရင် ညီအစ်မလိုပဲ၊ အရွယ်တင်လိုက်တာလို့ဆိုကြတယ်၊ သားသမီးနဲ့မိဘဟာ အနည်းဆုံး အနှစ်အစိတ် သုံးဆယ်ကွာရမယ်၊ အသက်နှစ်ဆယ်လောက်မှာ ကလေးရတာဟာ သိပ်မကောင်းလှဘူး'

ပြီးတော့လဲ အိမ်ထောင်ရေးဟာ လူမှုရေးကိစ္စ၊ အလွန်အရေးပါတဲ့ကိစ္စ၊ချစ်တာတစ်ခုတည်းနဲ့ပြီးတာ မဟုတ်ဘူး၊ အိမ်ထောင်ပြုတယ်ဆိုတာ လင်နဲ့မယား တစ်သက်လုံးဆိုးတူကောင်းဖက် ဘဝမှာ နေရင်းနဲ့ ပြဿနာတွေကို လက်တွဲပြီး ခါးစည်းခံကြရမှာ၊ အိမ်ထောင်ကျခါစ မွှန်ထူနေတဲ့ အရသာဟာ တစ်ခဏပါ၊ သာသမီးရလာပြီဆိုရင်ပဲ ပြဿနာပေါ်လာပြီ၊ အသက်အရွယ်ငယ်တဲ့ အိမ်ထောင်သည်တွေဟာ အိမ်ထောင်ထိန်းသိမ်းမှုမှာ ဘာမျှ တတ်ဦးမှာ မဟုတ်ဘူး၊ ကလေးအရွယ်သာသာ ရှိနေတာ၊ အချင်းချင်း ဆက်ဆံမှုမှာလဲ ကလေးစိတ် မကုန်သေးတော့ စိတ်ကောက်ရတာနဲ့ စိတ်ဆိုးရတာနဲ့ တကျက်ကျက်ဖြစ်နေမှာ၊ ပြီးတော့လဲ စားဝတ်နေရေးတွေ အလုပ်အကိုင်ဆိုတာလဲ အခြေမကျနိုင်သေးဘူး၊ အလုပ်ကောင်းကောင်းရနိုင်သေးတာ မဟုတ်ဘူး၊ မိဘတွေ ဘယ်လောက်ပဲ ချမ်းသာ ချမ်းသာ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အလုပ်အကိုင် ကိုယ်လုပ်ကိုင်ရှာဖွေဖို့ တာဝန်ဟာ ဘဝတာဝန်မို့ ရေပေါ်ဆီလို တစ်သက်လုံးနေလို့ဖြစ်မလား၊ မိဘတွေ မရှိတော့တဲ့အခါမှာ မလုပ်တတ် မကိုင်တတ်ဖြစ်ပြီး ဒုက္ခရောက်မယ်၊ မိဘတွေပေးခဲ့တဲ့ ဥစ္စာဆိုတာကလဲ တစ်သက်လုံး ခံမှာတဲ့လား၊ မရေရာတာတွေ တစ်ပုံကြီးပါ'

'ကျွန်မရဲ့ အတွေ့အကြုံနဲ့ အမြင်ကတော့ အိမ်ထောင်ဖက် ရွေးတဲ့ကိစ္စဟာ အရေးအကြီးဆုံးပဲ၊ မြင်မြင်ချင်းပဲ ချစ်မိ ကြိုက်မိတယ်ဆိုတာ သွေးတက်ကြွဆုံးအခါမှာ ဖြစ်တတ်တယ်၊ မှန်ပါတယ်၊ မိန်းကလေးက ယောကျ်ားလေးတွေတွေ့ရင် စိတ်ထဲမှာ ဘဝကြင်ဖော်အဖြစ် ဘယ်သူ့ကို ရွေးရမလဲဆိုတာ မေးလေ့ရှိတယ်၊ ကိုယ့်ကိုကြိုက်နေတဲ့ လူတွေထဲမှာ ဘယ်သူ့ကို သဘောအကျဆုံးလဲဆိုတာ စိတ်ထဲမှာမေးလေ့ရှိတယ်၊ ကြုံရာကြိုက်ဆိုတာမျိုးက မိုက်တဲ့ မိန်းကလေးတွေ အဖြစ်ပဲ၊ စဉ်းစားတတ်တဲ့ မိန်းကလေးတွေကတော့ ဘယ်ယောကျ်ားလေးက ချစ်ရေးဆိုဆို စဉ်းစားတယ်၊ သူ့ စိတ်နေစိတ်ထား၊ သူ့ နောင်ရေးအလားအလာ၊ အားကိုးရမယ့်လူလား၊ ပြီးတော့ ရည်းစားတွေ မှိုလိုပေါက်အောင်ထားပြီး အချစ်ကစားချင်တဲ့သူလား၊ သူ့ မိဘဆွေမျိုးတွေက ဘယ်သူတွေလဲ၊ ပစ္စည်းဂုဏ်မောက်နေတာတွေလား၊ ရာထူး ဂုဏ်မောက်နေတာတွေလား၊ အပေါ်လွှာလူတန်းစားတွေလား၊ ပကာသနကို ကိုးကွယ်နေသူတွေလား အမျိုးမျိုး အဖက်ဖက်ကို လေ့လာရမယ်၊ ဒီလိုစဉ်းစား စိစစ်တာတောင် မှားတာတွေလဲ ရှိပါတယ် ဆရာ'



အိမ်ထောင်ဖက်ရွေးဖို့ အရေးကြီးတယ် ဆိုတာကို မိန်းကလေး မိန်းမငယ်တွေ အရေးထားနိုင်ကြရင် သူတို့ဘဝ ကစဉ့်ကလျားဖြစ်မှာ မဟုတ်ဘူး၊ ဖြစ်ဖို့ခဲယဉ်းတယ်၊ အိမ်ထောင်ရေးမှာ မိန်းကလေးဘက်က သေသေချာချာ စဉ်းစဉ်းစားစားလုပ်နိုင်မှ တော်ကာကျမယ်၊ ယောကျ်ားလေးဘက်က မထောင်းတာလှဘူး၊ တစ်ယောက်မကောင်း တစ်ယောက်ပြောင်းဖို့ သိပ်မခက်လှဘူး၊ ဒါပေမယ့် နောင်ပြင်နိုင်ဖို့ ခက်တဲ့အရေး ဆိုသလို အိမ်ထောင်ရေးဟာ ပေါ့ပေါ့တန်တန် လုပ်ရမယ့်ကိစ္စ မဟုတ်ဘူးပေါ့'

'ဆရာ ခဏခဏ ပြောတဲ့အတိုင်းပဲ၊ အိမ်ထောင်ရေးဟာ လူမှုရေးကိစ္စ၊ တစ်သက်လုံး ပေါင်းသင်းသွားရမယ့် တစ်မိသားနဲ့ တစ်မိသားမို့ အများကြီးစဉ်းစားရမယ်၊ ငယ်လွန်းရင် အလေးအနက်မထားတတ်ကြဘူး၊ သွေးသားလှုံ့ဆော်မှုက ပိုကဲနေတော့ မဖြစ်သင့်တာတွေ ဖြစ်တတ်တယ်၊ ဖြစ်ရင် မိဘဆွေမျိုးတွေ အရှက်ကွဲမယ်၊ ကိုယ့်ဘဝလဲ ပျက်စီးမယ်၊ အဖတ်ဆည်လို့ရဖို့ အတော့်ကို ကြိုးစားရမယ်၊ ငယ်ငယ်နဲ့ အိမ်ထောင်ပျက်ရင် နောက်အိမ်ထောင်ပြုတဲ့ အခါမှာ ကိုယ့်အတိတ်က အရိပ်လိုလိုက်ထိုးနေလို့ နောင်ရေး အခြေမလှဘူး'

'အသက်နည်းနည်း ရလာတော့ ရင့်ကျက်ထိုက် သလောက်တော့ ရင့်ကျက်လာပြီး စဉ်းစားဆင်ခြင်မှုအား ပိုကောင်းလာမယ်၊ အသက် ဆယ့်ခြောက်နှစ်လောက်က နှစ်ဆယ်လောက်အထိ အထူးဂရုစိုက်ပြီး ကိုယ့်ကိုယ်ကို ထိန်းသိမ်းဖို့ လိုတယ်၊ မိန်းကလေးတွေ ဒုက္ခရောက်ရင်

www.burmeseclassic.com

www.burmeseclassic.com



အင်မတန် အထိနာတတ်တယ်၊ ရည်းစားထားရာမှာ သတိထားပြီး ထားဖို့လိုတယ်၊ ချစ်ပါတယ် ကြိုက်ပါတယ်ဆိုပြီး စကားလုံးလှလှကလေးတွေ စီကုံးပြီးပေးတဲ့ ရည်းစားစာကို ဖတ်ပြီး ကြည်နူးနေမိမှာ သတိပြုရလိမ့်မယ်၊ တချို့ ယောကျ်ားလေးတွေဟာ နှုတ်ရဲ လက်ရဲမို့ မိန်းကလေးတွေ ကျတတ်တယ်၊ ရုပ်ရှင်တွေ၊ ဗီဒီယိုတွေထဲမှာ ချစ်ခန်း ကြိုက်ခန်းတွေဟာ အတော်ပဲ ရဲတင်းလာကြတယ်၊ မိန်းကလေးတွေ သဘောကျလိမ့်မယ်၊ ကောင်လေးတွေ ကလဲ ဓာတ်လိုက်လို နှုတ်ရဲ လက်ရဲ ဇက်ရဲ ဖြစ်လာတတ်တယ်၊ သတိထားရလိမ့်မယ်'

'ကျွန်မတော့ ကျွန်မသမီးနှစ်ယောက်ကို သေသေချာချာ သွန်သင်ပေးနေတယ်၊ အမေနဲ့ သမီးဟာ မိတ်ရင်းဆွေရင်းလို ဖြစ်ရမယ်၊ ကောင်းတိုင်ပင်၊ ဆိုးတိုင်ပင် လုပ်ရမယ်၊ ရည်းစားစာပေးလာရင် ကိုယ်က လိုက်လျောတာလဲ မပြနဲ့၊ ကန့်ကလဲ မလုပ်နဲ့၊ ဣန္ဒြေရရ ချေချေငံငံ ပြောရမယ်၊ ပြီးတော့ အမေနဲ့ တိုင်ပင်ဆွေးနွေးရမယ်၊ အဲဒီလို တိုင်တိုင်ပင်ပင်ဆိုတော့ မမှားသင့်တာ မမှားဘူးပေါ့၊ ကောင်လေးတွေ ဘယ်လောက်ပဲ ကြိုက်ကြိုက်၊ ချစ်သူ ဝိုင်းဝိုင်းလည်ပဲ ဖြစ်ဖြစ် ကိုယ့်စိတ်ကို တည်တည်ကြည်ကြည် ထားရမယ်၊ တစ်နေ့တော့ အိမ်ထောင်ပြုရမှာပေါ့၊ တစ်ဘဝလုံးအတွက်ဖြစ်တော့ လောလောကြီး မလုပ်သင့်ဘူးလို့ ပြောထားရပါတယ် ဆရာ'

'အဲ မင်းလိုအမေမျိုး များပါစေလို့ ငါ ဆုတောင်းတယ်'

## သူစိမ်းပြင်ပြင် လင်နှင့်မယား

မိတ်ဆွေတစ်ယောက်က ပြောသည်။ 'သမီးရည်းစားဖြစ်ရတာ လွယ်ပါတယ်၊ လင်မယားဖြစ်ရတာ ခက်တယ်' သူ့စကားအဓိပ္ပာယ် လေးနက်သည်။ တစ်ယောက်နှင့်တစ်ယောက် အကြောင်းကြုံ၍ ဆုံကြသည့်အခါ 'မျက်စိကျ' ရာမှ ရင်တွင်းလှုပ်ရှားမှုများ ဖြစ်လာသည်။ ဆက်ပြီး တွေ့ဆုံကြသည့်အခါ ချစ်ကြသည်။ ငယ်ရွယ်သူများဘာဝ သွေးသားထကြွသောကြောင့် တစ်ယောက်နှင့်တစ်ယောက် စွဲလမ်းမှု လွန်ကဲကြသည်။ ပျော်ရမလို ဝမ်းနည်းရမလို ကြောင်တက်တက် ဖြစ်နေကြသည်။

ပထမတော့ စိတ်ဝင်စားသည်။ နောက်တော့ ချစ်သည်။ ချစ်မိပြီဆိုမှဖြင့် ရင်ခုန်သံတွေ ရေနွေးဆူသလို ပွက်လာသည်။ မတွေ့ရမနေနိုင်၊ မမြင်ရမနေနိုင်ဖြစ်ကာ အချစ်နတ်ဖမ်းစားခြင်း ခံကြရသည်။ အချစ်နတ်ဖမ်းစားခံရသည်မှာ ဆယ်ကျော်သက်အရွယ်မှသည် နှစ်ဆယ်ကျော်

www.burmeseclassic.com

www.burmeseclassic.com



အထိ ဖြစ်သည်။ ဖျပ်ဖျပ်လူးဖြစ်ရသည့်အရသာမှာ ဘယ်အရသာနှင့်မျှ နှိုင်း၍မရ ဖြစ်ကြသည်။ ထိုအခိုက်တွင် အချစ်၏ သားကောင်နှစ်ဦးတို့သည် သူတို့ကို တစ်နည်းအားဖြင့် နှိပ်စက်နေသော အချစ်နတ်ကို ဘုရားလို ကိုးကွယ်ကြသည်။ ထိုနောက် အမျိုးမျိုးသော အခက်အခဲတို့ကို ကျော်လွန်ပြီးသည့်နောက် လက်ထပ်မင်္ဂလာပွဲ ဆင်ယင် ကျင်းပကြလေသည်။

ထိုလမ်းစဉ်သည် ရိုးရိုးသားသားချစ်ကြသော ချစ်သူတို့၏ လမ်းစဉ်ပင် ဖြစ်၏။ အချို့ လူငယ်တို့သည် အချစ်ကို ကစားစရာအဖြစ်ထား၍ အချစ်စစ်တုရင် ကစားကြသည်။ အရွှေ့အလှည့်များစွာ မာယာအထွေထွေဖြင့် လှည့်ကာ ကွေ့ကာနှင့် နောက်ဆုံး၌ ငါးစိမ်းမြင်၍ ငါးကင်ကို ပစ်ချင်ပြီးလျှင် ကွဲကြောင်းရှာကြပြီး နောက် အချစ်စစ်တုရင်တစ်ပွဲ ပြီးဆုံးသွားလေတော့သည်။

အချစ်ကစားသမားများသည် ယောကျာ်းဘသားချည်းများဟုမမှတ်ထင်လေနှင့်၊ မိန်းမသားတို့လည်း ဖြစ်ပေသေးသည်။ အချစ်ကို ကစားစရာလုပ်သောသူတို့သည် များသောအားဖြင့် (အားလုံးလိုလို၊ အားလုံးဟူ၍ပင်) မရေမရာအဖြစ်သို့ ဆိုက်ကြလေတော့သည်။

အချစ်နှင့် အိမ်ထောင်ရေးတို့သည် များသောအားဖြင့် တွဲဖက်နေသော်လည်း 'ချစ်တိုင်းမညား၊ ညားတိုင်းလည်း မချစ်' ဆိုစကားအတိုင်း အိမ်ထောင်သည်တို့သည်အကြောင်း အမျိုးမျိုးကြောင့် တွဲဖက်နေကြသည်။ မချစ်သော်လည်း ညားကြသဖြင့် အချိန်တန်တော့ သားသမီး ပွားစီးကြရလေသည်။



သားသမီးများသည် မိဘများအား သံယောဇဉ်ကြိုးသေးသေးလေးဖြင့် ဖွဲ့ချည်ပေးကြသည်။ သားသမီးသံယောဇဉ်ကြောင့် မချစ်သော်လည်း ကြင်နာလာကြသည့် အိမ်ထောင်သည်များ မြောက်မြားလှစွာ၏။ ယင်းသို့လျှင် အကြောင်းကြောင်းကြောင့် ယူလိုက်ကြရသည်ဆိုငြားလည်း အိမ်ထောင်သည်အဖြစ် အချစ်မရှိသော်လည်း ကြင်နာမှုထောက်ထားမှုတို့ဖြင့် အိမ်ထောင်သည်ဘဝမှာ အချို့အဖို့ နှစ်ပေါင်းများစွာဖြစ်ကာ 'သေတစ်ပန် သက်တစ်ဆုံး' ပေါင်းသင်းသွားကြလေသည်။

စင်စစ်အားဖြင့် အချစ်နှင့် အိမ်ထောင်ရေးတို့သည် တခြားစီ ဖြစ်၏။ အချစ်သည် နှလုံးသားအလုပ် ဖြစ်သည်။ အိမ်ထောင်ရေးသည် လူမှုရေးအလုပ် ဖြစ်သည်။ နှလုံးသားအလုပ်ဟုခေါ်ဆိုကြသော်လည်း သိပ္ပံပညာရှင်တို့က အာရုံတို့သည် နှလုံးသား၌ မဖြစ်၊ ဦးနှောက်မှာသာဖြစ်သည်ဆိုကြ၏။ သို့သော် စာပေအနုပညာရှင်တို့ကမူ လူမျိုးမရွေး အားလုံးသော အနုပညာရှင်တို့က နှလုံးသား၌ အာရုံပေါ်သည်။ ချစ်စိတ်သည် နှလုံးသားမှ ပေါက်ဖွားလာသည်ဟု ယုံကြည်ကြသည့်အလျောက် စာပေအနုပညာ ပစ္စည်းတို့ဖြင့် သရုပ်ဖော်ကြပေသည်။

'အင်္ဂလိပ်စာရေးဆရာကြီး အော်စကား ဝိုင်းလ်ဒ်က 'သိပ္ပံပညာမည်မျှပင်တိုးတက်စေကာမူ ကွဲနေသောနှလုံးသားကို ပြန်စေ့စပ်ပေးနိုင်ပါသလား' ဟူ၍ မေးလေသည်။

ချစ်စိတ် အခြေမခံသော အိမ်ထောင်ရေးသည် အနှစ်သာရနှင့် မပြည့်စုံဟုဆိုကြသည်။ ထိုအဆိုကို ပယ်ချဖို့

www.burmeseclassic.com

www.burmeseclassic.com



ခဲယဉ်းလှပေသည်။ အိမ်ထောင်သည်များအဖြစ် တစ်သက်လုံး ပေါင်းသင်းနေလာကြကာ အိမ်ထောင်ရေး အောင်မြင်မှုရသူတို့မှာ အိမ်ထောင်ရေး အဆင်မပြေကာ သားသမီးများနှင့် သိုက်သိုက်မြိုက်မြိုက် နေသွားကြလေသည်။

အချို့မှာမူ အကြောင်းကြောင်းကြောင့် အိမ်ထောင်သည်ဘ၀ နှစ်ယောက်သား ရောက်ကြရသော်လည်း ချစ်ခင်မှု မရှိသဖြင့် ကြင်နာမှုလည်း မပေါ်လာဘဲ မကျေနပ်မှုများ ပွားသည်ထက်ပွားကာ နောက်ဆုံး၌ ပေါက်ကွဲသွားကာ အိမ်ထောင်ပြိုပျက်ရလေတော့သည်။

အချို့မှာ သားသမီး ဆွေမျိုးသားချင်း မိတ်သင်္ဂဟတို့ကို ထောက်ထား၍ မတဲ့အတူနေ သဘောတရားအတိုင်း ဆက်လက်၍ အတူနေကြလေရာ နှစ်ကာလကြာရှည်လေပြီ။

သားသမီးများကို ပြုစုကျွေးမွေးကြလေရာ သားသမီးတို့သည်လည်း ကြီးပြင်းလာကာ အချိန်တန်တော့ လူတစ်လုံး သူတစ်လုံး ဖြစ်လာကြပြီးလျှင် အိမ်ထောင်သည်များ ဖြစ်လာကြသည်။ သူတို့၏ မိဘတို့သည်လည်း စား၀တ်နေရေး၊ အိမ်ထောင်ရေး၊ လူမှုရေးကိစ္စများကြားတွင် ကြီးရင့်မှန်းမသိ ကြီးရင့် အိုမင်းကြလေပြီ။ သူတို့သည် အိမ်ထောင်သည်အဖြစ် တာ၀န်ကျေကြသည်။ အပြင်မျက်နှာပန်း လှပေသည်။ အိမ်ထောင်သက်ရှည်သောကြောင့် အများက လေးစားကြသည်။ မင်္ဂလာဆောင်အခမ်းအနားတွင် သူတို့ကို သတို့သမီး သတို့သားတို့အား လက်ထပ်ပေးရန် တောင်းပန်ကြသည်။ အိမ်ထောင်သက်ရှည်သောဇနီးမောင်နှံက လက်ထပ်ပေးလျှင် သတို့သား သတို့သမီးတို့



အဖို့ ကျက်သရေမင်္ဂလာ တိုးတက်သည်ဟု ယုံကြည်ကြသည်။

ယင်းသို့လျှင် ထိုလင်မယားသည် အိမ်ထောင်သက်ရလေတော့သည်။ တစ်မိသားနှင့်တစ်မိသား အတူနေခြင်းသည် မလွယ်လှပေ။ ချစ်သည် ဖြစ်စေဦးတော့ လင်နှင့်မယား လျှာနှင့်သွား ဆိုသလို အတိုက်အခံကလေးများ မကြာခဏ ဖြစ်တတ်သည်။ မညီမျှခြင်းကို ညီမျှအောင် အပေးအယူပြုကာ ညှိနှိုင်းမှသာလျှင် အဖြေမှန်ထွက်လာပေမည်။

အချစ် အရင်းခံသော အိမ်ထောင်သည်တို့သည် ချစ်ကြရာမှ ပေါင်းသင်းကြရသောကြောင့် ချစ်မှုခင်မှုကြင်နာမှုနှင့် ကျေနပ်မှုတို့ကို ရောနှော စရန့်ယ်ထားသည့်အလျောက် လင်မယား ရန်ဖြစ်ရတာ ပျော်စရာ အချစ်အားတိုးဆေးပမာ ဖြစ်ပေတော့သည်။

အချစ်မပါဘဲ အကြောင်းအမျိုးမျိုးတို့ကြောင့် အိမ်ထောင်ဖက်ကြရသော လင်မယားတို့မှာမူ မကျေနပ်မှုများရှိလာလျှင် အချစ်က ဖုံးလွှမ်းမပေးနိုင်သောကြောင့် မပပျောက်ဘဲ ရင်ထဲမှာ စွဲမြဲနေတတ်သည်။ သို့သော် အိမ်ထောင်ရေးသည် ပြင်၍ မလွယ်သော အရေးတစ်ခုဖြစ်သည်။ သားသမီးများပွားစီးလာသောအခါ ပို၍ မလွယ်ဖြစ်ရချေသည်။ သားသမီးများကို ထောက်ထား၍ ကွဲဖို့အလားအလာ နည်းသည်ထက် နည်းသွားလေသည်။ သားသမီး သံယောဇဉ်နှင့် လူ့အဖွဲ့အစည်း၏ အထင်သေးမှုကို မခံလိုသောစိတ်တို့ကြောင့် အပေါ်ယံအမြင်အားဖြင့်

www.burmeseclassic.com

www.burmeseclassic.com



အဆင်ပြေသော အိမ်ထောင်ရေးဖြစ်လာလေသည်။ အသက်အရွယ် ရင့်လာသည့်အလျောက် အိမ်ထောင်ရေး မပျက်စီးအောင် ထိန်းသိမ်းလျက်ရှိကြသည်။ သံယောဇဉ်ကလည်း စကားပြောသည်။ ယင်းသို့လျှင် အိမ်ထောင်သက် ရှည်ကြလေသည်။ အချစ်အရင်းခံသော အိမ်ထောင်ရေးသည်လည်း အားလုံး အမြဲတမ်း အောင်မြင်သည်ဟု မဆိုသာချေ။ ငယ်ရွယ်စဉ်မှာ ချစ်လှချည့်ရဲ့ ကြိုက်လှချည့်ရဲ့ဆိုကာ နမူနထိုင် ဖြစ်သည့် အလျောက် ကာမဂုဏ်စက်ကွင်းထဲမှာ နှစ်ယောက်သား သောက်စားကြသည်။ သွေးသားဆူဖြိုးခိုက်တွင် အချစ်သည် ရာဂဓာတ် အားကောင်းလျက်ရှိ၏။ ထို့ကြောင့် ရှိနေသော ပဋိပက္ခဖြစ်ဖွယ် အကြောင်းများ ဥပမာ စရိုက်ချင်းမတူခြင်း၊ တစ်ကိုယ်ကောင်းဆန်မှု လွန်ကဲခြင်း၊ အပေါစီးဆက်ဆံခြင်း၊ အလိုက်မသိတတ်ခြင်း စသည်တို့ကြောင့် လင်မယား ကတောက်ကဆတ် ဖြစ်ကြားလည်း ရာဂဓာတ်အားကောင်းသောကြောင့် ထိုမကျေနပ်မှုများသည် ငုပ်လျှိုးသွားကြသည်။ ပမာပြုရပါမူ ပင်လယ်ကမ်းနား၌ရှိသော ကျောက်တုံး ကျောက်ဆောင်တို့သည် ဒီရေတက်ချိန်တွင် မြုပ်လျက်ရှိသောကြောင့် ရေပြင်သည် ညီညာပြန့်ပြူးနေပေသည်။ ဒီရေကျသွားသောအခါ ကျောက်ဆောင် ကျောက်တုံးတို့သည် အတိုင်းသား ပေါ်လာကြသည်။

ငယ်စဉ်က အချစ်မွှန်နေ၍သော် လည်းကောင်း၊ အချစ်မပါသော်လည်း ရာဂလှိုင်းထနေ၍သော်လည်းကောင်း အပြစ်မြင်ခြင်းများရှိသော်လည်း အခိုက်အတန့်



အားဖြင့် ပျောက်ကွယ်နေကြသည်။ စင်စစ်မှာ အိမ်ထောင်သည် ဘဝတိုင်းမှာ လင်နှင့်မယား တစ်ခါတစ်ရံ သူစိမ်းပြင်ပြင် ဖြစ်နေတတ်ကြသည်။ အတူနေလာကြသော်လည်း နားလည်မှုရှိတန်သလောက် ရှိသည်ဆိုငြားလည်း နားလည်သည့် အစိတ်အပိုင်းများ ရှိနေသောကြောင့် သိမြင်လာကြသည်။ လူလူချင်း အရင်းနှီးဆုံးအနေဖြင့် ပေါင်းသင်းဆက်ဆံရသည့် အခြေအနေမှာ ရှိသော်လည်း အရေးအရာပေါ်လာသည့်အခါ ယခင်က မသိသည့်အကြောင်း ပေါ်ပေါက် လာတတ်သည်။

တစ်ယောက်အလိုကို တစ်ယောက်ကသိနိုင်ဖို့ ခဲယဉ်းလှသည်။ မည်သူ့စိတ်ကို မည်သူကမျှ အမှန်အကန် သိနိုင်သည်မဟုတ်သဖြင့် အလိုက်မသိ ပြုမိပြောမိသည်ကို အထင်မှားတတ်ကြသည်။

ယောကျ်ားနှင့် မိန်းမတို့၏ သဘာဝသည် မည်မျှပင် မတူနိုင်ဖြစ်သဖြင့် သဘောထားချင်း ကွဲပြားသည်မှာ ဓမ္မတာဖြစ်၏။ သို့သော် လူ့စိတ်သည် ပြောရခက်သည်။ ထစ်ခနဲဆိုလျှင် ပြောင်းလဲသွားတတ်သည်။ စိတ်ခိုင်သည် ဆိုငြားလည်း ထစ်ခနဲတော့ဖြစ်သွားတတ်သည်။ နောက်မှသာ သတိဖြင့် ထိန်းချုပ်ရသည်။ သတိလစ်သွားသည်နှင့် တစ်ပြိုင်နက် မလိုလားအပ်သောအဖြစ်မျိုး ပေါ်ပေါက်လာနိုင်သည်။ စကားကလေးတစ်ခွန်းမှားလိုက်ရုံနှင့် တစ်ဖက်သားမှာ အထင်လွဲသွားတတ်သည်။ စကားထဲမှ ဓာတ်ပြဲဆိုသလို ဓာတ်ရုပ်ပေါ်သော အပြောအဆို အပြုအမူကလေးမျိုး အမှတ်မထင် ပေါ်ပေါက်လာတတ်သည်။ ထိုအခါ

www.burmeseclassic.com

www.burmeseclassic.com



ခံရသူတစ်ဖက်သား၏ စေတနာနှင့် သဘောထားပြောင်း သွားနိုင်သည်။

ငယ်ရွယ်သူတို့ဘာဝ စိတ်ကူးနှင့် ရူးနေခိုက်မှာ ချစ်ကြသည်၊ ကြိုက်ကြသည်ဆိုရာဝယ် နမူးနထိုင်းဖြင့် 'သူ့ကိုမှ သူ့ကို'ဖြစ်ကာ မည်သူမျှ ဖျောင်းဖျတားဆီး၍ မရဘဲ ယူလိုက်ကြသည်။ ယူပြီးကာမှ စရိုက်ချင်း ဖက်စပ်၍ မရလောက်အောင် မတူသည့်အကြောင်းအချက်တို့သည် ဖုံးကွယ်ထား၍မရ ဖြစ်ရလေသည်။ ပြန်ပြောရမှာ မလွယ် သော အကြောင်းအချက် ကလေးများကြောင့် 'စလယ်ဝင် ဖင်မမည်းခင်က ကွဲရလေခြင်း'ဆိုသော စကားအတိုင်း ခပ်စောစောနှင့် ကွဲကြသည်။ အချို့မှာ မကွဲပေ။ 'ဖြစ်မိ တော့မှ မထူးပါဘူး၊ ကွဲရမှာ ရှက်စရာ'ဟူသော သဘော ထားဖြင့် ဆက်လက် ပေါင်းသင်းနေကြသည်။ ယင်းသို့ မကျေနပ်ဘဲ ပေါင်းသင်းနေရသဖြင့် စိတ်ချမ်းသာမှုသည် တဖြည်းဖြည်း ကွယ်ပျောက်လေတော့သည်။

ယင်းသို့ ဖြစ်ရခြင်း၌ ယောက်ျားများထက် မိန်းမများ က ပို၍ ခံစားကြရသည်။ ယောက်ျားဘသားတို့မှာ မကျေနပ်လျှင် အပြင်အပမှာ သာယာမှုရှာနိုင်ကြသည်။ မိန်းမသားတို့မှာ သူတို့လို မလွယ်လှချေ။ ယောက်ျားတို့ကို တု၍ အပြင်အပတွင် သာယာမှုရှာလျှင် မိမိတို့မှာ နာသည်၊ အပေါစားဖြစ်မှန်းမသိ ဖြစ်ကြရသည်။ ယောက်ျားနှင့် မိန်းမ တန်းတူ အခွင့်အရေးရှိသည်ဟူသော အဆိုသည် ဘဝအခြေအနေအရ ပြည့်စုံနိုင်သည် မဟုတ်ချေ။

အိမ်ထောင်ပြုခြင်းသည် သင့်ဘဝ၌ အကြီးမားဆုံး စွန့်စားခြင်းတစ်ရပ် ဖြစ်၏။ 'နောင်ပြင်နိုင်ခဲသည့် ဖြစ်ရပ်'



ဆိုသည်မှာ မှန်၏။ အထူးသဖြင့် မိန်းမအဖို့ ပို၍ ခဲယဉ်းသည်။ ယောက်ျားကလည်း ထောက်ထားငဲ့ညှာစရာ တွေ များသဖြင့် ကွဲဖို့မလွယ်ချေ။ တစ်ကိုယ်ကောင်းသမား တို့မှာသာ မထောက်မထား ပြုနိုင်အားသဖြင့် ခက်ချင်မှ ခက်မည်။

ယောက်ျားက မိန်းမကို ယူခြင်းသည် ပြုစုယုယမှုကို လိုချင်ခြင်းကြောင့် ဖြစ်သည်။ သူ့ပြင်ပလောက ကြုံတွေ့ ခံစားမှုများသည် သာယာလှပြီ မဆိုသာ။ စားဝတ်နေရေး အတွက် လုံးပန်းရခြင်းသည်လည်း မသက်သာပေ။ 'အညွန့် ခူးစားသည်'ဟု ဆိုရသော သူတို့၏ ဘဝမှာပင် စိုးရိမ်မှု ကြောင့်ကြမှုတို့ဖြင့် ပြည့်လျှံနေသည်။ ရိုးရိုးသားသား လုပ်ကိုင်သူတို့အဖို့မှာ တစ်နေကုန်တစ်နေခန်း ကြိုးပမ်း ဆောင်ရွက်ရပြီးနောက် အိမ်သို့ ပြန်လာသောအခါ ဇနီး၏ သာယာသောအသံ၊ ပျူငှာသောအပြုအမူ၊ သိမ်မွေ့စွာ ပြုစုမှုတို့သည် အတိုင်းမသိ အဖိုးတန်လှ၏။

မိန်းမက ယောက်ျားယူခြင်းမှာလည်း လင်သားကို အားကိုးလိုသော ဆန္ဒသည် ရှေ့တန်း၌ ရှိ၏။ မိခင်စိတ် ရှိပြီးသားမို့ သားသမီးမပွားစီးခင်ကတည်းက လင်သားကို ပြုစုယုယ၍ မေတ္တာရေစင်ဖျန်းရခြင်း၌ မွေ့လျော်သည်။ သားသမီးပွားစီးလာသောအခါ၌လည်း သူတို့နှစ်ယောက် ၏ ရင်သွေးများအဖြစ် မိခင်မေတ္တာဖြန့်ဖြူးရသဖြင့်လည်း ကျေနပ်ပေသည်။

ယင်းသို့လျှင် လင်နှင့် မယားတို့သည် ငယ်စဉ်၌ တစ်ဦးကို တစ်ဦး သံယောဇဉ်နှယ်ကြိုးများ ရစ်ပတ်ပြီး အေးအတူပူအမျှ ဆိုးတူကောင်းဖက် နေပါလျှင် ငယ်စဉ်

www.burmeseclassic.com

www.burmeseclassic.com



ကတည်းက အညှောင့်ကလေးများပေါက်ခဲ့သော မကျေနပ်မှုကလေးများ၊ စရိုက်မတူ၊ စိတ်ထားမတူသဖြင့် သဘောထားချင်း ကွဲလွဲမှုများသည် ငယ်စဉ်ကမူ တဏှာပေမအားကောင်းလွန်းသဖြင့် မပေါ်လွင် မထင်ရှားခဲ့သော်လည်း အသက်ကြီးရင့်၍ ကိုယ်အင်အားလျော့ပါး၍ စိတ်ဓာတ်များပြောင်းလဲလာသောကြောင့် ထိုမကျေနပ်မှု အညှောင့်ကလေးများသည် သစ်ပင်ကြီးများ ဖြစ်လာတတ်ချေသည်။ ထိုအခါ တစ်သက်လုံး ပေါင်းသင်းလာခဲ့သော လင်မယားသည် သွေးသားခြောက်ခန်းလာသည့် ဇရာဘဝတွင် အစေးပြယ်သွားတတ်ချေသည်။ အိမ်ထောင်ရေး စည်းစိမ်သည်လည်း ရှိုး၍ အေး၍ နေသောကြောင့် အတူနေရင်း တဖြည်းဖြည်း ဝေး၍ ဝေး၍ သွားကြလေတော့သည်။

ငယ်ငယ်တုန်းကလို ရန်ထဖြစ်လိုက်၊ နောက်ပြန်တည့်ပြီး အချစ်နာလံထလိုက် အလုပ်မျိုးမဖြစ်တော့ဘဲ ရန်လည်းမဖြစ်၊ အချစ်နာလံထစရာအကွက်လည်း မပေါ်တော့ဘဲ အေးအေးနှင့် ဝေးကြသည်သာပင်။ အသက်ခြောက်ဆယ်ကျော် ခုနစ်ဆယ်အရွယ်မှ လွန်သည့် အဘိုးကြီး အမယ်ကြီးတို့ စကားမပြောဘဲ နောက်ဆုံးအချိန် နေသွားကြသည့် သာဓကများရှိလေသည်။ အချို့မှာမူ မေးထူးခေါ်ပြော အနေအထားမှာရှိသည်။ ဘာကြောင့် သူစိမ်းပြင်ပြင် ဖြစ်နေရပါသလဲဟုမေးလျှင် ကာယကံရှင်တို့က အကြောင်းမပြချေ။ တကယ်တော့ သူတို့မှာ ပြစရာလုံလောက်သော အကြောင်းရှိမည်မထင်ပါ။ မေးသူပင် သူတို့အကြောင်းနဲ့ သူတို့ ရှိကြမှာပေါ့ဟု ဖြေဆိုလိုက်ရပေတော့သည်။

## သေတစ်ပန် သက်တစ်ဆုံး

'ဆရာကြီး ကျန်းမာပါရဲ့နော်'

'ကျန်းမာပါတယ်၊ ကျန်းမာဆိုတော့လဲ လူအိုကျန်းမာခြင်း မျိုးပေါ့ကွယ်၊ မောင်ရင်တို့လိုတော့ ဘယ်ဟုတ်မလဲ၊ အစားအသောက် ကောင်းတယ်ဆိုလဲ အသင့်အတန် စားနိုင်တာပဲပေါ့၊ အိပ်လို့ကောင်းတယ်ဆိုလဲ အရင်တုန်းကလို မိုးလင်း တစ်ရေးဆိုသလို ဘယ်ဟုတ်တော့မလဲ၊ သုံးလေးနာရီလောက်အိပ်လိုက်ရရင်ပဲ တော်လှပြီ ဆိုရမှာပေါ့'

'ကျွန်တော့် အဘိုးနဲ့အဘွား၊ အဖေရဲ့ မိဘတွေ ရှစ်ဆယ်တော်တော်ကျော်ပြီ၊ အဘိုးဆိုရင် ကိုးဆယ်တောင် ရောက်တော့မယ်၊ သူတို့နှစ်ယောက်ကြည့်ရတာ ဘဝဆည်းဆာချိန်ရဲ့ ငြိမ်းချမ်းသာယာခြင်းကို သရုပ်ဆောင်နေတာပဲလို့ ထင်မိပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



'မောင်သန်းဝင်းက အတော်စိတ်ကူးသန်တာပဲ၊ ကဗျာဆန်တယ်လို့ ဆိုရမယ် ထင်ပါရဲ့၊ ဆရာတို့တော့ သူတို့အသက်အရွယ် မရောက်သေးဘူး၊ ရောက်ဖို့တော့ နီးလာပါပြီ၊ အဲဒီလို လူအို စုံတွဲတွေဟာ တွေ့ရခဲတယ်၊ တော်တော့်ကုသိုလ်နဲ့ ရာသက်ပန် ရိုးမြေကျနေရတယ်ဆိုတာမျိုးဟာ နှစ်ဦးစလုံးရဲ့ ကုသိုလ်ကောင်းကြလို့ပဲကွယ့်၊ ပြီးတော့ ဘ၀ခရီးဖော်၊ သံသရာ ခရီးဖော်လို့တောင် ဆိုနိုင်မယ် ထင်ပါတယ်'

'ဆရာကြီးက မောင်သန်းဝင်း အတွေ့အကြုံကို ကြားရတော့ ချီးကျူးနေတာကိုး၊ ကျွန်တော့်အတွေ့အကြုံ ပြောပြရရင် ဆရာကြီး စိတ်မကောင်းဖြစ်မယ် ထင်ပါတယ်'

'ပြောပါ၊ ကြားရ သိရတာပေါ့'

'ကျွန်တော့်အဘိုးလေးနဲ့ အဘွားလေး၊ အဖေ့ အဖေညီနဲ့ ခယ်မပေါ့၊ ကျွန်တော့် မိဘနှစ်ပါးက ဆုံးတာကြာလှပါပြီ၊ ကျွန်တော်ငယ်ငယ်ကပဲ၊ သူတို့ခမျာ အသက်မငယ်လှပါဘူး ခင်ဗျာ၊ အဲ ကျွန်တော့် အဘိုးလေးနဲ့ အဘွားလေး၊ သူတို့မှာ သားတစ်ယောက်ပဲရှိတယ်၊ အစိုးရဝန်ထမ်း အငြိမ်းစားပါ၊ အဖေနဲ့ ညီအစ်ကိုတစ်ဝမ်းကွဲပေါ့၊ သူ့ မိဘနှစ်ပါးကတော့ အတူသာနေတယ် တစ်ယောက်နဲ့ တစ်ယောက် မခေါ်ကြတာ အနှစ်နှစ်ဆယ်ကျော်ပြီ၊ ဘယ်လိုအစပ်မတည့်ကြတယ်တော့ မသိပါဘူး၊ကျွန်တော့်အဖေ ပြောပြလို့ သိရတာက သူတို့နှစ်ယောက်ဟာ ငယ်သူငယ်ချင်းတွေ၊ ချစ်လို့ကြိုက်လို့ ယူကြတာပဲတဲ့၊ ငယ်ငယ်ကတော့ တည့်ကြပါတယ်၊ ဒါပေမယ့် အတည့်ကြီးတော့ မဟုတ်



ဘူးပေါ့၊ မကြာမကြာ မတည့်ကြဖြစ်သတဲ့၊ နောက်အသက်ခုနစ်ဆယ် ခြောက်ဆယ်ကျော်လောက်ကတည်းက သူတို့ဟာ စကားတစ်ခွန်းမှုတောင် မပြောကြဘူးတဲ့၊ အဘိုးလေးက ဘုန်းကြီးကျောင်းသွားနေတာ များတယ်၊ အဘွားလေးကတော့ သူ့သားအိမ်မှာ နေရာတကာဝင်ပါပြီး စကားတွေသိပ်များတာပဲ၊ ကျွန်တော်တို့တောင် တစ်ခါတလေ အရိုက်ခံရသေးတယ်'

'စိုးသိမ်းပြောတဲ့ အဘိုးကြီး အဘွားကြီးမျိုးတွေရှိပါတယ်၊ တချို့ဆိုရင် သေကာနီးမှာတောင် တစ်ယောက်က အနားလာရင် မာန်မဲလိုက်ပြီး ရောဂါတက်သတဲ့၊ သူသေကာနီးမှာ သူ့မယားအနားမလာစေနဲ့လို့ အဘိုးကြီးက သားသမီးတွေ မှာသတဲ့၊ သားသမီးတွေအဖို့ စိတ်မကောင်းစရာကြီးပေါ့'

'အဲဒီနှစ်ယောက်က ဘာ့ကြောင့် မဟာရန်သူကြီးဖြစ်သွားကြတာလဲ၊ မင်း စုံစမ်းကြည့်ဖူးသလား'

'ကြည့်ဖူးပါတယ်၊ သူ့ သားသမီးတွေက သူတို့ငယ်ငယ်တုန်းက အဖေနဲ့ အမေ အတော်ချစ်ကြသတဲ့၊ ရန်တော့ တကျက်ကျက် ဖြစ်နေကြတာပဲ၊ စိတ်ကောက်လို့ မခေါ်ကြရင် အလွန်ဆုံး တစ်ရက်ပဲ၊ နောက်တော့ ပြန်တည့်ပြီး ချစ်ချစ်ခင်ခင်ပါပဲတဲ့'

'ဒီလိုဆိုတော့ ကြီးလာတော့ ဘယ်သူက ခွင့်မလွှတ်နိုင်အောင် ဘယ်လို ဆိုးခဲ့သလဲ၊ အဲဒါ မင်းမေးကြည့်ဖူးလား'

'မေးတာပေါ့ သန်းဝင်းရာ၊ ငါ့ကို မင်းသိသားပဲ၊ အင်မတန်စပ်စုတာ၊ မေးတော့အမေက ပြောတယ်၊ အသက်

www.burmeseclassic.com

www.burmeseclassic.com



ငါးဆယ်ကျော် ခြောက်ဆယ်လောက်မှာ သူတို့နှစ်ယောက် အိပ်ရာခွဲအိပ်ကြတယ်၊ နောက်တော့ အဘိုးကြီး ပင်စင်ယူပြီး ရိပ်သာသွား၊ ဥပုသ်စောင့် ဘုရား တရားစကားတွေ သူတို့ ပင်စင်စားချင်းချင်း ဆွေးနွေးကြနဲ့ အိမ်မှာနေတာ ရယ်လို့ သိပ်မရှိဘူး၊ အဘွားကြီးကလဲ သူ့သား၊ ချွေးမနဲ့ မြေးတွေကို နေ့စဉ်နဲ့အမျှ ပြောဆို စီမံနေတာပဲတဲ့၊ အသက်ကြီးလာရင် မိန်းမကြီးတချို့ဟာ စကားပိုများလာတယ်၊ လူငယ်တွေအဖို့ နားပူစရာကြီးပေါ့၊ အဘိုးကြီးနဲ့ အဘွားကြီးဟာ အဲဒီလို တဖြည်းဖြည်းနဲ့ လမ်းကွဲသွားကြတာပဲတဲ့၊ သူတို့နှစ်ယောက်လုံးမှာ ပြောရလောက်အောင် ကြီးလေးတဲ့အပြစ် မရှိကြပါဘူး၊ အဲဒီလိုပဲ စုံစမ်းလို့ရတယ် သူငယ်ချင်း၊'

'မောင်သန်းဝင်းတို့ မောင်စိုးသိမ်းတို့ ပြောပြတဲ့ အကြောင်းတွေဟာ အိမ်ထောင်ရေး သုတေသနမှာ အသုံးဝင်မယ့် မှတ်တမ်းကလေးတွေပဲပေါ့ကွယ်၊ အိမ်ထောင်ရေးဟာ မလွယ်တဲ့ကိစ္စပဲ၊ ပုထုဇဉ်လူသားတို့မှာ မလွှဲမရှောင်သာတဲ့ ကိစ္စလဲ ဖြစ်တယ်၊ ငယ်ဖြူရဟန်းတော်များနဲ့ ငယ်ဖြူသီလရှင်များနဲ့ လူပျိုကြီး အပျိုကြီးတို့လို ပုဂ္ဂိုလ်တွေမှ အပ အများစုအဖို့ အိမ်ထောင်ရေးဟာ မလွှဲမရှောင်သာတဲ့ ပြဿနာကြီးတစ်ခုပဲကွယ့်'

'ဆရာကြီး ငယ်ဖြူတွေတောင်မှပဲ တချို့မှာ အချစ်ပြဿနာ ရှိခဲ့ဖူးမှာပါ၊ ကျွန်တော်တွေ့ဖူးတဲ့သာဓကတွေ အတော်များပါတယ်၊ အထူးသဖြင့် အမျိုးသမီးဘက်က ပိုတယ်တင်ပါတယ်၊ ရတာမလို လိုတာမရဆိုသလို ဖြစ်တာ



တွေ ရှိပါတယ်၊ မိန်းမသားဆိုတော့ ယောကျ်ားတွေလို ပြတ်ပြတ်သားသား မလုပ်ရဲတာတွေ ရှိပါတယ်၊ မိဘတွေက နေရာချထားမယ်ဆိုတော့ ပြောင်ပြောင်ငြင်းပြီး ပြောင်ပြောင် လုပ်ဖို့ အခြေအနေပေးတော့ သီလရှင် ဝတ်လိုက်တာမျိုး ရှိပါတယ်'

'ဒါတွေထားပါတော့၊ ဆရာတို့ အခုပြောနေကြတာ ဟာ အိမ်တောင်ရေးကိစ္စမှာ ဘယ်ဟာက အောင်မြင်တယ် ဆိုတာကို စိစစ်နေကြတယ် မဟုတ်လား၊ အိမ်ထောင်သက် ရှည်တိုင်း အောင်မြင်တယ်လို့ ဆိုနိုင်ပါသလား၊ ဘဝ တစ်လျှောက်လုံး ကြီးကြီးကျယ်ကျယ် ပြဿနာမဖြစ်ဘဲ အသက်တွေရှည်လာတော့ အိမ်ထောင်ရေး ငွေရတုသဘင်၊ ရွှေရတုသဘင်၊ စိန်ရတုသဘင်တွေကျင်းပနိုင်ပါရဲ့၊ ဒါပေမဲ့ ဘဝဆုံးကာနီးမှာ ကြင်ကြင်နာနာ မရှိဘဲ သူစိမ်း ပြင်ပြင် နေသွားကြတာတွေရှိသလို ငယ်ငယ်က ရန်ဖြစ်ခဲ့ ကြပေမယ့် အိမ်ထောင်သက် ရလာတော့ တဖြည်းဖြည်း နားလည်မှု ရလာပြီး သံယောဇဉ်ကြိုးခိုင်လာတယ်၊ အဲဒီလိုနဲ့ သေတစ်ပန် သက်တစ်ဆုံး ကြည်ကြည်သာသာ ပေါင်းသင်းသွားကြ တာတွေ အတော်များပါတယ်'

'ဆရာကြီးပြောလို့ ကျွန်တော် သတိရတဲ့ သာဓက တစ်ခုတော့ ပြောပြပါရစေခင်ဗျာ'

'ပြောပါ၊ ပြောပါ'

'ကျွန်တော့်မိဘနဲ့ ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေတွေထဲမှာ ဆရာဝန်ကြီးလင်မယား ရှိပါတယ်၊ ကျွန်တော်တို့ ရူရာ ဝင်ချိန်လောက်မှာ သူတို့ဟာ ခုနစ်ဆယ်ကျော်တွေ ဖြစ်နေပြီ၊

www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့တဲ့ လေးငါး၊ဆယ်နှစ်လောက်မှာမှ ကွယ်လွန်သွားကြပါတယ်၊ နှစ်ယောက်လုံး ကိုးဆယ်ကျော် နေသွားကြတယ်၊ သူတို့နှစ်ယောက်ရဲ့ အိမ်ထောင်ရေးသမိုင်းကို သိရသလောက်မှာ ငယ်ငယ်ကတော့ ထုံးစံအတိုင်း ရန်ဖြစ်လိုက်ကြ၊ ဘည့်လိုက်ကြ၊ ကလေးတွေမွေးလိုက်ကြနဲ့ပေါ့၊ ဆရာဝန်ကြီးက ပျော်ပျော်နေတတ်တယ်၊ သူနဲ့တွေ့ရင် ရယ်စရာမောစရာ စကားတွေပဲကြားရတယ်၊ ကျွန်တော်တို့ လူငယ်တွေနဲ့ လိုက်လိုက်လျောလျော နေတတ်တယ်၊ သူကအဲဒီလိုနေသလောက် သူ့ဇနီးက စကားနည်းတယ်၊ သူ့ခင်ပွန်းကို အမြဲပဲ ပြုံးပြုံးကြည့်နေတာပါပဲ၊ အသက်ကြီးလာတော့ နှစ်ယောက်သား ဘာမျှ ပင်ပင်ပန်းပန်း မလုပ်တော့ဘဲ သူတို့ရဲ့ သားသမီးတွေရဲ့ အပြုအစုကို ခံယူနေကြတယ်၊ အဘွားကြီးရဲ့ အလုပ်ကတော့ နေ့စဉ်ရဟန်းတော်များကို နိစ္စပါဒ်ဆွမ်းလောင်းတယ်၊ တစ်လတစ်ခါဘုန်းကြီးကျောင်းကို ဆွမ်းအုပ်ပို့တယ်၊ သူက စီမံပေးပြီးလူငယ်များက ဆောင်ရွက်ပေးရတာပေါ့၊ ကျန်တဲ့အချိန်တွေမှာတော့ သူတို့နှစ်ယောက်ဟာ ကုလားထိုင်နှစ်လုံးမှာယှဉ်ထိုင်နေကြတာပဲ၊ အဘိုးကြီး ဆုံးပြီးတဲ့နောက် သိပ်မကြာလှပါဘူး အဘွားကြီးလဲ ဆုံးရှာတယ်'

'အဲဒီလို အသက်ကြီးကာမှ လင်နှင့်မယား ပိုပြီးချစ်ခင် ကြင်နာတာတွေ ရှိပါတယ်၊ သူတို့ကိုကြည့်ရတာအိမ်ထောင်သည်ဘဝမှာ နှစ်ပေါင်းများစွာ နေလာခဲ့ရတာကျေနပ်တဲ့ပုံပဲ၊ ဘဝဆုံးခန်းရောက်လာတော့ သူကိုမှာတစ်ယောက်နား တစ်ယောက်နေပြီး သူတို့ရဲ့အဖော်ဆိုလို့



သူတို့နှစ်ယောက်ပဲ ရှိတော့တယ်၊ လူငယ်တွေက သူတို့ကိစ္စတွေ၊ ဒုက္ခတွေ ဝိုင်းဝိုင်းလည်နေလို့ သူတို့နား မကပ်ကြတော့ဘူး၊ အကြောင်းအားလျော်စွာ ကပ်လာတဲ့ ခဏတာကလေးမှာတောင် ပြောစရာစကား သိပ်မရှိလှတော့ဘူး၊ ဒါကြောင့် သူတို့နှစ်ယောက်မှာ သူတို့ရဲ့လောကဟာကျဉ်းကျဉ်းကလေးဖြစ်လာပြီး တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ပြီး နေသွားကြရတာပေါ့'

'ငယ်ငယ်က ရကာစအချိန်မှာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လို့ အားမရဖြစ်ခဲ့ရတာနဲ့ အခုဘဝဆည်းဆာမှာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်နေကြရတာနဲ့ 'မတူဘူး၊ အတော့်ကို ကွာခြားတယ်ကွယ့်'

'ကွာခြားပုံကလေး'

'ကွာခြားပုံကတော့ ဒီလိုပါ၊ ညားကာစက တစ်ယောက် မျက်နှာ တစ်ယောက်ကြည့်လို့မဝနိုင်ဖြစ်ရတာကတဏှာရာဂအကြောင်းရင်း ဖြစ်တယ်၊ အဘိုးအဘွားတို့တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး နေကြတာကတော့ မေတ္တာကြောင့် ဖြစ်တယ်၊ အသက်ရလို့ တဏှာပေမ အင်အားတွေ တစ်နေ့တခြားလျော့ပါးပြီး ဇရာဒုက္ခဝင်လာတော့ လင်နဲ့မယားဟာ တစ်ယောက်၏ကျန်းမာရေး၊စိတ်၏ ချမ်းသာရေးအတွက်ပဲ အာရုံရှိတော့တယ်၊ စားဝတ်နေရေးအတွက် ပူပန်စရာမလိုတော့ဘူး၊ အထိုက်အလျောက်ပြည့်စုံနေပြီ၊ ပြီးတော့လဲ လောဘအားပျော့သွားပြီ၊ တည့်တဲ့အစားအသောက်မှန်မှန်စားပြီး ကျန်းမာအောင် ကြိုးစားနေကြရတော့ ဘဝကပေးတဲ့ သင်ခန်းစာရပြီး သံသရာခရီး

www.burmeseclassic.com

www.burmeseclassic.com



အတွက် တရားဓမ္မ ဆင်ခြင်သုံးသပ်နေကြရပြီ၊ နှစ်ပေါင်း လေး၊ငါးခြောက်ဆယ် အတူနေလာကြတော့ သံယောဇဉ်ကြီးနေပြီ၊ ဒါပေမယ့် မကြာခင် အပြီးခွဲသွားကြရတော့မယ့် အကြောင်းကို လျစ်လျူမရှု သာဘူး၊ ရာဂ အားနည်းလာပြီး မေတ္တာအင်အား တိုးပွားလာတာမို့ တစ်ယောက်က တစ်ယောက်ကို အားကိုးကြတယ်၊ ပြီးခဲ့တာတွေ ပြီးခဲ့ပြီ၊ ခွဲကြဖို့အချိန်လည်းနီးလာပြီ၊ အဲဒီအခါမှာ လင်မယား နှစ်ယောက်ဟာ မောင်နှစ်မနှစ်ယောက် ဖြစ်လာကြတယ်၊ ဘဝဆည်းဆာချိန်မှာ နောက်ပိုင်း အတိတ်ကာလဟာ မှောင်ရိပ်သမ်းနေပြီ၊ ခပ်လှမ်းလှမ်းက အတိတ်ကတော့ မှောင်ရိပ်လွှမ်းနေပြီ၊ မလိုလားအပ်တာတွေ မေ့တန်သလောက် မေ့လာပြီ၊ မမေ့လို့ပေါ်လာပြန်တော့လဲ ခွင့်လွှတ်ထားပြီးသားမို့ အရာမထင်တော့ဘူး၊ လိုလားအပ်တာကလေးတွေပေါ်လာရင် နှစ်ယောက်သား အမြတ်တနိုးပြန်ပြောကြတယ်၊ အလှူအတန်းလုပ်ခဲ့တာတွေ၊ ကွယ်လွန်ပြီဖြစ်တဲ့ ဆွေမျိုးသားချင်း မိတ်သင်္ဂဟတို့ရဲ့ ကောင်းကြောင်းတွေ အဲဒီလိုပေါ့ကွယ်၊ အဘိုးကြီးနဲ့ အမယ်ကြီး သူတို့ရဲ့ ခြောက်သွေ့တဲ့ ဆည်းဆာချိန်ခါမှာ အတိတ်က လေပြည်လေညင်းကလေး တိုက်တာကိုခံပြီး နှစ်သိမ့်နေကြတယ်၊ အဲဒါ သူတို့နှစ်ယောက်ရဲ့ ချစ်မေတ္တာ ဇာတ်လမ်းနိဂုံးပါပဲပေါ့'

'ဆရာကြီးပြောတာ ကဗျာဆန်ပါတယ်၊ အဲဒီလို အဆင်ပြေတဲ့ ဘဝမျိုး မရရှာတဲ့ အဘိုးကြီး အဘွားကြီးတွေ၊ အိုကာမှ မြေးထိန်းနေရတဲ့ အဘိုးအဘွားတွေ၊ သားသမီးများရဲ့ စားဝတ်နေရေး မချောင်လည်လို့ သူတို့ကျွေးတာကို မျိုမကျဘဲ ကြိတ်မှိတ်စားနေရတဲ့ အဘိုးအဘွားတွေ'



'ကဲ တော်ပါတော့ မောင်စိုးသိန်း၊ လူတွေဟာ ကံကံ၏ အကျိုးအတိုင်း ဖြစ်ကြရတာမို့ ဘယ်သင်း ဘယ်ဟာကိုမှ ပုံသေကားကျပြောလို့ မရနိုင်ဘူးပေါ့၊ တစ်ခုတော့ ရှိတယ်၊ ဆင်းတောင့်ဆင်းရဲ နေကြရပေမယ့် အဘိုးအဘွားအချို့မှာ တစ်ဦးပေါ်တစ်ဦး မေတ္တာပိုကြတာတွေ အများကြီးပဲ'။

www.burmeseclassic.com

## အချစ်စစ်တမ်း ၁

## လူပျိုကြီးတစ်ယောက်၏ ထွက်ဆိုချက်

ကိုသန်းလှသည် ကျွန်တော်နှင့် တက္ကသိုလ်ကျောင်းတွင် ကျောင်းနေဘက်တစ်ယောက် ဖြစ်သည်။ အဆောင်တွင် အခန်းချင်းကပ်၍ နေလာခဲ့ကြသည်။ အတန်းလည်းတူ၊ ယူသောဘာသာရပ် တူသဖြင့် အလွန် ရင်းနှီးကြသည်။ သူသည် 'အိုင်အေ'(ဒုတိယနှစ်ဟု ယခုခေါ်သည့်) အတန်းစာမေးပွဲ အောင်ပြီးသည့်နောက် ကျောင်းသို့ ပြန်မလာတော့ချေ။ သတင်းကြားရသည်မှာ အကြောင်းမညီညွတ်သဖြင့် ကျောင်းထွက်ပြီးလျှင် စာရေးလုပ်နေသည်ဟူ၍ပင်။

ကျွန်တော် ကိုသန်းလှနှင့် စစ်ပြီးကာမှ ရန်ကုန်တွင် တွေ့ကြသည်။ သူ့အကြောင်းကို မကြားရဘဲ နေခဲ့ရသည်မှာ နှစ်ပေါင်း အတော်ကြာချေပြီ။ သူက ကျွန်တော့်အိမ် ရောက်လာသဖြင့် ကျွန်တော်တို့နှစ်ယောက် တစ်ယောက် အကြောင်း တစ်ယောက်ပြောကြသည်။



'နေပါဦး ကိုသန်းလှ၊ ခင်ဗျား အခု ရန်ကုန်လာတာ အလုပ်နဲ့လား'

'စစ်ပြီးတဲ့နောက် ကျွန်တော် အလုပ်ထွက်လိုက်ပြီ၊ ညီအစ်ကို မောင်နှမတွေနဲ့အတူ အရောင်းအဝယ်လုပ်ငန်းပဲ လုပ်နေတယ်၊ သူတို့တစ်တွေ လုပ်ကြတာ များပါတယ်၊ ကျွန်တော် သိပ်မလုပ်ပါဘူး၊ ပြောဆိုပေးရုံလောက်ပါပဲ'

'ခင်ဗျား မိဘတွေ မရှိတော့ဘူးလား'

'မိဘတွေ စစ်အတွင်းမှာပဲမရှိတော့ပါဘူး၊ စစ်အတွင်းက ကျွန်တော်တို့ ဗုံးဘေးကလွတ်အောင် တစ်ရွာပြီးတစ်ရွာ ပြောင်းနေခဲ့ကြရပါတယ်၊ ဒေါက်တာဘမော် အစိုးရတက်ပြီး မကြာခင်မှာ မိဘတွေ ဆုံးကြပါတယ်'

'ဒါနဲ့ ခင်ဗျား အိမ်ထောင်မရှိဘူးလား'

'မရှိပါဘူး'

'လူပျိုကြီးလုပ်နေတာ ကောင်းတော့ ကောင်းတာပေါ့၊ ဒါပေမယ့် ကြီးတော့ သားသမီး အထောက်အကူမရှိတာ မကောင်းလှဘူး'

'ရှိပါစေတော့ဗျာ၊ ကျွန်တော့် ညီအစ်ကိုမောင်နှမတွေထဲက အခုတော့ တစ်ယောက်ပဲ အိမ်ထောင်ကျသေးတယ်၊ နောက်တော့ ကျန်တာတွေလဲ သူတို့ကြိုက်တဲ့လူတွေ့ပြီး အိမ်ထောင်ပြုကြမှာပါ၊ အဲဒီတော့ ကျွန်တော်အိုတဲ့အခါမှာ သားထောက်မြေးခံမရှိပေမယ့် တူတွေ တူမတွေ ရှိမှာပါ၊ သူတို့ရဲ့သားသမီးတွေလဲ ရှိလာမှာပါ'

'ဒါနဲ့ သူငယ်ချင်းချင်း မေးလိုက်ရဦးမယ်၊ ခင်ဗျား ဘာဖြစ်လို့အိမ်ထောင်မပြုတာလဲ၊ မိန်းမတွေ မုန်းလို့လား'

www.burmeseclassic.com

www.burmeseclassic.com



'မမုန်းပါဘူး'

'မေးကြည့်ရတာပဲလေ၊ တချို့လူပျိုကြီးတွေက မိန်းမကို မုန်းတယ်၊ စိတ်နာတယ်၊ ရည်းစားပျက်လို့ပေါ့၊ ဒါကြောင့် အိမ်ထောင်မပြုကြတော့ဘူး၊ တချို့ကလဲ အိမ်ထောင်ပြုရမှာ ကြောက်တယ်၊ စိတ်အခြေအနေတွေပေါ့ဗျာ၊ စိတ်ရောဂါလို့တော့ ရင့်ရင့်သီးသီး မဆိုချင်ပါဘူး'

'ကျွန်တော်ကတော့ မိန်းမတွေကို မမုန်းပါဘူး၊ ရည်းစားပျက်တယ်ဆိုရအောင် ကျွန်တော့် တစ်သက်လုံးမှာ ရည်းစားရယ်လို့ မှတ်မှတ်ရရ မထားဖူးပါဘူး၊ ခင်ဗျားလဲ သိသားပဲ၊ ကျောင်းမှာတုန်းကတည်းက ဒီကိစ္စမျိုးမှာ စိတ်မဝင်စားခဲ့ဘူး'

'ဒီလိုဆိုရင် ခင်ဗျား အိမ်ထောင်ပြုရမှာ ဘာလို့ ကြောက်သလဲ၊ သင့်တော်တဲ့အမျိုးသမီးတစ်ယောက်ယောက်နဲ့ ဘဝအဖော်ပေါ့ဗျာ၊ အိမ်ထောင်ပြုရောပေါ့'

'အဖော်မရှာချင်တော့ပါဘူး၊ အခုလိုပဲ တစ်ကိုယ်တည်း အေးအေးဆေးဆေး နေချင်ပါတယ်၊ ဒါနဲ့အခု ခင်ဗျားဆီလာတာ ကျွန်တော်နဲ့ သင့်တော်တဲ့ အလုပ်တစ်ခုခု များ ရှိမလားလို့'

'အခုချက်ချင်းတော့ စိတ်ထဲမှာ မပေါ်လာသေးဘူး၊ ဒါပေမယ့် အလုပ်တွေ ပေါ်တတ်ပါတယ်၊ မကြာခင် သံရုံးတွေ ရောက်လာကြတော့မှာ၊ အခုတောင် တချို့ စဖွင့်ပြီ၊ ဖြစ်လာမှာပေါ့'

'အေးဗျာ ကိုဟန်ထွန်းက သူ့ရုံးမှာ စာရေးလုပ်ချင်ရင်တော့ ရမယ်တဲ့၊ ကိုဟန်ထွန်းကို ခင်ဗျား သိသားပဲ၊ အခု သူက ရာထူးကြီးနဲ့လေ'



'ကိုဟန်ထွန်းကြီး ကျွန်တော်တို့ ပုဂံဟောလ်ကပဲဟာ သိတာပေါ့၊ ဒီလိုဆို ခင်ဗျား သူ့ရုံးမှာ စာရေးဝင်လုပ်နေဦးပေါ့၊ နောက်တော့မှ လခကောင်းတဲ့အလုပ်ကို ပြောင်းလုပ်ပါ၊ ကျွန်တော် ဂရုစိုက်ပြီး စုံစမ်းပေးပါ့မယ်၊ ဒါနဲ့ ခင်ဗျား ကိုယ်ရေးကိုယ်တာကိုပဲ စပ်စုရဦးမယ်၊ ခင်ဗျားကို ပြောင်မေးမယ်၊ ခင်ဗျားမှာ ချစ်သူမရှိဘူးလား၊ ရင်ထဲက ချစ်သူပေါ့ဗျာ၊ သမီးရည်းစားလို့တော့ မခေါ်နိုင်ဘူး ဆိုချင်ဆိုပေါ့'

'ကိုတက်တိုး၊ ခင်ဗျားဟာ စာရေးဆရာ သတင်းစာဆရာပီပီ တယ်လဲ စပ်စုတာကိုး၊ ကဲ ခင်ဗျားသိချင်ရင် ကျွန်တော် ပြောမယ်၊ ခင်ဗျားပြောတဲ့ ရင်ထဲက ချစ်သူ တစ်ယောက်တော့ ရှိခဲ့ပါတယ်'

'အိုဗျာ ဒီလိုဆိုရင်လဲ ဘာကြောင့် ရင်မဖွင့်ခဲ့သလဲ၊ အဆင်ပြေရင် ဘဝအဖော် ရမှာပေါ့၊ ဘဝအဖော်ကောင်းဟာ ရတနာတစ်ခုပဲ'

'အင်း သူဟာ ဘဝအဖော်ကောင်း ဖြစ်နိုင်မယ့် အလားအလာရှိပါတယ်၊ ဒီလိုဗျ ဒီလို၊ စစ်မဖြစ်ခင်ကလေးမှာကျွန်တော်ကျောင်းထွက်ပြီး ကျွန်တော့်မြို့မှာပဲ စာရေးလုပ်နေတုန်း ကျွန်တော်တို့အိမ်နားကအိမ်မှာ အရာရှိ မိသားစု တစ်ဦးရောက်လာကြတယ်၊ ရာထူးတာဝန်အရ ပြောင်းလာခဲ့တဲ့ အရာရှိပေါ့၊ အဘိုးကြီးက အသက်အတော် ကြီးနေပါပြီ၊ ပင်စင်နီးနေပါပြီ၊ သူ့မှာ အတူနေသမီးတစ်ယောက် ရှိပါတယ်၊ အကြီးတွေကတော့ အိမ်ထောင်ကျပြီး တခြားစီ တစ်မြို့စီ ရောက်နေကြတယ်၊ သူတို့မိသားစုမှာ အရာရှိ

www.burmeseclassic.com

www.burmeseclassic.com



အဘိုးကြီးရယ်၊ သူ့ဇနီးအဘွားကြီးရယ်၊ သူရယ်၊ ပြီးတော့ သူ့အစ်ကိုကြီးရဲ့ သမီးကလေးတစ်ယောက် ရှိပါတယ်'

'အဲ ဒီတော့ ခင်ဗျားတို့ မိသားစုနဲ့ အကျွမ်းတဝင် ဖြစ်ကြတယ်ဆိုပါတော့'

'အိမ်နီးချင်းမို့လဲတစ်ကြောင်း၊ ကျွန်တော့်အဖေနဲ့ အရာရှိ အဘိုးကြီးတို့က တရားစကားပြောကြရင်း ရင်းနှီးသွားကြတယ်၊ အဘွားကြီးနဲ့ ကျွန်တော့်အမေနဲ့ ညီမတွေနဲ့လဲ ရင်းရင်းနှီးနှီးဖြစ်သွားကြတယ်၊ ကျွန်တော်နဲ့ သူနဲ့ ကတော့ သက်တူရွယ်တူ အပျို လူပျိုမို့ ခပ်တန်းတန်းပေါ့'

'အင်း ဟုတ်တာပေါ့၊ ခင်ဗျားကတော့ ထုံးစံအတိုင်း မဝံ့မရဲ ကြောင်တောင်တောင်ပေါ့ ဟုတ်လား'

'ဟာ မဟုတ်တာဗျာ။ ကျွန်တော် ကျောင်းတုန်းကလို မဟုတ်တော့ပါဘူး၊ ဆက်ဆံမှု အတော်တတ်လာပါပြီ၊ ကျွန်တော်တို့နှစ်ယောက် ပြောလား ဆိုလားတော့ ရှိကြပါတယ်၊ ကျွန်တော့်ညီမ နှစ်ယောက်နဲ့တော့ အတော်သင့်နေကြတာပေါ့'

'ကဲ ဆိုပါဦး၊ ဒါနဲ့များ ခင်ဗျားက ရည်းစားရယ်လို့ မဟုတ်ပါဘူးလို့ ပြောရသေးတယ်၊ခင်ဗျားတို့နှစ်ယောက် အပြန်အလှန် ရင်ထဲကချစ်သူတွေ ဖြစ်ကုန်ကြတယ် မဟုတ်လား'

'သူက ဖော်ရွေပါတယ်၊ ကျွန်တော့်ကိုလဲ ခင်မင်ရင်းနှီးပုံပေါ်ပါတယ်၊ ကျွန်တော်ကလဲ အရင်တုန်းကလို ငတ်တုတ်ကြီး ကြောင်တောင်တောင်ကြီး မဟုတ်ပေမယ့် ခင်ဗျား ပြောသလို ရင်မဖွင့်ရဲဘူးဗျ'



'အဲဒါ ခင်ဗျားရဲ့ ပျော့ကွက်ပဲ၊ ကိုယ်က သူ့ကို ရိုးရိုးသားသား ချစ်တာပဲ၊ ဘာလို့ မပြောရဲရမှာလဲ'

'ကိုတက်တိုး ခင်ဗျားပြောတာတော့ မှန်ပါတယ်၊ ကျွန်တော့်မှာ ဖွင့်မပြောရက်သလို ဖြစ်နေတဲ့အကြောင်း ရှိတယ်၊ အဲဒီအကြောင်းက ကျွန်တော် သူ့ကို မယူရက်ဘူး၊ သူ ကျွန်တော့်လို ဆင်းရဲသွားမှာစိုးလို့ပါ'

'ဟာ လင်ရယ် မယားရယ် ဖြစ်လာမှတော့ဖြင့် အေး အတူပူအမျှပေါ့ဗျ၊ ဘာလဲ ခင်ဗျားထက်အဆင့်မြင့်နေလို့ ခင်ဗျား တွက်သလား၊ အရာရှိသမီးလဲ ခင်ဗျားနဲ့ ရတော့ စာရေးကတော်ဖြစ်ရုံပေါ့'

'ဒီလို မဖြစ်စေချင်ဘူး ကိုတက်တိုး၊ ပြီးတော့ ကျွန်တော့်မှာ မိဘတာဝန်တင် မကဘူး၊ ညီမနှစ်ယောက် ညီသုံးယောက် သူတို့ ရှေ့ရေးကောင်းအောင် ကျွန်တော် တာဝန်ယူရဦးမယ်၊ တာဝန်ယူနေရတယ်လေ၊ ဒါကြောင့်လဲ ကျွန်တော် ဘွဲ့မရခင် ကျောင်းထွက်ပြီး စာရေးလုပ်တာပေါ့၊ ကျွန်တော့်အဖေက ကျောင်းဆရာ၊ မူလတန်းကျောင်းအုပ်ဆရာ၊ နောင် တစ်နှစ်လောက်မှာ ပင်စင်ယူရတော့မယ်၊ ကျွန်တော်တို့တစ်တွေကလဲ အလုပ်အကိုင်နဲ့ မဟုတ်ကြသေးဘူး၊ ဒီအလားအလာတွေကြည့်ပြီး ကျွန်တော်က ကြိုတင် ဆောင်ရွက်တဲ့အနေနဲ့ ကျောင်းထွက်ပြီး အလုပ်လုပ်ရတာပေါ့'

'အင်း ခင်ဗျားဟာ အချစ်ကို ဦးစားမပေးဘဲ တာဝန်ဝတ္တရားတွေကို အရေးထားတဲ့လူပဲ၊ ချီးမွမ်းပါတယ်ဗျာ'

'အချစ်ဆိုတာ စိတ်ကိစ္စပါ၊ ခင်ဗျားပေးတဲ့ နာမည်ကို သဘောကျတယ်၊ ရင်ထဲကချစ်သူတဲ့၊ အချစ်ဆိုတာ ရင်ထဲ

www.burmeseclassic.com

www.burmeseclassic.com



မှာသာ ထားရတာပဲ၊ ချစ်တိုင်းညားတာမှ မဟုတ်တာ၊ ချစ်တာနဲ့ညားရမယ်၊ မညားရရင် မချစ်ဘူးဆိုတဲ့ သဘောမျိုးဟာ အချစ်စစ်နဲ့ မဆိုင်ဘူး'

'အင်း ကိုသန်းလှ၊ ခင်ဗျားပြောတဲ့ အချစ်ဒဿနကို ကျွန်တော် အပြည့်အဝ ကျေနပ်ထောက်ခံတယ်ဗျာ'

'ခင်ဗျားပြောတဲ့ 'အချစ်ဒဿန' ဆိုတာကိုလဲ ကျွန်တော် သဘောကျတယ်၊ လူအများက အချစ်အဘိဓမ္မာတဲ့၊ အဲဒီ ဝေါဟာရကို ကျွန်တော်တော့ ကန့်ကွက်ချင်တယ်ဗျာ၊ ခင်ဗျား စာရေးဆရာပဲ၊ အဲဒါကို ကန့်ကွက်တဲ့ဆောင်းပါးတစ်ပုဒ် ရေးဗျာ၊ အဘိဓမ္မာဆိုတာ ဗုဒ္ဓမြတ်စွာဟောကြားတော်မူတဲ့ တရားကိုသာ ညွှန်းသင့်တယ်၊ 'ဖိလောဆိုဖီ အော့ဖ် လပ်ဗ်' (အချစ်ဒဿန) ပေါ့ဗျာ'

'ဒါနဲ့ စစ်ကြီး ကျွန်တော်တို့တိုင်းပြည်ကို ရောက်လာပါရော၊ ကျွန်တော်တို့ရဲ့မြို့ကိုလဲ ဗုံးစကြပြီ၊ မြို့နေလူထုလဲ အစုလိုက်အပြုံလိုက် အိုးအိမ်ပစ်ပြီး တောရွာဒေသများဆီကို ပြေးကြတယ်၊ အင်္ဂလိပ်အစိုးရ အုပ်ချုပ်ရေးလဲ ပျက်သွားပြီ၊ ကျွန်တော်တို့က ဆွေမျိုးတွေရှိတဲ့မြို့နဲ့ ဆယ့်ငါးမိုင်လောက်ကွာတဲ့ ရွာကြီးတစ်ရွာဆီကို ပြောင်းကြတယ်၊ သူ့မိဘများဟာ မြို့မှာ မိတ်သင်္ဂဟ အရင်းအချာဆိုလို့ ကျွန်တော်တို့ပဲ ရှိတာ၊ သူတို့ကို ကျွန်တော်တို့နဲ့အတူခေါ်သွားကြရတာပေါ့၊ ကျွန်တော်တို့ နှစ်အိမ်ပေါင်း ပစ္စည်းတွေကို လှည်းလေးစီးမှာ တင်ပြီး မိသားစုတွေက လှည်းတစ်စီးနဲ့ ပြောင်းကြတာပေါ့၊ ရွာရောက်တော့ ကျွန်တော်တို့ ဆွေမျိုးတွေက နေရာထိုင်ခင်း ကျကျနန လုပ်ပေးကြတယ်၊ ကျွန်တော်တို့တစ်တွေ အိမ်ကြီး



တစ်ဆောင်မှာအတူနေကြရတယ်၊ အဲဒီအချိန်ဟာကျွန်တော့်အဖို့ အတော်ကြီးကို သာယာတဲ့အခါလို့ ဖွင့်ဟဝန်ခံရမှာပဲ'

'ဒီလိုဆိုတော့ ခင်ဗျားတို့နှစ်ယောက် အတော်ကြီးကို အဆင်ပြေနေကြပြီပေါ့၊ ဒါနဲ့များ ခင်ဗျားက သမီးရည်းစား မဟုတ်ပါဘူးလို့ ဆိုရသေးလားဗျာ'

'ကျွန်တော့်အဆို မမှားပါဘူး ကိုတက်တိုး၊ သူနဲ့ ကျွန်တော် ရင်ထဲက ချစ်သူအဖြစ်နဲ့သာ ရှိနေတာပါ၊ သူ့စိတ်ထဲမှာ ဘယ်လိုဆိုတာတော့ မသိရပေမယ့် သူ့အမူအရာနဲ့ ဆက်ဆံမှုဟာ ကျွန်တော့်ကို အတော်ရင်းနှီးနေပုံရပါတယ်၊ ကျွန်တော်လဲ အဲဒီလိုနေရရင် တော်ပါပြီ၊ အိမ်ထောင်ရေးကို ကျွန်တော့်အခြေအနေအရ တွေးလို့ မဖြစ်နိုင်ပါဘူး'

'ခင်ဗျားတို့ နှစ်ယောက်ဟာ တကယ်တော့ အုံ့ပုန်းချစ်သူတွေပေါ့'

'ခင်ဗျား နာမည် မှည့်ချင်သလို မှည့်ပါ၊ အဲဒါနဲ့ ကျွန်တော်တို့ဟာ ဂျပန်ခေတ်အစကို ရောက်လာတော့ လူစုခွဲဖို့အကြောင်း ပေါ်လာတာပေါ့၊ ဒေါက်တာဘမော်အစိုးရ တက်လာတော့ အရာရှိဟောင်းတွေ အလုပ်ပြန်ဝင်ဖို့ ဖြစ်လာတယ်၊ ခင်ဗျားလဲ အသိသားပဲ၊ သူ့အဖေလဲ သူ့ဌာနကို ပြန်ဝင်ရတာပေါ့၊ သူက မြို့ပြဘက်က အရာရှိဆိုတော့ မြို့ပြောင်းရတယ်'

'ဘယ်ပြောင်းရသလဲ'

'မော်လမြိုင် အရေးပိုင်ရုံးမှာ ရုံးချုပ် ဝန်ထောက်ကြီး၊ အဲဒီတုန်းက အိပ်ချ် ကျူ အေလို့ ခေါ်တယ်လေ၊ အဲဒီ

www.burmeseclassic.com

www.burmeseclassic.com



ရာထူးနဲ့ ပြောင်းရတယ်၊ ကျွန်တော်တို့အားလုံး မြို့ကို ပြန်ရောက်ပြီးတဲ့ နောက်တစ်လလောက်မှာ သူတို့ မော်လမြိုင်ပြောင်းကြတယ်'

'ဪ မော်လမြိုင်ဆိုတော့ ခင်ဗျားတို့မြို့နဲ့ သိပ်ပြီး ဝေးသွားတာပေါ့၊ သူ့ဆီက စာလေးဘာလေးများ မရဘူးလား၊ ခင်ဗျားဆီတော့ ဘယ်ရေးနိုင်မှာလဲ၊ ခင်ဗျား ညီမတွေဆီတော့ ရေးနိုင်တာပေါ့'

'စစ်အတွင်းဆိုတော့ ဆက်သွယ်ရေး အတော်ခက်တယ်၊ အတော်ကြီးကြာမှ ညီမတွေဆီကို စာတစ်စောင်တလေ ရောက်ပါရဲ့၊ နောက်တော့ အဆက် အပြီးအပိုင်ပြတ်သွားတယ်၊ ကျွန်တော့်မှာလဲ ဖခင်ကြီး ဆုံးသွားတယ်၊ နောက်မကြာခင်မှာပဲ မိခင်ကြီးဆုံးပြန်ပါရော၊ အဲဒီလို ဒုက္ခတွေကြားထဲမှာ ညီတွေ ညီမတွေအတွက် ကျွန်တော် စာရေးလုပ်ရင်း ကျပ်ကျပ်တည်းတည်းနဲ့နေကြရတယ်၊ အဲဒီတော့ သူနဲ့အဆက်ပြတ်နေတာကိုတောင် ဘယ်လိုမှ မစဉ်းစားခဲ့အားဘူး၊ မကြာခဏတော့ သတိရပါတယ်'

'နောက် သူ့ကို ပြန်မတွေ့တော့ဘူးလား'

'မနေ့က လမ်းပေါ်မှာ တွေ့ခဲ့တယ်'

'ဪ ဘယ်လမ်းပေါ်မှာလဲ၊ ဘယ်လိုတွေ့သလဲ'

'မနေ့က ကျွန်တော် ကိုဟန်ထွန်းတို့အိမ်က မနက်စောစော ထွက်လာခဲ့တာ၊ ဟယ်လ်ပင်လမ်း တစ်လျှောက် ဖြည်းဖြည်းကလေး လျှောက်လာလိုက်တာ ပြည်ထောင်စုရိပ်သာရှေ့မှာ ရပ်ထားတဲ့ ကားတစ်စီးတွေ့ရတယ်၊ နောက် အိမ်ခန်းတစ်ခန်းပေါ်က ကလေးကလေးတစ်ယောက်ကို



လက်ဆွဲပြီး ဆင်းလာတဲ့ အမျိုးသမီးကလေးတစ်ယောက်ကို တွေ့ရတယ်၊ ကျွန်တော်နဲ့ လမ်းဘေးပလက်ဖောင်းပေါ်မှာ ပက်ပင်းတွေ့တော့ သူ ဖြစ်နေတယ်၊ ကျွန်တော်လဲ အံ့အားသင့်သွားတာပေါ့၊ နောက်ကလိုက်လာတဲ့ ယောကျ်ား တစ်ယောက် ကျွန်တော်တို့အရွယ်သာသာလောက် တွေ့ရတယ်၊ သူ့မျက်နှာက ရှက်သလို ကြောက်သလို မျက်နှာထားမျိုး၊ ကျွန်တော့်ကို နှုတ်ဆက်တော့မလို၊ ပြုံးတော့မလို မပြောတတ်ပါဘူးဗျာ၊ သူ စိတ်လှုပ်ရှားသွားတယ် ထင်ပါရဲ့'

'အဲဒီတော့ ခင်ဗျားကစပြီး နှုတ်ဆက်လိုက်ရောလား'

'ဘယ်ဟုတ်မလဲဗျာ၊ ကျွန်တော်က သူ မတွေ့ဘူး မမြင်ဘူးတဲ့ လူတစ်ယောက်ကို မြင်ရသလို ခပ်စိမ်းစိမ်းကြည့်ပြီး မျက်နှာလွှဲပြီး ခပ်သုတ်သုတ်ကလေး လျှောက်လာတော့တာပေါ့'

'နှုတ်ဆက်လိုက်ရောပေါ့ဗျာ၊ မိတ်ဟောင်းဆွေဟောင်း အနေနဲ့နှုတ်ဆက်တာပဲ၊ ဘာဖြစ်မှာလိုက်လို့'

'ကျွန်တော်က အားရဝမ်းသာ နှုတ်ဆက်ချင်တာပေါ့ဗျာ၊ သူ့ယောကျ်ားက သူ့အပေါ် ဘယ်လိုထင်သွားမလဲလို့ တွေးမိတာနဲ့ ရှောင်လိုက်တာပါပဲ၊ သူက ကျွန်တော့်ကို ဘယ်လိုထင်မယ်တော့ မသိပါဘူး၊ ကျွန်တော်က သူ့ကို စိတ်နာနေတယ်လို့ထင်မလား မသိပါဘူးဗျာ၊ ကျွန်တော့်ရင်ထဲမှာ အတော်ကြီးခံစားလိုက်ရပါတယ်၊ မမျှော်လင့်ဘဲ တွေ့ရတော့ ပထမ ဝမ်းသာမိတယ်၊ နောက်တော့ ဝမ်းနည်းသလိုလို ရင်ထဲမှာဟာတာတာ ဖြစ်လိုက်၊ လေးတားတေး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လိုက်နဲ့ အဲဒီ မိနစ်ပိုင်းကလေးမှာ ခံစားရတဲ့ ခံစားချက်ကို အတိအကျ ပြောမပြတတ်ပါဘူး'

'ခင်ဗျား ဒါနဲ့ ဒီလိုပဲ တစ်သက်လုံး လူပျိုကြီး လုပ်နေတော့မှာလား၊ ခင်ဗျားရဲ့ အချစ်ဝေဒနာကြီး သက်သာဖို့ အိမ်ထောင်ပြုလိုက်ပါလား၊ လူပျိုကြီးဆိုတာ အေးတယ်လို့တော့ဆိုကြတာပါပဲ၊ ဒါပေမယ့် ဒီအအေးမျိုး ဟာ 'အေးလေ ဆွေးလေ သင်းအခက်ဆုံး' လို့ ဆိုတဲ့အအေး မျိုးဗျ၊ အသက်ကြီးတော့ ခင်ဗျားနားမှာ အရင်းအချာထဲက ဘယ်သူရှိမှာလဲ တူတွေ တူမတွေလဲ အချိန်တန်တော့ သွားကြမှာပဲ မဟုတ်လား'

'ကျွန်တော်တော့ လူပျိုကြီးအဖြစ်နဲ့ပဲ တစ်သက်လုံး နေသွားမှာပါ၊ ကြီးလာတော့ အလျောက်အလျောက်ဖြစ်မှာ ပေါ့၊ နောက်ဆုံးတော့ ဘိုးဘွားရိပ်သာရောက်ရင်လဲ ကောင်း တာပဲ၊ ညီအငယ်ဆုံး နောက်နှစ်နှစ်နေရင် ဘွဲ့ရတော့မယ်၊ အဲဒါပြီးရင် သူတို့အားလုံး လူလားမြောက်ကုန်ကြပြီ၊ ကျွန်တော်လဲ ရဟန်းပြုမယ်လို့ ရည်ရွယ်ထားပါတယ်'

'သာဓုဗျာ သာဓု သာဓု'

*

ကိုသန်းလှ၏ အချစ်ဒဿနကို ကျွန်တော်ကြားရပြီးနောက် သူ့သဘာဝ စရိုက်တို့ကို တွေးပြီး သူ့အချစ်စိတ်ကို စိစစ် ကြည့်မိပါသည်။ ကိုသန်းလှသည် ကျွန်တော်တို့ကျောင်းမှာ အတူနေကတည်းက သူငယ်ချင်းတွေကြားမှာ အအေးဆုံး အငြိမ်ဆုံးဖြစ်သည်။ ဘသန်းတို့ မောင်မောင်တို့ နောက်



ပြောင် ကြတာကို ပြုံး၍သာနေသည်။ သူငယ်ချင်းတွေနှင့် အတူသွား အတူလာ နေသော်လည်း ရက်ရက်ရောရော ပျော်လားရွှင်လား မရှိပေ။ သူ့ဘဝ အခြေအနေကြောင့် လည်း ဖြစ်နိုင်သည်။ နဂိုသဘာဝကလည်း လူ့ဘဝမှာ အေးအေးနေရလျှင် ဘဝတာဝန်ကို ထမ်းဆောင်ရခြင်း လည်း မငြိုငြင်သည့်သဘောထား ရှိပေသည်။

လူပျိုကြီးတို့သည် အကြောင်း အမျိုးမျိုးကြောင့် အိမ်ထောင်မပြုဘဲ နေကြသည်။ အချို့ လူပျိုကြီးတို့သည် ကြင်ယာရွေးမှုတွင် လွယ်လွယ်သဘောမထားကြဘဲ သူတို့ စရိုက်နှင့်လိုက်၍ သူတို့ကို အလိုလိုက်မည့် အမျိုးသမီးကို မရမချင်း စောင့်နေတတ်ကြသည်။ အချို့မှာမူ အိမ်ထောင် ပြုလျှင် မလွတ်မလပ်ဖြစ်ပြီး သူတို့ထင်သလို မနေရဖြစ်မှာ စိုးကြသည်။ အိမ်ထောင်တာဝန်ကို မထမ်းဆောင်လိုကြချေ။ ချည်တိုင်မှာ အချည်မခံလိုကြပေ။ လွတ်လွတ်လပ်လပ် နေရမှ ကျေနပ်ကြသည်။ အချို့မှာကား ငယ်စဉ်က ရည်းစား ပျက်၍ နာကြည်းစရာများရှိသောကြောင့် မိန်းမတွေမှန်သမျှ အပေါ်မှာ အငြိုးထားကြသည်။ အချို့ရှိသေးသည်။ 'အချစ် ဆိုတာ အလကားပါ၊ အဓိပ္ပာယ်မရှိပါဘူး၊ ငယ်ရွယ်စဉ်မှာ ထတတ်တဲ့ ရောဂါမျိုးပါ၊ ဝက်သက် ပဲသီတာ ရောဂါမျိုး လိုပါပဲ၊ ကြီးရင့်လာတော့ ဒီရောဂါလဲ ပျောက်သွားတာပါပဲ၊ အကြောင်းမထူးပါဘူး၊ အိမ်ထောင်ပြုဖို့ဆိုတာလဲ ပြုချင်ပြု မပြုချင်လဲ အကြောင်းမထူးပါဘူး' ဟူသော အယူအဆ မျိုးကို စွဲကိုင်ထားကြသည်။

www.burmeseclassic.com

www.burmeseclassic.com

## အချစ်စစ်တမ်း ၂

## အပျိုကြီးတစ်ယောက် ထွက်ဆိုချက်

မမြမွန်သည် ကျွန်တော်နှင့် ကျောင်းနေဘက် ဖြစ်သည်။ ကျောင်းနေဘက်သာမက ငယ်သူငယ်ချင်းလည်း ဖြစ်သည်။ ကျွန်တော်တို့မြို့သို့ ရောက်လာပြီး နှစ်အတော်ကြာ နေသွားသော သူ့ဖခင် အရာရှိကြီးနှင့် ကျွန်တော့်အဖေတို့မှာလည်း ငယ်သူငယ်ချင်းဖြစ်သည်။ မမြမွန်သည် ကျွန်တော်ထက် အသက်လေးနှစ်လောက်ငယ်သည်။ သူက ကျွန်တော့်ကို 'အစ်ကိုကြီး'ဟု ခေါ်သည်။

မမြမွန်သည် စာအလွန်တော်သည်။ ကျွန်တော့်ထက် အတန်းငယ်သဖြင့် ဆယ်တန်းစာမေးပွဲကို ကျွန်တော့်ထက် သုံးနှစ် နောက်ကျပြီး အောင်သည်။ မြန်မာတစ်နိုင်ငံလုံးတွင် ပထမ ရသည်။ ကျွန်တော်တို့ခေတ်က သူ့လို ကျောင်းသူကျောင်းသားမျိုးတိုင်း ယခုခေတ်မှာလို ဆေးကျောင်း တက်ကြသည်မဟုတ်၊ သူလည်း ဆရာဝန်မလုပ်လိုသဖြင့် ဝိဇ္ဇာသိပ္ပံ တက္ကသိုလ် (ယခင်ကတော့ ရန်ကုန်တက္ကသိုလ်



ဟုသာ ခေါ်သည်) အင်္ဂလိပ်၊ မြန်မာ၊ ပထဝီ၊ လော့ဂျစ် ဘာသာရပ်များကို ယူသည်။ နောက်ဆုံး၌ ဒဿနိက ဘာသာရပ်တွင် ပထမတန်း ဂုဏ်ထူးနှင့် အောင်မြင်သည်။

ကျွန်တော်ကတော့ ဘီအေအောင်ပြီး ကျောင်းထွက်၍ လူ့လောကပြင်ကျယ်တွင် လူးကာလိမ့်ကာနှင့် ရုန်းကန်ခဲ့ရသည်။ မမြမွန်မှာ ဘီအေအောင်ပြီး နှစ်နှစ်လောက်တွင် နိုင်ငံခြားသို့ ပညာတော်သင်အဖြစ် ထွက်သွားသည်။ ထိုအချိန်အခါကတည်းက သူနှင့် ကျွန်တော်တို့ လူချင်းကွဲသွားကြသည်။

နောက် အနှစ်နှစ်ဆယ်လောက်ရှိကာမှ ပြန်တွေ့ကြသည်။ ထိုအခါ၌ သူက ပါမောက္ခဖြစ်နေပြီ။ အပျိုကြီးလည်း ဖြစ်နေလေတော့သည်။

တစ်နေ့တွင် သူနှင့် ကျွန်တော် သူ့အိမ်မှာ စကားလက်ဆုံကျကြသည်။ ငယ်သူငယ်ချင်းနှစ်ယောက် ပြန်လည်တွေ့ကြသည့် အထိမ်းအမှတ်အဖြစ် သူ့အိမ်မှာ ထမင်းစားကြသည်။ သူ့အိမ်မှာ တူမကလေး နှစ်ယောက် သုံးယောက်ရှိသည်။ ယောကျ်ားသားဟူ၍ တစ်ယောက်မျှ မတွေ့ရပေ။

ကားမောင်းသမားကြီး အသက်ခြောက်ဆယ်နီးပါးနှင့် သူ့ဇနီးတို့က အိမ်ထောင်ထိန်းများ ဖြစ်သည်။ မမြမွန်သည် သူ့အသိုက်အဝန်းနှင့်သူ ပျော်ရွှင်ကျေနပ်နေပုံရသည်။

ကျွန်တော်က သူ့ကို ငယ်နာမည်ဖော်၍ ခေါ်ပြီးလျှင် တဲ့တိုး မေးလိုက်သည်။ 'ကဲ မဘုတ်ဆုံ၊ အခု နင် အသက်ဘယ်လောက်ရှိပြီလဲ၊ လေးဆယ်ကျော် ငါးဆယ် ဟုတ်လား၊ အဲဒီအရွယ်ထိ နင် အိမ်ထောင်မပြုသော နင်က

www.burmeseclassic.com

www.burmeseclassic.com



ပညာမာနတက်ပြီး နင်နဲ့ ပညာအဆင့်တူတာ မတွေ့ရလို့လား'

'အို အစ်ကိုကြီးကလဲ၊ ဘုတ်ဆုံ ဘယ်တုန်းကများ မာနတက်တာ တွေ့ဖူးလို့လဲ၊ ငယ်ငယ်တုန်းက အတိုင်းပါပဲ၊ ပညာမာနတက်ရအောင် ဒီလောက် မမိုက်သေးပါဘူး'

'အေး နင်မမိုက်မှန်း ငါ သိပါတယ်၊ နင့်ဆီက အဖြေအမှန်လိုလို့ တမင်စလိုက်တာပါ၊ အဖြေမှန်ပေးစမ်း၊ နင် ဘာကြောင့် အပျိုကြီးလုပ်နေတာလဲ၊ ရည်းစားက ပစ်သွားလို့တော့ မဟုတ်ပါဘူးနော်'

'ကျွန်မကို ဘယ်လိုစစ ကျွန်မမှာ မတုန်လှုပ်ပါဘူး၊ ကျွန်မ သဘာဝကိုက တစ်မျိုးပါ၊ အချိန်တန် အရွယ်ရောက်လာတဲ့အခါကတည်းက ကျွန်မမှာ ဖို မ စိတ် မထက်သန်ပါဘူး၊ အဲဒါ သဘာဝမကျဘူးလို့ အစ်ကိုကြီးပြောရင် မှားမယ်၊ သွေးသားဆူဖြိုးလို့ စိတ်တက်ကြွတာမျိုးဟာ ကျန်းမာရေးပြည့်စုံသူတိုင်းမှာရှိတာ ဓမ္မတာပါ၊ ဒါပေမယ့် ကျွန်မက အဲဒီ ရောဂါစိတ်ကို မေတ္တာ ကမ္မဋ္ဌာန်းနဲ့ ကျော်လွှန်အောင် ကြိုးစားတယ်၊ တရားဓမ္မကြောင်းနဲ့ချည်းတော့ မဟုတ်ပါဘူး၊ ကျွန်မတော့ စာကြိုးစားတယ်၊ ပညာမှာ ထူးချွန်သည်ထက် ထူးချွန်အောင်ကြိုးစားပြီး ရာဂစိတ်ကို ချိုးနှိမ်တယ်၊ မဖြစ်နိုင်ဘူးလို့မပြောနဲ့ အစ်ကိုကြီး ဖြစ်နိုင်ပါတယ်'

'မဖြစ်နိုင်ဘူးလို့ မပြောချင်ပါဘူး၊ ငယ်ဖြူအဖြစ်နဲ့ တစ်သက်လုံး မဖောက်ပြန်ဘဲ နေသွားတဲ့ သူတော်စင် ပါရမီရှင်တွေ ရှိတယ်ဆိုတာ ငါ ယုံကြည်ပါတယ်၊ နင့်



အပြောအတိုင်းဆိုရင် နင်လဲ သူတော်စင်တစ်ယောက်ဖြစ်နေတာပေါ့'

'အဲဒီလိုလဲ မဆိုလိုပါဘူး၊ ကျွန်မ လောကုတ္တရာဘက်မှာ သိပ်ပြီး မပေါက်မြောက်ပါဘူး၊ သူတော်စင်ဖြစ်အောင် ကြိုးစားချင်ပါတယ်၊ ဒါပေမယ့် လောကီကို ပယ်ပြီးတော့ လောကုတ္တရာနယ်ထဲရောက်ဖို့တော့ အများကြီး လိုပါသေးတယ်၊ ကျွန်မရဲ့နည်းကတော့ အလုပ်ကို အများကြီးလုပ်တယ်၊ 'မျက်စိအကျင့် ဝမ်းအချင့်' ဆိုသလို ကျွန်မ မျက်စိက အကျင့်ပါနေပြီ၊ အများကြီး မအိပ်ဘူး၊ ကျင့်ယူရတာပေါ့၊ ဘယ်လိုကျင့်သလဲဆိုတော့ ညဆိုရင် ညနေစောင်းလောက်မှာ ညစာစားပြီး ခုနစ်နာရီလောက်က ကိုးနာရီ ဆယ်နာရီအထိအိပ်ပစ်လိုက်တယ်၊ ပြီးတော့ မနက်သုံးနာရီ လေးနာရီလောက်အထိ စာဖတ်တယ်၊ စာရေးစရာရှိရင် ရေးတယ်'

'အဲဒီလိုဆိုတော့ နင့်အကျင့်ဟာ တစ်မျိုးပဲပေါ့'

'ညမှာ အလုပ်လုပ်ရတာ ကျွန်မတို့လို စာပေသမား ပညာရေးလုပ်သားမျိုးမှာ အလုပ်တွင်ကျယ်တယ်၊ စာတွေ အများကြီး ဖတ်ဖြစ်တယ်၊ စာသင်ပေးရမှာလဲ ပိုပြီး အားရှိတယ်၊ စုံစုံလင်လင် ကျကျနန သင်ပေးနိုင်တယ်'

'ကောင်းတဲ့အကျင့်လို့ ဆိုရမှာပေါ့၊ သုံးနာရီ လေးနာရီလောက်ကျတော့ ပြန်အိပ်သလား'

'ဟုတ်ပါတယ်၊ လိုအပ်တဲ့ အိပ်ချိန်ပြည့်အောင် မနက် ကိုးနာရီလောက်အထိ အိပ်ပစ်လိုက်တယ်၊ ရာဂစိတ်ဆိုတာ ညအချိန်မှာ ပိုပြီးသောင်းကျန်းတယ်၊ အိပ်ရာထဲ

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်းဆိုတော့ ဟိုတွေး ဒီတွေးနဲ့ ရာဂစိတ်တွေ တစ်ပြုံကြီး ဝင်လာတတ်တယ်'

'နင့်ဝါဒက တစ်မျိုးပဲ၊ နင်ဟာ ဖီလိုဆိုဖီပညာတင် မကသေးဘူး၊ ဆိုင်ကော်လော်ဂျီပညာကိုပါ အသုံးပြုတဲ့ ပုံမျိုးပဲ'

'ဆိုပါတော့ ကျွန်မနည်းဟာ ကျွန်မဖို့ပဲ သူများနဲ့ သင့်တော် မတော် ကျွန်မ မသိဘူး၊ ရာဂစိတ်ကို အလုပ်တစ်ခုနဲ့ ဖြေဖျောက်ပစ်ရတယ်၊ အဲဒါ ကျွန်မ အယူအဆအရဆိုရင် ရာဂစိတ်ဆိုတဲ့ ယုတ်ညံ့တဲ့ စေတသိက်ကို မြင့်မြတ်တဲ့ အဖြစ်ကို ရောက်စေတာမျိုးပဲ'

'ဟုတ်တယ်၊ ရာဂစိတ်ဟာ သဘာဝစိတ် တစ်ခုပေါ့၊ အဲဒါကို သဘာဝနဲ့ဆန့်ကျင်တဲ့သဘော ထိပ်တိုက်တိုးပြီး တိုက်ခိုက်တာ မဟုတ်ဘဲ အထက်ကိုကျော်တက်တဲ့ သီလစိတ်လို့ ခေါ် မလား မသိပါဘူး၊ အဲဒီ ကောင်းတဲ့စိတ်ကို ဖြစ်စေတာပဲလို့ ဆိုချင်တယ်'

'အစ်ကိုကြီးက ရှင်းပြလိုက်တဲ့အတိုင်းပါပဲ၊ အဲဒီလို လုပ်တာဟာ ကောင်းတယ်လို့ ယူဆပါတယ်၊ ကျွန်မတော့ လက်တွေ့ပါပဲ၊ ဘာသာရေးစိတ်နဲ့ တရားဓမ္မကျင့်ကြံနိုင်ရင်တော့ သိပ်ကောင်းတာပေါ့၊ ကျွန်မ ဒီလောက်ပါရမီ မရင့်သေးပါဘူး'

'ဒီလိုပြောလို့ ဘယ်ဖြစ်မလဲ၊ နင့်စိတ်ဓာတ်ဟာ ရင့်ကျက်တဲ့ စိတ်ဓာတ်ပဲ၊ တရားဓမ္မနဲ့ယှဉ်ပြီး လောကုတ္တရာ အလုပ်ကို လုပ်လိုက်ရရင် နင်အတော်ပေါက်မြောက်မှာ သေချာတယ်၊ လောကီနဲ့လောကုတ္တရာဆိုတာ နှစ်ဆင့်တွဲပဲ၊ လောကုတ္တရာဆိုတာ နင်သိသားပဲ၊ လောကမှ လွန်မြောက်



တဲ့ အဓိပ္ပာယ်ပဲ၊ လွန်မြောက်တယ်ဆိုတာ အတိုက်အခံ လုပ်တာ မဟုတ်ဘူး၊ အတော်ကိုကျော်ပြီးလွတ်မြောက်စေတာပေါ့'

'အစ်ကိုကြီးရှင်းပြတာ သိပ်ကောင်းတာပဲ၊ ကျွန်မမှာ ပုထုဇဉ်သဘာဝ သွေးသားလှုပ်ရှားမှု မရှိဘူး မဆိုချင်ပါဘူး၊ ဒါပေမယ့် တဏှာပေမ စိတ်တွေကြောင့် ဒုက္ခရောက်ကြတာ မြင်တွေ့နေရတော့ ကျွန်မ အဲဒီ ဒုက္ခမျိုးကို ကျော်လွန်ချင်တယ်၊ ကျွန်မ အိမ်ထောင်ရေးနဲ့ပတ်သက်လို့ သံဝေဂရတဲ့ ဖြစ်ရပ်တစ်ခုလဲ ရှိပါတယ်၊ ကျွန်မကိုယ်တိုင်ဖြစ်တာ မဟုတ်ပါဘူး၊ ကျွန်မ အစ်မကြီးရဲ့အိမ်ထောင်ရေးဖြစ်ထွေပါ'

'ဘယ်သူလဲ၊ နင့်အစ်မကြီး မစန်းယဉ်လား၊ အေး အိမ်ထောင်ကျတာ ငါ သိလိုက်တယ်၊ နောက်တော့ လူချင်း ကွဲသွားကြလို့ သူ့အကြောင်း ငါ တစ်စွန်းတစ်စမျှတောင် မကြားရတော့ဘူး၊ အခု သူ ဘယ်မှာလဲ'

'ဆုံးတာ ငါးနှစ်ရှိသွားပါပြီ'

'သြော် ဖြစ်မှ ဖြစ်ရလေ၊ သူ မသေခင် အတော် ဒုက္ခရောက်သွားသလား'

'ရောက်တာပေါ့ အစ်ကိုကြီးရယ်၊ အိမ်ထောင်ရေးဒုက္ခကြောင့် သူဟာ မသေခင်တစ်နှစ်လောက်မှာ ရူးကြောင်ကြောင် ဖြစ်သွားရပါတယ်၊ သူ့ယောကျ်ားက ဆိုးတာထက် ယုတ်တာက ပိုတယ်၊ သူတို့နှစ်ယောက် တက္ကသိုလ်မှာ တွေ့ကြ ချစ်ကြတယ်၊ ဘွဲ့ရကြပြီးတဲ့နောက် သူ့လူရဲ့မိဘတွေက ဆင်းရဲတယ်၊ ဒါပေမယ့် ဖေဖေ မေမေတို့က အဆင့်အတန်း မခွဲခြားပါဘူး၊ ပြီးတော့လဲ သူ့လူက

www.burmeseclassic.com

www.burmeseclassic.com



ပညာအရည်အချင်းရှိတယ်၊ ဖေဖေ မေမေတို့ကလဲ အစ်ကိုကြီးသိတဲ့အတိုင်းပဲ ရှေးခေတ် မင်းစိုးရာဇာစိတ်ထားမျိုး ရှိကြတယ်၊ အခုလို မြို့အုပ်ဆိုတော့ သဘောတူကြတာပေါ့၊ သူတို့နှစ်ယောက် အစလောက်တော့ အဆင်ပြေကြပါတယ်၊ နောက် နှစ်နှစ် သုံးနှစ်လောက်နေတော့ သူ့ယောကျ်ားကစပြီး ဖောက်ပြန်တော့တာပေါ့၊ အဲဒီခေတ်တုန်းက ဗျူရိုကရက်တွေကြီးစိုးတဲ့ခေတ်မို့ သူ့ယောကျ်ားပျက်တာပေါ့၊ တောတက်တယ်ဆိုရင် တောရွာက သူကြီးတွေက မြို့အုပ်မင်းကို အမျိုးမျိုး ပြုစုကြရတယ်'

'နယ်ချဲ့လက်ထက်မှာ မြို့အုပ်ဝန်ထောက်တွေက အတော်ပျက်စီးကြတယ်၊ ဘုရားထူးခံတွေပေါ့'

'အဲဒါနဲ့ တိုတိုပြောရင် အစ်မရဲ့ ယောကျ်ားမြို့အုပ်မင်းဟာ တစ်ရွာတစ်ယောက်ဆိုသလို မယားငယ်တွေ မှိုလို ပေါက်နေတာပဲ၊ အစ်မလဲ ဒူးနဲ့မျက်ရည်သုတ်နေရတယ်၊ အစက ချစ်လှချည်ရဲ့ဆိုတဲ့လူက မယားကို ဂရုမစိုက်တော့ဘူး၊ အစ်မလဲ လင်ဆိုးမယား တဖားဖားဆိုသလို ဖြစ်ရတယ်၊ မကြာမကြာ လင်မယားရန်ဖြစ်ရတယ်၊ အရက်ကလဲ အမြဲမူးနေတာ၊ ရန်ဖြစ်ရင် မယားကို ရိုက်တယ်၊ သမီးကလေးနှစ်ယောက် မွေးပြီးတဲ့နောက် ကိုယ်တော်ချောက ပိုပိုဆိုးလာတယ်၊ အစ်မလဲ စိတ်ထိခိုက်ရလွန်းလို့ နှလုံးရောဂါ ဖြစ်ရတယ်၊ နှလုံးရောဂါတင်မကဘူး၊ တီဘီပါ ဖြစ်လာပြန်တယ်၊ ဒီတော့ ဘယ်ကောင်းတော့မှာလဲ၊ ကျွန်မတို့က ဝိုင်းစောင့်ရှောက် ရတာပေါ့၊ နောက်တော့ သိပ်မကြာပါဘူး၊ အစ်မ ဆုံးရှာတယ်'



'မြို့အုပ်ကောင်ကော ဘယ်လိုနေသလဲ'

'အစ်မဆုံးလို့ သိပ်မကြာပါဘူး၊ တစ်နှစ်လောက်တောင် မရှိသေးဘူး၊ နောက်မိန်းမယူလိုက်တယ်'

'သမီးကလေးနှစ်ယောက်ကော'

'အခု ကျွန်မဆီမှာရှိတဲ့ ကြည်ကြည်နဲ့ ရီရီတို့ပေါ့၊ ကျွန်မ ခေါ်ပြီး မွေးစားရတာပေါ့၊ သူတို့အဖေက သူတို့ကိုလဲ မခင်ပါဘူး၊ ဖခင်ဝတ္တရားဆိုတာတော့ ဝေးရော ဘာမှ ဂရုမစိုက်ဘူး၊ ဒီလို ရက်စက်ယုတ်မာတဲ့ ယောကျ်ားမျိုး ရှားတယ်'

'အဲဒီတော့ နင်က ယောကျ်ားတွေကိုမုန်းသွားရောလား'

'အားလုံးကို သိမ်းကျုံးပြီး မမုန်းပါဘူး၊ ဒါပေမယ့် ယောကျ်ားတွေအပေါ်မှာ အယုံအကြည် အတော်ကြီးနည်းသွားတယ်၊ ကြည်ညိုထိုက်တဲ့ယောကျ်ားတွေလဲ ရှိပါတယ်၊ ဒါပေမယ့် အတော်နည်းတယ်၊ အထူးသဖြင့် အပေါ်လွှာ ဂုဏ်ကြီးရှင်တွေထဲမှာ အတော့်ကို ရှားတယ်'

'ဒါနဲ့ နင်က အိမ်ထောင်ပြုရမှာကို ကြောက်သွားရောလား'

'ကြောက်တယ် ဆိုချင်ဆိုပေါ့၊ ဒါပေမယ့် ကြောက်တာတော့ မဟုတ်ဘူး၊ အိမ်ထောင်ပြုတာကို မလိုလားဘူး၊ ကျွန်မတို့လို အခြေအနေနဲ့တော့ သိတဲ့အတိုင်းပဲ၊ ကိုယ့်ဘာသာကိုယ် ရပ်တည်နိုင်တယ်၊ အားကိုးမလိုပါဘူး၊ မိန်းမတွေဟာ ယောကျ်ားယူတယ်ဆိုရာမှာ အားကိုးချင်လို့ ယူတာ များပါတယ် ၊ ချစ်တယ်ဆိုလဲ မိန်းမတွေမှာတော့ ချစ်တဲ့စိတ်နောက်မှာ အားကိုးချင်တဲ့စိတ်က ကပ်ပါတာ

www.burmeseclassic.com

www.burmeseclassic.com



များတယ်၊ ကျွန်မအဖို့တော့ အိမ်ထောင်ပြုဖို့ မလိုပါဘူး၊ ဘယ်လိုပြောပြော သဘာဝအနေနဲ့ မိန်းမဟာ ယောကျ်ားလို မတွင်ကျယ်နိုင်ပါဘူး၊ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးတွေမှာ ခေါင်းဆောင်ဖြစ်ပြီး ယောကျ်ားတွေကို အမိန့်ပေးနိုင်ပေမယ့် လင်မယားဘဝမှာတော့ ယောကျ်ားရဲ့နောက်လိုက်ပဲ'

'ဒီလိုလဲ ဘယ်ဟုတ်မလဲ၊ တန်းတူ ရည်တူပေါ့၊ ဘဝမှာ အတူနေတဲ့ အဖော်ပေါ့၊ ဘယ်သူက ခေါင်းဆောင် ဘယ်သူက နောက်လိုက်ရယ်လို့ မဟုတ်ပါဘူး'

'ဒါက အစ်ကိုကြီးတို့လို သိတတ် မျှတတဲ့ သဘောထားရှိတဲ့ ယောကျ်ားတွေရဲ့ ဝါဒပဲ၊ ကောင်းပါတယ်၊ ဒါပေမယ့် အဲဒီလို သဘောထားတဲ့ ယောကျ်ားကောင်း ယောကျ်ားမြတ်တွေဟာ အင်မတန်ရှားပါတယ်၊ လူကြီး လူကောင်းလုပ်နေတဲ့ ယောကျ်ားတွေထဲမှာ သိပ်ရှားတာ'

'နင်ပြောတာတွေ မှန်ပါတယ်၊ ဒါပေမယ့် လူ့ဘောင် လောကီမှာ လင်စုံမယားဖက်ရှိမှ ပြည့်စုံတာပေါ့'

'ဒါက ယေဘုယျ သဘောတရားပါ၊ အပျိုကြီးတွေ ထဲမှာ သတ္တိရှိတဲ့ အမျိုးသမီးတွေ ရှိပါတယ် အစ်ကိုကြီး ရယ်၊ လူ့ဘဝမှာ ဒုက္ခမရှာချင်၊ အပူမရှာချင်တဲ့ မိန်းမတွေ အတော်များများရှိပါတယ်'

'ဟုတ်တာပေါ့၊ ဟုတ်တာပေါ့'

'ကျွန်မမှာ ယောကျ်ားမိတ်ဆွေတွေ၊ လုပ်ဖော်ကိုင်ဖက် တွေ၊ ငယ်သူငယ်ချင်းတွေ၊ တပည့်တွေပြည့်လို့ပဲ၊ သူတို့နဲ့ လူမှုရေးဆက်ဆံမှုရှိနေတာပဲ၊ အပျိုကြီးဘဝဟာ ခြောက် ကပ်ကပ်ဆိုတာ ရှေးခေတ် အယူအဆပါ'

*



ဒေါက်တာမမြမွန်တို့လို အမျိုးသမီး သတ္တိကောင်းတွေ အတော်များများ ရှိပါသည်။ ရှေးခေတ်ကလို အပျိုကြီး တွေ၏ ဘဝမှာ ခြောက်ကပ်ကပ်ဖြစ်ပြီး 'အပို'လို ဖြစ်နေ သည်။ ယခုခေတ်၌မူ အမျိုးသမီးတို့သည် ခေတ်ပညာတတ် ပြီးလျှင် အမျိုးသားများ၏ ရာထူးအချို့ကို ဝင်၍ ယူနေ ကြသည်။ သူတို့သည် 'မှီခိုသူ' မဟုတ်တော့ပေ။ ထို့ကြောင့် လည်း ဒေါက်တာမမြမွန် ပြောသလို သူတို့ဘာသာ လွတ်လပ်စွာ လူတစ်လုံး သူတစ်လုံးအဖြစ်ဖြင့် ရပ်တည်နေ ကြသည်။ ယခင်ကကဲ့သို့ ယောကျ်ားများ၏ နောက်လိုက် မဟုတ် လက်အောက်ခံလည်း မဟုတ်ဘဲ နေနိုင်သည့် အခြေအနေ ရှိနေကြသည်။ ရှေးရိုးစဉ်လာအတိုင်း 'ကျွန်မမှာ မိန်းမသားပဲရှင်'ဟု ဆိုကာ အားနွဲ့သူအဖြစ်မှာလည်း မရှိကြတော့ပေ။

ယောကျ်ားနှင့် မိန်းမ တန်းတူအခွင့်အရေးရရှိရန် ကြိုးပမ်းနေကြသည်။ တန်းတူအခွင့်အရေး ရနိုင်ပါ၏။ သို့သော် မတူသည့် နေရာများမှာ မည်သို့ပင် ကြိုးပမ်းငြား လည်း တူနိုင်မည် မဟုတ်ချေ။ အာဝေနိက တရားများသည် သဘာဝတရားသာဖြစ်၍ ပြုပြင်၍မရနိုင်ချေ။ ထို့ကြောင့် လူမှုရေးအစရှိသည့် အရေးများတွင် တန်းတူအခွင့်အရေး ရယူနိုင်သည် ဆိုရစေကာမူ အိမ်ထောင်ရေးတွင် မတူနိုင် သည့်အချက်များ ရှိနေချေသည်။ ထို့ကြောင့် မိန်းမတို့သည် အိမ်ထောင်သည်များ ဖြစ်လာလျှင် အချို့ကိစ္စများတွင် လင်သားကို ဦးစားပေးရသည်။

လင်သားဖြစ်သူမှာ ဦးစားပေးရန် မထိုက်တန်လျှင် အိမ်ထောင်ရေး အခြေအနေ တစ်နည်းမဟုတ်တစ်နည်း

www.burmeseclassic.com

www.burmeseclassic.com



ပျက်စီးတတ်သည်။ အချို့ အမျိုးသမီးတို့သည် အိမ်ထောင်ရေးနှင့် စပ်လျဉ်း၍ အဆင်မပြေဖွယ်များရှိသော အလားအလာကိုမြင်၍ အိမ်ထောင်မပြုဘဲ အပျိုကြီးဘဝနှင့် နေလိုက်ကြသည်။ အချို့မှာမူအပျိုကြီးအဖြစ် နေရာမှ အကြောင်းကြောင်းကြောင့် အသက်ကြီးကာမှ လူပျိုကြီးနှင့်ဖြစ်စေ၊ မုဆိုးဖို တစ်ခုလပ်နှင့်ဖြစ်စေ အိမ်ထောင်ပြုလိုက်ကြသည်။ အပျိုကြီးဖြစ်ချင်ခြင်း၊ မဖြစ်ချင်သော်လည်း အကြောင်းမညီညွတ်၍ ဖြစ်ရခြင်းတို့သည် ရှိ၏။

ဒေါက်တာမမြမွန်လို သဘောထား အယူအဆများဖြင့် အပျိုကြီးလုပ်နေသော အမျိုးသမီးများရှိနေသလို မိဘများကို ပြုစုရသော တာဝန်ကျရောက်သဖြင့် မိမိအတွက် မစဉ်းစားသာဘဲ အိမ်ထောင်ပြုဖို့ စိတ်မကူးနိုင်ရာမှ တဖြည်းဖြည်း 'ဟိုင်း'သွားရှာသော အပျိုကြီးများ၊ မိမိရည်မှန်းထားသူက ကတိဖျက် သစ္စာဖောက်ပြီး ပစ်ခွာသွားသဖြင့် စိတ်နာပြီး အပျိုကြီးလုပ်သော အပျိုကြီးများ၊ အချို့မှာမူ လူကြီးမိဘတို့၏ စီမံမှုကိုလည်း လက်မခံနိုင်၊ မိမိလိုလားသူကိုလည်း မရနိုင်။ 'ရတာမလို လိုတာမရ' ဖြစ်ရသဖြင့် အပျိုကြီးလုပ်သူများ စသည်ဖြင့်အကြောင်းအမျိုးမျိုးရှိကြရာ ဒေါက်တာမမြမွန်၏ အယူအဆနှင့် သဘောထား တင်ပြချက်သည် စိတ်ဝင်စားဖွယ်ဖြစ်သဖြင့် ဖော်ထုတ်တင်ပြလိုက်ရပေသည်။

## အချစ်စစ်တမ်း ၃

## ကြီးရင်မှီ ငယ်ရင်ချို

'မမြကြည်၊ မင်းတို့ ဘဝအခြေအနေ အတော်လှနေပြီ မဟုတ်လား'

'သားနှစ်ယောက် အခု တက္ကသိုလ် ရောက်နေကြပြီလား'

'ရောက်ကုန်ကြပြီ ဆရာ၊ အကြီးက ဆရာဝန်ဖြစ်တော့မယ်၊ တစ်နှစ်ပဲ လိုတော့တယ်၊ အငယ်က အခု အင်္ဂလိပ်စာ တတိယနှစ်မှာ'

'အင်္ဂလိပ်စာဆိုတော့ မင်းရဲ့ဘာသာရပ်ပဲပေါ့'

'ဟုတ်ပါတယ် ဆရာ၊ ကျွန်မလဲ အခု လက်ချာရာ ဖြစ်သွားပြီ'

'မင်းအစ်ကိုကြီးရော ကျန်းမာရဲ့နော်၊ ငါနဲ့ မတွေ့ရတာ ကြာပြီ၊ သူ အခု ဘယ်မှာလဲ'

www.burmeseclassic.com

www.burmeseclassic.com



'မန္တလေးမှာ၊ မကြာခဏလာပါတယ်၊ သူ့အလုပ်ဝတ္တရားအရ ရန်ကုန်ကို တစ်လတစ်ခေါက် အနည်းဆုံး ရောက်ရပါတယ်'

'အေးကွယ်၊ ဆရာလဲပင်စင်ယူပြီးကတည်းက စာတွေဖိရေးနေတယ်၊ အသက်လဲ အတော်ရလာပြီမို့ အပြင်သိပ်မထွက်ဘူး၊ နောက်တစ်ခါလာရင် ကိုသိန်းအောင်ကိုပါ ခေါ်ခဲ့'

'ဟုတ်ကဲ့ဆရာ၊ ကျွန်မကို ခွင့်ပြုပါဦး'

မမြကြည်သည် ကျွန်တော့် ငယ်တပည့်တစ်ဦး ဖြစ်သည်။ သူ့အကြောင်းကို ကျွန်တော် ကောင်းကောင်းသိပါသည်။ သူ့ မိဘများနှင့်လည်း သိပါသည်။ သူ့ဖခင် ကွယ်လွန်သည်မှာ ကြာပါပြီ။ သူ့မိခင်နှင့် ကျွန်တော် ရင်းနှီးပါသည်။ သူတို့အိမ်သို့လည်း မကြာခဏ ရောက်ပါသည်။

မမြကြည် ကိုသိန်းအောင်နှင့် ယူတော့မည်ဆိုချိန်မှာ သူ့မိခင်ကြီး ဒေါ်လှက ကျွန်တော်နှင့် တိုင်ပင်ပါသည်။ သူက သူ့သမီးထက်ကြီးတဲ့ တစ်ခုလပ်ကြီးနှင့် မပေးစားလိုပါ။ ကျွန်တော်က 'မမြကြည်ဟာ မလိမ်မိုး မလိမ်မာသူငယ်မကလေးမှ မဟုတ်တော့တာ၊ သူကိုယ်တိုင် ဆရာမဖြစ်နေပြီဟာ စဉ်းစားဆင်ခြင်တတ်တာပေါ့၊ ကျွန်တော့်တပည့်အကြောင်း ကျွန်တော် သိပါတယ်၊ အစဉ်းစားအဆင်ခြင်ကြီးတဲ့ သူငယ်မပါ၊ သူ ဦးသိန်းအောင်ကိုယူဖို့ဆုံးဖြတ်တာဟာ စဉ်းစားဆင်ခြင်ပြီးမှ ဆုံးဖြတ်တယ်ဆိုတာ ကျွန်တော် သိပါတယ်၊ သူ ကျွန်တော့်ကို အကြောင်းစုံ



ပြောပြီးပါပြီ၊ ကျွန်တော်တော့ သဘောတူပါတယ်၊ ဒေါ်လှလဲ သဘောတူစေချင်ပါတယ်၊ မမှားပါဘူး၊ သူ့အိမ်ထောင်ရေး အောင်မြင်မှာပါ'ဟု ပြောလိုက်ရပါသည်။

မမြကြည်သည် ကျွန်တော့် တူမ အရင်းသဖွယ် ကျွန်တော် သူ့ကို ခင်မင်လေးစားပါတယ်၊ သူ့အရည်အသွေးကို ကျွန်တော်ဟာ သူ့ဆရာရင်း ဖြစ်သဖြင့် သိပါသည်။ ယခု သူနဲ့ ကိုသိန်းအောင်တို့ရဲ့ အိမ်ထောင်သက် ဆယ်နှစ်ရှိသွားပါပြီ၊ ကိုသိန်းအောင်ရဲ့ သားနှစ်ယောက်လည်း အတော်အတန် အလားအလာရှိတဲ့ လိမ္မာတဲ့ ကလေးတွေပါ၊ နောင်နှစ်နှစ် သုံးနှစ်ဆိုရင် သူတို့ဟာ လူတစ်လုံး သူတစ်လုံး ဖြစ်ကြတော့မှာပါ၊ ကိုသိန်းအောင် အကြောင်းလည်း ကျွန်တော် ကောင်းကောင်းကြီး သိပါသည်။

မမြကြည်၏ အချစ်ဇာတ်လမ်းကို ကျွန်တော် ပြောပြပါမည်။

မမြကြည်သည် တက္ကသိုလ် ဘွဲ့ရပြီးနောက် အလုပ်ဌာန တစ်ခု၌ အလုပ်လုပ်သည်။ သူ့အထက်အရာရှိ ဦးသိန်းအောင်သည် လူကြီးပီသသည်။ ဣန္ဒြေရှိသည်နှင့်အမျှ ဖော်ရွေသည်။ အပြောအဆိုညင်သာ၍ ရည်မွန်သည်။ လက်အောက် ငယ်သားများကို တပည့်သားမြေးတို့လို သဘောထားပြီး ဆက်ဆံသည်။ အရေးအကြောင်းပေါ်လာတိုင်း ငယ်သားတို့ဘက်မှနေ၍ တတ်နိုင်သမျှ ကာကွယ်ပေးသည်။ ငယ်သားတို့အမှားပြုလျှင် ပြုပြင်ပေးသည်။ နောင်မမှားအောင်ဆုံးမသည်။

www.burmeseclassic.com

www.burmeseclassic.com



မမြကြည်သည် ဦးသိန်းအောင်ကို ကြည်ညိုလေးစားသည်။

ဦးသိန်းအောင်ကလည်း သူ့ကို တူမလေးသဖွယ် ခင်မင်သည်။ အရာရာမှာ သွန်သင်ဆုံးမသည်။ ငယ်ငယ်ကပင် ဖခင်ဆုံးသွားသဖြင့် ဖခင်၏ စောင့်ရှောက်မှု၊ ပြုပြင်ဆုံးမမှု သွန်သင်ပြသမှုတို့ကို လိုအပ်လျက်ရှိသော မမြကြည်သည် ဦးသိန်းအောင်ကို ဦးလေးလို၊ အစ်ကိုကြီးလို နောက်ဆုံး၌ ဖခင်လို သဘောထား၍ တစ်နေ့တခြား စေတနာအင်အား တိုးလျက်ရှိသည်။ သူတို့နှစ်ယောက်၏ အသက်ကွာခြားခြင်း ထင်သလောက် မဝေးလှပေ။

မမြကြည်သည် အသက်အစိတ်ကျော် သုံးဆယ်နီးပါး ရှိပြီ၊ ဦးသိန်းအောင်သည် လေးဆယ်ကျော်၊ အလွန်ဆုံး လေးဆယ့်ငါးနှစ်ရှိပြီ၊ သူတို့နှစ်ယောက် တစ်မိဘတည်းမှ မွေးဖွားသည်ရှိသော အစ်ကိုအကြီးဆုံးနှင့် နှမအငယ်ဆုံးလောက် ခန့်မှန်းသတ်မှတ်နိုင်ပေလိမ့်မည်။

မမြကြည်သည် သူ့ဆရာ ဦးသိန်းအောင်ဆီသို့ အရောက်အပေါက်များသည်။ ဦးသိန်းအောင်၏ ဇနီးနှင့် သိသည်။ ဦးသိန်းအောင်၏ ဇနီး ဒေါ်သောင်းမေမှာ အသက် လေးဆယ်ခန့်မျှ ရှိသည်။ ဦးသိန်းအောင်နှင့် ယှဉ်လျှင် သုံးလေးနှစ် အလွန်ဆုံးကွာမည် ဖြစ်သည်။ အသက်ချင်း မကွာလှသော်လည်း အရွယ်ချင်းကွာသည် ဆိုနိုင်ပေမည်။ ဦးသိန်းအောင်သည် အသက်နှင့် မလိုက်အောင် အရွယ်အိုသည်ဟု ဆိုရချေမည်။ အလုပ်ကိုကြိုးစားသူ တစ်ဦးဖြစ်သည့်အလျောက် အမြဲတမ်း မျက်နှာထား



တည်တည်နှင့် စကားနည်းသောကြောင့် ရုပ်ရင့်သည်သာ ဖြစ်သည်။ ဒေါ်သောင်းမေမှာမူ အမြဲပင် အလှပြင်၍ သနေသောကြောင့် အရွယ်မှာ မမြကြည်နှင့် မကွာလှဟန် ရှိသည်။ သားနှစ်ယောက်ထွန်းကားသည်။ ဒေါ်သောင်းမေသည် အသက်အစိတ်လောက်မှာ အိမ်ထောင်ကျသည်။

ဦးသိန်းအောင်သည် အလုပ်တာဝန်အရ မကြာခဏ နိုင်ငံတစ်ဝန်းရှိမြို့ကြီးများစွာသို့ သွားရသည်၊ တစ်လမှာ ဆယ့်ငါးရက်၊ အရက်နှစ်ဆယ်ခန့် နယ်ထွက်နေရသည်။ ယခင်က ယင်းသို့မထွက်ရချေ။ နောက်ပိုင်းတွင် အရေးပေါ်ကိစ္စကြီးတစ်ခုအတွက် အတွင်းရေးမှူးတာဝန်ယူရသော ဦးသိန်းအောင်သည် ယင်းသို့အိမ်မှာ ကြာကြာမနေနိုင်ဘဲ ခရီးချည်းထွက်နေရသည်။ ထိုအခိုက်တွင် အိမ်ထောင်ရေး ပြဿနာ ပေါ်လာတော့သည်။

'မိန်းမ လင်ငယ်နောက်လိုက်သွားတယ်' ဟူသော သတင်းစကားသည် လင်ကြီးအဖို့ အဆိုးဆုံး ထိုးနှက်ချက် ဖြစ်၏။ ဦးသိန်းအောင်သည် အလုပ်မှ ရှောင်တခင် ခွင့်ယူထားသည်။ မမြကြည်သည် ထိုသတင်းဆိုးကြီးကြားရလျှင် ကြားရခြင်း ဦးသိန်းအောင်၏အိမ်သို့ သွားလေသည်။

သားနှစ်ယောက်နှင့် ဦးသိန်းအောင်တို့သည် သူ့တပည့် မောင်အေးကသွားဝယ်ပေးသည့် ထမင်းဟင်းများကို စားပွဲပေါ်တွင်ချ၍ စားနေကြသည်။ သားနှစ်ယောက် စားသောက်ပြီးလျှင် ကျောင်းသို့သွားကြသည်။ ဦးသိန်းအောင်က တစ်ယောက်တည်း ဧည့်ခန်းတွင် ထိုင်နေသည်။ မမြကြည်ရောက်လာပြီး အကျိုးအကြောင်းမေးရာ

www.burmeseclassic.com

www.burmeseclassic.com



ဦးသိန်းအောင်က အကြောင်းစုံ မပြောလိုဘဲ ဆုတ်ဆိုင်းဆိုင်း အသံဖြင့် တစ်ခွန်းတလေမျှသာ ပြောသည်။

'ဆရာ စိတ်ချမ်းသာအောင်သာ ဖြေပါ၊ အလုပ် ပြန်ဆင်းစေချင်ပါတယ်၊ အလုပ်လုပ်နေရင် ဆရာ စိတ် သက်သာလိမ့်မယ်၊ အိမ်မှုရေးရာအတွက် မပူနဲ့၊ ကျွန်မ လာပြီး စီစဉ်ပေးပါ့မယ်၊ သူက ဒီလို ရက်ရက်စက်စက် လုပ်ရက်ရင် ဆရာကလဲ ပြတ်ပြတ်ပဲလုပ်ပေါ့'

'ငါက ပြတ်ပြတ်လုပ်စရာ မလိုပါဘူး၊ သူက လုပ် သွားပြီ၊ သူ့အကောင်နဲ့ တောင်ကြီးဘက်သွားပြီ၊ သူ့ အကောင်က တောင်ကြီးမှာ စိုက်ပျိုးရေးခြံရှိသတဲ့၊ သူတို့ ဟိုတုန်းကတည်းက အဆက်ဖြစ်ခဲ့ဖူးသတဲ့၊ ဆရာလဲ ဒါတွေ မသိပါဘူး၊ အရင်က အဆက်ဖြစ်ခဲ့ဖူးလဲ တကယ် တော့ အခု ဆရာနဲ့အိမ်ထောင်ကျတာ ဆယ်နှစ် လောက် ရှိပြီပဲ၊ ကိုယ့်မှာကလေးနှစ်ယောက်တောင် ရှိနေပြီး ဆရာ ကလဲ သူ့ကို ကြင်ကြင်နာနာ ပေါင်းသင်းလာခဲ့တာပဲ၊ ဘာအပြစ်များရှိလို့လဲ မသိပါဘူး'

'ဆရာ့မှာ ဘာအပြစ်မှ မရှိပါဘူး၊ ဆရာလို လင်ကောင်းသားကောင်းနှင့်မနေနိုင်တာ သူ့အပြစ်ပဲ၊ ငယ် ရည်းစားရှိလဲ ကံမဆုံကြမှဖြင့် စိတ်ဖြတ်လိုက်ရောပေါ့'

'ဟိုတုန်းကလဲ အဲဒီ အကောင်နဲ့ အဆက်အသွယ် မရှိခဲ့ပါဘူး၊ သူ့မှာ ငယ်ရည်းစားရှိတယ် ဆိုတာတောင်မှ ဆရာမသိပါဘူး၊ အခုမှ အဲဒီအကောင်က လာပြီး မယားခိုး လုပ်ရတယ်လို့'

'ဆရာ သူတို့ကို ဘယ်လိုအရေးယူမယ် ကြံသလဲ'



'မမြကြည် နင်ဘာမှမသိပါဘူး၊ ဒီကိစ္စမျိုးမှာ တရားစွဲ တာတို့ ဘာတို့လုပ်ရင် ပိုပြီး အရှက်ကွဲမှာပေါ့၊ ဘာအရေး ယူစရာလိုသလဲ၊ သွားချင်လို့သွားတာ၊ သားကလေး လူမမည်တွေကိုမှ မထောက်ထားတဲ့ မိန်းမ သွားပါစေပေါ့'

မမြကြည်က အတန်ငယ်ငေးစိုက်ပြီး 'ဟုတ်တယ် ဆရာ၊ သူ့ကို စွန့်ပစ်လိုက်ပေါ့၊ ကျွန်မ နေ့တိုင်းလာပြီး အိမ်မှုကိစ္စတွေလုပ်ပေးပါမယ်၊ မောင်အေး အမြဲရှိနေတာပဲ၊ ဆရာသာ စိတ်ချမ်းသာအောင်နေပါ၊ အလုပ်ပြန်ဆင်းပြီး ဟန်မပျက် နေစေချင်ပါတယ်၊ တကယ်တော့ ဆရာ့မှာ သိက္ခာကျဖို့အကြောင်း မရှိပါဘူး၊ ဆရာ သိက္ခာပျက်တာမှ မဟုတ်တာ၊ ရှက်စရာလဲ မဟုတ်ပါဘူး'ဟု ပြောလေသည်။

ဦးသိန်းအောင်က မမြကြည်ကို ငေးစိုက်ကြည့်ပြီး 'နင်နေ့တိုင်း မလာပါနဲ့၊ လူတွေ ပြောစရာဖြစ်နေပါဦးမယ်၊ တစ်ခါတလေ ရုံးအားတဲ့နေ့မျိုးမှာ အဖော်တစ်ယောက် နှစ်ယောက်နဲ့ လာချင်လာပေါ့၊ နင့်လို အပျိုအရွယ်ကလေး ငါ့အကြောင်းပြုပြီး အပြောအဆို ခံနေရပါဦးမယ်၊ နင်တစ် ယောက်တည်း မလာနဲ့'

သူ့ ဆရာစကားနားထောင်ပြီး နေ့တိုင်းမလာဘဲ နေရသည်။ စနေ တနင်္ဂနွေနေ့တွေမှာ ရုံးမှ မိန်းမဖော် တစ်ယောက် နှစ်ယောက်နှင့် အလည်လာသည့်သဘောဖြင့် လာရသည်။ အိမ်ရောက်သောအခါ အိမ်မှုရေးရာတို့ကို မောင်အေးနဲ့ တိုင်ပင်ပြီး စီစဉ်ခဲ့သည်။

သူနှင့် အမြဲလိုလို လိုက်လာသော အသက်ငါးဆယ် ကျော် ရုံးစာရေးမကြီးကလည်း ဝင်၍ စီမံပြ[illegible]ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နှင်းသည် ခင်ပွန်းသေဆုံးပြီး မုဆိုးမအဖြစ် ဆယ်နှစ်ခန့် ရှိလေပြီ။ သူကလည်း သူ့ဆရာ ဦးသိန်းအောင်ကို သနားသည်။ သူ့မှာ သမီးပျိုကလေး နှစ်ယောက်ရှိသည်။ နှစ်ယောက်လုံး တက္ကသိုလ်သို့ ရောက်နေကြသောကြောင့် သူ့လခကလေးနှင့် ကျောင်းစရိတ်ရော အိမ်စရိတ် အထွေထွေပါ လုံလောက်အောင် ကြိုးပမ်း၍ သမီးနှစ်ယောက် လူလားမြောက်အောင် ရုန်းကန်အားထုတ်နေရသည်။

ဦးသိန်းအောင်မှာလည်း အလုပ်တာဝန်အရ နယ်သို့ မကြာခဏ ထွက်ရသည်။ သားကလေးနှစ်ယောက်ကို မမြကြည်က အမြဲစောင့်ရှောက်ပြုစုသဖြင့် သူငယ်ကလေးတို့က မမြကြည်ကို ခင်မင်ကြသည်။ သူတို့စိတ်ထဲတွင် မမြကြည်ကို သူတို့အမေလို သဘောထားမှု တဖြည်းဖြည်း ပို၍လာသည်။ သိတန်သလောက် သိတတ်ပြီဖြစ်သော သူငယ်နှစ်ယောက်သည် သူတို့ အမေအရင်းက ရက်စက်စွာ ပစ်ခွာသွားသဖြင့် စိတ်နာကြဟန်ရှိသည်။ မမြကြည်ကို အမေ့ကိုယ်စား 'အမေလေး'အဖြစ် မြင်သည်။

ဦးသိန်းအောင်၏ ချို့ယွင်းချက်တစ်ခုမှာ အလုပ်အပေါ်တွင် အာရုံစိုက်လွန်းပြီးလျှင် အိမ်ထောင်ရေးကို လျစ်လျူရှုခြင်း ဖြစ်သည်။ ထို့ကြောင့်လည်း သူ့ဇနီးက အခြားတစ်ယောက်ပေးလာသော ယုယမှုကို ကြည်ဖြူစွာ လက်ခံခြင်း ဖြစ်သည်။ မမြကြည်ကိုမူ ဦးသိန်းအောင်က တပည့်မကလေးဖြစ်သည့်အလျောက် ဆရာအဖြစ် အရေးယူ ဂရုစိုက်သည်။ သူ့ကိုသူ မသိဘဲ သူ့ဇနီးကို ဂရုစိုက်သည်ထက်ပင် ပို၍ ဂရုစိုက်လာသည်။ ထိုအတောအတွင်းမှာ



ကံကောင်းထောက်မသဖြင့် ရာထူးတက်ရသည်။ ယခင်ကကဲ့သို့ နယ်ထွက်ရသည့်တာဝန် မရှိတော့ပေ။ ဤအခိုက်အခါတွင် ဆရာနှင့် တပည့်၊ လူကြီးနှင့် မိန်းမငယ်တို့မှာ ချစ်ခင်စိတ် ပွင့်လင်းလာလေသည်။ သို့ရာတွင် ဦးသိန်းအောင်မှာ လူကြီးပီသပေသည်။ သူ့ဘက်မှ အမူအရာ မပျက်ဘဲ သူ့စိတ်ထဲမှာသာ မမြကြည်အပေါ်တွင် စိတ်ထား တဖြည်းဖြည်း ပြောင်းလဲလာလေတော့သည်။ ဦးသိန်းအောင်သည် သိက္ခာသမာဓိရှိသူ ဖြစ်သည့်အလျောက် သူ့ စိတ်ကို သူ ကြိတ်၍ ထိန်းသည်။ အမူအရာမပျက် နေသည်။ နဂိုအတိုင်း ရင်းရင်းနှီးနှီး ပြောဆိုဆက်ဆံသည်။

ထိုအဖြစ်ကို ရိပ်မိသော မမြကြည်သည် ဦးသိန်းအောင် အပေါ် ကြည်ညိုစိတ် ပိုလာသည်။ သူ့စိတ်ထဲတွင် ကွယ်လွန်ရှာသော သူ့ဖခင်ကြီး ပြန်လာပြီဟု ထင်မိလေသည်။ သားကလေးနှစ်ယောက်ကလည်း 'ဒေါ်ဒေါ်လေး' အပေါ် ခင်မင်လေးစားမှု ပိုမှန်းမသိ ပိုလာလေသည်။ လိမ္မာသော ကလေးနှစ်ယောက်ကို မမြကြည်ကလည်း ပြုစုစောင့်ရှောက် ယုယမှုတို့ဖြင့် မိခင်အစစ်ကိုယ်စား သူ၏ ဗိဇ္ဈပါသော မိခင်မေတ္တာကို ပေးလေသည်။

ယင်းသို့ စိကာပတ်ကုံး ဖော်ပြခြင်းသည် စာရေးဆရာ၏ ကလောင်ကွန့်မြူးမှု၏ ပြယုဂ်မဟုတ်ပေ။ ကျွန်တော်ကိုယ်တိုင် လေ့လာဆင်ခြင် သုံးသပ်မှု၏ ရလဒ်ပင်ဖြစ်ပါသည်။ မမြကြည်သည် ကျွန်တော်ပညာသင်ပြပေးခဲ့ရသော တပည့်မအရင်း တစ်ယောက်ဖြစ်သဖြင့် သူ့ကို ကောင်းစွာ လေ့လာနိုင်ပေသည်။ ထို့ကြောင့်လည်း သူက

www.burmeseclassic.com

www.burmeseclassic.com



ဦးသိန်းအောင် ယူမည်ဆိုသောအခါ ကျွန်တော်ကိုယ်တိုင် သူ့မိခင်ကြီးကို ရှင်းလင်းတင်ပြ၍ ထောက်ခံခဲ့ခြင်းဖြစ်ပါသည်။

မမြကြည်မှာ ဦးသိန်းအောင်အပေါ်တွင် တစ်သက်လုံး ပြုစုလိုသော ဆန္ဒရှိကြောင်း ကျွန်တော် ကောင်းစွာ သိပါသည်။ ဦးသိန်းအောင်ကလည်း သူ၏ စိတ်ပျက်ဖွယ် အိမ်ထောင်ရေး ဘဝဟောင်း၏ အမာရွတ်များကို သူ့တပည့်မကလေးနှင့် ယှဉ်တွဲထူထောင်သော အိမ်ထောင်ရေး ဘဝသစ်နှင့် ချေဖျက်ဖုံးအုပ်ရန် ရည်ရွယ်၍ ကျေနပ်နေကြောင်းကိုလည်း ကျွန်တော်သိပါသည်။ သူတို့ နှစ်ယောက်မှာ ကျေနပ်မှုရှိနေကြသည်မှာ အကြောင်းရင်းများရှိပါသည်။

ကျွန်တော်မြင်သည့် အကြောင်းရင်းမှာ မမြကြည်၏ ဘက်မှာ 'ဖခင်လိုချစ်သော အချစ်စိတ် စွဲလမ်းမှု' ဟု ခေါ်ရမလား မသိပါ။ အင်္ဂလိပ်လို စိတ်ပညာဝေါဟာရ 'အီလက်တရာ ကွန်ပလက်ခ်စ်'ကို စိတ်စွဲလမ်းမှု ရှိရင်းစွဲဖြစ်ခြင်းပင် ဖြစ်သည်ဟူ၍ပင်။ ဦးသိန်းအောင် ဘက်မှာတော့ ပထမအိမ်ထောင်နှင့် ဒုတိယအိမ်ထောင်တို့ ကွာခြားခြင်းကို မြင်ပြီးလျှင် မမြကြည်အပေါ်တွင် ရှိရင်းစွဲ မေတ္တာစေတနာတို့အပေါ်တွင် လင်မယားအချစ် ထပ်လောင်းလိုက်ရသဖြင့် လောကီချမ်းသာခြင်းရလေသောကြောင့် သူ့အဖို့ ထူးကဲသော ရလဒ် ရတနာတစ်ခုဟု အောက်မေ့ကာ အကျေနပ်ကြီး ကျေနပ်နေမည်သာ ဖြစ်သည်။

အရွယ်ရင့်ရုံမျှမက ပင်ကိုသီလ သမာဓိတို့နှင့် ပြည့်စုံသော ဦးသိန်းအောင်မှာ သူ့သားနှစ်ယောက်ကို စေတနာ



မွန်မြတ်ပြည့်စုံစွာ ပြုစုပေးမည့်သူ ပေါ်ပေါက်လာသဖြင့် ဝမ်းမြောက်လျက် မမြကြည်ကို ကျေးဇူးတင်နေလေတော့သည်။

ကျွန်တော့်ကိုလာ၍ တိုင်ပင်သောအခါ ကျွန်တော်က မမြကြည်ကို မေးလိုက်ပါသည်။ 'ဟဲ့ နင်က နင့်ထက် ဆယ်နှစ်ကျော်ကျော်ကြီးတဲ့ တစ်ခုလပ်ကြီးကို ဘာကြောင့် ကြိုက်ရတာလဲ၊ နင် တစ်သက်လုံး ကြည်ဖြူနိုင်မှာလား၊ အတော်ကြာတော့ ငြီးငွေ့လာမှာ ငါ စိုးတယ်၊ ဘာဖြစ်လို့ သူ့ကို ကြိုက်ရတာလဲ'

မမြကြည်က ပြုံး၍ ပြန်ပြောသည်။ 'ကျွန်မ သူ့ကို ကြိုက်တယ်ဆိုတာထက် ကြည်ညိုလေးစားတယ်၊ ပြီးတော့ သနားတယ်၊ သူကကောင်းပါလျက်နဲ့ သူ့မိန်းမက ရက်စက်သွားတာ ကျွန်မ မကျေနပ်နိုင်ဘူး၊ မိန်းမတွေရဲ့နာမည်ပျက်တယ်၊ သစ္စာဖောက်တဲ့အိမ်ထောင်ရှင်ဆိုရင် ယောကျ်ားဖြစ်ဖြစ်၊ မိန်းမဖြစ်ဖြစ် ကျွန်မ ရွံတယ်၊ မုန်းတယ်၊ အိမ်ထောင်ရေးအဆင်မပြေလို့ ဆက်ပြီးပေါင်းလို့ မဖြစ်တော့ဘူးဆိုရင် ကွာပစ်၊ ပြီးတော့မှ နောက်အိမ်ထောင်ပြု၊ အဲဒါရှင်းတယ်၊ ရိုးသားရာကျတယ်'

'နေပါဦး၊ နင်က သူ့မိန်းမကို မကျေနပ်တာနဲ့ သူ့မိန်းမကပစ်တဲ့လူကို ကောက်ယူတယ်ဆိုတော့ နာမည်မပျက်ဘူးလား'

'ဘာလို့ ဂုဏ်ပျက်ရမှာလဲ ဆရာ၊ ကျွန်မ သူ့လင်ကို ခိုးတာမှ မဟုတ်တာ၊ သူကသာ ဖောက်ပြန်သွားတာ၊

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက လွတ်လွတ်လပ်လပ်အပျိုဘဲ၊ သူကပစ်သွားလို့ ကျန်ခဲ့တဲ့ သူ့လင်ဟောင်းနဲ့ သူ ဘာမှ မဆိုင်တော့တာ၊ ဆရာ ဦးသိန်းအောင်လဲ လွတ်လပ်သွားပြီ၊ သူယူချင်တဲ့မိန်းမ သူ ယူနိုင်တာပေါ့၊ သူ့မှာလဲ ဘာ ဂုဏ်ပျက်စရာရှိလို့လဲ'

'အေး နင်ပြောတာအားလုံးကို ငါ လက်ခံပါတယ်၊ နင့်ရဲ့သတ္တိကိုလဲ ငါ သဘောကျတယ်၊ နင့်လို မပြတ်သားကြလို့ လူတွေဟာ အိမ်ထောင်ရေးပြဿနာမှာ ဒုက္ခတွေ ပင်လယ်ဝေနေတာ၊ နင့်လုပ်ရပ်မှန်ပါတယ်၊ ငါ ထောက်ခံပါတယ်၊ ဒါပေမယ့် ငါ ပွင့်ပွင့်လင်းလင်း ပြောချင်တာက တော့ ကိုသိန်းအောင်ဟာ အခု အသက် ငါးဆယ်ရှိပြီ၊ နောက်ဆက်ပြီး အိုတော့မယ်၊ နောက်ဆယ်နှစ် ဆယ့်ငါးနှစ် ဆိုရင် လူအိုကြီးဖြစ်တော့မယ်၊ အဲဒီအခါမှာ နင်မငြီးငွေ့ ဘူးလို့ ဆိုနိုင်ပါ့မလား'

'ဆိုနိုင်ပါတယ် ဆရာ၊ လင်နဲ့မယား အသက်ချင်းကွာ တာဟာ ပြဿနာမဟုတ်ပါဘူး၊ စိတ်ထားမှာသာ ပဓာနပါ၊ အသက်ကြီးတဲ့လင်နဲ့ တစ်သက်လုံး သစ္စာရှိရှိနဲ့ ပေါင်းသင်း သွားကြတဲ့ မိန်းမတွေအများကြီးပါ၊ ပြီးတော့ အိမ်ထောင် ရေးမှာ သွေးသားကိစ္စဟာ ပါပါတယ်၊ အရင်းခံ တစ်ခုလို့လဲ ဆိုနိုင်ပါတယ်၊ ဒါပေမယ့် ဒါတစ်ခုတည်းနဲ့ ကိစ္စပြီးတာမှ မဟုတ်တာ၊ မိန်းမတွေသဘော ဆရာလဲ သိပါတယ်၊ ဆရာ စာတွေရေးနေတာပဲ၊ မိန်းမတွေဟာ အသက်အရွယ်ရလာ လေလေ အဲဒီ သွေးသားကိစ္စဟာ တဖြည်းဖြည်း လျော့လာ လေလေဖြစ်ပြီး ရာဂအပေါ်မှာ မေတ္တာလွှမ်းလာပါတယ်၊ ဖောက်ပြန်တဲ့ မိန်းမတွေမှအပ သာမန် အိမ်ထောင်ရှင်



မိန်းမသားဟာ သားရေး သမီးရေးမှာ ပိုပြီး စိတ်ဝင်စားနေလို့ ရာဂစိတ်ဟာ သာမန်အနေကို ရောက်သွားပါတယ်'

'အေး နင်က အချစ်ဒဿနိကကို ဟောပြောတော့ ငါက ခေါင်းညိတ်ပြီး ဝန်ခံရမှာပေါ့'

'ပြီးတော့လဲဆရာ၊ ဆရာက အသက်ချင်းကွာခြား တာကို ပြောတယ်၊ ဦးသိန်းအောင်က ငါးဆယ်၊ ကျွန်မက သုံးဆယ့်ငါးနှစ်ဆိုတော့ အသက်ချင်း ဆယ့်ငါးနှစ်ပဲ ကွာပါတယ်၊ ဒီထက်ကွာတာတွေလဲ တွေ့ဖူးကြတယ် မဟုတ်လား၊ အိမ်ထောင်ရေး အဆင်ပြေလို့ သားတွေ သမီးတွေ ကြီးပြင်းလာတာကို ကျေနပ်ပြီး အိမ်ထောင်ရေး မှာသာမက လူမှုရေး၊ ဘာသာရေး၊ စီးပွားရေးတွေမှာလဲ အိမ်ထောင်ရှင်မိန်းမက အရေးပေးရလို့ သွေးသားကိစ္စဟာ အသက်ရလာလေလေ လျော့ပါးသွားလေလေဖြစ်တာ ဆရာလဲ သာဓကတွေ အများကြီး တွေ့ဖူးပြီးသားပါ'

'အေး ဟုတ်တယ်၊ ငါ တွေ့ဖူးတာတွေ အများကြီးပဲ၊ တကယ်တော့ လူပေါ်မှာ တည်ပါတယ်၊ ဖောက်ပြန်တယ် ဆိုတာ မိန်းမဘက်မှာချည်း ရှိတာ မဟုတ်ဘူး၊ ယောကျ်ား ဘက်မှာလဲ ရှိတာပဲ၊ ယောကျ်ားတွေက ဖောက်ပြန်တာများ တယ်၊ သူတို့အဖို့ လွယ်ပါတယ်၊ ဦးသိန်းရဲ့အရင်မိန်းမလို မိန်းမမျိုးတွေလဲ ရှိသပေါ့၊ဒါပေမယ့် မိန်းမတွေဟာ အနေ အထိုင်မှန်ရင် ဖောက်ပြန်တယ်ဆိုတာ မရှိပါဘူး၊ မရှိ သလောက်ပါပဲ၊ နင့်ကို ငါက အထင်သေးလို့ ဒီအကြောင်း ပြောတာ မဟုတ်ပါဘူး၊ ငါ နင့်ရဲ့သဘောထားနဲ့ ထင်မြင် ချက်ကို သိချင်လို့ပါ၊ ပြီးတော့လဲ နင့်အဖို့ ကောင်းပါ တယ်၊ ကြီးရင်မှီ ငယ်ရင်ချီ ဆိုတာမျိုးလိုပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'အဲ ဆရာပြောတဲ့ ကြီးရင်မှီ ငယ်ရင်ချီဆိုတဲ့ အရပ်စကားဟာ အဓိပ္ပာယ် အတော်လေးနက်ပါတယ်၊ မိန်းမသဘာဝ၊ ယောကျ်ားသဘာဝကို ဖော်ပြတဲ့ စကားပဲ၊ အရပ်စကားမို့ ပေါ့ပေါ့တန်တန် မဟုတ်ပါဘူး၊ အဓိပ္ပာယ်လေးနက်ပါတယ်၊ မိန်းမနဲ့ယောကျ်ားဟာ ယောကျ်ားက အသက်ပိုကြီးမှ တင့်တယ်တယ်ဆိုတဲ့ အယူအဆဟာ မှန်ပါတယ်၊ သိပ်သဘာဝကျတယ်၊ မိန်းမက ယောကျ်ားနဲ့ အိမ်ထောင်ပြုရာမှာ အားကိုးတဲ့စိတ်က ချစ်တယ်ဆိုတဲ့ စိတ်ထက် ပိုပါတယ်၊ ပိုလဲ ပိုသင့်ပါတယ်၊ မိန်းမနဲ့ ယောကျ်ားတို့ဟာ လူလူချင်းပဲ အတူတူဖြစ်ရမယ်ဆိုပြီး ယောကျ်ားနဲ့ အရာရာမှာ တန်းတူအခွင့်အရေးရဖို့ မိန်းမတွေက ဘယ်လိုပဲ ကြိုးစား ကြိုးစား သဘာဝချင်းမတူတာကိုတော့ မလွန်ဆန်နိုင်ပါဘူး၊ ပြစ်ပယ်လို့ရတာ မဟုတ်ပါဘူး'

'ဟ၊ နင် အတော် လက်ချာရိုက်တတ်သားပဲ'

'ဆရာ့ကို ဆရာလုပ်တာ မဟုတ်ပါဘူး၊ ကျွန်မ ဦးသိန်းအောင်ကို ယူမယ်ဆိုတဲ့ အဆိုကို တင်ပြနေတာပါ'

'ပြော ပြော၊ ဆက်ပြော နင်ပြောတာတွေ ငါ မှတ်ပြီး ဆောင်းပါးတစ်ပုဒ် ရေးရလိမ့်မယ်'

'ရေးရင်လဲ ရေးပါ ဆရာ၊ ကျွန်မနဲ့ သဘောချင်း တိုက်ဆိုင်တဲ့ မိန်းကလေးတွေ ရှိပါတယ်၊ ဆရာ့ဆောင်းပါးကို ထောက်ခံကြမှာပါ၊ ဆရာ ခုနပြောသလို ကြီးရင်မှီ ငယ်ရင်ချီဆိုတာ ကျွန်မ အဓိပ္ပာယ်ကောက်တာက ကြီးတဲ့လူဆိုတာ ယောကျ်ား၊ ယောကျ်ားကအကြီးမို့ မိန်းမကို ကြင်နာယုယရမယ်၊ ကလေးလေးကိုချီပြီး ချော့တဲ့သဘော မျိုးပေါ့၊



အချော့မခံချင်တဲ့မိန်းမ မရှိပါဘူးဆရာ၊ ပြောချင် ပြောကြပေါ့၊ ပါးစပ်ဖျားက စကားသာ ဖြစ်မှာပါ၊ မိန်းမတွေဟာ ယောကျ်ားကို မှီကြရတာချည်းပါ'

'အေး ဟုတ်ပြီ'

'ယောကျ်ားက မိန်းမကို ယုယသလို မိန်းမက ယောကျ်ားကို မှီခိုအားကိုးရတာပဲပေါ့၊ အဲဒါကြောင့် လူမျိုးအများရဲ့ ယဉ်ကျေးမှု ဓလေ့ထုံးစံမှာ လင်မယားဆိုရင် လင်က အသက်ကြီးရမယ်၊ မယားက အသက်ငယ်ရမယ်၊ မယားက အသက်ကြီးပြီး လင်က အသက်ငယ်နေရင် ပတ်ဝန်းကျင်က ကဲ့ရဲ့ကြတယ် မဟုတ်လား ဆရာ၊ ကျွန်မ ကြားဖူး သိဖူးတာက ဂျပန်တွေဟာ အသက်ကြီးတဲ့မိန်းမက အသက်ငယ်တဲ့ ယောကျ်ားကို ယူမယ်ဆိုရင် အားလုံးက ကန့်ကွက်ကြတယ်တဲ့'

'ဒါဖြင့် သက်တူရွယ်တူ ချစ်တဲ့သူလို့ ဆိုတဲ့စကားလဲ ရှိသေးတယ်၊ ဘယ်လိုပြောမလဲ'

'သက်တူရွယ်တူ ချစ်ကြတာတွေ များပါတယ်၊ တကယ်တော့ အိမ်ထောင်ရေးနဲ့ အချစ်ဟာ ခွဲခြားထားသင့်ပါတယ်၊ သက်တူရွယ်တူ အိမ်ထောင်ပြုကြတာ အဆင်ပြေချောလို့ ယေဘုယျသဘော ပြောလို့မရဘူး၊ 'စလယ်ဝင် ဖင်မည်းခင်က ကွဲရလေခြင်း'ဆိုတဲ့ စကား ရှိတယ်လေ၊ နှစ်ယောက်လုံး ငယ်နေတော့ အတူနေကြရတဲ့အခါမှာ တစ်ယောက်အလို တစ်ယောက် တကယ်တမ်း လိုက်နိုင်ဖို့မှာ ယောကျ်ားက အသက်ငယ်ပေမယ့် ခေါင်းဆောင်လုပ်ရမှာမို့ သဘောထား ကြီးရလိမ့်မယ်၊ လူကြီးလိုသဘောမျိုးရှိတန်သလောက် ရှိလိမ့်မယ်၊ သက်တူရွယ်တူအိမ်ထောင်သည်တွေ

www.burmeseclassic.com

www.burmeseclassic.com



အဆင်ပြေတာဟာ များသောအားဖြင့် ယောကျ်ားက သဘောထားကြီးရတာပဲ၊ မိန်းမဆိုတာ အူတိုတယ်၊ ယောကျ်ားကပါ လိုက်တိုနေရင်တော့ အိမ်ထောင်ရေး အဆင်မပြေဖြစ်မှာပဲ၊ စလယ်ဝင် ဖင်မမည်းခင်က ကွဲကြမှာပဲ ဆရာရေ'

'ကဲ ကဲ နင်နဲ့ ဆွေးနွေးရတာ ကောင်းပါတယ်၊ ငါလဲ ငါ့အတွေးအမြင်နဲ့ ငါ နင်ပြောတာတွေ သိပြီးသားပါ၊ လက်ခံပါတယ်၊ ငါ နင့်အမေကို ပြောပေးပါ့မယ်'

ဆယ်နှစ်ကြာခဲ့လေပြီ။

မမြကြည်လည်း တက္ကသိုလ် ကျောင်းဆရာမကလေးမှ ယခု ဒေါ်မြကြည် အသက်လေးဆယ်ကျော် ကထိကကြီး ဖြစ်နေပါပြီ။ ဦးသိန်းအောင်မှာ အသက် ခြောက်ဆယ်ပြည့်ဖို့ လေးနှစ်လိုသေးသည်။ သူ့သား နှစ်ယောက်လည်း မိခင်ရင်းထက် ကြင်နာတတ်သည့် မိထွေး ကို ချစ်ခင်နေကြလေပြီ။ သူတို့တစ်တွေ အဆင်ပြေကြပေသည်။ မမြကြည်မှာ အသက်ကြီးသည့် ခင်ပွန်း၏ သြဇာ သက်ရောက်ဟန်ရှိသည့် အလျောက် အရွယ်အလတ် ဖြစ်ငြားလည်း အမျိုးသမီးကြီး အရာသို့ရောက်ကာ ရုပ်မရင့် လှသေးသော်လည်း စိတ်ဓာတ် ရင့်နေပေသည်။ ယခုတော့ သူက သွက်လက်ချက်ချာ၍ အိမ်ထောင်ကို ဦးဆောင်လျက်ရှိသည်။ ဦးသိန်းအောင်မှာ နဂိုက အေးအေးမို့ ပို၍ လူကြီးပီသလျက်ရှိလေသည်။

## အချစ်စစ်တမ်း ၄

## မပေးလိုက်ရသော ပေးစာတစ်စောင်

မေမြို့
ဒီဇင်ဘာ ၂၃ ရက်၊ ၁၉၈၀

အညွန့်

ဒီစာဟာ မင်းလက်ထဲရောက်ချင်မှ ရောက်မယ်၊ ငါကတော့ မင်း ဒီစာကို ဖတ်စေချင်ပါတယ်၊ ဒါပေမယ့် မင်းလည်း ငါ့အကြောင်း သိသားပဲ၊ အရာရာမှာ အားနာမှုလွန်တယ်၊ ဘာမဆို မဝံ့မရဲဖြစ်တတ်တယ်၊ တရားခွင်မှာ တရားသူကြီး အဖြစ်နဲ့ တာဝန်ထမ်းဆောင်ရတဲ့အခါမှာ ငါ့ကိုအများက ချီးမွမ်းလောက်အောင် ပွင့်လင်း ရဲရင့်တယ်၊ ဆုံးဖြတ်ချက် ချရာမှာ စီရင်ချက်ချရာမှာ ငါဟာ ပြတ်သားတယ်၊

အဲ လူမှုရေးကိစ္စတွေမှာတော့ ငါဟာ အားနာလွန်း တယ်။ တစ်ဖက်သားက ဘယ်လိုခံယူမလဲလို့ တွေးမိတိုင်း

www.burmeseclassic.com

www.burmeseclassic.com



ပြောချင်တာကို မပြောရဲသလိုလို လုပ်ချင်တာကိုလည်း မလုပ်ဝံ့သလိုလို ဖြစ်တတ်တယ်။

အခု ဒီစာကိုရေးပြီး ရင်ဖွင့်ထားပေမယ့် မင်းဆီကို ဒီစာပို့ဖို့ ဝန်လေးနေတယ်၊ မင်း ငါ့ကို စိတ်ဆိုးမှာတော့ မဟုတ်ပါဘူး၊ ငါ သိပါတယ်၊ ဒါပေမယ့် မင်း စိတ်မကောင်း ဖြစ်လိမ့်မယ်၊ ငါ အဲဒီလို မဝံ့မရဲ ဖြစ်တယ်လို့ပေါ့၊ ငယ်ငယ်က ငါ့မှာ ဝေဒနာတစ်ခုဟာ အခု အသက် ခုနစ်ဆယ်ကျော်အထိ စွဲကပ်နေတာပေါ့။

မင်း မှတ်မိမှာပါ၊ ဟိုလွန်ခဲ့တဲ့ အနှစ်ခြောက်ဆယ်က တို့မြို့ကလေးမှာ အင်္ဂလိပ်မြန်မာ အစိုးရအလယ်တန်းကျောင်း စဖွင့်တော့ တို့တစ်တွေရဲ့ မိဘတွေက တို့ကို ကျောင်းအပ်ကြတယ်၊ အဲဒီတုန်းကဆိုရင် မင်းတို့ ငါတို့ဟာ မြန်မာစာသင်ကျောင်း (လောကဓာတ်ကျောင်းလို့ လူကြီးတွေက ခေါ်ကြတယ်လေ၊) အဲဒီ ကျောင်းတစ်ကျောင်း ပြောင်းပြီး တစ်တန်းမှာ အင်္ဂလိပ်စာ စသင်ကြရတယ်။

တို့တစ်တွေ အတန်းတူတွေဆိုတော့ ခင်မင်ရင်းနှီးကြတာပေါ့၊ ဟို အုန်းသွင်လေ၊ သူကအသက်ခုနစ်နှစ် ရှစ်နှစ်လောက်ကတည်းက လူလည်၊ ပြောရဲဆိုရဲ လုပ်ရဲ ကိုင်ရဲပေါ့၊ ဟိုမျောက်နှစ်ကောင် မျိုးမြင့်နဲ့ မျိုးတင့်တို့ အမြွှာညီအစ်ကိုနှစ်ယောက် ပြီးတော့ ငါတို့အထဲမှာ အသက်အကြီးဆုံး အဲဒီ တုန်းက ဆယ်နှစ်လောက်ရှိမှာပေါ့၊ ကိုဘဆိုင်ကြီးလေ၊ ပြီးတော့ သူ့လောက်အသက်ငယ်တယ်၊ နည်းနည်းတော့ ငယ်မလားမသိဘူး၊ ကိုလှဝေ၊ သိန်းတင်၊ သိန်းလွင် ညီအစ်ကိုနှစ်ယောက်၊ စာရေးကြီး ဦးပါရဲ့ သားတွေ။



မင်းတို့ မိန်းကလေးတွေဘက်မှာလည်း ဝန်ထောက်ကြီးရဲ့ သမီးနှစ်ယောက် ခင်လေးနဲ့ ခင်ထွေး၊ ပြီးတော့ ရှေ့နေကြီး ဦးထင်ကျော်ရဲ့သမီး မတင်ညွန့်၊ အဲဒီတုန်းက မြို့မှာ မော်တော်ကား မရှိသေးဘူးလေ၊ မြင်းလှည်းပဲရှိတယ်၊ မတင်ညွန့်က ကျောင်းတက်တာ မြင်းနှစ်ကောင်က ဒေါက်ကပ်ကြီးစီးလို့၊ ဒါပေမယ့် မတင်ညွန့်ဟာ သွေးမကြီးရှာပါဘူး၊ ယောကျ်ားလေးတွေရော မိန်းကလေး တွေကပါ သူ့ကို ခင်ကြတယ်၊ သူက ဖော်ရွေတာကိုး၊ သွက်လည်း သွက်တယ်၊ ပြီးတော့ ဟို သီတာဒေဝီဆိုတဲ့ ဟိန္ဒူမကလေး သူက စာသိပ်တော်တာ၊ ပြီးတော့ ဟာလီမန်း၊ ဘောဘီ မူဆလင်မကလေးတွေ၊ အာမက်၊ ဆူဘာရာမန်းနီး၊ စိုးသွင်အို အများကြီးပါ၊ မင်း မှတ်မိမှာပါ၊ အဲဒီ လူစုတွေထဲမှာ ငါကတော့ အားလုံးနဲ့တည့်ပါတယ်၊ ခင်မင်ပါတယ်၊ သူတို့ကလည်း ခင်မင်ကြပါတယ်။

ဒါပေမယ့် ငါက ငယ်ငယ်ကတည်းက မဝံ့မရဲဖြစ်ခဲ့တယ်၊ သတ္တိနည်းတယ် ဆိုချင်ဆိုနိုင်ပါတယ်၊ သူများတွေ ဆော့ကြ ကစားကြနဲ့ နေကြပေမယ့် ငါကတော့ စာကိုပဲ အဖော်လုပ်တယ်၊ငါ့ကို ‘စာဂျပိုး’လို့ ခေါ်ကြတယ်၊ အဲ မင်းလဲ မိန်းကလေးတွေထဲမှာ အငြိမ်သက်ဆုံးပဲ မဟုတ်လား၊ စကားပြောလည်း အသံကလေး သေးသေးသဲ့သဲ့ပဲ၊ ခပ်ရိုးရိုး နေတတ်တယ်လေ။

ငါ တော်တာကတော့ စာပဲလေ၊ အတန်းထဲမှာ အမြဲ ပထမရတယ်၊ ဟိုကုလားကျောင်းအုပ်ကြီး မှတ်မိသေးလား၊ နာမည်က ‘သီအိုဒိုး ဖစ်လစ်’သူ့ အင်မတန်

www.burmeseclassic.com

www.burmeseclassic.com



ဆိုးတယ်၊ အဲဒီတုန်းက အင်္ဂလိပ်စာမှာ တစ်တန်းလုံးကျ ပေမယ့် ငါတစ်ယောက်တည်း ခြွင်းချက်အဖြစ်နဲ့ အောင်တယ်၊ အဲဒီလို စာတော်ပေမယ့် ငါ့မှာ ဆရာတွေက မျက်နှာအပေး မခံရဘူး၊ အဲဒါ သူတို့အပြစ် မဟုတ်ဘူး၊ ငါက နုတယ်၊ အေးတယ်၊ ခပ်ခွာခွာ ခပ်တည်တည် နေတတ်တယ်၊ လောကွတ်လုပ်တတ်တာမှ မဟုတ်တာ။

အဲဒီလိုနဲ့ တို့တစ်တွေဟာ ရှစ်တန်း ကိုးတန်း ဆယ်တန်း တစ်ဆင့်ပြီးတစ်ဆင့် တက်လာခဲ့ကြတယ်၊ အသက်အရွယ်ကလည်း လိုက်ပြီးကြီးလာတော့ လူပျိုပေါက် အပျိုပေါက်အရွယ် ရောက်ကုန်ကြရောပေါ့။

အဲဒီအခါမှာ သဘာဝအတိုင်း ငယ်သူငယ်ချင်းတွေဟာ မိန်းမနဲ့ ယောကျ်ားဆိုတဲ့ အသိကလေးဝင်လာကြပြီး ရိုးရိုးသားသား ခင်မင်ရင်းနှီးလာကြရာက စိတ်လှုပ်ရှား ကစားလာကြတာပေါ့။

ဘယ်သူနဲ့ ဘယ်သူ ဖြစ်နေကြပြီ ဆိုတာလေးမျိုး၊ ဘယ်သူက ဘယ်သူ့ကို ကြိုက်ပေမယ့် ဟိုတစ်ဖက်သားက ဟိုမောင့်ကို မျက်စောင်းထိုးနေလို့ ယောကျ်ားလေး နှစ်ယောက် ရည်းစားလုဘက် ဖြစ်နေကြတယ်၊ ဟိုကောင်ကို ကောင်မလေး နှစ်ယောက်က ပြိုင်ပြီး ကြိုက်နေကြတယ်။

အဲဒီလို အဲဒီလို စကားတွေ ကြားကြားနေရတယ်၊ မင်းလဲ ဒီစကားတွေ မိန်းကလေးချင်းချင်း ပြောကြဆိုကြတော့ ကြားနေသိနေမှာပေါ့၊ မင်းကိုယ်တိုင်လည်း ဘယ်လောက်ပဲ သိပ်သိပ်သည်းသည်းနေပေမယ့် ရင်ခုန်သံကလေးတွေ ပေါ်ပေါ်လာမှာပဲ၊ ဒါဟာ ဓမ္မတာပါ။



ငါလည်း ဒီလိုပဲပေါ့၊ ငါကတော့ ဘယ်သူ့ကို စိတ်ကူးယဉ်နေတယ်ဆိုတာ မပြောတော့ပါဘူး၊ ဟိုတုန်းက မင်း ရိပ်မိချင် ရိပ်မိမှာပေါ့၊ ဒါပေမယ့် ငါ့မှာ သတ္တိနည်းတယ် ဆိုနိုင်ပါတယ်၊ ဒါချည်းပဲ မဟုတ်သေးဘူး၊ ငါ့အကြောင်း ငါ သိတယ်။

သူများတွေ ချစ်တမ်းကစားကြပေမယ့် ငါ့မှာ စာမေးပွဲအောင်ဖို့၊ ဆယ်တန်းအောင်ပြီးတက္ကသိုလ်သွားဖို့၊ တက္ကသိုလ် ဘယ်လိုနည်းနဲ့သွားမလဲ၊ ငါ့အဖေက လခနည်းတဲ့ ဝန်ထမ်းတစ်ယောက်၊ သားအမိသုံးယောက်နဲ့မို့ စားလောက်ရုံသာ ရှိတယ်။

တက္ကသိုလ်တွေကို ငါ သွားနိုင်မှ သွားနိုင်မယ်၊ ပြီးတော့လည်း အဖေက အိုနေပြီ၊ ငါ တက္ကသိုလ်သွားရမယ့် အချိန်လောက်မှာ သူ အလုပ်ကထွက်ပြီး အငြိမ်းစားယူတော့မယ် အဲဒီအခါမှာ မိသားစု ဘယ်လိုနေကြမလဲ အမေကလည်း အိမ်ရှင်မ သက်သက်ပဲ၊ ရောင်းတတ်ဝယ်တတ်တဲ့ မိန်းမမျိုးလည်း မဟုတ်ဘူး။

ပြီးတော့ သူလည်း အဖေ့လိုပဲ အိုလာပြီ၊ အေးလေ ငါ့မှာ ငယ်ငယ်နဲ့ ရှေ့မှာမြင်နေရတဲ့ မကြာခင် ငါ့ပခုံးပေါ် ရောက်လာမယ့် တာဝန်ကြီးက ရှိသေးတယ်၊ အဲဒါကြောင့်မို့ သူများတွေလို ချစ်တမ်းကစားဖို့ အခွင့်မသာဘူး။

အခွင့်သာဦးတော့ ငါက အဲဒီဘက်မှာ အတော်နုံတာ၊ ရှက်သလို ကြောက်သလိုနဲ့၊ စိတ်ကူးယဉ်ပြီး အိပ်မက်ထဲမှာသာ ချစ်တမ်းကစားနိုင်တဲ့ ငါ့ဘဝ၊ ငါကတော့ ငါ့ အိပ်မက်ထဲမှာ မင်းနဲ့အဆင်ပြေနေတာပေါ့၊ အုံ့ပုန်းချစ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ဒါပါပဲ' ငါသိပါတယ်၊ အင်္ဂလိပ် မြန်မာ ဝတ္ထုတွေ
ထဲမှာ အဲဒီလိုလူမျိုးဟာ ဘဝစာမေးပွဲ အောင်ချင် အောင်
မယ်၊ အချစ်စာမေးပွဲတော့ ကျမှာပဲ၊ အချစ်ကျောင်းက
ထုတ်ပယ်ခြင်းခံရမှာလည်း သေချာတယ်။

အုံ့ပုန်းချစ် ရောဂါစွဲတဲ့လူဟာ အခံရဆုံးပေါ့၊ ဝတ္ထု
တွေထဲမှာ မင်း ဖတ်ဖူးမှာပါ။ အပြင်ဘက်မှာလည်း
အုံ့ပုန်းချစ် ရောဂါရှင်တို့ ရှိတယ်၊ ဒါပေမယ့် အုံ့ပုန်းချစ်
ဆိုတော့ သူ့အကြောင်းကို ဘယ်သူ့ကိုမှ ဖွင့်မပြောရဲဘဲ
အတွင်းကြိတ် ခံစားနေရတာမို့ သာကေတွေ ထုတ်ပြနိုင်ဖို့
ခဲယဉ်းတယ်။

ဝတ္ထုအဖြစ်နဲ့သာ စာရေးဆရာတွေက ဖော်ထုတ်နိုင်
ကြတယ်၊ အဲ စကားစပ်ပြောရဦးမယ်၊ အုံ့ပုန်းချစ်ရောဂါရှင်
ဝေဒနာသည်တွေဟာ ယောကျာ်းတွေဘက်မှာချည်း ရှိတာ
မဟုတ်ဘူး၊ မိန်းမတွေဘက်မှာလည်း ရှိတယ်၊ တစ်သက်လုံး
ကြိတ်ပြီး မျိုသိပ်ထားကြတာ သေတော့ အဲဒီရောဂါလည်း
ပါသွားတာပေါ့၊ ငါတော့ ဘယ်သူမှ မသိအောင် မျိုသိပ်
ထားခဲ့ပေမယ့် အခု အသက်ခုနစ်ဆယ်ကျော်ခဲ့ပြီ၊ ငါ့မှာ
နှလုံးရောဂါလည်း ရှိနေပြီ။

ဒီတော့ သေမယ်ဆိုရင် ဖျတ်ခနဲသေမှာ၊ ဘယ်တော့
သေမယ်ဆိုတာ မသိဘူးပေါ့၊ မသေခင်မှာ သူများတွေ
ကိုတော့ ဖွင့်ပြောတာမျိုး မဖြစ်စေချင်ဘူး၊ မင်းကိုတော့
ဖွင့်ပြောမယ်၊ ဒါမှ ငါ့မှာ ရင်ရှင်းရှင်းနဲ့ အသေဖြောင့်မယ်လို့
သဘောပိုက်ပြီး ဒီစာကိုရေးတာပါ၊ ငါ့ကံကောင်းရင် ငါ့
အကြောင်းကို မင်းသိသွားမှာပါ၊ မင်းဆီ ဒီစာ ရောက်မယ်



လို့တောင် အာမမခံရဲပါဘူး၊ ဘာပဲဖြစ်ဖြစ် ရေးလိုက်ရရင်
တော့ အတော်ကလေးပေါ့သွားကောင်းရဲ့ဆိုပြီး ရေးတာပါ။

ဆက်ပြောရဦးမယ်၊ ငါ ဆယ်တန်းရောက်တော့
မင်းတို့တစ်တွေက အောက်တန်းတွေမှာကျနေကြလို့ ငါနဲ့
အတန်းချင်းမတူ ဖြစ်ရတယ်။

ငါကတော့ ငါ့သူငယ်ချင်းတွေနဲ့ တစ်တန်းတည်း
မတက်ရဘဲ ငါ့ထက်ကြီးတဲ့ ကိုထွန်းဝေ၊ ကိုသန်းမောင်၊
ကိုစိန် စတဲ့ လူခပ်ကြီးကြီးတွေကြား ရောက်နေတာပေါ့၊
သူတို့ကတော့ ဆယ်တန်းမှာ ဝါဆိုနေကြတာမို့ အတော့်ကို
ဝါရင့်နေပြီ၊ ဘီအေအောင်ပြီးစ အထက်တန်းဆရာမအဖြစ်
ခန့်ပြီး ပို့လိုက်လို့ ရောက်လာတဲ့ ဆရာမ ဒေါ်သန်းစိန်
ကိုတောင် ပိုးနေကြတယ်လေ။

ဆယ်တန်းရောက်ပြီး နှစ်ကုန်ခါနီးမှာ မင်းသတင်းကို
ငါ ကြားရတယ်၊ မင်းနဲ့ အုန်းသွင်တို့ ကြိုက်နေကြပြီတဲ့၊
သတင်းဖြန့်ချိရေး လုပ်ငန်းကို အပျော်တမ်း လုပ်နေတဲ့
ကိုလှဝေက ငါ့ကို ပြောတယ်၊ သူက ငါ့ကို တမင်သက်သက်
ပြောတာ မဟုတ်ပါဘူး၊ ငါ မင်းကို စိတ်ဝင်စားနေတယ်
ဆိုတာ သူမသိပါဘူး၊ တကယ်တော့ ဘယ်သူမှ သိတာ
မဟုတ်ဘူး၊ အဲဒီသတင်းရတော့ ငါ့မှာ တစ်နည်းဆိုရရင်
ရင်ပေါ့သွားတယ်၊ ငါ မင်းနဲ့ ဝေးသည်ထက်ဝေးဖို့ လုပ်ရ
မှာပဲ။ ဒီဘဝမှာ သည်မျှသာဆိုသလို ငါ့စိတ်ကို ငါဆုံးမပြီး
ဖြတ်လိုက်တယ်၊ ငါ့အဖို့မှာ အချစ်ဆိုတာ ရင်ထဲမှာသာ
သိုသိပ်ထားရမယ့် သံယောဇဉ်ပဲ၊ ဘဝပြဿနာကို ဖြေရှင်း
နိုင်ဖို့ ရုန်းကန်ရမှာ ငါ့တာဝန်လို့ သဘောပိုက်ပြီး ဆယ်တန်း

www.burmeseclassic.com

www.burmeseclassic.com



မှာ အမှတ်ကောင်းကောင်းနဲ့ အောင်နိုင်ဖို့ပဲ အားစိုက်ရပါတော့တယ်၊ အမှတ်ကောင်းပြီး 'စကောလားရှစ်'များ ရလိုက်ရင်တော့ စာရေးအလုပ်ရဖို့ ကြိုးစားပြီး စာရေးလုပ်ရင်း ရှေ့နေစာမေးပွဲဝင်ဖို့ အားထုတ်ရမှာပဲ။

အဲဒါနဲ့ ကံအားလျော်စွာ ငါ စာမေးပွဲမှာ အမှတ်ကောင်းကောင်းရပြီး အောင်တယ်၊ ငါ့ဘဝမှာ ထူးဆန်းတဲ့ဖြစ်ရပ်ကလေးတွေ ရှိတယ်၊ စာမေးပွဲအောင်ရာမှာ ဂုဏ်ထူးတစ်ဘာသာမှ မရဘူး၊ 'စကောလားရှစ်'ရဖို့ မျှော်လင့်ချက်ပျက်ပြားသွားတယ်၊ ဒါပေမယ့် အဖေက စောစောကစပြီး တတ်နိုင်သလောက်စုထားတဲ့ ငွေကလေးနဲ့ ငါ့ကို တက္ကသိုလ်ပို့ဖြစ်အောင် ပို့ရှာတယ်၊ ငါလဲ ဘီအေအောင်တဲ့အထိ မနေရဦးတော့ အိုင်အေလောက်အောင်ရင် စာရေးဘဝကို လွတ်မြောက်ပြီး မြို့အုပ်လိုရာထူးငယ်တော့ ရနိုင်မယ်လို့ မျှော်လင့်ချက်ထားခဲ့တယ်၊ အမှတ်ကောင်းကောင်းနဲ့ အောင်တယ်ဆိုတာကိုတော့ ငါ တက္ကသိုလ်ရောက်ပြီး ကျောင်းစတက်တဲ့အခါမှာ သိရတယ်၊ ဘယ်လိုလဲဆိုတော့ ကျောင်းရောက်ပြီး တစ်ပတ်လောက်အကြာမှာ 'စကောလားရှစ်' စာရင်း ထွက်လာတယ်၊ တက္ကသိုလ်အုပ်ချုပ်ရေးမှူး (ဘာဆာ)ရဲ့ ရုံးက ကြော်ငြာကပ် ပျဉ်ပြားကြီးအပေါ်မှာ 'စကောလားရှစ်'စာရင်း ကပ်ထားတယ်၊ အဲဒီစာရင်းထဲမှာ ငါ့နာမည်ပါလာတယ်၊ တစ်ပြည်လုံးမှာ ပထမ၊ ဒုတိယ၊ တတိယ စသည်ဖြင့် အစဉ်လိုက် နာမည်စာရင်းတွေ ရေးထုတ်ထားတယ်၊ ပထမက ဒသမအထိ ဆယ်ယောက်ကို ယူနီဗာစီတီး စကောလားရှစ် ပေးမယ်။



အဲဒီတုန်းက တစ်လ အစိတ်ပဲရတယ်၊ ပြီးတော့နောက် ဆယ်ယောက် နာမည်စာရင်းရှိတယ်၊ အဲဒီစာရင်းထဲမှာ ငါ့နာမည်က အမှတ်စဉ် ၁၂ ဖြစ်တယ်၊ 'အိပ်ဆီဗီးရှင်း'လို့ခေါ်တယ်၊ တစ်လ နှစ်ဆယ်ရတယ်၊ ငါတော့ သိပ်ဝမ်းသာသွားတာပဲ၊ အဲဒီတုန်းက တက္ကသိုလ်မှာ ဘော်ဒါနေတာ စရိတ်စကအားလုံး ချွေချွေတာတာနေရင် ငါးဆယ်နဲ့ လောက်တယ်၊ ငါ့မှာ 'အိပ်ဆီဗီးရှင်း'က နှစ်ဆယ်၊ ပြီးတော့ တိုင်းပညာဝန်က ထောက်ခံလိုက်လို့ ကျောင်းလခလွတ် (စတိုင်ပင်)လဲ ရတော့ မိဘတွေအဖို့ သိပ်ပြီး သက်သာသွားတာပေါ့။

အဲဒီအကြောင်းတွေ အခု ပြောပြရတာကတော့ မင်း ငါ့အကြောင်းကို ငါ ကျောင်းထွက်ပြီး တက္ကသိုလ်ရောက်တဲ့ အချိန်ကစပြီး သိမှာမဟုတ်ဘူး၊ သိချင်မှာလည်း ဟုတ်မယ် မထင်ပါဘူး၊ ရှိပါစေတော့၊ အချစ်ဆိုတာ ငါ့ရင်ထဲမှာသာရှိရတဲ့ဟာမို့ ဘယ်သူကမှ ငါ့ဘဝကို ငါ့မိသားစုမှတစ်ပါး အခြားသူတွေ မသိကြပါဘူး၊ ဘယ်သူကမှလည်း စိတ်ဝင်စားမှာ မဟုတ်ပါဘူး၊ မင်းနဲ့ငါဟာ ဘဝလမ်းကြောင်းကွဲသွားပြီ။ တစ်ယောက်က တောင်၊ တစ်ယောက်က မြောက် ဆိုသလို အဝေးကြီး ဝေးကြပြီပေါ့၊ မင်းအကြောင်းကိုတော့ ငါက စိတ်ဝင်စားမှု မပျက်ပါဘူး၊ ကိုလှဝေဆီက မင်းသတင်းကြားရပါတယ်၊ မင်းဆယ်တန်းအောင်ပြီး ဆရာဖြစ်သင်ကျောင်း တက်သတဲ့၊ အုန်းသွင်ကတော့ ဆယ်တန်းကျပြီး ထွက်သွားသတဲ့၊ သူ့မိဘတွေက သူ ပွေတတ်မှန်းသိလို့ ထင်ပါရဲ့ ပိုက်ဆံချမ်းသာတဲ့

www.burmeseclassic.com

www.burmeseclassic.com



ကုန်သည်ကြီးတစ်ယောက်ရဲ့ သမီးနဲ့ ပေးစားလိုက်တယ်တဲ့၊ သူ့မိန်းမ မိဘတွေနေတာက တို့မြို့နားက မြို့ကြီးပဲ၊ မင်း အဲဒီမြို့ကို သိပါတယ်၊ အလုပ်သမားတွေ သိပ်ပေါတယ်၊ ကုန်သည်တွေ စီးပွားဖြစ်ကြတယ်၊ အုန်းသွင်ဟာ ကုန်သည် လုပ်ဖို့ပဲ ကောင်းတယ်။

မင်းနဲ့ အုန်းသွင်တို့အကြောင်း ငါ သေသေချာချာ မလေ့လာပါဘူး၊ ကိုလှဝေကြီး ပြောပြသလောက်ပဲ သိပါတယ်။ မင်းတို့နှစ်ယောက် အဆင်ပြေပြီး မင်းနှစ်သက်သူကို ရတယ်ဆိုတာ ကြားရရင်ငါ ဝမ်းသာမှာပါ၊ တကယ့်ကို ဝမ်းသာမှာ၊ မင်း စိတ်ကျေနပ်တယ်၊ စိတ်တိုင်းကျဖြစ်တယ် ဆိုတာကိုပဲ ကြားချင် မြင်ချင်တာပါ၊ ငါ့ စိတ်ဆန္ဒကို မင်း ရိပ်မိရုံလောက်သာ ရှိချင်ရှိမှာ၊ မင်းက ငါ့ကို သူငယ်ချင်း တစ်ယောက်အနေနဲ့ ခင်မင်ရင် ငါ ကျေနပ်တာ ပါပဲ၊ မင်းက ငါ့စိတ်ဆန္ဒကို သိမှ မသိတာ၊ ငါက အုံ့ပုန်းပဲ မဟုတ်လား၊ ငါ့ကိုငါသာသိတာ၊ မင်းက ငါ မင်းကို ချစ်နေကြောင်း သိတောင်မှ မသိတာ၊ မင်း အုန်းသွင်ကို ကြိုက်ကြိုက်၊ ဘယ်သူ့ကိုပဲကြိုက်ကြိုက် ငါ့ အပေါ် သစ္စာဖောက်သွားတယ်လို့ ငါပြောရင် ငါ အရူးပေါ့၊ မင်းဟာ တကယ်တော့ ငါ့ရင်ထဲက ချစ်သူသာ ဖြစ်တယ်၊ တစ်ဖက်သတ် အုံ့ပုန်းချစ်မျိုး ချစ်မိသူမှာ သူ့အဖြစ်နဲ့ သူ ခံရုံသာ ရှိတယ်၊ တကယ်လို့များ ငါ့မှာ သတ္တိရှိလို့ မင်းကို ဖွင့်ပြောရင် မင်း ငါ့ကို စဉ်းစားချင် စဉ်းစားမယ်၊ ပယ်ချလိုက်ချင်လဲ ပယ်ချလိုက်မယ်။



အဲဒါ ပြတ်သားတယ်၊ ရှင်းတယ်၊ အခုတော့ ငါညံ့လို့ ငါ့ဘာသာငါ ချစ်ဒုက္ခရှာတာပဲဟာ၊ ငါ့အပြစ်မှ ငါ့အပြစ်ပဲပေါ့။

မင်းနဲ့ အုန်းသွင် ဘယ်အထိ ခရီးရောက်ခဲ့ကြတယ် ဆိုတာ ငါ မသိဘူး၊ သိဖို့ နည်းနည်းလေးမှ မကြိုးစားဘူး၊ သိလည်း မသိချင်ဘူး၊ ကိုလှဝေကြီးက လာပြောဦးတော့ ငါ ပုတ်ထုတ်လိုက်မှာ၊ မင်းနဲ့ပတ်သက်လို့ မလိုလားအပ်တဲ့ သတင်း ငါ မကြားချင်ဘူး။

မင်းအဖို့ အကျိုးထူးခံစားရတယ်ဆိုတဲ့ သတင်းမျိုး ကိုသာ ကြားချင်တယ်၊ ကြားရရင်လည်း ဝမ်းသာမယ်၊ မင်းအကျိုးကို ငါ အမြဲလိုလားတယ်၊ အဲဒီလို စေတနာ အတွက် ငါ့အပေါ် အလားတူစေတနာထားတယ်ဆိုတာ သိရရင် ငါ့အဖို့ လာဘ်ရတနာကြီးပေါ့။

တကယ်တော့ ငါ့အချစ်ဟာ မင်းကို အကျိုးပြုခွင့် သာတဲ့ အချစ်မျိုးသာ ဖြစ်ရမယ်၊ ငါ့အတွက် အမြတ်ထုတ် တာမျိုးတော့ မဖြစ်စေလိုဘူး။

ဒီလိုဆိုတော့ မင်းက ငါ့ကို မေးချင်မေးမယ်၊ 'ရှင် ကျွန်မကိုချစ်တာ ဘဝကြင်ဖော်အဖြစ် ထားချင်လို့ ချစ်တာ လား၊ ရှင့်ဘာသာရှင် စိတ်ကူးယဉ်ပြီး ချစ်တာလား၊ လက်တွေ့ထည့်မစဉ်းစားဘူးလား' လို့ မေးနိုင်ပါတယ်။ လက်တွေ့ စဉ်းစားတာပေါ့ကွာ၊ စိတ်ကူးနဲ့လျှာထား ကြည့်တာ ကြာလှပါပြီ၊ ငါ ခုနစ်တန်းအောင်ပြီး ရှစ်တန်း ရောက်ချိန် ဆယ့်လေးငါးနှစ်အရွယ်ကတည်းက မင်းကိုငါ့ အိမ်ထောင်ရှင်အဖြစ် စိတ်ကူးနေတာ မကြာခဏ အမြဲ လိုလိုပေါ့။

www.burmeseclassic.com

www.burmeseclassic.com



မင်းဘက်က လိုက်လျောလို့ တို့နှစ်ယောက် တစ်သက်လုံး အတူနေရမယ်ဆိုရင် ငါ တခြား ဘယ်ဆုလာဘ်မျိုးကိုမှ မလိုချင်ဘူး၊ ဒါပေမယ့် ကံမဆုံကြဘူး ဆိုရင်လည်း ငါကတော့ မင်းကို ရင်ထဲက ချစ်သူအဖြစ် ဆက်ထားမှာပဲ၊ တစ်သက်လုံးထားမှာပဲ။

ငါ အိမ်ထောင်ပြုဖြစ်လည်း ပြုဖြစ်မယ်။ ငါ့ဇနီးအပေါ်မှာ ငါ သစ္စာမဖောက်ဘူး၊ မင်းအိမ်ထောင်ပြုပြီးလည်း ငါတော့ မင်းကို ချစ်နေမှာပဲ၊ ပြစ်မှားတဲ့သဘောမျိုး မဟုတ်ဘူး၊ မင်းအိမ်ထောင်ကို အခါအခွင့် ဘယ်လောက်ကြုံကြုံ နည်းနည်းကလေးမှ ပြစ်မှားမှာ မဟုတ်ဘူး။

အဲဒီလိုပြောတော့ မင်း နားလည်ရဲ့လား လူအများက နားလည်ကြမှာလား၊ ငါ မပြောတတ်ဘူး၊ အုံ့ပုန်းချစ်သမားနှစ်မျိုးရှိတယ်လို့ ငါ ဆိုချင်တယ်၊ ပထမအမျိုးအစားက သတ္တိနည်းလို့ကိုပဲ တိတ်တိတ်ပုန်းချစ်နေသူ၊ သူများလက်ထဲပါသွားရင် စိတ်ပျက်တတ်တယ်၊ ကိုယ့်ချစ်သူကို စိတ်ပျက်သွားတတ်တယ်၊ ဥပေက္ခာပြုတတ်တယ်၊ နောက်ဆုံး မုန်းသည်အထိ ဖြစ်သွားတတ်တယ်။

ဒုတိယအမျိုးကတော့ ကံဆုံလို့ အကြင်လင်မယားဖြစ်ရရင် ကောင်းလေစွ ကောင်းလေစွလို့ သဘောထားတယ်၊ ကံမဆုံလို့ ဘဝလမ်းကြောင်းကွဲသွားပြီး ဝေးသည်ထက် ဝေးသွားပြီဆိုလည်း သူ့အပေါ် ချစ်တဲ့အချစ်ဟာ မပျက်ပြယ်ဘူး၊ တစ်နည်းဆိုရင် လင်မယားဖြစ်ဖို့ဆန္ဒကို ပယ်ပြီး သူငယ်ချင်း သို့မဟုတ် မောင်နှမ သဘောထားမျိုး



ဖြစ်စေတဲ့ မေတ္တာ စေတနာတွေကို အစားထိုးတယ်၊ အဲဒါ မယုံမရှိနဲ့၊ အဲဒီလိုအချစ်မျိုး ရှိတယ်။

အင်္ဂလိပ်လိုတော့ 'ပလေးတောနစ် လပ်ဗ်'လို့ ခေါ်တယ်၊ မင်း ဒီအချစ်မျိုးအကြောင်း သိချင်သိနေမှာပါ၊ စာအုပ်တွေထဲမှာ ဖတ်ဖူးချင် ဖတ်ဖူးမယ်။

တချို့ကတော့ အဲဒီ အချစ်မျိုးဟာ စာတွေ့သာဖြစ်တယ်၊ လက်တွေ့ကိုယ်တွေ့မဖြစ်နိုင်ဘူးလို့ဆိုကြတယ်၊ တချို့ပညာရှင်ကြီးတွေကတောင် ဒီလို သဘောရကြတယ်၊ ဒါပေမယ့် တကယ့်ဖြစ်ရပ်တွေ ရှိပါတယ်၊ အဲဒီအချစ်မျိုးဟာ အုံ့ပုန်းချစ်နဲ့ နွယ်တော့ ကာယကံရှင်က ဘယ်သူ့ကိုမှ အသိမပေးဘူး၊ ဒါကြောင့် မထင်ပေါ်တာ။

အဲဒီလို စေတနာအချစ်မျိုးကိုပဲ 'အချစ်စစ်'လို့ ခေါ်ရမလား မသိပါဘူး၊ သူများအတွက်တော့ ငါ အာမမခံနိုင်ပါဘူး၊ ငါ့အတွက်တော့ ငါ အာမခံပါတယ်၊ ငါ့ကိုယ်ငါ သိပါတယ်၊ ငါ့ကိုယ်ငါ မညာဖို့ အများကြီး စိစစ်ကြည့်ပြီးလို့ သိရတာပါ၊ မင်း အုန်းသွင်နဲ့ ချစ်ကြိုက်သွားတယ် ဆိုတုန်းက မင်းကို အပြစ်မတင်ဘူး၊ ငါ့ကိုငါလဲ အပြစ်မတင်ပါဘူး၊ 'နင့်ကို ငါ ချစ်တယ်၊ ငါ့ကို မချစ်ဘူးလား ချစ်မလား၊ ပြောစမ်း၊ မပြောရင် ဒီက မသွားဘူး၊ ပြောမှသွားမယ်'လို့ ဇွတ်အတင်း အချစ်တောင်းတာ အချစ်အဓိပ္ပာယ်အစစ် မဟုတ်ဘူး၊ အချစ်ဆိုတာ ပေးရုံပဲ ပေးရတယ်၊ မတောင်းရဘူး၊ အဲဟိုဘက်က အချစ်ပြန်ပေးရင် ဝမ်းသာအားရစွာယူရတယ်၊ သူ့အလိုဆန္ဒအတိုင်း ပြန်မပေးရင် အသာ

www.burmeseclassic.com

www.burmeseclassic.com



ကလေး နေလိုက်ရုံပဲ၊ သူ့ဆီက အပြန်မရှိလို့ ကိုယ်ပေးထားတဲ့ အချစ်ကိုရုပ်သိမ်းရင်လည်း အချစ်စစ် မဟုတ်ဘူး။

မင်းတို့ ငါတို့ အသက်အတော်ရလာကြပြီလေ၊ ငါလည်း စက်ရှင်မင်းကြီး ရာထူးကနေပြီး အငြိမ်းစားယူလိုက်ပြီ မင်းလည်း မင်းရဲ့ကြိုးစားမှုကြောင့် နောက်ဆုံးမှာ အထက်တန်းကျောင်းရဲ့ ကျောင်းအုပ်ဆရာမကြီး ဖြစ်ပြီ၊ တို့နှစ်ယောက် မတွေ့ကြရတာ နှစ်ပေါင်းသုံးဆယ်လောက်တော့ ရှိရော့မယ်၊ အဆက်တွေ ပြတ်နေကြတယ်လေ၊ သတင်းအပို့အယူလုပ်တတ်တဲ့ ကိုလှဝေကြီးလည်း ဆုံးတာအတော်ကြာသွားပြီ၊ သူသာရှိရင် မင်းအကြောင်း ကြားကြားနေရမှာ၊ ငါကတော့ တရားမ မြို့အုပ်ဘဝ၊ အယူခံဝန်ထောက်ဘဝ၊ လက်ထောက်စက်ရှင်ဘဝ၊ နောက်ဆုံးပင်စင်ယူကာနီးလောက်မှာ စက်ရှင်မင်းကြီးဘဝ အဲဒီလိုအစိုးရအရာရှိဘဝနဲ့ ငါ့မှာ အပြီးသတ်ရတယ်။

ငါ့အကြောင်း နည်းနည်းတော့ ဆက်ပြောဦးမှ။

ငါ တရားမ မြို့အုပ်ကလေးဘဝမှာ အိမ်ထောင်ကျတယ်။ ငါ့အထက်က အယူခံဝန်ထောက် (တရားမဝန်ထောက်)ကြီး တစ်ယောက်ရဲ့သမီးနဲ့ လူကြီးတွေကပေးစားကြတယ်၊ ငါ့ဇနီး မသိန်းမြင့်ဟာ အတော် တော်ရှာတယ်၊ မိဘတွေအဖို့ သမီးကောင်းတစ်ယောက်ပဲ၊ ငါ့အဖို့လည်း ဇနီးကောင်းတစ်ယောက်ပါပဲ၊ စိတ်ရင်းကောင်းတယ်။

မိဘများကို ရိုသေလေးစားရုံသာမကဘဲ ငါ့မိဘ (သူ့ယောက္ခမ) တွေကိုလည်း သူ့မိဘတွေလိုပဲ ရိုသေ



လေးစားတယ်၊ ပြုစုတယ်၊ တာဝန်ဝတ္တရားအရချည်း မဟုတ်ဘူး၊ စေတနာမွန်မြတ်ပါတယ် ဘာသာတရားမှာလည်း ကြည်ညိုလေးစားတယ်၊ ပြုစုတယ်၊ မိဘတွေအကြောင်းပြုပြီး မာန်မာနမတက်ပါဘူး၊ ပညာအရည်အချင်းကတော့ ဆယ်တန်းလောက်ပါပဲ၊ တက္ကသိုလ်ဆက်မတက်တာကတော့ ကျန်းမာရေး အခြေအနေကြောင့်ပါ။

အဲဒီလို မယားကောင်းရတာ ငါ့အဖို့ ကံကောင်းတာပေါ့၊ သူ့ကို ချစ်ခင်မြတ်နိုးပါတယ်၊ ခင်မင်တာ၊ ရိုသေတာ လေးစားတာနဲ့ အပေါင်းလက္ခဏာခံပြီး သံယောဇဉ် တွယ်တာမှုတို့ ပေါင်းလိုက်ရင် အိမ်ထောင်ရေးသာယာတာ အမှန်ပါပဲ၊ ချစ်တယ်ဆိုတာဟာကို အသာထားပြီး ကြင်နာတယ်ဆိုတာကိုသာဦးစားပေး၊ တစ်ယောက်ကို တစ်ယောက် ညှာတာထောက်ထားပြီး အလိုလိုက်ကြရင် လင်နဲ့မယားဟာ အိမ်ထောင်ရေးမှာ အောင်မြင်တယ်လို့ ဆိုရမှာပါ။

ကြင်နာတယ်ဆိုတာဟာ အင်မတန်ကောင်းတာ၊ ကြင်နာမှုကိုပေးတဲ့ လူရော၊ ခံယူတဲ့လူရော၊ နှစ်ယောက်လုံးမှာ အကျိုးထူးကြတယ်၊ ကြင်နာမှုပေးရတာလောက် အဖိုးတန်ပြီး ကျက်သရေမင်္ဂလာရှိတာမျိုး ဘယ်မှာရှိမှာလဲ၊ လင်မယားဘဝကို ရောက်စေတဲ့ 'မင်္ဂလာဆောင်ခြင်း'ဟာ လင်မယားနှစ်ယောက် ခင်မင်ကြင်နာမှု အပေးအယူလုပ်ကြဖို့ စီစဉ်ပေးလိုက်ခြင်းပဲပေါ့။ အကြင်လင်မယားတို့မှာ ကြင်နာမှု ခင်မင်တွယ်တာမှုတွေရှိမှ အိမ်ထောင်ရေးသာယာပြီး မင်္ဂလာရှိမှာ။

www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ နေပါဦး၊ စပ်စုတယ်လို့ မအောက်မေ့နဲ့ကွယ်၊ ငါက မင်းရဲ့ဖြစ်ထွေကို သိတန်သလောက်တော့ သိချင်တယ်၊ မင်း မူလတန်းဆရာမကလေး အဖြစ်ကနေပြီး တက္ကသိုလ်ဘွဲ့ရအောင် ဘယ်လိုရုန်းကန်ရသလဲ၊ ပြီးတော့ ဆက်ပြီး ပညာရေးဘွဲ့အထိ ဘယ်လို ကြိုးပမ်းရသလဲ၊ မင်း မိဘတွေဆုံးတုန်းက ငါ အညာဒေသမှာရှိတယ်၊ သတင်းစာထဲ နာရေးကြော်ငြာ တွေ့ရတယ်၊ သူတို့ နှစ်ယောက် ဆုံးကြတာဟာ တစ်ယောက်နဲ့တစ်ယောက် အချိန်မကွာလှဘူးနော်၊ ငါ အဲဒီတုန်းက မင်းဆီကိုစာရေးပြီး နှုတ်ဆက်ဖို့ပဲ၊ ဒါပေမယ့် မရေးဖြစ်ဘူး၊ နောက် မင်း တစ်ယောက်တည်း အပျိုကြီးဘဝနဲ့ ဘယ်လိုနေလာခဲ့သလဲ။

ဒါတွေကို ငါ သိရရင် မင်းရဲ့တွေ့ကြုံခံစားမှုတွေအတွက် ငါ့မှာ ခင်မင်မှုကို အကြောင်းပြုပြီး ဝမ်းသာဝမ်းနည်းစရာတွေ ဖြစ်မှာပေါ့၊ မင်းရဲ့ဘဝ အောင်မြင်မှုကို ငါ အားရနိုင်မှာပေါ့၊ ဂုဏ်ယူနိုင်မှာပေါ့၊ ငါ သိပါတယ်၊ မင်းတို့ ငါတို့ရဲ့ မိဘတွေဟာ ချမ်းသာကြွယ်ဝကြတာ မဟုတ်ဘူး၊ မင်းအဖေ ငါ့အဖေတို့ဟာ စာရေးကြီးဘဝနဲ့ နိဂုံးချုပ်ကြရတာပဲကွယ်။

ငါ့ဘဝမှာ စိတ်တိုင်းကျ နေရတယ်လို့ မရှိလှပါဘူး၊ မသိန်းမြင့်ဟာ အိမ်ထောင်သည်ဘဝနဲ့ လေးနှစ်ကျော်လောက်သာ နေသွားရပါတယ်၊ သားသမီးလည်း မရဘူး၊ သူ့မှာ ရောဂါအစကတည်းက ရှိခဲ့တာမို့ သက်ဆိုးမရှည်ရှာဘူး၊ သူမရှိတော့ ငါလည်း တစ်ယောက်တည်းမို့ ငါ့တူ တစ်ယောက်ကလည်း အိမ်ထောင်ကျကာစ၊ သူက စာရေးကလေးပါ။



အဲဒါနဲ့ သူတို့ လင်မယားကို ခေါ်ထားရပါတယ်၊ သူ့မိန်းမကလေးက တော်ပါတယ်၊ အိမ်ထောင်ထိန်းသိမ်းမှု ကောင်းကောင်းပြုတတ်ပါတယ်၊ ငါလည်း တစ်ကိုယ်တည်း အထီးကျန်ဖြစ်နေတော့ စာကိုပဲအဖော်လုပ်ရတယ်၊ သက်တူရွယ်တူ အရာရှိတချို့နဲ့အတူ လမ်းလျှောက်လိုက်၊ ဂေါက်သီးရိုက်လိုက်နဲ့ ဘဝမှာ တော်သလိုနေရတော့တာပေါ့။

အညွှန့် မင်းနဲ့ငါတွေ့ပြီး ငယ်ငယ်တုန်းကအကြောင်းတွေ ပြောကြဆိုကြရင် သိပ်ကောင်းမှာပဲ၊ တို့နှစ်ယောက် အနှစ်ခြောက်ဆယ်လောက် ပြန်ငယ်သွားသလိုဖြစ်မှာ သေချာတယ်၊ ငယ်သူငယ်ချင်းတွေဟာ တစ်ယောက်ပြီး တစ်ယောက် ပျောက်ပျောက်သွားကြတာ အတော်များပြီ။

ယောကျ်ားတွေဘက်မှာ အတော်ကုန်နေပြီ၊ မင်းတို့ မိန်းကလေးတွေဘက်မှာ ဘယ်လိုလဲ၊ မိန်းမ သူငယ်ချင်းဟောင်းဆိုလို့ (သုံးလေးငါးယောက်လောက်ပဲ) တွေ့ရတယ်၊ သူတို့လည်း အိုကုန်ကြပြီပေါ့၊ တချို့ဆို မုဆိုးမဖြစ်နေကြပြီ၊ သားသမီးတွေအိမ်မှာ နေကြရတယ်၊ ပြင်ဦးလွင်ရောက်လာကြတာ နည်းတယ်၊ ငါလည်း ရန်ကုန်ကို တစ်နှစ်မှာ တစ်ခေါက်နှစ်ခေါက်လောက်ပဲ ရောက်တယ်။

အသက်အရွယ် အတော်ကြီးရလာတော့ ရှေ့မှာ လမ်းတိုနေပြီ၊ ခပ်လှမ်းလှမ်းမှာ သင်္ချိုင်းပဲရှိတယ်၊ အဲဒီတော့ လူ့သဘာဝအဝလျောက် ဘဝတဏှာရဲ့ စေစားမှုကြောင့် မသေချင်သေးဘူး၊ ဒါပေမယ့် သင်္ချိုင်းကို လှမ်းမြင်နေရပြီလေ၊ အဲဒီအခါမျိုးမှာ ငယ်သူငယ်ချင်း တစ်ယောက်ယောက်နဲ့တွေ့ပြီးရှေးဖြစ်ဟောင်း အောက်မေ့ဖွယ်စကားတွေ ဖောင်ဖွဲ့ရတာ တစ်မျိုးအရသာပဲပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ကိုလှဝေကြီးရှိတုန်းက သူက ရန်ကုန်မှာဆိုတော့ လူချင်းမတွေ့ကြပေမယ့် သူငယ်ချင်းတွေအကြောင်း စာအရှည်ကြီး ရေး ရေးပို့တယ်၊ သူ့စာတစ်စောင်မှာ တို့သူငယ်ချင်း မတင်ညွန့်လေ၊ ဒေါက်ကပ်ရထားကြီးနဲ့ ကျောင်းတက်တဲ့ မတင်ညွန့်ပေါ့၊ မင်း မှတ်မိပါတယ်၊ အဲ မတင်ညွန့်ဟာ ရန်ကုန်မှာ ပန်းဆိုးတန်း လမ်းဘေး ပလက်ဖောင်းမှာ လက်သုပ်ရောင်းနေတာ တွေ့ရသတဲ့၊ သူနဲ့တွေ့တော့ မတင်ညွန့်က မင်းတို့ငါတို့ကို သတိရတဲ့ အကြောင်း ပြောလိုက်သတဲ့၊ ကဲ ငါ့စာက ရှည်လွန်းလှပြီ၊ ငါ့ရင်လည်း အတော်ပေါ့သွားပြီဆိုပါတော့၊ ငါ့ရောဂါလည်း တိုးတိုးလာပြီ၊ ငါမသေခင် မင်းကိုတွေ့ချင်ပေမယ့် တွေ့ရမှာ မဟုတ်တော့ပါဘူး၊ ဒီစာကိုလည်း ငါ မင်းဆီကို မထည့်ချင်ဘူး၊ ငါ့ကိုယ်ရေးကိုယ်တာ ဖိုင်ထဲ ထည့်ထား လိုက်တော့မယ်၊ မင်းဆီကိုပို့ရင် မင်းမှာ ဝမ်းသာဝမ်းနည်း ဖြစ်နေဦးမယ်၊ မင်းဝမ်းနည်းမှာ ငါ စိုးတယ်။

ထာဝစဉ် လွှမ်းမောင်

*

'မောင်စံထွန်း၊ ဦးလွှန်းမောင်ဟာ မင်း ဦးလေးအရင်းလား'

'ဟုတ်ပါတယ်ဆရာ၊ ကျွန်တော့်အဖေရဲ့ ညီအရင်းပါ'

'ဒီစာဟာ မင်းလက်ထဲ ဘယ်လိုရောက်သလဲ'

'ဒီလိုပါဆရာ၊ ဦးလေး ဦးလွှန်းမောင်မှာ အမွေစား အမွေခံ မရှိပါဘူး၊ သူ့စာဖတ်ပြီးလို့ ဆရာ သိပြီးဖြစ်မှာပါ၊ သူ့မှာ ကျွန်တော့်အဖေရဲ့သားဖြစ်တဲ့ တူတစ်ယောက်ပါ၊



နောက်တူတစ်ယောက်နဲ့ တူမတစ်ယောက်တို့က ကျွန်တော့် အဖေရဲ့ညီအကြီး ဦးလွှန်းမောင်ရဲ့ အစ်ကိုလေးရဲ့သားနဲ့ သမီးပေါ့၊ ကျွန်တော်က ကျွန်တော့်မိဘများ ဂျပန် လက်ထက်က ဆုံးပြီးကတည်းက ဦးလေး ဦးလွှန်းမောင် ဆီမှာ သွားနေပါတယ်၊ သူ့အလုပ်တာဝန် ပြောင်းရွှေ့ ရတိုင်း ကျွန်တော် လိုက်နေပါတယ်၊ နောက် ကျွန်တော် ဆယ်တန်းအောင်ပြီး သူ့ရုံးမှာပဲ စာရေးဝင်လုပ်ပါတယ်၊ နောက်တော့ ကျွန်တော် အိမ်ထောင်ကျတော့လဲ သူနဲ့အတူပဲ နေပါတယ်'

'ဪ သူ့စာထဲကပါတဲ့ တူလင်မယားဆိုတာ မင်းနဲ့ မင်းဇနီးပဲ မဟုတ်လား'

'ဟုတ်ပါတယ် ဆရာ'

'အခု ဒီစာကို မင်းဦးလေးဆီက အမွေအဖြစ်နဲ့ ရလိုက်တာလား'

'ဟုတ်ပါတယ် ဆရာ၊ ဦးလေးဆုံးကာနီး မှာသွားပါ တယ်၊ ကျွန်တော်တို့ လင်မယားရယ်၊ ဟိုတူနဲ့ တူမတို့နဲ့ သူတို့ရဲ့ အိမ်သူအိမ်သားတွေရယ်၊ ကျွန်တော်တို့ ဝိုင်း ပြုစုကြရင်း ဦးလေးဆုံးတာပါ၊ သူက ပစ္စည်းတွေကို ကျွန်တော်တို့ သုံးဦး ညှိနှိုင်းပြီး ယူကြလို့မှာပါတယ်၊ ကျွန်တော့်ကိုတော့ သူ့ စာအုပ်တွေ၊ သူ့ စာဖိုင်တွဲတွေကို ပေးခဲ့ပါတယ်၊ ကျွန်တော်က ရှေ့နေဆိုတော့ သူ့မှာရှိတဲ့ စီရင်ချက်မှုကြမ်းတွေ ဒိုင်ယာရီတွေဟာ ကျွန်တော့်အတွက် အသုံးဝင်မှာမို့ ပေးခဲ့တာပါ၊ ကျွန်တော့်ဝမ်းကွဲ ညီနဲ့ ညီမတို့က ဒီစာရွက်စာတမ်း စာအုပ်တွေကို မဖတ်ချင်ကြပါ

www.burmeseclassic.com



ဘူး၊ ဦးလေးပေးခဲ့တဲ့ ပစ္စည်းတွေနဲ့ ဘဏ်မှာထားခဲ့တဲ့ ငွေတွေကို ဝေခွဲယူဖို့လောက်ပဲ စိတ်ဝင်စားကြပါတယ်'

'အေး အဲဒါနဲ့ ဒီစာရှည်ကြီးကို မင်း ဦးလေးရဲ့ ကိုယ်ရေးကိုယ်တာ ဖိုင်ထဲမှာ သွားတွေ့တယ်ပေါ့ဟုတ်လား၊ ဒီလိုဆိုရင်လဲကွယ် အဲဒီစာကို ဆရာမကြီး ဒေါ်လှညွန့်ဆီ စာတိုက်ကနေပြီး ပို့လိုက်ရောပေါ့'

'ပို့လို့မဖြစ်တော့ဘူးဆရာ၊ ဒေါ်လှညွန့်ဟာ ကွယ်လွန်သွားပါပြီ၊ ရန်ကုန်မှာ သူ့တူမ မိသားစုနဲ့အတူနေရာမှာပဲ ကွယ်လွန်တယ်၊ ကျွန်တော် စုံစမ်းလိုက်တော့သူ့တူမကို တွေ့ရပါတယ်'

'ဒီစာကို ငါ့ကို ဘာလုပ်ဖို့ပေးတာလဲ'

'ဆရာက စာရေးဆရာကြီး၊ ကျွန်တော် ဆရာ့စာတွေကိုဖတ်ပြီး ဘဝအဓိပ္ပာယ်ကို ပို ပို သိရလို့ဒီစာဟာ ဆရာ့အဖို့ အသုံးဝင်မယ်ဆိုတာ သိလို့ ကျွန်တော် ရန်ကုန်မှာ အလုပ်ကိစ္စတစ်ခုနဲ့လာရင်း အခုလို လာပေးတာပါ ဆရာ'

'ဟိုတစ်နေ့က မင်း ကြိုပို့လိုက်လို့ ဦးလွန်းမောင်ရဲ့ စာကိုဖတ်ရတော့ အတော် စိတ်ဝင်စားပါတယ်၊ မင်း ဒီစာကို ငါ့ကိုပေးတာ ကျေးဇူးတင်ပါတယ်၊ မင်းလဲ စာရေးနေတာပဲ ဒီစာကိုအခြေခံပြီး ဝတ္ထုတစ်ပုဒ်ရေးပါလား'

'ကျွန်တော် ရေးမယ်ဆို ရေးနိုင်ပါတယ်၊ ဒါပေမယ့် ဒီစာမျိုးဟာ ဆရာနဲ့ ပိုပြီး သင့်လျော်ပါတယ်၊ ကျွန်တော်က ဆရာသိတဲ့အတိုင်း မှုခင်းကိစ္စတွေ တရားဥပဒေတွေ အကြောင်း ဆောင်းပါးတွေပဲ အရေးများပါတယ်'



'ဒီလိုဆိုလဲ ဦးလွန်းမောင်စာကို ဖတ်လိုက်ရရင် အချစ်အဓိပ္ပာယ် နားလည်မှုတိုးနိုင်မှာမို့ ငါ ကြည့်သုံးပါ့မယ်၊ မင်း ပြင်ဦးလွင် ပြန်တော့မယ်လား'

'ဟုတ်ကဲ့ဆရာ၊ ဒီညရထားနဲ့ပဲ ပြန်ပါ့မယ်၊ ကျွန်တော် ကန်တော့ပါတယ် ဆရာ'

'အေး သာဓု သာဓု သာဓု၊ ကျန်းမာ ချမ်းသာပြီး အများအကျိုး ဆောင်ရွက်နိုင်ပါစေ'။

www.burmeseclassic.com

www.burmeseclassic.com

## အချစ်စစ်တမ်း ၅

## သတ္တဘာဂနှင့် မြားနတ်မောင်

လူသားတို့သည် ဖိုမဆက်ဆံရေးနှင့် မျိုးဆက်ပွားရေးတို့အတွက် သဘာဝ၏ စိမံချက်အရ ယောကျ်ားနှင့် မိန်းမတို့သည် တဏှာပေမဟူသော တွယ်တာမှုပြုကြ၏။ ယင်းတွယ်တာမှုကို 'အချစ်'ဟု ခေါ်ဆိုကြသည်။

လူမျိုးတိုင်း၏ ဘာသာစကား၌ အချစ်ဟု မြန်မာဘာသာဖြင့် ခေါ်ဆိုသော စိတ်ဆန္ဒကို ဖော်ဆောင်သော ဝေါဟာရ ရှိပေသည်။ အချစ်သည် စိတ်နှင့် သက်ဆိုင်သော အမှုဖြစ်သည့်အလျောက် စိတ်ကူးယဉ်မှုတို့သည် အမျိုးမျိုးပေါ်ပေါက်လာကြ၏။

ယောကျ်ားနှင့် မိန်းမ အကြင်လင်မယားအဖြစ် ပေါင်းသင်းကြရန် ကံက ကြိုတင်လျာထားပေးပြီး ဖြစ်သဖြင့် ယင်းတို့၏ နဖူးပေါ်တွင် လင်လျာ မယားလျာတို့၏ အသီးသီးနာမည်ကို ရေးထားပြီး ဖြစ်သည်ဟု ရိုးရာဓလေ့အနေဖြင့် ယုံကြည်ကြသည်။



ယင်းသို့ နဖူးပေါ်တွင်ရေးသောစာ 'နဖူးစာ' ကို ရေးရန် တာဝန်ပေးအပ်ခြင်းခံရသော ပုဂ္ဂိုလ်သည် တန်ခိုးရှိသည့် ပုဂ္ဂိုလ်သာ ဖြစ်ရမည်ဟု ယုံကြည်သောကြောင့် လူမျိုး အသီးသီးတို့သည် 'ဖူးစာရေးနတ်'ကို ဖန်ဆင်းကြ၏။

ဖန်ဆင်းသည်ဆိုရာ၌ အမှန်တကယ် ရှိ မရှိ မသိနိုင်၊ မသိရသော်လည်း စိတ်ကူးလောကတွင် ရှိနေစေရန် နတ်တစ်ပါး ဖန်ဆင်းလိုက်သည်ဟု ဆိုလိုပေသည်။

အခြား အခြားသော ဘာသာစကားများကို မသိငြားလည်း တိုင်းရင်းဘာသာဖြစ်သော မြန်မာဘာသာစကားတွင် 'သတ္တဘာဂ' အမည်ရှင် ဖူးစာရေးနတ်နှင့် အင်္ဂလိပ်ဘာသာစကားတွင် 'ကယူးပစ်ဒ်'အမည်ရှင် ဖူးစာရေးနတ်တို့ကိုသာ ကျွန်တော် သိပါသည်။

'ကယူးပစ်ဒ်'သည် လေးမြားကိုင်၍ လူသားယောကျ်ား မိန်းမတို့အား မြားဖြင့် အသည်းနှလုံးကို ပစ်ခြင်းဖြင့် ဖူးစာရေးသော နတ်သူငယ် ဖြစ်သည်ဆို၏။ ထို့ကြောင့် မြန်မာစာပေ ပညာရှင်တို့က သူ့ကို မြားနတ်မောင် ဟူသော မြန်မာအမည် ပေးကြသည်။

'သတ္တဘာဂ'အမည်မှာ ပါဠိဘာသာ ဝေါဟာရဖြစ်သည်။ မြန်မာတို့၏ ရှေးခေတ်အမည် ဖြစ်သည်။ ထိုအမည်ကိုဆောင်သော နတ်သည်ကား မြားနတ်မောင်ကဲ့သို့ နတ်သူငယ်မဟုတ်၊ သက်ရင့်ဝါရင့် နတ်တစ်ပါး ဖြစ်သည်ဟု ခန့်မှန်းရသည်။

ဘာသာဗေဒပညာရှင်များ၊ စာပေပညာရှင်များက 'သတ္တဘာဂ'ဟူသော အမည်ကို သုတေသနပြုကြရာတွင်

www.burmeseclassic.com

www.burmeseclassic.com



ယင်းဖူးစာရေးနတ် အမည်ကို ပါဠိ အဘိဓာန်များတွင် မတွေ့ရ။ သမန္တစက္ခု ဒီပနီကျမ်း၌ ပုဏ္ဏားတို့စာများတွင် ပါရှိကြောင်း ဆိုကြသည်။

'သတ္တဘာဂ'ဟူသော ပါဠိ ဝေါဟာရသည် 'သတ္တ- သတ္တဝါတို့၊ ဘာဂ-အဖို့'ဟူသော အဓိပ္ပာယ်ကို ဆောင်သည်။

အနောက်တိုင်း ဖူးစာရေးနတ်သူငယ် 'ကယူးပစ်ဒ်၏ အမည်သည် တဏှာရာဂ'ဟူသော လက်တင်ဝေါဟာရမှ ဆင်းသက်လာသည်။ ယင်းနတ်သူငယ်သည် အချစ်နတ်သမီး 'ဗီးနပ်စ်'၏ သားဖြစ်သည် ဆို၏။ ထိုရောမ နတ်သူငယ်သည် အချစ်၏ သင်္ကေတ ဖြစ်သည်။

သတ္တဘာဂ နတ်မင်းအိုက ဖြစ်စေ၊ ကယူးပစ်ဒ် နတ်သူငယ်ကပင်ဖြစ်စေ ရေးမှတ်လိုက်သောဖူးစာကို ပယ်ဖျက်၍ မရဟူသော အယူအစွဲရှိကြသည်။ 'နတ်ရေးတဲ့ ဖူးစာ လူပြင်ရာမခံ' ဟူသော အရပ်စကား ရှိသည်။

သို့သော် ကံ ကံ၏အကျိုးကို ယုံကြည်သော မြန်မာ ဗုဒ္ဓဘာသာဝင်တို့ကမူ လင်နှင့် မယားတို့သည် ရှေးဘဝ များမှာ ကုသိုလ်အတူပြု၍ ရေစက်အတူချခဲ့သောကြောင့် ယခုဘဝတွင် 'ရေစက်ဆုံ' ကြသည်ဟု ယူဆကြသည်။

အချစ်ဟူသည် တရားစကားဖြင့် ပြောရပါမူ 'တဏှာ ပေမ'ပင် ဖြစ်သည်။ 'တဏှာ'၏ အဓိပ္ပာယ်သည် ရာဂ စိတ်၊ တပ်မက်ခြင်း၊ 'ပေမ'သည် တွယ်တာခြင်း၊ ချစ်ခြင်း ဖြစ်၏။

ယင်းသို့ဆိုလျှင် အချစ်နတ်သူငယ် ကယူးပစ်ဒ်နှင့် ပို၍ နီးစပ်သည်ဟု ဆိုနိုင်ပေလိမ့်မည်။ 'သတ္တဘာဂ'



နတ်မင်းမှာ အိမ်ထောင်ရေးနှင့် ပို၍ ပတ်သက်သည်။ မျိုးဆက်ပွားရေးနှင့် သက်ဆိုင်သည်ဟု ဆိုနိုင်မည် ထင်ရ သည်။ 'သတ္တဝါတို့အဖို့' ဟူသော အဓိပ္ပာယ်ကို ထောက် လျှင် တဏှာပေမနှင့် မကင်းဘဲ လောကမှာ မျိုးဆက်ပွားရေး ကို ပဓာနထားသည်ဟု ထင်မိပါသည်။

မြန်မာအယူအဆအရ သတ္တဘာဂသည် လောက စီးပွားကို ဆောင်ရွက်သည်။ 'ကယူးပစ်ဒ်'နတ်သူငယ်သည် အချစ် ကစားရေးကိုသာ အားပေးသည်ဟူသော ရည်ရွယ် ချက် ပါရှိသည်ဟု ဆိုချင်ပါသည်။ ကျွန်တော့်ဆိုလိုရင်းမှာ မြန်မာတို့ ဓလေ့ထုံးစံအရ အိမ်ထောင်ပြုရာ၌ တဏှာရာဂ ကိုချည်း အားမပေးဘဲ လူ့လောက စည်ပင်သာယာရေးကို အားပေးသည်။ အချစ်ရူးထခြင်း၊ ပြင်းပြသော တပ်မက်ခြင်း တို့ကို အားမပေးဟူ၍ပင်။

ယင်းအယူအဆကို မူတည်၍ ကျွန်တော်တို့ လူ့အဖွဲ့ အစည်းမှာ မျိုးဆက်ပွားစည်းရေး အောင်မြင်ရန် ရည်ရွယ် ချက် အိမ်ထောင်ပြုမှုကို ပဓာနထားသည်။ သူတို့ ထုံးစံမှာ အချစ်သည် ကာမဂုဏ်စည်းစိမ်ကို ပဓာနထား၍ အိမ်ထောင် ရေးကို အဓိကမထားဘဲ 'လွတ်လပ်သောအချစ်'ကို ခွင့်ပြု ကြသည်။

အချစ်ကို ဦးစားပေး ကိုးကွယ်လိုသူတို့သည် သတ္တ ဘာဂ နတ်မင်းကို ကိုးကွယ်မည်လား၊ ကယူးပစ်ဒ်ကို ကိုးကွယ်မည်လား။ ကိုးကွယ်ဖို့ နတ်နှစ်ဦးတွင် တစ်ဦးကို ရွေးချယ်ရပေမည်။ သတ္တဘာဂ နတ်မင်းကို ကိုးကွယ်လျှင် လင်ချစ် မယားချစ်ဟူသည် သာမန်တပ်မက်ခြင်းမျှသာ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပြီးလျှင် အိမ်ထောင်ရေးကိုသာ ပဓာနရည်ရွယ်ချက် အဖြစ် ထားရမည်သာ ဖြစ်သည်။ ယင်းသည် အချစ်ကို ကိုးကွယ်မှု မှန်ကန်သည်ဟု ကျွန်တော် ဆိုချင်ပါသည်။

အကယ်၍ ကာမရာဂကိုသာ ပဓာနထားသော ကယူးပစ်ဒ် နတ်သူငယ်ကို ကိုးကွယ်လျှင် 'ချစ်တာသာ ပဓာန အခြားအရာတို့မှာ သာမည'ဟူသော အယူအဆမျိုး ဝင်လာချေမည်။ 'သူ့ကိုမှ သူ့ကို' သူ့ကို မချစ်ရရင် အသေခံမယ်၊ လူ့ဘဝမှာ အချစ်ရှိမှ လူဖြစ်ကျိုးနပ်တယ် စသည်ဖြင့် အယူအစွဲများကို ရင်ဝယ်ပိုက်ကာ အချစ်ကို ကိုးကွယ်မှားယွင်းခြင်းသည် အန္တရာယ်ကြီးလှချေသည်။

ကျွန်တော်တို့ မြန်မာများသည် အချစ်ကို ကိုးကွယ် လိုလျှင် အမျိုးသား ယဉ်ကျေးမှုကို ထောက်ထား၍ သတ္တဘာဂနတ်မင်းကိုသာ ကိုးကွယ်သင့်သည်။ တစ်နည်း ဆိုသော် အိမ်ထောင်ရေးသည် လူမှုရေးရာတို့တွင် ကြီးသော အရေး ဖြစ်သည်။ အချစ်သည် မိမိ၏စိတ်၌ဖြစ်သော အစွဲအလမ်းမျှသာဖြစ်သည်။ ပဓာနဟု မယူဆသင့်ပေ။ 'ချစ်ရင် ချစ်သူကို ရမှ'ဟူသော ချစ်တာသာပဓာနဟူသော အချစ်အယူသည်းမှုကို ရှောင်ရှားသင့်သည်။ သို့မဟုတ်ဘဲ အချစ်ရောဂါစွဲလျှင် ဒုက္ခအမျိုးမျိုး ရောက်မည်ပင် ဖြစ်၏။

အချစ်နှင့် အိမ်ထောင်ရေးကို တွဲဖက်၍ စဉ်းစား ကြသည်။ စဉ်းစားနိုင်ပါသည်။ သို့သော် ဦးစားပေးရာမှာ အချစ်ကို ဦးစားပေးပြီး ချစ်သူနှင့်သာ အိမ်ထောင်ပြုမည် ဟူသော သဘောထားကို အခြေအနေအရ စွန့်ပစ်တန်လျှင် စွန့်ပယ်ရပေမည်။ 'ချစ်တိုင်းမညား ညားတိုင်းမချစ်'ဟူသော



လောကသဘာဝ သုံးသပ်ချက်ကို လက်မခံဘဲ ချစ်သူနှင့်သာ ညားရမည်၊ မညားရလျှင် အသက်အသေခံမည်ဟူသော သဘောထားဖြင့် မလွန်ဆန်နိုင်သော အကြောင်းကြောင်း တို့ကို အတင်း အာခံကန့်ကွက်ပြု၍ ယင်းတို့ကို နိုင်အောင် တိုက်ဖို့ ကြိုးစားနိုင်လျှင် ကြိုးစားရပေမည်၊ တချို့က မကြိုးစားဘဲ အရှုံးပေးစိတ်ဖြင့် အသက်အသေခံလိုက် ကြသည်။

မှားသည်ဟု အပြစ်မဆိုလိုပါ။ သို့သော် ကံစီမံမှုကို လက်မခံဘဲ မိမိဆန္ဒအတိုင်းဖြစ်ဖို့ ကြိုးစား၍လည်း မရသည့်အခါတွင် အသက်ပေးလိုက်ရသည့်အဖြစ်၊ ဘဝ ဆုံးရှုံးရသည့်အဖြစ်တို့သည် သနားကြေကွဲဖွယ်ဖြစ်သည်။ ကြိုးစားသော်လည်း မအောင်မြင်လျှင် အရှုံးပေး အသေခံမည့် အစား ကံမဆုံ၍ မညားသော်လည်း သူငယ်ချင်းအဖြစ် မောင်နှမအဖြစ် ဆက်၍ ချစ်နေမည်ဟူသော သဘောထား သို့ ပြောင်းလဲပြီးလျှင် ကံစီမံရာကို ခံယူသင့်ပေသည်။ အချစ်ကိုမရ၍ အသက်အသေခံခြင်းသည် တကယ်ချစ်ရာ မကျချေ။ ရမှချစ်မည်ဆိုသော အချစ်သည် စစ်မှန်သော အချစ်မဟုတ်ပေ။ ရာဂစိတ် ပြင်းထန်လွန်းခြင်းပင် ဖြစ်၏။ ခေတ်အဆက်ဆက်ရှိ စာရေးဆရာ၊ ကဗျာဆရာတို့သည် 'အချစ်ဆိုသည်မှာ ပေးအပ်ခြင်းဖြစ်သည်၊ ရယူခြင်း မဟုတ်' ဟု ဆိုကြသည်။ သို့သော် အချစ်နှင့် ရာဂစိတ်တို့သည် ဆင်တူသော်လည်း အနှစ်သာရခြင်း မတူပေ။ အချစ်သည် မေတ္တာမဟုတ်ဟု ဆိုနိုင်သော်လည်း အချစ်၏ မေတ္တာသြဇာ သက်ရောက်မှု ရှိပါသည်။ စာရေးဆရာတို့ ဆိုလိုသည် အတိုင်းပင် ရာဂနှောသောမေတ္တာကို ပေးအပ်ခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မေတ္တာအစစ် မဟုတ်သော်လည်း ရာဂစိတ်နှင့်တော့ မတူပေ။ ရာဂစိတ်သည် ရယူလိုသော ဆန္ဒကို ကိုယ်စားပြုသည်။

ချစ်သူတိုင်း ညားကြသည်ဆိုလျှင် ကောင်းလေစွ။ အချစ်ရော မေတ္တာပါ စေတနာ ထက်ထက်သန်သန်နှင့် ဆက်ဆံပြုစုနိုင်ပေမည်။ ချစ်သူချင်းမညား၊ အကြောင်းကြောင်းကြောင့် ကွဲရ လွဲရလျှင်လည်း တကယ်တမ်းချစ်သည်ဆိုလျှင် အချစ်ကို မေတ္တာအဖြစ်ပြောင်းလဲနိုင်သော သတ္တိရှိရပေမည်။ သို့မှသာလျှင် အချစ်စစ် အချစ်မှန်ဖြစ်ပေမည်။ ယင်းအချစ်မျိုး ကိုးကွယ်လိုလျှင် ကိုးကွယ်နိုင်ပေသည်။

တစ်နည်းဆိုလျှင် အရှေ့တိုင်းအချစ်နတ် သတ္တဘာဂကို ကိုးကွယ်နိုင်သည်။

'ကယူးပစ်ဒ်'သည် ဝေါဟာရ ယင်းအဓိပ္ပာယ်အရ ရာဂစိတ်ကို သရုပ်ဆောင်သော ခုန်ပျံကျော်လွှား ဆော့စိတ်များသော နတ်သူငယ်က ယောကျ်ားတွေ မိန်းမတွေကို အချစ်မြားဖြင့် ပစ်ကစားခြင်းကို လက်ခံ၍ ကိုးကွယ်ပါမူ အချစ်သည် ရာဂစိတ် ကာမဆန္ဒမျှသာဖြစ်သဖြင့် ကိုးကွယ်မှုများသည် အန္တရာယ်ဖြစ်မှာ သေချာသည်ဟု ဆိုချင်ပါသည်။

'မြားနတ်မောင်'ဟု မြန်မာအမည်ပေးခံရသော 'ကယူးပစ်ဒ်'သည် အနောက်တိုင်းမှ အရှေ့တိုင်းသို့ ရောက်လာဟန်ရှိသည်။ အချို့သော အမျိုးသမီးတို့သည် အချစ်ကို ကိုးကွယ်မှားသဖြင့် မသမာသူအပေါ် အချစ်ပိုမိလေရာ



မိမိအဖို့မှာ အရှုံးချည်းထွက်သည်။ မိန်းမသားဖြစ်သည့်အလျောက် ဒုက္ခပို၍ ရောက်ရသည်။ အမျိုးသားတို့ထဲမှလည်း အချစ်ကို ကိုးကွယ်မှားသူများရှိပါ၏။ သို့သော် ရှားပေသည်။ သူတို့မှာ အမျိုးသမီးများလောက် ဒုက္ခမရောက်ကြပေ။ ယောကျ်ားဖြစ်သဖြင့် ထိခိုက်မှု နည်းသည်။

ယောကျ်ားနှင့် မိန်းမတို့တွဲဖက်ပြီး အချစ်နတ်ကို ပူဇော်မှုများသောကြောင့် အသက်ဆုံးရှုံးကြရသည့် သာဓကများ ရှိသည်။ ယခုခေတ်မှာထက် ရှေးခေတ်မှာ ပို၍ ထင်ရှားသော သာဓကများကို တွေ့ရသည်။

နှစ်ပေါင်း ခြောက်ဆယ်ကျော်လောက် ရှိပါလိမ့်မည်။ ကြည့်မြင်တိုင် ထီးတန်းဆိပ်ကမ်း ဗောတံတားမှ လှိုင်မြစ်ထဲသို့ မောင်စည်သူနှင့် မခင်ရီတို့ တစ်ယောက် လက်တစ်ဖက်စီပူး၍ လက်ကိုင်ပဝါဖြင့်ချည်ပြီးလျှင် လှိုင်မြစ်ထဲသို့ ခုန်ချလိုက်ကြသည်။

ထိုခေတ်က မြန်မာသတင်းစာတို့က ထိုအကြောင်းကို ဝတ္ထုသဖွယ် ဆောင်းပါးရေး၍ သူ့ထက်ငါ အပြိုင်အဆိုင် ထည့်ကြသည်။ ထိုသတင်းကို ဖတ်ရ ကြားရသော လူငယ် အချို့သည် အားကျဟန်ရှိသည့်အလျောက် စုံတွဲကလေးတွေ ရေထဲခုန်ချသည့် သတင်းကို ကြားရသည်။

အချစ်နတ် ကိုးကွယ်ကြရာတွင် အမျိုးသမီးတို့က ပိုသည်ဟု ဆိုနိုင်ပါသည်။ 'လင်ဆိုးမယား တဖားဖား' ဆိုသော စကား၏ အဓိပ္ပာယ်ကိုဆောင်သော သာဓကတွေများလှချေသည်။ ဆိုးရွားယုတ်မာသောသူနှင့် အိမ်ထောင်ပြုပြီးလျှင် ဒုက္ခအမျိုးမျိုး ခံစားရရှာသော မိန်းမယား

www.burmeseclassic.com

www.burmeseclassic.com



တို့သည် ဆင်းရဲသူဆင်းရဲသားများထဲတွင်သာ ရှိသည်သာ မဟုတ်၊ ကြေးရတတ်သူ လူကုံထံ အသိုက်အဝန်းများ ထဲမှလည်း များလှချေသည်။

ကျွန်တော်တို့ ငယ်ငယ်တုန်းက ဘိန်းစားမယားတို့၏ ဖြစ်ထွေကို စဉ်းစားကြည့်မိပါသည်။ မယားဖြစ်သူက တစ်အိမ်တက် တစ်အိမ်ဆင်း အဝတ်လျှော် အမှိုက်လှည်း အလုပ်ကြမ်းများလုပ်၍ ရသမျှ လုပ်ခကလေးကို ယူသွားပြီးလျှင် သူ့လင်ကို ဘိန်းဖိုးပေးလိုက်ရသည်။ မယားနှင့် ကလေးတို့မှာ ငစိန်ဆန်ထမင်းနှင့် ငါးပိရည်ဆမ်း၍ စားကြရသည်။ ဘိန်းစားလင်တော်မောင်က ဘိန်းဖိုး အရနည်းလျှင် ဆဲဆို ရိုက်နှက်ကြသည်။

အရက်သမားမယားမှာလည်း အရက်ဖိုးပေးရရုံမျှမက မူးလျှင် အရမ်း အရိုက်အနှက်ခံကြရသည်။ သူတို့အဖြစ်ကို မကြည့်ရက်ဖြစ်သော မိတ်ဆွေများက လင်မယားကွာရှင်းရန် တိုက်တွန်းသည်။ အချို့ သားသမီးများကို ခေါ်ယူစောင့်ရှောက်ထားမည်ဟု ပြောကြသည်။

သို့ပါလျက်နှင့် လင်ဆိုးကို မခွာရက်ဖြစ်နေသည်ကို တွေ့ရသည်။

ကြေးရတတ် လူကုံထံ အသိုက်အဝန်းမှာလည်း လင်၏ နှိပ်စက်မှု အမျိုးမျိုးကို ခံရပါလျက်နှင့် 'ကွာပါလား'ဟု ဆိုသံကို မကြားလိုကြချေ။ ယင်းသို့ အနှိပ်စက်ခံရလျှင် အမျိုးသမီးများစွာတို့သည် ယင်းတို့၏ လင်များထက် ဆွေမျိုးနောက်ခံ ကောင်းလေသည်။ သူတို့ ကိုယ်တိုင်လည်း တက္ကသိုလ်ဘွဲ့ရများ ဖြစ်သည်။ အရာရှိအဆင့်



ရာထူးလည်းရရှိကြသည်။ သားသမီးများကိုပြုစုစောင့်ရှောက်ရေးမှာလည်း မခက်ခဲပေ။ သူတို့ကိုယ်တိုင် အခြေအရံများနှင့် လင်နှင့်ကွာပြီ ဖြစ်လျက်နှင့်ပင် ကောင်းစွာ ရပ်တည်နိုင်ပေသည်။ သို့ပါလျက် လင်၏နှိပ်စက်မှုကို ငုံ့ခံသည်။ အချို့လင်တို့သည် မယား၏ ဆွေမျိုးသားချင်းများ ရှေ့မှာပင် စော်စော်ကားကား ရိုက်နှက် နှိပ်စက်ကြသည်။

သို့ပါလျက်နှင့် ကွာရှင်းရေးကို ထည့်၍ မစဉ်းစားနိုင်သည့် သဘောမျိုး ထားရှိကြသည်။

ယင်းသို့ အနှိပ်စက်ခံရပါလျက်နှင့် မခွဲနိုင် မခွာရက် ဖြစ်ရသည်မှာ ဘယ်သို့ပါနည်း။ သူတို့သည် သူတို့ကိုယ်တိုင် မကြားဘူး၊ မသိဘူးသော 'ကယူးပစ်ဒ်' နတ်သူငယ်ကို ကိုးကွယ်မှန်းမသိ ကိုးကွယ်ကြသောကြောင့် ဖြစ်သည်ဟုသာ ဆိုလိုက်ချင်ပါတော့သည်။

ယောကျ်ားနှင့် မိန်းမသည် အချစ်ကို ကိုးကွယ်မှု၌ ကွာခြားသည်။ အချစ်ဟူသော ရာဂစိတ် ပြင်းထန်ခြင်းဖြင့် ဘဝမှာ အချစ်သာ ပဓာနဟူသော အစွဲသည် ဘဝအခြေအနေအရ မိမိဘာသာ ရပ်တည်အားနည်းသော မိန်းမသားတို့မှာ ပိုကဲသည်။ ယောကျ်ားတို့မှာမူပို၍ လွတ်လပ်သည်။ ပို၍အခွင့်အရေးရသည်။ လူ့လောကတစ်ခွင်တွင် လွှင့်ချင်သလို လွှင့်လည်း မိမိ၏ ကိုယ်ခန္ဓာ၌ ထိခိုက်ခြင်းများ နည်းပါးသည်။

ထို့ကြောင့် မိန်းမများထက် ဖိုမ ဆက်ဆံရေးမှာ အခွင့်အရေး ပို၍ရသည်။ ထို့ကြောင့်ပင် မိန်းမတို့လို တစ်ဦးတစ်ယောက်အပေါ်တွင် စွဲစွဲမြဲမြဲ ခုံမင်အားထားမှုပြုစရာ မလိုပေ။

www.burmeseclassic.com

www.burmeseclassic.com



စင်စစ်မှာ မိန်းမသားတို့မှာ သနားစရာပင်။ ယခုခေတ်တွင် ခေတ်စားလျက်ရှိသော မိန်းမတို့ ယောကျ်ားများနှင့် တန်းတူအခွင့်အရေး ရရေးအတွက် မည်မျှပင် ကြိုးပမ်းကြကြားလည်း လုံးဝအောင်မြင်ခြင်းဖြစ်မည် မဟုတ်ချေ။ အစိတ်အပိုင်းအချို့မှာသာ ရနိုင်ပေလိမ့်မည်။ ထို့ကြောင့် မိန်းမတို့သည် 'ဖက်ပေါ်ဆူးကျ ဖက်ပေါက်၊ ဆူးပေါ်ဖက်ကျလည်း ဖက်ပေါက်'ဆိုသလို နာဘက်က ချည်း ဖြစ်သည့် အခြေခံသဘာဝကို ထောက်ထား၍ အချစ်ကို ကိုးကွယ်မမှားရန် လိုအပ်သည်။ လူ့ဘဝမှာ အချစ်ဖြင့်ချည်း လူ့ကိစ္စအဝဝမှာ ပြီးမြောက်နိုင်မည်မဟုတ်။ ချစ်တာတစ်ခုတည်းဖြင့် မပြီးသေးဟူသော အချက်ကို အမြဲသတိရလျက် မိမိ၏ အချစ်ကို မည်သည့်ယောကျ်ားသားကိုမျှ ရက်ရက်ရောရော မပေးလိုက်ဖို့ လိုအပ်သည်။ အချစ်ကိုယုံ၍ ပုံအပ်လိုက်လျှင် ဒုက္ခရောက်တတ်သည်။

ရှေးခေတ်က ဓလေ့ထုံးစံတို့ကို ယခုခေတ် လူငယ်တို့က အဟောင်းအမြင်းတွေဟု ပစ်ပယ်ချင်ကြသည်။ သို့သော် ထိုဓလေ့ထုံးစံ အချို့မှာ ဟောင်းသော်လည်း လက်တွေ့အားဖြင့် ကောင်းကျိုးပေးနိုင်သည်။ ရှေးခေတ်က သမီးရည်းစားတို့သည် ချစ်စိတ်ကိုထိန်း၍ အနေမှန်မှန်ဖြင့် တစ်ယောက်အကြောင်းကို တစ်ယောက်လေ့လာကြသည်။ အိမ်ထောင်ရေးကို ခပ်နှေးနှေး ဆောင်ရွက်ကြသည်။ မှန်ပါသည်။ သုံးနှစ်သုံးမိုး စောင့်ဖို့မလိုပါ။ သို့သော် ချင့်ချိန်စဉ်းစား၍ ဆုံးဖြတ်ရန် သင့်သည်။

'အလောတကြီး လက်ထပ်လိုက်ပြီးမှ တဖြည်းဖြည်း နောင်တရသည်'ဟူသော အင်္ဂလိပ်ဆိုရိုးတစ်ခု၏ အဓိပ္ပာယ်



သည် လေးစားဖွယ် ဖြစ်၏။ မြန်မာတို့ကလည်း 'အိမ်ထောင်ဦး ဘုရားတည်'ဆိုသော စကားအရ 'နောင်ပြင်နိုင်ခက်သည့် အမျိုး' ဖြစ်သည်။ ကမူးရှူးထိုးယူလိုက်ကြ၊ အချစ်နတ်ဖမ်းစားခံလိုက်ရပြီးလျှင် ကွဲကြဟူသော အမှုမျိုးသည် အမျိုးသမီးအတွက် နစ်နာသည်။ 'ကယူးပစ်ဒ်' မြားနတ်မောင်သည် ဆော့၏၊ အချစ်မြားကို ပစ်ချင်ရာသို့ပစ်၏၊ အချစ်ကစားခြင်းမျှသာ ဖြစ်သည်။ ထိုနတ်သူငယ်သည် မြန်မာတို့၏ အချစ်နတ်မဟုတ်၊ သူ့ကို ကိုးကွယ်လျှင် မှားဖို့ အကြောင်းများချေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အိမ်ထောင်ရေးစနစ် ဝေဖန်ချက်များ

'ဖောက်ပြန်တယ်ဆိုတာဟာ ဆောင်းပါးနှင့် ပတ်သက်၍ ကျွန်တော့်ထံသို့ လူကိုယ်တိုင်သော်လည်းကောင်း၊ စာဖြင့်သော်လည်းကောင်း ထောက်ခံချက်များ ပြောကြားပေးပို့ကြသည်။ မိမိတို့၏ အတွင်းကျသော ကိုယ်ရေးကိစ္စများကို ကျွန်တော့်အား ဖွင့်ဟပြောပြသည့်အတွက် အထူးပင်ကျေးဇူးတင်ပါသည်။ ကျွန်တော့်မှာ လူနှင့်အတော်နီးစပ် သောပြဿနာများကို ဝါသနာအလျောက်တစ်ကြောင်း စေတနာအလျောက်တစ်ကြောင်း လေ့လာရာဝယ် ကျွန်တော့်ထံသို့ မိမိတို့၏ အဖြစ်အပျက်များ ဖော်ပြသည့် ဖွင့်ဟချက်များ ပေးပို့ခြင်းသည် ကြီးမားထူထဲသော အထောက်အပံ့ ဖြစ်စေပါသည်။ ကျွန်တော် ရှာဖွေရသော ဗဟုသုတနှင့် ပြုစုရသော သုတေသနလုပ်ငန်းတို့သည် အများအကျိုးဖြစ်ထွန်းရာ၌ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ပင်ဖြစ်စေ ထောက်ပံ့နိုင်ပါစေဟု အမြဲပင် ဆုတောင်းလျက် ရှိပါသည်။



ကျွန်တော်တင်ပြသော အချက်အလက်များ၊ ယူဆထင်မြင်ချက်များမှာ ကျွန်တော်၏ ဉာဏ်မီသမျှသာ ဖြစ်၍ မှန်ရမည်၊ ဟုတ်ရမည်၊ လက်ခံရမည်ဟု မည်သည့်အခါမျှ မဆိုလိုပါ။ အကယ်၍ ကျွန်တော် အရေးမတတ်သဖြင့် ယင်းသို့အစိပ္ပာယ်မျိုးပေါက်ရောက်သွားပါလျှင် တောင်းပန်ပါရစေ။

ကိုယ်တွေ့ကြုံရသူများက ကျွန်တော်၏ တင်ပြချက်ကို ထောက်ခံသည့်အနေနှင့်သော်လည်းကောင်း၊ ကန့်ကွက်သည့် အနေနှင့်သော်လည်းကောင်း မိမိတို့၏ ကိုယ်တွေ့ဖွင့်ဟချက်များကို ပေးပို့ကြစေလိုပါသည်။ ကျွန်တော့်ဘက်မှ နှုတ်လုံပါမည်။ အကယ်၍ မိမိတို့ အမည်ဒေသတို့ကို မဖော်ပြလိုလျှင် နေနိုင်ပါသည်။ အဖြစ်အပျက်မှန်ကိုသာ ပွင့်လင်းစွာ ဖော်ပြစေလိုပါသည်။

ကျွန်တော်လည်း ရှာဖွေဆည်းပူးရသမျှ ဗဟုသုတကလေးနှင့် မိမိကိုယ်ပိုင် ဆင်ခြင်သုံးသပ်မှုတို့ဖြင့် လူနှင့်အနီးစပ်ဆုံး ဖြစ်သော်ငြားလည်း လူတိုင်းအဖို့ ဖော်ပြရမှာဝန်လေးလှသော ပြဿနာတို့ကို စာဖတ်သူများ ဝေဖန်ဆုံးဖြတ်ရန် တင်ပြပါမည်။

နဖူးတွေ့ ဒူးတွေ့ဆိုသလို ကြုံတွေ့ပါလျက်နှင့် မဖောက်ပြန်ဘဲ နေနိုင်ခဲ့သည်ဆိုသည်မှာ စင်စစ်အားဖြင့် မထူးဆန်းလှပါ။ ဆိုခဲ့သည့်အတိုင်းပင် မကြုံတွေ့ခဲ့ကတည်းက ကြုံလျှင် ဖောက်ပြန်လိုက်မယ်ဟဲ့ ဟူသော စိတ်၏ အသင့်ပြင်ထားမှု ရှိနေသူတို့ကို ပလပ်လိုက်ပြီးလျှင် ရိုးရိုးတန်းတန်း ပုဂ္ဂိုလ်များသည် မိမိ၏ စိတ်ဝင်စားမှု

www.burmeseclassic.com

www.burmeseclassic.com



မရှိသော 'ဆန့်ကျင်ဖက် လိင်ရှင်' တို့နှင့် ကြုံတွေ့လျှင် ခံနိုင်ရည် ရှိတတ်ပါသည်။

အတွေ့မရှောင်နိုင်ဟူသော စကားသည် ကျရာနေ၊ ကြုံရာစားစိတ်မျိုး ရှိသူတို့အဖို့လည်း မှန်ပေသည်။ ထို့ကြောင့်လည်း အချစ်စိတ်သည် လူတိုင်း၏ သန္တာန်၌မရှိ။ အချစ်စိတ်ကို နားမလည်ဘဲနှင့် သေသွားသောလူပေါင်းသည် အသင်္ချေရှိသည်ဟု ဆိုသည်။ 'ကာမစိတ်နှင့် အချစ်စိတ်' ခွဲခြားသိတတ်ဖို့အတော်ပင်ခဲယဉ်းလှသည်။ ပညာတတ်ဟုခေါ်နေသော ပုဂ္ဂိုလ်မြောက်မြားစွာပင် မသိတတ်ရှာကြချေ။

'ဟေ့၊ မင်းက ဒီကောင်မကလေးကို ဒီလောက်အထိ စွဲနေတာဟာ သူနဲ့မတွေ့ရသေးလို့ပါကွာ၊ လက်ပွန်းတတီး တွေ့ကြုံလိုက်ရပြီးလျှင် ဒီစွဲတဲ့စိတ်ဟာ လျော့ပြီး နောက်တော့ ပျောက်တောင် ပျောက်သွားဦးမှာပါ'ဟု တစ်ယောက်သော သူငယ်က အချစ်စွဲနေသော သူ့သူငယ်ချင်း လူငယ်တစ်ယောက်ကို ပြောလေသည်။

သူ့တွက်ကိန်းနှင့်သူတော့ မှန်ပါသည်။ သူသာဆိုလျှင် မိန်းကလေးတစ်ယောက်ကို ချစ်ခင်စွဲလမ်းသည်ဆိုပါက ကာမဂုဏ်ကိစ္စကို ပြီးမြောက်အောင် ကြိုးစားပြီးလျှင် သူ့အဖို့ ပြဿနာဖြေရှင်း ကျေနပ်သွားပေလိမ့်မည်။ သူသည် ခေတ်ပညာတတ်ဟု ဆိုရစေကာမူ တိရစ္ဆာန်သဘာဝ စိတ်မျှလောက်သာရှိသော လူတစ်ယောက် ဖြစ်သည်။ သူ့အမြင်အားဖြင့် အချစ်သည် ကာမစိတ် တိုက်တွန်းနှိုးဆော်၍သာ ပေါ်ပေါက်ရသည်ဟူ၏။ ထိုပုဂ္ဂိုလ်မျိုးသည် အလွန် များပြားလှ၏။ လူမျိုးတိုင်း တိုင်းပြည်တိုင်း၌



ပြည့်နှက်နေ၏။ တစ်နေ့က ကြည့်လိုက်ရသော A Summer Place ရုပ်ရှင်ကားထဲက အရက်သမားဖခင်က သားကို 'မိန်းမတွေဟာ မှောင်ထဲမှာ အတူတူချည်းပါပဲ'ဟု ဆိုလိုက်သောအခါ ပရိသတ် ပွဲကျလေသည်။ သူ့ပြောချက်ကို မှန်သည်ဟု မှတ်ယူလိုက်သူဦးရေမှာ ထိုပရိသတ်တွင် အတော်များလှချေမည်။

အချစ်နှင့်အကြိုက် ခွဲခြားရာ၌ အချစ်စိတ်သည် မိမိကသာပေးချင်သော စေတနာရှိ၍ အကြိုက်စိတ်သည် မိမိကသာ လိုချင်သောဆန္ဒရှိကြောင်း အကြမ်းဖျင်း မှတ်လိုက်ပါပြီဟုဆိုသော လူတစ်ယောက်က ကျွန်တော့်ကို အချစ် စစ် မစစ်ကို ဘယ်သို့ချိန်ဆရပါသနည်းဟု မေးလာသည်။

'ငါ သူ့ကိုချစ်တယ်ဆိုတာ တကယ့် အချစ်ပဲလားလို့ သိချင်ရင် သူ့အနွံ့အတာ ဘယ်လောက်ခံနိုင်သလဲ၊ သူနဲ့ ပတ်သက်ရင် ငါ့မှာ မာနရယ်လို့ ရှိသေးသလားလို့ တွက်ရမည်၊ အချစ်စစ်ဟာ မာနနဲ့တွဲလို့ မရဘူး၊ မာန ပေါ်လာရင် အချစ်စစ် မရှိနိုင်ဘူး၊ အဲဒီလိုမှတ်ထားပြီး အဲဒီစံချိန်နဲ့ ချိန်ဆကြည့်ပါ'ဟု ကျွန်တော်က ပြောလိုက်ရသည်။

'တကယ်ဆိုတော့ အချစ်စစ် အချစ်မှန်ဟာ တစ်ဖက်သတ် ချစ်တာပဲ ဖြစ်တယ်၊ ကိုယ်က သူ့ကိုချစ်တယ်ဆိုတာဟာ သူက ကိုယ့်ကိုချစ်မှ ချစ်မယ်ဆိုတဲ့စည်းကမ်းချက်ရှိရတာမျိုး မဟုတ်ဘူး။ ကိုယ့်ကို ချစ်ချစ် မချစ်ချစ် ကိုယ်ကတော့ သူ့ကို ချစ်နေတာပဲ၊ တကယ်ပို့ သူကလဲ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကို အချစ်စစ်နဲ့ ကိုယ့်ကို ချစ်နေတယ်ဆိုရင်တော့ သူချစ် ကိုယ်ချစ်မို့ အလွန့်အလွန်ကောင်းတာပေါ့၊ အဲဒီလို နှစ်ယောက်စလုံးက တစ်ယောက်ကိုတစ်ယောက် တကယ် တမ်း အပြန်အလှန် ချစ်နေကြပြီး ကံဆုံလို့ပေါင်းသင်း ကြရရင် သိပ်ပြီး ဟန်တာပေါ့၊ ဒါပေမယ့် ကံဆိုတာက တစ်မျိုး၊ ချစ်တာက တခြား ဆိုတာမျိုးတွေက များနေလို့ အိမ်ထောင်ရေးကိစ္စတွေမှာ တကယ်တမ်း အောင်မြင်တယ် ဆိုနိုင်တာ အင်မတန်ရှားတာပဲ'ဟု ဆက်ပြောလိုက်ရသေး သည်။

အချစ်စစ်နဲ့ချစ်နေသူများ အတော်အတန်ရှိကြပေ သည်။ မသိကြ၍သာ မည်မျှလောက် ရှိသည်ဟု မမှန်းဆ နိုင်ခြင်း ဖြစ်သည်။ အိမ်ထောင်ရှင်များထဲ၌လည်း သူချစ်နှင့် ကိုယ်ချစ် ပေါင်းစပ်သော ကံကောင်းရှင်များ ရှိပေသည်။

သို့သော် များသောအားဖြင့် အိမ်ထောင်ရေး မညီ ညွတ်မှုများသည် ယင်းသို့အချစ်မညီဘဲ ကံစပ်၍သာ အကြင် လင်မယား ဖြစ်နေကြသူများ၌ ဖြစ်နေကြသောကြောင့် အိမ်ထောင်ရေး အောင်မြင်မှု နည်းပါးနေချေသေးသည်။

သေသေချာချာ စဉ်းစားကြည့်လိုက်လျှင် ကံဆိုသည့် တရားသည် လူအများကို ပြက်ရယ်ပြုနေသည်ကို တွေ့ရ သည်။ ဒုက္ခနှင့် သုခပေါင်းစပ်၍ အဖြေထွက်လာသော လူ့ဘဝ၌ အဆင်မပြေမှုသည်သာလျှင် သဘာဝကျနေ ပေတော့သည်။ ကံစပ်လျက်နှင့် အချစ်ချင်းမညီသူတို့သည် အိမ်ထောင်သည်ဘဝ၌ ဖြစ်သလိုနေ တော်သလိုလုပ်လျက် တစ်သက်တာ ကုန်ကြရသည်ကသာ များချေသည်။



'ဝမ်းနည်းဖွယ် အချက်တစ်ရပ်မှာ ငယ်ရွယ်စဉ် သွေးပူခိုက်ဝယ် လင်နှင့်မယားသည် တစ်ယောက်နှင့် တစ်ယောက် မခွဲနိုင်မခွာရက် ဖြစ်နေပြီးလျှင် သူတို့ကိုယ် သူတို့ ချစ်လှပြီဟု ထင်နေခဲ့ကြသည်။ အသက်ငါးဆယ် နီးလာ၍ကာမဂုဏ်စိတ်ဓာတ် ပြောင်းလဲချိန်သို့ရောက်လာ ကာမှ မွှန်စိတ်များပျောက်ပြီးလျှင် တစ်ယောက်ကို တစ် ယောက် မုန်းနေကြမှန်း သိလာကြတော့သည်။ ထိုအခါကျမှ ဒုက္ခလှလှကြီး ရောက်လာကြလေသည်။

ယင်းသို့လျှင် အင်္ဂလိပ်စာရေးဆရာကြီး 'ဒီအိပ်ချ် လောရင်း'က ဆိုပေသည်။ လောရင်းအကြောင်းကို အများသိကြပေသည်။ သူရေးသော 'လေဒီချက်တာလီ၏ ချစ်သူ'ဝတ္ထုကြောင့် စာပေလောက၊ လူမှုရေးလောကတို့တွင် အကြီးအကျယ် ဂယက်ရိုက်ခဲ့လေသည်။

ကျွန်တော်သည် လောရင်း၏ စကားကို သုံးသပ် ကြည့်ပါသည်။ ကျွန်တော်နှင့် နီးစပ်ရာ ပတ်ဝန်းကျင် လောက ကျဉ်းကျဉ်းကလေးကိုသာ လေ့လာကြည့်နိုင်ခွင့် ရသော်လည်း ကျွန်တော်နှင့် မနီးစပ်သော လောက ပြင်ကျယ်ကြီး၌လည်း ထိုနည်းနှင်နှင် ရှိချေမည်ဟု ဆင်ခြင် မိပါသည်။ လောရင်းသည်လည်း ကျွန်တော် ကဲ့သို့ပင် သူ၏ ပတ်ဝန်းကျင်လောကကို သုံးသပ်ကာ အဝေးလောက ကို လှမ်း၍ လေ့လာဆင်ခြင်ပြီးမှ ထိုအမှန်စကား တစ်ရပ်ကို ထုတ်ဖော်ပြခြင်း ဖြစ်ပေသည်။

ကျွန်တော် ဆိုပါရစေ။ အချစ်အကြောင်းကို ငယ်ရွယ် စဉ်က သေချာကျနစွာ သိသူဟူ၍ မရှိသလောက်ပင်

www.burmeseclassic.com

www.burmeseclassic.com



ရှားလှချေသည်။ သွေးပူနေခိုက်တွင် အချစ်အကြောင်းကို သိနိုင်ဖို့ မဖြစ်နိုင်လောက်အောင် ခဲယဉ်းလှချေ၏။ အကြိုက်ကို အချစ်ဟု ခေါ်နေကြသော ဤလောကကြီးဝယ် အချစ်အကြောင်းကို သိသမျှ မြင်သမျှ ပြောရသည်မှာ ခက်ခဲလှပါသည်။ ကျွန်တော့်ဆောင်းပါးကို ဂရုတစိုက် ဖတ်နေသော လူငယ်များကို ကျေးဇူးတင်ပါသည်။ သူတို့ကို ကျေးဇူးတင်သည့် အကြောင်းရင်းမှာ ကျွန်တော်ဆည်းပူး၍ ရသမျှ ကိုယ်တွေ့စာတွေ့ ဗဟုသုတများကို ကျွန်တော် တတ်စွမ်းသမျှ တင်ပြရာတွင် ဖတ်ရှုလေ့လာ သုံးသပ် ဝေဖန်ကြသော လူငယ်များသည် ကျွန်တော်တို့ လူငယ်ဘဝ ကထက် ပို၍ ပညာအဆင့်အတန်း မြင့်လာနိုင်စွမ်း ရနိုင်သည့်အလျောက် လူငယ်တို့၏ အသိဉာဏ်ပညာ ဗဟုသုတသည် တစ်ခေတ်ထက်တစ်ခေတ် တိုးတက်လာ နိုင်ခြင်းကြောင့်ပင် ဖြစ်ပါသည်။

'ဆရာရှင်းပြတဲ့ အချစ်နဲ့ အကြိုက်ကို သိရကတည်းက ကျွန်တော်ဖြင့် မိန်းမယူချင်စိတ် အရမ်းမဖြစ်တော့ဘူး၊ စဉ်းစားရဦးမယ်'ဟု လူငယ် စာရေးဆရာတစ်ဦးက ကျွန်တော့်ကို ရှမဝတိုက်တွင် ပြောလေသည်။

အကယ်၍သာ ထိုလူငယ်၏စိတ်၌ ရှေးကကဲ့သို့ အိမ်ထောင်ပြုဖို့ဇနီးလောင်းရွေးချယ်ရာတွင် 'သူ့ကို ငါယူရင် ငါ့ဆီမှာ ဒီအကျိုးတွေ ဒီအကျိုးတွေ ရှိမယ်၊ သူ့ဆီက ငါ ဒါတွေ ဒါတွေ ရမယ်၊ ငါ စိတ်တိုင်းကျဖြစ်မယ်'ဟူသော တွက်ကိန်းချချင်သော အကျင့်ကလေး ပျောက်ပျက်သွားပြီး လျှင် 'ငါ သူ့ကိုယူရင် သူ့ကို ငါ့မှာ ရှိတဲ့ ဒါတွေ ဒါတွေ



လုပ်ပေးမယ်'ဟု သန္နိဋ္ဌာန် ချနိုင်သည့်အခြေသို့ ရောက်ပါမှ ကျွန်တော့်အဖို့ များစွာသော သမားရိုးကျသမားတို့၏ အငြိုငြင်ခံ၍ ဤဆောင်းပါးကို ရေးရကျိုးနပ်ပါပြီ။

ကိုယ့်အကျိုးကိုသာကြည့်၍ ကြိုက်နှစ်သက်ရာ ဇနီး လောင်းကို ရွေးချယ်ပြီးလျှင် အိမ်ထောင်ပြုခြင်းအလေ့ ထွန်းကားသဖြင့် အရွေးခံရသော ဇနီးလောင်းခများမှာ အသုံးတော်ခံ ဘဝ၌သာ နေရချေသည်။ အကြိုက်ကျချိန်တွင် ကောင်းလှပါ၏။ အကြိုက်မကျသည့်အခါတွင် စိတ်လွှင့်ပါး တတ်သည်။ စိတ်လွှင့်ပါးရာမှ လူလည်း လွှင့်ပါး သွားတတ် ချေသည်။ အိမ်ထောင်ရေး မအောင်မြင်မှုသည် အကြိုက်ကို အရင်းတည်၍ ယူကြခြင်းကြောင့်ပင် ဖြစ်သည်။

'အိမ်ထောင်ဦး ဘုရားတည်' စကားသည် အလွန် မှန်၏။ သို့သော် ရှေးခေတ်က လူများက အိမ်ထောင်ပြု ရာတွင် နောင်ပြင်နိုင်ခဲ့သည့် ကိစ္စဖြစ်ကြောင်း သတိမမူမိ သော်လည်း အိမ်ထောင်ရေးတွင် အချစ်ကို ဂရုမစိုက်ဘဲ နေရေး ထိုင်ရေး စီးပွားရေး မျိုးရိုးစသည့် အပေါ်ယံကိစ္စ များကိုသာထည့်၍ စဉ်းစားလာခဲ့ကြသည်။ သူတို့အမြင်မှာ ထိုကိစ္စများသည်အိမ်ထောင်ရေး အဆောက်အအုံ၏ အခြေခံ အုတ်မြစ်များ ဖြစ်သည်။ ဤကိစ္စ၌ မြန်မာတို့ကိုချည်း ဦးတည်၍ ဆိုနေခြင်း မဟုတ်။ ရှေးခေတ်ကလူများဟု ဆိုရသော်လည်း ယခုခေတ်ပင်လျှင် အိမ်ထောင်ရေး၌ ရှေးခေတ်အတိုင်းပင် ဖြစ်နေသေးသည်။ ယခုခေတ်က လူအများအပြားပင် ရှေးခေတ်၏ အတွေးအခေါ်များ၏ အရိပ်အာဝါသအောက်တွင် ရှိနေကြသေးသည်။ သူတို့

www.burmeseclassic.com

www.burmeseclassic.com



ဘာသာရှိနေရုံနှင့် အားမရသေး၊ သူတို့ အတွေးထက်ကျော်၍ တွေးသူများကို သူတို့က အပြစ်တင်ကြချေသေးသည်။ မြန်မာတို့သာမက အပြင်းအထန် ဝေဖန်ရှုတ်ချကြသည်။ မြန်မာတို့သာမက ကမ္ဘာပေါ်ရှိ ယဉ်ကျေးသည်ဆိုသော လူမျိုးအားလုံး အိမ်ထောင်ရေးနှင့် ပတ်သက်လျှင် ရှေးခေတ်၌သာ ရှိနေကြချေသည်။

အိမ်ထောင်ရေးစနစ်နှင့်ပတ်သက်၍ ကမ္ဘာကျော် စိတ်ပညာဆရာကြီး ဟဲဘလောက်အဲလစ်က ဤသို့ဆိုထားပါသည်။

'ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ အိမ်ထောင်ရေးစနစ်ကို ကျေနပ်သော စိတ်ထားဖြင့် သုံးသပ်လျက်ရှိကြသည်။ ကျွန်ုပ်တို့သည် စနစ်၌ပါရှိသော ငြင်း၍မရနိုင်သည့် အကျိုးကျေးဇူးတို့ကို သတိမူကြသည်။ ယင်းသို့သော အကျိုးကျေးဇူးများ ရှိပါလျက်နှင့် အဘယ့်ကြောင့်အိမ်ထောင်များ မကြာခဏ ပျက်ကြရပါသနည်းဟု ကျွန်ုပ်တို့သည် မေးမြန်းအံ့သြနေကြသည်။ အကြောင်းသော်ကား ကျွန်ုပ်တို့သည် အကျိုးကျေးဇူးများကိုသာ သတိမူလျက် ချို့ယွင်းချက်များကို ဂရုမပြုဘဲ နေကြခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် တစ်လင်တစ်မယား စနစ်၏ စိတ်ကူးယဉ် အကျိုးကျေးဇူးများကိုသာ အာရုံပြုကြသည်။ အမြဲပြောင်းလဲလျက်ရှိသော အခြေအနေကို မသုံးသပ်ကြချေ။ တစ်လင်တစ်မယားစနစ်သည် ကမ္ဘာ့သမိုင်းတစ်လျှောက်တွင် ထွန်းကားလာခဲ့သည်။ လူရိုင်းများ၌ပင် ထိုစနစ် ထွန်းကားပေသည်။ တိရစ္ဆာန်များ၌ပင် ထိုစနစ်ရှိသည်ဟူသော အချက်ကို ကျွန်ုပ်တို့ကို ညွှန်းကြ၏။



သို့ရာတွင် ကျွန်ုပ်တို့သည် ထိုသဘာဝစနစ်မှာ ကျွန်ုပ်တို့၏ တစ်လင် တစ်မယားစနစ် (အမှန်ဆိုရလျှင် တစ်လင် တစ်မယားစနစ် မဟုတ်၊ မယားတစ်ယောက်ထက်ပိုသည့် စနစ်ကို ရုပ်ဖျက်ထားသော စနစ်)နှင့် မတူကြောင်းကို သတိမမူမိကြချေ။ ထိုသဘာဝအားဖြင့် ပေါ်ပေါက်သော တစ်လင် တစ်မယားစနစ်သည် လွတ်လပ်စွာပေါင်းသင်းရေးပေါ်၌ မူတည်သည်။ ဖောက်လွဲဖောက်ပြန်ပြုလျှင် သဘာဝကပေးသော အပြစ်များကိုသာ ခံကြရမည်။ အပြင်အပက (လူလုပ်ထားသော) အပြစ်များကို မခံကြရပေ။ ကျွန်ုပ်တို့၏ ပေါင်းသင်းရေးမှာကား မလွတ်လပ်ချေ။ ကျွန်ုပ်တို့သည် သဘာဝတရား၏ ထူးမြတ်သော အင်္ဂါလက္ခဏာတို့ကို ယုံကြည်သည်ဟု ပြောကြသော်လည်း လေးနက်စွာ မယုံကြည်ကြချေ။ သဘာဝတရားက ချမှတ်ထားသော စည်းကမ်း ဥပဒေတို့ကို လက်ခံချင်သည့် အလျောက် အမြဲပင် ဝင်ရောက်စွက်ဖက်လျက် ရှိကြသည်။

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ယဉ်ကျေးသည့် အိမ်ထောင်ရေးစနစ်နှင့် သဘာဝတွင်ရှိနေသည့် အိမ်ထောင်ရေးစနစ်တို့ကို နှိုင်းယှဉ်သောအခါ အခြေခံ ကွဲပြားချက်တစ်ရပ်ကို သတိမမူမိကြချေ။ ကျွန်ုပ်တို့၏ အိမ်ထောင်ရေးစနစ်ကို အခြေခံသဘောအားဖြင့် တွဲစပ်၍မရသော အချက်ကြီးနှစ်ချက်ပေါ်တွင် တည်ဆောက်ထားသည်။ တစ်ဖက်တွင် ကျွန်ုပ်တို့၏ ရင်တွင်း၌ရှိသော လေးနက်ပြင်းထန်လှသည့် စိတ်ဓာတ်အာရုံ ရှိရသည်။ အခြားတစ်ဖက်တွင်ကား တရားဥပဒေရေး၊ ဘာသာရေး၊ စီးပွားရေးဟူသော ရုပ်ထွေး

www.burmeseclassic.com



လှသည့် ဥပဒေစည်းကမ်းချက်များ ရှိသည်။ ထိုဥပဒေစည်းကမ်းချက်သည် ကျွန်ုပ်တို့ခေတ်၌ ကျွန်ုပ်တို့၏ အတွင်းသန္တာန်၌ ရှိ၏။ ယဉ်ကျေးမှုကပေးသော ဥပဒေစည်းကမ်းချက် အရှိန်က အပြင်မှနေ၍ ဖိစီးထားသည်။

တစ်ဖန် ဟဲဗလောက်အဲလစ်က ထိုဆောင်းပါး၌ပင် ဤသို့ဆက်လက်၍ ဆိုလေသည်။

'အိမ်ထောင်ပြုရေးနှင့် အိမ်ထောင်ဖျက်ရေးဟူသော လူလူချင်းဆက်ဆံမှုကိစ္စတွင် အကြောင်းပြချက်ဟူ၍ စာရင်းချပြနိုင်သည် မဟုတ်။ အိမ်ထောင်ပြုရေးနှင့် အိမ်ထောင်ဖျက်ရေးတွင် အကြောင်းပြချက်တစ်ခုသာ ရှိသည်။ ယင်းသည်ကား သက်ဆိုင်သူနှစ်ဦး၏ ကျေနပ်သဘောတူချက်ပင် ဖြစ်၏။ သူတို့နှစ်ဦး ကျေနပ်လျှင် ပေါင်းသင်းနိုင်သည်။ မကျေနပ်လျှင် ကွာရှင်းနိုင်သည်။ သူတို့နှစ်ယောက် သဘောတူဆုံးဖြတ်ချက်ကို အခြားသူကမည်သို့မျှ ဝင်ရောက်စွက်ဖက်ရန် အကြောင်းမရှိ၊ သူတို့ကလည်း အခြားသူများအား ရှင်းလင်းပြနေစရာ မလိုပေ။

လူ့လောကအစဉ်အလာတို့ကို တော်လှန်ပယ်ဖျက်ရန် အလွန် ခက်ခဲလှပါသည်။ ကျွန်တော် ဆိုခဲ့ဖူးသည့်အတိုင်းပင် အိမ်ထောင်ရေးစနစ်၏ ချို့ယွင်းချက်များကို ရဲဝံ့စွာ ထုတ်ဖော်ပြသော အတွေးအခေါ် ခေါင်းဆောင်များပင်လျှင် နှစ်ပေါင်းများစွာက တည်ဆောက်လာသော ထုံးတမ်းစဉ်လာတို့ကို မဖြိုဖျက်နိုင်ကြပေ။

သို့ရာတွင် တွေးတတ်မြင်တတ်သည့်အလျောက် သမားရိုးကျ စိတ်ထားကို ပစ်ပယ်သော တိုးတက်သည့်



တိုင်းပြည်များ လူမျိုးများတွင် ထိုအတွေးအခေါ် ခေါင်းဆောင်များ၏ တင်ပြချက်တို့ကို လက်ခံစဉ်းစား၍ စိတ်ထားပြောင်းလာသူ များပြားလာပေပြီ။

စိတ်ထားပြောင်းဖို့ အရေးကြီးလှပါသည်။ စိတ်ကို အရင်းတည်ရသော ချစ်ရေး၊ အိမ်ထောင်ရေးတို့တွင် စိတ်ထား ပြုပြင်ပြောင်းလဲနိုင်မှ ရှေးကျသောစနစ် စည်းကမ်းဥပဒေတို့ကို ပြုပြင်ပြောင်းလဲနိုင်ပေမည်။

ဤ ချစ်ရေးအိမ်ထောင်ရေးကိစ္စ၌ စိတ်သည် အရင်းခံဖြစ်၏။ သို့သော် စိတ်၏ လိုအင်ကို လက်တွေ့သဘောနှင့် တွက်ချက်၍ ဖြည့်ဆည်းရသည်။ ဤနေရာတွင် အနစ်နာခံမှုသည် အရေးပါ အရာရောက်သော အစိတ်အပိုင်းမှနေ၍ အသုံးတော်ခံလာရကြောင်းကို တွေ့ပေလိမ့်မည်။ အနစ်နာခံမှုသည် ကောင်းမြတ်လည်း ကောင်းမြတ်ပါ၏။ သို့သော် နေရာတိုင်း အခါတိုင်း၌ ကောင်းမြတ်သည် မဟုတ်၊ အချို့နေရာ အချို့အခါများ၌ မိုက်မဲရာ သူရဲဘောနည်းရာ ကျတတ်ချေသေးသည်။

မိဘများကို တစ်ယောက်တည်းဒိုင်ခံ၍ လုပ်ကျွေးနေသော သား (သို့မဟုတ်) သမီးသည် အိမ်ထောင်ပြုလိုသော်လည်း မပြုဘဲ အနစ်နာခံ၍နေသည်။ မိဘများကလည်း မိမိတို့၏ သား(သမီး) အိမ်ထောင်ပြုလိုက်လျှင် မိမိတို့ကို အကျွေးအမွေး အပြုစု လျော့သွားမည်စိုးသဖြင့် အိမ်ထောင်ပြုမည်ဆိုလျှင် မနှစ်သက်ကြောင်း ဟန်အသွင် အမျိုးမျိုးဖြင့် ပြတတ်သည်။ တစ်ခါက တွေ့ခဲ့ဖူးပါသည်။ အဘွားကြီးတစ်ယောက်ကို လူပျိုကြီးလုပ်၍ ပြုစုကျွေးမွေးနေသည့်

www.burmeseclassic.com

www.burmeseclassic.com



သူ့သားက မိန်းမ ယူမည်ကြံတိုင်း ထိုအဘွားကြီးသည် ရောဂါအမျိုးမျိုး ဖြစ်လာတတ်သည်။ သားဖြစ်သူလည်း သူ့မိခင် စိတ်ထိခိုက်မည်စိုးသဖြင့် အိမ်ထောင်မပြုဘဲ နေခဲ့သည်။ မိခင်လည်း အသက်ရှည်လှသည်။ နောက်ဆုံး မိခင်ဆုံးသည့်အခါ၌ သားဖြစ်သူမှာ အရွယ်လွန်၍ စိတ်ကုန်ခန်းကာ အိမ်ထောင်ရေးကို လုံးဝ မတွေးတော့ဘဲ တရားကျသလိုလို ဘာလိုလိုနှင့် နေလိုက်တော့သည်။

အမိ၏ တစ်ကိုယ်ကောင်းစိတ်ကို ဝေဖန်မှုမရှိဘဲ လက်ခံကာ မိမိဘဝကို အရှုံးပေး အနစ်နာခံသူတစ်ယောက် ဖြစ်၍ သူ့ကို သနားစရာမလို အပြစ်တင်ရန်သာရှိ၏။ အခြားသူများကဲ့သို့ပင် သူ့၌လည်း အိမ်ထောင်ပြုရန် အခွင့်အရေးရှိသည်။ မိဘကိုလုပ်ကျွေးရန် တာဝန်လည်း ရှိသည်။ တာဝန်ကို အခွင့်အရေး မထိခိုက်ဘဲ ဆောင်ရွက်နိုင်သည်ဟူသော အချက်ကို မစဉ်းစားတတ်သဖြင့် မိုက်မဲရာကျသည်။ မတရားသက်သက် တစ်ဖက်သတ် တစ်ကိုယ်ကောင်းစိတ်ဖြင့် မိခင်က ရောဂါထ၍ပြကာ ခြောက်လှန့်သည်ကို ကြောက်တတ်သောကြောင့် သူ့ရဲဘော နည်းရာလည်း ကျသည်။

အနစ်နာခံတိုင်း သူတော်ကောင်း မဖြစ်နိုင်။ ခံသင့်မှ ခံရပေလိမ့်မည်။ မခံသင့်ဘဲခံလျှင် သနားစရာ ချီးမွမ်းစရာ မဟုတ်တော့ဘဲ မိုက်မဲရာ သူရဲဘောနည်းရာသာ ကျပေလိမ့်မည်။ အနစ်နာမခံသင့်ဘဲ ခံနေလျှင် တစ်နေ့တခြား စေတနာ ပျက်ပြားလာတတ်သည်။ မိမိ၌ အကျိုးမဲ့ရုံသာမက မိမိက သူ့အတွက် အနစ်နာခံသည့်တိုင်အောင် သူ့၌လည်း



အကျိုးမထူးချေ။ အနစ်နာ မခံသင့်ဘဲ ခံသောကြောင့် လောက၌ လူဖြစ်ကျိုးမနပ်ရသည့် သာဓကများစွာရှိသည်။ တစ်ကိုယ်ကောင်းစိတ် မထားဘဲ မိမိ၏ ရသင့်ရထိုက်သော အခွင့်အရေးကို ရယူပြီးလျှင် ပြုသင့်ပြုထိုက်သော တာဝန်ဝတ္တရားကို ပြုခြင်းဖြင့် မိမိ၌လည်း အကျိုးရှိ သူတစ်ပါး၌လည်း အကျိုးမပျက်စီးဘဲနှင့် မိမိ၏ ဘဝမှာ သာယာအဆင်ပြေနိုင်သည်။ အရင်းစကားမှာကား လူတိုင်း စိတ်ထားတတ်ဖို့လိုသည် ဟူ၍ပင်တည်း။ ။

www.burmeseclassic.com

www.burmeseclassic.com

## ကျမ်းစာရင်း

အောက်ပါကျမ်းများကို အတော်အတန် ဖတ်ပြီးကာမှ ရှေ့တွင်ပါသော ဆောင်းပါးများကို ရေးသဖြင့် ယင်းတို့၌ ပါရှိနေသော အာဘော်သည် ကျွန်တော့် အာဘော်အစစ်မဟုတ်၊ ဖတ်မှတ်လေ့လာသုံးသပ်ပြီးမှ ရေးသောကြောင့် ကျွန်တော့် မူရင်းအာဘော်တွင် ကျမ်းဆရာကြီးများ၏ အာဘော်များ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပါဝင်ပေလိမ့်မည်။ အောက်ပါကျမ်းများဖြင့် ဗဟုသုတတိုးပွားလိုသူတို့ကို ကြိုးစားဖတ်မှတ် လေ့လာသုံးသပ်ကြပါဟု တိုက်တွန်းလိုက်ပါသည်။


1. A Psychologist Looks at love. (Theodor Reik)
2. The Anatomy of Love (Edited by A.M.Krich)
3. Love against Hate (Karl Menninger,)
4. On Love (Ortega Y. Gasset)
5. Psychology of Sex Relations (Theodor Reik)
6. Reason and Emotion (John Mac-Murray)
7. Marriage and Morals (Bertrand Russel)
8. The Ways and Power of Love (Pitirim Sorakin)
9. The Second Sex (Simone de Beauvoir)
10. The Orgins of Love and Hate (Ian D. Suttic)
11. Psychology of Sex (Hevelock Ellis)


BURMESE CLASSIC .com

## စာရေးသူ၏
## စာပေနှင့် ဘဝဖြစ်စဉ်

၁၉၁၃ ။ဦးမောင်ကလေး ဒေါ်စိန်ညွန့်တို့မှ သန်လျင်မြို့တွင် ဖေဖော်ဝါရီ ၂ ရက်၊ တနင်္ဂနွေနေ့၌ မွေးဖွားခဲ့၊ မွေးချင်းသုံးယောက်အနက် အကြီးဆုံး၊ အမည်ရင်း ဦးအုန်းဖေ။

၁၉၁၃–၂၀။ ငယ်စဉ်မှ ခုနစ်နှစ်သားအထိ မကွေး မဲထီးတိုက် ဦးဇောတိက ဘုန်းကြီးကျောင်းနှင့် မကွေးလောကမာတ်ကျောင်းတွင် ပညာသင်ကြားခဲ့။

၁၉၂၁ ။ ။အသက်ရှစ်နှစ်တွင် မကွေးမြို့၊ အင်္ဂလိပ်–မြန်မာ အစိုးရအလယ်တန်းကျောင်းတွင် ပညာသင်ကြားခဲ့။

၁၉၂၈ ။ ။အသက် ၁၄ နှစ်၊ ရှစ်တန်း၌ ပညာသင်ကြားဆဲ *ဂန္ထလောကမဂ္ဂဇင်း* မြန်မာပညာ ပြန့်ပွားရေးအသင်းမှ ပြုလုပ်သော ဘာသာပြန်ပြိုင်ပွဲတွင် 'Frank R. Stockton's The Lady or the

www.burmeseclassic.com

www.burmeseclassic.com

Tiger Kiu' *ကညာလေ ကျားကြီးလေ* ဝတ္ထုစာမူဖြင့် ဝတ္ထုတို ပထမဆုရရှိခဲ့။

၁၉၃၀။ ။မကွေးမြို့ အင်္ဂလိပ်-မြန်မာ အစိုးရအထက်တန်းကျောင်းမှ ၁၀ တန်းအောင်။

။တက္ကသိုလ် နှစ်လည်မဂ္ဂဇင်း၌ Who's Who အမည်ရှိ အင်္ဂလိပ်ဆောင်းပါး ရေးခဲ့။

၁၉၃၁။ ။ရန်ကုန်တက္ကသိုလ်တွင် ဥပစာတန်းအောင်ခဲ့။

၁၉၃၂-၃၈။ ။ဥပစာတန်းအောင်ပြီးနောက် မကွေးတိုင်းမင်းကြီးရုံး၌ စာရေးလုပ်ခဲ့။

။ဘားမားဂျာနယ်တွင် ဆောင်းပါးများစတင်ရေးခဲ့။

။မကွေးမြို့၌ '*ခေတ်စာညွန့်*' စာပေအဖွဲ့ကို တည်ထောင်ခဲ့။

၁၉၃၈။ ။တိုးတက်ရေး သတင်းစာ၌ ဘာသာပြန် အယ်ဒီတာ။

။တိုးတက်ရေး မဂ္ဂဇင်း၌လည်း ဆောင်းပါးများ ရေးခဲ့။

။တိုးတက်ရေး၌ သုံးလခန့်လုပ်ပြီး နိဝင်ဘာလ၌ ဂန္ထလောကမဂ္ဂဇင်းသို့ အယ်ဒီတာအဖြစ် ပြောင်းရွှေ့ဆောင်ရွက်ခဲ့။

၁၉၃၉။ ။ရန်ကုန်တက္ကသိုလ်တွင် ဝိဇ္ဇာတန်းဆက်တက်၍ ဝိဇ္ဇာဘွဲ့ရရှိခဲ့။

။ဧပြီလ၊ ဂန္ထလောက အယ်ဒီတာ

။ဩဂုတ်လ၊ ဂန္ထလောက အယ်ဒီတာ

။ရန်ကုန်တက္ကသိုလ်၌ အင်္ဂလိပ်စာနည်းပြဆရာ

၁၉၄၀။ ။ရန်ကုန်စုံထောက်မင်းကြီးရုံး၌ စာတော်ပြန်

။ပထမဆုံးလုံးချင်းစာအုပ် *မာတာဟာရီ* (Mata Hari) ဘာသာပြန် ရေးခဲ့။

။ဒီဇင်ဘာလ၊ ဂန္ထလောက အယ်ဒီတာ။

။ပြန်ကြားရေးဌာန၊ မြန်မာနိုင်ငံ ဘာသာပြန်ဌာနခွဲ စာတည်းမှူး။

။*လူ့မှန်တိုင်း* (ဒေါ်ခင်မျိုးချစ်)နှင့် ပူးတွဲထုတ်ဝေသည်။

။*နပိုလီယံ*

၁၉၄၁။ ။ဖေဖော်ဝါရီလတွင် ကဗျာဆရာမ နုယဉ် (ဒေါ်နုယဉ်) နှင့် လက်ထပ်ခဲ့။

။*လေနတ်မောင်* ထုတ်ဝေသည်။

၁၉၄၂-၄၃။ ။ပညာမင်းကြီးရုံး မြန်မာစာပေဌာန စာတည်း။

၁၉၄၃-၄၅။ ။*ပညာစွယ်စုံကျမ်း* လက်ထောက်စာတည်းမှူး။

။ဗမာ့ခေတ် သတင်းစာတွင် ပြင်သစ်ဝတ္ထုရေး ဆရာကြီး ဂုစတပ်ဖ် ဖလော ဗဲယား၏ *မဒမ်ဗောဗားရီး* ဝတ္ထုကို သုရောနန္ဒီ အမည်ဖြင့် မြန်မာပြန်ခဲ့။ (အကြောင်းမညီညွတ်သဖြင့် လုံးချင်းစာအုပ်မဖြစ်ခဲ့)

၁၉၄၅။ ။*အင်ဒိုနီးရှား၊ ခေတ်နှင့်ကံ၊ မျိုးချစ်ပြည့်တန်ဆာ၊ မိန်းမမြတ်ပြည့်တန်ဆာ*။

၁၉၄၅-၄၇။ ။ပြန်ကြားရေးဌာန သုတေသနအရာရှိ။

၁၉၄၆။ ။အမေရိကန် သတင်းမဂ္ဂဇင်း (Time) ၏ မြန်မာပြည် ဌာနေသတင်းထောက် အဖြစ် ပထမဆုံး

www.burmeseclassic.com

www.burmeseclassic.com

ဆောင်ရွက်ခဲ့။

၁၉၄၇။ ။ရုသျှမှတ်စု၊ ဆောင်တော်ကူး၊ စာဆိုမယ် တို့ကို ထုတ်ဝေသည်။

။လံခြားသမား၊ မိန်းမကိုချစ်လျှင်နှင့် အခြားဝတ္ထုတိုများ (တင့်တယ်နှင့်ပူးတွဲ)

၁၉၄၈။ ။အလင်းသို့၊ (လွတ်လပ်ရေးကြိုဆိုမှု စာတမ်း)၊ သမ္မတလင်ကွန်း။

၁၉၄၉။ ။အဏုမြူ ရုသျှ ထုတ်ဝေခဲ့။

၁၉၄၉–၅၀။ ။ပဒေသာမဂ္ဂဇင်း တည်ထောင်သူ၊ အတိုင်ပင်ခံ အယ်ဒီတာ။

။မင်းမှုထမ်း လုံးချင်းဝတ္ထုဖြင့် ၁၉၅၀ ခုနှစ် စာပေဗိမာန်ဆုရရှိခဲ့။

၁၉၅၀။ ။အင်္ဂလိပ် အီဒီယမ်၊ ခါးကုန်းကြီး ထုတ်ဝေခဲ့။

၁၉၅၀–၅၂။ ။မြန်မာပြည်သတင်းဌာန စာတည်းချုပ် (Burma Press Syndicate)

၁၉၅၁။ ။သောကကင်းဝေးနေနိုင်ရေး (၂ တွဲ)

၁၉၅၂–၅၃။ ။ကွန်မင်တေတာ အင်္ဂလိပ်ဘာသာစာစောင်ကို ဦးစီးထုတ်ဝေ။

။နယူးဘားမား ဝီးကလီးတွင် အယ်ဒီတာအဖွဲ့ဝင်။

။စာသင်သားဂျာနယ် ကို ထုတ်ဝေ။

၁၉၅၂။ ။ငါးဦးကြမ္မာ၊ ခုနစ်ဆောင်ပြိုင်အိမ်ကြီး၊ အခါလည်သား၊ စတာလင်ရဲ့ သူလျှိုမ၊ ဆရာမဘဝ၊ အေဗရာဟင် လင်ကွန်း။

၁၉၅၃။ ။စီးပွားရေးသတင်းစာခေါင်းကြီးရေး အယ်ဒီတာ။

၁၉၅၅။ ။အင်္ဂလိပ်မြန်မာ အဘိဓာန်၊ ဒေါက်တာမေယို၊ အိုင်ဗင်ပဟို။

၁၉၅၆။ ။တောမီး၊ စာမေးပွဲအောင်အောင်ဖြေနည်း။

၁၉၅၇။ ။တက်တိုး နည်းပြသင်တန်းကို ဖွင့်လှစ်ခဲ့။

၁၉၅၇–၅၈။ ။နယဥ် ပုံနှိပ်တိုက်ကို တည်ထောင်၍ ကျောင်းသုံး အင်္ဂလိပ်စာအုပ်များ ပုံနှိပ်ထုတ်ဝေခဲ့။

။အင်ဒိုနီးရှား၊ သီဟိုဠ်၊ ဂျပန် ၃ နိုင်ငံအကြောင်း ရေးသားသောစာအုပ် ၃ အုပ်အား 'ချစ်ကြည်ရေး ဘာသာရပ်' အဖြစ် ယူနက်စကိုအဖွဲ့က ဆု ချီးမြှင့်ခဲ့။

၁၉၅၈။ ။ဂျပန်ပြည်၊ သီဟိုဠ်၊ သံယောဇဉ်နှင့် အခြားဝတ္ထုတိုများ။

၁၉၅၈–၆၂။ ။ပုံနှိပ်တိုက်လုပ်ငန်း၊ အလွတ်ပညာသင်လုပ်ငန်းများကို ဦးစီးလုပ်ကိုင်။

၁၉၅၉။ ။ရတနာကျွန်း မှတ်စုများ။

၁၉၆၀။ ။ရက်ပေါင်းရှစ်ဆယ် ကမ္ဘာတစ်ပတ် မှတ်စုများ။

၁၉၆၁။ ။ဘဝနှင့် စာပေ။

၁၉၆၂။ ။ဌာနေက အမေရိကန်တွေ။

၁၉၆၃–၈၀။ ။မြန်မာ့သတင်းစဉ် (N.A.B) နိုင်ငံခြားသတင်းဌာန အယ်ဒီတာချုပ်။

။အမျိုးသားစာပေဆုရွေးချယ်ရေးအဖွဲ့ဝင်။

။ရုပ်ရှင်အကယ်ဒမီဆုရွေးချယ်ရေးအဖွဲ့ဝင်။

။စာပေလုပ်သားအစည်းအရုံး ဖွဲ့စည်းရေးအဖွဲ့ဝင် (ဥက္ကဋ္ဌ ဆရာမင်းသုဝဏ် ဂျပန်သို့ လှည့်ပါမောက္ခ

www.burmeseclassic.com

www.burmeseclassic.com

အဖြစ် ထွက်ခွာသွားရသဖြင့် ဥက္ကဋ္ဌ ရာထူးကို ဆက်ခံခဲ့။)

၁၉၆၃။ ။အချစ်နှင့် စိတ်ပညာ၊ ---------နှင့် စာပေ၊ ပြည့်ကျပ်လှစွာ ဤကမ္ဘာ၊ အညတြ ဘဝရှုခင်းများ။

၁၉၆၄။ ။ပြန်ကြားရေးဌာန ညွှန်ကြားရေးဝန်၊ ကမ္ဘာ့ဆိုးပေကြီးများ။

၁၉၆၅။ ။ရွှေစင်နှင်းဆီနှင့် အခြားအက်ဆေးများ၊ ပင်ကိုရေးဝတ္ထုတို များနှင့် ကိုယ်တိုင် ရှင်းပြချက်၊ ကမ္ဘာကျော်ဝတ္ထုတိုများနှင့် တက်တိုး၏ ရှင်းလင်းချက်။

၁၉၆၈။ ။ကျွန်တော့်အတွေးအခေါ် မှတ်စုများ။

၁၉၆၉-၇၂။ ။*Guardian* အင်္ဂလိပ်စာသတင်းစာ၌ နေ့စဉ် ခေါင်းကြီးများရေးခဲ့။

၁၉၇၀-၈၀။ ။တက္ကသိုလ်ဗဟိုကောင်စီဝင်၊ တက္ကသိုလ်ပညာရေးအဖွဲ့များ ကောင်စီဝင်။

၁၉၇၂။ ။သတင်းနှင့်စာနယ်ဇင်းကော်ပိုရေးရှင်း၊ ဦးဆောင်ညွှန်ကြားရေးမှူး။

။နယဉ်၏ ကဗျာများ (တက်တိုး အင်္ဂလိပ်ဘာသာပြန်)။

၁၉၇၃။ ။ကမ္ဘာ့ဝတ္ထုတိုများ။

၁၉၇၄။ ။အညတြ ဘဝရှုခင်းများ (၃)

၁၉၇၅။ ။ပညာရေးဝန်ကြီးဌာန၊ ပညာရေး အထူးအရာရှိအဖြစ်ဆောင်ရွက်။

။ကမ္ဘာကျော် ဝတ္ထုရှည်ကြီးများ။

၁၉၇၇။ ။အင်္ဂလိပ်စာနည်းပြသင်ကြားမှုစာစဉ်များ။

၁၉၇၈။ ။အင်္ဂလိပ်ဘာသာ သိမှတ်စရာ (၈ တွဲ)။

၁၉၇၉။ ။မြန်မာတို့အဖို့ အင်္ဂလိပ်စကား။

၁၉၈၀။ ။ခရီးသွားဧည့်သည်များ၊ မြန်မာတို့အဖို့ အင်္ဂလိပ်စကား။

။*Samma Paribhazaniya Sutta* (သမ္မာပရိဗ္ဗာဇနိယ သုတ်)

။*Hemavata Sutta* (ဟေမဝတ သုတ်)

၁၉၈၁။ ။အလှပန်းတစ်ပွင့်နှင့် အခြားပုံပြင်ဝတ္ထုများ (နယဉ်ရေး၊ တက်တိုး၊ ဘာသာပြန်)

။ချစ်တေးကဗျာနှင့် အခြားဘာသာပြန် ဝတ္ထုတိုများ။

၁၉၈၂။ ။ဥရောပ ဒဿနိကသုံးပုဒ် (အင်္ဂလိပ်-မြန်မာ)။

၁၉၈၃။ ။အင်္ဂလိပ်သဒ္ဒါနှင့် အင်္ဂလိပ်စာအရေးအသား။

၁၉၈၄။ ။အင်္ဂလိပ်ဘာသာ သိမှတ်စရာ ပြန်လည်ထုတ်ဝေ။

၁၉၈၅။ ။ကျန်းမာချမ်းသာ ဘဝပညာ။

၁၉၉၀။ ။ဗုဒ္ဓဝင်ရုပ်စုံ (နယဉ်ရေး၊ တက်တိုး အင်္ဂလိပ်ဘာသာပြန်)။

။သူတို့အတွေးအခေါ် မှတ်စုများ ၁၊ ၂

၁၉၉၁။ ။သူတို့အတွေးအခေါ် မှတ်စုများ ၃

၁၉၉၂။ ။အလယ်တန်းအက်ဆေး ၁၅၀၊ တက်တိုး၏ အတွေးအမြင်။

၁၉၉၄။ ။ပညာပေး လက်ရွေးစင် မြန်မာပုံပြင်များ (အင်္ဂလိပ်-မြန်မာ)

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

။ပခုက္ကူဦးအုန်းဖေ၏ 'တစ်သက်တာစာပေ' ဆုရသည်။

၁၉၉၅။ ။*Lessons in English* (Essays Writing)

။*လောကနီတိ* (A Guide to Good Living - LOKANITI) မူရင်းမြန်မာမှ အင်္ဂလိပ်ဘာသာပြန်။

၁၉၉၆။ ။*လူ့ဝါးဝကြစမ်းပါ*။

၁၉၉၈။ ။*အေဗရာဟင် လင်ကွန်း*။

၂၀၀၀။ ။*ဘဝပညာ (ဆောင်းပါးပေါင်းချုပ်)၊ အသုံးချစိတ်ပညာ (ဒုတိယအကြိမ်) ကျန်းမာချမ်းသာ ဘဝပညာ*။

။ကဗျာဆရာမကြီး ဒေါ်နုယဉ်(နုယဉ်)နှင့် အတူ သားသမီးလေးယောက်၊ အမှတ် ၁၁၊ နဝဒေးလမ်း၊ ဒဂုံမြို့နယ်တွင် နေထိုင်လျက်ရှိသည်။

BURMESE CLASSIC .com

## ကလောင်ခွဲများ

၁။ တက်တိုး

၂။ ဆရာကြီး

၃။ ဆရာတက်တိုး

၄။ မောင်တက်တိုး

၅။ မောင်တက်တိုး(ခေတ်စာညွှန့်)

၆။ တက္ကသိုလ်မောင်တက်တိုး

၇။ အာဇာနည်တက်တိုး

၈။ ဦးလေးတက်တိုး

၉။ တင်

၁၀။ မောင်ဖြူစင်

၁၁။ ဗစ်ကတာ

၁၂။ မောင်မြင့်တင်

၁၃။ မောင်လှသွင်

၁၄။ မောင်လှသွင်(ဘီအေ)

၁၅။ တက္ကသိုလ်အုန်းကလေး


၁၆။ အုန်းဖေ

၁၇။ အုန်းဖေ(မကွေးမြို့)

၁၈။ ဦးအုန်းဖေ

www.burmeseclassic.com

www.burmeseclassic.com



# တက်တိုး

# အချစ်နှင့် စိတ်ပညာ

COVER: ZAW MONG

www.burmeseclassic.com